# လုဓေသဝထုဖြစ်

လောင်းဦးတိ ဣ ၁၁၁၁ဒိ

၃၃၈၀

လူသေလူဖြစ်

ဆရာတို့၏

ငရဲခဏ်းစသည်တို့ကိုခွဲခြမ်းပြီးပြသော

# မိစ္ဆာဝါဒ ဝိသောဓနကျမ်း

၏

# လူသေနှင့်လူဖြစ်

ဥက္ကံမြို့

သံပုရာခုံကျောင်း

စလင်းဦးစိန္တာသာမိ ရေးသည်

အဘိုး၂ကျပ်·၅၀ ပြား

နိုနိုဝင်းပုံနှိပ်တိုက်၊ အခန်း ၉ ဤကိုယ့်မင်းကိုယ့်ချင်ထမ်းဗဟန်း

# မေတ္တာရပ်ခံချက်

ဤ-(လူသေတိုင်းလူမဖြစ်) စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသော အကျွန်ုပ်သည်၊ နိဗ္ဗာနမဂ္ဂဒီပကကျမ်းကို ပုံနှိပ်ထုတ်ဝေလျက်၊ ထိုစာအုပ်အတွက်မှ၊ ရရှိသောဝတ္ထုတို့ဖြင့်၊ ယခုပျက်စီးပြိုးရှိနေသော အုဋ္ဌဂူကိုဖျက်၍ မပျက်မစီးနိုင်ရန် ကျောက်ဂူဆောက်လုပ်မည်ဟုကြံခဲ့ရာ၊ ဘုရားသာသနာဒါယကာကြီး ပျက်စီးအောင် ရုပ်ဝါဒ တည်းဟူသော အကျင်းထောင်သို့၊ သွင်းလှောင်အွေယူလိုသောသဘောထားဖြင့်၊ ရေးသားဝေထုတ်လိုက်သော (လူ [illegible]) စာအုပ်ထွက်ပေါ်လာလျက်၊ ဘာသာ သာသနာကိုဖျက်ဆီး [illegible] ထက်အဆိုပါကိစ္စတို့ကို၊ ခေတ္တဆိုင်းငံ့ထားပြီးလျှင်၊ (မိစ္ဆာဝါဒ ဝိသောဓနကျမ်း) - ခေါ် (လူသေတိုင်းလူမဖြစ်) -ဟူသော စာအုပ်ကိုရေးသား၍ ဦးဦးဖျားဖျား ထုတ်ဝေလိုက်ပါသည်၊ ဤစာအုပ်မှရရှိသောဝတ္ထုများမှာ၊ ကျောက်ဂူဆောက်လုပ်ရန်ဖြစ်ပါသည်။ ဤစာအုပ်ရေးစီသည်မှာလည်း၊ ကသီကရီရေးစီထုတ်ဝေရသဖြင့်၊ ကျကျနနမပြင်လိုက်နိုင်သောပါ အမှားများတွေ့ရှိက မိမိတို့စိတ်ကူးဖြင့် ဘွေးကြည့်လျက် ပြည့်စုံကိုဖတ်ရှုတော်မူကြရန်-မေတ္တာရပ်ခံပါသည်။

ဤစာအုပ်ကို- ဥက္ကံမြို့ အင်းစိန်ခရိုင်၊ သံပုရာခုံကျောင်းမှ
-စာလင်း- ဦးစိန္တာသာမိကိုယ်တိုင်ရေး၍
တာဝန်ခံပြီးထုတ်ဝေသည်

မှာကြားရန်ငွေနေ-နေ့ကုန်မြို့-မှန်ကြား တာရ-ဓမ္မသုတိုက်-
စင်းကြန်ကျောင်း-ဦးကောသိယာနန္ဒ-ရွှေတိဂုံဘုရားရေး
စာအုပ်ဆိုင်တိုင်းမှာရပါသည်၊

၂၀၃-မှာ—မိစ္ဆာဝါဒဝိနိစ္ဆယဟုပါသွားရာ - မိစ္ဆာဝါဒ
ဝိသောဓနဟုပြင်ဖတ်ပါ၊ ဝိသောဓနမှာ သုဒ္ဓိ
သင်ဟုမှတ်ပါ။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဒါန်းကိုပြခြင်း | ၁ |
| ရှေးရှိဝန္ဒနာပဏာမတို့ကိုပြခြင်း | ၆ |
| လူသေတိုင်းလူမဖြစ်အချိး | ၁၀ |
| လူသေလူဖြစ်ခြစားဒိဋ္ဌိကြီး | ၁၄ |
| ဂုင်းခြစား၌ထူးပိုက်ထားသောခြစားတိုင်များ | ၁၆ |
| မနုနောအပတ္တံနှင့်အစစ်မှန်သားမဟုတ်သေးကြောင်း | ၂၄ |
| ဘေသဇ္ဇရုဋ္ဌဖြင့်ဆေးလိပ်ကိုရေစက်ချသလို | ၂၅ |
| ရှင်ဥက္ကဋ္ဌတို့၏ ရှိရင်းလက်ာနှင့် ပါဠိကို နိုင်းညှိပြင်ဆင်ပုံ | ၃၀ |
| ရှင်ဥက္ကဋ္ဌတို့၏ဒွေးချိုးကိုနောက်တမျိုးအမှန်ပြင်ပုံ | ၃၃ |
| လူသေလူဖြစ်ကိုစိစစ်ဝေဘန်၍ပြခြင်း | ၃၄ |
| ဓိဋ္ဌိဥစ္ဆေဒရုပ်ဝါဒ၏မူလသဘောသွားကိုပြခြင်း | ၄၀ |
| အထက်ပါဝါဒကိုလည်းရှင်ဥက္ကဋ္ဌတို့ လက်ခံပုံရသည်ကို ပြခြင်း | ၄၇ |
| စိတ်ကူးသင်ပုံး၌ရုပ်စါလုံးရေးပြန်သည်ကိုဝေဘန်၍ပြခြင်း | ၆၀ |
| ဦးနှောက်ကသိနာမ်မရှိဆိုသည်ကိုဝေဘန်၍ပြခြင်း | ၆၅ |
| လေကိုအသက်ဆိုပြန်သဖြင့်ဝေဘန်၍ပြခြင်း | ၇၂ |
| ရုပ်ဝါဒကိုစ၍တည်ထောင်သူများ | ၇၈ |
| ရုပ်ဝါဒစကားကိုမှန်တယ်လို့ ဆိုမလား အမှားကိုပြဆိုခြင်း | ၈၄ |

ကြည့်မမြင်ကိုင်မထိဒါနှင့် မရှိဘူး ဆိုမလား ရှိပုံကိုပြဆိုခြင်း ၉၁
သန္ဓိပ္ပဋိသန္ဓေကောနှင့် အကာလိကောတို့၏ သဘောကို ပြခြင်း ၉၉
အသံထွက်တုစသော်လည်း ယူဆပုံလွဲမှားတော့ အမဲသားသယ်၊- ဒေါ်မင်းရေးလို ၁၁၀
ရှင်ဥက္ကဋ္ဌ၏ခွေးချီးဟာ မောင်ချစ်ဖေ၏ ဖော်ခိုးသီချင်းလို မှုန်းညံ့လှပုံ ၁၁၄
ရှင်ဥက္ကဋ္ဌတို့၏ ငရဲခဏ်းလိုခွဲခြမ်း၍ပြခြင်း ၁၂၀
မဒေါက်တာနန်ခွန်တိုင်ရွှာ၌ ရှင်ဝါသဝ ဟောသည် ဆိုသောတရားမှားများ ၁၂၇
ငရဲဘုံမ်နတ်ဘုံမ်မရှိဘူးတဲ့ - ရှိပုံကိုပြခြင်း ၁၃၀
ဘုရား၏အရေတော်ကိုခြုံပြီး–ဘုရားကိုမယုံပုံတို့ကိုပြခြင်း ၁၃၇
ယောက်ျားကသားမွေး-မိန်းမက သမီးမွေးတဲ့ မောင်ဆေးနှင့်-မောင်ရေးလို ၁၄၃
ရှင်ဥက္ကဋ္ဌ၏ နေ့ဝံထမျိုးရုပ်ဝါဒကိုဖြေရှင်း၍ပြခြင်း ၁၄၆
လေအသက်မရှူးပြောင်းဘဲ နာမ်သက်သာ ကူးပြောင်းပုံကိုပြခြင်း ၁၆၃
လေကိုအသက်ယူထျှင် နှမှတ်သူသေ စရာကိုပြဆိုခြင်း ၁၇၀
ဝမ်းဖေါ်သူကို ဝမ်းကျော ချည်းနှိပ်သဖြင့် လူတကျိပ်သေတဲ့ ဦးဘိုးချိုလို ၁၇၃
လူသေလူဖြစ်ထရာများ၏ လက်ာမှားစသည်ကို ဖြင်ရေးထားပုံ ၁၇၆

ဘာသာနှင့် သာသနာကို ရိုင်းရိုက်စွာ စော်ကားသဖြင့် အမှားကိုပြခြင်း ၁၇၉
ဘာသာတည်းဟူသော ဘိန်းကြွေးပြီး ယဉ်ကျေးမှုကို ဖျက်တဲ့ရဟန်းများတဲ့ ၁၈၇
ဘာသာရေးအုန်းကြီးများဟာ လာဘ်လာဘင်ါးကို မျှားတဲ့ တငါတွေတဲ့ ၁၈၈
ဝါတ်တော် မွေတော်တွေဟာ အမှိုက် သရိုက်တွေပါတဲ့ ၁၈၈
ဦးလောင်လို့ကူညီသူကို ခိုးတဲ့လူမဆိုနိုင် ၁၈၉
ဆွမ်းခံမှစားရတဲ့ဘုရားက ဘယ်သူ့ကိုမှ မ,မနိုင်ဘူးတဲ့ ၁၉၇
ဂေါတမဗုဒ္ဓဟာ ဗုဒ္ဓစစ်လားတဲ့ ဗုဒ္ဓစစ်မဟုတ်ပါဘူးတဲ့ ၂၀၆
ဘုရား၏ကိုယ်ခန္ဓာဟာ စွဲလန်းစရာဖြစ်လို့ ဘုရားစစ်မဟုတ်ပါဘူးတဲ့ ၂၀၇
မာဂဏ္ဍီတို့ကချစ်တာနှင့် ဘုရားစစ်မဟုတ်ရဘူးလား ၂၂၅
ရှိကိုးမှုမရှိတဲ့ ဘုရားကို ဘာဖြစ်လို့ကြည်ညိုရသလဲတဲ့ ၂၃၁
ယခုတာ်စနေတဲ့ ဆဋ္ဌသင်္ဂါယနာကို မှားတယ်လို့ဆိုနေပြီ ၂၃၉
ကာလသားရေမပက်သဖြင့် အရှက်မရှိတဲ့ မျက်ခန်းစပ်မ မိကြွားလို ၂၄၀
ဘုရားသေဒါကိုဘျေနပ်တဲ့ရှင်သုဘဒ္ဒတော်ထွက်ရဟန်းလို ၄၅
လူသေလူဖြစ်ဆရာတို့၏အပေါ်၌ ပြု ထိုက် တဲ့ ဝိနည်း ကံ ၂၅၂
လူသေတိုင်းလူမဖြစ်သည်တို့ကိုမူစစ်၍ပြခြင်း ၂၅၇

ဖန်ဆင်းသမားဖြစ်တဲ့ ကံအရင်းတရားတို့ကို စဉ်းစားရန်
ပြခြင်း ၂၆၂
ဘုန်းကြီးနှင့်ကျောင်းတကာသောရာ လူပြန်မဖြစ်တဲ့ ပြိတ္တာ
ဖြစ်ပုံကိုပြခြင်း ၂၆၇
ဘုန်းကြီးသေ၍ လူဘုန်းကြီးပြန်မဖြစ်တဲ့ အသူရကာယ်
ဖြစ်ပုံကိုပြခြင်း ၂၇၅
ထိုမှတပါး လူသေလူမဖြစ်တဲ့ ၄ ရဲ တိရစ္ဆာန် ဖြစ်ဟန်
တို့ကိုပြခြင်း ၂၈၁
လူသေ၍ လူပြန်ဖြစ်ခြင်း နတ်ဖြစ်ခြင်းစသည်တို့ကိုပြခြင်း
၂၈၂
ကျမ်းပြီးနိဂုံးကိုပြဆိုခြင်း ၂၈၄
ဆုတောင်းမေတ္တာပို့ ၂၈၉

ဤစာအုပ်ကို......

ရန်ကုန်မြောက်ဥက္ကလာပမြို့-အုဋ္ဌပုံဆိပ်လမ်း သာသနာ့ပါလစာသင်တိုက်အစိုးရစာမေးပွဲရအရှင်ညာဏဒဿနထံ၌ရင်း၊ ဥက္ကံမြို့အမတ်ဟောင်း ဦးတိုးရင်ထံ၌ရင်း၊ ဥက္ကံမြို့တကူးဆိပ်ရွာကျောင်းဒါယကာ ဦးမှိန်နှ့ထံ၌ရင်း၊ ဥက္ကံမြို့ဆင်စခမ်းရွာ ရဟန်းဒါယကာ ဦးတိုးသက်ထံ၌ရင်း ရနိုင်ပါသည်။

**1960**

# နိဒါန်း

ဤစာအုပ်ကို ရေးထုတ်ဖြန့်ဝေရခြင်း၏အကြောင်းမှာ နယ်ချဲ့အင်္ဂလိပ်တို့၏လက်မှ ဘာသာချစ်၊ သာသနာချစ်၊ မျိုးချစ်ပုဂ္ဂိုလ်တို့ ဆောင်ရွက်ကြသဖြင့်၊ လွတ်လပ်ရေးရလာသော ဗမာပြည်သစ်တွင် ဆဋ္ဌသင်္ဂါယနာပင် တင်ကာ၊ မင်းတုန်းဘုရင်ခေတ်ကဲ့သို့ သာသနာရောင် ဘာသာရောင်တို့သည် ထွန်းပြောင်ထိန်လင်းတို့ဖြစ်သော်လည်း၊ ကွန်မြူနစ် အခိုးဝင်လျက်၊ ဘိုးစဉ်ဘောင်ဆက် ဘလက်ထက်က ဆင်းသက်ယုံကြည်လာခဲ့သော ပြည်တွင်းရှိ ဘာသာကိုးကွယ်ရင်း သာသနာကို အဖြာဖြာဝေဘန်၍ မခြေမင်သော စကားတို့ဖြင့်၊ ပြောကြားပုတ်ခတ်၊ အချို့သော ခေတ်ပညာတတ်တို့၏ ပါးစပ်သရမ်းမှုတို့ကြောင့်၊ ပြုမိသော ဒါန၊ စောင့်မိသော သီလ၊ ပွားများအားထုတ်မိသော ဘာဝနာစသည်တို့ကိုပင်၊ လွဲမှားပြီထင်ကာ ပညာနည်းပါး၊အချို့ကုန်သော အမျိုးသမီး အမျိုးသားတို့သည် ကိုးစားယုံကြည်ရင်းဖြစ်သော ဘာဘာ၊ ကိုးကွယ်ဆည်းကပ်ရင်းဖြစ်သော သာသနာကို ပယ်ခွါစွန့်ပစ်တော့မည်အလားကဲ့သို့ ယုံမှားသံသယရှိပြီး နေကြကုန်လေပြီ။

ဤသို့ ယုံမှားသံသယရှိပြီးနေကြရာ၊ ဗိုလ်ချုပ်နေဝင်း အစိုးရတက်လာသောအခါ၊ သာသနာတော်မြတ်ကြီးအား အကူအညီပေးအပ်သော အစိုးရတို့၏ ဝတ္တရားနှင့်လျော်စွာ၊ ဗုဒ္ဓဘာသာ သာသနာ၏ အဆိုပါ အန္တရာယ်ကို အမြစ်ပြတ်လှန်ပယ်ရန် ဓမ္မန္တရာယ်ရှင်းချပွဲဟု အုတ်အုတ်သဲသဲ၊ ရဟန်းလူ ပူးတွဲပြီး၊ ထူးထူးကဲကဲကြီး ပြုလုပ်

# နိဒါန်း

သဖြင့်၊ အဆိုပါ ဝါဒယုတ်သည် ပြုတ်တော့မည် ထင်ရစဉ်၊ အဆင်အခြင်ကင်းမဲ့သော အရွဲ့တိုက်ဂိုဏ်းသား၊ ရဟန်းခေါ်ကတ်ဖဲ့သမားတို့သည် “နောက်ပေါ်တဲ့ မောင်ပုလဲ၊ ဒိုင်းဝန်ထက်ကဲ” ဟူသော စကားလို၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ပယ်ရှား လျှက်၊ “ကျား သေ ကို အသက်သွင်း” သကဲ့သို့၊ ဝါဒဆိုးအယူစွဲအောင် အကူမဲ တင်းပြီးလျှင်၊ ယိုင်းပင်းသည့်အနေဖြင့်၊ (လူသေလူဖြစ်) ဟူသော စာအုပ်ကို ရေးထုတ်ဖြန့်ဝေလိုက်လေသည်။

ထို “လူသေလူဖြစ်” စာအုပ်ကိုရေးထုတ်ဖြန့်ဝေသော ဆရာတို့သည် ယခင်အခါကပင်၊ ကွန်မြူနစ်ဝါဒကို ကွယ်ရာမှ အားပေး၍၊ ငါတို့၏ ဂေါတမမြတ်စွာဘုရားသခင်ကို အထင်အမြင်သေးအောင်၊ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်ကို အထင်အမြင်သေးအောင် မြတ်စွာ ဘုရား၏တပည့်သား သံဃာတော်အရှင်မြတ်များကို အထင်အမြင်သေးအောင်၊ ရေး သား ပြော ဆို ခဲ့ သည် မှာ အတော်ပင် ကြာခဲ့လေပြီ။

အဘယ်ကို ထောက်၍ သိနိုင်လောက်သနည်းဟူမူ၊ ထိုသူတို့ ရေးထုတ်ခဲ့သော နောက်က စာအုပ်များကို တွေ့ရှိသဖြင့်၊ ယခင်ကပင် ကွန်မြူနစ်ရုပ်ဝါဒကို ကွယ်ရာမှအားပေး၍၊ ရေးသားပြောဆိုခဲ့ကြောင်းကို ကောင်းကောင်းကြီး သိနိုင်လေသည်။ သူတို့သည် ဤပြဆိုခဲ့သည့်အတိုင်း၊ ကွန်မြူနစ်ဝါဒကို ကွယ်ရာက အားပေး၍၊ သာမန်လူ မရိပ်မိအောင် သာသနာကို နှိပ်ဖိပြီး၊ မ ထိ တ ထိ ရေး ခဲ့ ရာ၊

# နိဒါန်း

တဆင့်ထက်တဆင့် ကဲကဲပြီး၊ ဆဲ သ လို ဖြစ် လာ သော်လည်း၊ မည်သည့်ရဟန်းသံဃာကမျှ အရေးမယူ၊ မည်သည့် လူကမျှ အလေးမပြု၊ မည်သူ့ကိုမျှ မတိုင်မတန်း၊ မည်သည့်အစိုးရကမျှ မဖမ်းမဆီးသဖြင့်၊ အရမ်းကြီး ရမ်းတော့မည်ဟု (ဝါ)ယခင်ကလို မှောင်မကွယ် တော့ ဘဲ၊ ကွန်မြူနစ်အရောင်ခြယ်ရန်၊ ပြောင်ပြောင်ကြီး တွယ်တော့မည်ဟု ဘယ်သူ့ကိုမျှ မလေးစားတော့ဘဲ၊ "လူသေလူဖြစ်"စာအုပ်ကို ရေးသားထုတ်ဝေလိုက်ခြင်းပင် ဖြစ်ပေလိမ့်မည်။

ဤသို့လျှင် ထိုပုဂ္ဂိုလ်တို့သည် မည်သူကမျှ မဆိုသောကြောင့် ကဲ-မည်သူကမျှ မမန်းသောကြောင့် ပြဲ-ပြီးလျှင် ဇက်ရဲ, လက်ရဲ, ပြုလုပ်၍၊ "လူသေလူဖြစ်" စာအုပ်ကို ရေးထုတ်ရာ၊ ၎င်းစာအုပ်အတွင်းရှိ ရေးသားချက်တို့မှာ ဘုရား, တရား, သံဃာ, ဗုဒ္ဓဘာသာ- သာသနာတော်မြတ်ကြီးအား၊ ပုတ်ခတ်ပြီး ထားပါသဖြင့်၊ ဗုဒ္ဓသာသနာတော်မြတ်ကြီး၏အတွက် စိတ်ရတက်မအေး၊ အရှည်ကို မျှော်တွေးတိုင်း၊ ရင်လေးဘွယ်ရာ အန္တရာယ်၊ ကြောက်လန့်ဘွယ် ရန်အစွယ်ကြီးဟု အမှန်တကယ် ယူဆထိုက်ပေသည်။

ဤအဆိုပါ အန္တရာယ်-ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး၏ ရန်အစွယ်သည် သေး ငယ် သည့် မ ဟုတ်၊ ရေးသားဖြန့်ဝေသော စာအုပ်မှ ထွေးရှုပ်သော သဘောသွားတို့ကား၊ အနှံ့နှံ့အပြားပြားဖြစ်သွားကာ၊ "လူသေ

# နိဒါန်း

လူဖြစ်''စာအုပ်မှာ ယခုအခါမှပင် ပေါ်လာသော်လည်း၊ အရှင်ဝါသဝ ရေးသားသည့် ဗုဒ္ဓဝါဒ ကြွေး ကြော် သံ-ဟူသော စာအုပ်များမှာ အတော်ကြီးပင် ကြာ ခဲ့ ပါ သ ဖြင့်၊ အရွာရွာအရပ်ရပ်တို့၌ကြည့်ဖတ်ပြောဆို၊ စေတီ၏ဘောင် စပ်ဝင်ပြီး၊ ညောင်ကြပ်ပင်ခိုလျက်၊ စေတီတော် ဘုရား ထီးပါ တဖြည်းဖြည်းမျိုသကဲ့သို့ ထိုထိုသော လုဖျင်း ပညာကင်းတို့မှာ အလင်းကိုပြ ယခုမှ အမှန်ရသည်ဟု သူ့အဖ သူ့ဘိုးဘွား၊ ကိုးကွယ်ရင်း ဘာသာတရားကို ပယ်ရှားမည့်အယောင်၊ ဘုရားစင်ရုပ်ပွါးကို ဖြုတ်ထား ခွါဖယ်ရှောင်၍၊ မိုက်မှောင်ဖုံးလွှမ်း၊ ရဟန်းယောင် ဗါလ ရှင်းတို့၏ဝါဒမှိုင်းဖမ်းသောကြောင့်၊ မျက်စိကန်း တစ္ဆေ မကြောက်သလို၊ စဉ်း စား ဉာဏ် ကင်း ပျောက် လျက်၊ မှောက်မှောက်မှားမှား ပြုလုပ်ခဲ့သည်များကိုလည်း၊ ကြားမြင် ဖတ်ရှုမိရပေတော့သည်။

ထို့ကြောင့် အဆိုပါ ဓမ္မန္တရာယ်တို့ကို တွန်းလှန်ပယ် ခွါခါ ရှင်းရအောင် ဘာ သာ ရင်း စေ တီ ၌ နေမှီသည့် ညောင်ပင် အရုပ်တို့အား ပွေပွေလီလီ နောင်အစဉ် မရှုပ်ရအောင်၊ အပြောင်အစင်ခုတ်ဘို့ အတူမသွေ ပိုင်းကြပေတော့၊ ကလောင် မှင် ထုတ် ပြီး၊ ကူသလေ မဆိုင်းဘဲ၊ ''လူသေတိုင်း လူမဖြစ်''ဟု တမူ သစ် စာတအုပ်ကို ရေးထုတ်ဖြန့်ဝေခြင်း ပြုလိုက်ရပါကြောင်း။

# နိဒါန်း

## နိဒါန်းတေးထပ်

ကွန်မြူနစ်ဝါဒ၏သဘာဝရန်ပွယ်၊ ကမ္ဘာက လှန်ပယ်စဉ်၊ အန္တရာယ်နောက်တိုး "မောင်ပုလဲ အသစ်ပေါ်သလို၊ အညစ်တော် ဗိုင်းဝန်ထက်ဆိုး၊ ဖဘုရား အရေကို ခြုံ့တယ်၊ အဖေဂုဏ်ဖျက်ချိုး၊ သေကုန် လျှင် နရက်အိုးပါဘဲ၊ ဆက်အမျိုး ဂိုဏ်းနွယ်၊ ဘုရားကို မကျေနပ်ပြီဘု၊ ဒေဝဒတ်နိုင်းပုံသဖွယ်၊ စေတီ၌ညောင်တွယ်သလို၊ နောင်တကယ် မျိုးကာရစ်ပါလိမ့်၊ မြို့ခွါပြစ်ပယ်ခုတ်ထွင်၊ ဝိုင်းအုံသုတ်သင်၊ ကံတရား သူမွှေပြင်တယ်၊ လူသေလျှင် လူဖြစ်ပါသတဲ့လေး၊ သူတို့ရဲ့ စာလွှာတွေမှာ၊ ညာ တာ တွေ ဖြေရှင်းဘို့ရေး။

## ရင်းတေးထပ်

ကွန်မြူနစ်နောက်ပါးက မေးပါလို့၊ မြှောက် အားပေး ကောင်တွေ၊ စောက် စား တွေးပြီး တော့ ပြောင်မွေ့ပြီ၊ ဟောင်သလေဆူလို့၊ ဒေဝဒတ်လက်သစ်ပေါ်ပြီ၊ဖက်ဆစ် မြှော် ဂိုဏ်းပေါ့သူတို့၊ ဖ,ဘုရားအရေကို ခြုံ့တယ်၊အနဖ ဂုဏ်ယူလို့၊ မသွေပုံ တူဘို့တော့ မှုမချို့ဟန် ဆောင်၊ ဆင်းနိဝါ မြတ်သက်နိုးကိုလှ၊ ပတ်ဆင်းမြန်း ခေါင်းတုံး ထိပ်ပြောင်၊ ဘုန်းကြီးတု ရဟန်းယောင်တွေကို၊ မဖမ်း ပေါင် ဟိုတခေတ်ဆီက၊ ဆို ဟစ် လို့ မြို့ရွာ တွေ၊ ဟော လိုက်လို့ မွှေ၊ ခုဖမ်းတော့ ငြင်းလို့ဖြေတယ်၊သင်းတို့သေ လူဖြစ်ဘို့ဝေး၊ လူဖြစ်ဘို့ ဆိပ်မလွယ်တယ်၊ အမိပ္ပါယ်မှန် ညီဘို့ရေး။ ။

## ရှေးရိုးဝန္ဒနာ ပဏာမ

နမော, တဿဘဂဝတော, အရဟတော,
သမ္မာသမ္ဗုဒ္ဓဿ

အရဟတော၊ ပေါ်မိုပင်ခြေပလ္လင်ဘွေ့၌၊ ဝင်နေစမ္ပါယ်၊ ဓမ္မနှံ့ရာယ်တို့ကို လှန်ဖယ်ချိုင်ချ၊ အနိုင်ကြီး နိုင်တော်မူပြီးထသော၊ သမ္မာသမ္ဗုဒ္ဓဿ၊ အမှန်လေးဖြာ လေးသစ္စာကို၊ ဆရာမရှိ ကိုယ်တိုင်သိ၍၊ မိမိအလား သူတ ပါး လည်း၊ သိကြားစေမှု အာရုဏ်ပြုလျက်၊ ရာဟု သား သွင် စိတ်တော်ဝင်ပြီး၊ သွန်သင်ဆုံးမ ဟောပြတော်မူပေထသော၊ တဿဘဂဝတော၊ ခြောက်ဝဘုန်းဟုန် ဘုန်းတော်ရုဏ်ကြောင့်၊ မိုးစင်းဘုံမ်ဘဝင် အောက်နရက်ပြင်၊ မြင်ဘက်ကင်းကွာ ထိုမြတ်စွာအား၊ နမော၊ သုံးဖြာဂါရဝ ပဏာမဖြင့်၊ နလာဋပြင် ရှိဦးတင်၍၊ ဖူးမြင်ရိုကျိုး လက်စုံမိုးပြီး၊ ရှိခိုးခြင်းပြု ကောင်းမြတ်သောအမှုသည်၊ အဏ္ဏု၊ ကြည့်ရှုစိစစ်နည်းမသစ်ဘဲ၊ မပစ်ရှေ့ထုံး ကျွန်ုပ် သုံး ၍၊ ပြီးဆုံးအောင်မြင် ရန်ပေါင်းစင်ဘို့၊ မောင်းနှင်ပယ်ချိုး ကျွန်ရှိခိုးသည်၊ ကောင်းကျိုးဖွံ့ထွားဖြစ်စေသား၊ ။

## အောင်ခြင်းမင်္ဂလာ ပဏာမဂါထာ

သဠ္ဌိဟာယအတိသစ္စကဓါဒဣကေတုံ
ဝါဒါဘိရောပိတမနံအတိအန္တဘူတံ
ပညာပဒိပဇလိတောဇိတွာမုနိန္ဒော
တံတေဇသာဘဝတုမေဇယမင်္ဂလဂ္ဂံ။

ယောမုနိန္ဒော ငါးပါးသော မုနိတို့ထက် အတုမရှိ တန်ခိုးကြွပေသည့် အဖိုးရသခင် အကြွင်မြတ်စွာ ဘုရားသည် သစ္စံ မှန်သော စကားကို ဝိဟာယ စွန့်ပယ်ထား၍ အခတိ သစ္စကဝါဒကေတုံ၊ အများကိုသူအမှန်ဟု တယူသန်ဝါဒ ဖြင့် မာနဂုဏ်တင်းလာသမျှအကုန်ငြင်းလျက် မှန်ကင်းအလားခိုက်ရန်ပွားဘို့ စကားဆိုလေ့ ငြင်းခုံလေ့ရှိသော ဝါဒါဘိရော ပိတမနံ မိမိ၏ ဝါဒကို ဒါကမှ ဟုတ်သည်ဟု မာနယုတ်အသူများဖြင့်သူတပါးဝါဒမှ လာသမျှတန်ခိုး အရှိန်ကိုချိုးနှိမ်လို ထောင်းကြဲပ်ဖိဘို့ မကောင်းစိတ်ရှိ ပေထသော၊ အဘိအန္ဓဘူတံ အလွန်ကိုမိုက် အဝိစိတွင်းနဲ့ဖုံးမှာ ကျင်းတူးခါ မိုက်မည်ဟု အမိုက်တကာ့ထိပ်ခေါင် ဘာလားညာလား ငါတကားတွေနှင့် ဘုရားတောင်မရှောင်ဘဲ အမှောင်တကာ့အမိုက် အခြားလူသူတပါးတို့ကို အများလူအသူများပြီတဲ့ အရူးအောင်အပစ်ပြခဲ့သော သစ္စကပရိဗိုဇ်ကို ပညာပဒိပဇလိတော မှောင်မိုက်ကိုကြည်စွာရှောင်ဘို့ ပညာရောင်ဝါတ်ဝိုးဖြင့် တစပ်ထည်း ထွန်းလင်းတော်မူစေ၍ ဇိတဝါ၊ အောင်တော်မူလေပြီ ဝါ ဝုဒ္ဓဝါဒတရားကင်းသူက ရုပ်ဟာငါဟာနှင့် ဘုရားကိုငြင်းသောကြောင့် သိကြားမင်း ဘီလူးချောက်တော့ နုးထောက်ပြီး မို့ဝပ်စွာဖြင့် ဝိပဿနာ တရား သဘောကို ကဝိမြတ်ဆရာ ဘုရားဟောတိုင်း နားစောကာဒါမှ ဟုတ်သည်ဟု ဝါဒယုပ် ပြောင်းစင် ကမ္မဋ္ဌာန်းအလုပ်၌အရောင်ထင်စေ၍အောင်မြင်တော်မူခဲ့ပါလေပြီ တံတေဇသာ သစ္စကပရိဗိုဇ်၏ရုပ်ဝါဒကို အမြစ်

ကန့်ကွက်ပြီး ဖုတ်ပြာချလျှက် သုတ်ကမ္ဘဒ္ဒါန အရောင်ထင် အောင် အောင်မြင်တော်မူသော ထိုတန်ခိုးဖြင့် ဒမကိုယ် ကျိုးမတွေး သာသနာကျိုး ဘာသာကျိုးကို မျှော်ကိုးကာ တွေးလျှက် နောင်ရေးပွေ့ရှုပ် ဝါဒယုတ်ကို တွန်းဖြုတ်ဘို့ မြှော်တပည့်တော်အား အဂ္ဂိဓိနေ့မာရဇိန် မာနငါးပါးကို ပြားကန့်နှိမ်သကဲ့သို့ စံချိန်ထိုးအပ် အမြတ်ကြီး မြတ်ပေ သော ဇယမင်္ဂလံ အောင်အပ်သည့် မင်္ဂလာသည် ဟောတု လျှင်မကြာယခုဖြစ်လျှက်လူ့ အညစ်နှစ်ကောင်နှင်ရအောင် မှုအပစ်ပြောင်စင်၍ မဖုမထစ် ကလောင်တင်တိုင်း အောင် မြင်ပြီးမြောက်ပါစေသတည်း။

## သဖြန်လေးဆစ်ပဏာမ

ဝါသနာပါလာမှုကိုလ ကဗျာမှာညှာတာ ရှုကြပါတော့ ရစနာဂါထာမပြုပါဘု၊ ဘာသာထုသူတွေကြောင့်ရှေးထုံး မြှော်၊ မရှောင်ကွင်းပါဘု၊ အောင်မြင်းအပြင်ရန်တော့ နှင် လှန်သော်အောင်နေကျပေမို့၊ ပလ္လင်ပျံမှာ ညှောင်ရေသ ပါ၍၊ လျှင်အမြန်အောင်စေရအောင်ပ၊ ဦးချဖူးမြှော် မနော ရှင်ရှင်အမှာ်တရ မကာင်းသူမို့၊ ဓောဘဝင် ဓါတ်က လင်းပါ၍၊ နမောတွင် တသသ အရင်းရယ်နှင့် မြတ်စွာသ နင်းကိုတဲ့ရှိပူဇော်၊ တပည့်အယူမချော်အောင်ပ မ ပါဘု ရား၊ အိုင တိလု အရှော်တို့ကဖြင့်၊ပြဒါအမှား လူသေလျှင် လူဖြစ်ထာ အမှန်ပင်တဲ့ ကံနှစ်ပြင် အကုန်ပျောက်အောင်ပ ဓမ္မခန်အစဉ်ကိုအကုန်ပျောက်မယ်လို့၊ ယုံလောက်အောင် ရုပ်ဝါဒတွေနှင့်၊ မဟုတ်တာထုတ်ကာပြပါ၍၊ ဗုဒ္ဓကိုတော်

လှန်တဲ့၊ အခုကော်ကြီ ဒေဝဒတ်တို့ကို၊ မဟော်ညာလာ် ရွှေ ခမ္ဘသာတ်ရယ်နှင့်၊ ကြွေပြတ်ကာ အရောင် မှိန်တဲ့ အောင် အောင်ချိန်ကိုမောင်စိန် မှန်းပြီးလျှင်၊ ကလောင့်ရှိန် ဖေါင် တိန်ရမ်းလိုက်မယ်၊ မှင်ပန်းကါနားသယ်စင်၍၊ အပါယ်ခွင် ရေယဉ် ကြော ဆိသို့၊ ငဖယ် ကျင်တွေ သေလျှင် မျော အောင်၊ တိုင်းတုံကာ ပိုင်းအုံလို့ မျှောလိုက်မယ်၊ အို ကွယ်, မျောကြစေသား။

**မှတ်ချက်။** ။အရှင် ဥက္ကဋ္ဌ ရေးသော "လူသေလူဖြစ်" စာအုပ်နှင့်တကွ အရှင်ဝါသဝရေးသော "ဗုဒ္ဓဝါဒ" 'ကြွေးကြော်သံ' စသော စာအုပ် တို့မှာ၊ မည်သည့် စာအုပ်တွင်မျှ "နမောတဿ" မပါ "သြကာသဆေးရိုးကြီး" ဟု သိးသီး ရင့်ရင့် ရေးလူ တို့၏ လက်သုံးကို၊ဖျက်မှုန်းပယ်လွှင့်လိုသောစိတ်ရှိကြသည် နှင့်ညီစွာ၊ ရတနာသုံးပါးအား၊ အခြားသူ တို့ရှိခိုးသည် ကိုပင်၊ 'မိရိုးဖလာ' အလကားဟာဟာ၊ ဘာသာကို ပုတ်ခတ်လျှက်၊ဗုတ်ဗုတ်ပြတ်ပြတ် ပြောဆိုတတ်ကြပေ သည်။

သို့ကြောင့် ယခု ဤစာကို ရေးသော အကျွန်ုပ် သည် ဆန်းသစ်သော ဂါထာ-ရစနာမစီဘဲ ပဝေဏီ ရေးထုံး၊ ပညာရှိလက်သုံးမို့၊ အကောင်းဆုံး ပြောစ မှတ်ရအောင်၊ နမောတဿ မပျက်မစီးစေဘဲ၊ တဆက် ထည်း အစဉ်နောင်မယွင်းစေဘို့၊ အပြင်အောင်ခြင်းနှင့်

ရှိခိုးကာဖြင့်၊ မိရိုးဖလာ သဘာဝအတိုင်း ပဏာမပြု
လိုက်ပေသည်။

## "လူသေတိုင်း လူမဖြစ်"

"ဧယျတုသဗ္ဗမင်္ဂလံ၊ တိရတနံ အဟံ့ဝန္ဒာမိ"

ဤစာအုပ်ကို ရေးထုတ်သော ငါးပါးနာမ်ရုပ် အကျွန်ုပ်သည် ဗုဒ္ဓဘာသာ သာသနာတော်မြတ်နှင့် ရတနာသုံးရပ်ကို ပုတ်ခတ်ပြောဆိုသူတို့မှတပါး၊ အခြားသောသူများကို အငြင်းမပွါးလို၊ အတိုက်အခံစကားဖြင့် မပြောကြားလို၊ အိပ်ရင်း ပျက်တတ်၊ ထိုင်ရင်း ပျက်တတ်၊ စားရင်း ပျက်တတ်၊ သွားရင်း ပျက်တတ်သော လူပျက်အတတ်ကိုသာ သိမြင်တတ်မြောက်လိုသဖြင့်၊ မိမိတကိုယ်ချင်းပင် အခြားလူ မသိမမြင်အောင် အစမ်းသင် သင်နေခဲ့သည်မှာ အတော်ကလေးပင် ကြာလာခဲ့ပေသည်။

ဤသို့ပင် ကြာသော်လည်း၊ အဆိုပါ လူဖျက်အတတ်ကို မြောက်အောင် မတတ်သေးသဖြင့်၊ အရေးတကြီး လေ့ကျင့်ပြီးနေရာ၊ ဗုဒ္ဓမ္မလောက တရားသတင်းစာတွင်ရင်း၊ ဤမှတပါး အခြားသော သတင်းစာများတွင်ရင်း၊ "အရှင်ဥက္ကဋ္ဌ" ရေးထုတ်ထားသော "လူသေလူဖြစ်"စာအုပ်၏ မကောင်းကြောင်းတို့ကို ဂုံးပေါင်းပြီး တွေ့မြင်ရပေတော့သည်။

ဤသို့ တွေ့မြင်ရသဖြင့်၊ နေ့စဉ်နှင့်အမျှ "လူဖျက်"၏ အလုပ်ကိုပင် အားထုတ် လုပ်ကိုင်ချင်သော စိတ်မရှိလှ

တော့ဘဲ၊ ထို "လူသေလူဖြစ်" စာအုပ်ကိုသာ သတိရ လျှက်၊ မကြည့်ရမနေနိုင်သော စိတ်များသည် "လူဖျက်" အလုပ်ကို အားထုတ်လေ့ကျင့်နေသော အကြားမှ တဖွားဖွား ပေါ်ထွက်ပြီး နေပေတော့သတည်း။

အဘယ်ကြောင့်နည်းဟူမူ ထိုသူသည် (၀ါ) "လူသေလူဖြစ်" စာအုပ်ကို ရေးထုတ်သော "အရှင်ဥက္ကဋ္ဌ" သည် ဗုဒ္ဓဘာသာ သာသနာ၌ အရောရောစေ့စပ်၍၊ ပရိယတ်ဂုဏ်မွေးပြန့်လျှက်၊ လုံလုံလောက်လောက် တတ်မြောက်သော သူတဦးဟု ကျွန်ုပ်ကြားဘူးသည်နှင့်အညီ သတင်းစာများတွင် ရေးသားဖေါ်ပြပုံတို့ကို မယုံကြည်ခဲ့သောကြောင့်တည်း။

ဤသို့ မယုံမကြည်ရှိနေရာ၊ ထိုထိုသော သတင်းစာတို့၌ ပါလာသော စကားတို့ကို မကြာမကြာ ကြားရသဖြင့်၊ ကျွန်ုပ်၏စိတ်များသည် ကျွန်ုပ်အား ထို "လူသေလူဖြစ်" စာအုပ်ကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင်ကြီး ဖတ်စေချင်၍၊ မောင်းနှင်ပြီးနေသောအလား၊ ခိုင်းစေတိုက်တွန်းဖန်များသောကြောင့်၊ ကျွန်ုပ်သည် ရန်ကုန်သို့သွားပြီးလျှင် အနှံ့အပြားစုံစမ်းရှာဖွေရာ၊ "လူသေလူဖြစ်" စာအုပ်သာမက "အရှင်ဝါသဝ" ရေးသော "ဗုဒ္ဓဝါဒကြွေးကြော်သံ" စာအုပ်များမှစ၍ "ဒါနကိုပယ်, သီလကိုပယ်" သမုတိသံဃာကို လှန်ပယ်၍ လိုရာကို ဆေးခြယ်သည့် အသွယ်သွယ်သော ဝိပဿနာစာအုပ်တို့ကိုပါ ရရှိခဲ့လေတော့သည်။

ဤစာအုပ်တို့အနက်၊ တ နိုင် ငံ လုံး ဆုပွက်ပြီး၊ ဗုဒ္ဓဘာ သာ သာသနာတော်မြတ်ကြီးပျက်ပါပြီဟု(ဝါ)ဗုဒ္ဓဘာသါ သာသနာတော်မြတ်ကြီးကို ဖျက်ပါပြီဟု ဂ ယက် လှိုင်း ပုတ်လျက်၊ ပညာရှိ သူတော်ကောင်းတို့၏ စိတ်နှလုံးကို အ တုန် လှုပ် စေ ဆုံး သော စာအုပ်မှာ"**လူသေလူဖြစ်**" စာအုပ်ပင်ဖြစ်လေသည်။

သို့ကြောင့်-ကျွန်ုပ်သည် ထို "**လူသေလူဖြစ်**"စာအုပ် ကို ဆွဲယူကိုင်ဆုပ်၍၊ ရုတ်တရက် မ ဖတ် နိုင် သေး ဘဲ သတင်းစာတွေ ရေးတိုင်း၊အမှန်တွေကိုပင် တွေ့မြင်ဖတ်ရှု ရလေတော့မသားဟု တွေးလျက်၊ အစိုးရတို့ စစ်ဆေးက အပြစ်ပေးနိုင်လောက်သော အလွဲအမှားတို့ကို မတွေ့လို မမြင်လို၊ ရင်တမိုမိုနှင့်ပင် တင်ကြိုစိုးရိမ်ကာ၊ ဖတ်ရှုပြီး ကြည့်တော့ရာ၊ ကျွန်ုပ်၏မြော်လင့်ချက်နှင့် တက်တက်စင် ဝေးကွာ၍ မဖါသာ မထေးသာ၊အမှားလမ်းခရီးနယ်သည် လွန် လွန် ကျူးကျူးကြီး ကြီး ကျယ် နေ သော ကြောင့်၊ အနည်းငယ်မှ မဖေးသာတော့ဘဲ၊ ဆေးဆရာ ကုချင်လှ သော်လည်း ပြုပြင်မရအောင် အနာစုံသကဲ့သို့ ပ မာ ပုံ ပြောစရာ ရောဂါတည်းဟူသော အ လွဲ အ မှား တို့ ကို "**အရှင်ဥက္ကဋ္ဌ**"ရေးသားလျက်၊ အဆန်းအပြားပြုလုပ်ပြီး ရိုက်နှိပ်ဝေထုတ်သော"**လူသေလူဖြစ်**"စာအုပ်၌ တအုပ် လုံးလိုပင် တွေ့မြင်ဖတ်ရှုရပေတော့သည်။

ဤသို့ ဖတ်ရှု မြင်တွေ့ရ ပေတော့ရာ၊ ပရိယတ် တတ် မြောက်ကြောင်းကို၊ နောက်နှောင်ကာကြားဘူးသဖြင့်၊ သာ

သနဒ္ဒလက်ရုံး’ ဟုစိတ်နှစ်လုံးကြည်နူးပြီး၊ အထူးပင် အရေးထား၍၊ လေးစားခြင်းရှိခဲ့သော၊ ကျွန်ုပ်၏ စိတ်တို့မှာလဲ, မှို့ကို လေနှင် သကဲ့သို့၊ လွင့်စင် ကင်း ပျောက်ကာ အပြင်သာလှေ့ချက်၊ အတွင်းတွင်မိုး, ကျသဖြင့်၊ မစား မသုံးရသော သဖန်းသီးကြီးပမာ၊ ရွံမုန်းပြီးလာပြီးလျှင်၊ ဟာ’ ဟူသောအသံ၊ သာသနာ့အတွင်းရန်ဘဲ၊ မဟန် လိုက်လေခြင်း ဟူသော အာမေဋိတ်ဖြင့်၊ ဝမ်းတွင်းရှိ ထို စိတ်ကို၊ မျိုသိပ်ပြီးမထားနိုင်တော့ဘဲ၊ ‚ဒါလား, ပညာရှိ ‚သင့်အမေလွှာ,မဲ့ ပညာရှိ၊ ‚သူ့အဖေ, ‚အဖ, ဘုရား တောင် စော်ကားတဲ့ပညာရှိဟု၊ နိဒါန်း၌ပြခဲ့သော ‚ပဋ္ဌမ, တေးထပ်နှစ်ပုဒ်ကို ရေးထုတ် စိကုံးမိပေတော့သည်။

ကျွန်ုပ်သည် ဤစာအုပ် တအုပ် လုံးကို၊ အဆုံးတိုင် ရောက်၊ သုံးလေးခေါက် ကြည့်ဖတ်ပြီး၊ အထပ်ထပ် ဝေဘန်၍၊ အဖြေမှန်ထုတ်ဘို့ရာ၊ အဆိုးတွေကိုပေါင်းရုံးလျှက် မကောင်းဆုံးတွေကို ဖွေရှာသော်၊ နေရာတိုင်းလိုင်  မကောင်းသည်တို့ကိုသာ၊ တွေ့မြင်သဖြင့်၊ အကုန်အစင် အဖြေရေးက၊ ဝန်လေးကြီးကျယ်လျှက်ပြီးလွယ်မည်မဟုတ် မိမိ၏လုပ်ငန်းအလုပ်လည်း၊ ဆုတ်ယုတ်ပျက်ပြား၊ ပျောက် ကွယ်၍သွားမည်ကို၊ စင်းစား တွေးတောမိပြန်ရာ၊ အဖြေ ရေးဘို့ကိုပင် ဝန်လေးပြီးလာတော့၏။

ဤသို့ဝန်လေးသဖြင့်၊ ထိုစာအုပ်၏အဖြေကို၊ မရေးဘဲ မိမိကောင်းဘို့ကိုသာ မြှော်တွေးလျက်၊ ကိုယ်အေးလျှင်ပြီး ရောဟု၊ အချည်းနှီး နေပြန်သော်၊ ဆိုးမွှေခံ ဂောင်း မွှေ

**စား** ဖ ခင်၏ သားကဲ့သို့၊ ဘုရား၏ရင်နှစ် သားတော်ရင်း ဖြစ်သည်ဟု၊ ပတ်ရစ်သက်နှီး၊ ဝတ်ဆင်မြန်းလည်း သာသနာတော်၏ အနှောင့် အယှက်ကို၊ ပျောက်ပျက်ရန် မကြိုးပမ်းသောကြောင့်၊ ရဟန်း၏ တာဝန်သည်၊ ကျေပြွန်မည် မဟုတ်ပေ "လူသေ လူဖြစ်" စာအုပ်နှင့်တကွ အရှင်ဝါသဝရေးသော "ဗုဒ္ဓဝါဒ ကြွေးကြော်သံ" စာအုပ် များသည်လည်း၊ အနှံ့ အပြားဖြစ်လျက်၊ ကူးစက်တတ်သော ပုလိပ်ပိုးပမာ၊ အရွာရွာ အရပ်ရပ် တို့၌၊ ကြည့်ဖက်သော "လူ" ညာဏ်နည်းသူတို့ကို၊ အယူဖောက်မှား၊ 'ဒိဋ္ဌိနာ' ရောဂါ ပွားအောင်၊ရမ်းကါးမွှေနှောက်ပြီးနေပေလိမ့်မည်ဟု၊ ရည်ရော်မြော်တွေးခြင်းပြုမိဖြန့်ပြီးလျှင်၊ အကုန်အစင်ပင်အမြေ မထုတ်နိုင်သော်လည်း၊ လိုရင်းအချုပ်လောက်ကိုကောက်နှုပ်ရေးသားရန် ဝေဘန် စဉ်းစားပါတော့သည်။

ဤသို့စဉ်းစားရာ၊ စာမျက်နှာ (၁) နေရာ၌ပါသော၊ ကံတော့ပန်းမှာ၊ "လူသေ လူဖြစ်" စာအုပ်ကို ရေးထုတ်သော ဆရာသည်သူ၏မိခင်၊ "မယ်လှ" "ဝါ" မှတပါး၊ ဘုရား၊ တရား၊ သံဃာ၊ ဆရာသမားတို့ကိုထားဘိဦး၊ သူ၏၊ ဖ၊ ခင်အရင်းကိုပင်၊ မသေးစားကြောင်းကို၊ မောင်းထုပြီးကြော်ငြာခြင်းသာ ဖြစ်သဖြင့်၊ အထူး ဖြေဆိုခွင့်မရှိ၊ ထိုစာအုပ်ကို ကြည့်က. သိကြပြီး ဖြစ် လိမ့် မည် ဟု၊ ယုံ ကြည် သည်,

## ( လူသေလူဖြစ်ခြစားအိမ်ကြီး )

ဤမှတပါး စာမျက်နှာ နံပါတ် (၃) နေရာတွင်၊ ကျမ်းပလ္လင်အောက်၌၊ တွေ့ရသော၊ အရေးအသား၊ စာမျက်နှာ

နံပါတ် (၅) လူသေလူဖြစ်ဟူသော စကား၏၊ အောက်တွင် တွေ့မြင်ရသော၊ အရေးအသား၊ စာမျက်နှာနံပါတ်(၃၆၄) (၃၆၉) (၃၉၅) (၄၀၀) (၄၀၁) (၄၀၃) ‚တို့တွင်, တွေ့မြင်ဖတ်ရှုရသော၊ အရေးအသားတို့သည်ကား လူသေလူဖြစ်၊ စာအုပ်တည်းဟူသောခြစားအိမ်ကြီးကို၊ ဆောက်လုပ် ဖန်တီးပြီး ထားရာ၌၊ တိုင်၊ ရက်မ၊ ထုတ်၊ ယောက်ခိုင်း၊ မြှား၊ အခြင်ဝါတည်းဟူသော၊ အထည်ကိုယ်အမာခံများဟု၊ စဉ်းစား ဝေဘန် မိပေသည်။

ဤမှတပါး အခြားစာမျက်နှာရှိ၊ အရေး အသား တို့မှာ ထိုခြစားအိမ်ကြီးကို၊ ရံတားသော၊ စောင်းရန်း၊ သူးခက်များပမာပိုင်းကာပြီးထားခြင်းသါဖြစ်ပေသည်၊ တနည်းဆိုရသော်၊ ထိုခြစားအိမ်ကြီးကို၊ လိန်လည်ပြီးရောင်းစားရန်ညစ်ပတ်သော အကြံဖြင့်၊ လက်သမား ပညာရှိတို့၏၊ အကြည့်ကို မခံရ အောင်၊ (ဝါ) ပညာရှိ ဆရာကြီး တို့သည် အိမ်အနီးကိုမျှ မကပ်ရအောင်၊ ဟောင်တတ်၊ ကိုက်တတ်သော၊ ခွေးများကို၊ အဟောင်၊ အကိုက်၊ ခိုင်းထားခြင်းဖြစ်ပေသည်။

သို့ကြောင့်၊ ကျွန်ုပ်သည်၊ ဤအဆိုပါ ‚လူသေလူဖြစ်, စာအုပ်တည်းဟူသော၊ ခြစာ၊ ပိုးကိုက်၊ အိမ်ကြီးကို၊ ဖျက်ဆီးချေမှု၍၊ တိုင်းသူပြည်သား၊ လူအများတို့သည်၊ ယောင်မှားပြီး မဝယ်မိရအောင်၊ စောင်ရန်း ‚သူးခက်, တို့၏ အလား အိမ်စောင့် ခွေးနှင့် တူသော၊ အရေး အသား တို့ကိုလည်း၊ ပယ်ရှားတိချလျက်၊ ပိပိပြပြ ချေမှုန်းရပေမည်။

## 'လူသေလူဖြစ်' အိမ်ကြီးတွင် ခြစားပိုးကိုက် အိမ်တိုင်များ။

ဤသို့ချေမှုန်းရန်၊ သူ၏အမာခံတို့ကို၊ ရှာကြံရွေးစစ်သော်၊ လူသေလူဖြစ်၊ အိမ်ကြီးတွင်၊ ကျမ်းပလွင် ဟူအမည်မှည့်လျက်၊ အဝိစိ တွင်းနဖူး၌၊ ကျင်းတူးပြီး ထူစိုက်ထားသော၊ ခြစား၊ ပိုးကိုက်၊ တိုင်များ၊ မှာ အောက်ပါတို့ ပင်ဖြစ်ပေသည်။

## လူသေလူဖြစ်စာအုပ်စာမျက်နှာနံပါတ် (၃)
## ကျမ်းပလွင်

(၁)

မနုဿော ဇ.ပတ္တံ မနုဿ၊
အကၡံသုပိဋ္ဌဟံ ပုရာ၊
တဿာ မရဏာနန္တရာ မနုဿ၊
မနုဿ၀ ပုန ပဇ္ဇတိ၊

(၂)

လူ၏သားစစ်–လူဖြစ်အစဉ်၊
ဝိဂြိုဟ်သံကြွေး-ရှေးဆရာရှင်၊
ထိုကြောင့် လူသား-သေသွားနောက်တွင်၊
လူသားစစ် ဖြစ်ရထာဝစဉ်။

(၃)

လူစခမ်း ဥဒါန်းနောင်ဝင်မြွှော်၍၊
ပေါ်တောင့်ပေါ်ခဲ၊

ပေါ်ထွန်းလာ-ဆန်းသစ်တဲ့အဘိုဓမ္မာရို့၊
ကဝိပညာဝါတို့-ကျင်နာစွာ ဤစာရင့်ကို၊
ခြီးမြှင့်လက်ဆွဲ။ ။တဲ့......

ကျွန်ုပ်သည် ဤအထက်ဖော်ပြပါ စကားတို့ကို ထိုသူတို့၏ အရေးအသားအတိုင်း(ဝါ) ထို "အရှင်ဥက္ကဋ္ဌ"နှင့် "အရှင်ဝါသဝ"တို့ ရေးသားပြောဆိုသော စာ သွား လိုတောတွင်း၌ ရှုးသော ဆူးငုတ်ကို တောမှာရှိသော ဆူးဖြင့် ထွင်ထုတ်ရမည်ဟူသော ရှေးစကားကဲ့သို့ ရေးသားပြောဆိုရမူ၊ (ဝါ) "အရှင်ဥက္ကဋ္ဌ" ပြော,ပြော၍၊ "အရှင်ဝါသဝ"ရေး,ရေးသားပြောဆိုရမူ၊ အို — လူသား၊ သင်လူသားသည် ဤအထက်ပါ စကားတို့ကို စဉ်းစားပြီးဝေဘန်စမ်းပါလော? သင်မဝေဘန်တတ်ဘူးလား။ သင်မဝေဘန်တတ်လျှင်၊ ကျွန်ုပ်ဝေဘန်၍ပြပါအံ့။ အမှတ်(၁)က "မနုနော အပစ္စံမနု"ဟူသော ပါဠိစကားကလေးဟာဘာကို ဆိုပါသလဲ။ ကဲ-နားစောလေ၊ ကျွန်ုပ်ပြောမည်။ "မ နု နော- မ နု အ မည် ရှိ သော သူ၏အပစ္စ-သားတည်း။ မနု-မနုအမည်ရှိသော သူ၏သား"တဲ့...... ဤကား အမှန်အတိုင်း ရေးသားသော အနက်ဟူ၍ မှတ်။ နောက်ထပ်ပြီး ပြောဦးမည်။ နားစောလိုက်ပါဦး လူသား။ "မနုနော-မနုအမည်ရှိသော သူ၏ အပစ္စံသားသည်။ မနု-မနုမည်၏တဲ့။ ကဲ......နားရှင်းပါပြီလား။ ဆိုလိုရင်း အဓိပ္ပါယ်ကား၊ မနုအမည်ရှိသော သူ၏သားသည် မနုပင် မည်သတဲ့။ (ဝါ) မနုအမည်ရှိသော သူ၏သားကို မနုဟူ၍ပင် ခေါ်ဆိုရ

သတဲ့။ ဤသည့် မနုဟူသော စကားသည် ကမ္ဘာဦးအစက မဟာသမ္မတမင်းကို မနုဟု ခေါ်ဆိုသဖြင့် "မနုနော အပစ္စံမနု" ဟူ၍ ဝိဂြိုဟ်ပြုထားသော စကားသာဖြစ်ပါသည်။ လူ၏သားစစ်က လူပင် အစဉ်အဆက်ဖြစ်သည်ဟု မဆိုပါ။ အို ... လူသား၊ ကမ္ဘာဦးအစက မ ဟာ သ မ္မ တ မင်းကို မနုဟု ခေါ်ဆိုသည့် ဝိဂြိုဟ်ကလေးတစုကို သင်သတိပြုစမ်းပါ။ "မနုနော အပစ္စံမနု" လဲ သဒ္ဒါဆရာပြုတဲ့ ဝိဂြိုဟ်ဘဲ။ ယခု ကျွန်ုပ်ပြမည့် ဝိဂြိုဟ်လဲ သဒ္ဒါဆရာပြုတဲ့ ဝိဂြိုဟ်ဘဲ။ တခုခိုင်မြဲက တခုလဲ ခိုင်မြဲမှာဘဲ။ ကဲ... သတိပြုလေ လူသား။ "မနုတိ သတ္တာနံ ဟိတာ, ဟိတဉ္စမနု, ပဇာပတိမနု, ဉာဏော" တဲ့။ သတ္တာနံ သတ္တဝါတို့အား၊ (ဝါ)သတ္တဝါတို့၏ ဟိတာဟိတံ၊ အကျိုးရှိ မရှိကို; မနုတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်-မနု, မနုမည်၏။ ပဇာပတိ၊ သတ္တဝါတို့၏အရှင်၊မဟာသမ္မတဘုရင်ကို လဘတိ ရ၏။ မနု မနုဓါတ်သည် ဉာဏော သိခြင်းအနက်၌ ဝတ္တတိ ဖြစ်၏တဲ့ ... ဤဝိဂြိုဟ်ရဲ့အလိုက သတ္တဝါတို့၏ အကျိုးရှိမှု မရှိမှုကို သိတတ်တဲ့အမှုကြောင့်၊ မနုလို့ ခေါ်ဆိုတာပေါ့။ အို ..... လူသား၊ ထိုမနုဆိုတဲ့ စကားဟာ အမည်လား၊ လူလား၊ သင် ထပ်ပြီး စဉ်းစားစမ်း။ ဤသို့ စဉ်းစားလျှင် မနုဆိုတဲ့ စကားသည် လူသားစင်စစ်မဟုတ်၊ အမည်သာ ဟုတ်သည်ဟု အရှုပ်ကလေး ကင်းစင်ပြီး အ မှန် ကို မြင်လိမ့်မည်။ ဤသို့မြင်မှု၊ ထိုမနုဟူသော အမည်၏ တည်ရာ ဋ္ဌာနကို သင်လူသား ရှာရမည်။ တွေ့ပါပြီလား။ အို.....

လူသား၊ သင်ကား တွေ့မည်မဟုတ်သေး။ ကျွန်ုပ် အဖြေပေးအံ့။ "မနုတိ သတ္တာနံ ဟိတာ ဟိတ ဉ္စိ မ နုံ" ဆိုတဲ့ ဝိဂြိုဟ်၏နောက်မှာရှိတဲ့ "ပဇာပတိ" ဆိုတဲ့ ပုဒ်ကလေးကို သင်လူသား ကြည့်စမ်းပါ။ တွေ့ပါပြီလား? အင်း......တွေ့ပြီ အဲဒီပုဒ်ကလေးဟာ မနုဟူသော အမည်ရဲ့ ဖွဲ့တည်ရာ ပုဒ်ကလေးဘဲ၊ အဲဒီပုဒ်ကလေးရဲ့ အဓိပ္ပါယ်အနက်က "ပဇာပတိ" သတ္တဝါတို့၏အရှင် မဟာသမ္မတဘုရင်ကို လာဘတိ ရ၏" လို့ ဆိုထားတယ် မဟုတ်ပါလား။ အေး...... အဲဒီ စကားဟာ မမှားတဲ့အကြောင်းကို ကောင်း ကောင်း ကြီး သိနိုင်ဘို့ရာ၊ "မနုတိ မဟာသမ္မတရာဇာ ဝုစ္စတိ" မနုတိ မနုဟူသည်ကား၊ မဟာသာမ္မတရာဇာ၊ ကမ္ဘာဦးအခ မဟာ သမ္မတ ဘုရင်ကို ဝုစ္စတိ ဆိုအပ်၏လို့ ပရမတ္ထဒီပနီဋီကာမှာ ပြထားတယ်။ ဒါဖြင့်-အဲဒီ "မနု" ဆိုတဲ့ ပါဠိ စကား ကလေးဟာ ကမ္ဘာဦးအခ မဟာသမ္မတ ဘုရင်ရဲ့ အသွင် တည်းဟူသော ကိုယ်၊ ခြာပ်ပေါ်တွင် ဆိုခေါ်တင်စားပြီး၊ မှည့်ထားတဲ့ အမည်ကလေးဘဲ မဟုတ်ပါလား။ အို...... လူသား ...... ကမ္ဘာဦးအခ သမ္မတ ဘုရင်ကို အဲဒီလို အမည် မှည့်ထားလိုက်တော့ သမ္မတ ဘုရင်သည် မနုဟု အမည် တွင်ပြီးလျှင်၊ မနုဟူ၍ပင် ထင်ရှားသွားတော့၏။ (ဝါ) မွေးခါစဖြစ်သော သူငယ်ကလေးအား၊ မွေးဖွားခါစက မည် သည့် အမည်ကိုမျှ မရသေးသော်လည်း၊ ကင်ပွန်း တပ်လျက်၊ မောင်နက်" ဟု အမည်မှည့်ထားလိုက်က မောင် နက်ဟူသော အမည်ကို ရသွားသလို (ဝါ) မောင်နက် ဖြစ်

သွားသလို ထိုသမ္မတ ဘုရင်မှာလည်း မနုဟူသော အမည်ကို မှည့်ဆိုလိုက်သည်နှင့်တကွ မနုဟူသော အမည်ကို ရသွားတော့၏၊(ဝါ)မနုဖြစ်သွားဟော့၏။ အို လူသား အဲဒီ မနုကို ပဌမ မနုဟု .မှတ်ထားပါဦး။ ကမ္ဘာဦးအစက သမ္မတ မနုပေါ့။ အဲဒီ မနုက ပေါက်ပွားတဲ့ သူကိုမှ နောက်ထပ်ပြီး တခါ သဒ္ဒါတတ်ဆရာတို့က "မနုနော အပစ္စံ မနု"လို့ အဲဒီလို ဝိဂ္ဂြိုဟ်ပြုကြပြန်တယ်၊ အို.... လူသား၊ သင်သည် ဤဝိဂ္ဂြိုဟ်၌ မနုနှစ်ခုကို ကြည့်ရှု တွေ့မြင်ပြီ မဟုတ်ပါလား။ ဤမနုနှစ်ခုတို့တွင် ရှေ့မနု ကို "နော" ဟူသော ဝိဘတ်စာလုံးနှင့် ဆက်လျက်၊ "မနုနော" မနုအမည်ရှိသော ကမ္ဘာဦးအစ မဟာသမ္မတ ဘုရင်၏ဟု အနက်ပေးပြီးလျှင်၊ အလည်တွင်ရှိသော 'အပစ္စံ'ကို သားတည်းဟု အနက်ပေးလိုက်သော်-မနုအမည်ရှိသေါ ကမ္ဘာဦးအစက သမ္မတဘုရင်၏သားဟူ၍ အဓိပ္ပါယ်ပေါ်မလာဘူးလား။ အေး.....ပေါ်လာလျှင် မနုနော အပစ္စံ၏နောက်က ဘာကျန်နေသည်ကို သင်မြင်ရသေးသနည်း။မနုဆိုတဲ့ နောက်စာလုံးကလေးနှစ်လုံးဘဲ မဟုတ်လား။ အဲဒီ နောက်ဆုံး မနုဆိုတဲ့ စာကလေးနှစ်လုံးကတော့ အပစ္စံ ဆို တဲ့ စကားကိုပါ သိမ်းကြုံးလျက် "မနု"ကမ္ဘာဦးအစ မဟာသမ္မတ ဘုရင်၏ အစဉ်အဆက်ဖြစ်သော သား ဟူ သော အနက်ကို ပြတယ်၊ ဆိုလိုရင်းကတော့ လူသားရယ်၊ မနုအမည်ရတဲ့ မဟာသမ္မတက တယ်စပြီး၊အဲဒီ မဟာသမ္မတ မင်းရဲ့ အမျိုးအနွယ်မှ ယခု ကျွန်ုပ်တို့ခေတ်သို့ ကျအောင်

ပေါက်ဖွားလာကြတဲ့ သတ္တဝါဟူသမျှတို့ကို မနုအမည်ရှိသော သူ၏ သားတွေလို့ ဆိုလိုတယ်။ စိစိစစ်စစ်ဆင်ခြင်လျှင် လူဟူ၍ပင် မဆိုသေးပါဘူး။ မနု၏ သားဟူ၍သာ ဆိုပါသေးတယ်၊ အဲဒီလို၊ လူဟူ၍မှ၊ တစ်တစ်၊ ခွခွ၊ မဆိုသေးလျှင်'မနုဿောအပစ္စံမနု' ဆိုတဲ့ထိုဝိဂြိုဟ်၊အရ၊ အဲဒီမနုဆိုတဲ့စာလုံးကလေးနှစ်လုံးကို၊ လူ၏သားအစစ်လို့၊ တစ်တစ်၊ ခွခွ ၊ မဆိုနိုင်သေးပါ၊ အဲဒီလို့မှဆိုနိုင်သေးသည်ကိုပင်၊ မနုကို၊ လူထင်အောင်၊ ကိုယ်လိုရာကိုဆွဲငင်ပြီး၊ လူ၏သားစစ်လူဖြစ်အစည်၊ဟု တည်ထွင်ရေးသားထားတါပါ ဒီ လူသား အဲဒီကတက်ပြီး၊ တချက်လောက် စဉ်းစားစမ်းပါ၊ မနုဆိုတဲ့စကားကို၊ လူအစစ်ကိုဆိုတယ်လို့၊ သူတို့အလိုအတိုင်းပဲထားလိုက်ပါဦးတော့၊ အပစ္စ၊ ဆိုတဲ့၊ ပါဌ်စကားဟာ၊ သားစစ်ကို၊ မှချ၊ ဧကန္တ၊ မဟောဆိုပါ၊ အနွယ်အဆက်အားဖြင့်၊ ဆင်းသက်ဖြစ်ပေါ်လာသော၊ သားကိုသာဟောဆိုပါသည်၊ ထို 'အပစ္စ' ပါဌ်က၊ ဟောသောသား မှာ၊ ကိုယ်ကောင်တည်းဟူသော၊ အထည်ဒြပ်ထင်ရှားမရှိ၊ အဆက်အနွယ်ကို၊ သိစေရန်၊ ရည်သန် မှန်းဆပြီးပြောတဲ့၊ အမူအရာသ ဘောမျှသာရှိသည်၊ ဒီ လူသားစဉ်းစားပြီးကြည့်စမ်းပါ၊ အဲဒီအထည်ကိုယ် ဒြပ်မရှိတဲ့မနုဆိုတဲ့သား၊ ပါဌ်ကို၊ အထည်ကိုယ်ဒြပ်ရှိတဲ့ ပုဏ္ဏဆိုတဲ့သား၊ ပါဌ်ကဲလို့၊ လူသားအစစ်လို့ ပြောဆိုပြီးထားတော့၊ မိန်းမဖြုံရဲ့သားဟာ၊ အသက်တရာ ရှည်လိမ့်မယ်ဆိုတဲ့၊ စကားကဲ့သို့၊ မှားပြီးမနေပေဘူးလား၊ အပစ္စ၊ ဆို

တဲ့ပါဠိလဲ၊ သား၊ ပုတ္တ၊ ဆိုတဲ့ပါဠိ လဲ သား သား ခြင်း ပင်တူညားသော်လည်း၊ သဘော ကျတော့ ကွဲပြားတယ် ဘယ်လိုကွဲပြားသလဲဆိုတော့၊ အပစ္စ၊ ပါဠိနှင့်ရေးတဲ့သား က၊ အတည်ကိုယ်ခြာပ်ထင်ရှားမရှိဘူး၊ အမျိုးနွယ် အမျိုး ဆက်ကိုသိစေရန်၊ ရည့်သံပြီးမှည့်ထားတဲ့၊ အမည်ရောင် ရောင်သား၊ သာဖြစ်တယ်၊ ခြာပ် ကိုယ် ထင်ရှားတဲ့၊ သား အစစ်မဟုတ်ဘူး၊ ပုတ္တ ဆိုတဲ့ပါဠိနှင့်ရေးတဲ့သား ကမှ ကိုယ်ခြာပ်၊ ထင်ထင် ရှားရှား နဲ့၊ သား အစစ်ဖြစ်တယ် ဆဲဒီ၊ သား အစစ်ကိုထုတ်ပြတဲ့၊ ပုတ္တ ဆိုတဲ့ပါဠိမဟုတ်ဘဲ တရပ်အမျိုးအနွယ်မှ၊ ဆင်းသက်မွေးဖွားလာသူကို၊ တ ရုတ်မျိုးပါတကားလို့၊ စဉ်းစားပြီး၊ သိအောင်၊ ကုလားအ မျိုးအနွယ်မှ၊ ဆင်းသက်မွေးဖွားပြီးလာသူကို၊ ကုလားမျိုး ပါတကားလို့၊စဉ်းစားပြီးသိအောင် သား အရောင်ဖြစ်တဲ့ အပစ္စ၊ ပါဠိကို၊ ကိုယ်ခြာပ်ထင်ရှားရှိတဲ့၊ ပုတ္တ၊ တည်းဟူ သော၊ ပါဠိကဲ့သို့၊ မသိတဲ့လူသားအား၊ အမှားနှင့်လိန်ပြီး လျှင်၊ လူသားအစစ်လူဖြစ်အစဉ် လို့၊ အမှန် ထင်အောင် ရေးထားဒါဘဲ၊ ကဲကဲ၊ မနုနောအပစ္စံမနု ကို၊ သူအားကိုး ပြုပြီး စာအုပ်တခုလုံးကို ရေးထားသော်လဲ၊ ရှေ့မနုက ကမ္ဘာဦးအစ သမ္မတမနု နောက်မနုက၊ ဆဲဒီကမ္ဘာဦး ပေါ်စ သမ္မတမနု၏ သားတုအဆက်အနွယ် ပျက်ပျယ်ပျယ် စရော်စရဖြင့်၊ ခေါ်ရရုံအမည်မှည့်တဲ့ အထည်မရှိတဲ့သား လို့ သင်လူသားသိပြီးနော် ဪ ဒါဖြင့် မနုအမည်ရှိ တဲ့ခင်းက ပေါက်ဖွားလို့ မနုအမျိုးသားလို့ ခေါ်ဒါပေါ့

ကဲကဲ အဲဒီစကားကလေးထင်ပေါ်အောင် ‘မနုနောမနုအမည် ရှိသောမင်း၏ အပစ္စ” အမျိုးအနွယ်ဖြစ်သော သားသည် မနု မနုမည့်၏၊ လို့ သို့ကလိုအနက် ပေးရသော်၊ မသင့် လျော်ပေဘူးလား။ အဲဒီ၊ ဝိဂြိုဟ် စကားများအရ မနုမင်း လဲ လူသားမဟုတ်သေးဘူး၊ မနုမင်း၏အမျိုးအနွယ်ဖြစ်တဲ့ သား လဲ၊ လူသားမဟုတ်သေးဘူး မနုဟူသောအမည်ကို ရ ထားရုံမျှသာရှိသေးတယ် အဘယ်မှာလျှင် လူရယ်လို့ အမည်မှည့်ပြီး၊ လူရယ်လို့ရှိဦးမလဲ အဲဒီတော့၊ လူလို့မှ အမည်မပြုရသေးတဲ့၊ မနုဟူသောပါဠိနှင့်၊ သား၊ အစစ်မ ဖြစ်တဲ့၊ အပစ္စပါဠိကို ငါသိ ငါတတ် ဟု၊ ပညာရှိကြီးမှတ် ပြီးလျှင်၊ မစပ်မဖါ အရာမရောက်၊ မနုနော လူ၏၊ အပစ္စ သားစစ်တည်း၊ မနု လူ၏၊ သားစစ် ဟု ဖြစ်စေခြင်းသလို ချိန်ရွယ်၍၊ အဓိပ္ပါယ် ကောက်ခြင်းသည်၊ အောက်ကလိ အာ ဟူသော၊ စကားကဲ့သို့ရင်း၊ ကျွန်တော်မ ပါဗျားဟူ သောစကားကဲ့သို့ရင်းကြက်လါးကျိုးကန်းလါးယောက်ျား လား မိန်မလား မကွဲမပြား၊ အယောင်ဆောင်စကားနှင့်၊ လူသားကိုလိန်ဒါဘဲ၊ အဲဒီလို၊ လိန်ခြင်းလို့၊ ပါဠိပါလျှင်ပြီး ရောဟု ဘုရားဟောထင်လောက်အောင်၊ ယခင် ကျွန်ုပ် ပြောခဲ့တဲ့။

☆

## ကျမ်းပလွှင်

(၁)

မန္ဒနော အပစ္စံ မန္ဒ၊
အကံသု ဝိဂ္ဂဟံ ပုရာ၊
တသ္မာ မရဏာန္တာ မန္ဒ၊
မန္ဒဝ ပုန ပဏ္ဍိတိ၊ ဟူသောပါဠိကို ရေးပြီး ဤပါဠိက လေးကို အနက်ပေးတဲ့သဘောဖြင့်။

(၂)

လူ၏သာစစ်းလူဖြစ်အစဉ်၊
ဝိဂြိုဟ်သံကြွေး ရှေးဆရာရှင်၊
ထို့ကြောင့်လူသား သေသွားနောက်တွင်၊
လူသားစစ် ဖြစ်ရထာဝစဉ်၊ လို့ "အရှင်ဥက္ကဋ္ဌ" ရေးလိုက်ထာပေါ့၊ အင်း၊ အဋ္ဌကထာ ဋီကာတို့ကိုတော့ 'မယုံဘူးတဲ့' ယုံမယ် ယုံတော့၊ မှိုင်ငုံ၊ ကိုမြင်ဒါနှင့်၊ မြင့်မိုရ် တောင်၊ ထင်ဒါလို၊ 'အရှင်ဥက္ကဋ္ဌ' သည်၊ သဒ္ဒါဆရာလုပ် တဲ့၊ အစုတ်အနုတ်၊ ဝိဂြိုဟ်၊ ကလေးကိုပင်၊ အဟုတ်ကြီး ထင်နေသည်၊ အို လူသား၊ တောတွင်းတွင် ရှူးသောဆူး ငုတ်ကို၊ တောတွင်းတွင်ရှိသောဆူးနှင့်ပင်၊ ထွင်နှုတ်သည့် အလားကဲ့သို့၊ သူတို့ပြောသောစကား၊ သူတို့ရေးသောအ ရေး၊ အသားအတိုင်း၊ ကျွန်ုပ်လည်း၊ ရေးသား၍၊ ပြောဆို ရှင်းလင်းပြီးသွားမည်ဟု၊ ရှေ့နားက၊ ကျွန်ုပ် ရေးသား ပြောဆိုခဲ့ပြီ၊ မဟုတ်ပါလား၊ အဲဒီ၊ စကားနှင့်အညီ၊ မန္ဒနော

အပ္ပကဲ့သို့၊ မဖြစ်တန်ဖြစ်ပုံ၏၊ ကြုံဘူးတဲ့အကြောင်းကို ထည့်လောင်းပြီးပြဦးမည်။

**မေသန္တရူလဖြင့် ဆေးလိပ်ကို-ရေစက်ချသလို၊**

အိုး-လူသား ကျွန်ုပ်ကိုမွေးဖွားရာ၊ စကုန်နှင့်စလင်းမြို့နှစ်ခုအတွင်းတွင် မင်းဘူးခရိုင် ပွင့်ဖြူကတဆင့်ပိုင်တဲ့ (၃)မိုင်ခန့်အကွာ၌၊ ဇီးတောဆိုတဲ့ရွာကြီးရဲ့မြောက်ဘက်မှာ တံတိုင်းရှည်တောရကျောင်းဆိုတာရှိတယ်၊ ~~အဲဒီ တံတိုင်းရှည်တောရကျောင်းဆိုတာရှိတယ်~~။ အဲ ဒီ တံ တိုင်း ရှည်တောရကျောင်းမှာ အညာအလိုင်း အလွန် ကောင်း တဲ့ ရဟန်းလောင်း ကိုရင်ညွန့်ဆိုတာရှိတယ်။ သူ၏ ဘွဲ့က နန္ဒတဲ့။ ကျွန်ုပ်ပင် စာချခဲ့တာဘဲ။ အဲဒီ နန္ဒဆိုတဲ့ ကိုရင်ညွန့်ဟာ ဘယ်သူနှင့်ဘဲ စကား ပြော ပြော၊ အပေါ်က ကြောကြောပြီး တလော, နှစ်လောလောက်တော့ ကွန့်လို့ မို့ ကိုရင်ညွန့်ဆိုတဲ့အတိုင်း အညွန့်ရှူးလေ့ရှိတယ်၊ တနေ့တော့ လူသားရယ်၊ အဲဒီ ကျွန်ုပ်တို့ကျောင်းမှာရှိတဲ့ ကိုရင်ဦးပဉ္စင်းများဟာ ရန်ကုန်မြို့သို့သွားပြီး ဘုရားဖူးကြမယ်။ မန္တလေးမြို့သို့သွားပြီး ပညာများသင်ကြမယ်နဲ့ အသွယ်သွယ် အ၁၀၀ စိမ့်ပြင်ဆင်ပြီး နေကြတော့ "ဦးကလျာဏ" ရဲ့ဒကာ ကိုရှန်းတို့၊ မပိုင်းကြီးတို့ကလဲ လာ ကွန်ုပ်ရဲ့ဒကာ ကိုသာရောက်၊ မလေးတို့ကလဲ လာ၊ ကိုချင် မောင်ညွန့်ရဲ့ ဒကာ ကိုပန်းတို့၊ ကိုလှိုင်တို့ကလဲ လာ၊ဟိုကလာ၊ ဒီကလာ၊ လူမျိုးစုံလာပြီး၊ ဆိုင်ရာ ဆိုင်ရာ ဆေးလိပ်တို့၊ မီးခြစ်တို့၊ သဘော်ာလက်မှတ်အဖြစ်နဲ့ ရှစ်ကျပ်၊ တဆယ်

ဆိုသလို ငွေများကိုပါ လှူကြတယ်။ အဲဒီလို လှူကြတော့ ဦးကလျာဏတို့ကလဲ မိမိတို့ ကျက်အံလို့ အမှန်အတိုင်း ရထားတဲ့ ရေစက်ချကလေးများနှင့် ရိုး ရိုး ရေ စက် ချကြ တယ်။ ကိုရင် မောင်ညွန့်ကတော့ ရိုးရိုးရေစက်မချဘူး။ ဦးကလျာဏတို့ထက် ထူးပြီး အညွန့်ရှုးမယ်ဆိုတဲ့ စိတ် ထားနဲ့ ဆန်းဆန်းပြားပြားကလေး ရေစက်ချလိုက်တယ်။ ဘယ်လိုချသလဲဆိုတော့……

အဲ့နှ၊ ရန်ကုန်မြို့သို့ ဘုရား ဖူး အ လည် အ ပတ် သွားမည့် ကိုရင် မောင်ညွန့်ခေါ် ရှင် န န္ဒ ကိုယ် တော် ဘုရား၊မယံ-ကိုယ်တော်ထံသို့လာကြတဲ့ တပည့်တော် တပည့်တော်မတို့သည် ဘောသဇ္ဇစုလေန၊ အလွန်ပင် လှပသော ဖက်ချောဆေးလိပ်နှင့် သဟာတကွ အဂ္ဂိ ဗိယဉ္စ၊ မီးခြစ်ကိုရင်း၊ ဣမာနိတိကက်၊ လက် မှာ နိ စ၊ ဤတိကက်၊ လက်မှတ်တို့ကိုရင်း၊ဒေးမ၊ပူဇေမ၊လှူဒါန်း ပူဇော်ကြပါကုန်၏။

လို့ ရေစက်ချလိုက်တယ်။ အဲဒီလို ရေ စက် ချ လိုက် တော့ ကျောင်းပေါ်မှာ ရှိကြတဲ့ မိန်းမရော၊ ယောကျ်ား ရော တသောသောအသံနှင့် အင်မတန် သ ဘော ကျ ပြီး၊ ဟ….ကိုရင်နန္ဒဟာ ဦးဝိန္တာရဲ့အထံမှာ စာတက်ရပေမဲ့ လဲ ဦးဝိန္တာထက် တော်တယ်လို့ ကြွေးကြော်ချီးမွမ်းခြင်း သာ ပြုကြတယ်။ အို …. လူသား၊ အဲဒီ ကိုရင်မောင်ညွန့်ရဲ့ ဦးကလျာဏတို့အပေါ်မှာ ကွန့်ပြီး၊ အဆန်းအညွန့်တွေနဲ့ ရေစက်ချသွားတာဟာ မှန်သလား၊ မှားသလား၊ သင်

လူသား စဉ်းစားစမ်း၊ အများတွေပါ လူသားရဲ့။သင်တို့ဇာ လူသားမို့ ပညာက နည်းပါးတော့ အများနဲ့ အမှန်ကို ဝေဘန်ပြီး မသိဘူး။ ကြည့်ဦးလေ လူသား၊ ကိုရင် မောင် ညွန့်ရဲ့ ရေစက်ချများမှာ လူတွေ နေထိုင်မကောင်းတော့ သောက်ရ၊ စားရတဲ့ ဆေး ဟော - ပါ ဠ ဖြစ် သော ဘေ သဇ္ဇနဲ့ ရေအတွင်းမှာရှိတဲ့ လိပ် ဟော- ရုဋ္ဌပါဠိကို စပ် ထားပြီး၊ "ဘေသဇ္ဇ ရုလေန"ဆေးလိပ်နှင့် သဟ, တကွ လို့ ရေစက်ချသွားတယ်၊ "ဘေသဇ္ဇရုဋ္ဌ"ဆိုတဲ့ ပါဠိနှစ်ခု ဟာ လူမမာကို ကုတဲ့ဆေးနှင့် ရေထဲမှာ နေတဲ့ လိပ် ကို သာ ဆိုပါတယ်။ ဒကာ ဒကာမတွေလှူတဲ့ သောက်ရှူရ တဲ့ ဆေးလိပ်ကို မဆိုဘူး။ မီးခြစ်ဘူးကျပြန်တော့ အဂ္ဂိမိ ယဉ္ဇ၊ မီးခြစ်ကိုရင်းတဲ့၊ ဘယ်လောက်များ အဖျန်းကောင်း သလဲ၊ အဂ္ဂိကတော့ မီးပါဘဲ၊ ခြစ်ဆိုတဲ့ ပါဠိက လွဲနေ တယ်၊ အဲဒီ ခြစ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ဒိနေရာမှာ တ ခု နဲ့ တခု ပွတ်တယ်၊ ခြစ်တယ်ဆိုတဲ့အဓိပ္ပါယ်ကို ရတယ်။မိယ ဆိုတဲ့ ပါဠိက လာတဲ့ တယောက်နဲ့ တယောက် ချစ်တယ်၊ မေတ္တာရှိတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ နည်းနည်းမှ မဆက် သွယ်ဘူး။ အဲဒီလို မဆက်သွယ်ပေမဲ့ ချစ် တယ် ဆို တဲ့ ပါဠိကို မသိလို့ ရှာမရတော့ မိယနဲ့ ချစ်ပြီး၊ အဂ္ဂိမိယဉ္ဇ၊ မီးခြစ်ကို ရင်းလို့ နှစ်ခုပေါင်းအနက်ပေးတာဘဲ။သဘော်ာ လက်မှတ်ရဲ့အတွက် ကပ်ဆက်တဲ့ ငွေ တွေ ကျ တော့ လုံးလုံးကို ပါဠိရှာမရဘူး။ အဲဒီလို ရှာ မ ရ တာ တောင် အင်္ဂလိပ်စကားမှာ ရှိတဲ့ တိကက်ကို ပါဠိလုပ်ပြီး၊ ဇူမာနိ

တိကက်လက်မှာနိစ၊ ဤတိကက်လက်မှတ်တို့ကို ဗင်း,လို့ ရှုန္ဒြီရူကောင်းကောင်းနဲ့ သူ့အကြောင်း မသိသူတွေကို ဗိဗိကြီး လိမ်လည်ပြီး၊ တည်တည်ကြီး ရေစက်ချတယ်။ တိကက်က အင်္ဂလိပ်လိုတော့ လက်မှတ်လို့ ဆိုတာကိုး။ အို-လူသား၊ အဲဒီလို သူမှားပေတဲ့ ကြားရသူ လူအများ တို့က အောင်မယ်လေး တယ်ဟုတ်ပါကလားလို့ ဘုရား ယောက် အထင်ကြီးသွားတယ်။၂ သိကြတဲ့ ရဟန်းများက တော့ တဟားဟား ရယ်တာပေါ့။ ဘယ်သူ့ဘဲ ရယ်ရယ်၊ ဘယ်လိုမှ မရှက်၊ သူရတို့ အတွက်မို့ မျက်နှာထား ပြောင် ပြောင်နဲ့ မကြားချင်ယောင်ဆောင်ပြီး၊ ဖေါင်ဖေါင်, ဖေါင် ဖေါင်နှင့် ရေစက်ချသွားတယ်။ အို-လူသား၊အဲဒီပုံ ဥပမာ အလား၊ ကိုရင်ညွန့် ရေစက်ချသွားသလို မျက်စိမှားသူ တွေကို စားမယ်လို့ "မနုဿ အပက္ခံမနု"ဆိုတဲ့ ဝိဂြိုဟ် စကားကို နောက်-ပါဠိတွေနဲ့ ချာန်ပွားပြီး-

မနုဿ အပက္ခံ မနု၊
အကံသု ဝိဂ္ဂဟံ ပုရာ၊
တသ္မာ မရဏာန္တာ မနု၊

မနုဝ ပုန ပဏ္ဍိတ်လို့ "အရှင်ဥက္ကဋ္ဌ" ရေးသားပြီး၊ ရေစက်ချထားတာဘဲ။ ဘယ်သူ့ဘဲ ရယ်ရယ်၊ မျက်စိမှား သူတွေကို စားမယ်လို့ သူလိုရာ သူဆွယ်ပြီး အဓိပ္ပါယ် ကောက်တာပေါ့။

သူကောက်လိုတဲ့ အဓိပ္ပါယ်က လူ၏ သားစစ်ဖြစ်လို့ လူအစစ်ဖြစ်တယ်။ အဲဒီလို ရှေးဆရာတို့က ဆိုတယ်။

ထို့ကြောင့်-လူသေသွားတဲ့ နောက်တွင် အစဉ်အဆက် အားဖြင့်၊ လူသားအစစ်ဘဲ၊ အမြဲပြန်ဖြစ်တယ်လို့ အဲဒီလို ဆွယ်လိုတယ်။ အဲဒါကြောင့်-ထိုအဓိပ္ပါယ်ကလေးကို-

လူ၏သားစစ်လူဖြစ်အစဉ်၊
ဝိဂြိုဟ် သံကြွေးဖျေးဆရာရှင်၊
ထို့ကြောင့်လူသား သေသွားနောက်တွင်၊
လူသားစစ်ဖြစ်ရထာဝစဉ် လို့ရေးသါးထါးတယ်

ရှင်ဥက္ကမှာ အပစ္စသန္တါကို သားစစ်လို့ ဆို ထား သည့်မှာ (မနုနော အပစ္စံ မနုံ) ဟူသောပါဠိနှင့် (လူ၏သား စစ်လူဖြစ်အစဉ်) လို့ ရေးထားတဲ့လင်္ကာကိုကြည့် က သိ သာ ထင်ရှားလှလေ၏။ကြည့်လေ-လူသားရှင်ဥက္ကမှရဲ့သ ဘောက (မနုနောနဲ့ လူ၏နဲ့ အပစ္စံနဲ့ သားစစ်နဲ့ မ နု နဲ့ လူဖြစ်အစဉ်နဲ့) အဲဒီလိုတိုက်ပြီး သူ့အစဉ်လိုက်အတိုင်း ပါဠိနဲ့ လင်္ကာနဲ့ ကိုက်ညီအောင် သိုက်သိုက် မြိုက်မြိုက် စီရေးထားတာ၊ အဲဒီအပစ္စဆိုတဲ့ ပါဠိဟာ သား အ စစ် ကို မဟောဘူး အနွယ် အဆက်ကိုသာ ဟော တယ် လို့ သင် လူသားကို ကျွန်ုပ် ပြော ကြား ခဲ့ ပြီ မ ဟုတ် လား၊ အင်း အဲဒီအပစ္စဆိုတဲ့ပါဠိကိုဂင္ဂုပျံ ဆရာက (ဒုရံအပဂန္တွာဝါဝိ ပရမ္မုရဝသေနဂေါတ္တ သင်္ခါတံသန္တာနံစယတိဝဓေတီတိ ဝါအပ္ပ ံအပပုဗ္ဗသဿဝိဝဇနေ) အဲဒီလိုဆိုထားတယ် အနက် ကတော့သည့်လိုကိုးလူသားရဲ့(ဒုရံအဝေးသို့ အပဂန္တွာဝါ ဝိ မသွားမူ၍လည်း၊ ပရံပရဝသေန၊ အဆင့်ဆင့်သောအ စွမ်းအားဖြင့်၊ဂေါတ္တသင်္ခါတံအနွယ်ဟုဆိုအပ်သော သန္တါ

နံ၊ **အစဉ်ကို**၊ စယတိဝဇ္ဇေတိ၊ ပွားစေတတ်၏ ရှုတိဘွာ ထို့ကြောင့်၊တံ၊ ထိုအနွယ်သည်၊ အပစ္စံ၊ အပစ္စမည်၏ အပဟုဖွော၊ အပရှေ့ရှိသော၊ စိ၊ **စိ**ဓါတ်သည်၊ ဝစ္စနေ ပွါး ခြင်းအနက်၌၊ အသ၊ ဖြစ်ရာ၏တဲ့လူသားရဲ့အဲဒီဂဠုံပျံ ပါဠိနဲ့ကြည့်လျှင်လဲအပစ္စသဒ္ဒါဟာ သားအစစ်**မ**ဟုတ်ဘူး ဆိုတာကိုသိနိုင်တယ်။

ကဲလူသား **အထက်**ပါပါဠိသွား နှင့်အထက်ပါ လက်ာ သွားကို ကျွန်ုပ်က ပြင်ကာထားလိုက်မယ် သင် လူ သား ဖတ်စမ်းပါ၊

## ရှင်ဥက္ကဋ္ဌတို့၏ပါဠိကိုပြင်ထားပုံ။

မနုနော အပစ္စံမနု၊
အက်သုဝိဂ္ဂဟံပုရာ၊
ထသ္ဒာမရဏာန္တာမနု၊
မနုသောနေဝပစ္စတိ၊

## ရှင်ဥက္ကဋ္ဌတို့လက်ာသွားကိုပြင်ထားပုံ။

မနုကဖွား သားမနုသာ၊
ဝိဂြုဟ်သံကြွေး ရှေးကဆရာ၊
ထို့ကြောင့်မနု သေမှုရောက်ရှာ၊
လူမဖြစ် စဉ်စစ်မှတ်လိုက်ပါ၊

အိုလူသား ကျွန်ုပ်ပြင်ပြီး ထားလိုက်တဲ့အဓိပ္ပါယ်သွား တွေ့ကိုကော သင်လူသားနားလည်ပါပြီးလား ခြေသ် နား လည်ပြီ အဲဒီလိုနားလည်လျှင်ဟိုရှင်ဥက္ကဋ္ဌတို့၏ပါဠိနှင့် ၎င်း တို့၏အောက်ကလို **အား**၊ ဟူသော ပမာ အလား၊ ကျွန်

တော်မ ပါဗျား၊ ဟုသော ပမာ အလား၊ အမှားကြီးမှား သည်ကို၊ ကျွန်ုပ်ရေးသားဖြေဆိုထားခဲ့ပြီ အဲဒီစကားတွေ ကိုကောနားလည်ပါပြီလား၊ လူသားရဲ့၊ ဩဝါဒစကား တွေများသွားသဖြင့်၊ နားရှုတ်ကုန်ပြီဆိုပါတော့၊ ဒီို လူ သား၊ စကားတွေများသောကြောင့်၊ သင်လူသား နားရှုပ် လျှင်၊ တိုတို ကုတ်ပုတ် ကလေးပြောတော့မယ်၊ နားစေါ ဦးလူသား ဟောလေ "မနုဿောအပစ္စံမနု" မှာ ပဌမ မနုက ကမ္ဘာဦးအစ 'ပဌမ' မနုလို့မှတ်ထား နောက်အဆုံး မနုက အဲဒီ ပဌမ မနုမှ၊ ပေါက်ပွားပြီးလာရတဲ့ ဒုတိမနုလို့မှတ် ထား၊ အဲဒီ "မနုနှစ်ခုမှာ" 'မနုဿ' လို့ပါသလား၊ အေး မပါဘူး၊ မနုဿနဲ့ရှိတဲ့ပါဠိကိုမှ၊ လူဘဲလို့ဆိုရတယ်၊ မနု ဟူသောပါဠိမျှနဲ့၊ လူရယ်လို့အစစ်မဆိုရသေးသမ္မုတမင်း ကို၊ သိမှုအတွက်မနုလို့အမည်ပေးတာဘဲ၊ အဲဒါကြောင့် မနုဟူသောပုဒ်ဟာ၊ လူအစစ်မဟုတ်သေးဘူးကမ္ဘာဦးအစ က၊ သမ္မတဖြစ်တဲ့သတ္တဝါတဦးအား၊ မနုဆိုတဲ့အမည်ကို ပေးထားလို့ အများရဲ့သိမှု မနုသာဖြစ်သေးတယ်၊ အဲဒီမနု ဆိုတဲ့သတ္တဝါကပေါက်ဖွားပြီးလာပြန်တော့လဲ၊ မနုဆိုတဲ့ အမည်ပုံပြီး၊ မနုလို့ဘဲခေါ်သေးတယ်အဲဒါကြောင့် "မနု နောမနုအမည်ရှိသောသူ၏၊ အပစ္စံသား သည်(ဝါ)အမျိုး အနွယ်သည်၊ မနုမနုမည်၏၊ လို့ ဝိဂြိုဟ် ကဆိုးတယ်၊ အဲဒီ ဝိဂြိုဟ်အရ၊ ဘယ်လိုမှ လူရှာမရဘူး၊ အဲဒီလို လူရှာမရ တော့၊ လူရယ်လို့မှ မရှိသေးဘဲ ဘယ်နှယ်လုပ်ပြီးလူ သားကိုမွေးမလဲ၊ အဲဒါကြောင့်၊ လူ၏သားစစ်၊ လဲမရှိသေး

ဘူး။ အဲဒီလို လူ၏သားစစ်လဲ မဖြစ်ပေါ်သေးသဖြင့်၊ လူ၏သားလဲ မသေနိုင်သေးဘူး။ လူသားသေလျှင် လူပြန်ပြီး ဖြစ်ဖို့ကိုမဆိုထားနဲ့၊ အဲဒီသေမည့်လူသားကို မွေးဘို့လူအစစ်ကိုပင် "အရှင်ဥက္ကာဒ္ဓ" ရှာမရသေး၊ အဲဒီလို လူသားကို မွေးဘို့ရာ၊ လူအစစ်ကိုမျှ ရှာမရသေးလျှင်၊မဖွားမွေးရသေးတဲ့ လူသားစစ်ကလေး သေဘို့ရာမှာ ဆယ်ဘူတာမက ဝေးသေးတယ်။ မိန်းမဖြူ၏သား အသက်တရာရှည်လိမ့်မယ်ဆိုတဲ့ စကားထက်ပင် ပိုမိုပြီး မှားသေးတယ်။ မိန်းမဖြူ၏သားမှာ မမွေးမဖွားရသဖြင့်၊ သားကိုပင် ရှာမရသော်လဲ- မွေး ဖွား မည့် အ မေ ကို ပြနိုင် သေး တယ်၊ "ရှင်ဥက္ကာဒ္ဓ" ၏ လူသားဆိုတဲ့ သားမှာ မွေးဖွားမည့်အမေကိုလဲ ရှာမရ၊ မွေးဖွားတဲ့သားကိုလဲ ရှာမရ၊ ဘယ်သင်းကိုမျှ မပြနိုင်ဘူး၊ အဲဒါကြောင့်"လူ၏သားစစ် လူဖြစ်အစဉ်" အစရှိတဲ့ "ရှင်ဥက္ကာဒ္ဓ" ရဲ့စကားများဟာ၊သူအားထားတဲ့ ဝိဂြိုဟ်ကို ထိုထိုသော ပညာရှိ တကယ်သိတဲ့ သဒ္ဒါသမားတို့က မှားတယ်လို့ ဆိုမည်မှာ သေ ချာ ပြီး နေ တာ ဘဲ၊ အဘယ့်ကြောင့်လဲလို့ဆိုတော့ လွဲလိုပေါ့ လူသားရယ်၊ ကဲ-နားလည်ပါပြီလား၊ အဲ ..... နားလည်ပြီ၊ အေး...... အဲဒီလို နားလည်လျှင် ကျမ်းပလ္လင်ရဲ့အောက်ဆုံး ၃-နံပါတ်တွင် "လူသေလူဖြစ်" စာ အုပ် ကြီး တ အုပ် လုံး ကို သိမ်းကြုံးပြီး အမှမ်းတင်လို့ရို့ အ ဆန်း ထွင် ထား တဲ့ အချိုးပုဒ်ကလေးကို တမျိုးလုပ်ပြီး၊ ကျွန်ုပ်က ပြင်လိုက်မယ်၊ သင်လူသား ဖတ်စမ်းပါ။

"ရှင်ဥက္ကဌ၏ပဋ္ဌမဒွေးချိုးကိုနောက်တမျိုးဖြင်ထားပုံ"

လူ့စခမ်း ဥဒါန်းနောင်အစဥ်ရှေ့ဘို့၊
ပေါ်တောင့်ပေါ်ခဲ့၊
ထွန်းပေါ်သာ ယုတ်ညစ်တဲ့ အမှိုက်မ္ဗာမို့၊
ကမ္ဘာပညာဝါတို့၊
မြင်ပါသော် ထိုစာအုပ်ကို ဆွဲဆုပ်လို့ဖြို လို့။

အဲဒီလို ဖြင်လိုက်တယ်။အေး အဲဒီလို ဖြင်လိုက်တော့ တိုင်စိုက်တဲ့ ပုံသဏ္ဍာန်အခြေခံဖြစ်တဲ့ ကျမ်းပလ္လင်ကို စတင်ပြီး ကျွန်ုပ်တူးသဖြင့်၊မပြီးသေးဘူးဘဲ ထားပါဦး။ သင်လူသား ကြည့်တတ်လျှင်၊ အတော်ပင် ယိုင်စောင်းကြောင်းကိုတော့ ကောင်းကောင်းကြီး မြင်နိုင်ပြီ။ ဘာဖြစ်လို့လဲလို့ဆိုတော့ လူသားသေတို့ကို မဆိုထားနဲ့ အဲဒီသေမဲ့လူသားကို မွေးဖွားမည့်လူတောင်မှ မရှိသေးဘဲ၊ အဲဒီတော့ "လူသေလူဖြစ်"အိမ်ကြီးဟာ လဲသွားပြီပေါ့။ ကဲ .....လူသား ... ခြစားတိုင်တွေတော့ ယိုင်သွားပြီ။ မလဲနိုင်အောင် ဆွဲထားတဲ့ ထုပ်၊ ယက်မ၊ ဒိုင်း၊ မြှား၊ ဆင့်၊ အစရှိတဲ့ အခင်းများကို နင်းသွားဖျက်ဆီးကြဦးစို့။

(ခြစားတိုင်များ၌ ချည် တုပ် ပြီး ထား သော ယက်မ၊ ဒိုင်း၊ မြှားစသည်များ)

အို .....လူသား၊ အဲဒီ အထက်အဆိုပါ ခြစားတိုင်များကို ယိုင်လဲပြီး မသွားအောင် ချည်နှောင်ဆွဲတုပ်ပြီးထားတဲ့

ထုပ်၊ ယောက်၊ ခိုင်း၊ မြွား၊ ယက်မ၊ ဆင့်၊ အခင်း စသည့်များကို သင်လူသား ကြည့်စမ်းပါ။ ရှေးဦးစွာ ဘာကိုတွေ့သလဲ။ ဪ ...“လူသေလူဖြစ်” စာအုပ် စာမျက်နှာ (၅)မှာ ပါတဲ့-

## လူသေလူဖြစ်

လူသေလူဖြစ်၊ သတ္တကထာ၊
နိယာမမျိုး၊ ဖြစ်ရိုးစဉ်လာ၊
မကျိုးမျိုးမှ၊ ပေါက်ရိုးတမာ၊
မရှိထိုး၊ နှ လုံး မူ ကြ ပါ ဆို တဲ့ (၈)လုံးဘွဲ့ ကဗျာကလေးကို ရှေးဦးစွာ တွေ့တယ်လို့ ဆိုပါတော့။

ဲလူသား အဲဒီ လက်ာသွား က လေးကို ယခုဘဲပြင်ကာထားလိုက်မယ် ကျွန်ုပ်ရဲ့ လက်ာသွားကို သင်လူသား ဖတ်စမ်းပါ—

## ရှင်ဥက္ကန္ဒ၏လက်ာသွားကိုနောက်ထပ်ပြီး ပြင်ထားပုံ

လူသေလူဖြစ်၊ ညစ်စွကထာ
နိယာမမျိုး၊ ဒါမျိုးမဟုတ်ပါ
မကျိုးမျိုးမှ၊ ပေါက်ရိုးတမာ
မဆိုင်ဘဲ-အလွဲဥပမာ

ဒို-လူသား၊သူရဲ့(၈)လုံးဘွဲ့ဂါထာကဗျာရဲ့အဓိပ္ပါယ် က သိပ်ကျယ်တယ်။ သိပ်နက်နဲတယ်လို့ အခက်အခဲကြီး လုပ်ပြီး၊ "ရှင်ဥက္ကံ့ဓ္မ" က ချီးမွမ်းထားပါကလား။ ဘာများ နက်နဲသလဲ ဘာများ ခက်ခဲသလဲ၊ လူသားရဲ့။ ဒရုယားပြီး ရယ်စရာ၊ ကယ်ပါကို ဘုရင်ပြောသကဲ့သို့ အ ယောဟာသိ တော၊ မဟာ ဟာသိတော၊ ဝိဟာသိတော၊ အနုန္တော ဟာသိ တော၊ ဩချပြီး ရယ်စရာမကောင်းပေဘူးလား။သူရေးတဲ့ လင်္ကာသွားစကားရဲ့ အဓိပ္ပါယ်က-

လူသေလျှင် လူပြန်ပြီး ဖြစ်တယ် ဆိုတာ မှန်တဲ့ စကားဘဲတဲ့။ နိယာမ မြဲတဲ့အမျိုးမို့ ဖြစ်ရရိုး အစဉ် အသာဘဲတဲ့၊ ဥပမာ ပုံစံထိုးလျှင် မကျိုးမျိုးမှ တမာ ပင် ပေါက်ရိုးမရှိသလို အခြား ဘာအမျိုးမှာမှမဖြစ်ဘဲ ထိုလူသား သေပြန်တော့လဲ လူ တဖန် ပြန်ဖြစ်တာဘဲ တဲ့။

အဲဒါကြောင့်- "လူ၏သားစစ် လူ ဖြစ် အ စဉ်" ဆိုတဲ့ ကျမ်းပလ္လင် ရှေးစကားကို ဒိလင်္ကာ နောက် စ ကား နဲ့ ခိုင်သွားအောင် သူကြိုပြီး၊ နောက်တဖန် ရစ်တာဘဲ။ (ဝ၊) ချည်တာဘဲ။ (ဝါ)တုပ်တာဘဲ မဟုတ်လား လူသားရဲ့။ လူသေသွားလျှင် လူမှတပါး အခြားဘာမျှ မဖြစ်ဘူးတဲ့။ အထူးကို နှလုံးမူပြီး၊ လူသေလျှင် လူဖြစ်တယ်လို့ အစစ် ကို ယူကြပါတဲ့။ ဒါဘဲ မဟုတ်ပါလား၊ ဒို လူသား ....

သူရေးတဲ့စာအုပ်ကို တအုပ်လုံးကြည့်ပြီး အဆုံးထိအောင် စဉ်းစားတော့-အဲဒီ"လူသေလူဖြစ် သင်္ခကထာ"အစရှိတဲ့ စကားရယ်၊ "လူသားအစစ်၊ လူဖြစ်အစဉ်"ဆိုတဲ့ စကား ရယ်၊ အဲဒီစကားတို့ကို ဘုရားက ဟောသယောင်ယောင် နဲ့ ခိုင်မာအောင် အခြေပြုထားတဲ့ "မနုဿော အပေက္ခံ မနု" ဆိုတဲ့ပါဠိစကားရယ်၊ အဲဒါ အနှစ်အသားတွေဘဲ။ သူ့ စာအုပ်အဆုံး နိဂုံးကျပြန်တော့လဲ ဒါနဲ့ ဘဲ နိဂုံး ချုပ် တယ်။ အင်း .... ဒါနဲ့ဘဲ အိမ်တိုင် လုပ်၊ ဒါနဲ့ဘဲ ယက်မ လုပ်၊ ဒါနဲ့ဘဲ ဆင့်လုပ်၊ ဒါနဲ့ဘဲ အခင်းလုပ်၊ ဒါနဲ့ ဘဲ ထုပ်၊ ယောက်၊ နိုင်း မြှားလုပ်၊ ဒါတွေနဲ့ဘဲ ချည်တုပ်ပြီး၊ မြတ်စွာဘုရားကို တော်လှန်လို့ လူမဆန်တဲ့ စကားတွေ နဲ့ အလွဲလွဲ အမှားမှား ကာမိုးအုပ်တော့ အသာကလေး လှုပ်တာနဲ့ ဖြုတ်ဖြုတ်, ဖြုတ်ဖြုတ်ဆို ယိုင်သွားပြီ။ ကိုင် ထားနော်၊ လူသား၊ ပြိုကျပြီး သွား ဦး မယ်။ မြန် မြန် ကြီး ပြိုကျသွားတော့လဲ ပြိုချတဲ့ လက်သမားကို တဖက်သား က လွယ်လွယ်ကူကူမြင်တော့ ဘယ်သူ ပင် ဖျက်ဖျက်၊ ဒီအိမ်ကြီးပျက်မှာဘဲလို့ ကိုယ်မဖျက်တာကိုတော့မတွေး ဖျက်တဲ့လူကို အထင်သေးပြီး၊ ကျေးဇူးမတင်တဲ့အတွက် အမြီးကလေးခပ်မြက်မြက်နဲ့ လဘက်ရည်ကလေးတခွက် လောက်တောင် မသောက်ရဘဲ နေဦးမယ်။ စာအုပ်က ငယ်တော့ မဝယ်ဘဲ နေမှာပေါ့လူသားရဲ့

..... အင်း လူသားရေ သေသေ ချာချာ တွေးတော့ "လူသေလူဖြစ် သင်္ခကထာ" ဆိုတဲ့ စကားကို

ဘယ်နည်းအားမှ 'အရှင်ဥက္ကဋ္ဌ' မရေးသင့်သေးဘူး၊ ဘာဖြစ်လို့မရေးသင့်သလဲဆိုတော့၊ ကျွန်ုပ် အဖြေပေးခဲ့တဲ့အတိုင်းမနု သာဖြစ်သေးတာ၊ လူမှ မဖြစ်သေးဘဲ (ဝါ) ပဌမမနုကို အစထားပြီးအဲဒီ မနုက ပေါက်ပွားလာတဲ့ နောက်သားအဆက်အနွယ် ပျက်ပြယ်ပြယ် မနုတွေကို၊ 'မနုနောအပစ္စံမနု' ဆိုတဲ့ 'ရှင်ဥက္ကဋ္ဌ' ၏ဝိဂ္ဂြိုဟ်အရ မနုတွေလို့သာဆိုသေးတယ်၊ လူရယ်လို့မှမခေါ်ဆိုသေးဘဲ(ဝါ)မနုတွေလို့သာဆိုသေးတယ်၊ မနုဿတွေလို့မှ မခေါ်ဆိုသေးဘဲ ကဲကဲကဲလူသား(ရှင်ဥက္ကဋ္ဌ)တို့ရေးထုတ်တဲ့၊ လူသေလူဖြစ် စာအုပ်၊ရုပ်ချာချာ-အိမ်ကြီး-ဟာ တရှိန်တည်း မြူမသွားအောင် လူသားကဘဲ, ကျားထောက်ပြီး- လူ့အိမ်ကြီး ဆောက်စမ်းပါ။ ကဲ-ဘယ်လိုဆောက်မလဲ ဗြော် ကာရဏာ,ကာရဏံ, အဏ္ဏာ နဏ္ဏ ကုသလာ ကုသလံ မနုတိဓနုဳ့တိ မနုဿာတဲ့ အဲဟုတ်ပါပေ့ လူသားရာ'ရှင်ဥက္ကဋ္ဌ တို့ထက်တောင် သာနေပြီ၊ အနက် က ဘယ်လိုဆိုမလဲ ဗြော်-ယေအကြောင့်,မနုဆိုတဲ့သတ္တဝါတို့သည် ကာရဏာ ကာရဏံအကြောင်း ဟုတ်သည် မဟုတ်သည်ကို အဏ္ဏာ နဏ္ဏ အကျိုးရှိသည် မရှိသည်ကို ကုသလာ ကုသလံ ကုသိုလ်အကုသိုလ်ကို မနုတိဓါနုဳ့ သိတတ်ကုန်၏၊တတိ တသ္မာတို့ကြောင့် ထေထိုမနုအမည်ရှိတဲ့သတ္တဝါတို့သည် မနုဿာမနုဿာ ဘို့မည်ကုန်၏(ဝါ)လူတွေဟုခေါ်ဆိုကုန်၏ တဲ့လားအင်းအဓိပ္ပါယ် ပေါ်ပါပေ့ လူသားရာ အဲတာ—— ဘယ်ကများ ကြားဘူးထားပါသလဲ၊ ဗြော်..... လူသားရဲ့

ဆရာ ကပြောလို့လား အေး အဲဒီလိုဆရာနဲ့ အဲဒီလို လူသားတွေ နိုင်ငံမှာ များနေလျှင်'အရှင်ဥက္ကဋ္ဌ'တို့ရဲ့ ဝါဒများတွေဟာ၊ အဘယ်မှာ တာစားနိုင်ပါမလဲ အဲဒီဝိဂြိုဟ်လဲ၊ သဒ္ဒါဆရာရဲ့ ဝိဂြိုဟ်ဘဲ၊ ဘုရားဟောလိုတော့မခိုင်မြဲဘူးပေါ့၊အင်းမခိုင်မြဲဘူးဆိုပေမယ်လို့ ဟို'အရှင်ဥက္ကဋ္ဌ'တို့ အလေးပြုထားတဲ့'မနုနောအပစ္စံမနု'ဆိုတဲ့၊ ဝိဂြိုဟ် ထက်တော့၊ လူစစ်ကိုဖော်ပြတဲ့အတွက် လေးနက် ခိုင်မြဲတယ်လို့၊ ဒီလိုဘဲ မှတ်ထားပေါ့။ အို လူသား သင်ရဲ့ ဝိဂြိုဟ် စကားအရ မနုဆိုတဲ့၊ သတ္တဝါများဟာ လူဖြစ်ပြီးသွားကြပြီပေါ့ ဝါ) လူအညှ်ကိုချသဖြင့်၊ လူချယ်လို့ခေါ်ဆိုရပြီပေါ့ အဲဒီလို ခေါ်ဆိုရတော့ ဖော်ပြပြီးခဲ့တဲ့ မနုတွေဟာ လူဖြစ်ပြီးလာကြပြီ၊ အေး အဲဒီအခါကျမှ၊ အဲဒီဝိဂြိုဟ်ရဲ့ နောက်နားက 'လူ၏သားစစ်၊ လူဖြစ်အစဉ်' အစရှိတဲ့ လင်္ကာစကားများ "လူသေလူဖြစ်သဂ္ဂကထာ" အစရှိတဲ့ လင်္ကာများကို၊ရေးသားပြီး"ရှင်ဥက္ကဋ္ဌ" တို့ထားသင့်တယ် အဲဒီလို ထားပါမှ လူရှိပြီး နေပြီးသားဖြစ်သဖြင့်"လူသေလူဖြစ်"တယ်ဆိုတဲ့စကားနှင့်ညီမယ်။ အင်း-အသင် လူသား ကယ်လိုက်လို့၊ လူသေလူဖြစ်တယ်ဆိုတဲ့[illegible]ကြီး တဲ့သွားပြီ။(ဝါ)မတ်သွားပြီ အဲဒီလူသေလူဖြစ် 'တယ်ဆို'တဲ့ ရှင်ဥက္ကဋ္ဌ' တို့ရဲ့စကား မှန်ပါမလား။ ဒီမှာလေ လူသားရဲ့ 'ဇာတ်'သမားဖြစ်မှာကြောင့် 'ဇာတ်'နှစ်ပြီးအငြင်း ပွားလျက် အတင်း မတရား 'ဇာတ်' မပြောပါဘူး ဟောဒီ အမေး စကားကလေးကို၊ သင်လူသား စဉ်းစားပြီး ကျွန်ုပ်အား

အဖြေပေးစမ်းပါ ကဲ မေးမနေနဲ့ သင်လူသားရဲ့ အဖေ 'ဦးရွှေနွေး' ရှိသေးသလား သေပြီ သေသွားပြီ အဲဒီလိုသေသွားတော့၊ 'ဦးရွှေနွေး' ဟာ ဘာဖြစ်ပြီးသွားသလဲ၊ ဒီလူသားနှယ် ကျောင်းတကာရိုလို့ နတ်သားဖြစ်လိမ့်မယ် ရေကန်တကာရိုလို့ နတ်သားဖြစ်လိမ့်မယ် နဲ့၊ ဒါတွေကိုဖယ်ထားပါဦး "လူ ႏသလူဖြစ်သစ္စကထာ' ဆိုတဲ့'ရှင်ဉက္ကဋ္ဌတို့ရဲ့၊ စကားအတိုင်း၊ လူဘဲပြန်ဖြစ်သလား သူတို့ရဲ့စကား က'လူသားအစစ် လူဖြစ်အစဉ် လို့လဲဆိုထားတယ် အဲဒီစကားတို့တွင် အစဉ်ဆိုတဲ့ စကားဆိုတဲ့စကားအရ လူသားသေသွားဘ အခြားဘာမျှ ဖြစ်မနေတော့တဲ့၊ အမြဲပင်လျှင် အစဉ်မပြတ် တစပ်ထဲဆက်ပြီး အသက်ရှိတဲ့ လူပြန်ဖြစ်သတဲ့၊ အဲဒီစကားနဲ့ညီစွာ'ဦးရွှေနွေး' သေပြီးတဲ့အခါကျတော့ ဘာဆက်ပြီး ဖြစ်ပါသလဲ၊ အဲ ဟုတ်တာပေါ့ လူသားရဲ့၊ လူႏသပြီးတဲ့ အခါကျတော့၊ ပဋ္ဌမ လူသေကောင်ဖြစ်တယ်၊ အဲဒီ လူသေကောင်ကို- တဖန်မြေကြီးမှာမြှုပ်နှံတော့၊လူတဖန်မဖြစ်ဖူး၊မြေကြီးသာဖြစ်သွားတယ် သင့်မျက်စိ့အမြင်အားဖြင့်-ႏထင်အရှားတွေ့ကြုံခဲ့ပြီမဟုတ်ပါလား။ ကဲ-ဒါဖြင့် လူႏသလျှင် အစဉ်မပျက်၊ ဆက်လက်ပြီ လူဖြစ်တယ်' ဆိုတဲ့-သူတို့ရဲ့စကားတွေ ဟာမှား နေပြီမဟုတ်လား- ကဲသူတို့-ဥပမာ- ပေးထားတဲ့-မကျီးပင်ႏသသွားတော့ကော မကျီးပင် ထဖန်ပြန်ပြီးများ၊ ဖြစ်သေးသလါး အေး-မကျီးပင်လဲပြန်မဖြစ်တမာပင်လဲမဖြစ် ဘယ်အပင်မှ မဖြစ်လွယ်လွယ် နဲ့သိမ်းကြုံးပြီး အတိုဆုံး စစ်လိုက်

တော့၊ မြေကြီးပဲဖြစ်သွားတါဘဲ ကဲလူသားရေမကျိုးပင် တမာပင်တို့ကို ဥပမာ ပုံတင်ပြီးယှိုခြင်အောင်ပြောတဲ့ စကားလဲမှားတာဘဲ လူသေလူဖြစ်တယ်ဆိုတဲ့စကားလဲ မှားတာဘဲ အဲဒီလိုအကုံမှားတော့ ရှင်ဥက္ကဋ္ဌတို့ရဲ့ လူသေလူဖြစ်ဆိုတဲ့အိမ်ကြီးဟာ၊ တကြိမ်ထပ်ပြီးလဲသွားပြန်ပြီ- ကဲ အဲဒီအတိုင်းဘဲထားလိုက်ဦး လူသေလျှင်လဲမြေကြီးဖြစ်တယ် ခွေးသေလျှင်လဲ မြေကြီးဖြစ်တယ်၊ ဘာဘဲသေသေ မြေကြီးချည်း ဖြစ်တယ်ဆိုတဲ့ စကားကို သင်လူသား ရှင်းသွားအောင် အကျဉ်းအားဖြင့်ပြောဦးမယ်၊ နားစေပါဦး လူသား ကွန်မြူနစ်တို့ ယူထားသလို တကယ့်ကို ဘဝပြတ်မသွားဘူး၊

## ဒိဋ္ဌိဥစ္ဆေဒရုပ်ဝါဒ

အို-လူသား၊ လူသေလျှင်၊ မြေဖြစ်သွားတာကိုတော့ ခုလောက မျက်မြင်အားဖြင့် သင်လူသား သိပြီနော်။ ပြောပ်-သိပြီ၊ အေး-သိလျှင် မြေကြီးမှ နောက်အသစ်ဘာဖြစ်တာ မြင်သေးသလဲ၊ အဲ-ဘာဖြစ်တာမှ မမြင်ဘူးနော်။ အဲဒီလို မမြင်လျှင် သည်တွင်ဘဲ အဆုံးသတ်ပြီး၊ သူ့ဖြစ်စဉ် ရပ်တာပေါ့။နောက်ထပ်ပြီး ဘာမှမဖြစ်ဘူး။အေး-အဲဒီလို မဖြစ်တာကို နောက်ဖြစ်မည့် အသစ်မရှာဘဲ၊ သည်မှာပင် ပြတ်တယ်လို့ ယူမှတ်ပြောဆိုပြီး နေကြတဲ့ ဥစ္ဆေဒဝါဒဟာ ပဋ္ဌမရုပ်ဝါဒဘဲ၊ အဲဒီဝါဒရဲ့ အလိုက ရုပ်ကိုသာ အဓိကထားတယ်၊ နာမ်ဆိုတဲ့တရားဟာ အရှင်းသားမရှိ

ဘူးတဲ့။ စဉ်းစားကြည့်တယ်၊ ဝေဘန်ကြည့်တယ်၊ တွေးတောကြည့်တယ်ဆိုတဲ့၊ သဘောတွေဟာ နာမ်မဟုတ်၊ စိတ်မဟုတ်၊ ဝိဉာဏ်မဟုတ်၊ ရုပ်ရဲ့ဂုဏ်ပုဒ်မျှသာ ဖြစ်သတဲ့။ အဲဒါ ကွန်မြူနစ်ရုပ်ဝါဒရဲ့ သဘာဝ သဘောတရားဘဲ။ ကဲ-လူသား အဲဒီကွန်မြူနစ်ရုပ်ဝါဒရဲ့ သဘာဝ သဘောတရားကို သင် စဉ်းစားဝေဘန်ပြီး အဖြေမှန်ထုတ်စမ်းပါ။ အို-လူသား သင့်ရဲ့ခန္ဓာကိုယ်ကြီးဟာ ရုပ်မဟုတ်လား။ အေး-ဟုတ်ပြီ။ ယခု သင် ကိုင်ပြီးလာတဲ့ ဝါးရင်းတုတ်ဟာလဲ ရုပ်ဘဲ မဟုတ်လား။ အဲ-ဟုတ်ပြီ။ အဲဒီရုပ်နှစ်ခုတို့တွင် ဝါးရင်းတုတ်ဖြစ်တဲ့ရုပ်ကို ကျွန်ုပ်ရဲ့ ရှေ့နားမှာ ချပြီးထား။ ရော့-ဟောဒီ ဓါးနဲ့ သုံး ပိုင်း လောက် ပြတ်သွားအောင် သင် လူသား ခုတ်စမ်း။ ဟော တချက်ခုတ်လိုက်ပြီ။ ဘယ်ကိုမှ ထွက်မပြေးဘူး။ ဟော-နှစ်ချက်ခုတ်လိုက်ပြီ။ ဘယ်ကိုမှ ထွက်မပြေးဘူး။ ဟော သုံးချက်ခုတ်လိုက်ပြီ။ ဘယ်မှထွက်မပြေးဘူး။ ကဲ-လူသားရဲ့ နဖူးကို ဓါးဦးနဲ့ ကျွန်ုပ်ပေါက်လိုက်မယ်။ အလို-နောက်ဆုတ်ပြီး ပြေးပါကလား။ အို- လူသား၊ လာ, လာ, လာ, လာ, သင် ဘာလို့ပြေးတာလဲ။ ဪ-ကြောက်လို့ပြေးတယ်။ ဘာဖြစ်လို့ ကြောက်သလဲ? ဪ-ဓါးဦးနဲ့ ပေါက်မှာကို မြင်လို့ သိလို့ ကြောက်တယ်။ အင်း-သင်ကတော့ ကြောက်တယ်။ သင် ဓါးနဲ့ စင်းခုတ်တဲ့ အဲ-ဟို- ဝါးရင်းတုတ်ကတော့ ဘာဖြစ်လို့ မကြောက်သလဲ။ အဲ- မသိလို့ မကြောက်တာ။ ကဲ-နောက်တခါ အမေးထုတ်အုန်းမယ်။

သင့်ရဲ့ ခန္ဓာကိုယ်လဲ ရုပ်မဟုတ်လား။ သင် ဓါးနဲ့ စင်းခုတ်တဲ့ ဝါးရင်းတုတ်လဲ ရုပ်ဘဲ မဟုတ်လား။ ရုပ်, ရုပ်ချင်း အတူတူ၊ သင်လူသားကတော့ သိတယ်။ ဟို— ဝါးရင်းတုတ် ရုပ်ကတော့ ဘာဖြစ်လို့ မသိသလဲ။ အဲ-စိတ်မရှိလို့ မသိတာ။ အဲဒိစိတ်ဟာ နာမ်ဘဲ။ ဟဲ—သင့်ရုပ်မှာ ပူးတွဲပြီး နာမ်လဲဘဲ ရှိတယ်လို့ သင် သိပြီမဟုတ်လား။ ဒါဖြင့် လူအစရှိတဲ့ သတ္တဝါတွေမှာ ရုပ်သာလျှင် ရှိပြီး နာမ်ဆိုတာ အရှင်းမရှိဘူးဆိုတဲ့ ကွန်မြူနစ်တို့ရဲ့ စကားဟာ လွဲမှားပြီး မနေပေဘူးလား။ အေး လွဲမှားပြီးနေတာပေါ့။ ရုပ်ချည်းသာ ရှိနေလျှင် ကြောက်ရမှန်း ဘယ်သိမလဲ။ ကြည့်လေ-ဟို-ဝါးရင်းတုတ်ကို ရုပ်ချည်းကဲဆိုတော့ ဘယ်လိုဘဲ လှုပ်လှုပ်၊ ခုတ်ခုတ် ဖြတ်ဖြတ်၊ သတ်မယ်ဆိုချောင်လဲ သူမကြောက်ဘူး။ ဘာဖြစ်လို့ မကြောက် သ လဲ ဆို တော့ စိတ်ဆိုတဲ့ နာမ်မရှိသဖြင့်၊ ကြောက်ဘို့ရာ အေးတွေကို တွေးပြီးလဲ မသိဘူး။ ကြံပြီးလဲ မသိဘူး။ ဝေဘန်စဥ်းစားတယ်ဆိုတာလဲ အရှင်းသားမရှိဘူး။ ကြည့်ဦးလေ- လူသား၊ ဝါးရင်းတုတ် ရုပ်ကို ထားလိုက်တော့၊ လူရုပ်ချင်း တူငြားတာတောင် သေသွားတဲ့ လူသားရုပ်ဟာ ဘာလုပ်တာ သိသေးသလဲ? ဝမ်းဗိုက်ကိုခွဲပြီး၊ ဝမ်း ဗိုက် ထဲ ကို ဆားတွေထည့်တော့ စပ် လှ ချည့် ရဲ့ လို့ အော်သေးသလား။ အေး .... မအော်ဘူး။ အဲ ဒီ လို မအော်တာဟာ မသိလို့ပေါ့။ အဲဒီ မသိတာဟာ စိတ်ဆိုတဲ့ နာမ်မရှိလို့ပေါ့။ အဲဒီနာမ်ကိုပင် ကြံတတ်သောကြောင့် စိတ်လို့ခေါ်

တယ်။ သိတတ်သောကြောင့် ဝိညာဉ်လို့ခေါ်တယ်။ ညွတ်တတ်သောကြောင့် မနောလို့ခေါ်တယ်။ သဘော ချင်းတယ်မကွာဘူး။ ဝေ ဘန် တယ်၊ ကြံ စည် တယ်၊ စဉ်းစားတယ်၊ တွေးတောတယ်ဆိုတာ အဲဒီနာမ်ရဲ့ သဘောချည်းဘဲ၊ ကွန်မြူနစ်ရုပ်ဝါဒကတော့ အဲဒီ ဝေဘန်တယ်၊ ကြံစည်တယ် စဉ်း စား တယ်၊ တွေးတောတယ်ဆိုတာတွေဟာ ရုပ်၏ဂုဏ်ပုဒ်၊ ရုပ်ပြောင်းလွဲမှု၊ အရိပ်အရောင် ရုပ်ကောင်နဲ့ မကွဲမပြားဘူး။ ရုပ်ဘဲလို့ ယူထားတယ်။ အဲဒီလို ယူထားလျှင် သေ သွား ပြီး မြေ မြှုပ်။ ဒီရုပ်ကြီး မြေဖြစ်၊ နောက်အသစ် ဘဝကူးဘို့ ဘာအထူးမှ မ ရှိ တော့ ဘူး။ တိကနဲ ပြတ်တာဘဲ။ မြေခါတ်ဖြစ်နေရုံပေါ့။ လူသားရယ်၊ အဲဒီလို တိကနဲပြတ်ပြီး မြေခါတ်ဖြစ်နေရုံဆိုလျှင် ဒါန၊ သီလအစရှိတဲ့ ကံ,ကုသိုလ်အဟုန်ကြောင့် လူ့ ဘုံမ် ကို ရောက်တယ်။ သူ့အသက်ကို သတ်ခြင်း၊ သူ့ ဥစ္စာ ကို ခိုးခြင်း၊ခပ်ကျဉ်းကျဉ်းဆိုရလျှင် အမေ အဖေကို ကလော်ဆဲခြင်း၊ ဆရာသမား၊ ဘုရား၊ သံဃာကို ကလော်ဆဲခြင်း အစရှိတဲ့ အကုသိုလ်ကံအဟုန်ကြောင့် င ရဲ အစ ရှိ တဲ့ အပါယ်လေးဘုံမ်ကို ရောက်တယ်ဆိုတဲ့ စကားတွေဟာ အချီးနှီးဖြစ်မသွားပေဘူးလား။ အဘယ့်ကြောင့် အ ချီးနှီးဖြစ်သွားလဲလို့ဆိုတော့ အဲဒီပြဆိုခဲ့တဲ့ ရုပ်ဝါဒအလိုမှာ နောင်ဘဝကို ကူးသွားဘို့ နာမ်တရားမှမရှိဘဲ။ ပစ္စုပ္ပန်လို့ ဆိုရတဲ့ ယခုဘဝမျက်မြင် လူသေလျှင် မြေကြီးမြှုပ်။ အဲဒီ မြေမြှုပ်ခံရတဲ့ လူရုပ်ဟာ မြေကြီးဖြစ်။ ဘဝသစ်ကူးဘို့ရာ

ဘာအထူးမှမရှိဘူးလို့၊ သို့ကလို ဆိုထားတယ် မဟုတ်လား။ အဲဒီလို ဆိုထားတော့ မြေဖြစ်သွားတာဟာ အဆုံးဘဲ။ အဲဒါကြောင့် ကျောင်းတကာ၊ ဘုရားတကာတွေလဲ နတ်ဘုံမ်၊ လူ့ဘုံမ်တို့မှာ ဖြစ်စရာမရှိဘူး။ သူများရဲ့ အသက်ကို သတ်တဲ့လူတွေ၊ သူ့တပါးရဲ့ဥစ္စာကို ခိုးတဲ့ လူတွေ၊ အဖေ အမေကို ကလော်ဆဲတဲ့လူတွေ၊ ဘုရား၊ သံဃာ၊ ဆရာသမားကို ပြစ်မှားတဲ့လူတွေလဲ ငရဲအစရှိတဲ့ အပါယ်လေးဘုံမ်မှာ ဖြစ်စရာမရှိဘူး။ အလွဲအမှားဖြစ်တဲ့ ကွန်မြူနစ်တို့၏အလိုအတိုင်း ဖြစ်စရာကို မမြင်၊ ဖြစ်စရာကို မသိတော့ တိကနဲ့ပြတ်၊ မြေဖြစ်တာမှာ အဆုံးသတ်သောကြောင့် ယခု ဘဝက ပြုကြတဲ့ ကုသိုလ်အဟုန်အတိုင်း နတ်ဘုံမ်၊ လူ့ဘုံမ်သို့ရောက်တယ်။ ယခု ဘဝက ပြုကြတဲ့ အကုသိုလ်အဟုန်အတိုင်း ငရဲအစရှိတဲ့ အပါယ်လေးဘုံမ်သို့ ရောက်တယ်ဆိုတဲ့ စကားတွေဟာ အချီးနှီးဖြစ်သွားတာပေါ့။ အို .... လူသား၊ အဲဒီလို လူသေပြီး မြေကြီးတွင် အဆုံးသတ်လို့ရှိ ဘဝပြတ်ပြီ၊ ဘဝရပ်ပြီ။ နောက်တဘဝ ဘာမျှမဖြစ်ဘူးဆိုတဲ့ ကွန်မြူနစ်တို့ရဲ့ စကားကို သင် လူသား မှတ်မထားနဲ့။ အဲဒီစကားတွေဟာ မှားတယ်လို့ ဆိုတဲ့အကြောင်းကို ထပ်လောင်းပြီး ကွနုပ်ပြောမယ်။ ဟောဟို ..... နောက်ပိုင်းမှာ "လူ သေ တိုင်း လူမဖြစ်" ကျတော့ အစစ်အမှန်ကို သိရမှာပေါ့။ အို လူသား-သင် စဉ်းစားကြည့်လိုက်စမ်း။ နောက်ဖြစ်တို့ မရှိဘဲ၊ တိ က နဲ့ အခြေက လှီးသလို မြေ ကြီး တွင် အ ဆုံး သတ် လို့ ရှိ

အဖြစ် ဘဝ ရပ်သွားပြီး ဘာမျှ မဖြစ်လျှင် သတ်ချင်ရာ ကိုသက် အဖေ ကိုဘဲသတ်သတ် အမေကိုဘဲ သတ်သတ် ခိုးချင်ရာကိုခိုး အဖေရဲ့ဉစ္စာဘဲခိုးခိုး အမေရဲ့ဉစ္စာဘဲခိုး ခိုး ဆိုးချင်သလိုဆိုးသော်လဲ အဲဒီ အကုသိုလ်ကံရဲ့ အကျိုးကြောင့်-ငရဲအိုး အစရှိတဲ့ - အပါယ်လေးဝ မှာလဲမဖြစ်ဖူးပေါ့ အဖေကိုရှိခိုး အမေကိုရှိခိုး ဘုရားတရား သံဃာ ဆရာသမားတို့ကိုရှိခိုး အဲဒီလို အကျိုးတွေရဲ့ပြင် အမျိုးမျိုးသောဒါန ကျောင်းဆောက်ကြ ဘုရားတည်ကြ ရေကန်တူးကြ ရှင်ပြုခြင်း ရဟန်းခံခြင်း အစရှိတဲ့ အဝဝသော ကုသိုလ် အဟုံ တို့ကြောင့်လဲ လူဘုံ နတ်ဘုံ ဗြဟ္မာဘုံတို့မှာ မဖြစ်ဖူးပေါ့ အဲဒါကွန်မြူနစ် ရုပ်ဝါဒရဲ့ သဘာဝ သဘောအလိုဘဲ-အေး အဲဒီလိုဆိုတော့ ငရဲကိုလဲ မကြောက်ရဘူး-နောက်ဘဝမှ မဖြစ်ဘဲ-အဲဒီအယူစွဲပြီးအမှန်ဖဲ့ယူကြလျှင်-သူကြတဲ့လူတွေမှာ အယူတွေချော်လွဲပြီး သတ်ရဲ ခိုးရဲ ဆိုးရဲ မိုက်ရဲ အကုသိုလ်မကောင်းမှုကို ပြုလုပ်ဘို့ရဲတာပေါ့-လူ့ရွာ နတ်ရွာ ဗြဟ္မာရွာ မှာလဲ-ဖြစ်စရာမမြှော်ကိုးရတော့-ကောင်းကျိုးကိုရတယ်ဆိုတဲ့ ဒါနမှု ကောင်းကျိုးကိုရတယ်ဆိုတဲ့ သီလမှု တို့ကိုလဲပြုစရာမလိုဘူး ထင်သလိုသာနေ ထင်သလိုသာသွား ထင်သလိုသာစား ထင်သလိုသာလုပ် ခုဘဝသေပြီးလျှင်- မြေကြီးတွင် လူကောင် မြှုပ် လိုက်တော့ - သည့်ရုပ်ကြီး မြေကြီးဖြစ် နောက် အသစ်ဘဝမကူးဘူးတဲ့ အဲဒါ ခပ်ရှူးရှူး လူတွေကို တေချင်သလိုတေ ဆိုးချင်သလိုဆိုး မိုက်ချင်သလိုမိုက်

ဘယ်ကံမှမထိုက်ဘူးလို့ စစ်အတိုက်ခိုင်းရအောင်၊ မှိုင်းချ
ပြီးဖုံးလွှမ်းတဲ့ အဆုံးလမ်းဝါဒလို့-ကျွန်ုပ်က ထင်တာဘဲ
အိုလူသား မဝေဘန် မစဉ်းစားဘဲ အဲဒီဝါဒကို-အရင်းထါး
ပြီး ကိုယ့်လူခြင်း အငြင်းပွားလို့မို့ အတွင်းသါးလေါက်
ခြင်းထိုးလျှင်-ကိုယ့်လူမျိုးတာမရှည်တဲ့ ဇမာပြည် လူအ
များဟာ သူတပါးလက်အောက်၌- ကျွန်သားပေါက် ဖြစ်
လိမ့်မယ် ကိုယ့်လူမျိုးခြင်းကိုယ်မချစ် ကိုယ့်ဝါဒနှင့် ကိုယ်
မစစ်ဘဲ-နစ်သဟဲ လစ်သဟဲ နှင့်-သူတပါးပစ်တဲ့ ခဲကို အ
မဲတုံးထင်မှတ်ပြီး-ကိုယ့်ဘာသာဝက်သါးတော့ချက်မစါး
အမြင်ကတ်လျှင် ဖတ်စာထဲမှာပါတဲ့-ဖျံသတ္တဝါနှစ်ကောင်
ရဲ့-ငါးကြင်းအမှုလို-နောက်တခုပြောရလျှင် လောဘကြီး
တဲ့ ခွေးသတ္တဝါလိုရလာတဲ့ ကိုယ့်စားချက်ဟာ သူတပါး
လက်ရောက်မှာဘဲ အဲဒီ ရုပ်ဝါဒဟာ ရှေးကတယ်ရှိသပေါ့
-မကောင်းမှန်းကိုသိသဖြင့်-လူသါးတွေမယူမိအောင်-၊ပညာ
ရှိသူတော်ကောင်းတွေ၊ ရပေါင်းပြီး လူကပိတွေက၊ မပေါ်
အောင်ဖုံးဖိထားသောကြောင့်-ငုံးတိတိဖြစ်သွားရာ- ယခုမှ
တာစားလာအောင်-ကမ္ဘာထဲသွားမှာ လူချွန်ဖြစ်ခြင်တော့
ကွန်မြူနစ်ဝါဒ လို့-တို့တိုင်းပြည် ဇမာ ငအ တွေနဲ့-အား
လုံးသော ကမ္ဘာ ငအ တွေကို-ဒါကမှအဟုတ်ထင်ပြီး ဒါ
ကမှလုပ်ခြင်အောင်-ရုပ်အမြင့်နဲ့ ကင်ပွန်းတပ်ထားတါဘဲ
ရုပ်ကောင်ကြီးမြေကျွေတော့ဘယ်ကိုမှသွားမရတါနဲ့ ဘဝ
ပြုတ်တယ်မဆိုနိုင်ဘူး။

## အထက်ပါရုပ်ဖြတ်ဝါဒကိုလည်း လူသေလူ ဖြစ်ဆရာတို့လက်ခံပုံရခြင်း

အဲဒီလို လူသေလျှင်မြေဖြစ်နောက်အသစ်ဘဝမပြောင်းတော့ ကောင်းမှုကံ မကောင်းမှုကံ တို့ကြောင့် ခံစံဘို့မရှိတဲ့ကနဲ့ပြတ်တယ်–မြေခါတ်တွင်ပြတ်တယ်ဆိုတဲ့ ရုပ်ဝါဒကို ရှင်ဥက္ကဋ္ဌ တို့လဲ–သက်ခံနှစ်မြိုက်နဲ့ပုံရတယ် အဘယ်ကိုထောက်ပြီး - သိနိုင်သောက်သလဲလို့ဆိုတော့ – ထိုလူသေလူဖြစ်စာအုပ်မှာပါတဲ့ (ခ)အမှတ်အပန်းသွား (င) အမှတ်ပန်းသွားအဲတာပြင် စာမျက်နှာနံပါတ် ၃၆၉) မှာရှိတဲ့-အရေးအသားတို့ကို ကြည့်က ရှင်ဥက္ကဋ္ဌ တို့ဟာ-ထိုရုပ်ဝါဒကို လက်ခံပုံရခဲ့တဲ့အကြောင်း ကောင်းကောင်းကြီးသိနိုင်တယ် အိုလူသား လာလာလာ အပန်းသွားအမှတ် –ခ–ကို ဖတ်ပြစမ်းလူသား၊

ပြော် လူသား သေ၍ သွားပြီးသည်၏ နောက်၌ ဘာမှမဖြစ်ဟူသော ဝါဒကို–အဘိဓမ္မါဆရာအချို့ကဖေါ်ထုတ်၍–လူသားသို့ တင်ပြခဲ့ကြကုန်၏ သို့ရာတွင် – ထိုဝါဒသည်လည်း လူသား၏ ကြောက်စိတ်နှင့်–မျှော်စိတ်တို့ကို–မသိမ်နိုင်ခဲ့သေးချေ တဲ့ လား–ကဲ လူသား အဲဒီ စကားကလေးကို သင်လူသားစဉ်းစားစမ်း–အဲလူသားသေပြီးတဲ့နောက်-ဘယ် ဘဝမှမဖြစ်-ဘယ်ဘဝကိုမှ မရောက်ဖူးလို့ နောက်နောက်

သောအခါကပင် အဘိဓမ္မာဆရာအချို့က ပြောဆိုတင်ပြခဲ့သော်လဲ-နောင်ဘဝ၌ ဖြစ်ရဦးမည်ကို မျှော်ထောက်သဖြင့် အကြောက်စိတ်အမျှော်စိတ်တွေကို မသိတ်နိုင်သေး။ (ဝါ) မဖျောက်နိုင်သေးဘူးလို့ ဆိုတာပေါ့။ ဒို—လူသား၊ အဲဒီစကားကို သင်လူသား ကွဲကွဲပြားပြားနဲ့ ပိုင်းခြားပြီး၊ သိလောက်အောင် နောက်ထပ်ပြီး ကျွန်ုပ်ပြောဦးမယ်။ ဟော လေ-ကျွန်ုပ်တို့၊ သင်တို့ အယူရှိထားတာက ယခု ဘဝမှ သေသွားကြလျှင် ဟို-တဖက်သော ဘဝမှာ ကူးပြောင်းပြီး ဖြစ်ရမယ်လို့ အဲဒီလို ယူထားကြတယ်။ အဲဒီလို ယူထားတော့ သူတပါးရဲ့အသက်ကိုလဲ မသတ်ရဲဘူး။ သူတပါးရဲ့ ဥစ္စာကိုလဲ မခိုးရဲဘူး၊ တိုတိုပြောရလျှင် မကောင်းမှုဟူသမျှ ဘာကိုမှ မလုပ်ရဲဘူး။ ငရဲကို ကြောက်တာကိုး။ သေသွားတဲ့အခါကျတော့ ငရဲဘဝသို့ ကူးပြောင်းပြီး၊ မကောင်းတဲ့ဒုက္ခတွေကို ခံရမှာစိုးလို့ပေါ့။ အဲဒီစိတ်မျိုးကို ကြောက်စိတ်လို့ ခေါ်တယ်။ မျှော်စိတ်လို့ဆိုတာက ဟို-ဘဝသို့ မပြောင်းရခင်၊ မျက်မြင်ဖြစ်တဲ့ ယခု ဘဝက ဒါန၊ သီလအစရှိတဲ့ ကောင်းမှုမျိုးတို့ကို စိုက်ပျိုးထူထောင်ပြီး နောင်ဘဝကျတော့ ချမ်းသာလိမ့်မယ်၊ နောင် ဘ ဝ ကျတော့ ကောင်းစားလိမ့်မယ်လို့ ငါတို့ရဲ့ ဗုဒ္ဓဘာသာ တရားအတိုင်း၊ အားထားမျှော်ကိုးတဲ့စိတ်မျိုးကို မျှော်စိတ်လို့ ခေါ်တယ်။ အဲဒီ ကြောက်စိတ်နှင့် မျှော် စိတ် တို့ ဟာ နောင် ဘဝမရှိဘူးဆိုတဲ့အဘိဓမ္မာဆရာအချို့တို့ရဲ့ စကားကို နဲနဲပါးပါးမှမရိပ်မိလို့ ယခုတိုင်အောင်ရှိနေကြတယ်တဲ့

(ဝါ) အဲဒီ ကြောက်စိတ် နှင့် မျှော်စိတ်တွေကို မျိုသိပ် ဖျောက်လွှင့်တို့ အချိန်တန်ပြီတဲ့။ တကယ်အမှန်ကိုဆိုရလျှင် ဟို-ဘဝမှာ မဖြစ်သဖြင့်၊ အသစ်ဘဝသို့ မရောက်တော့။ ငရဲကို ကြောက်တာလဲ အမိုဘဲတဲ့။ လူချမ်းသာ၊ နတ်ချမ်းသာတွေကို မျှော်တာလဲ အလကားဘဲတဲ့။ ဒို-လူသား၊ အပန်းလွှာ(င)မှာ ရှိတဲ့ စကားနဲ့ ဖေါ်ပြပြီး ယခု စကားနဲ့ သင် လူသား ဆက်ကြည့်စမ်း။ အကယ်၍ ဘဝမပြတ်ဘဲ၊ နောက်တထပ် အသစ်ဘဝ၌ သင် လူသားဖြစ်ရသော်-လူမှတပါး အခြား ဘာမှ ဖြစ်ဘူးဆိုတဲ့ အဓိပ္ပါယ်ကို လွယ်လွယ်နဲ့ သိမှာဘဲ။ ကဲ-ကြည့်လေ။ လူသား၊ နောက်နားက အပန်းလွှာ(င)အမှတ် စာမျက်နှာမှာ ဘာကို ဆိုတယ်။ ဪ-

အကယ်စင်စစ် ဖြစ်ခွင့်ဖြစ်စရာ ဖြစ်ဖို့အလားအလာများ ယှိခဲ့သေးလျှင်-လူမှတပါး အခြားဘာမှဖြစ်စရာလဲမယှိတဲ့လား၊ အေး အဲဒီစကားဟာ ရှင်ဥက္ကဋ္ဌ တို့ရဲ့-ဝေ့လို့မရတဲ့ သံသယစကားဘဲ- အဲဒီ စကားဟာ လူသေတိုင်းလျှင် အခြားဘာမှမဖြစ်တော့ဘူးလို့ ဦးဦးဖျားဖျား ဆိုတဲ့ စကားကိုမှန်များမှ မှန်ပါ့မလားလို့- သံသယ ဖြစ်သွားပြန်သဖြင့်—အကယ်စင်စစ် ဖြစ်စရာဖြစ်ဖို့အလား အလာများ ရှိခဲ့သေးလျှင်—လူမှတပါး အခြားဘာမှ ဖြစ်စရာလဲ—မရှိဘူး လူသာလျှင်ပြန်ပြီးဖြစ်တန်ရာသေးရဲ့လို့ ပြန်ခုပ်တဲ့ စကားဘဲ အဲဒီ စကားကိုမှ-ဟုတ်ပဟ မှန်ပဟ နဲ့—ဟုံကျပြီထင်ပြီး—စာမျက်နှာနံပါတ်(၃၄၉)တွင်......

လူသားသည်သေပြီးနောက်၌ ဆက်လက်၍ ဖြစ်ရဦး မည်ဆိုလျှင်လူမှတပါးအခြားသော သတ္တဝါအဖြစ်သို့ မရောက်နိုင် လို့ သို့ကလို အမွှန်းတင်ထားတယ် အဲ့ဒီလို အမွှန်းတင်ပြီးထားတဲ့ နိဂုံးချုပ်စကားမှာပင် ဖြစ်ရဦး မည်ဆိုလျှင် ဆိုတဲ့ သံသယ စကားက မှန်မှ မှန်ပမလား ဆိုတဲ့ အဓိပ္ပါယ်ဟာ ချိပ်တွယ်ပြီး ပါနေသေးတယ်၊ အင်း ရှင်ဥက္ကဋ္ဌ တို့ဟာ ပညာရှိပေါင်း အများတို့ထက် တတ်သိရောင် ဝါကြွားပြီး စကားအလုံးတွေ သူတို့ကွန့်ပေမယ့် ကိုရင်ညွန့် ရေစက်ချတော့ ဘေသဇ္ဇဂုရုလကို ဆေးလိပ်ခဲဆိုသကဲ့သို့ ရဲရဲကြီးမဆိုဝံ့ဘူး မောင်ထွန်းညွန့် စကားမှားတော့ တပါးဟား အရယ်ခံရသလို ဘယ်ဟံကျမလဲ လူသားရဲ့ ပုန္နိပ် ပြောခဲ့တဲ့ ဇီးတောရွာမှာ ထွန်းညွန့် ဆိုတဲ့ စာရေးဆရာ တယောက်ရှိတယ် စာရေး ဆရာဆိုတော့ ဇာတ်,ကသွားတဲ့အခါမှာ အတော်ကလေးပါဝါရှိသပေါ့-တနေ့ကျတော့ "ဖအိုင်းစေတုပ္ပရာ"ကဥ္ပါးလို့ မင်းသား, မင်းသမီး,စသည့်တို့နှင့်တကွ ဇာတ်အက သွားကြရော-ညအခါရောက်တော့ ဇာတ် ကောက်ပြီး ကကြတာကိုး အဲဒီလို,ကကြတော့, သည်နေရာ, သည်ဌာနမှာ, ပွဲဦးဦးအစမို့ ငါ့အစွမ်းပြလိုက်မယ်ဆိုပြီး, ဟို .... ရေးက မလုပ်ဘူးသေးတဲ့အလုပ်နဲ့ "ထွန်းညွန့်"က ရှင်ဘုရင် လုပ်တယ် ဂုံအိပ်ရုတ်တွေခင်းပြီး ပုလင်းကွဲတွေ,ကော်နဲ့ ကပ်လို့ရို့ ညစ်ညစ်,ပတ်ပတ်,စိမ့်တဲ့ သိဟာသနံ, ပလွှင်ပျံ့,က ဘုရင့်,အသံနဲ့ ခေါ်လိုက်တယ် ဘယ်လိုခေါ်

သလဲဆိုတော့ "တပါးမယ်ပျို့, ခါးလယ်, ကို တို့ လိုက်
တော့ ယား့တယ်လို့ဆို၊ အမေရိကန့်လေထီမခံတဲ့ လန်
ဒန့်သူ့အမတ်မင်းတို့" လို့ အဲဒီလို့ခေါ်လိုက်တယ်-အဲဒီလို့
ခေါ်လိုက်တော့အမျှော်စိုက်နေတဲ့ ပွဲကြည့်တွေဟာ အချို့
မှာလဲ, မသိရှာသေးဘူး–သိကြတဲ့သူများအတွက်ကတော့
"အင်း..... လူပျက်ကအငြိမ့်မင်းသွီး့ကို–စ တင်ပြီး ခေါ်တဲ့
စကားတောင်, အလွဲလွဲ, အမှားမှား့နဲ့–ရှင်ဘုရင်, စကား
လုပ်သကိုး" လို့ လက်ကုပ်ပြီး ရယ်ကြတယ် နားမလယ်
တဲ့လူများကလဲ, "အဲ တယ်ဟုတ်ပါလား, ရှင်ဘုရင်,
စကားကို ဒီလိုယဉ်ယဉ်, ကျေးကျေး့ပြောတာ တခါမှ
မကြားဘူးသေးဘူး" လို့ အဲဒီလိုချီးကျူးကြတယ် အဲဒီလို
ချီးကျူးစဲမှာပင် ရှင်ဘုရင့်ထွန်းညွန့်က တိုင်းပြည်ကြီး,
တည်ပြပြီး ဓာတ်ပနက်သဲ ချလိုက်တာကိုး ဘယ်လို
ချလိုက်သလဲလို့ဆိုတော့ "မဟာ သူ ကောင်း တော်ကြီး
များ(ဘုရား) ကျွန်ုပ်ကတော့ ကျောက်ချဉ်ဂါမဏိတိုင်း
ပြည်ရှင်-ဘုရင်, အနူ့, အယား့ထတဲ့ မင်းကိုး အမတ်ကြီး
များရဲ့" လို့ – သိကလို့ ပနက်သဲချလိုက်တယ် အဲဒီလို့
ပနက်သဲ့ချလိုက်တော့ ပွဲ ကြည့် တဲ့ လူအချို့က "ဟ-
ကျောက်ချဉ်ဂါမဏိ" ရယ်လို့ တို့မကြားပါဘူး "ဒုဋ္ဌာဂါ
မဏိ" လို့သာကြားဘူးပါတယ် အဲဒီ......ဒုဋ္ဌာဂါမဏိ့ ဆို
တာလဲ တိုင်း ပြည် မဟုတ် ပါဘူး ရှင်ဘုရင်ရဲ့အမည်ပါ
ပြီးတော့ . အနူ့အယား့ထတဲ့မင်းလို့လဲ မကြားဘူးပါ
ဘူး အနုရာဓပြည်လို့သာကြားဘူးပါတယ့်နဲ့ အသွယ်

သွယ်,အဝဝ,သူဇပြောကြ,ငါပြောကြနှင့် ပရိသာထ်ကြီးက ပွပွ,ပွပွဖြစ်ပြီးလာတယ် အဲဒီအခါကျတော့မှ'ထွန်းညွန့်' က သတိရပြီး "အေ ဟုတ်ဖူး ဟုတ်ဖူး အေ–ဟုတ်တယ် ဟုတ်တယ်, အေ ဟုတ်ဖူး,ဟုတ်တယ်, အေ ဟုတ်တတ်,ဟုတ်တယ်နဲ့ဘဲ လူ တွေ က ဗိုင်းရယ်တော့-ကားႆ,ကူယ်သို့ဝင်ပြေးရော အင်း .. "ရှင်ဥက္ကဌ"တို့ရေး တဲ့စာမှာလဲ အပန်းသွာ(ခ)မှာ လာတာက "ဘ ဝ ဖြတ်တယ်" အပန်းသွာ(င)နဲ့ စာမျက်နှာ (၃၆၉)မှာ လာတာ က "ဘဝဟာမဖြတ်ဖူး လူဘဝကသေလျှင် လူ့ဘဝသို့ ပင်ပြန်ကူးတယ်)နဲ့ အေ ဟုတ်ဖူး ဟုတ်တယ် အေ ဟုတ်တယ် ဟုတ်တယ်၊ အေ......ဟုတ်ဖူး ဟုတ်ဖူး၊ အေ ဟုတ်တယ် ဟုတ်တယ်" ဆိုတော့ ထိတ် ပြီး ရယ် စ ရာ ကောင်း နေ တယ် "မောင် ထွန်း ညွန့်" ကား,,ကွယ်ပြီး လူရယ်သံတွေကြောင့်ပြေးသလို (ရှင်ဥက္ကဌ)တို့လဲ–ကား ကွယ်ပြီး လူရယ်သံတွေကြောင့် ပြေးလို့မို့ အေးအေး ကလေးနေဘို့သင့်တယ် အင်း ... ပြော ခွင့် က ဆိုက်လေ တော့ ပြောလိုက်ရဦးမယ်လူသားရေ့ အဲဒီလို တဝဖြတ်တယ် လို့ ထင် မှတ်ပြီး ယူကြတဲ့ ရပ်ဝါဒအယူများကို အထက်ဖေါ်ပြပါစကားများအရ (ရှင်ဥက္ကဌ)တို့လဲ သဘောကျတယ်လို့ပြောပြခဲ့တဲ့ ကျွန်ုပ်စကားကို ထင်ရှားအောင် ထပ်ပြောမယ် ဟောလေ လူသား ကျွန်ုပ်ရဲ့ အနီး အနား ကိုကပ် ကျွန်ုပ်ဖတ်ပြတာကိုကြည့် ဗိဗိ စပ် စပ်နဲ့ ကျေနပ်အောင်နားတင် သင်ကိုယ်တိုင်မမြင်တော့ ကျွန်ုပ်ကပင်

မဟုတ်မမှန်တာတွေကို လုပ်ကြံပြီးဖတ်တယ်လို့ စွဲမှတ်တဲ့အထင်နဲ့ သင်ယုံခြင်မှယုံမှာ လာလာ ဒီအနားကိုကပ်သင့်ရှေ့မှာဖတ်မယ် ဟောဒါ နံ ပါတ် ဘယ် လောက် လဲ အဲ -(၇၂) ဟုတ်ပြီ အဲဒီ (၇၂) စာမျက်နှာ အ ထက် က ရောက်ပြီးအောက်ကိုကြည့်လာတော့ စာ ကြောင်း ရေ တဆယ့်သုံးမှာ—

အဘိတ်ကိုပြန်လှန်၍—တွေးတောပြီး ဆွေးမနေကြကုန်လင့်—အ ကြောင်း မူ ကား- အ တိဘ် ဆို တာကြော်သွန်သွားပြီဖြစ်ခြင်းကြောင့် ဘာမျှ အသုံးမဝင်သောကြောင့်တည်း အ နာ ဂါဘ် ဆို တာလည်း-မျှော်ကိုး၍မနေကြကုန်ရာ၊အဘသို့ကြောင့်နည်း အနာဂါတ်သဘောဆိုတာ အသုံးကျဖို့ နေနေ သာသာဖြစ်ကိုမဖြစ်ရ (ဝါ) ယှဉ် ကို ပင် မယှဉ်ရသေးသောကြောင့်တည်း- တဲ့ လူသားရဲ့ ကဲဒီဘဝ

မှာဘဲ အဆုံးသတ်လို့ ဒီဘဝတွင်ဘဲ ပြတ်ပြီး အနာဂါတ်ဘဝ ဆိုတာ ရှိကိုမှ မရှိဘူးဆိုတော့ အဲ ဟိုနောက်နားကဘဝပြတ်တယ်ဆိုတဲ့စကားနဲ့ တ ထပ် ထဲ ကျ မသွားပါလား အို လူသား အဲဒီယခုဖော်ပြတဲ့စကားထဲမှာ "ယှဉ်ကိုပင် မယှဉ်ရသေးသောကြောင့်တည်း" ဆိုတဲ့စကားကိုသင်လူသားစဉ်းစားစမ်း အဲဒီစကားတို့တွင် "သေး"ဆိုတဲ့စကားကလေးကို သင်လူ သား မြင် တယ် နော် အဲဒီ

"သေး" ဆိုတဲ့စကားကလေးကို ဒီလိုလဲတွေးနိုင်တယ်-ဘယ် လို တွေး နိုင် သ လဲ ဆို တော့ အဲ ဟို နောင် ဘ ဝ အနာဂါတ်ကာလဟာ အရှင်းမရှိဘူးလို့ဆိုတာမဟုတ်ပါဘူး အမှန်ကိုဆိုမှာက အနာဂါတ်ကာလသို့ မရောက်ရသေးတဲ့အတွက် အဆက်မရသေးတာကို မျှော်တွေးပြီး-"မယှဉ်ကိုပင် မယှဉ်ရသေး"ဟု အဲဒီလိုရေးဒါဘဲလို့တွေးမယ်ဆိုလျှင်လဲ တွေး နိုင် တယ်။ တကယ်အစစ်ကတော့ အဲဒီအတွေးမဖြစ်နိုင်ဘူး။ ဘယ် အ တွက် မ ဖြစ် နိုင် သ လဲ ဆိုတော့-

ကမ္ဗဝါဒသည် ပုခက်နှင့် ခေါင်းအကြားတွင်သာ ကျက်စားကြောင်းကို အပြတ်အသတ် မှတ်ယူအပ်လေသည်၊ လုပ်တိုင်း ကုန်း၏၊ ဟိုမှာဘက်၌ယှဉ်သည်ဟူ၍ လက်ညှိုးထိုးကာ၊ ညွှန်ပြအပ်သော မနောဇ္ဇါရ တိုက်တွက်၊ အနူမာနများကို ပက်ပက်စက်စက် တိုက်ဖျက်ပစ်ရန် မှချလိုလားအပ်လေသည်-လို့ ---

စာမျက်နှာ(၅၇)မှာ ဆိုထားတဲ့အတွက် မဖြစ်နိုင်ဘူး။ ကြည့်ဦးလေ-လူသား၊ သင် မြင်တယ်မဟုတ်လား။ အဲ-မြင်တယ်နော်၊ အဲဒီစကားရဲ့ အဓိပ္ပါယ်က ကု သိုလ် ကံ၊ အကုသိုလ်ကံတို့၏အကျိုးကို မျှော် ကိုး ယုံ ကြည် ကြ တဲ့ ကမ္ဗဝါဒဟာ မိခင်က မွေးဖွားပြီး၊ ပုခက်နဲ့ ခေါင်းအကြားတွင်သာ ကျက်စားတယ်တဲ့။ (ဝါ)-မွေးဖွားပြီးတဲ့နောက်၊ လူသေကောင် ထည့်သွင်းတဲ့ခေါင်းအတွင်းသို့မရောက်ခင်၊

ပုခက်နဲ့ ခင်းရဲ့ အကြား လောက် မှာ သာ ကျက်စား တယ်တဲ့။ အဲဒါကို လေးလေးနက်နက်နဲ့ ကမ္မဝါဒ တွေ ပျက်အောင် ပက်ပက်စက်စက် မှတ်ယူထားပါတဲ့။ အဲဒီ ဘဝရှိတယ်လို့ သင်းချိုင်းဆိုတဲ့ လုပ်တိုင်း ကုန်း၏။ ဟို ဘက်သို့ လက်ညှိုးထိုးပြပြီး၊ ကောင်းကျိုး၊ ဆိုးကျိုး ကို ရလိမ့်မယ်ဆိုတဲ့ ကမ္မဝါဒဟာ မ နော နှါ ရ တိုက် တွက် အနုမာန ကြီးသချက်ဘဲတဲ့။ (ဝါ)စိတ်ဆိုတဲ့ တိုက်အိမ်မှ ဟိုဘက်ဘဝကို ကြည့်ဆိုပြီး၊ မရှိတာကို လက်ညှိုးထိုးပြ တဲ့ အနုမာန ကြီး စည်လုံး ဘဲ တဲ့။ အဲဒီလို ကုသိုလ်ကံ၊ အကုသိုလ်ကံရှိတယ်၊ ဒီဘဝက ကုသိုလ်ကံကို ပြုလုပ်မှ ဟို-နောင်ဘဝကျတော့ ကောင်း ကျိုး ကို ရ လိမ့် မယ်၊ ဒီဘဝက အကုသိုလ်ကံပြုကြလျှင်၊ ဟို-နောင် ဘ ဝ ကျ တော့ မကောင်းကျိုးကို ရလိမ့်မယ်လို့ ထင်မှတ်ပြီးနေကြ တဲ့ အနုမာန ကြီးတွေးလုံးတွေကို သုံးကို မသုံးကြနဲ့၊ အဲဒီ ကြီးတွေးလုံးတွေပျက်အောင်၊ပက်ပက်စက်စက်ကြီး တိုက် ဖျက်ပြီး ပစ်ရမယ်လို့ဆိုတာဘဲ။ အဒိ လူသား၊ အဲဒီ ကုသိုလ်ကံ၊ အကုသိုလ်ကံဆိုတာ အမှန်ကို မရှိဘူးဆိုတဲ့ စကား၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးများကို ခံစားတဲ့ နာမ်တရားဆိုတာလဲ အရှင်းသားမရှိဘူးဆိုတဲ့ စကားတို့ကို ဘုရားက ဟောသကဲ့သို့၊ ပြောချင်ရာပြော၊ ရေးချင်ရာရေး၊ ပညာရှိမှန်သူ တွေးလျှင်၊ နဲနဲကလေးမျှ အဓိပ္ပါယ်မရှိတဲ့ပါဠိကို ထုတ်ပြတယ်။ စာအုပ်ရဲ့ စာမျက် နှာ(၆၆)နှင့်(၆၇)မှာ သေသေချာချာ ကြည့်စမ်း-

ကမ္ဗသဃကာ ရကောနတ္ထိ၊
ဝိပါကဿစ ဝေဒကော၊
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊
ဧဝေတံ သမ္မဒဿနံ၊

တဲ့၊ လူသား၏၊ အဲဒီနောက်နားက-

ပြုသူကာရက အဲတ္တမထင်၊
ခံသူဝေဒက အတ္တမယှဉ်၊
ပြု၊ ခံ ကြောင်း၊ ကျိုး၊ လှည့်ရိုးစက်တွင်၊
ရုပ်ဝါတ်သက် ဆက်၍ လည်မြဲပင်၊

တဲ့၊ လူသား၏၊ အဲဒီပါဠိနဲ့ အဲဒီလင်္ကာရဲ့ အဓိပ္ပါယ်သွားကတော့ ကံဆိုတဲ့စကားကို ထားလိုက်ပါဦးတဲ့ အဲဒီကံကို ပြုလုပ်တဲ့ လူသားတောင် အရှင်းသားမရှိဘူးတဲ့။ ပြီးတော့ အဲဒီကံရဲ့ အကျိုးတရားကို ခံစားမည့်ဝေဒကဆိုတဲ့ နာမ်တရားလဲ မရှိဘူးတဲ့၊ ပြုတဲ့ အကြောင်းတရား၊ ခံတဲ့အကျိုးတရားဆိုတာ ရုပ်တရားသာ ဖြစ်တယ်တဲ့၊ (ဝါ) ရုပ်သာ လျှင် ရှိတယ်တဲ့၊ ကဲ- ကြည့်လေ-လူသား၊ ရုပ်တရားသာ ရှိတယ်ဆိုတော့ ရုပ်ကိုယ်ကြီးသေပြီး၊ မြေကြီးဖြစ်တော့ မဆုံးလား၊ ဘယ်ကိုမှ ထမသွားဘူး၊ အေး-အဲဒီလို ထ, မသွားဘဲ၊ လူသေကောင် ကိုယ်ရုပ်ကို မြေ မြှုပ် ပြီး ထား လိုက်လျှင် မြေကြီးဖြစ်သွားတော့ ဆုံးသဖြင့်၊ဘဝတုံးပြီး၊ ဘဝပြတ်ပြီလို့ အဲဒီလို ယူမှတ်ကြတာကို ရုပ် ဝါဒ လို့

ခေါ်ဆိုထယ်။ ဒို-လူသား၊ သူ တို့ ရဲ့ အဆက် စကား ကလေးကို ထင်ရှားအောင် ကြည့်စမ်းပါ။ စာ မျက် နှာ (၆၇)မှာလေ-

ဟူသော ဒေသနာ၌အကျိုးဝင်လျက်ယှဉ်သည်၊ ဆိုလို ရင်းမှာ ကံကို ပြုလုပ်တတ်သူ၊ ကာရကပုဂ္ဂိုလ်(ဝါ)အဖြစ် မယှဉ်၊ ထို့ပြင် ထိုကံ၏အကျိုးဝိပါကကို ခံစားသူ ဝေဒက ပုဂ္ဂိုလ်ဟူ၍မယှဉ်။ အယှဉ်သော်တမူကား၊ ရုပ်တ ရား သာ ဖြစ်၏တဲ့။

ကဲ-သိပြီလား၊ လူသား တို့ဘုရားဟောကြားတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတရားတွေကို ပယ်ရှားပြီး၊ အဲဒီကံတရားတို့ကို ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်များလဲမရှိ၊ အဲဒီကံတရားတို့ရဲ့ အကျိုးတရားတို့ကို ခံ စား တတ် တဲ့ ပုဂ္ဂိုလ်များလဲမရှိ၊ ရုပ်သာ လျှင် ရှိတယ်လို့ တိတိကျကျ ဆိုထားတော့၊ ထိုစကားများအရ "ရှင် ဥ ဣ ဋ္ဌ" တို့ဟာ ဒီရုပ်ကောင်သေသွားပါလျှင် ဒီဘဝမှာပင် အဆုံးသတ်ပြီး၊ ဒီဘဝမှာသာ ပြတ်တယ်လို့ ထင်မှတ်ပြောဆိုရာကျတယ်။ အဘယ်ကြောင့်လဲဆိုလျှင် မြင်ရတဲ့ ရုပ်ကြီးသာ အဟုတ် တကယ်ရှိတယ်၊ မမြင်ရတဲ့ နာမ်ဟာ ဧကန္တ မရှိဘူးလို့ ဆိုထားတာကိုး။ အဲဒီနာမ်မရှိက နောင်ဘဝသို့ကူးဖြစ်ခြင်း အထူး ဘာမျှမကျန်တော့ဘူး။ ရုပ်ကြီးက မကူးတာကို တော့ မြေကြီးကို တူးကြည့်က မကူးကြောင်း သိနိုင် တယ်၊ ဒို-လူသား၊ အဲဒီ အဆိုပါ ပါဠိများကို ဘုရားက ဘာထုတ်တယ်လို့ သူတို့ရဲ့စာအုပ်မှာ သေသေချာချာ

ရေးထုတ်ထားတယ်။ ကွန်ုပ်ကား၊ ဘုရားကိုယ်တိုင် ဟော ထားတဲ့ အဲဒီပါဠိများကို သတိမေ့လို့လားတော့ မသိ၊ မတွေ့မိပေ။ "ရှင်ဗုဒ္ဓဟောသော"ရေးသော ဝိသုဒ္ဓိမဂ်၊ အဋ္ဌ ကထာမှာကား၊ ထင်ရှားစွာ တွေ့ပေ၏။ အဲဒီ ဝိသုဒ္ဓိမဂ်မှာ ရှိတဲ့ ပါဠိများမှာလဲ အဖျားနားမှာရှိတဲ့ ပါဠိက သုတ္တံပါဠိ လို မရှိဘူး။ ကဲ-ကြည့်လေ-လူသား၊ ဟောဒါ ဝိသုဒ္ဓိမဂ် စာအုပ်ပေါ့။ ရော့..... စာမျက်နှာနံပါတ်(၁၉၅)ကို လှန် လိုက်စမ်း-မှန်း-ကွန်ုပ်ဖတ်မယ်၊ ဟော-

ကမ္မံ သကာရကော နတ္ထိ၊
ဝိပါကဿ စ ဝေဒကော တဲ့၊
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊

ဧဝေ တံ သမ္မဒဿနံ တဲ့။ လူသားရဲ့၊ ကဲ ဘယ့်နှယ် လဲ သုတ္တံပါဠိနဲ့ လွဲမနေဘူးလား။ သုတ္တံပါဠိရဲ့အဖျားပိုဒ် က "ပေယျ ံ သံသာရ ပဗ္ဗယာ"တဲ့။ ဝိသုဒ္ဓိမဂ် ပါဠိအဖျား ပိုဒ်က "ဧဝေတံ သမ္မဒဿနံ"တဲ့။ တန်တော့ လူသား၊ အမှန်ကို စဉ်းစားလျှင် ကိုရင်ကြီးမောင်ညွှန့် ဝါးသလို "ဘေသဇ္ဇမဉ္ဇူ"နဲ့ ရေစက်ချထားပြန်ပြီထင်တယ်။ အင်း— ဘယ်လိုဘဲ ဝါးဝါး၊ ဘေသဇ္ဇမဉ္ဇူနဲ့ အဂ္ဂိဗိယလို ဘယ်လို ဘဲ ရေစက်ချပြီး ထားထား၊ အဲဒီပါဠိရဲ့ အဓိပ္ပါယ်စကားက အကြောင်းကံကို ပြုလုပ်တတ်သော ငါမရှိ၊သူမရှိ၊ ပုဂ္ဂိုလ် မရှိ လူ နတ် ဗြဟ္မာ သတ္တဝါမရှိ။ အကျိုးဝိပါက်ကိုခံစား တတ်တဲ့ ငါမရှိသူမရှိ ပုဂ္ဂိုလ်မရှိလူနတ်ဗြဟ္မာသတ္တဝါမရှိ သက်သက်သော အကြောင်းအကျိုးတို့သာဖြစ်ပြီးနေကြဒါ

ဘဲလို့ အဲဒီလိုသိခြင်းဟာ အမှန်ကိုသိခြင်းဘဲလို့ဆိုဒါပါ'တနည်း'ပြောရလျှင် အကြောင်းကံကိုလုပ်တာကို့ငါမှတ်နဲ့ သူမှတ်နဲ့ လူနတ်ပြဟ္မာသတ္တဝါမှတ်နဲ့ အကြောင်းအကျိုးမှုမှတ်လို့ ဝိပဿနာလုပ်သူတွေကို ငါပြုတ်အောင်ပြတဲ့ ပါဠိပါ ရှပ်သာလျှင် ရှိတယ်လို့ သူတို့ရေးတဲ့ ပါဠိမှာလဲ မပါဘူး။ ဝိသုဒ္ဓိမဂ်ပါဠိမှာလဲ မပါဘူး။ အဲဒါကို ကိုယ်လိုရာကိုယ် ဆွဲပြီး၊ သူတို့ရဲ့ရုပ်ဝါဒကို ဘုရားကဘဲ ယူသလိုလို၊ ဘုရားကဘဲ ဟောသလိုလို၊ အကြောင်းကို လုပ်သူလဲ မရှိဘူး။ အကျိုးကို ခံစားသူလဲ မရှိဘူး။ ရုပ်သာလျှင် ရှိတယ်လို့ သူတို့၏ အနုမာနဖြင့် "ဘောသတ္တရုဋ္ဌ"ကို ရေစက်ချပြတာဘဲ။ ကဲ-လူသား အဲဒီ ပါဠိရဲ့ အဓိပ္ပါယ်သွားတို့ကို ထင်ရှားအောင် ရေးထုတ်လျှင် ကွန်ုပ်မှာရှိတဲ့ ငွေကလေးသာ ပြုတ်ပြီး၊ ကွန်ုပ်၏အလိုပြေးမြောက်ဘဲ "လူသေတိုင်း လူမဖြစ်" သို့မရောက်တော့ဘဲ နေလိမ့်မယ်။ နောက်တခါ ရေးထုတ်မည့်-

ဒါမှား ဒါမှန်ဟု ဝေဘန်ပြီး ပြမည်ဖြစ်သော

**ဒိဋ္ဌိဝါဒဝိနိစ္ဆယကျမ်းနှင့် နိဗ္ဗာနမဂ္ဂဒီပကကျမ်း**

စာအုပ်ကျတော့ ကွက်ကွက်ကွင်းကွင်းနဲ့ ရှင်းရှင်းကြီးသိရပါလိမ့်မယ်။

အို-လူသား "ရှင်ဥတ္တမ" တို့ရဲ့စကား၊ "ရှင်ဥတ္တမ" တို့ရဲ့ အရေးအသားတို့မှာ ရုပ်ကိုသာ ပဓါနထားပြီး ရုပ်မှတပါးတွေးတတ်၊ ဝေဘန်တတ်၊ ကြံစည်တတ်၊ သိတတ်၊ ခံစား

တတ်သော နာမ်တရားလို့ တခြား ဘာမျှမရှိဟူ၍၊ တိပိဋကျ ကျမ်းဖေါ်ပြရေးပြောပြီး ထားတယ်။ ဒီမယ်လေ-လူသား စာမျက်နှာ(၆၄)မှာ ပါရှိတဲ့ စကားကို သင် လူသား ဖတ်စမ်းပါ။ ကြည့်......

အမှန်မှာ-ပြုလုပ်သူ (ကာရက) သည် ရုပ်တုံးရုပ်ခဲ့ အစစ်မှချဖြစ်၏၊ သို့ရင် ခံစားသူ(ဝေဒက) ကောဘာသဘောဖြစ်ရမည်နည်း ၎င်းလည်း ရုပ်သဘာဝပင်ကြေနှံ့ဖြစ်ရပေမည်......တဲ့လား။

အေး-အဲဒီစကား ကတော့-အထူးလင်းပါးရန်မလိုဘူး-ရုပ်မှတပါး-အခြားဘာမှမရှိဘူးဆိုတာဘဲ-ကဲ-အဲဒီအောက်ကစါကြောင်းရေ(၆)ကို-နှောင်ထပ်ပြီးဖတ်စမ်းပါဦး ကြည့်

၎င်းအချက်ကို- လေးလေး နက်နက် သဘော သက်ဝင်ခဲ့လျှင် ရုပ် ဓါတ် အ စစ်ကြီး ဖြစ် သော မြေ ပြု တောင့် ကြီး ဖြင့် ရုပ်ပြင် အစစ်တကယ်ဖြစ်သော သင်ပုံးပေါ်မှာသာ စာရေး၍ထင်နိုင်သည်တဲ့လား-

အင်း-အဲ ဒီ စ ကား က တော့-သင် လူ သား ရှင်းသွားအောင် - လင်း ပါး ရ မည့် စ ကား ဘဲ- မြေ ပြု တောင့် ကြီးနဲ့ - သင် ပုံ ပေါ် မှာ စာ ရေး လို့ ထင် တာ တော့ သင်လူသားသိပြီးပါ-သူပြောပြီးနေစရာမလိုဘူး- သို့သော် သူပြောလိုတာက- ဒါမဟုတ်ဘူး- အထူးစကားပါတယ် ဘာပါသလဲလို့ ဆိုတော့-ဟို- အထက်နားက ရုပ်မှတပါး

အခြားဘာမှ မရှိဘူး ဆိုတဲ့-စကားကို-လေးလေးနက်နက်နဲ့- သဘောသက်ဝင်ပြီး ထားပါလျှင်- ရုပ် အစစ်ဖြစ်တဲ့ မြေမှုန့်ဘောင့်ဖြင့်- ရုပ် အစစ်ဖြစ်တဲ့-သင်ပုံး အပြင်မှာရေးမှသာ ရုပ်အစစ်ဖြစ်တဲ့-စာလုံးကလေးများထင်ကြောင်းကို ကောင်းကောင်းကြီး မြင်လိမ့်မယ်တဲ့-အဲဒီမြေမှုန့်ရယ် သင်ပုံးရယ် စာလုံးရယ် ထိုသုံးမျိုးထဲမှာ နာမ်ဆိုတဲ့-စိတ်များ ပါသလားတဲ့- ဆိုလိုရင်းစကား ကတော့- လူသားရယ် နာမ်ဆိုတာ အသာကား—ရုပ် ပေါ်မှာ ရုပ်ကရေးလို့-ရုပ်စာလုံးကလေးများဖြစ်သွားတာတဲ့-အို-လူသား—သူတို့လို အကပ်စကားပြောရလျှင်—အဲဒီသူတို့ ရေးသားပြောဆိုပြီး သွားတဲ့-စကားထဲမှာ ရေးတဲ့လူ မပါသေးပါကလား-ရေးတဲ့လူမရှိဘဲ-အဲဒီ မြေမှုန့်နဲ့ ဘော သင်ပုံးက— ဘယ်လိုမှ စာလုံးကလေးတွေ မရေးနိုင်ဘူး - ရေးနိုင်ပါမလား လူသားရဲ့-ကဲကဲ—လူသား-သူတို့ရဲ့ စကားထဲက—ဖြင့် ဟုသောစကားဖြင့်- လူရေးတယ်ထားပါတော့- စိတ်ဆိုတဲ့ ဝိညာဏ် နာမ်ဆိုတာမရှိလျှင်- လူသေကောင်ရုပ်ကြီးက ရေးရမှန်းသိပါ့မလား၊အဲမသိလျှင်မရေးမရေးလျှင်အဲဒီရုပ်စာလုံးကလေးတွေမဖြစ် အစစ်ကိုပြောရလျှင်- ဟောထေ လူသား နာမ်အရှင်ကောင်းမဲ့သွားလျှင်-သင်လူသား-ရုပ်တုံးကြီးဟာဘာသုံးမျှ မကျဘူး—အဲ-ဘာသုံးမျှ မကျတဲ့အပြင် လေး ငါးရက်ကြာလာလျှင်-မြင်တောင်မှ မမြင်ခြင်ဘဲ အနံ့ကိုမျှ မခံခြင်ဘဲ-တစပြင် လုတ်တိုင်း သင်္ချိုင်းမှာ မြေမြှုတ်လို့-လူသေ ရုပ်ကြီးကို စွန့်ကြတယ်-သိတတ်တဲ့ နာမ်

မရှိမှဖြင့်- ရုပ်ကြီးကထပြီး–ဘာစာလုံးကိုမှ မရေးနိုင်ဘူး ဘယ်စာလုံးမှလဲ မဖြစ်နိုင်ဘူးဆိုတာ-တထစ်ကျ မှတ်ထား သင်လူသားသိပြီးသားပါ-အင်း–ဟောဒီ စာမျက်နှာ(၆၅) မှာ ...

စိတ်ကူးဖြစ်သော သင်ပုံးကြီးပေါ်တွင်- ရုပ်တုံး ဖြစ်သောမြေဖြူကို- တင်ပြီးလျှင်- လပေါင်း– နှစ် ပေါင်း– လွန်ကြာသြှာင်းအောင် ရေး ဆွဲ နေ စေ ကာ-မျဉ်းတကြောင်း (ဝါ) စာတလုံး- ပေါ်ထွက် လာလိမ့်မည်ဟူ၍-မမျှော်လင့်နိုင်ချေ-တဲ့–

လူသားရေ ဒီနေရာမှာ "ရှင်ဥက္ကဋ္ဌ" တို့ဟာ နာမ် နဲ့ ပဲ စိတ် ကူး ပြီး ရုပ် သင် ပုံး ကြီး ဖြစ် ပေါ် နေ ပြန် ပြီ နာမ်ဆိုတာ အရှင်းမရှိဘူးလို့-ဦးဦးက သူတို့ပြောတယ် ဟော ယခုတော့ စိတ်ကူးဖြစ်သော တဲ့-လူသားရဲ့ အဲဒီ စိတ်ကူးဟာ-နာမ် ပဲ မဟုတ်ပါလား-အေး- ဒီတော့ အဲဒီ ရှင်ဥက္ကဋ္ဌ တို့ရဲ့ စကားကို–အမှန်အတိုင်း စဉ်းစားလျှင် နာမ် တရားနဲ့ တွေးမျှော်ပြီးမှ ရုပ် သင်ပုံးကြီးပေါ်လာတာ ပေါ့–စိတ်ဆိုတဲ့ နာမ် တရားကို မရှိအောင် ပယ်ရှားထားခဲ့ လျှင် လူသားရဲ့ စိတ်ထဲမှာ ဒီသင်ပုံးကြီး ပေါ်လာနိုင်ပါ့မ လား အဲ မပေါ်နိုင်ဘူး အဲဒီလိုမပေါ်နိုင်မှု သူတို့တွေပြော ကြားထားတဲ့ စိတ်ဆိုတဲ့ နာမ်တရားဟာ အရှင်းကိုမရှိဘူး ဆိုတဲ့စကား နာမ်ဆိုတဲ့တရားလုံးဟာ ဘာသုံးမှမကျဘူး ဆိုတဲ့စကား ရုပ်နဲ့ ရုပ်ကို ရေးသားမှသာ ရုပ် စာလုံးများ

ဖြစ်ပေါ်လာနိုင်တယ်ဆိုတဲ့ စကားတွေဟာ မှားနေတာ ပေါ့ လူ့သားရဲ့ ဒို-လူသား အဲဒီလို စိတ်ကူးနဲ့ တွေး မျှော်လို့ ဖြစ်ပေါ်လာတဲ့ ထင်လုံးဟာလဲ သင်ပုံးအစစ်မ ဟုတ် ရုပ် အစစ်မပြောရဘူး သဘောမျှသာ ဖြစ်တယ် အေး-အဲဒီ လို သဘောမျှကိုတော့ မနော ဆိုတဲ့ စိတ်က အရိပ် အယောင်မျှ ထင်နိုင်တယ် သူတို့ပြောတဲ့ စကား မယ် စိတ်ကူးဖြစ်သော သင်ပုံးကြီးပေါ်တွင် ရုပ်တုံးဖြစ် သော မြေဖြူကို တင်ပြီးလျှင် ဘယ်လောက်ကြာအောင် ပင် ရေး ရေး ရုပ် စာလုံးကလေးများ မပေါ်နိုင် မထင်နိုင် ဘူးလို့ ဆိုထားတယ် အဲဒီစကားမှာ အရေးခံရမယ့် သင် ပုံး ဟာက စိတ်ကူးထား တဲ့ သင်ပုံးသာ ဖြစ်ရမယ် တဲ့ ရေးတဲ့ မြေဖြူကတော့ တကယ် မြေဖြူအစစ်ဖြစ်ရမယ်တဲ့ အဲဒီ ရုပ် တည်းဟူသော မြေဖြူအစစ်နဲ့ စိတ်ကူးပြီး မြင်တဲ့ ထင်ရုံ သင်ပုံး မှာ စာလုံးတွေ ရေးခြစ်လျှင် ရုပ်အစစ် စာလုံး ဟာ တလုံးမျှ မဖြစ်ဘူးတဲ့ အင်း စိစစ်ပုံထူး၍ ပူးရောက်တဲ့ ညာဏ်အစွမ်းရို့ ချီးမွမ်းရုံသာမက ဒေ မွမ်းစရာတောင် ကောင်းလှသပေါ့ မြေဖြူကတော့ အေ ရေးခြစ်ခြင်းခံရမယ့် သင်ပုံးကျတော့ စိတ် ကူး ထဲ က အမြင်တဲ့ အစစ်ဖြစ်တဲ့, မြေဖြူတုံးနဲ့ စိတ်ကူးရုံသာကူး ထားတဲ့သင်ပုံးမှာ စာရေးကထင်တယ်လို့ သူတို့ရဲ့ဆရာ သခင်စတာလင်တို့ လီနင်တို့က ပြောသလား လူသားကို အစထားပြီး အားလုံးသောလူအများ[illegible]မရှိတဲ့ သင်ပုံးမှာ စာလုံးစစ်ရေးမရဘူးလို့ ကလေး ကတောင် သိမြင်တယ်

သူတို့ ဆိုခြင်တာက ဒီလို လူသားရဲ့ စိတ်ကူးဆိုတာ နာမ်တရားမဟုတ်လား အေး အဲဒီ စိတ်ကူးဆိုတဲ့ နာမ်တရားကို ဘော သင်ပုံး ပြုလုပ်ထားပြီး မြေဖြူအစစ်နဲ့ ရေးသားက စာလုံးများ အစစ်မထင်သဖြင့်မမြင်ရပေါ အမှန်မို့ နာမ်ဆိုတာမဟုတ်ဘူး ပြောဘူးတဲ့ ရှေ့စကားကို ထင်ရှားအောင် ထပ်ပြီး စကား ကပ်ဆိုတာဘဲ အို လူသား စိတ်ကူးတည်းဟူသော သင်ပုံးမှာ စိတ်ကူးတည်းဟူသော မြေဖြူခဲ ကို တင်ကာ စိတ်ကူးတည်းဟူသော လက်ဖြင့် စိတ်ကူးတည်းဟူသော စာလုံးကလေးများကို ရေးသားပါကပုင်း စိတ် ကူး ပြီး ရေး သား တဲ့ စိတ်ကူး တည်းဟူသေ စာလုံး ကလေး များကို လူသားရဲ့ စိတ်ကူး အားဖြင့် ထင်ရှားစွာ မြင်လိမ့်မယ်၊ ချိန်ရွယ်ပြီးကြည့်လိုက်စမ်း၊ လူသား၊ ကဲ သင်ရဲ့ ရှေ့နားမှာ စိတ်ကူး သင်ပုံးကြီးထား အေး ထားပြီးလျှင်၊ အဲဒီ စိတ်ကူးသင်ပုံးကြီးပေါ်တွင်၊ ရှင်စိဥက္ကဋ္ဌတို့ရဲ့ စကားတွေဟာ မှားနေပြီ လို့ စိတ်ကူးစာရှင်ဒိုးကလေးတွေ ရေးသားစမ်း၊ အို ပြီးလွယ်လှချေရဲ့ လား နာမ်လူသားရဲ့၊ အမှားတွေများပါနေသလား၊ ခြေသံ မပါဘူး ပေါ်စိတ်ကူးအားဖြင့်စာလုံးကလေးများကလဲ ရှင်းလို့၊ အကွင်းသား မြင်နေတယ်ဆိုပါတော့၊ ၊အေး မြင်တာပေါ့ လူသားရဲ့၊ စိတ်ကူးထားတဲ့ သင်ပုံးပေါ်မှာ၊ စိတ်ကူး စာလုံးကိုသာ ရေးမှပေါ့၊ စိတ်ကူးထားတဲ့ သင်ပုံးပေါ်မှာ၊ တကယ်အစစ်ဖြစ်တဲ့ မြေဖြူတိုးနဲ့၊ တကယ့်စာလုံးကို ရေးလို့၊ မဖြစ်ဘူး လို့ တွေးပြီး ကလေးတောင် သိနိုင်တယ်။

## ဦးနှောက်ရုပ် နှစ်လုံးရုပ် တို့ကဟုတ် မဟုတ် ဝေဘန်ပြီး ကောက်သိသလား။

အိုင် လူသား အဲဒီတွေးတောတယ် ဝေဘန်တယ် ကြံစည်တယ် စဉ်းစားတယ် ဆိုတဲ့ နာမ်တရားဟာ၊ ရုပ်ဓါတ်ရဲ့ ဂုဏ်မျှသာဖြစ်တယ်လို့၊ ရှင်ဥက္ကာ၌ တို့ကဆိုထားနဲ့ပြီ ကွန်မြူနစ် ဝါဒ စကားနဲ့၊ တသားထဲပြောထားတာဘဲ အဲဒီ သိတတ်ကြံတတ် ဝေဘန်ခြင်း စသည်ကိုပြုတတ်တဲ့ ဂုဏ်ပုဒ်ဟာလဲ၊ ဦးနှောက်တည်းဟူသော ရုပ်နဲ့၊ နှစ်လုံး တည်းဟူသောရုပ်တို့ရဲ့ဂုဏ်ပုဒ်လို့၊ အတိုချုပ် အားဖြင့် ခပ်များများဆိုထားကြတယ်၊ အိုင် လူသားစာမျက်နှာ(၃၄) မှာ—

ကိုယ်ဖြင့်တွေ့ထိရသော ဖေါ္ဋဗ္ဗာရုံ, ဟာဒယ (ဝါ)

ဦးနှောက်ဖြင့်သိအပ်သော ဓမ္မာရုံ,အလုံးစုံ နှင့်၊ထို,

အယူဝါဒဆိုတဲ့ သဘာဝ,ကိန်းအောင်းမြဲဖြစ်သည်လို့

ရေးထားတာကို သင်လူသား ကြည့်စမ်းပါ အဲဒါမှတပါး စာမျက်နှာ (၄၉) မှာ ဟာဒယ ( ဝါ ) ဦးနှောက်,လို့ ရေးထားတယ်၊ အဲဒီမှတပါး စာမျက်နှာ(၅၄)မှာ မနောကာမ် (ဝါ) ဟာဒယဝတ္ထု, သို့မဟုတ် ဦးနှောက်, ရုပ်တို့ဖြင့်, လို့ အဆင့်အဆင့်နဲ့ မနောဂိုကာဖွင့်ပြီး မနောနှင့်, ဟာဒယဝတ္ထု နှင့် အတူတူ ဟာဒယဝတ္ထုနှင့် ဦးနှောက်နှင့်အတူတူလို့ ရုပ် တရားချည်းဘဲ ယူထားတယ်၊ ကွန်မြူနစ်ရဲ့ အယူက မနော ဟာစိတ်, သိတတ်, ညွှတ်တတ်, ကြံစည်တတ်တဲ့ နာမ်

တရား ဟာဒယဝတ္ထုဟာ နှစ်လုံးအိမ် ဘာမျှမသိတတ် မကြံတတ်, မဝေဘန်တတ်တဲ့ ရုပ်တရား-ဦးနှောက်တော့ ဦးနှောက် အဲဒီဦးနှောက်ကလဲ ဘာမျှမသိတတ်မကြံတတ် မဝေဘန်တတ်တဲ့ ရုပ်တရားလို့ အဲဒီလို ယူထားတယ်၊ အင်း အဲဒီလို ယူထားကြတော့ "ရှင်ဥက္ကာဒ္ဓ" တို့ရဲ့ အယူနဲ့ ကွန့်နိပ်ရဲ့ အယူဟာ မယူဘဲ ကွာခြားပြီး တမျိုးစီဖြစ်မနေဘူးလား ဘဲ-လူသား အဲဒီလိုကွဲခြားတော့ သူတို့အယူကပဲ ဟုတ်သလား ကွန့်နိပ်ရဲ့ အယူကပဲ မှန်သလားဆိုတာ သင်လူသား စဉ်းစားချိန်ဝေဖန်ပြီး ကွန့်နိပ်ပြောမယ်၊ ဟောလေ လူသာ "ရှင်ဥက္ကာဒ္ဓ" တို့ရဲ့စကားအတိုင်း မနှောရယ်, ဦးနှောက်ရယ် ဟာဒယဝတ္ထုရယ် သုံးမျိုးစုံပေါင်းရပြီး ရုပ်တခုတည်း ယူထားသို့ (ဝါ) ရုပ်တမျိုးတည်းယူထားလို့ စဉ်းစားဝေဘန်တာလဲသူဘဲ ကြံစီတွေးတောတာလဲသူဘဲ အကောင်းအဆိုးကိုသိတာလဲ သူဘဲ အဲဒီလို ဆိုတဲ့ စကားဟာ တကယ်တန်း မှန်ပါလျှင် သေသွားတဲ့အခါကျတော့လဲ အဲဒီ ဦးနှောက်နဲ့ နှစ်လုံးတို့က စဉ်းစား ဝေဘန်ကြံစည် တွေးတောတတ်ရလိမ့်မယ်၊ အကောင်း အဆိုး အမျိုးမျိုးတို့ကိုလဲ ချိန်ထိုးပြီး သိတတ်ရလိမ့်မယ် အဘယ့်ကြောင့်လဲလို့ ဆိုတော့ သေသွားတဲ့ ရုပ်ကိုယ်ကြီးရဲ့ ဦးခေါင်းထဲမှာ ဦးနှောက်က ရှိနေသေးတာကိုး ဟာဒယဆိုတဲ့နှစ်လုံးကလဲ သေသွားတဲ့ ရုပ်ကိုယ် ကြီးထဲမှာရှိပြီး နေသေး တာကိုး ကဲ—ကဲ......လိုရင်းကို ပြောကြပါစို့ရဲ့ လူသားရယ် ဟို စောစောက မေးခဲ့တဲ့ စကားအတိုင်းပါဘဲ သင့်အဖေ

သေသွားတော့ ဘယ်နှစ်ရက်ထားပြီး ရုပ်ကောင်ကြီး မြေမြှုပ်သလဲ ခင်ဗျာ (၇)ရက်ထားတယ် အဲဒီလို (၇)ရက်ထားတော့ အိမ်ပေါ်မှာလား ရွာရဲ့အပြင်မှာလား ခင်ဗျာ မပုတ်ခင်အခါက အိမ်ပေါ်မှာထားပြီးပုတ်သွားတဲ့အခါကျမှ ရွာပသို့ပို့တယ်ဆိုပါတော့ အေး-ဒါပေါ့လူသားရယ် မပုတ်ခင် အိမ်မှာထားပြီး ပုတ်ခါနီးကျတော့ ခေါင်းထဲထဲ့ ပြာသာဒ်နဲ့ အလောင်းကိုတင်ပြီး ရွာပြင်မှာ ထားစမြဲဘဲ ကဲ နေပါဦး လူသားရယ် အိမ်ပေါ်မှာအလောင်းထားတုံးက သင့်အဖေ အလောင်းနားကို သင်လူသား မသွားဘူးလား ခင်ဗျာ .... သွားရုံမျှမကဘူး အဖေ့ရဲ့ ကျွန်းတော်ကို ပစ်သွားတော့မလား ကျွန်တော့ကိုမှ ထပြီး စကားမပြောတော့ဘူးလား ဒီ..... အဖေ စကားပြောရအောင်လေ ထ-ထ နဲ့ ဥကြောင်းကို မ-မ ပြီး တသ ငိုကြွေးမိတယ်ဆိုပါတော့ ဒါပေါ့လူသားရာ ကိုယ်ခြင်းလဲစာပါတယ် ဘယ်သူဘယ်ဝါမဆို အဖေ သေသဲ ငိုတာဘဲ အမေသေလဲ ငိုတာဘဲ ညီအစ်ကိုမောင်နှမသေလဲ ငိုတာဘဲ အဲဒီလို ငိုလို့မို့ ဒီ ...... အဖေ စကားပြောရအောင်လေ ...... ထ-ထ လို့ ဥကြောင်းကို မတော့ သင့် အဖေက ထသေးသလား ခင်ဗျာ .... မထဘူး ဘာဖြစ်လို့ မထသလဲ ခင်ဗျာ — သေလို့မထဒါလား ကဲ — ဒါဖြင့် သင့်အဖေရဲ့ဥကြောင်းထဲမှာ ဦးနှောက်ဆိုတာမရှိဘူးလား ခင်ဗျာ - ရှိတယ် အေး - ရှိလျှင် သင်လူသားငိုလို့မို့ သင့်အဖေရဲ့ ဥကြောင်းကို မ-မပြီး အဖေ

ထ အဖေထနဲ့ လူသားက ဆိုနေတာ ဒါ့အဖေ သိရမှာ ပေါ့ ဘာဖြစ်လို့ သိရမလဲဆိုလျှင် "ရှင်ဥက္ကဋ္ဌ" တို့က သိတယ် ဝေဘန်တယ် ကြံစည်တယ် ဆိုသျှတို့ဟာ ဦး နှောက်ချည်းဘဲလို့ ဆိုသားတာကိုး အို - လူသား အဲဒီ ဦးနှောက်ကသိတယ်ဆိုတဲ့ "ရှင်ဥက္ကဋ္ဌ" တို့ရဲ့ စကားဟာ မှန်ပါ့မလား အဲ-သူတို့ဆိုတဲ့ စကား အတိုင်း သာ ဦး နှောက်ကသိပါလျှင် ဦးနှောက်ရှိနေတဲ့ သင်၏အဖေက သင့်ကို ဒီ လောက် ဒုက္ခ ပေး နေ မှာ မ ဟုတ်ဘူး၊ ငါ့သား ကလေးမိုနေတယ် ငါ့သားကလေးက ဥကွောင်းကို မ,မ, ပြီး အဖေဘထနဲ့ပြောနေတယ်၊ ငါ့သားကလေး မောရော့ မယ်လို့ ဟောဒီလိုဝေဘန်ပြီး၊ မြန်မြန်ကြီးထထိုင်မှာဘဲ၊ အဲ ဟို ဟာဒယနှစ်လုံးကသိတယ်ဆိုတဲ့ စကားမှာလဲ ဦး နှောက်ရဲ့အဓိပ္ပါယ်သွားအတိုင်း မ သိ တတ် မဝေဘန် တတ် မကြံစည်တတ်ဘူးလို့ သင်လူသားမှတ်ထားပေါ့၊ ဒီမှာလေလူသား ဦးနှောက်နဲ့ နှစ်လုံးတို့မှာ ဥကွောင်း ထဲ ဝမ်း ထဲ မှာ ရှိနေသဖြင့် မမြင် မသိနိုင်ဘူးလို့ ပြော ဦး မလား။

အို လူသား သင်လူသားဟာ နွားသေတဲ့ အခါကျ တော့ နွားဝေါင်းကဦးနှောက်ကိုထုတ်လို့မို့ ချက်ပြုတ် ပြီးမစားပူးဘူးလား၊ ဩော် စားဘူး တယ်၊ အေး- အဲဒီလိုစားဘူးလျှင်၊ မချက်ရ မပြုတ်ရခင်၊ ဦးနှောက်က သင့်ကိုမြင်တော့၊ ဒယ်အိုးထဲသို့မဆင်းခြင်ဘူး၊ ချက်ပြုတ် တာကိုမခံခြင်ဘူးနဲ့၊ ဘာအထူးငြင်းသေးသလဲ၊ ဩော်

ဘာအသုံးမှ မငြင်းဘူး၊ အေး–အဲဒီလိုမငြင်းတာဟာ မသိလို့မငြင်းတာလို့ သင်ရှင်းရှင်းသိပါ့ပလား၊ ကြွေသံပြီ၊ ဒီမှာလေလူသား၊ သင် လူ သားချက်ပြုတ်တာကို လက်ဆုပ်လက်ကိုင် နွားဦးချောက်ကိုယ်တိုင်ကမှ၊ မတွေးနိုင်၊ မမြင်နိုင်၊ ငါတော့ဖြင့် အချက်ခံရတော့မယ်လို့ ဝေဘန်ပြီး မသိနိုင်လျှင် ဥကျောင်းထဲနေစဉ်က အမြင်ကိုသူထွက်ပြီး ဘယ်အတွက်သိမှာလဲ ကဲ ရှင်းပြီးလားလူသား၊ နှစ်လုံးကိုချက်စားတော့လဲ ဒီအဓိပ္ပါယ်သွားလိုဘဲ မှတ်ပေါ့၊ သူတို့က ကော်နဲ့ကပ်တော့ ဒီကလဲနှပ်ညှစ်ပြီး ကပ်ဖြစ်ရုံကလေးတော့ ကပ်လိုက်တာဘဲ ကဲလူသား သိတတ်၊ ကြံတတ် ဝေဘန်တတ်တဲ့ နာမ်ဆိုတာက တခြား သူတို့ရဲ့ အပြောအဘိုင်း မနေသလို့မှတ်ထား မ သိ တတ်, မ ကြံတတ်, မဝေဘန်တတ်တဲ့ ရုပ်ကတခြား၊ နှစ်လုံးတို့ ဦးချောက်တို့ ဆံပင်ကအစ ခြောက်ပြီး ကျင် ငယ် ရောက်အောင်မှတ်ဘား၊ အဲဒီတော့ နာမ်တရားနဲ့–ရုပ်တရားဟာ တခြားစီဖြစ်မသွားဘူးလား၊ ကဲ အဲ ဒီ လို ဖြစ် သွား လျှင် "ရှင်ဥက္ကမ္ဘ" တို့ရဲ့စကားမှာ နာမ်တရားရယ်လို့ ခွဲခြားပြီး မထားဘဲ စဉ်းစားတယ် ဝေဘန်တယ်, ကြံတယ်, သိတယ်ဆိုတာ ရုပ်တရား၏ဂုဏ်ပုဒ်လို့ ရုပ်တခုထဲ အဓိကထားတော့ လွဲမှားပြီးမနေပေဘူးလား၊ အေး ဦးချောက်ကို ဂေါင်းမှထုတ်ပြီး ချက်ပြုတ်မယ်သင်လုပ်တော့ ဦးချောက်ဆိုတဲ့ရုပ်မှာရှိသဖြင့် သိနိုင်တယ်ဆိုတဲ့ ဂုဏ် ပုဒ်ဟာ ဘယ်ကြွက်ရုတ်ကိုက်သွားသလဲ၊ နဲနဲကလေးမျှမသိ

ပါဘဲကလား၊ အဲ့ဒီ လူသွား အဲဒီ သိကာယ် ကြီတယ် ဝေဘန်တယ် ဆိုတဲ့ နာမ် တရား ကို မမြင်လို့ မရှိဘူးဟု "သောက်ရူး"တို့-ပြောညာအုံး၊ လေ ကို မြင် ရ ရဲ့ လား လူသား၊ ဒြေဒ် မမြင်ရဘူး၊ ကဲ မ မြင် ရ လျှင် မ ရှိ ဘူး လား၊ အေး- ရှိတာပေါ့လူသားရဲ့၊ အဲဒီ သိ တယ် ကြီ တယ် ဝေဘန်တယ်ဆိုတဲ့ နာမ်တရားက ရုပ်တရားထက် အများကြီးသိမ်မွေ့တယ်၊ မ မြင် ရုံ သာ မအောင်းမေ့နဲ့၊ တွေ့ကိုမတွေ့နိုင်ဘူး၊ လဲမှို့ကလေးရွေ့သွားတော့၊ လေ မွေ့လို့-ရွေ့သကိုလို့သိရသလို လူသွားနေတာကိုတွေ့ ရတော့ သွားခြင်လို့သွားတာကိုလို့သိရတယ်၊ အဲ့ လူသား အဲဒီသွားခြင်တာဟာဘာလဲ၊ ဒြေဒ် စိတ်၊ အဲဒီ သွားခြင်တဲ့စိတ်ကလေးဟာနာမ်ဘဲ အဲဒီ စိတ်ဆိုတဲ့ နာမ် တရားကို မျက်မြင်ကိုယ်တွေ့တော့ မမြင်မတွေ့ရဘူးပေါ့၊ သို့သော် လူရုပ်ကြီးရွေ့တာကို မျက်စိကမြင်တွေ့တော့ ဒြေဒ် ရွေ့တာဟာသွားလို့ရွေ့တာဘဲ၊ သွားတာဟာ, သွားခြင်လို့သွားတာဘဲ သွား ခြင် တာဟာစိတ် ပဲ၊ အဲဒီ စိတ်ဟာနာမ်ဘဲလို့ ဝေခွဲပြီးသိသဖြင့် နာမ်ဆိုတာ ကောင်း ရှိတယ်လို့ သင်လူသားသိနိုင်တယ် အဲ ဒီ လို သိ တော့၊ ဒြေဒ် ငါဆိုတာမရှိပါကလား၊ ငါ သွား တာ မဟုတ်ပါ ကလား၊ နာမ်ကသွားခြင်လို့ နာမ်နှင်ရာသူလုပ်ပြီး ရုပ် ကြီးကသွားပါကလား၊နာမ်နိုင်းလို့ရုပ်သွား နာမ်နိုင်းလို့ ရုပ်သွားနဲ့၊ နာမ်တခြား ရုပ်တခြား၊ အဲဒီလိုခွဲခြားပြီး ငါမ သွား သူမသွားလူနတ်ဖြဟွာ သတ္တဝါမသွား၊ ယောက်ျား

မသွား့ မိန်းမသွား နာမ်ရုပ်သာသွားပါကလားလို့ ဝိပဿနာအလုပ်သမားများမှာတောင် အဟုတ်တရားကို မြင်နိုင်တယ်၊ ယခင်ပြခဲ့တဲ့ 'ကမ္မဿ ကာရကောနတ္ထိ' အစရှိတဲ့ပါဠိစကားဟာလဲ အကြောင်းကိုပြုလုပ်တဲ့ ကာရက, ပုဂ္ဂိုလ်၊ ငါဆိုတာမရှိ၊ သူဆိုတာမရှိ၊ လူနတ်ပြဟ္မာ သတ္တဝါဆိုတာမရှိ၊ နာမ်ရုပ်သာ ရှိပါကလား။ အကျိုးကို ခံစားတဲ့ဝေဒက ပုဂ္ဂိုလ် ငါဆိုတာမရှိ၊ သူ ဆို တာ မ ရှိ၊ လူ နတ် ပြဟ္မာ သတ္တဝါဆိုတာမရှိ။ နာမ်ရုပ်သာ ရှိပါကလား၊ အကြောင်းကို ပြုလုပ်တာ ငါ မ ဟုတ်၊ သူ မ ဟုတ်၊ လူ နတ် ပြဟ္မာ သတ္တဝါမဟုတ်။ နာမ်ရုပ်သာ ဟုတ်ပါကလားလို့ ဝိပဿနာ သမားများအတွက် ငါပျက်အောင်၊ သူပျက်အောင်၊ လူ နတ် ပြဟ္မာ သတ္တဝါပျက်အောင် ဟော ခြွက် ပြီး ပြထားတာ အဲဒါကို ကိုယ်လိုရာကို ဆွဲပြီး ပြုလုပ်တဲ့ ပုဂ္ဂိုလ်လဲ မရှိ၊ ခံစားတဲ့ပုဂ္ဂိုလ်လဲမရှိ။ ရုပ်သာလျှင် ရှိတယ်လို့ သိ တတ်တဲ့ နာမ်ကို ချန်ပြီး မမှန်မကန်ရေးစက်ချထားတာဘဲ။ ဘေသဇ္ဇရူလလိုပေါ့ လူသားရယ်။ ဇို-လူသား၊ ရုပ်တရားနဲ့ နာမ်တရားဆိုတာ ကြိုးသူကို ကန်းသူထမ်းပြီး၊ လမ်းခရီးသွားသလိုဘဲ။ အကြိုးက လမ်းပြောပြတော့ အကန်းက သွားရသလိုပေါ့၊ မမြင်တဲ့ ရုပ်အကန်းက လမ်းမြင်တဲ့ နာမ်အကြိုးကို ကျောပိုးကာ၊ နှစ်ယောက်ပေါင်းပြီး၊ လမ်းကြောင်းကို သွားကြတာဘဲ။

## လေကို အသက်လို့ဆိုပြန်ပြီ မှန်ပါ့မလား မောင်တို့

အင်း-"ရှင်ဥက္ကမ္ဗ"တို့ရဲ့ အလိုများကတော့ နာမ်ဆိုတဲ့ စကားကို အရှင်းသားမပြောလိုဘူး။ ရုပ်ကိုသာ အဓိကထားပြီး၊ များများကြီးပြောလိုတယ်။ အသက်ကိုတောင်လေတဲ့။ လေဟာ အသက်ပဲတဲ့။ စာမျက်နှာ (၆၀)မှာ တွေ့တယ်မဟုတ်လား လူသားရဲ့။ ကဲ ဘယ်လို ဆိုထားသလဲ။ ကြည့်-

အသက်ဟူ၍ အများတို့ ခေါ်ဝေါ်ပြောဆိုကြသော အရာပင်။ သတ္တဝါ၏နှာခေါင်းဖြင့် ရှူရှိုက်၍ သွင်းလိုက်သော ပြင်ပ ဝါယောဓါတ် အကြမ်းစားကြီးမှ ကမ္ဘာတေဇောဓါတ်၊ ကြောင်လှော်ချက်ပြုတ်ခြင်းကို ခံရခြင်းကြောင့်၊ သိမ် မွေ့ နူး ညံ့ အမှုန် ခန့်သော အနုစား ဝါယောဓါတ်သာလျှင် ဖြစ်ချေသည်တဲ့လား။ လူသားရဲ့။

ကဲ-ဆဲဒီအရေးအသားကို ကြည့်၊ အတိုချုပ် သိဘို့ကတော့ "ဝါယောဓါတ်သာလျှင်"ဆိုတဲ့စကားအရ၊ လေမှတပါး တခြား အသက်ရယ်လို့ မရှိဘူးလို့ အတိအလင်းတင်းတင်းကြီးဆိုထားတာပဲ။ဆဲဒီလိုသူတို့ပြောထားတော့ ဝါယောဓါတ်ဟာ လေပေါ့၊ လေဆိုတော့ ရုပ်ပေါ့၊ အတိုချုပ်ကတော့ အသက်ကို ရုပ်လုပ်လိုက်တာပဲ၊ ကဲ-ကဲ-

ထားလိုက်တော့ လူသား။ သူတို့ရဲ့ စကားထွက်အတိုင်း အသက်ဟာ ဝါယောရုပ်လို့ ဟုတ်တယ်ဘဲ ထားလိုက်ဦးတော့။ အို-လူသား၊ အသံထွက် တဆက်ထဲနဲ့ အသံရှည်ရှည်ကြီး ဆွဲပြီး၊ နှဲမှုတ်တဲ့ နှဲသမားကို သင် လူသား မြင်ဘူးပါသလား။ ကြေညာ-မြင်ဘူးတယ်။ အဲဒီ လို မြင်ဘူးလျှင်၊ ရင်ဘတ်ကို ခွက်ပြီး၊ ပါးနှစ်ဘက် ဖူးနေအောင် ဟူး-ဖူး-ဖူး-ဖူးနဲ့ မှုတ်နေတာဟာ "ရှင် ဥ ကြ မွ" တို့ရဲ့ အလိုဖြင့်၊ လေဆိုတဲ့ အသက်ကို ပြင်ဘက်သို့ထုတ်နေတာဘဲ မဟုတ်လား။ အေး-အဲဒီလို ဟုတ်လျှင်၊ အဲဒီ မှုတ်ထုတ်နေတဲ့ လေဟာ ဝမ်းထဲသို့ ပြန်လာသလား၊ ကြေညာ-မလာဘူး။ အင်း-အဲဒီလို မလာတော့ နှဲဆရာသေသလား၊ ကြေညာ မသေဘူး၊ သေရမှာပေါ့ လူသားရဲ့။ လေဆိုတဲ့အသက်က ပြင်ဘက်သို့ ထွက်သွားတော့၊ နှဲသမားရဲ့ ကိုယ်အတွင်းမှာ အသက် ကင်းနေပြီ မဟုတ်လား။ "ရှင်ဥကြမွ" တို့ အလိုက လေကို အသက်ဆိုထားတယ်။ အို-လူသ ထိုသူတို့ စကားအတိုင်း၊ အသက်ဟာ လေပဲလို့ အဲဒီလို မှတ်ယူထားက ထွက်သွားတဲ့လေဟာ နှဲသမားဝမ်းဗိုက် တွင်းသို့ မရှူ မရှိုက်မချင်း ပြန်မလာတော့ အနည်းဆုံး ပြောရပါလျှင် နှဲမှုတ်စဉ်အခါမှာ သေနေစရာမကောင်းပေဘူးလား။ အို-လူသား၊ သင့်မှာ အမေတော့ ရှိပါသေးသလား။ ကြေညာ-ရှိတယ်။ ကဲ-လူသား၊ သင့်အဖေသေပြီးသွားတာကိုတော့ လွန်ပြီမို့ ထားလိုက်တော့ နောက်တခါ အမေ သေတော့ မြေကြီးမှာ မမြှုပ်ခင်၊ မသိုးမပုပ်ခင်၊ ရှင်ဥကြမွ

တို့ သွားခေါ်၊ တပည့်တော်ရဲ့ အမေသေနေလို့ ဖလိုက်နဲ့ မှုတ်ပြီး၊ အလောင်းရုပ် လူသေကောင်ကို ရှင်လာအောင် အသက်သွင်းပေးပါ။ ထမင်းလဲ ကျွေးပါမယ်။ ရုပ် ထဲ သို့ လေဝင်ပြီး၊ အ မေ ရှင် လာ တဲ့ အ ခါ ကျတော့ ပါသမျှလဲ အလှုန်ပေးပါမယ်လို့ ပြော၊ ရှင်ကော ရှင်ပါမလား လူသားရဲ့။ ဩြ—စဉ်းစားမိပကိုး။ အေး- လေ သာ လျှင် အသက်ဟုတ်ရင်တော့ တဖုတ်ဖုတ်နဲ့ လေ အစဉ်လိုက်နေတဲ့ "ချင်ခပိုက်" လေဆေးများကိုတောင် ဝယ်စားသူ ရှိမယ် မဟုတ်ဘူး။ အဲ-သင် လူသား ဝေဘန်ကြည့်သလို၊ လေဆိုတာ အသက်မဟုတ်လို့ပေါ့။ အင်း- "ရှင်ဥက္ကာမှ" တို့က အသက်ကို လေလုပ်ပြီး၊ ရုပ် ထဲ သို့ ဆွဲ သွင်း တာ နာမ်ဆိုတာ အရှင်းမရှိဘူး။ ရုပ်သာလျှင် ရှိတယ်တဲ့။ မရှိတဲ့ နာမ်တရားကို ထည့်ပြီးကို မစဉ်းစားကြနဲ့လို့ ဆိုလိုတာဘဲ။ အဲဒီလို ဘာကြောင့် ဆိုသလဲလို့ဆိုတော့ အဲဒီ နာမ် ဆိုတဲ့ သဘောတရားက ပဋိသန္ဓေမှစ္ဆာဒိဋ္ဌိတို့မှာ ကူးတတ်တဲ့ သဘောတရားအတိုင်း သည်ဘဝ အသက်ပျောက်တော့ နောက်ဘဝ ကူးနိုင်တယ်။ ရုပ်ဆိုတဲ့ သ ဘော တ ရား က တော့ သည့်ဘဝက အသက်ပျောက်လျှင်၊ နောက် ဘ ဝ ကူးမသွားနိုင်ဘူး။ တစုံးဝါးနဲ့ ထိုးပြီး၊ မြေကြီးမှာ ရုပ် ကောင်မြှုပ်၊ အပေါ်က မြေကြီးအုပ်လိုက်လျှင် သည့်ရုပ်ကြီး ဘယ်မှမရွေ့ဘူး။ မြေကြီးစစ်မဖြစ်ခင်၊ မြင် ချင် လို့ သွားပြီး ကြည့်တော့လဲ မျက်စိနဲ့ မြင်တွေ့နိုင်သေးတယ်။ အဲဒီလို မြင်တွေ့တော့ ဘယ်ကိုမှ မ ရွေ့ တတ် ဘူး ပေါ့။

ဘယ်ကိုမှ မသွားတတ်ဘူးဟာ၊ သည်မှာဘဲ ဖြတ်တာဘဲ။ နောက်တထပ် ဘာမှ မဖြစ်ဘူးလို့၊ နောင်ဘဝ မကူးတဲ့ အကြောင်းကို ကောင်းကောင်းကြီး ပြောချင်သောကြောင့်ပဲ ။အဲဒီလို သူတို့ပြောမှ သူတို့ရဲ့ဆိုင်ရာကလဲ ခိုင်ခိုင်မာမာ သဘောကျမယ်၊ အဲဒီလို သဘောကျမှ သူတို့လဲ ဝမယ်၊ ကြားသိတဲ့လူများကလဲ ဟာ..... ဘဝ မ ပြောင်း ဘူး တဲ့၊ ကောင်းအောင်လုပ်တဲ့ ကုသိုလ်ကံတွေလဲ အကြောင်း မထူးဘူး၊ မကောင်းအောင် ပြုလုပ်တဲ့အကုသိုလ်ကံတွေလဲ အကြောင်းမထူးဘူး၊ ဘဝမှမကူးဘဲကိုး။ အဲဒီလို ဘဝမကူးတော့၊ ဟို-နောင်ဘဝမှာ ဖြစ်စရာမရှိဘူး။ အဲ ဒီ လို သာ နောင်ဘဝမှာ ဖြစ်စရာမရှိဘူးဆိုလျှင် ယခု ဘဝက ပြုလုပ်ကြတဲ့ အကုသိုလ်ကံတွေရဲ့ အပစ်တွေကိုလဲ ခံနေစရာ မလိုတော့ဘူး။ ကုသိုလ်ကံတွေရဲ့ အကျိုးတွေကိုလဲ စံနေစရာမလိုတော့ဘူး။ တိုတိုပြောရလျှင် ယခင် စကားအတိုင်းပါဘဲ၊ ဘယ် သူ့ ကို ဘဲ ဆဲဆဲ၊ ဘယ် သူ့ ကို ဘဲ သတ်သတ် ဘဝက ဖြတ်နေတော့ နောက်ထပ်ပြီး ခံစရာ၊ နောက်ထပ်ပြီး စံစရာ နာမ်ဟာ လဲမရှိဘူးပေါ့။ အင်း- အဲဒီလို ယုတ်မာပြီး၊ မဟုတ်တာ အသိ ထူး တဲ့ ကိုယ့်ကောင် ကဝိချေးတွေဟာ ဈေးက လဲရှိဘူးတယ်။

## ယုတ်မာတယ်ဆိုတာ ဘာလဲ

ဒို-လူသား၊ အဲဒီလို ယုတ်မာပြီး၊ မ ဟုတ် တာ အသိထူးတဲ့ ကဝိ ချေးတွေဆိုတဲ့ ကွန့်ပ်ရဲ့ စကားကို သင် လူ

သား ကြားလိုက်တော့ ဘယ်လိုများ ယုတ်မာသလဲလို့ အဲဒီလို မစဉ်းစားဘူးလား၊ အေး-စဉ်းစားမှာပေါ့၊ ဒီမှာ လေ-လူသား၊ ယုတ်မာတယ်ဆိုတဲ့စကားဟာ သူတကာတို့အောက် အကျင့်က ယုတ်ပေမဲ့-ပြောဆိုပြုလုပ်တဲ့ အခါကျတော့ မာပြီး၊ ဆရာကြီးအခေါ်ခံရအောင် ကြံဖန် လိမ်လည်၍ ဘွဲ့အမည်အမျိုးမျိုးတို့ဖြင့် ဘိုးဘိုးကြီးဟူ၍ ၎င်း၊ ဘွားဘွားကြီးဟူ၍၎င်း၊ ရေရှင်ဟူ၍၎င်း၊ ရေသေ ဟူ၍၎င်း၊ အပေါင်းအသင်းတွေက အပြင်က ညာလို့မို့ ဝိဇ္ဇာမဟုတ်ဘဲနဲ့ ဝိဇ္ဇာ၊ ရဟန္တာမဟုတ်ဘဲနဲ့ ရဟန္တာ အဲဒီလို အဖြန်းအညာတွေနဲ့ အလန့်ရှူးအများက မြှောက် သောကြောင့် စားရပေါက်လမ်း သာပြီး၊ ယုတ်ယုတ်မာ မာနဲ့ အသက်မွေးတဲ့ ဆရာတွေကို ယုတ်မာတယ်လို့ ဆိုတယ်၊ ဒို-လူသား၊ ယုတ်ဆိုတဲ့စကားအရ၊ ဘယ်ထိ အောင် အကျင့်ယုတ်ကြသလဲဆိုတော့ ဘယ်အထက် ဆရာကြီးဟာ ဘယ်နှစ်၊ ဘယ်လ၊ ဘယ်ရက်၊ ဘယ်နေ့က သူ့ကို ကိုးကွယ်နေကြတဲ့ ဘယ်သူဌေးရဲ့ မိန်းမကို ခိုး သွားပြန်ပြီ၊ ဘယ်သူရဲ့ သမီးဖြင့် ဘယ်ဆရာကြီးနောက် ပါသွားပြန်ပြီ၊ ဘယ်အထက်ဆရာကြီးကတော့ ဘယ်သူရဲ့ ငွေတွေကို လိမ်သွားပြန်ပြီ၊ ဘယ်ကမ္မဋ္ဌာန်းဆရာကတော့ ဘယ်ကလေးမကို ဘယ်လို ကျင့်သွားသတဲ့နဲ့၊ သင်လူ သား ကြားဘူးရဲ့မဟုတ်လား။ အဲ- ကြားဘူးမှာပေါ့၊ သတင်းစာတွေမှာပင် ယခင်အခါက မကြာမကြာ ဖြစ်ခဲ့ ရဘူးတာကို၊ ဒို-လူသား အဲဒီ အဆိုပါ ဆရာများဟာ

အကျင့်မှာ ဘယ်လိုယုတ်ပေမဲ့ အလိမ်အညာ အလုပ်ကျ
တော့ ဘယ်မျှလောက်များ မာတင်းသလဲ၊ လိမ် ရ အောင်
လာတာကိုပင် လာလာခြင်း ဖျာခင်းပြီး ပေးတာနဲ့ ဝက်
သားဟင်း၊ ကြက်သားဟင်းနှင့် ထ မင်း ကျွေး ရ တာ နဲ့
သက်သတ်လွတ်စားပြန်တော့ ကိုယ့်သမီး၊ ကိုယ့်မယား
ကို သူ့အနားသို့ မကြာ မကြာ သွားစေပြီး၊ ဆီတဲ့၊ ဆား
တဲ့၊ သကြားတဲ့ ထန်းလျက်တဲ့၊ ထဘက်နဲ့ ကွမ်းပြင်ပြီး
အခန်းဝင်ပို့ရတာနဲ့၊ အချို့ကျတော့လဲ ရင် ငွေ့ ရှုံ ရ
သတဲ့၊ အချို့ကျပြန်တော့လဲ စောင်အတူတူခြုံပြီး၊ ဂုဏ်
တော်ကို ဖီးဖြန်းရသတဲ့၊ အဲဒီလို နည်းလမ်းမကျသော်လဲ-
ရွှင်ငွေ့ဆိုတဲ့ ခရီးလမ်းပြပြီး၊ အကြီးတန်းက ဆမာ ကြီး
မာလို့မို့ ဆရာကြီးပါဆိုတဲ့၊ ဂုဏ်ပုဒ်ဖြင့် ယုတ်ချင်သလို
ယုတ်ပြီး၊ မာချင်သလို မာ သွား တာ ဘဲ၊ အဲ ဒါ ကြောင့်-
ယုတ်ယုတ်မာမာနဲ့ လိမ်ပြီး သွားတဲ့ဆရာတွေကို လူယုတ်
မာတွေလို့ ဆိုတယ်၊ အို-လူသား၊ယခု ကျွန်ုပ်ပြောတာကို
သင် လူသား သဘောပေါက်ပါပြီလား၊ ဪ- သဘော
တော့ ပေါက်ပါပြီ၊ အဲဒီဆရာတွေရဲ့ ဇပစ်ကို ပြောပြ
သဖြင့် သူတို့နောက်လိုက်တွေက သဘောမကျဘဲ ဒေါပွ
ပြီး၊ ငွစကားတွေနဲ့ ဆရာ့အား အပစ်ဆိုလို့မို့ အကြည်
ညိုကင်းမဲ့အရေးကို မျှော်တွေးနိုင်းချိန်၊ ကျွန်ုပ် ၏ တံမိုး
မှိန်မှာကို စိုးရိမ်တဲ့အတွက် လူသားက ကန့်ကွက်တယ်၊
ဂုဏ်ပျက်ကို မခံပါနဲ့၊ မှန်မှန်မှားမှား၊ သူတို့ရဲ့ ကံတရား
ဘဲလို့ အဲဒီလို ဆိုတာပေါ့။ အို-လူသား၊ဂုဏ်ပျက်မယ်ဆိုတဲ့

စကားကဖြင့် ကျွန်ုပ်ရဲ့ နားအဝမှာ တမာရွက်ကို စားရသလို ခါးလှတယ်၊ လူသားရယ်၊ ဘယ်အတွက် လဲလို့ ဆိုတော့ ဂုဏ်မလိုချင်လို့ လူပျက်အတတ်ကို သင်နေတာပေါ့ လူသားရဲ့၊ ဂုဏ်လိုချင်လျှင် မင်းသား အတတ် ကို သင်မှာပေါ့၊ ဒီမှာလေ-လူသား၊ ကြည်ညိုတာ မကြည်ညိုတာက ဒကာ-ဒကာမတို့ရဲ့ ဝတ္တရား၊ မှားတာကို မြင်လျှင် မှားလိမ့်မယ်ထင်လျှင် ဆင်ခြင်ကာ အမှန်ရောက်အောင် ချီးမြှောက်ကယ်မ ပြောဆိုပြုပြင်ရမဲ့ ဝတ္တရားက ရဟန်း သံဃာ ဆရာသမားတို့ရဲ့ ဝတ္တရား ရွာဦး ရွာထိပ် မှာ ထားလိုမို့ လှူသမျှ တန်းသမျှတွေ စားပြီး၊ မှား တာ လဲ မပြင်၊ မှန်လျှင်လဲ မပြော၊ ကိုယ်အေး လျှင် ပြီးရော လို့ "ငြိမ်းသော" လောက် အရေးထားနေလျှင် ရ ဟန်း တော်တို့ရဲ့ ဝတ္တရားဟာ ချွတ်ယွင်းလွဲမှားတယ်လို့ ဆိုထိုက်တယ်၊ အလိုလိုက်နေလို့ မဖြစ်ဘူး၊ ယခုလို ခေတ်ရူး မှာ အညစ်အထူးတွေကလဲ အလွန် ပေါတယ်၊ ဟောလေ-လူသား၊ လူတို့ရဲ့ အလိုလိုက်ပြီး အကြိုက်နဲ့ မြှောက်စားလိုသဖြင့်၊ မှောက်မှောက်မှားမှား ထုတ်ခါပြခဲ့တဲ့ ရုပ် ဝါဒ အရင်းစကားကို လင်းပါးပြီး ကျွန်ုပ်ပြောမယ်၊ နားစောဦး လူသား၊

## ရုပ်ဝါဒကို စပြီး တည်ထောင်သူများ

ဒီမှာလေ လူသား အဲဒီရုပ်ဝါဒ အထူးအခြားကတော့ သုံးပါးရှိတယ်၊ အဲဒီသုံးပါးကို တပါးစီပြောနေလျှင် စကား

ကြော ရှည်မျှော်ပြီး၊ အတောမသတ်နိုင်အောင် ကြာလိမ့်မယ်၊ အဲဒါကြောင့်- ရုပ်ဝါဒသုံးပါးကို သုံး သွား အောင် အတိုကျဉ်းပြီး လိုရင်းတွေ ရ ပေါင်း လို့ တ စု ကောင်းလောက် ပြောပါရစေ၊ ဟောလေ-လူသား၊ ရုပ်ဝါဒဆိုတဲ့ စကားဟာ ရုပ်ကိုသာ အတည်ပြုလို့ မို့ အမှီဟု ဆိုအပ်တဲ့ အသိနာမ်ကို ပယ်ချန်ပြီးပြောတဲ့စကားပေါ့၊ ခင်စောစော ရှေးမဆွကပင် ရေးဖြိတဲ့စကားကို သင် လူ သား ကြားခဲ့ပါပြီ၊ ဒီရုပ်ကြီးသေသွားလျှင် မြေကြီးတွင် အဆုံး သတ်သဖြင့်၊ ဒီရုပ်ကြီးပြတ်ထယ်လို့ အဲ ဒီ လို မှတ်တော့၊ "ကာယဿ ဘေဒါဥဒ္ဓံ ဥစ္ဆိဇ္ဇတိ ဝိနဿတိ နဟောတိ ပရံ မရဏာ" ဆိုတဲ့ ပါဠိတော်အရ၊ နောင်ဘဝ အသစ်မကူးဘဲ မဖြစ်ဘူးလို့ ယူဆသဖြင့်၊ ဥစ္ဆေ ဒ ဒိ ဋ္ဌိ လို့ ပါဠိက ဆိုတယ်၊ လိုရင်းအဓိပ္ပါယ်က ဒီကိုယ် ရုပ် ပျက် မှ ဖြင့်၊ အဆက်ထဘဝ နောက် မ ထပ် တော့ဘဲ ပျောက်သွားတယ်၊ ပြတ်သွားတယ်၊ သေပြီးမှ နောက် အသစ် ဘဝ ကောင်မှ မဖြစ်ဘူးတဲ့။ ကြည့်ဦးလေ-လူသား၊ အဲဒီစကား ဟာ ဆဠသင်္ဂါယနာမူ၊ သီလက္ခန္ဓပါဠိ ဗြဟ္မဇာလသုတ် စာမျက်နှာ(၃၀)မှာ ရှိတယ်၊ သင် ကြည့် နေ တာ မဟုတ်လား၊ အေး-အဲဒီလို ယူမှတ်ထားတော့ အဲဒီယူမှတ်တဲ့ လူများမှာ နောင်ဘဝမျှော်ကိုးဘို့ အ ကျိုး တ ရား ရှိ ပါ ဦး မလား။ အဲ-မရှိဘူးပေါ့၊ ဘဝက ပြတ်တော့ သူ့ အ သက် သတ်ခြင်းအစရှိတဲ့ မိမိတို့ မ ကောင်း ကျိုး ကို ငရဲဒိုး စသည်များ၌ မခံစားရတော့ဘူး၊ ဒါနအစရှိတဲ့ ကောင်း

ကျိုးကိုလဲ မျှော်ကိုးတဲ့ အမှန်တရားအတိုင်း ဝိစာ်းဘို့
မရှိတော့ဘူး။ ကြည့်ဦးလေ- လူသား၊ အဲဒီလို အကျိုး
တရားကို ပယ်ရှားတဲ့အကြောင်းဟာ ငုင်းယိလကွန္တပါဠိ
တော် သာမညဖလသုတ် စာမျက်နှာ(၅၁)မှာ "နတ္ထိ
သုကတဒုက္ကဋာနံ၊ ကမ္မာနံဖလံဝိပါကော"တဲ့။ ဟောဒီလို
လာတယ်။ အဓိပ္ပါယ်ကတော့ ကောင်းမှုကို ပြုတဲ့ကံ၊
မကောင်းမှုကိုပြုတဲ့ကံတို့၏ ခံစါးဘို့အကျိုးဟာ မိုးယံ်းကြီး
ကို ပစ်ရစေရဲ့၊ စင်စစ်ကို မရှိဘူးတဲ့၊ အဲဒါ "အဇိတကေ
သကမ္ဗလ"ရဲ့ အယူဘဲ၊ အဲဒီစကားဟာ ဘုရားဟောနေ
လူသား ကျွန်ုပ်က အလကား မပြောဘူး။ ကဲ- နားစေဦး
လေ အဲဒီလို အကျိုးတရား၏ နှစ် မျိုး နှစ် စား ကောင်း
မကောင်း ပယ်လျှင်၊ အကြောင်း နှစ် ကြောင်း ရယ် လို့
အမှုပိုလျှံအောင် ကုသိုလ်ကံ၊ အကုသိုလ် ကံ များ လဲ
အလကား အသုံးမကျဘူးပေါ့၊ အဆုံးဘဝ မြေ ကြီး မို့
သေပြီးတော့ မကူးမပြောင်းသဖြင့်၊ အထူးအကြောင်းလဲ
လုပ်စရာမလိုဘူး၊ အဲဒီ ကုသိုလ် အကုသိုလ် ဆိုတဲ့
ကောင်းမှုကံ၊ မကောင်းမှုကံ နှစ် တန် သော အကြောင်း
တရားကို ပယ်ရှားတဲ့ ပုဂ္ဂိုလ်ကတော့ "ပူရဏကဿပ"
တဲ့၊ သင် လူသား မှတ် ရ အောင် သီလက္ခန်ပါဠိအရကို
ဖတ်ပြမယ်လေ-လူသား၊ "နတ္ထိတတော နိဒါနံပါပံ နတ္ထိ
ပါပဿ အာဂမော"တဲ့။ ဟောဒီပါဠိက ပါဏာတိပါတ
အစရှိတဲ့ မကောင်းမှု အကုသိုလ် ကံ ကို ပြုသော် လဲ-
ပြုသည် မမည်၊ ဤမ ကောင်း မှု အကုသိုလ်ကံ၏အကျိုး

ကြောင့် လေးမျိုးသော အပါယ်သို့လည်း ရောက်ဘွယ်ရာ မရှိဘူးတဲ့။ ကြည့်ဦးလေ-လူသား၊ အဲဒီစကားက အကုသိုလ်ကံဆိုတဲ့ အကြောင်းတရားကို ပယ်ရှားတဲ့စကားဘဲ၊ အဲဒါမှတပါး "နတ္ထိတတော နိဒါနံပုညံ၊ နတ္ထိပုညဿ အာဂမော"လို့ အဲဒီလို ပြောထားပြန်တယ်။ အဓိပ္ပါယ်ကတော့ ဒါနအစရှိတဲ့ ကောင်းမှုကုသိုလ်ကံကို ပြုသော်လဲ၊ ပြုသည်မမည်။ ဤကောင်းမှုကုသိုလ်ကံ၏အကျိုးကြောင့်၊ လူချမ်းသာမျိုး၊ နတ်ချမ်းသာမျိုး၊ ဗြဟ္မာချမ်းသာမျိုးတို့ကို မျှော်ကိုးပြီး ဝမ်းမမြောက်ကြနှင့်၊ ရောက်စရာမရှိဘူးတဲ့။ မထူးတဲ့ ကံအကြောင်းတွေဟာ ကောင်းကျိုးကိုလဲ မပေး။ မကောင်းကျိုးကိုလဲ မပေး။ အရေးထားနေဘို့ မလိုဘူးလို့ အဲဒီလို ဆိုတာဘဲ။ ကဲ-ဒါဖြင့် အဲဒီစကားဟာ ကံ ဆို တဲ့ အကြောင်းတရားကို ပယ်ရှားတဲ့စကားလို့ သင် လူသား သိပြီပေါ့။ ပြီးတော့ လူသားရယ်၊ အဲဒီကံဆိုတဲ့အကြောင်းတရား ဝိပါက်ဆိုတဲ့ အကျိုးတရား(ဝါ)ဖလဆိုတဲ့ အကျိုးတရားတို့ကို နှစ်မျိုးနှစ်စားစလုံး အကုန်ပယ်ပြီး၊ ဘယ်အကြောင်းကံမှမရှိ၊ ဘယ်အကျိုးဝိပါက်မှ မ ရှိ ဘူး လို့။ "မက္ခလိဂေါသာလက"အဲဒီလို ပြောခါပြပြန်တယ်။ ဟောတာက သူ့စကားလေ ဘယ်လိုများ ဆို ထား သ လဲ လို့ ဆိုတော့ "နတ္ထိဟေတု၊ နတ္ထိပစ္စယော သတ္တာနံ သံကိလေသာယ၊ အဟေတူအပစ္စယာ သတ္တာသံကိလိဿန္တိ"လို့ အဲဒီလို ဆိုထားတယ်။ အဓိပ္ပါယ်ဟာ၊ အား လုံး သော သတ္တဝါတွေမှာ ကံဆိုတဲ့ အကြောင်းတရားရယ်လို့မရှိ

ပါဘူးတဲ့။ အဲဒါက အကြောင်းကံ ကို ပယ်တဲ့ စကား ပြီးတော့ အားလုံးသော သတ္တဝါတွေဟာ အကြောင်းကံ တရားကြောင့် မဟုတ်ပါဘဲ၊ ဆင်းရဲရမည့်သဘာဝရှိတဲ့ သတ္တဝါတွေက ဆင်းရဲကြတာ ညှစ်နွမ်းရမည့်သဘာဝ ရှိတဲ့ သတ္တဝါတွေက ညှစ်နွမ်းကြတယ် တဲ့။ အဲဒါက အကျိုးဝိပါက်ကို ပယ်တာ။ ပြီးတော့တခါ "နတ္ထိဟေတု၊ နတ္ထိပစ္စယော၊ သတ္တာနံ့ဝိသုဒ္ဓိယာ၊ အဟေတူအပစ္စယာ၊ သတ္တာဝိသုဇ္ဈန္တိ" တဲ့။ အဲဒီလို သူ့စကားက နောက်နား မှာ လာပြန်တယ်၊ အဓိပ္ပါယ်ကား၊ အားလုံးသော သတ္တဝါ တွေမှာ ကံဆိုတဲ့အကြောင်းတရားရယ်လို့ ထင် ရှား စွာ မရှိပါဘူးတဲ့ အဲဒါလဲ အကြောင်းကံကို ပယ်တဲ့စကားဘဲ၊ ပြီးတော့လဲ အားလုံးသော သတ္တဝါတွေဟာ အကြောင်း ကံတရားကြောင့် မဟုတ်ပါဘဲ၊ ချမ်းသာရမည့်သဘာဝ ရှိတဲ့ သတ္တဝါတွေက ချမ်းသာကြတယ်။ စင်ကြယ်ရမည့် သဘာဝရှိတဲ့ သတ္တဝါတွေက စင်ကြယ်ကြတယ် တဲ့၊ အဲဒါလဲ အကျိုးဝိပါက်ကို ပယ်တဲ့စကားဘဲ၊

အို......လူသား၊ အဲဒီပုဂ္ဂိုလ်သုံးစားတို့တွင် အဇိတကေ သကမ္ဗလ၊ကတော့အကျိုးကိုပယ်တယ်။ပူရဏ ကဿပ ကတော့ အကြောင်းကို ပယ်တယ်။ မက္ခလိဂေါသာလက တော့ အကြောင်းရော၊ အကျိုးရော၊ နှစ် မျိုး စ လုံး ကို ပယ်တယ်၊ ထိုရင်းကိုပြောရလျှင် လူသားရယ်၊ အကြောင်း ကံပယ်လျှင် အကျိုးဝိပါက်ကိုလဲ ပယ်သည် မည်တာဘဲ။ အကျိုးဝိပါက်ကို ပယ်လျှင်လဲ အကြောင်း ကံကို ပယ်

သည်မည်တာဘဲ၊အဘယ်ကြောင့်လဲလို့ဆိုတော့ အကျိုး ဝိပါက်ရှိတယ်ဆိုမှ အ ကြောင်း ကံ ကို လုပ် ကြ မှာ ကိုး၊ အကြောင်းကံကို လုပ်မှလဲ အကျိုးဝိပါက်ကို ရမှာကိုး၊ အဲဒီနှစ်မျိုးဟာ တမျိုးနဲ့တမျိုးကို အားကိုးပြီး နေသလိုဘဲ။ အဲဒါကြောင့် "တဏှာကမ္မံပဋိဗါဟေတ္တေနာပိ ဝိပါကော၊ ပဋိဗာဟိတော ဟောတိ၊ ဝိပါကံ ပဋိဗါဟေတ္တေနာပိ၊ ကမ္မံပဋိဗာဟိတံဟောတိ"လို့ သီလက္ခန် အဋ္ဌကထာမှာ ရှိတာပေါ့၊ အမိပ္ပါယ်ကိုတော့ ကျုပ်ပြောဆိုခဲ့တဲ့အတိုင်း ဘဲ သိလောက်ပါပြီ၊အဲဒီအကြောင်းနဲ့ အကျိုးနှစ်မျိုးစလုံး ပယ်တာကိုပင် အ ကြောင်း မ ရှိ ဘူး မြင် သော ကြောင့်၊ အဟေတုက ဒိဋ္ဌိလို့ဆိုတယ်၊ အကျိုးမရှိဘူးဟု မြင်သော ကြောင့် နတ္ထိက ဒိဋ္ဌိလို့ဆိုတယ်၊ အ ကြောင်း လဲ မရှိ၊ အကျိုးလဲမရှိ၊ ဒါဖြင့် ပြုလုပ်တို့ရာ ဘာမျှမရှိဘူးဟု မြင် သောကြောင့် အကိရိယဒိဋ္ဌိလို့ဆိုတယ်။ အို-လူသား၊ အဲဒီ စကားကို ထင်ရှားစွာ မြင်သိဘို့ "ဇာတိသဗ္ဗေပေတေ၊အဟိ တော ဥဘယပ္ပဋိဗါဟကာ၊ အဟေတုကဝါဒါစေဝ၊ အကိ ရိယဝါဒါစ၊ နတ္ထိကဝါဒါစဟောန္တိ"လို့ သီလက္ခန် အဋ္ဌ ကထာမှာ ရှိတယ်။ ကြည့်ပါလား လူသားရဲ့၊ ဟံသာဝတီ ရိုက် သီလက္ခန် အဋ္ဌကထာပါဠိ စာမျက်နှာနံပါတ်(၁၃၇) အောက်နားမှာလေ-ဩဇာ တွေ့နေ ပ ကိုး။ အဲဒီ လို မကောင်းတဲ့ ကံရဲ့အကျိုးလို့လဲ အဆက်မရှိဘူး ကောင်း တဲ့ ကံရဲ့အကျိုးလို့လဲ အဆက်မရှိဘူးလို့ မ က္ခ လိ ရဲ့ တစောင်းဉာဏ်နဲ့ အကြောင်းကံကို ပယ် ထား တော့

အကျိုးဝိပါက်လဲ ပါသွားပြီး၊ အသကား ဖြစ်ကုန်တာပေါ့။ ရော့- ရော့- ဟောဒီစာကြောင်းကလေး ဖတ်ပြော စမ်း။ ဟောဗျ-"မက္ခလိနတ္ထိ၊ ဟေတုတိဝဒန္တော၊ ဥဘယံ ပတိ ဗါဟတိ"တဲ့လား။ အေး- အဟုတ်သားပေါ့ လူသားရဲ့၊ ဘယ်လောက်များ ထင်ရှားသလဲ။ အဓိပ္ပါယ်ကို တော့ ကျုပ်ပြောဆိုခဲ့သလိုဘဲ မှတ်ထား။ အို-လူသား၊ အဲဒီယို အကြောင်းကံဆိုတာလဲ မရှိဘူး၊ အကြောင်းကံကို လုပ်မှ အကျိုးဝိပါက်ကို ရတယ်ဆိုတာလဲ မဟုတ်ဘူးလို့ ဦးဦးဖျားဖျား ထင်မြင်ယူဆပြီး ထားကြတဲ့ မက္ခလိဂေါ သာလတို့ရဲ့ စကားဟာ ရုပ်ကြီးကို အရင်းခံသဖြင့်၊ မြေ ကြီးမှာ မြုပ်နှံတော့ နောက်တဖန် ပြန်မဖြစ်ဘဲ ဘဝသစ် မကူးသောကြောင့်၊ မကောင်းတဲ့ အကြောင်းကံကလဲ မကောင်းတဲ့အကျိုးကို မပေးဘူး။ ကောင်းတဲ့အကြောင်း ကံကလဲ ကောင်းတဲ့အကျိုးကို မပေးဘူးလို့ ရှေးဦးအစ ထင်မြင်ရာပြောဆိုကြတဲ့ ရုပ်ဝါဒအရင်းခံကြီးပေါ့ လူသား ရဲ့၊ ဒါဖြင့် ရုပ်ဝါဒကို တည်ထောင်တာ မက္ခလိ ဆိုတဲ့ အကောင်တွေပေါ့။

## ရုပ်ဝါဒပြောစကားကို မှန်တယ်လို့ဆိုမလား

အို- လူသား အဲဒီရုပ်ဝါဒအရင်းစကားမှ ကံဆိုတဲ့ အခင်းသွားကို သင်ရဲ့နား ရှင်းသွားအောင် စဉ်း စား ပြီး နားစောလေ- ကျုပ်ပြောဦးမယ်။ ဟောလေ- လူသား၊ ကျုပ်တို့ဘုရား ဟောကြားပြီး ထားခဲ့တဲ့ ဇောတိက သူဌေး၊ မေဏ္ဍကသူဌေးအစရှိတဲ့ ထရားတွေမှာ ကောင်း

မှုကို ပြုတဲ့ ကုသိုလ်ကံ တရား၊ အဲ ဒီ ကု သိုလ် ကံ ဆိုတဲ့ အကြောင်းတရားအတိုင်း၊ ခံစား စံစားရတဲ့ အကျိုးတရား တွေဟာ အလွန်ပင် ဆန်းပြားလို့၊ အလွန်ပင် ခမ်းနားတာ တွေကို သင် လူသား ကြားဘူးပြီ။ ပြော မ ကုန် အောင် များပြားတယ်။ ကဲ–အဲဒါတွေကို ထား၊ ဘာ ဖြစ် လို့ လဲ ဆိုလျှင် အရှင်ဥက္ကဋ္ဌတို့က အဲဒီသက်သေသာဓကတွေဟာ မမြင်ရတာတွေကို လက်ညှိုးထိုးပြီး ပြထားတာတွေတဲ့။ အဲဒါကြောင့်–လူသားရေ-မျက်မြင်အားဖြင့် ထင် ရှား တာ တွေကို သက်သေထုတ်ပြီး၊ ကျွန်ုပ်က ပြောမယ်။ တလော တလောတော့လဲ ဘုရားဟောကလေးတွေ ပါစေရမှာ ပေါ့၊ ဟောလေ လူသား၊ ကံဆိုတဲ့တရားဟာ ယခု ဘဝ မျက်မြင်အားဖြင့်လဲ ထင်ရှားစွာ တွေ့ နိုင် တယ်၊ ကဲ–သင် လူသားဟာ ဘာများကို လုပ်ကိုင်စားသလဲ။ ဩြော်–မိရိုး ဖလာအတိုင်း လယ်ယာအဲ လုပ်ကိုင်ပြီး စားတယ်ဆိုပါ တော့၊ အဲဒီလို လုပ်ကိုင်စားတော့၊ လယ်ပိုင်လား၊ သီးစား လား၊ ဩြော်-ယခင်ကတော့ လယ်ပိုင်ပါအဲ။ ယခုတော့ အနိုင်နိုင် ချေးငှားပြီး သီးစားအဲ လုပ် ရ ပါ တယ် ဆို ပါ တော့။ အို–လူသား၊ သူများရဲ့ လယ်ယာကို ချေး ငှား လို့ ရပါသလား၊ သီးစားဆိုလျှင်လဲ သီးစားပေါ့၊ အဲ ဒီ လို ပြောလိုက်လျှင် ပြီးသွားတာအဲ။ ချေးငှားပြီး သီးစားလုပ် တယ်ဆိုတဲ့ စကားကို ကျွန်ုပ်နားမရှင်းဘူး။ ဩြော်–အခု ကတော့ ကိုယ့် လယ်ပိုင်အဲ။ ဖရိုက် အရက်သောက်၊ သူ ကကာ မြောက်ပေးတိုင်းကြွား၊ တဖြည်းဖြည်း လုံးပါး

ပါး ပါးပြီး၊ စာရင်းဌားတဲ့အခကိုလဲ မပေးနိုင်၊ စာရင်းဌားထံက ယူထားတဲ့အကြွေးကိုပင် မဆပ်နိုင်သဖြင့်၊ စာရင်းဌား စိတ်မဆိုးခင် လယ်ထိုးပြီးအပ်လိုက်ရ၊ နောက် တထပ် ကိုယ်က ဌားပြီး၊ အချေးအဌားလဲ ဟုတ်၊ သီးစားလဲ ဟုတ်၊ စာချုပ်နဲ့ လူမသိအောင် မိမိက လုပ်ရတယ် ဆိုပါတော့။ အို-လူသား၊ ဓမ္မဒီ သင်ပြောပြီး သွားတဲ့စကားများမှာ အရက်သောက်တယ်၊ ဖဲရိုက်တယ်ဆိုတဲ့ အလုပ်ဟာ ကောင်းတဲ့အလုပ်လား၊ မကောင်းတဲ့ အလုပ်လား။ ဖြေ-မကောင်းတဲ့အလုပ်၊ အင်း- ဒါဖြင့် သင် လူသားဟာ မကောင်းတဲ့အလုပ်များကို လုပ်ခဲ့တယ် ဆိုပါတော့။ အေး-ဓမ္မဒီ မကောင်းတဲ့ အလုပ်ဆိုတဲ့ စကား နှစ်ခွန်းမှာ မကောင်းတဲ့ဆိုတာက အကုသိုလ်လို့ ခေါ်တယ်။ အဘယ် ကြောင့်လဲလို့ ဆိုတော့ အကုသိုလ်ဆိုတဲ့ စကားဟာ၊ အကုသလဆိုတဲ့ ပုဒ်က လာတာ၊ အက(မ)လို့ဆိုတယ်။ ကုသလက ကောင်းအောင်လို့ဆိုတယ်။ နှစ်ခုပေါင်း ဆမိဂျါယ်မှာ မကောင်းအောင်လို့ ဆိုတယ်၊ လုပ်တာကို တော့ ကံလို့ခေါ်တယ်၊ ဓမ္မဒီကံဆိုတဲ့ စကားက ကမ္မ ဆိုတဲ့ ပုဒ်က လာတာ၊ မြန်မာလို ပြန်လိုက်တော့ အမှုလို့ ဆိုတယ်။ ဒါဖြင့်-သင် လူသားဟာ မကောင်းတဲ့အကုသိုလ်ကံကို လုပ်ခဲ့တယ်၊ မကောင်းတဲ့အမှုကို ပြုခဲ့တယ်လို့ ဆိုတာပေါ့။ ကဲ-ဒါဖြင့် ဓမ္မဒီအကုသိုလ်ကံဆိုတဲ့ အရက်သောက်မှု၊ ဖဲရိုက်မှု အစရှိသော မကောင်းမှုတွေကို ပြုခဲ့တာဟာ အကြောင်းတရားလား၊ အကျိုးတရားလား။

အေး-အကြောင်းတရားပေါ့။ အဲဒီမကောင်းအောင် ပြုလုပ်ခဲ့တဲ့ အကြောင်းတရားကြောင့်(ဝါ)အကုသိုလ်ကံ တရားကြောင့်-သင် လူသားမှာ ပစ္စည်းဥစ္စာတွေ လျော့ပါးပြီး၊ ကိုယ့်အောက်က ငယ်သား ကိုယ်ကျွေးမှ ထမင်းစားရတဲ့ ကိုယ်ခိုင်းတဲ့ စားရင်းဌားကိုပင် မင်း ကြွား ကြီး ထင် ရအောင် ယခင်က ကြွေးတွေနှင့်တကွ၊ စားရင်းဌားတဲ့အခ တို့ကိုမျှ မပေးမဆပ်နိုင်ဘဲ၊ စားရင်းဌားရဲ့ လက်ဝယ်သို့ မိမိပိုင် လယ်ကို မျက်နှာငယ်ကလေးနဲ့ ပေးအပ်လိုက်ရတဲ့ မကောင်းကျိုး၊ပွဲရ တော်ရတဲ့ မကောင်းကျိုးတို့ကို လက်ညှိုးထိုးပြနေစရာမလို။သင်ကိုယ်တိုင် ခံစားနေရပြီမဟုတ် လား။ အို-လူသား ယခုမှ စဉ်းစားပြီး၊ မျက်နှာ ထား ကလေး အိုတိုတို့နဲ့၊ မျက်ရည်ကလေးယိုနေလို့ အပို ပ လူသားရဲ့။ကိုယ်ကကို မကောင်းအောင် ပြုခဲ့လို့ မကောင်းမှုဆိုတဲ့ ကိုယ့်ကံအကြောင်းကြောင့်-မကောင်းတဲ့အကျိုး များကို သင်ကိုယ်တိုင် ခံစားရထာ၊ အလို- အို- လူသား၊ ဟိုရှေ့က လမ်းအကြားမှာ စစ်ရဲတွေ ဖမ်းထားတယ်။ လက်ထိပ်တွေ တကားကားနဲ့၊ ဒါးနဲ့၊ သေနပ်နဲ့၊စစ်သား တွေကလဲ ဝိုင်းပတ်ပြီး ထားသကိုး၊ ဘယ်အရပ်သားတွေ လဲ လူသားရဲ့၊ ဩော်-တခြားကလား၊ ဘာမှုများပါလိမ့် နော်၊ ဩော်-ယခင်အစိုးရတွေရဲ့ လက်ထက်က လုယက် မှု၊ ပြန်ပေးမှု၊ ဒါးပြတိုက်မှု၊ လူသတ်မှုတွေဟာ ယခု ဗိုလ် ချုပ်အစိုးရရဲ့ လက်ထက်မှပေါ်လို့ ဖမ်းဆီးပြီး ခေါ်လာ တာတွေလား၊အင်း-အဲဒီအမှုသည်တွေကို ကြည့်ပြီး၊သတိ

နဲ့ စဉ်းစားစမ်း၊ ကံဆိုတဲ့ အရင်းတရားဟာ၊အကွင်းသား အကွင်းသားနဲ့၊ ရှင်းသွားအောင် ပေါ်လာ လိမ့် မယ်၊ ဒိမယ်လေ-လူသား၊ ဆဲဒီအမှုသည်များဟာ သင်ပြောတဲ့ စကားလာအဘိုင်း၊ နောက်- လေးငါးဆယ်နှစ်လောက် အခါက တိုက်ဟာ၊ လုဟာ၊ သူ့ အ သက် သတ် ဟာ၊ ပြန်ပေးထုတ်ဟာနဲ့ လုပ်လာတဲ့ ကံအကြောင်း၊ မကောင်း တဲ့ကံ၊ အမှုတို့ကြောင့် ယခု အဖမ်းခံရတာ မဟုတ်လား။ အေး-ဟုတ်ပြီ၊ ဆဲဒီလို ဟုတ် လျှင် မကောင်းတဲ့အမှုရှုပ် တို့ကို ပြုလုပ်စဉ်အခါ၊ ဘာပြစ်မှ မရောက်ပါဘဲ၊ ယခုမှ ဖမ်းလာတော့ ကြာခဲ့တဲ့ ကာလ၊ လွန် ခဲ့ တဲ့ ကာ လ ကို အဘိတ်ကာလလို့ ဆိုရလိမ့်မယ်။ အ တိတ် က ပြုခဲ့တဲ့ မကောင်းမှုအကြောင်းကံပေါ့ လူသားရယ်။ ဆဲဒီအတိတ် က ပြုခဲ့တဲ့ မကောင်းမှုအကြောင်းကံ၊ မဟာနတဲ့ကိစ္စများ ကြောင့် ဖမ်းထားတဲ့ ယခုအခါကိုတော့ နောက်အချိန်က နဲ့ နှိုင်းစားလျက် တိုင်းထွားပြီးဆိုပါလျှင် အ နာ ဂါတ် အခါလို့ သေချာစွာ ဆိုနိုင်တယ်၊ အို- လူသား၊ ဆဲဒီ အဖမ်းအဆီးခံသာကြရတဲ့ အမှုသည်များဟာ၊ အတိတ် လို့ ဆိုရတဲ့ ရှေ့အခါက မကောင်းမှုလို့ဆိုရတဲ့ အကု သိုလ်ကံတွေကို ပြုလာလို့၊ ယခင်ကို တွေးရှုလျှင်၊ ယခု ဟာ အနာဂါတ်လို့ ဆိုအပ်တဲ့ ဤအခါမှာ၊ချည်ဟာ၊တုပ် ဟာနဲ့ မလှုပ်သာအောင် အတင်းဆွဲပြီး၊ ဟိုက ညှဉ်းဆဲ၊ ဒီကညှဉ်းဆဲနဲ့၊ ဆင်းရဲတဲ့မကောင်းကျိုးတို့ကို အမျိုးမျိုး ခံရတယ် မဟုတ်လား။ အို-လူသား၊ ဆဲဒီလို ခံစားရတာ

ဟာ ယခုဘဝထွင် မျက်မြင်တွေ့ရတဲ့ အဘိတ်ကာလက အကြောင်းတရားနဲ့ ရှေ့နားက ပြောခဲ့တဲ့ ကျွန်ုပ်ရဲ့စကားအတိုင်း မျက်မြင်တွေ့ရတဲ့အနာဂါတ်ကာလ အကျိုးတရားဘဲ။ ကဲ လူသား၊ အတိတ်က ဆိုတဲ့ အကြောင်းတရားလဲ အလကားဘဲ။ အဲဒီအတိတ်က ပြုခဲ့တဲ့ အကုသိုလ်ကတရားအတိုင်း ခံစားရလိမ့်မယ်ဆိုတဲ့ အနာဂါတ် အကျိုးတရားလဲ အလကားဘဲ။ အကြောင်းတရား၊ အကျိုးတရား ဆိုတာ မရှိဘူးလို့ ဆိုတဲ့ စကားတွေဟာ မှားပြီး မနေဘူးလား လူသားရဲ့။ စားရင်းငှားကတော့ မသတ်၊ မခိုး၊ မဆိုး၊ မတိုက်၊ အရက်လဲ မကြိုက်၊ ဖဲလဲ မရိုက်၊ မ မိုက် မ မှား ဖြောင့်ဖြောင့်မတ်မတ် ရိုးရိုးသားသားဖြင့်၊ နှိုင်း ချိန် ဝတ်၊ နှိုင်းချိန်စား၊ ကောင်းအောင် ပြုလုပ်ခဲ့တဲ့ အမှုကုသိုလ်က အတိတ်အကြောင်းတရားကြောင့် ရှေ့ကနဲ့ နှိုင်းစာလျှင် အနာဂါတ်အခါလို့ ဆိုစရာဖြစ်တဲ့ ယခုအချိန်တွင် ဂုဏ်သိမ်ကြီးမား၊ သင့်လယ်ကို သူပိုင်လို့ မ ထူ နိုင် အောင် အလှမ်းကွာပြီး၊ ချမ်းသာတယ်ဆိုတဲ့ အကျိုးတရားတို့ကို ခံစားပြီး နေရပြီမဟုတ်ပါလား။ အို-လူသား၊ ပစ္စုပ္ပန် ဘဝ ဆိုတဲ့ ယခုအခါနဲ့ နှိုင်းချိန်ပြီး ရှုပါလျှင်၊ လူ့ရွာမှာ ဖြစ်နေတဲ့ ဤဘဝက ဒါနတဲ့၊ သီလတဲ့၊ ကုသိုလ်တွေ ညီမျှတာကို အတိတ အတိတ်အကြောင်းလို့ ဘဝပြောင်းတော့ ဆိုရတယ်။ အဲဟိုဘဝ၊ ဖြစ်ရမည့်နောင်ကာလမှာ ခံစားရမည့်အကျိုး၊ လူချမ်းသာမျိုး၊ နတ်ချမ်းသာမျိုး ဗြဟ္မာချမ်းသာမျိုး၊ အဲဒီလို အမျိုး မျိုး တို့ ကို တော့ အနာဂါတ်

အကျိုးလို့ဆိုရတယ်။ ဒီ-လူသား၊ ယခုဘဝ မျက်မြင်အားဖြင့်၊ သင်လူသား ရှေ့က ပြုခဲ့တဲ့ အရက်သောက်မှု၊ ဖဲရိုက်မှု၊ မကောင်းကံ အကြောင်းရတို့ကြောင့် ယခုဆိုတဲ့ နောက်အခါရောက်လာတဲ့ အနာဂါတ်၌ မွဲတေပါးရှား၊ မိမိရဲ့ စားရင်းငှားလောက်မျှ လှုပအောင် ထမင်းမစားရဘဲ ယွင်းမှားစေခြင်းထိုး မကောင်းကျိုးတို့ကို မြင်သဖြင့်၊ ယခုဘဝတွင် ငါမကောင်းက နောင်ဘဝတွင် ငါဆိုးပြီး၊ မကောင်းကျိုးတွေ ခံစားရမှာဘဲလို့၊ အဲဒါကို သိနိုင်တယ်၊ ဆိုလိုရင်းကတော့ လူသားရယ်၊ ယခုဘဝမှာပင် ရှေ့က ပြုကြတာဟာ အတိတ်ဖြစ်တဲ့ အကြောင်းကံ၊ နောက်တဖန် ခံစားရတာက အနာဂါတ်ဖြစ်တဲ့ အကျိုးတရား၊ အဲဒီလို နှစ်မျိုးနှစ်စားတို့အား ခွဲခြားပြီးသိသလို၊ ယခုဘဝမှာ ပြုကြတဲ့ အကြောင်းကံလဲ ရှိတယ်၊ နောင်ဘဝမှာ ခံစားရမည့်အကျိုးတရားလဲ ရှိလိမ့်မယ်လို့၊ သိကလို သိရမယ် ဆိုလိုတယ်။ ဒီ-လူသား၊ အဲဒီလို ရှေ့က ပြုလုပ်တဲ့ အတိတ်ကံအကြောင်းတရားကြောင့်၊ နောက်မှာ ခံစားရတဲ့ အနာဂါတ်အကျိုးတရားဟာ၊ ထင်ရှားစွာ ရှိတယ်လို့၊ ယခုဘဝ မျက်မြင်အားဖြင့် သင်လူသား သိထားလျှင်၊ ယခုဘဝနဲ့ နှိုင်းယှဉ်ပြီး ယခုဘဝတွင် ပြုလုပ်တဲ့ ကံအကြောင်းတရားကြောင့်၊ နောက်ဘဝတွင် ခံစားရမည့် ဝိပါက်အကျိုးတရားရှိတယ်ဆိုတာကို သင်လူသား သိပြီပေါ့။ အေး-အဲဒီလို သိလျှင်၊ ယခုဘဝတွင် ပြတ်တယ်၊ နောက်ထပ်ပြီး ဘာမှမဖြစ်ဘူးဆိုတဲ့ ဥစ္ဆေဒစကား၊ ယခု

ဘဝက ပြုကြတဲ့ အကြောင်းကံဟာ နောက်တဖန် အကျိုးမပေးဘူးဆိုတဲ့ ရုပ်ဝါဒစကားများကို မှားတယ်လို့ သင်မသိသေးဘူးလား၊ ဩော်-သိသွားပြီဆိုပါတော့၊

## (ကြည့်လျှင်လဲမမြင်ကိုင်လျှင်မတွေ့ထိတိုင်း)
## (မရှိဘူးဆိုမလား)

အို ---လူသား အဲဒီအတိတ်ကံဆိုတဲ့အကြောင်းတရားနဲ့ အနာဂတ်ဝိပါတ်ဆိုတဲ့ အကျိုးတရားတို့ကို မကိုးစားကြနဲ့အားမထားကြနဲ့ လို့ ရှင်ဥစ္ဆေဒတို့ ရေးဆိုပြောကြားသွားတဲ့စကားကို အဲဟိုရှေ့နားက သင်လူသားကြားခဲ့ပြီ၊ ဒီနေရာမှာအကြောင်းစစ်သဖြင့်ရထပ်ပြီးပြောဦးမယ် ဟော လေးလူသား၊ "ကမ္မသကာရကောနတ္ထိ" အစရှိတဲ့ပါဠိကိုမှူထားပြီး၊ အတိတ်အကြောင်းကံကို၊ ပြုလုပ်တင်တဲ့ ပုဂ္ဂိုလ်ရယ်လို့ လဲမရှိဘူး၊ အနာဂတ်ဝိပါက်အကျိုးကို ခံစားတတ်တဲ့ ပုဂ္ဂိုလ်ရယ်လို့လဲ မရှိဘူးဆိုတဲ့ အဓိပ္ပါယ်သွားတို့ပြင်၊

> **အယ္ဘိသေ်တမှုကား** — ရုပ်တရားသားလျှင်ဖြစ်၏ ထိုသည့်အယ္ဘိသဘာဝဖြစ်သော ရုပ်တရားသည် သာလျှင် တုံးအိုးတွင်းသို့ ထိုး၍ နှိုက်တဲ့လက်ရော နှုတ်လိုက်တဲ့အခါ ဖြူလာသောလက်ပါ ဖြစ်ရလေသည့်ကာဂရကရောဝေဒကပါ-ရုပ်သဘာဝသာဖြစ်သည်ဟုဆိုလိုသည်ဟူ၍ရင်း။

## 'လူသေလူဖြစ်စာအုပ်' စာမျက်နှာ(၆၇) စာကြောင်းရေ(၅)မှစပြီး စာကြောင်းရေ(၉)သို့ကျအောင်၊ ရေးပြပြော ဆိုပြီးထားပြန်တယ်

သင်လူသားကြည့်စမ်းပါပြီးတော့သာစာမျက်နှာ(၆၀) မှစပြီး စာမျက်နှာ(၆၁)သို့ကျအောင်၊

အကြင်သတ္တဝါ တယောက်သည် ကာယဝစီ မ
နောဟူသော ကပ်သုံးမျိုးတို့တွင် တခုခုသော
ကပ်ဖြင့် ကုသိုလ်တရားကိုဖြစ်စေ အကုသိုလ်တရား
ကိုဖြစ်စေ ပြုလုပ် ကြိုးလွန်ခဲ့လျှင် ထိုသတ္တဝါ၏
သက်ဆိုင်ရာ ရုပ်အင်္ဂါ အစိပ် အပိုင်း အသီးသီးနှ
ကောင်းကျိုးဆိုးပြစ်ဟူသော အဖြူ အမဲကွက်များ
သည် တားမနိုင် ဆီးမရမဲ့ လက်ငင်း—ချက်ခြင်း
ထင်ကာ ပေါ်လာမြဲဖြစ်ကြကုန်၏၊ ထုံးအိုးတွင်းသို့
ဖြစ်စေ၊ သို့မဟုတ် သစ်စေးအိုးတွင်းသို့ဖြစ်စေ၊ လက်
နှိုက်မိသူ၏ လက်သည်ထိုအိုးများအတွင်း ယှိုတုံး
ရည်၊ သို့မဟုတ် သစ်စေးရည်ထဲသို့ လက်မြုတ်
သည်နှင့်အမျှ၊ အဖြူ အမဲ တကွဲစီငွဲးလာသကဲ့သို့
ပေတည်း၊ လို့ရေးဆိုပြောပြထားပြန်တယ်၊

ဒီ လူသား၊ဆဲဒီအဆိုပါစကားတို့ကို၊ သင်လူသား စဥ်းစားစမ်းပါ၊ ဘယ်လိုများဆိုထားသလဲ၊ အင်း ဒီလို လူသားရဲ့၊ ဆိုလိုရင်းသို့စကားက၊ ရှေးကပြောဆိုပြီးရေးသားပြီးထားတဲ့အတိုင်း၊ နာမ်တရားမရှိ၊ ရုပ်တရားသာရှိတယ်ဆိုတဲ့ရှေ့စကားကို၊နောက်ထပ်ပြီးထင်ရှားအောင်တင်စားပြောပြတဲ့အဓိပ္ပါယ်ဘဲ၊ ဒီမယ်လေလူသား၊ ဥပမာပြသားတာက၊ သင်လူသားဟာ တုံးအိုးရဲ့အတွင်းသို့လက်သွင်းပြီးနှိုက်စမ်းပါတဲ့၊သို့မဟုတ်သစ်စေးအိုးရဲ့အတွင်းသို့လက်သွင်းပြီးနှိုက်စမ်းတဲ့၊ ဆဲဒီလိုနှိုက်တဲ့ အခါမှာ ရုပ်ဖြစ်တဲ့လက်မှာသာလျှင်၊အဖြူနဲ့အမဲဟာ၊ နှိုက်သလိုစွဲလာပါတယ်တဲ့၊ နာမ်ဆိုတဲ့အရာကတော့၊ မနှိုက်လို့မစွဲနိုင်ပါဘူးတဲ့၊(ဝါ) နာမ်ဆိုတာမရှိလို့ တုံးနဲ့ သစ်စေးက မထိသဖြင့်အဖြူနဲ့အမဲဟာ၊ စွဲမလာနိုင်တာကိုကြည့်ပါတဲ့၊ တော်တော်သေးမွှမ်းလောက်တဲ့ အပိဓမ္မာဘဲ၊ နာမ်ဆိုတာ ထိစရာမဟုတ်ဖူး၊ တုံးအိုးကို နှိုက်ကြည့်က၊ တုံးနဲ့ ထိမထိကိုသိစရာသာဖြစ်တယ်၊ နောက်ထပ်စဥ်းစားအုံး တုံးအိုးရဲ့အတွင်းသို့၊ လက်သွင်းပြီးနှိုက်တယ်ဆိုတာ၊ စိတ်ဆိုတဲ့နာမ်က နှိုက်ချင်လို့၊ ရုပ်ဆိုတဲ့လက်က နှိုက်တာ၊ (ဝါ) စိတ်နာမ်ကခိုင်းတဲ့အတွက်၊ ရုပ်လက်ကနှိုက်ရတာ၊လက်နဲ့တုံးထိမထိကိုသိတယ်ဆိုတဲ့အရာမှာလဲ၊လက်နဲ့တုံးထိတဲ့အခါမှာ၊ လက်ဆိုတဲ့ရုပ်က၊ အဟုတ်ကိုသိတာ မဟုတ်ဘူး၊ လက်နဲ့ထုံးထိလိုက်တော့(ကါယဉ္စ ပဋိစ္စဖေါဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိဝိညာဏံ)ဆိုတဲ့၊ မူလပဏ္ဏာသပါဠိ အတိုင်း၊ ဆဲဒီ

သွားပြီးထိတဲ့လက်ထည်းဟူသောရုပ်နဲ့၊ အထိခံရတဲ့၊ထုံး တည်းဟူသောရုပ်နှစ်ခုဘဲရှိဟာ၊ ဆုံစပ်မှုကိုင်မှုတွေကြုံဆုံမိ မှု၊ အဲဒါတွေ ရုပ်မှုပြန်သဖြင့် သိမှုဆိုတဲ့ဝိညာဏ်၊ နာမ်ဆိုတဲ့ တရားကလေးဟာထင်ရှားဖြစ်ပေါ်ပြီးလာတယ်၊ အဲဒီလို ဖြစ်ပေါ်လာတာကို၊ ရုပ်ကိုယ်ကို အကြောင်းပြုပြီး၊ ထိသိမှု ပေါ်သောကြောင့်၊ ကါယဝိညာဏ်လို့ခေါ်တယ် မြန်မာလို တော့ ကိုယ်ကိုအကြောင်းပြုပြီးသိလို့၊ ကိုယ်ထိသိလို့ခေါ် တာပေါ့၊ သိတော့နာမ်ကသိတာဘဲစဉ်းစားကြည့်နော်လူ သား၊ အဲဒါကြောင့်ဘုရားကဒေ့နားမှာရှိတဲ့ပါဠိကလေး မှာ၊ နောက်တခါဆက်ပြီး (ကာယဝိညာဏံ တွေဝသင်္ချ ဂစ္ဆတိ) လို့ ဟောမြွက်မိန့်ဟာတော်မူထားတယ်၊ အသင် ဖြဲမျက်စိနဲ့ မြင်သိတဲ့ အခါများမှာလဲ၊ဒီလိုဘဲ မှတ်ထားပေါ့ အဲဒီတော့လူသားရယ် ....၊ လက်နဲ့ထုံးနဲ့ ထိထားတဲ့အခါ ထုံးပြုရောင်လက်မှာစွဲတော့၊ ခွဲနှုတ်ပြီးကြည့်တဲ့လိုခါမှာ နာမ်မပါဘူးလို့၊ ပူးရောက်တဲ့ဉာဏ်နဲ့၊ ဝေဘန်ပြော ဆိုပြီးထားတဲ့ ရှင်ဥက္ကဋ္ဌတို့ရဲ့ အဖြေပျံပယ်သွားဟာ၊ သူတို့ ရေးသားပြီးထားတဲ့ စာ စကားများဟာမှားပြီးမနေပေဘူး လား၊ ဒီမှာလေ လူသား၊ ထုံးနဲ့ လက်နဲ့ ထိကထဲက၊ ထိ တယ်လို့သိတဲ့အခါမှာ၊ သိတတ်တဲ့ နာမ်ရှိလို့၊ သိနေတာ ဘဲမဟုတ်လား ထုံးထိတဲ့လက်ကိုကြည့်တော့၊ ဖြူတာကို သိနေတဲ့အခါမှာ၊ သိတတ်တဲ့နာမ်ရှိလို့ သိနေတာဘဲမဟုတ် လား၊ အဲဒီတော့ထုံးအိုးကို လက်နဲ့ နှိုက်လိုက်တဲ့အခါမှာ ထုံးနဲ့ လက်ဆိုတဲ့ရုပ်တရားရယ် ထိတော့သိတဲ့ နာမ်ထဲ

ရှားရယ် ထုံးအိုးရဲ့အတွင်းမှာ၊ အထင်အလင်းရှိနေတာဘဲ မဟုတ်လား၊ ပြင်ဘက်သို့ထုတ်လိုက်တော့၊ထုံးဆိုတဲ့ရုပ် က လက်ဆိုတဲ့ရုပ်ကို နှစ်မြှုတ်သလောက် အပြုရောင်စွဲသ ဖြင့် ထုံးနဲ့ လက်ကိုဘဲမြင်ရတယ် နာမ်ကတော့ ထုံးတို့ အိုးမဲတို့၊ စွဲထင်းညစ်ပေရန်ကို မဆိုထားနဲ့ ဆုပ်ကိုင် ပွတ် သတ်ကြည့်လို့မှ ထိနိုင်တဲ့ တရားမဟုတ်တော့၊ အိုးမဲနဲ့ သုတ်လို့လဲ မစွဲဘူး ထုံးနဲ့သုတ်လို့လဲမစွဲဘူး၊ ဆဲဒီလိုမစွဲ နိုင်ခြင်းကြောင့်၊ ထုံးအိုးရဲ့ အတွင်းသို့၊ ထည့်သွင်းပြီးနှုတ် လိုက်တဲ့အခါမှာ၊ ထုံးပြုရောင်ပါမလာဘူး၊ အဲဒီလိုပါမ လာလို့၊ နာမ်ဆိုတာမရှိဘူး၊ ထုံးပြုမစွဲတာကိုကြည့်၊ ရုပ် ဆိုတာသာရှိတယ် ထုံးပြုစွဲတာကြည့်လို့၊ ရှင်ဥက္ကာဋ္ဌတို့၏ စကားက၊ အဲဒီလိုဆိုထားတယ်၊ အိုလူသား..... စဉ်းစား ပြီးကြည့်စမ်းပါ၊ ထုံးနှင့်လက်နဲ့ထိလို့သိတဲ့အခါ၊ လက် ကိုကြည့်တော့၊ ထုံးပြုစွဲလာတာကို မြင်သိတဲ့အခါတွေမှာ နာမ်ရှိလို့သိနေတာကို၊ ရှင်ဥက္ကဋ္ဌ တို့မသိဘူး၊ မျက်စိနဲ့ ကြည့်မမြင်၊ ကိုင်တွယ်ချင်ပေမဲ့လဲမတွေ့မထိ၊ ဖမ်းယူလို့ လဲမမိသဖြင့်၊ နာမ်မရှိဘူးလို့ သူတို့ဆိုထားတယ်၊ ထနည်း အားဖြင့်၊ ကိုင်စမ်းတော့လဲ မတွေ့မထိ၊ မျက်စိနဲ့ ကြည့် တော့လဲမမြင်မသိသဖြင့်၊ ရှင်ဥက္ကဋ္ဌတို့၏အလိုရုပ်ကိုယ်ရဲ့ ပုဒ်၊ ကျွန်ုပ်တို့၏ အလိုကနာမ်၊ ဝေဘန်တတ် ကြံစီတတ် စဉ်းစားတတ်တဲ့ သဘောများဟာ၊ အရှိတရားမဟုတ်၊အ ဖြစ် တရားမျှသာ ဟုတ်တယ်လို့၊ သို့ကလို ဆိုထားသေး တယ်၊ ကဲ ... လူသား၊ ကိုင်တွယ်လို့လဲမတွေ့ထိ၊ ဖမ်းယူ

လို့လဲမဆုပ်မိ၊ မျက်စိနဲ့ကြည့်တော့လဲမမြင်မသိလို့၊ မရှိဘူးဆိုလျှင် (ဝါ) အနတ္တရားမဟုတ် အဖြစ်တရားသာဟုတ်သည်ဟုဆိုလျှင်၊ တိုတိုဟုတ်တုတ်အဖြေလွယ်လွယ်ကတော့၊ လေလယ်တာကိုဘာခေါ်သလဲ၊ ဪ .. ရုက်စရာမဟုတ်ပါဘူးလူသားရဲ့၊ ထင်ထင်ရှားရှားနဲ့အဖြေပေးမှာမို့၊ ယဉ်ကျေးတဲ့စကား၊ ရိုင်းပိုင်းတဲ့စကားရယ်လို့ ပဓါန မထားပါနဲ့၊ ခေါ်တာကိုသာ လျှောက်ထား စမ်းပါ၊ အေး အီးပါတယ်ခေါ်တာပေါ့ လေလယ်တာနဲ့ပြောလဲပြီးတာပါဘဲ သို့ရာတွင် အီးပါတယ်ဆိုတော့၊ ပိုပြီးထင်ရှားတာပေါ့၊ လေကြွင်တက်တယ်ဆိုတဲ့ စကားနဲ့လဲ ကွဲပြားသွားတယ် ကဲလေလူသား၊ သင်လူသားဟာ၊ အဲဒီအရာရှိရဲ့ အနီးအနားမှာ လေတင်ကသွားပြီး အသံမကြားအောင် အီးပေါက်စမ်း ဪ အကြွမ်းပတန်း ဆဲချင်လဲဆဲပေါ့လူသားရဲ့၊ အဲဒီလိုသူတို့ကဆဲတော့၊ ဘာဖြစ်လို့ဆဲသလဲလို့ အဲဒီလိုမေး၊ အဲဒီလိုမေးတော့၊ သူတို့ကအဖြေပေးလိမ့်မယ်၊ ဟေး လူသား၊ မင်းမြန်မြန် တခြားသွားပါ၊မင်းပေါက်တဲ့အီးနံ့ဟာ၊နှာခေါင်းမှာစွဲပြီး ဟီး.... ငါတယ်လေနချီးလို့ တိုင်းတဲ့အဖြေ၊ ရိုင်းရိုင်း ပိုင်းပိုင်းတော့ ကြမ်းချင်ကြမ်းလိမ့်မယ်၊ အဲဒီလိုကြမ်းတော့၊ မထိန်းနိုင်လို့ပါဘုရာ .... ဒါလောက်တောင်စိတ်ဆိုးစရာမဟုတ်ပါဘူး၊ အီးဆိုတဲ့အရာဟာ၊ ရှိတာလဲ မဟုတ်တော့ လက်နဲ့လိုက်ပြီး ဆုပ်လို့လဲ မမိဘူး။ ကိုင် တွယ် လို့လဲ မတွေ့ မသိဘူး။ ရှိကိုမှ မရှိတော့" မြင်အောင်တောင်မှ

မကြည့်နိုင်ဘူး။ အရှင်တို့လဲ စဉ်းစားကြည့်ပါ။ ဖြစ်ရုံသာ ဖြစ်ပြီး၊ တကယ်မရှိတဲ့ အမိုးအတွက်တော့ အရှင်တို့ ဒေါသ မထွက်ကြပါနဲ့ လို့ပြော။ အဲဒီလို သင်က ပြောတော့ ပော့-လာပြန်ပြီ။ ဒီအိမ်ဟောင်ဟာလေ- အမိုးမရှိဘူးလို့နှင့် အမေ လင်က ပြောဘူးသလား။ ရှိလို့ နံတာပေါ့။ နှာခေါင်းမှာ တောင် စွဲနေသေးတယ်။ မအေပေး သေသွားမယ်နှ့၊ အဲဒီ လိုတောင် ထပ်ပြီး ကြိမ်းချင် ကြိမ်းလိမ့်ဦးမယ်။ အဲဒီလို ကြိမ်းတော့ မကြိမ်းပါနဲ့ ဘုရာ အရှင်ဘုရားတို့ရဲ့ စာအုပ် ထဲမှာ နာမ်ဆိုတဲ့တရားဟာ၊ စဉ်းစားပြီး ကြည့်ပါလျှင်၊ ကိုင်တွယ်လို့လဲ တွေ့ထိစရာမရှိ။ ဖမ်းဆုပ်လို့လဲ မိစရာ မရှိ။ မျက်စိနဲ့ ကြည့်လို့လဲ မြင်စရာမရှိတော့ နာမ်ဆိုတာ မရှိဘူးလို့ ရေးသားပြောဆိုပြီးထားတဲ့ အဓိပ္ပါယ်သွား တွေဟာ အများကြီးပါပါတယ်။ နတ်ရွာ၊ ပြိတ္တာရွာ၊ ငရဲရွာ၊ အသူရကာယ်ဆိုတဲ့ရွာတို့ဟာလဲ မမြင်မတွေ့ရတာကြောင့် အရှင်ဘုရားတို့ စာအုပ်ထဲမှာ မရှိဘူးလို့ ရေးသားပြော ဆိုပြီး ထားပါတယ်။ အဲဒါကြောင့် အရှင်တို့ရဲ့ ရေးသား ပြောဆိုချက်တို့နဲ့ နှိုင်းစာပြီး၊ တပည့်တော်ပေါက်စဲ့ အမိုး ဟာလဲ မတွေ့ရ၊ မမြင်ရ၊ ကိုင်တွယ်ဖမ်းဆုပ်လို့ မရပါ သဖြင့်၊ ဖြစ်ရုံသာဖြစ်တာ မရှိဘူးလို့ ယူဆထားပါတယ် လို့ပြော။ ထိုသူတို့ သဘောကျပြီး၊ စတာလင် ရုပ်ကြီး တောင် ဆုချလိုက်ပါဦးမယ်။ အကယ်လို့ ဘိနပ်ဆွဲပြီး ရိုက်မှာဘဲ ထင်လျှင်၊ သောနတ္ထိဂုရ်မုဆိုးသားနဲ့ ဘုရား လောင်း ဆဒ္ဒန်ဆင်လို၊ သင်္ကန်းကို ဦးတင်ပြီး၊ မနှ ခင်

တွက်ပြေးပေါ့။ တစက်ကလေးမှ မဖြစ်မှားခဲ့နဲ့ ဇေ
လူသား။ ဒို- လူသား သူတို့ရဲ့ စကားက ရုပ်ဆိုတဲ့
သဘောတရားဟာ ထင်ရှားစွာရှိသဖြင့်၊ မျက်စိနဲ့ ကြည့်
တော့လဲ မြင်နိုင်တယ်။ ကိုင်တွယ်ဖမ်းဆုပ်လို့လဲ မိနိုင်
တယ်၊ တွေ့လို့ ထိလို့လဲ ရတယ်လို့ ဆဲဒီလို ဆိုထားကြ
တယ်။ အခိုးကျတော့ ဘာဖြစ်လို့ မမြင်ရသလဲ၊ ဘာဖြစ်
လို့ ကိုင်တွယ်မရသလဲ၊ ဆဲဒီအခိုးဟာ ဝါယောဆိုတဲ့ လေ
ရုပ်ဘဲ။ နံ့တာဟာလဲ အနံ့ဆိုတဲ့ ဂန္ဓရုပ်ဘဲ၊ ကဲ- လူသား
ရုပ်ဟာ ရှိလို့ မျက်စိနဲ့ ကြည့်လျှင်လဲ မြင်နိုင်တယ်၊ ဆုပ်
ကိုင်ဖမ်းဆီးလို့လဲ မိနိုင်တယ်။ နာမ်ဆိုတဲ့ အသိကတော့
ရှိကိုမှ မရှိလို့၊ မျက်စိနဲ့ ကြည့်လို့ မမြင်နိုင်၊ ဆုပ်ကိုင်ဖမ်း
ဆီးလို့ မမိဘူးဆိုတဲ့ ရှင်ဥက္ကမ္ဘတို့၏ အဓိပ္ပါယ်စကား
သွားတွေဟာ လွဲမှားပြီး မနေပေဘူးလား။ အသိဆိုတဲ့
နာမ်ကို မမြင်ရတဲ့အတွက် မရှိဘူးလို့ ယူဆလျှင်၊ အခိုးဆို
တဲ့ အနံ့ရုပ် လေရုပ်ကိုလဲ မမြင်ရတဲ့အတွက် မရှိဘူးလို့
ပဲ ယူဆရလိမ့်မယ်။ ရှိတော့ရှိသော်လဲ မျက်စိနဲ့ မမြင်ရ၊ ကိုင်
တွယ်ဖမ်းဆီးလို့လဲ ထင်ထင်ရှားရှားကြီး မပြနိုင်သဖြင့်
(ဖုတ်ကနဲကျ-ရှာမရ)လို့ ရှေးက ကလေးများ တောင်၊
ရယ်စရာစကား ဆိုကြတယ်။ ဒို-လူသား၊ ကိုင်တွယ်လို့
ထိမရတဲ့ပြင် မျက်စိနဲ့ မမြင်ရပေမဲ့ အထင်နဲ့ ဆပြီး
သဘောကြည့်လိုက်တော့ ရှိတယ်ဆိုတဲ့ အသိနာမ်တရား
ရှိတယ်ဆိုတဲ့ အနံ့ရုပ်တရားတို့ကို သင် လူသား သဘော
ပေါက်ပြီလား။ ဩော်- သဘောပေါက်ပြီ၊ အေး- ဆဲဒီ

ရှိတယ်ဆိုတဲ့စကားကို စဉ်းစားပြီး စစ်တော့လဲ ဖြင့်လို့သာ ရှိတာပေါ့၊ ကြည့်ဦးလေ-လူသား၊ သူတို့ရဲ့ စကားက အသိဆိုတဲ့ နာမ်တရား၊ သူတို့ရဲ့ အလိုအားဖြင့် ရုပ်ရဲ့ ဂုဏ်ပုဒ်လို့ပဲ ထားလိုက်ပါတော့။ အဲဒီ သိတတ် ဝေဘန် ကြံစည်တတ်တဲ့ သဘောတရားများဟာ၊ အရှိတရား မဟုတ်၊ အဖြစ်တရားများသာ ဟုတ်တယ်လို့ ဆိုထားတယ်။ မတွေ့ မမြင်ရသဖြင့်၊ ဖြစ်ရုံသာဖြစ်ပြီး မရှိတဲ့တရားတဲ့၊ မှားမနေဘူးလား လူသားရဲ့။ အဲ- မှား၍ရုံ တွင် မကာ၊ မှားပြီးရင်း မှားရင်း မှားပြီးရင်း မှားချင်းနဲ့ သူတို့ရဲ့ ပြောစကား၊ သူတို့ရဲ့ အရေးအသားတွေဟာ အသေးအမှားတွေချည်း ဖြစ်သွားတာဘဲ။

## ထုံးအိုး၌ လက်သွင်းတော့ ချက်ခြင်းပင်
## အဖြူစွဲပြီး လက်ငင်းဘဲ မြင်ရသလို
## အဲဒီလို မမြင်ရသဖြင့်၊နောင်ဘဝ အကျိုးမရှိဘူးတဲ့
## အသိထူးတဲ့ ဒေါ်မင်းရေးတွေပေါ့

အို လူသား၊ သူတို့ရဲ့ အပြောစကားမှာ လက်နဲ့ ထုံးထိတော့ မရှိဘူးဆိုတဲ့ သဘောသွားကို လက်နဲ့ ထုံးထိကတဲက သိတယ်ဆိုတဲ့နာမ်တရားဖြင့် ထင်ရှားတည့်တည့် ကွေ့ရှိတယ်လို့ သင် သိပြီမဟုတ်လား။ အင်း- အဲဒါမှတပါး၊ ထုံးနဲ့ လက်ထိလိုက်လျှင် ချက်ခြင်း အဖြူမြင်သကဲ့သို့ ဥပမာပုံ တင်ပြီး၊ ချက်ခြင်း ပြုလုပ် လျှင်၊ ခ

လက်ငင်း မမြင်သဖြင့်၊ အသင်နှင့် ဟောကြားထားတဲ့ နောင်ဘဝ အကျိုးတရားဟာ၊ ဘယ်နည်းအားမှ မရှိနိုင်ဘူးတဲ့။ ကြည့်ဦးလေ လူသား၊ သူ့ကိုယ့်ရဲ့ အရေးအသား သူ့ကိုယ့်ရဲ့ အမြင် စကားမှာ-

အကြင် သတ္တဝါတယောက်သည် ကာယ၊ ဝစီ၊ မနော ဟူသော ကံသုံးမျိုးတို့တွင် တစုံတခုသော ကံဖြင့် ကုသိုလ်တရားကိုလည်း၊ အကုသိုလ်တရားကိုလည်း ပြုလုပ်ကျူးလွန်ခဲ့လျှင် ထိုသတ္တဝါ၏ သက်ဆိုင်ရာ ရုပ်အနာမ်အစဉ်အဆိုင်းအသီးသီး၌ ကောင်းကျိုးဆိုးပြစ် ဟူသော အဖြူအမဲကွက်များသည် တားမနိုင် ဆီးမရဘဲ လက်ငင်းချက်ခြင်း သင်္ခါလာ ပေါ်လာမြဲဖြစ်ကြကုန်၏တဲ့ လူသားငဲ့။ ဥပမာ စကားဆိုလျှင်-

ထုံးနဲ့ လက်ထိလိုက်မှ အဖြူရောင်စွဲတာကို တခါထဲ မြင်သလိုပေါ့တဲ့။ ယခင် စာမျက်နှာ (၆၇)မှာ ဆိုထားတယ်လေ။ ဟို ရှေ့နားမှာ သင် တွေ့ခဲ့ပြီ မဟုတ်ပါလား။ အဲဒီစကား ယခု ကောင်းတာကိုပြုလျှင်၊ ယခု ကောင်းကျိုး ကို ရမယ်တဲ့။ ယခု မကောင်းတာကိုပြုလျှင် ယခု ဆိုးပြစ် ကို ရမယ်တဲ့။ နောင်ဘဝ မဆိုင်းဘူးတဲ့။ ကိုယ်အင်္ဂါအစိတ် အပိုင်းဖြစ်တဲ့ လက်၊ ခြေ ဦးခေါင်း၊ မျက်နှာတို့ကို လိုသလို ပြုပြင်စမ်းပါတဲ့။ သနပ်ခါးလိမ်းလိုက်လျှင်၊ သူတကာ ကြည့်ချင်အောင်၊ အလွန်ပင် လှတဲ့အကျိုးကို မိမိမျှော်ကိုး

တဲ့အတိုင်း ရတယ်တဲ့၊ ဒိုးမဲကို လိမ်းလိုက်လျှင်လဲ အမဲရောင် ထင်ပြီး၊ သူတကာ မကြည့်ချင်အောင်၊ အလွန်ပင်အကြည့်ဆိုးတဲ့အဖြစ်မျိုးကိုရတယ်တဲ့၊ ဘယ်သူမှဆီးမနိုင်တားမရဘဲ၊ မုချကို ဖြစ်ရမယ်တဲ့။ နောင်ဘဝကျအောင်မဆိုင်းဘဲ၊ တခါထဲ အကျိုးအပြစ်ကို တမိနစ်မှ မကြာခင်မြင်ရမတဲ့။ နောင်ဘဝဆိုတာ မရှိလို့ အကျိုးအပြစ်လဲ မရှိဘူးတဲ့ အစစ်ကိုသိတို့ကတော့၊ ဒါန သီလစတဲ့ကုသိုလ်တွေကို၊ ယခုလုပ်ကြည့်ပါတဲ့ ယခုသူဌေးဖြစ်လို့၊ ယခုတမိနစ်မဆိုင်းပဲ မျှော်ကိုးတဲ့အတိုင်း ယခု အကျိုးရှိပါသလားတဲ့။ အဲယခုမရှိလျှင် နောင်ဘဝကိုမျှော်ကိုးပြီး အဲဒီအကျိုးတွေကိုမကြည့်နဲ့၊ ရှိကိုမရှိဘူးလို့ဆိုလိုတာပေါ့၊ ပြီးတော့လဲတခါ ပါဏာတိပါတ အဒိန္နာဒါနဆိုတဲ့မကောင်းမှုတွေကို ယခုပြုလုပ်ပြီးကြည့်စမ်းပါဦးတဲ့ ယခုပဲမကောင်းဖြစ်ကို၊ တမိနစ်မဆိုင်းပဲ ဒိုင်းကနဲပေးမှာပေါ့တဲ့၊ အေးယခုမှအပြစ်မပေးလျှင်(ဝါ)မကောင်းတဲ့ အကျိုးကိုမပေးလျှင်၊ နောင်ဘဝကြောက်စရာရယ်လို့၊ ထောက်စရာပြီးမတွေးနဲ့တော့ ဘယ်နည်းမှ မပေးဘူးလို့၊ သို့ကလိုဆိုလိုတာပေါ့၊ ရှေ့ရှေ့လူသား၊ စာမျက်နှာ(၆၀)စာကြောင်းရေ (၆) ကတယ်အစထားပြီး၊ စာကြောင်းရေ (၁၂) သို့ရောက်သွားအောင်း၊ သင်လူသားဖတ်စမ်းပါ၊ ဘာကိုဆိုသလဲ အဲ ......

သို့ကြောင့် ရုပ်တရားတို့ဖြင့် ပြုလုပ်သော ကမ္ဘာ ရှိရာ နေရာသည်ထိုသတ္တဝါ၏ ရုပ်အာရုံသာလျှင်၊ ၎င်း၏ အကျိုးတရားကို ပေါ်လွှင် ထင်ရှား စေနိုင် သည် ဖြစ်၍ ယင်း သို့ ကမ် ပြု ၍ ၎င်း၏ ရုပ်ကြောင်း၊ သက်ဆိုင်ရာ ရုပ်တရား၌ ထင်ထင် ရှားရှား ပေါ်လွှင် လာရမည့် အကျိုးတရားမှာလည်း၊ ဖင့်နွေး ရုပ်တန့် အမျှိန်ကို ဆိုင်းငံ့ခြင်းသဘောမရှိချေ……တဲ့လား။

မေး- အဲဒီစကားဟာ အထက်ပါ စကားတို့ အတိုင်း နောင်ဘဝ မဆိုင်းဘူး၊ နိုင်းကနဲယခု၊ ပြုတာနဲ့၊ ပြုလုပ်သည့်နှင့်တပြိုင်နက် တချက်ထဲ အကျိုး၊အဖြစ်ကို၊ တမိနစ် မကြာခင် တွေ့မြင်ရရှိတယ် ဆိုတာပေါ့၊ တနည်းအားဖြင့် ယခုပစ္စုပ္ပန်နှင့်ဘဝမှာပြုတဲ့၊ ကုသိုလ်ကံအမှု၊ အကုသိုလ် ကံအမှုဟာ၊ ယခုလက်မှာသာစွဲတဲ့ထုံးအိုးမဲ့တို့ပမာ၊နောင် ဘဝမှာလိုက်ပြီးမစွဲနိုင်ဘူးလို့ဆိုတာပေါ့ အို-လူသား၊အဲဒီ စကားနဲ့ပတ်သက်လို့၊ စာမျက်နှာ(၆၀)ရဲ့အလယ်လောက် မှာ၊ အထောက်အထားဖြစ်တဲ့သက်သေကော၊ ဘုရားဟော ပါဠိစကားလေးများနဲ့ ပြထားတယ်၊ ဘယ်လိုပြထားသလဲဆို တော့၊

ထို့ကြောင့်ဗုဒ္ဓက "အကာလိကော အယံဓမ္မော" ဟူ၍ အမြဲမပြတ် ဒေသနာပင်ဟောခဲ့သည်မဟုတ်တုန်း လော……ဗုဒ္ဓ၏ 'သန္ဒိဋ္ဌိကော အယံဓမ္မော' ကိုမျက်

ထွေလက်တွေ့(ဝါ) ယနေ့သဘောမှ ရွေ့လျောစေသောအယူအဆနှင့်အနုမာနမျိုးကား ဗုဒ္ဓဘုရားဓမ္မလမ်းကြောင်း၌ တိမ်းစောင်းသွေဖီ၍သွားသောဝါဒသာလျှင်ဖြစ်၏—

လို့၊ သို့ကာလိုပြထားတယ်၊ အိုလူသာ- အဲဒီသူရေးသားဖြော့ပြထားတဲ့ စကားထိုထွင် (အကာလိကောအယံ ဓမ္မော) ကို သင်လူသား မြင်ပလား အော- အဲဒီပါဠိရဲ့ အဓိပ္ပါယ်သွားက (ဤတရားသည် အခါမလင့် အကျိုးကိုပေးတတ်၏)လို့ဆိုထားတယ်၊ အဲဒီစကား၊ ဘုရားဟောပါဠိအရ၊ အချိန်ကာလကိုမဆိုင်းပဲ ဒိုင်းကနဲသေနပ်နဲ့ပြစ်လိုက်လို့၊ အပြစ်ခံရတဲ့သတ္တဝါဟာ၊ တခါထဲအသေကောင်ဖြစ်သွားလျှင်ဖြစ်တာနဲ့တပြိုင်နက် မကောင်းမှုပြုချက်ကြောင့်သူ့အသက်သတ်တဲ့၊ သေနပ်ပြစ်သမားဟာ၊ လက်ငင်းချက်ခြင်းပဲ၊ ငရဲသို့သွားရမယ်တဲ့ အဲဒီလိုမှ မသွားလျှင် (ဝ)မျက်မြင်ထင်ရှား၊ ယခုပြုလုပ်တဲ့ပြစ်မှုအတွက်၊ ယခုလက်ငင်းမခံစားရလျှင်၊ နောင်ဘဝဆိုတာအလကား၊ ငရဲကြီးတယ်ဆိုတာ အလကားအလွဲအမှားတွေကို၊ ဘုရားကဟောတာလို့၊ သို့ကလိုဆိုရာရောက်တယ်၊ တွေးတောက်ပြီးကြည့်စမ်းပါလူသား ယခုမကောင်းမှုကိုပြုလျှင်၊ ယခုပဲအပစ်ရလို့မို့၊ ငရဲသို့ကျသွားတာလဲရှိတယ်၊ ရေဝတီကိုကြည့်ပါလားလို့ဆိုတော့၊ အို- မမြင်ရတာမျိုးကိုလက်ညှိုးထိုးပြတာပဲလို့၊ အဲဒီလိုသူတို့က ပြောလိမ့်မယ် ယခုဘဝ

အပစ်မရပေမဲ့၊ နောင်ဘဝ ကျတော့၊ အပစ်ရတာလဲရှိ တယ်၊ နန္ဒွှား သတ်သမားကို ကြည့်ပါလားလို့ ဆိုတော့ အို-မမြင်ရပါဘူး၊ ကိုယ်တွေ့မှမဟုတ်ဘဲလို့ ဆဲဒီလိုပြော မှာပဲ၊ ဟဲဟဲဟဲလူသားသက်သေပဲထင်ရှားအောင်၊ သူတို့ ကိုယ်တိုင်လဲသိမြင်သွားအောင် :သူတို့ကိုဘဲသက်သေထား လို့မို့၊ ရှင်းလင်းပြီးပြောသွားမယ် သင်လူသား နားစေ စမ်း၊ ဟောလေလူသားထိုသူများဟာ၊ ဆဲဒီလူသေလူဖြစ် စာအုပ်ကို၊ ရိုက်ထုတ်ဝေငှလိုက်တာ(၂) နှစ်ကျော်ကျော် လောက်ကျသွားပြီး သူတို့ရဲ့ လူသေလူဖြစ်စာအုပ် မျက် နှာဖုံးမှာ(ဇွန်လ-၁၉၅၀ခုနှစ်-ပဌမအကြိမ်-စာအုပ်ပေါင်း ၅၀၀၀)လို့ရေးထားတယ်၊ စာအုပ်ရဲ့ အဆုံးနားမှာတော့ (၂၀-၁၀-၅၇-နံက်-၇နာရီ-၁၀မိနစ်) လို့ရေးထားတယ် ဆဲတာကြောင့် ယခု(၁၉၆၀)ခုကလို့ဆိုတော့

(၂) နှစ် ကြာ လာ ပြီပေါ့၊ အို လူ သား- ဆဲ ဒီဆရာများဟာ စာအုပ်ထုတ်ဝေစအခါက၊ အဖမ်းခံရတာ မဟုတ်ဘူး ထနှစ်ကျော်ကျော်လွန်ကျူးမှ၊ အဖမ်းခံရပုံ ရကြတယ် ဆဲဒီတော့ဟိုလွန်ကျူးပြီးလာခဲ့တဲ့အချိန်ကာလ ကို၊ အတိတ်ကာလလို့မဆိုရပေဘူးလား၊ အေးဒါဖြင့်ဆဲ ဒီ အတိတ်ကာလ၊ လွန်ကျူးပြီးရေးသားစက၊ အဖမ်း အ ဆီး မခံကြရဘဲ ယခုမှ ခံကြရတော့၊ သူတို့ရဲ့ ဥပမာအရ စာအုပ် တည်းဟူသော သစ်စေ့အိုးထဲသို့ လက်ထိုးပြီး နှစ် ကြာပေမဲ့၊ နှစ်စကမစွဲ၊ ယခုမှစွဲပြီး လက်မဲကြီး ဖြစ်လာ တာဘဲမဟုတ်လား၊ အမှုတည်းဟူသော သစ်စေ့အမဲ၊ သူ

တို့ လက်မတွဲခင်၊ အလျှင် အခါများ ကတော့၊ စားလား သောက်လားနဲ့ ဆိုင်ရာဆိုင်ရာကလဲ မြှောက်စားသဖြင့် အနာဂါတ်ကာလတို့ နောင်ဘဝတို့ဆိုတဲ့စကားတွေဟာ၊ အလကားဟာတွေပါကွာ၊ သစ်စေးအိုးသို့လက်ထိုးပြီးနိုက်တဲ့ ဥပမာလို၊ ယခုအခါမှာတွဲလျှင်တွဲ ယခုအခါမှမတွဲလျှင်၊နောင်အခါကျမှတော့ ဘယ်နည်းမှမတွဲဘူး။ ဘယ်နည်းမှမဲဘူးလို့၊အဲဒါလိုထင်မှာပဲ၊ ကဲ-အစကမတွဲ၊ အငကမမဲ (၂)နှစ်လောက်ကြာပြီး၊ ခုခါမှာတွဲလာတော့ ခုခါမှ မဲလာတော့ အလဲ-မကောင်းတာပြုမိတဲ့၊ အကုသိုလ်အညီအမဲကြီးပေါ် ပြုစကမတွဲပေမဲ့၊ပြုစကမမဲပေမဲ့၊ကြာတော့လဲတွဲတတ်သကို ကြာတော့လဲ မဲတတ်သကိုလို့။ အဲဟို ..... ကာလ၊ နောင်ဘဝဆိုတာလဲ ရှိမှာဘဲ။ ငရဲဆိုတာလဲ ရှိမှာဘဲလို့။ အဲဒီလို မြင်စရာ၊ ယခင်အခါဆိုတဲ့ အတိတ်ကာလနဲ့ ရှေ့က နှိုင်ရှုစာလျှင်၊ ယခုအခါဆိုတဲ့ အနာဂါတ်ကာလကို နှိုင်းနှုန်ပြီး သိစရာပ၊ ဒါန-သီလအစရှိတဲ့ကုသိုလ်ကံတို့ရဲ့ အကျိုးတွေကျတော့လဲ၊ ယခုဘဝမှာ မခံစားရလျှင်၊ နောင်ဘဝကျတော့ ခံစားရမှာဘဲလို့။ အ ကု သိုလ် အ ဖြစ် တွေ ကို ပြန်ပြီး တရားရသလို၊ ကုသိုလ်တို့ရဲ့ အကျိုးတွေကလဲ အမှန်အားကျထိုက်တယ်။ ဘယ်မှာ အလကားဖြစ်သွားမလဲ လူသားရဲ့။ အင်း ..... သူတို့ ယူထားတာက (အယံမမွှော အကာလိကော အရ) ကုသိုလ်ဘဲ ပြုကြ ပြုကြ၊ အကုသိုလ်ဘဲ ပြုကြ ပြုကြ၊ ယခု ပြုက ယခု အကျိုးပေးရမယ်၊ နောင်ဘဝမဆိုင်းဘူး။ (သံဒိဋ္ဌိကော အယံမမွှော)

ဆိုတဲ့ ပါဠိအရ၊ ဟုသိုလ်ကံ၊ အကုသိုလ်ကံတို့ရဲ့ အကျိုး အဖြစ်ဟူသမျှတို့ဟာ၊ ပြုလုပ်လိုက်တာနဲ့ တကွ၊ ခန့်ခွဲ မှု မဆိုင်းရဘဲ၊ မျက်မြင်ဒိဋ္ဌ၊ လက်ငင်းပင် ဖြစ်ရမယ်လို့ အဲဒီလို ယူဆရမယ်တဲ့၊ အဲဒီလို မယူဆလျှင်၊ ဗုဒ္ဓဝါဒမှ ဘိမ်းစောင်းသွေဖီ၍သွားသော ဝါဒဖြစ်သတဲ့၊ သူတို့ရဲ့ ဆိုလိုရင်းကတော့ ယခုဘဝ ပြုလုပ်ကြတဲ့ ကောင်းမှု မကောင်းမှုဟူသမျှတို့၏ ကောင်းကျိုးဆိုးပြစ်ဟူသမျှတို့ကို ဒိနောင်ဘဝကျတော့လဲ စံရခံရတယ်လို့ ယူဆလျှင် (ဝါ)နောင်ဘဝမှာ အကျိုးရှိတယ်လို့ ယူဆလျှင် (အကာ လိကော အယံဓမ္မော၊ သံဒိဋ္ဌိကော၊ အယံဓမ္မော)ဟူသော ဘုရားဟော ပါဠိနဲ့ မညီမျှသဖြင့်၊ ဗုဒ္ဓဝါဒမဟုတ်ဘူးလို့ ဆိုလိုတယ်၊ အို .... လူသား၊ အဲဒီ သူတို့ရဲ့ အယူ ဟာ မှားကယ်၊ အဘယ့်ကြောင့်လဲလို့ ဆိုတော့ ထို (အကာ လိကော အယံဓမ္မော)ဆိုတဲ့ ပါဠိက ယခု ကုသိုလ်ထုပ် လျှင်၊ ယခု မျက်မြင် နက်ဖြန် သဘက်မဆိုင်းဘဲ၊ ဒိုင်းကနဲ ဒုံးချနဲ့ မြောက်လိုက်သလို၊ ချက်ခြင်း နတ်ပြည်၊ ဗြဟ္မာ့ ပြည်သို့ ရောက်တယ်လို့ လောကီကုသိုလ်ကို ထောက် လျက် ချီးမြှောက်ပြီး မဆိုဘူး။ အကုသိုလ်ကို ပြုလျှင်လဲ ယခုပင် ငရဲကျတာကို မျက်မြင်ဒိဋ္ဌ လက်ငင်းပင် ခံစားရ တယ်လို့ ဖောကနဲ့မဆိုဘူး၊ ဆိုလိုရင်းအဓိပ္ပါယ်က လောကီ နယ်ဖြစ်သော ဤမှာဘက်မှ လောကုတ္တရာနယ်ဖြစ်သော ပရိမ္မာဘက်သို့ မဂ်ဆိုတဲ့ ခရီးစဉ်အတိုင်း၊ ဝိပဿနာ ရထားကြီးကို အပြေးဝင်ပြီး၊ စီးနှင်ခုတ်မောင်းလျက်၊ စောင်း

ယွင်း လွဲချော်ခြင်းမရှိစေဘဲ၊ တည့်တည့်မတ်မတ် သွားတတ်တဲ့ ယောဂီများဟာ၊ ဖိုလ်လေးပါးရဲ့ အနီးအပါး၊ အဆုံးစွန်ဖြစ်သော မဂ်တံခါးသို့ ဘွားကနဲ ရောက်တာနဲ့ အခါမလင့် ကြာမဖင့်ဘဲ၊ အဆင်သင့် မျှော်ကိုးတဲ့ ဖိုလ်ဟူသော အကျိုးကို ရတယ်လို့ ဆိုတာပါ။ အဲဒါကြောင့် (အကာလိကန္တိ၊ မဂ္ဂါနန္တရံ၊ ဖလုပ္ပတ္တိယာ၊ နကာလန္တရံ ပတ္တဗ္ဗဖလံ)လို့ ဆဋ္ဌသင်္ဂါယနာမူ မဇ္ဈိမပဏ္ဏာသက အဋ္ဌကထာ စာမျက်နှာ(၁၇၇)မှာ ဆိုထားတာပေါ့။ ယခု ကုသိုလ်ပြုလျှင် ယခု နတ်ပြည်ရောက်တယ်လို့ မဆိုပါဘူး။ ထိုမှတပါး (သံဒိဋ္ဌိကော၊ အယံ ဓမ္မော)ဆိုတဲ့ ပါဠိစကားကလဲ ယခု ကုသိုလ်ကို ပြုလျှင်၊ ယခု လက်ငင်းချက်ခြင်း အကျိုးကို မြင်တယ်လို့ လောကီအကျိုးကို မျှော်ကိုးရည်ရွယ်ပြီး မဆိုပါဘူး။ မဂ်ကို ရတာနဲ့ တကွ၊ ဖိုလ်ဆိုတဲ့ အကျိုးဖလကို၊ ဒိဋ္ဌထင်ထင်၊ ကိုယ်တိုင်မြင်တယ်လို့၊ သို့လိုသာ ဆိုပါတယ်။ အဲဒါကြောင့် (သန္ဒိဋ္ဌိကန္တိ၊ သယမေဝ ဒဋ္ဌဗ္ဗံ ပစ္စက္ခံ)လို့ ဆဋ္ဌသင်္ဂါယနာမူ၊ မဇ္ဈိမပဏ္ဏာသက အဋ္ဌကထာ စာမျက်နှာ (၁၇၇)မှာဘဲ ဆိုထားပါတယ်။ အဓိပ္ပါယ်ရှင်းရှင်းနဲ့ ဘွင်းဘွင်းကြီး ပြောရလျှင်၊ ဟောလေ–လူသား၊ အဲဒီ အထက်ပါ (အကာလိကော၊ သန္ဒိဋ္ဌိကော)အစရှိတဲ့ စကားတွေဟာ၊ လောကမှ ထွက်မြောက်ရန် နိဗ္ဗာန်သို့အသွား၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ လောကုတ္တရာ တရားအတွက်၊ မိန့် မြွက်ပြီး ဟောထားတာ ရှင်ဥက္ကဋ္ဌတို့ ပြောဆိုရေးသားတိုင်း၊ ထုံးအိုး၊ သစ်စေး

အိုးအတွင်းသို့ လက်သွင်းပြီး နှိုက်တဲ့အခါ အဖြူ အမဲ
တခါထဲ ပွဲလာသလို၊ မကြာလက်ငင်း၊ ရချက်ခြင်း အကျိုး
ပေးရမယ်လို့ ယူဆထားပါသည့် အိုးဝနဲ့ ထိုက်ငနဲ့တဲ့ လူ
များတော် နှမျှာမဟုတ်ဘူး။ အဘယ်ကြောင့်လဲလို့ဆို
တော့ ထိုနောက်ကာလ အနာဂါတ်ကျ အောင် ဆိုင်းငံ့
ဖင့်ကြာပြီးမှနေရတဲ့၊ မိဿလက်ငင်း ရချက်ခြင်း အကျိုးပေး
ရမယ်လို့ဆိုဟဲ့အတွက် အိုးထိုက်တာနဲ့ ပယ်မှိုင်နှက်၊ ချက်
ခြင်းဖမ်း ချက်ခြင်းမီ ထိုက်တဲ့ကောင်းကျိုးပေး ကိုယ်
ဆိုးတိုင်း အဖြစ်ထင်မှာကြောင့် အိုးဝနဲ့ ထိုက်ငနဲ့တဲ့လူတွေ
နှမျှာမဟုတ်ဘူး၊ ကြည့်ဦးလေ ပုသား၊ တနည်းပြောကြား
ရသော် အဝိုးခမ်းများပင် ထပ်ဖွင့်ခဲ့လို့ အကြောင်းမဖြင်
ဘူ၊ အဘယ်ကြောင့်လဲလို့ဆိုသျှင်၊ သိန်းသပ်ကို လိုချင်လို့
လှမ်းတိုင်း ထိဆိုးကြတာ အဝိုးရက ဖွင့်တော့ သိန်းသပ်
သုံးလေးငါးသုတဲ ဖွင့်တယ်။ ဒဲ-ဒါဖြင့် ဖွင့်တဲ့သိန်းသပ်က
နှပါးပြီး သိန်းသပ်ပေါက်ခဲ့လူတွေက ငွေမလောက်
အောင် များမနေပေဘူးလား။ အေး- အဲဒီလိုများနေတော့
သုံးရေး၏အတွင်းသို့ လက်သွင်းနှိုက်တာနဲ့ တမှိုင်နှက်
လက်နဲ့ သုံးနဲ့ ထိလိုက်တာနဲ့ တမှိုင်ထဲ အဖြူရောင်
ပွဲသက်သို့ အဘာလိကော အခါမလင့်ဘဲ၊ သည့်ပြီကော၊
မျက်မြင်ဘဲ၊ ထိဆိုးတာနဲ့ တမှိုင်နှက်ထဲ သို့မဟုတ် ထိဖွင့်
တာနဲ့ တမှိုင်ခက်ထဲ အဲဒီသိန်းသပ်ကြီးကို မွှေ၍ထိုးပြီး ထိုး
ကြတဲ့အတိုင်း မဆိုင်းမတွ သိန်းသပ်ချည်းပေါက်ကြသော်
အဝိုးရကို ရပြီးထားတဲ့ ငွေလောက်နဲ့ သိန်းသပ်ပေါက်

လူများအား၊ ဆုငွေတသိန်းစီ ပေးနိုင်ပါ့မလား၊ အေး- ဘယ်ပေးနိုင်မလဲ လူသားရဲ့။ ကဲ- မပေးနိုင်တာကို ထား ပါအုန်း၊ ယခု ပြုလုပ်လျှင် ယခု ဖြစ်ရမယ်။ ယခု ခံ စား ရ မယ်ဆိုတဲ့ ရှင်ဥက္ကဋ္ဌတို့ရဲ့ အကာလိက တ ရား အ တိုင်း မဆိုင်းမတွ သိန်းဆုကို မျှော်ကိုးပြီး၊ ထိ ထိုး တဲ့ လူတိုင်း ဟာကော သိန်းဆုကို ရပါမလား၊ အဲ-မရဘူး၊ အဲဒီလို မရ လျှင်၊ မျက်မြင်ဒိဋ္ဌ၊ ယခု မ ကောင်း မှု ကံ ကို ပြုက၊ ယခု မကောင်းပြစ်ကို ရတယ်၊ ယခု ကောင်းမှုကံကို ပြုက၊ယခု ကောင်းကျိုးကို ရတယ်ဆိုတဲ့ ရှင်ဥက္ကဋ္ဌတို့ရဲ့ စကားတွေ ဟာ မှားပြီး မနေပေဘူးလား။ ကဲ-ဒါဖြင့် ယခု ကောင်းမှု ပြုလို့ ယခုကောင်းကျိုးရတဲ့တရားတွေ၊ ယခုမကောင်းမှုပြု လို့၊ယခုမကောင်းပြစ်ရတဲ့တရားတွေကော မရှိဘူးသားလို့ လူသားက မေးရမယ်၊ ရှိတယ်လေ...... ယခုနေအခါမှာ ဖြေစရာမလိုသေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုလူသေ လူဖြစ်ဆရာတို့က၊ လွန်ခဲ့ပြီးတဲ့ အတိတ်ကာလ၊ မရောက် သေးတဲ့အနာဂါတ်ကာလတွေဟာ ဘာသုံးမျှမကျဘူး၊ အ တိတ်အကြောင်းကံကာလဲ၊ ဘာကျိုးကိုမျှမရစေနိုင်ဘူး၊ မ ရောက်သေးတဲ့အနာဂတ်ကာလကျတော့လဲ၊ ဘာကျိုးမျှမ ရဘူး၊ ရောက်ဆဲဖြစ်ဆဲဖြစ်တဲ့ ပစ္စုပ္ပန်ကာလမှာသာလျှင် ပြုလုပ်တဲ့ကံအတိုင်း၊ ကောင်းကျိုး ဆိုးပြစ်တို့ကို ရတယ် လို့ (အကာလိကသန္ဒိဋ္ဌိက)နဲ့ မဆီမဆိုင်တဲ့ ပါဠိတွေကိုပြ လေတော့၊ အဲဒီ စကားတွေကိုဘဲဖြေလိုသေးတယ်၊ ဒီမှာ လေလူသား၊ မဂ်လေးပါးကိုရသည့်၏ အချားမဲ့၌၊ ဖိုလ်

လေးပါးကိုလဲ စောင့်စားဆိုင်းငံ့ပြီးမနေရဘဲ၊ တခါထဲရ
တယ် တခါထဲမြင်တယ်လို့ ယခင် "အကာလိကော
သန္ဒိဋ္ဌိကော" ဆိုတဲ့ပါဠိကဆိုတယ်၊ ထိုပါဠိကို ဟိုလူသေ
လူဖြစ်ဆရာကြီးက၊ ဒါနစတဲ့ကုသိုလ်နှ[illegible]၊ ပါဏာတိပါတစ
တဲ့အကုသိုလ်မှုတွေကို၊ ယခုပြုလျှင်ယခုဘဲအကျိုးရရမယ်
အကာလိကောသန္ဒိဋ္ဌိကော ဆိုတဲ့ပါဠိအရ၊ ယခုပြုလို့မှ
[illegible]ခုအကျိုးမရလျှင် နောင်အခါကျတော့ မရဘူးလို့ ဆို
တယ် [illegible]ဆရာများဟာ၊ အခါဟောအကာ
လိကစကား [illegible] တရားကို ပြုလုပ်တဲ့ အခါလား၊
လောကုတ္တရာတရားကိုပြုလုပ်တဲ့အခါလားလို့၊ ဒါ့ခွဲမ
ကွဲမပြားဘဲ [illegible]ဆဝံလွဲမှားနေတယ်၊ ဒါ့ဖြင့် လူသား
[illegible]ယ်၊ အသံထွက်ခြင်း[illegible]တ[illegible] အသူအသလွဲမှားပြီး၊ အမဲ
[illegible]း [illegible]ရာ[illegible]းတဲ့ [illegible]ဒါမင်း[illegible]က၊ ဆရာမောင်ဘိုးကဲရဲ့
ကျော[illegible]းသားကလေး၊ မောင်အေးကိုဆဲတော့၊ ခဲနဲ့ပေါက်
ပြီးပြေးဒါ[illegible] အမှတ်ရတယ် ဩော်ကြားချင်တယ် ဆိုပါ
တော့၊ [illegible]ပုသား [illegible]ကွန့်ပ်မဲ့ကျောင်းအနား‌မှာ ပြည်
စတော်သာကျောင်းဆောက်ထားတော့၊ ဟိုရွာကလာထား
သည့်ရွာကလာထား[illegible]၊ ကျောင်းသားတွေလဲအတော်များ
တယ်၊ တော[illegible]သူသ[illegible]သမား လူဆင်းရဲတွေရဲ့ သမီးသား
တွေဆိုတော့ ဆိုင်[illegible] စာအုပ်များကိုတော[illegible]၊ [illegible]ိုသလို ဝိင
ဘို [illegible]ဖ[illegible]ပေးနိုင်ကြဘူး၊ တ[illegible]နေ့သောအခါကျ
တော့လူသ[illegible]းချယ်——အဲဒီ မောင်အေးဆိုတဲ့ ကျောင်းသား
ကလေးဟာ၊ သူနဲ့ဆိုင်တဲ့စာတော့မပါတ်ဘူး စာအုပ်ရတ်

ခလေးကိုဖတ်ပြီး၊ ပစပ်ကအော်ဆိုနေတယ်၊ဘယ်လိုဆိုနေသလဲဆိုတော့ (တိုင်းရေးပြည်ရေး-ပေါက်နှင့်ကျေးသို့ကျေးလည်းစိမ်းစိမ်း၊ပေါက်စိမ်းစိမ်းတည့်၊ဘယ်ယဉ်းညာဝဲ၊ မင်းအကဲကို၊ ဝေခွဲတည်ပြု၊ မောင်မရှုနှင့်ကြက်ဥအရောင် - တိန်တောင်သဖွယ်မင်းရေးကျယ်၏)လို့အဲဒီလိုအော်နေတယ်၊ တော်တော်ကြာတော့၊ မမင်းရေးဆိုတဲ့အမဲသား သယ်က"အမဲသား ဝယ်ကြအုံးမလား- အမဲသားဝယ်ကြအုံးမလား"နဲ့၊ အော်ရင်းဟစ်ရင်းဘဲ၊ အဲဒီပြည်ထော်သာကျောင်းအတွင်းသို့ ရောက်သွားရော၊ ကျောင်းသားကလေးမောင်အေးကလဲ (တိုင်းရေးပြည်ရေးပ)ကြက်~~အနော~~ဥအရောင် တိန်တောင်သဖွယ်၊မင်းရေးကျယ်၏)လို့ ထပ်ကာထပ်ကာနဲ့ မပြတ်အောင်ကျက်အံ့ပြီးနေရှာတယ်၊ အဲဒီလိုကျက်အံ့နေတဲ့အတွင်း၊ "မင်းရေးကျယ်၏" သို့ကျလိုက်ရင်း၊ ဒေါ်မင်းရေးဟာ ဝေါင်းလယ်ပြီး လာလိုက်ရင်း၊ "မင်းရေးကျယ်၏"သို့ကျလိုက်ရင်း၊ ဒေါ်မင်းရေးဟာ ဝေါင်းလယ်ပြီး လာလိုက်ရင်းနဲ့၊ သုံးလေးခါလောက်သာကျယ်လိုက်ရတယ်၊ဘယ်... သောက်ကမြင်းမသား၊ ငါ့များမင်းရေးကျယ်သလေး ဘာလေးနဲ့ ငါကကျယ်လို့ဘယ်ရွာလယ်ပြီး၊ ဘယ်သူ့ကိုကော်ဆဲတာ နင်မြင်ဘူးသလဲဟ၊ အော့နာဝမ်းကျကလေး သေပေတော့ဆိုပြီး၊ သူစီးလာတဲ့ဘိနပ်နဲ့ ချက်ပြစ်တယ်၊ အဲဒီလိုပြစ်တော့စစ်စစ်ထိမခံတတ်တဲ့မောင်အေးကလဲ၊ ကပျာကယာပြေးလျက်ကျောင်းနားဘေးကခဲကိုကောက်ပြီး၊အမဲသားသယ်

ဒေါ်မင်းရေးကိုပေါက်ကရော ဒါနဲ့ သူဆု သူဆုကြားလို့ လူအများရောက်လာပြီး ခဲနဲ့ပေါက်တဲ့မောင်အေးကို မင်း ဘာကြောင့် ပေါက်ရသလဲလို့၊ မောင်သာရင်တို့ မောင် ညွှန့်တို့က မေးတယ်၊ အဲဒီလိုမေးတော့၊ မောင်အေးက ကျွန်တော်ကို ဘိနပ်နဲ့ ချွတ်ပြစ်လို့ ပေါက်တယ်လို့ ပြော တယ်၊ အဲဒီလိုပြောတော့ ဟောလေမောင်သာချင်၊ ဒီအ ကောင်ကလေးဟာ ငါလားပါကိုမြင်တာနဲ့ သူ့ဆရာဘိုး ပဲကပဲ သင်ပေးသလားမသိဘူး၊ မင်းရေးကျယ်ဖို့၊ မင်း ရေးကျယ်ဖို့နဲ့၊ ထပ်ကာထပ်ကာစောင်းပြောင်းပြီး ငါ့အ ကြောင်းကိုချည်း ဆိုနေတယ်လို့ ဒေါ်မင်းရေးက ပြော တယ်၊ အဲဒီလိုပြောတော့၊ ဟောဗျာ သူကျယ်ဒါ မကျယ်ဒါကို ကျွန်တော်မသိရပါဘူး ကျွန်တော်ရဲ့ စာကို ကျွန်တော်ရ အောင်ဆိုနေတာပါ ကျွန်တော်ရဲ့ စာကျက်ရွတ်ထဲမှာ ပါ တာက (ကိုင်းရေးပြည်ရေး- ပေါက်နှင့်ကျေးသို- ကျေး လည်းစိမ်းစိမ်း- ပေါက်စမ်းစမ်းတည့်- ဘယ်ယမ်းညွှားဝ မင်းအဲဒါကို-ဝေခွဲတည်ပြု မောင်မှုနှင့် ကြက်ဥအရောင် ဟိန်တောင်သပွယ် မင်းရေးကျယ်ဖို့)လို့ - အဲဒီလိုပါပါ ကယ်တဲ့ မျက်နှာငယ်ကလေးနဲ့၊ မောင်အေးကပြောတယ် အဲဒီလိုပြောတော့မှ၊ မောင်သာရင်နဲ့ မောင်ညွှန့်က၊ ဘယ့် နှယ်လဲဗျ၊ ဒေါ်မင်းရေး ခင်ဗျားအလွဲကိုတွေးနေပြီး၊ အဲဒီမင်း ရေးကျယ်ဖို့ဆိုတဲ့မောင်အေးရဲ့စာဟာ၊ ခင်ဗျားကို မဆိုပါ ဘူး၊ ပေါက်ကလဲစိမ်းတဲ့ အသွေး၊ ကျေးကလဲစိမ်းတဲ့ အ သွေး၊ အ သိ ရ ရှ တ် တွေး သ လို တနည်းဆိုရချင်

ကြက် ဥ ရဲ့ အရောင်ဟာ၊ အပေါ်မှာ ဖြူဖြူမြင်ပေမဲ့ မပေါက်သေးခင်အခါကာ၊ ကြက်ဖြူကလေး ပေါက်လာမှာဘဲ။ ကြက်မဲကြက်နက်ကလေး ပေါက်လာမှာဘဲလို့ အဲဒီလို မမြင်ရခင်၊ အထင်ရ ရုပ်ထွေးသလို၊ ကောင်းကင်မှာသွားနေတဲ့ တိမ်တောင်တိမ်လိပ်များဟာ၊ မိုးယံပေါက်ဖြစ်ပြီးဘဲ ယွားမလား၊ဘင်းပျောက်ပြီးဘဲသွားမလား။တရဘပေါင်းထဲဘဲ နေမလား၊ လေတိုက်လို့ဘဲ ကွဲမလား ဆိုတာကို သေသေချာချာ အမှန်မတွေးနိုင်သကဲ့သို့၊ အလွန်ပင် ရုပ်ထွေးတဲ့အတွက် တိုင်းရေးပြည်ရေး မင်းစိုးရာဇာတို့ရဲ့ အရေးဆိုတာ အလွန်ပင် ကျယ်ပါတယ်လို့ ဆိုတာပါ။ ဒေါ်မင်းရေးဟာ ရွာတွေကို လယ်ပြီး၊ ကျယ်တယ်ရန်ဖြစ်တယ်လို့ မဆိုပါဘူး။ ကျယ်တယ်ဆိုတဲ့ အသံကိုကြားတာနဲ့ အသံ ထွက် ခြင်း တူ သွား လို့ ခင်များက အဓိပ္ပါယ်ကောက်ပုံ မှားနေတာပါဆိုတဲ့ အကြောင်း ကို တောင်းပန်ပြောပြကြတယ်။ အဲဒီလို ပြော ပြီ ကြ တော့ မှ ဒေါ်မင်းရေးက ဟာ—မောင်သာရင်၊ ဒါဖြင့် ငါထင်တာ မှားတာပေါ့။ အဓိုးရဖြစ်တဲ့ မင်းတို့ရဲ့အရေးကျယ်တယ်ဆိုတဲ့ စကားနဲ့ သူတပါးမခံနိုင်အောင် ရန်ကျယ်တယ်၊ ရန်စတယ်ဆိုတဲ့ စကားနဲ့ အဓိပ္ပါယ်သွားခြင်း မတူတာကို ငါကကို အထင်လွဲပြီး ဆဲတယ်လို့ ယူဆထားတော့ မှားပါပြီ မောင်သာရင်ရာ မင်းတို့ရဲ့ သံပုရာခိုနှစ်ရွာကို ဘယ်တော့မှ ငါမလာဘူးဆိုပြီး၊ မျက်နှာကလေး ညှိုမဲမဲ နဲ့ အရှက်ကွဲ ပြန်သွားတယ်။ အို—လူသား၊ အဲဒီ ဒေါ်မင်းရေး

အသူများသလို မဂ်အခါ ဖိုလ်အခါကို ဟောထားတဲ့ အကာလိကတရားကို ဒိဋ္ဌမျက်မြင် ယခုပင် အကျိုးပေးရမယ်၊ ယခု အကျိုးမပေးလျှင် နောက်နောင်ကျမှတော့ အကျိုးမပေးဘူးလို့ ရှင်ဥက္ကဋ္ဌတို့ရဲ့ စိတ်ကူးဖြင့် မထူးမခြား လောကီကုသိုလ်မှုကို ပြုလုပ်တဲ့အခါများနဲ့ လောကုတ္တရာ ကုသိုလ်မှုပြုလုပ်တဲ့အခါများကို အကျိုးပေးတဲ့ အနှိုင်းခြင်း ကုတဲ့အလား မခွဲမခြားဘဲ ယူထားတော့ အစစ်သိတဲ့သူများက အူယားပြီး ရယ်ချင်ကြမှာဘဲ၊ ကဲလေ လူသား ၊ အဲဒီလို အသူများကြတော့ အူယားပြီး ရယ်စရာ။ ကျုပ်ကတော့ မကွဲပြားတဲ့ အမဲသား ရောင်းသူ၊ ခေါင်းပြူပြူနဲ့ ဒေါ်မှင်းရေးတွေလို့ သူ့ကိုကို အမည်ပေးပေတော့။

## မောင်ချစ်ဖေ၏ဇော်နီးသီချင်းလို အတော် တံနိုးလင်းမည့် ခွေးချိုးကလေးပေါ့

ဒို ... လူသား၊ ယခု ကျွန်ုပ်ရေးထုတ်ပြောဆို၍ ပြခဲ့ပြီးသည့်တို့ကား ရုပ်တရားသာလျှင် ရှိသည် ဟူသော အယူဝါဒ ၎င်းဝါဒအရ လူသေပြီးက မြေကြီးသို့ကျလျှင် ဘဝပြတ်ပြီ ဘဝရပ်ပြီ၊ နောက်ထပ် ဘဝမှ ဖြစ်စရာမရှိတော့ဘူးဟူသော အယူအဆနှင့်တကွ၊ ထိုရုပ်ဝါဒ ထိုအယူအဆတို့ကို ရှင်ဥက္ကဋ္ဌတို့လည်း ယူဆယုံကြည်လျက်၊ လက်ခံပုံရကြောင်းတို့အပြင်၊ ဘဝဟောင်း၊ ဘဝသစ်ဟူ၍ မဖြစ်နိုင်ဟူသော အလွဲအမှားတို့ကို ခွဲခြားဝေ

ဘန်၍ ပြခြင်းမျှသာရှိသေး၏၊ ကြည့်ဦးလေ-လူသား၊ သူတို့ရဲ့ လူ သေ လူ ဖြစ် စာ အုပ် စာမျက်နှာနံပါတ်(၃၆၄)မှာ ဘယ်လိုများ ရေးထားပြန်ပါသလဲ။ ကဲ-သင် လူသား ဖတ်ပြစမ်း။ ဩော်......အင်း-အင်း-အင်း-

## ''လူသေလူဖြစ်''

(၂)ဆစ်ချိုးတဲ့သား။ကဲ-အောက်နားကျတော့ ဘာကိုဆိုသလဲ။ ဩော် ... လူသေသော်- လူမဖြစ်လျှင်ကော၊ ဘာဖြစ်မှာတုံး။

ရွှေပျက်လျှင်၊ မြေထွက်နှယ် အဝင်ပေမို့၊
တကယ်ပင်၊ ရွှေပြန်ဖြစ်တယ်ကွယ်၊
လောကစံထုံးတဲ့လား။ ။ ဟား-ဟား-ဟား-

အို လူသား၊ ရှင် ဥ က္က မှ ဟာ တောင် တွင်း ကြီး မြို့ပေလေးပင် နတ်မိတောရတိုက်မှာ နေတယ်လို့ သူတို့ရဲ့ လူသေလူဖြစ်စာအုပ်မှာ ပါလာတယ်။ အဲဒီ ရှင် ဥ က္က မှ နေတဲ့ တောင်တွင်းကြီးမြို့ဟာ ရှေး အ ခါ က ပင် ကဗျာ အရေးနှ မျှားစွာထင်ရှားသော ပေလေးပင် ရှင်လေး ပါး ဆိုတဲ့ အတိတ်စကားအတိုင်း၊ ရှင်သီလဝံသနှင့်ရှင်မဟာရဋ္ဌသာရ ရှင်ဥတ္တမအစ ကျော်တို့၏ထွန်းပေါ်ပေါက်ဖွားရာ အဲဒါမှတပါး၊ တောင်တွင်းစတော် ခင်ကြီးပျော်၏ ထွန်းပေါ်ပေါက်ဖွားရာ ပညာရှိထွက်သဖြင့်၊ အထက် အထက် ကတည်းက ဘူမိနက်သံ မြေ ကောင်း မြေ မြတ် မှန် တယ် လို့

အင်မတန်ကျော်စောခဲ့တယ်၊ ဟော - ယခုခေတ်အခါကျတော့ ရှင်ရဋ္ဌသာရတို့ရဲ့ အစက ဂုဏ်တွေကို အတုန်ချေပြီး မသာချသကဲ့သို့ ရှင်ဥက္ကမ္မရဲ့ ကဗျာဂစနက တောင်တွင်းမှန်ဋ္ဌာနကို ဆရာသမားတွေပါ ဂုဏ်ပုတ်အောင်၊ ဖိုးမဲသုတ်သလို လုပ်တာဘဲ။ ခင်ကြီးပျော်က တယ်စပြီး ဂုဏ်ရခဲ့တဲ့ပရိယတ်ကိုလဲ မကြည့်တတ်အောင် ဖိုးမဲသုတ်မယ်လို့ လူ့သေလူဖြစ်စာအုပ်ကြီး ရေးထုတ်လိုက်တာဘဲ၊ အချုပ်ကိုပြောရလျှင် ငါတို့သူဆကြတဲ့ဘာသာ၊ ငါ့ကို ကိုးကွယ်ကြတဲ့ သာသနာကို ပျက်ဦးရာ ပျက်စီးကြောင်း မကောင်းတဲ့ဝါဒ သုတ်ဖြင့်၊ ဖိုးမဲသုတ်ပြီး မှိုင်း တိုက်လိုက်တာဘဲ၊ ကဲ လူသား၊ ရှင်ဥက္ကမ္မရေးဖျိုးတဲ့ ဒွေးချိုးရဲ့ အပျိုနားမှာ ဘယ်လိုများ မှားနေသလဲဆိုတော့ ဟောဒီလို မှားနေတယ်၊ ဒီမယ်လေ-လူသား၊ ဆဲဒိ ရှင်ဥက္ကမ္မ၏ ဒွေးချိုးအပျိုနားတွင် (တကယ်ပင် ရွှေပြန် ဖြစ်တယ်ကွယ်၊ လောကဓံထုံး)လို့၊ သို့ကလို ရေး သား ထားတယ်၊ ဆဲဒိနေရာမှာ ဝိဘတ်ဖြင့် ဝေဘန်ရာတွင် ကာရန် သွားညီစေခြင်းငှာ၊ အဆင်ပြေသလို ရေး စပ် ထား တာတော့ မှားတယ်လို့ မဆိုရဘူး၊ ဥပမာအားဖြင့် ဆရာ့ကို နွားနှင့် တိုက်မည်ဟူသော စကားတွင်၊ လက်သွားရေးလိုညားအံ့၊ (ဆရာ့အား ငါနွားနဲ့ တိုက်မည်)လို့ ကံ၌ သမ္ပဒါန်ထားပြီး ရေးသားနိုင်တယ်၊ သူတို့မှားတဲ့နေရာမှာတော့ ရွှေပြန်ဖြစ်ဟူသော အစ်ကာရန်ကို လောကဓံထုံး ဟူသော စာလေးလုံးမှာ ကဟူသော နေရာတွင်၊ အစ်ကာ

ရန် ထားပြီး ရေးသားမှ ကာရန်သွားညီမျှသဖြင့် ကာရန်မှန်တယ်လို့ ဆိုရမယ်။ ဒီမယ်လေ-လူသား၊ အဲဒီလောကစံထုံးဆိုတဲ့ စာလေးလုံးမှာ ကဆိုတဲ့နေရာတွင် အစ်ကာရန်ဝင်လိုက်မှု လောကစစ်စံထုံးလို့ ဖြစ်သွားလျက်၊ ကာရန်ပင် ညီပါညီ းသေ်လဲ၊ အဓိပ္ပါယ်မှားပြန်ရော။ ဟောလေ-လူသား၊ အဓိပ္ပါယ်လဲ မမှားအောင်၊ ကာ ရန် လဲ ညီသွားအောင်၊ လောကို ပြောဟူ၍ ပြင်ထားလိုက်။ ကစ်ကိုတော့ ရစ်ဟူ၍ ပြင်ထားလိုက်။ အဲဒီလို ပြင်ထားလျှင် (တကယ်ပင် ရွှေပြန့်ဖြစ်တယ်ကွယ် ပြော ရစ်စံထုံးလို့)ဖြစ်သွားမယ်။ အဲဒီလို ဖြစ်ပါမှ ရှင်ဉတ္တမရဲ့ နှစ်ဆစ်ချိုးဟာ ကာ ရန် လဲ ညီသွားမယ်၊ အဓိပ္ပါယ်လဲမှန်သွားမယ်၊ အင်း-တောင်တွင်းကြီးကလဲ ဖြစ်ပြန်၊ ပညာတတ်ကြီးဆိုတဲ့ အမည် ကို လဲ ခံထားပြန်တော့ ကာရန်ကလေးမှ မ ညီ ပါ လျှင်၊ ဒီစာအတွက် ရှင်ဥတ္တမတို့ ဂုဏ်ပျက်မယ်။ အဆက်ကို ကြည့်လိုက်တော့ ရှင်သီလဝံသတို့ နယ်ကိုး လူသားရဲ့။ အို-လူသား၊ ရှင်ဥတ္တမရေးသားတဲ့(တကယ်ပင်-ရွှေပြန့်ဖြစ်တယ်ကွယ်-လောကစံထုံး)ဆိုတဲ့ နှစ်ဆစ်ချိုးအဆုံးကို ကြားရတော့ ကျိုက်သပ်မြို့ ချောင်း ဖျား က မောင် ချစ် ဖေ ရဲ့ တေးသွားကို အပြေးအလွှား အမှတ်ရမိတယ်။ ဒီမယ်လေ-လူသား၊ ကျွန်ုပ်ဟာ ရှေ့ လွန် ခဲ့ ပြီး အ နှစ် ( ၂၀) ကျော်လောက်အခါက ကျိုက်လပ်မြို့ရဲ့တောင် ခ နောင် ချောင်းဖျားဆိုတဲ့ရွာသို့ သွားသွားပြီး တရားများ ဟောဘူးတယ်၊ အဲဒီလို သွားသွားပြီး၊တရားများဟောခဲ့စဉ် ခနောင်ရွာတွင်

အလွန်ပင် သဒ္ဒါထရားကောင်းပြီး၊ အပေါင်းအသင်းပြည့် ဝတဲ့ဦးဘိုးငန်းဒေါ်ငွေလို့ရှိကြတယ်။ သားကတော့ မောင် ဘခိန်တဲ့၊ လူလိမ္မာကလေးတယောက်ပ၊ ကွန်ပ်ဖါတပည့် မတွေ့ကလဲ မြရိုတဲ့ မိသေးတဲ့ အေးမိန်တဲ့ မိသိန်းတဲ့၊ စောလှတဲ့ အကုန်လုံးနဲ့ မပြောပြနိုင်ပါဘူး လူသားရယ် အများကြီးရှိကြတယ် အင်းသတိရစေသေးတယ်လူသါးရေ အဲဒီကျိုက်လပ်ဆိုတဲ့ မြို့ပေါ်က၊ ကွန်ပ်ရဲ့ ဒကာ ဒကာ့မ တွေပေါ့၊ ကိုဘိုလုံးမှ မမြရိုတို့ မောင်စီတို့နဲ့ တကွ၊ ကွန်ပ်ရဲ့ညီအကိုမောင်နှစ်မတွေပါဘဲ ကိုဘရှင်တို့ ကိုဘ တင်တို့မသန်းကို့ မိသိန်းကို့ကလဲလာကြပြီး၊ မကြာ ခဏ ဆုံဒိကြတယ် တနေ့ ကျတော့လူသားရယ် … အဆိုပါလူ များဟာ တဟားဟားနဲ့ ရယ်ရွှင်ပြီး၊ သူရတဲ့စာတိုက လေးကိုဆိုပြလိုက် ငါရတဲ့ စာတိုကလေးကို ဆိုပြလိုက်နဲ့ ပျော်ပျော်ပါးပါးစကားပြောပြီးနေကြတာကို၊ အဲဒီလိုနေ ကြစဉ်းမောင်ချစ်ဖေဟာဝင်ပြီး ရွှင်ရွှင်ပြုပြုနဲ့၊ကဲကွန်တော် ကလဲ ကွန်တော်ရတဲ့မင်းသမီးကိုဖော်ကျူကဒိုးလာတော့ ပတ်ဆိုးပြီးတဲ့ ဒွေးချူးနှချင်းကလေးကိုဆိုပြမယ်တဲ့၊ကဲ ကွယ် ဆိုပြ စမ်းပါအုံးလို့၊ အားလုံးက ပြောကြတော့ မောင်ချစ်ဖေဟာ (ဖေဖော်ကျူရယ်လေ … ကျမကို ခိုးလို့ လာတယ်၊ ကျမကလဲ မကျိုက်ဖူးအမေ့ဆီပြန်ပို့) လို့သို ကလိုဆိုပြလိုက်တယ် အဲဒီလိုဆိုပြတော့။ ဝုန်းကနဲပွဲကျ ပြီး၊ အဲကွဒါမှချစ်ဖေ နောက်အသူတွေရှိလျှင်၊ ဘယ်မင်း သမီးမှ ဒွားမနေနဲ့၊ ချစ်ဖေကိုဘဲဘီးဆံတုံးပတ်တင်ပြီး၊ အာ

လွှမ်းမင်းသမီးကြီး အလုပ်နှင့် ရမယ်နဲ့၊ အသွယ်သွယ် ပြောပြောပြီး၊ ဝေါကနဲဝေါ်နှရယ်ကြတယ်။ ဒီမယ်လေ့လူ သား၊ ရှင်ဥက္ကဋ္ဌရေးသားတဲ့၊ ဒွေးချိုးရဲ့အဖျားဟာ၊မောင် ချစ်ဖေရဲ့ ဒွေးချိုးအသွားနဲ့ တယ်ပြီးတော့ မခြားနားဘူး၊ ဟား ဟား ဟား ဟား ဘဲ ထားလိုက်ပါတော့။

ကဲလူသား-သူရေးတဲ့ ဒွေးချိုးအဖျားမှာ၊ မှားတာ မှန် တာအပထား လိုရင်းဖြစ်တဲ့ အဓိပ္ပါယ်သွားကို၊ သင်လူ သားစဉ်းစားစမ်း၊ဘာများကိုဆိုသလဲ၊ အဲ-ဟုတ်တာပေါ့ လူသားရဲ့၊ လူသေလျှင် လူမဖြစ်ကာ ဘာဖြစ်မှာလဲတဲ့ ဒွေ ပျက်လို့ရှိလျှင်၊ မြေကြီးကထွက်တဲ့ မြေတွက်အဆက်အ နွယ်မို့လို့၊ ရွှေဘဲပြန်ပြီးဖြစ် သလိုဘဲတဲ့၊ အဲဒါလောကမှာ ဖြစ်တဲ့ ဥပမာစံတိုးဘဲတဲ့၊ ကဲ အဲဒီ စကားတွေမှာတောင် တကယ်တန်းစဉ်းစားလျှင်၊ အဓိပ္ပါယ် မှားနေသေးတယ် အဘယ်ကြောင့်လဲလို့ဆိုလျှင်၊ အဲဟို မြေတွက်နွယ် အ ဝင်ပေမို့ ဆိုတဲ့စကားကို၊ သင်လူသားကြည့်ကြည့်ပြီး၊ထိ ထိမိမိဟလေး စဉ်းစားစမ်း၊ နွယ် အ ဝင် ပေမို့ လို့ဆို ထားတယ်၊ ကဲလူသား-သင်လူသားကို၊ စကားဟလေးတ ခွန်းကျွန်ုပ်မေးမယ်၊ သင်ဘယ်အနွယ်မို့လို့ဘာဖြစ်လာသ လဲ၊ ဩော်-လူအနွယ်ဝင်မို့လူဖြစ်လာသလား၊ ကဲနောက် ထပ် စကား တခွန်း မေးအုံးမယ်၊ သင် ဘယ် အတွက် ကြောင့်နတ်မဖြစ်သလဲ၊ ဩော်- နတ်အမျိုးနွယ်က၊ ဆင်း သက်ပြီးမလာရတာမို့၊ ယခုဘဝမှာတော့နတ်မဖြစ်နိုင်ဘူး လူအမျိုးအနွယ်က၊ ဆင်းသက်ပြီးလာတာမို့၊ လူဘဲဖြစ်ရ

ပါတယ်ဆိုပါတော့၊ အို-လူသား အဲဒီအဓိပ္ပါယ်သွားလို့ဘဲ မြေထွက်နှယ် အဝင်ပေမို့ လို့ဆိုလျှင်၊ မြေကြီးပင် ပြန်ဖြစ်ရမယ်၊ ရွှေမဖြစ်ရဘူး၊ သူ့ကို ရေးထားတဲ့ စာသွားမှာ မြေထွက်နှယ်အဝင်ပေမို့ - တကယ်ပင် ရွှေပြန် ဖြစ်တယ်ကွယ်-လို့ ရေးထားတော့ မှားနေတာပေါ့၊ မြေထွက်နှယ် အဝင်ပေမို့ လို့ရေးလျှင်၊ တကယ်ပင် မြေပြန့်ဖြစ်တယ်ကွယ်၊ လို့သာရေးရမယ်၊ အကယ်၍ ရွှေဟာ မြေကြီးက ဖြစ်လာပေမဲ့ နောက်တခါမြေပြန်မဖြစ်ပဲ၊ ရွှေသာလျှင် ဖြစ်တယ်လို့ရေးချင်လျှင် မြေထွက်နှယ်အဝင်ဖြစ်သော်လဲ တကယ်ပင်ရွှေပြန်ဖြစ်တယ်ကွယ် လို့ သို့မဟုတ် မြေထွက်နှယ်အဝင်ပေမဲ့ တကယ်ပင် ရွှေပြန်ဖြစ်တယ်ကွယ် လို့ သို့ကလိုရေးရမယ်၊ အဲဒီလိုရေး၍ မြေကြီးကဖြစ်တာမှန်သော်လဲ(ဝါ)မြေကြီးကဖြစ်တာမှန်ပေမဲ့၊ မြေပြန်ပြီးမဖြစ်ပဲ၊ ရွှေပျက်ကာနောက်တဖန်၊ ရွှေသာလျှင် ပြန်ဖြစ်တယ်ဆိုတဲ့အဓိပ္ပါယ်ကိုရမယ် အဲဒီအဓိပ္ပါယ်ကိုရမှလဲ၊ ရှင်ဥက္ကဋ္ဌကြီးရဲ့အလိုအရ မြေကြီးတည်းဟူသောအမေကို ရွှေတည်းဟူသော သားက အမေလို မြေမဖြစ်ရန် ငြင်းဆန်တဲ့ အဓိပ္ပါယ်ရပြီး ပဋိပက္ခအနက်ပေါ်မယ်။

## ရှင်ဥက္ကဋ္ဌတို့၏ ငရဲခဏ်းကိုခွဲခြမ်း၍ပြခြင်း

သြော်-လူသား တော်တော်ကလေးစကားများပြီး အချိန်တောင် တော်တော်ကြာသွားပြီ၊ လူသေတိုင်း လူမဖြစ်ကိုမှ ရောက်နိုင်ပါတော့မလား၊ ကဲဒါတွေကို ထားလိုက်

လူသေ လူဖြစ်ဆိုတဲ့ စကားကို၊ သင်လူသား ရှင်းသွားအောင်၊ လင်းပါးပြီးပြအုံးမယ်၊ ရှေ့နားက ခွေးချီး အသွားကို၊ သင်လူသား ပြန်ဖတ်စမ်းပါ၊ ကြွေ ....

လူသေသော်-လူမဖြစ်လျှောကောင့်၊ ဘာဖြစ်မှာတုံး
ရွှေပျက်ချောင်-မြေထွက်နွယ်အဝင်ပေမို့၊ တကယ်
ပင်- ရွှေ ပြန် ဖြစ် တယ် ကွယ် လောကစံတုံး
တဲ့လား၊

ကဲလူသား၊ ရှင်ဥက္ကဋ္ဌတို့ရေးတဲ့၊ ဝေး အသွား တည်းဟူသော နှစ်ဆစ်ချိုးကို၊ ဖြစ်ချိုးပြီးအဖြေရေးလိုက်မယ်၊ ခပ်နှေးနှေးဖတ်စမ်း။

## အဖြေခွေးချီး

လူ သေ တိုင်း လူ မဖြစ် ပါ ဘူး- စင်စစ် မှတ်အုံး၊
နတ်ပြဟ္မာ လူ့ရပ်ပြင်ပါယ်လေးရွာတို့၌၊ ကံနှစ်ဖြာ
ဖန်ရာဖြစ်ပါလိမ့်၊ ရွှေကျေသော်၊ မြေတွင်ဖြစ်သ
လို၊ မှတ်ချင်လျှင် ခေါက်ဆင်လို့ စစ်ပါတော့- အို
ကွယ်ဖြစ်နိုင်တဲ့ထုံး- တဲ့လူသားရဲ့၊

ကဲလူသား-ရှင်ဥက္ကဋ္ဌတို့ရဲ့စကားနဲ့၊ ကျွန်ုပ်ရဲ့စကား ဟာ၊ ဘယ်သူကမှားလျက်၊ ဘယ်သူကမှန်မလဲ၊ ဝေဘန် ကာစစ်ဆေးပြီး၊ အညစ် အကြေးတွေကို ပယ်ထုတ် ကြဦး ဖို့၊ အို-လူသား၊ အထက်အဆိုပါ၊ လူသေလူဖြစ် ဆရာ တို့၊ ကဗျာခွေးချီးကလေးရဲ့အောက်နားက၊ ဘာတွေများ ရေးထားသလဲ၊ သင်လူသားဖတ်စမ်းဦး။

ဩဩဘ်ဤသို့ကျွန်ုပ်တို့ရေးသား ဖွင့်ဆိုလာသော စကားအစဉ်ကို အမျှင်မပြတ်ဆက်စပ်လေ့လာသုံးသပ်မှီသော သူတော်သိ ပုဂ္ဂိုလ်တို့သည် လူ့ဘဝ လူ့အဖြစ်နှင့်ပတ်သက်သောပြဿနာအရပ်ရပ်ကို ပြတ်ပြတ် သားသား ထင်ထင်ရှားရှား ရိပ်စားမိကြပြီးဟူ၍ ကျွန်ုပ်တို့ ယုံကြည်စိတ်ချခဲ့လေပြီ၊ အတိတ်နှင့်အနာဂတ်တို့သည် အစွဲဥပါဒါန်တို့၏ ခိုအောင်းရာ မည်းနက် မှောင်မဲ လှစွာသော ထုးတွင်းကြီးများဖြစ်သည်ဟူ၍ ကျွန်ုပ်တို့သိခဲ့ ကြရလေပြီတဲ့လား၊

အင်း ---ဒီစကားများ ကိုတော့၊ သိပ်ပြီး လင်းပါး စရာမလိုပါဘူး၊ဟို.....သူတို့ပြောဆိုရေးသားခဲ့တဲ့ စကားများကို၊ သုံးသတ်ဆင်ခြင် ထင်မြင်ရိပ်စားမိတဲ့သူများလို၊ သင်လူသားတို့အား၊ ယုံကြည်စိတ်ချပြီးထားပြီတဲ့၊ ဆဲမို သူတို့ပြောသွားခဲ့တဲ့ အတိတ်ဆိုတဲ့စကားအနာဂတ်ဆိုတဲ့ စကားများဟာ အစွဲဥပါဒါန်တို့ရဲ့ခိုအောင်းရာ၊ အတိတ် အကြောင်းနဲ့အနာဂတ်အကျိုးတို့ကို မျှော်ကိုးအားထား၊ ကြောက်စိတ် လန့်စိတ်တို့ရဲ့ဖြစ်ပွားရာ၊ မသမာတဲ့မှောင် တွင်း ထုးတွင်းကြီးများသာဖြစ်တယ်လို့၊ သူတို့သိပါပြီ တဲ့၊ ဆိုလိုရင်းကတော့ လူသားရာ၊ အတိတ်အခါဆိုတဲ့ စကားနဲ့ အနာဂါတ်ဆိုတဲ့ဟာ၊ အမျှော်နဲ့ အကြောက်

တို့ဖြင့်၊ မြောက်ပြီးညာစားတဲ့ စကား၊ ချောက်ပြီးညာထားတဲ့ စကားတွေလို့ဆိုတာပေါ့ (ဝါ) အတိတ်ဆိုတဲ့စကားနဲ့ အနာဂတ်ဆိုတဲ့စကားလွဲတွေဟာ၊ ဥပါဒါန် ဆိုတဲ့ စိတ်တွေကို ဟုတ်တယ် မဟုတ်ဖူးဆိုတာ မဝေဘန်ရဲအောင် မဲ့နက်တဲ့မှောင်ထဲသို့(ဝါ)မဲနက်တဲ့ ထောင်ချောက်ထဲသို့၊ ဆောင်ဆွဲပြီးချထားတဲ့အရာတွေပါလို့ ဆိုတာဘဲ၊ ကဲလူသား နောက်နားကိုဖတ်သွားစမ်း၊ ဘယ်လိုများဆိုပြန်သလဲ၊ ကြည့်......

ငရဲစခမ်းနှင့်ကောင်းကင်ဘုံနန်းတို့ကို တခန်းတနား တီထွင်ခဲ့သူလက်သမားသည်လည်း ထိုသည့်ဥပါဒါန်အစွဲဖြစ်သည်ဟူ၍ ကျွန်ုပ်တို့ သိခဲ့ရလေပြီ၊ ထိုသည့်ဘုံခန်းတီထွင်သူ လက်သမားဆရာကြီးကို နှင်ထုတ်၍ဖြုတ်ချခဲ့လျှင် ၎င်းတီထွင်ထားခဲ့သော နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာနှစ်ဆယ်နှင့် ရှစ်နယ်သော ငရဲကြီး တို့သည်လည်း အပြီးတိုင်ကွယ်ပျောက်၍သွားကြလေပြီ။ တဲ့လား။

အင်း-အဲဒီစကားကတော့၊ ကုသိုလ်ကံတရားကြောင့် ခံစားရမယ်လို့ မျှော်မှန်းတဲ့၊ နတ်ဘုံနတ်နန်း၊ ဗြဟ္မာဘုံ ဗြဟ္မာနန်း၊ အကုသိုလ်ကံတရားကြောင့်၊ ခံစားရလိမ့်မယ်လို့ ကြောက်သီးဖြန်းကြတဲ့၊ ငရဲဘုံ ငရဲစခမ်းတို့ဟာ၊ ဥပါဒါန်ရဲ့အစွဲအလန်းတွေပါတဲ့၊ တကယ့်တန်းမရှိ

ပါဘူးတဲ့၊ အဘူးပြောကြားလိုတာက၊ ဆဲဒီနတ်ဘုမ်နတ်နန်း ဖြ ဘုမ်ဖြ နန်းကို့၊ ငရဲစခန်းတွေဟာ၊အစွဲအသန်းတည်းဟူသော ဥပါဒါန်က၊ ကြံဖန်ပြီးဆောက်လုပ်ထားတာပါဘဲ၊ ဆဲဒီသက်သမားဆရာ၊ ဗိသုကာ ဖြစ်တဲ့ဥပါဒါန်ကို ခပ်မြန်မြန်နှင်ထုတ်လိုက်လို့၊ သူတို့မှာ (ဝ၊) ရှင်ဥက္ကဋ္ဌတို့မှာ နတ်ဘုမ် ဖြ ဘုမ်၊ ငရဲဘုမ် ဆိုတာတွေပျက်ကုန် ကွယ်ပျောက်သွားကြပြီတဲ့ အို—လူသား ရှင်ဥက္ကဋ္ဌတို့က ဖြတ်တာနဲ့၊ ဆဲဒီနတ်ဘုမ်၊ ဖြဟ္မာဘုမ်တွေ ပျက် ပါလား၊ အင်း သူတို့ရဲ့ပြောဆိုနေထိုင်ပုံတွေကို စဉ်းစားလျှင် နတ်ဘုမ် ဖြ ဘုမ်တွေကိုတော့ ထားပါတော့၊ ငရဲဘုမ်မျှ ကဖြင့်၊ ဘယ်နည်းအားမျှ မပြတ်ဘူးလို့၊ ကွန်ုပ်ကဆိုချင်တယ်၊ ကောင်းကင်ဘုမ်နန်းသို့သွားရတာခက်ပေမယ်သို့ အောက်ငရဲသို့သွားရတာကျတော့လွယ်ဘာကိုလူသားရဲ့၊ ဒိုလူသား .... ဆဲဒီလို နတ်ဘုမ် ဖြဟ္မာဘုမ်းတည်းဟူသော ကောင်းကင်ဘုမ်နန်းနှင့် ငရဲခန်းတို့ကို စွဲသမ်းယူမှားနေသောကြောင့်၊ လူတို့၏ကျင့်ဝတ်တရား စာရိတ္တမညီညွတ်မှုဟာ၊ ပျက်ပြားပြိုလဲကုန်ခဲ့ကြပြီလို့၊ ဆဲဒီလို ဟို-လွန်ခဲ့ပြီးတဲ့စာမျက်နှာ (၆၇) နဲ့ (၆၉)တို့မှာ၊ သေသေချာချာရေးသားပြောဆိုပြီးထားခဲ့တယ်၊ သင်လူသားဖတ်စမ်းပါ၊ ကွန်ုပ်ရှာပေးမယ်လေ၊ ချော့ ဟောတော့ စာမျက်နှာ(၆၇)နဲ့(၆၉)ဘဲ ကဲဖတ်လိုက်စမ်းလူသား၊ ခြေဉ်-"ဘုမ်ခန်းနှင့် လူ့စာရိတ္တ"တဲ့သားကဲအောက်နားကဆက်ဖတ်၊

ဩဗြဲ-အထက် အာ ကာ သ တခိုမှာ ယှိသည်ဟု ယုံကြည်နေကြသော ကောင်းကင်ဘုံမြန်းနှင့်မြေအောက်တခွင် မြေကြီးထဲတွင် ယှိသည်ဟူ၍လက်ညှိုးထိုး၍ပြနေကြသော ငရဲခမ်းတို့သည် လူ့စာရိတ္တပျက်ပြားရေးတို့နှင့် မည်သို့သက်ဆိုင်ကြကုန်သနည်း ၊ အေး-ဖြေဆိုရချေအံ့၊ အသင်တို့သည် ငရဲခမ်းက ခြောက်လှန့်သည်၊ ဘုံခမ်းကတော့ မြှောက်လှန့်သည်ဟူသော စကားပုံကို ကြားဖူးကြသည့် မဟုတ်တုံလော၊ ထိုစကားပုံအရ ဘုံခမ်းဆိုင်ရာ အဖွင့်သံဝဏ္ဏနာ စာပေတို့ကို ဖတ်ရှုလိုက်တဲ့အခါအာသာငန်းငန်းသွားရည်တများများနှင့် ထိုသည့်ဘုံခမ်းတို့မှာ ရယူခံစားရမည့်သုခရိပ်ငြိမ် ဘဝဇိမ်ကိုတောင့်တလိုချင်တဲ့ အမျှော်ဓါတ်တမျိုးလူသား၏ စိတ်တွင်ဖြစ်ပွါးပေါ်ပေါက်၍လာခဲ့သည်၊ ထိုမှတပါးငရဲခမ်းနှင့်ဆိုင်ရာစာပေတို့ကို လှမ်း၍ကြည့်လိုက်သောအခါမှာလည်းစိတ်ကူးနှင့် မှန်းပြီးအကြမ်းရေးဆွဲထားတဲ့ ကြောက်ဖွယ်၊ လန့်ဖွယ်ကြက်သီးဖြန်း၍ ကျောချမ်းဖွယ်ကောင်းလှတဲ့ အနိဋ္ဌာရုံဒုက္ခဆင်းရဲအမျိုးပုံကိုတွေ့

မြင်ရခြင်းကြောင့် လူသားတွင်အကြောက်စိတ်တ မျိုးတိုးပွါး၍လာခဲ့ပြန်လေသည်၊ အကြောက် နှင့် အမှော်ဟူသော သဘောထရားတို့သည် အလွန် ဆိုးဝါးသော ပိုးကောင်းများဖြစ်ကြကုန်ရာ၊ ၎င်း တို့ကျရောက်၍ အတွင်းကစား လိုက်ခြင်းကြောင့် လူသား၏ စာရိတ္တမဏ္ဍိုင်ကြီးသည် ဖရိုဖရဲဖြစ် ကာပြိုလဲ၍ ကျမြဲဖြစ်ခဲ့လေပြီ။ ။တဲ့လားလူသား ရဲ့၊ ကဲ ကျွန်ုပ်ပြောခဲ့တဲ့စကားဟာ၊ မှန်ပြီးနေပြီ မဟုတ်ပါ လား၊ အပိုမသွင်း အတိုကျဉ်းပြီး၊ လိုရင်းကို ပြောပရစေ တော့လူသားရယ်၊ ဟောလေသူဆိုတဲ့စကားက၊ ငရဲဆို တာမသိတဲ့လူများကို ကြောက်စရာ လန့်စရာ၊ အဖွင့်သံ ဝဏ္ဏနာတွေနဲ့ ရေးသားပြီး၊ အဋ္ဌကထာ ဆရာ များက ခြောက်လှန့်ထားတာပါတဲ့၊ နတ်ဘုံနတ်နန်း ဗြဟ္မာဘုံ ဗြဟ္မာနန်းဆိုတဲ့စကားဟာလဲ အဲဒီမသိတဲ့လူများကို မျှော် ကိုးဝမ်းသာစရာ အဖွင့်သံဝဏ္ဏနာတွေနဲ့ရေးသားပြီး အ ဋ္ဌကထာဆရာများက မြှောက်ပင့်ထားတာပါတဲ့၊ အဲဒီလို မသိသူဝမ်းမြှောက်အောင် မသိသူလန့်ထိတ်အောင်၊ စိတ် ကူးနဲ့မှန်းပြီး၊ အကြမ်းစား ရေးထားတဲ့ တရားတွေဟာ၊ အင်မတန်ဆိုးဝါးတဲ့၊ ပိုးများနဲ့တူတယ်တဲ့၊ အဲဒီဘုံနန်း နဲ့ ငရဲခန်းကိုဘို၊ မျှော်မှန်းပြီးကြောက်တဲ့စိတ်များ၊ မျှော် မှန်းပြီးဝမ်းမြှောက်တဲ့စိတ်များ၊ အကြောက်အမျှော်တည်း ဟူသောပိုးတွေကစားသဖြင့် လူသားတွေကျင့်ရမဲ့၊ စာ

ရိတ္တမဟုတ်ပြင်ဟာ၊ မခိုင်နိုင် ဖြုလဲပြီး၊ ဖရိုဖရဲဖြစ်ကြရတာ ဘဲတဲ့၊ ဤဘယ်လောက်အဘိုးတန်တဲ့စကားလဲ၊ ဆိုးရန် မိုက်ရန်၊ တိုက်ရန်၊ ခိုးရန်၊ အမျိုးမျိုးကြံပြီး၊ မရိုးမမှန်တဲ့ စိတ်ဓါတ်တို့ဖြင့်၊ သတ်လား၊ ဆိုးလား၊ ခိုးလားတိုက် လားနဲ့၊ လူမိုက်တွေများနေတဲ့ခေတ်ထဲမှာ၊ ငရဲမရှိဘူးလို့ မတရားရေးတော့လူမိုက်အားပေးလို့ဆိုထိုက်တာဘဲ၊ င ရဲလဲမရှိဘူး၊ ငရဲလဲမကြိဘူး၊ ကုသိုလ်လဲမရှိဘူး၊ ကု သိုလ်လဲမရဘူးလို့ဆိုတော့၊ ဘယ်သူ့ကိုမှလဲ ရှိသေစရာ မလိုဘူး၊ ဘယ်သူ့ကိုမှလဲ ကိုးကွယ် ဆည်းကပ် စရာမလို ဘူး၊ ဘယ်သူကိုမှလဲမသတ်ဝန့်စရာမလိုဘူး၊ တိုတိုပြော ရလျှင်၊ သဘောကျချင်ကျ၊ သဘောမကျချင်နေ၊ မိုက်ချင် တဲ့လူတွေကိုအားပေးပြီး၊ ဓါးအသွေးခိုင်းနေသကိုဘဲ၊ ဒီ မှာလေလူသား၊ လွန်ခဲ့ပြီး လေးနှစ်လောက်က ထင်ပါရဲ့၊ (ရွှေကျင်မြို့ သာသနာ စောင့်ရှောက် ကာကွယ်ရေး အဖွဲ့မှ ဝေငှတဲ့စာလွှာကို၊ ရတာနဲ့ယူထားတယ်၊ ဟောဒီအနား က၊ သင်လူသားဖတ်ပြစမ်း၊

## ၁၃၁၇–ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃၊ ၁၄၊ ၁၅ ရက်နေ့ညများ၌၊ မဒေါက် တခွန်တိုင်ရွာတွင် ရှင် ဝါသဝဟောသောတရား

ဩဝါဒ် ငရဲအကြောင်းပြောပြအံ့မယ်၊ သင်္ဘိုလ်ဆ ရာက၊

၃၁-ဘုံတယ်ပြီး၊ နတ်ဘုံ ဗြဟ္မာဘုံကိုတော့ ဟိန္ဒူဝါဒအတိုင်း မိုးပေါ်လက်ညှိုးထိုးပြခဲ့တယ်။ ငရဲကတော့မြေကြီးထဲမှာတဲ့၊ ငရဲရှိတယ်ဆိုတဲ့လူနဲ့ ကျုပ်နဲ့ ပေါက်ပြားတယောက်တလက်ထမ်းပြီး ပေါက်မယ် ခဲယင်လာကြလေ အတော်ရှုပ်တဲ့ အဘိဓမ္မာ၊ ဘုရားက ခုနှစ်ဝါမြောက်မှာ တာဝတိံသာမှာဘဝဟောင်းကမယ်တော်ကို နှစ်လှမ်းနဲ့ သုံးဖဝါး ကြွသွားပြီး အဘိဓမ္မာ သွားဟော လိုက်ပြန်တယ်တဲ့၊ ကိုင်းဗျာ မြင်းမိုရ်တောင်ကြီးက ကိုင်းလာပပြီးတဲ့ ဘုရားကခြေထောက်တချောင်းမြင်းမိုရ်တောင် မှာ ချနင်း၊ ခြေတဖက်က ကားယားတန်းလန်းချည်းနဲ့ မြင်းမိုရ်တောင်က မယူသွား ကိုးယိုးကားယား တန်းလန်းချည်းနဲ့- အဲတော့ကို အကြည့်ရခက်တဲ့ ဘုရားဖြစ်မှာဘဲ- ကောင်းကင်မှာ နတ်ဘုံသာရှိလျှင် လေယဉ်ပျံနဲ့ တိုက်မိတာ ကြာလှပြီးတဲ့လား။ ဟား-ဟား ဟား-ဟား-

အတော်လဲဉာဏ်သွားတဲ့ မဟောသဓရဲ့သားဘဲ၊ ငရဲနဲ့ နတ်ဘုံတောင်၊ ရွှေမန်းတင်မောင်တို့ ဗိန်းအောင်မင်းတို့ ခင်းပြတဲ့ ဇာတ်ခုံ လောက်၊ မှတ်ရုံဘုံ သဘော ထားပြီး ထိုင်းထွာတဲ့အလား၊ ဉာဏ်နဲ့သူတွေရှုတ်အောင်၊ သေး

နှုတ်တဲ့ စကားဖြင့် ပေါက်တူးနဲ့ ပေါက်ပေါက်ပြီး၊ သူ ရောက်အောင်အရှာသွားမတဲ့၊ မတွေ့တဲ့အကြောင်းပြလို့ရ ထောင်းရအောင် ဆိုတဲ့စကားပေါ့၊ အို–လူသား-ဘုရား ဟောတဲ့ငရဲဘုမ်ကို၊ မယုံတဲ့သူက အရှာသွားပေါ့၊ သူ များကိုခေါ်စရာ၊ အဖေါ်ရှာတို့ မလိုဘူး၊ –အိုလူသား အ လောင်းအစားနဲ့ သွားမယ်ဆိုတဲ့ စကားကို၊ ကျွန်ုပ်ရဲ့တာ ဝန်ထားလိုက်၊ :သူဘယ်လောက် များများ လောင်းမလဲ၊ ငွေတောင်းခဲ့လူသား ကြားထဲက သင်ယူထားတာပေါ့၊ သူ ယူသွားလို့တော့ မပေးလိုက်နိုင်ဘူး၊ အဘယ်ကြောင့် မ ပေးနိုင်သလဲ ဆိုလျှင်၊ ငရဲကို သူရောက်တော့၊ မပြန်ချင် လောက်အောင် ပျော်နေက၊ အခေါ်ရခက်ပြီး ငွေသက် သက်ဆုံးမှာဘဲ၊ ကဲလူသား–ပေါက်တူးနဲ့ ဘဲပေါက်ပေါက် တဝင်းစောက်နဲ့ဘဲတူးတူး၊ မြေနဲ့ရေဆုံးအောင်သွားလို့ မှ၊ ငရဲများကိုမတွေ့ဘူးဆိုလျှင်၊လိုချင်တာကိုပေးမယ်၊ ရှစ် သွယ်သော ငရဲအတွင်းသို့၊ ရောက် အောင် သာ ဆင်း ပါ စေ၊ငြင်းတာတွေကအသကားဘဲ၊ရောက်သွားလို့မှ မတွေ့ ဘူးဆိုတော့ ကျွန်ုပ်ကို သတ်ပြစ်ပါစေ၊ ငွေတန်း မြှင်မြှင် သတ်တန်း မြှင်မြှင် နိုင်တဲ့သူ ပြုသမျှကိုရှုံးသူက ခံတမ်း ပေါ့ရော့ရော့လူသား ဒီသဘောအသွားပါဘဲ၊ လူသေလူ ဖြစ်စာအုပ်စာမျက်နှာနံပါတ်(၁၁၇) (၁၁၈)တို့မှာ၊ဟော ဒီလိုစေးသားထားပြန်တယ်၊ ဒီအနားမှာလေသင်လူသား ဖတ်စမ်းပါ–ဩ်၊

အဲဒီကောင်းကင်ဘုံနန်းနှင့် ငရဲဆိုဒါ ဘယ်အနား
မှာရှိ ပါမလဲ။ အမှန်မှာ- အဝါဒ်တိုက်များ၏ အ
ထက်တွင်ကောင်းကင်ဘုံမယ့်ဟူ၍ရှင်း၊ ကမ္ဘာ
မြေကြီး၏အောက်ခြေတွင် ငရဲမယ့်ဟူ၍ရှင်း၊ ယခု
အခါ ကွန်ပဲသွေ့ သိရကြရလေပြီ၊ ကောင်းကင်ကို
ကြည့်တဲ့ မှန်ပြောင်းကြီးများကို တီထွင် အသုံးပြု
လိုက်သည့်နှစ်ပေါင်းနှင့် မှေးလူတို့အမှန်ယုံကြည်
ခဲ့သော သာနတ်ပြည် ဗြဟ္မာပြည်ဆိုတဲ့ကောင်းကင်ဘုံ
နန်းတွေဟာ နေရောင်ခြည်တွေကြောင့် ဆီးနှင်း
ပေါက်တွေသို့တရှုံးတခု ဆက်ကာဆက်ကာကွယ်
ပျောက်၍ သွားကြရလေပြီ၊ ထို့ပြင်လည်း၍နေ
သော ဤကမ္ဘာမြေကြီးကလဲ မှေးလူတို့၏ ငရဲမီး
ကိုအငြိမ်းသတ်လိုက်လေပြီ- တဲ့လား ကဲ
ကဲအဲဒီစကားက၊ ဘယ်လိုများဆိုသလဲ။

အင်း . ဟို—ရှင်ဝါသဝရဲ့စကားထက်တော့၊ အတွေး
ရခက်ပြီး၊ လူသားနဲ့အတွက်မှာဖြင့်၊ နက်နက်နဲနဲရှိတယ်
လို့၊ အဲဒီလိုဆိုရလိမ့်မယ်၊ အဘယ်ကြောင့်လဲ ဆိုတော့
ဟို ရှင်ဝါသဝရဲ့စကားက၊ လေယဉ်ပျံနဲ့ မတိုက်မိလို့
နတ်ဘုံ ဗြဟ္မာဘုံ မရှိဘူး၊ မြေကြီးကို ပေါက်တူးနဲ့
ပေါက်တော့ ငရဲဘုံခံသို့မရောက်လို့ (ငါ)ရဲ့မင်းဦးခေါင်း

ကိုပေါက်တူးပေါင်းနဲ့မပေါက်မှီလို့ရဲဘုမ်မရှိဘူးဆိုထါး
သဖြင့် ဘွါးကနဲသိလွယ်ပြီးအဓိပ္ပါယ်ရှင်းတါပေါ့တိမ်တိမ်
နဲ့ရှုးရောက်တဲ့ဉာဏ်ဆိုပါတော့၊ ရှင်ဥက္ကာမ္မရဲ့စကား ဟာ
ကတော့၊ ကြားတာနဲ့ သိတ်မလွယ်ဘဲ၊ အဓိပ္ပါယ် ခက်ခဲ
တော့ နက်နဲတဲ့ရှုးရောက်ဉာဏ်ဖြင့်၊ဝေဘန်တယ်ဆိုရမှာ
ပေါ့။ ဒိုလူသား၊ ရှင်ဥက္ကာမ္မရဲ့ စာသွားမှာ ကောင်းကင်
သို့ ကြည့်တဲ့ မှန်ပြောင်းကြီးများကို လူ သား တို့ တည်
ထွင်ပြီး၊ ကောင်းကင်သို့ကြည့်လိုက်တော့ မရှိတဲ့ နတ်
ဘုံမ် မ ရှိ တဲ့ ဗြဟ္မာ့ ဘုံမ် တို့ကို တဘုံမ်မှမတွေ့ပါဘူး
ဘဲ့။ အဲဒီလို မတွေ့ပါသဖြင့်၊ လေ့လာတဲ့ စဉ်းစားဉာဏ်
ကြောင့်၊ အရင်းတရားအမှန်ကို သဘိရပြီး သိကြတဲ့ လူ
များမှာ နေ ရောင် ခြည် ရောက် တော့ နှင်း ပေါက် တွေ
ပျောက်တဲ့အလား၊ အသိဉာဏ် ရောင်ခြည်ရောက်သော
ကြောင့်၊နတ်ဘုံမ် ဗြဟ္မာ့ဘုံမ်တည်းဟူသော နှင်းပေါက်
တွေဟာ ကင်းပျောက်လွင့်စင်ပြီး သွားကုန်ပြီတဲ့။ (ဝါ)
အဲဒီနတ်ဘုံမ်၊ ဗြဟ္မာ့ဘုံမ်ရှိတယ်ဆိုတဲ့ အယူများတွေကို
ဖယ်ရှားလွင့်ပျောက်ပြစ်ကြပါပြီတဲ့ လူသားရဲ့။အင်း-အဲဒီ
ကားများဟာ မှားတယ်။ ဘာဖြစ်လို့မှားသလဲဆိုတော့
တ်ဘုံမ် ဗြဟ္မာ့ဘုံမ်ဘို့ကို ရောက်ဘို့ရန် မဆိုထားနဲ့၊
ရှင်ဝါသဝ ပြောတဲ့ လေ ယာဉ် ပျံ တွေ ဟာ လဲ အမှန်ကို
ဆိုရလျှင် ကြယ်တွေဆီကိုတောင် ရောက်အောင် မသွား
နိုင်ဘူး။ လသို့ရောက်အောင် သွားတယ်။ဘယ် ဂြိုဟ်၊ဘယ်
ကွတ် သို့ ရောက် အောင် သွား တယ် ဆို တဲ့ ဒုံးပျံရဲ့

အကြောင်းစကားတွေကို သင် ဘယ်က ကြားခဲ့သလဲ။ အဲဒီ စကားများဟာလဲ အမှန်အားဖြင့် ကြားနေကြတဲ့ စကား တွေဘဲ၊ ထင်ထင်ရှားရှားနဲ့ ဘယ် အ မှတ် အ သား ကို မှ ပြနိုင်တာမရှိဘူး၊ လမင်းကို ဒုံးပျံက တိုက်တော့ အသံ မကြားလိုက်တာကို ဖယ်ထား၊ ဘယ်အနားကို တိုက်မိ သဖြင့် ဘယ်အခြမ်းတော့ မရှိဘူးလို့ ဘယ်ခွန်ပြောင်းနဲ့ ကြည့်ပြီး၊ ဘယ်သူများ မြင်သိသလဲ။ လပြည့်လဲ လပြည့် လိုဘဲ၊ လဆုပ်လဲ လဆုပ်လိုဘဲ။ လဆန်းလဲ လဆန်းလိုဘဲ သူ့နကိုယ်ပျက်ပြီး နဲနဲမှမခွက်ဘူး။ နဲနဲမှ မကွဲမအက်ဘူး ဒုံးပျံထိတဲ့ဒဏ်ချက်ကြောင့် ကွဲ ပျက် ပြီး ကျ လာ လို့ လမင်းရဲ့အပိုင်းအစကို ဘယ်တိုင်းပြည်က ရတယ်လို့မှ လဲ တခါမှ မကြားဘူးဘူး၊ ပြောင်-ပတ်ရုံသာ ပတ်တာတဲ့ လား။ ဟား-ဟား-ဟား-ဟား-ဒါဖြင့် မကြွားတကြွားဘဲ ထားလိုက်ပါတော့။ သိပ္ပံပညာအားဖြင့် တည့် ထောင် ပြီး ထားတဲ့ ရှင်ဥက္ကဋ္ဌရဲ့ မှန်ပြောင်းများဟာလဲ တိမ်လိပ် တိမ် သားတွေ ဖေါက်ပြီး၊ နတ်ဘုံ ဗြဟ္မာဘုံရောက်အောင် မမြင်နိုင်ဘူး၊ ဘာကြောင့် မမြင်နိုင်သလဲဆိုလျှင် ထိုမှန် ပြောင်းများဟာ တိမ်တိုက်တိမ်ခဲတွေ မဲမှောင်ပိတ်ဆို့ပြီး ထားတဲ့အခါများ၌ အဲဒီတိမ်တိုက်တွေရဲ့ အပေါ်မှာ သွား သွားပြီး၊ အသံကိုတောင် ကြားနေတဲ့ လေယာဉ်ပျံများကို ပင် ဘယ်နည်းမှ မမြင်နိုင်ဘူး။ အဲ ဒီ လို မ မြင် နိုင် လျှ ရှင်ဥက္ကဋ္ဌရဲ့မှန်ပြောင်းဟာ မိုးတိုင်ပေါင်း ထွေးမရအော ဝေးလှတဲ့ နတ်နန်းကို ဖြတ်သန်းပြီး ဘယ်လိုမြင်မလဲ၊ အဲဒ

ကြောင့် ရှင်ဥက္ကဋ္ဌအကြီကောင်းသဖြင့်၊ မှန်ပြောင်းနှင့် ကြည့်မမြင်လို့ နတ်ဘုံနှင့်ဗြဟ္မာ့ဘုံဟာ တဘုံမှ မရှိထင်လျှင်၊ အခွင့်မတန်မှားသဖြင့် ဟားဟားသာ ရယ် လိုက်ပေတော့။ ဒိုး-လူသား၊ အဲဒီနတ်ဘုံ၊ ဗြဟ္မာ့ဘုံ တို့ကို မမြင်ရသဖြင့်၊ မယုံကြည်နိုင်ဘူးဆိုတဲ့စကားအပြင်၊ ငရဲလဲ မမြင်ရလို့ မရှိဘူးဆိုတဲ့စကားကို သိသာထင်ရှား ဘို့ မြေကြီးလယ်ပြထားတယ်။ မြေကြီးလယ်တာကို ကြည့် သဖြင့် ငရဲမရှိဘူးဆိုတာကို သိပြီတဲ့။ ဒီမှာလေ- လူသား၊ သူပြောလိုတဲ့စကားက မြေကြီးရဲ့အောက်ဆုံး အဖျားမှာ ငရဲက တခြားနေတော့ ကမ္ဘာ့မြေကြီးလယ်သွားတိုင်း ငရဲရဲ့အနားသို့ လူသားတွေ ရောက်ရမယ်တဲ့၊ အဲဒီလို ရောက်လျှင် ရောက်တိုင်း ရောက်တိုင်း မြေကြီးအောက်က ငရဲကို မလွဲတန်း မြင်ရမယ်တဲ့။ အဲဒါ (လည်း ၍ နေ သော ဤကမ္ဘာမြေကြီးကလဲ ရှေးလူတို့၏ ငရဲမီးကို အပြီးတိုင် ငြိမ်းသတ်လိုက်လေပြီ)ဆိုတဲ့ သူ့စကားရဲ့ အဓိပ္ပါယ်ဘဲ။ ဒီမယ်လေ-လူသား၊ ငရဲဘုံပမာပြုပြီး၊ ပန်းကန်ပြားတခု ကို အတုလုပ်၍ အောက်ကထား။ ကဲ- ထားပြီး လျှင်၊ ဟို အနားက လိမ္မော်သီးကိုယူ။ သူကတော့ ကမ္ဘာ့မြေလုံး ပေါ့။ ရော့-ဟောဒီဒါးနဲ့ တဖက်က ကြက်ခြေခတ်ပြီး လူအမှတ်အသားကလေးလုပ်ထား။ ကဲ-လူသား၊ ငရဲဘုံ ဥပမာထားတဲ့။ ပန်းကန်ပြားရဲ့အပေါ်က လိမ္မော်သီးရဲ့ ကြက်ခြေခတ်ကို မပြတ်အောင် ကြည့်ကြည့်ပြီး ပန်းကန် ပြားနဲ့ မထိစေဘဲ ခပ်နဲ့နဲ့လက်ဖြောက်လို့ အထက်အောက်

လျှည့်လျှည့်သွား၊ ပန်းကန်ပြားနဲ့ ကြွက်ခြေခတ်၊ အထက်အောက် ထပ်ဒီပလား၊ ကဲ-ရပ်လိုက် လူသားရေ့။ သင်ဘယ်လိုတွေ့သလဲ။ အဲ-ဟုတ်တာပေါ့ လူသားဖွဲ့။ လိမ္မော်သီးက လယ်လယ်ပြီးသွားတော့ သင်ရဲ့ ကြွက်ခြေခတ်ဖြစ်တဲ့ လူအမှတ်အသားဟာ ငရဲပုံဥပမာထားတဲ့ ပန်းကန်ပြားရဲ့ အသက်မျက်နှာပြင် အနီးအပါးသို့တပတ်လယ်ရင်း တခါရောက်သွားရင်း တပတ်လယ်ရင်း တခါရောက်သွားရင်းပေါ့။ အဲဒီလို ရောက်ရောက်သွားတော့ ကမ္ဘာမြေကြီးတည်းဟူသော လိမ္မော်သီးရဲ့အောက်ပါးက ငရဲတည်းဟူသော ပန်းကန်ပြားကို သင် မှတ်ပြီးထားတဲ့ ကြွက်ခြေခတ်တည်းဟူသော လူသားဟာ မကြာ မကြာ သွားသွားပြီး၊ မမြင်နိုင်ပေဘူးလား။ အဲ- မြင်နိုင်တယ်နော်။ ဘာဖြစ်လို့ မြင်နိုင်သလဲ။ ဩော်- အပေါ်ရောက်လိုက်၊ အောက်ကျသိုက်နဲ့ ကမ္ဘာ မြေကြီး တည်း ဟူ သော လိမ္မော်သီးလယ်သမျှ လူတည်းဟူသော အမှတ်၊ ကြွက်ခြေခတ်ဟာ ပတ်ပတ်ပြီး ပါသွားလို့ မကြာ မကြာ ပန်းကန်းပြားကို သွားသွားပြီး တွေ့ရသဖြင့် ခဏ ခဏ မြင်နိုင်တယ်ဆိုပါတော့၊ အို လူသား အဲဒီဥပမာအသားလိုဘဲ။ ရှင်ဥက္ကဋ္ဌရဲ့ စကားက မြေကြီးသုံးလယ်လယ်သွားသဖြင့် မြေကြီးပေါ်မှာ နေတဲ့ လူများဟာ မကြာ မကြာ သွားသွားပြီး၊ မြေကြီးရဲ့ အောက်ပါးမှာရှိနေတဲ့ ငရဲများကို ထင်ထင်ရှားရှား မြင်ရမယ်ဘဲ့။ ကဲ လူသား အဲဒီ ရှင် ဥ က္က ဋ္ဌ ရဲ့ စကားအတိုင်း မြေအောက်က ငရဲအနားသို့ မြေလယ်လို့ရောက်

သွားတော့၊ သင် လူသား မြင်ခဲ့ရဲ့လား။ ဩြော်- မမြင်ရဘူး ဆိုပါတော့။ ဒီ-လူသား၊ ဆဲဒီမြေလယ်တယ်ဆိုတဲ့စကား ကကော၊ အထက်နဲ့အောက်၊ လူတွေပါ မှောက်သွား အောင်၊ နေ၊ လ၊ နက္ခတ်တွေပျောက်သွားအောင်၊ ဂွမ်းထိုး မှောက်ခုန်ဘဲ လယ် သ လား။ ဆွဲ ငင် တဲ့ ဝါတ် မ ပြောင်း အောင်၊ ခပ်စောင်းစောင်းဘဲ လယ်သလား။ ဘယ်လိုများ ကြားဘူးသလဲ။ ဩြော်-ခပ်စောင်းစောင်းလယ်သတဲ့လား။ ကဲ-လူသား၊ မြေကြီးက လယ်သွားပါပြီတဲ့။ ငရဲဆိုတာ ကလဲ တခြားမှမဟုတ်ဘဲ ဆဲဒီမြေကြီးအထဲမှာဘဲ စွဲနေ တော့ မြေကြီးက လယ်သွားလျှင်၊ ငရဲကလဲ လယ်ပါသွား မှာပေါ့။ ရှင်ဥက္ကဋ္ဌရဲ့စကားက ငရဲတခြား မြေကြီးတခြား၊ ဆဲဒီလို အထင်မှားပြီး၊ မြေကြီးလယ်လယ်သွားတိုင်း၊ မြေ ပေါ်မှာ ရှိတဲ့ လူများကလဲ မြေကြီးရဲ့အောက်ပါးက ငရဲ ဘုံတွေကို သွားသွားပြီး ထင်ထင်ရှားရှား မြင်ရမယ်လို့ ဆဲဒီလို အဓိပ္ပါယ်ကို (လည်၍နေသော ဤကပ္ပါမြေကြီးက လဲ ရှေးလူတို့၏ ငရဲမီးကို အပြီးတိုင် ငြိမ်းသတ်လိုက်လေ ပြီ)ဆိုတဲ့ စကားဖြင့်၊ ရေး သား ရိပ် ဆွယ် လိုက် တာ ဘဲ။ တယ်လဲ ရူးရောက်တဲ့ဉာဏ်ပေါ့။ အင်း-ကမ္ဘာမြေမလယ် ဘူး။ ကမ္ဘာမြေလယ်တယ်ဆိုတာတော့ ဘယ်ဟာက မှန် တယ်လို့ ငါကေနှံ့ ကျွန်ုပ်မပြောဘူး။ ဟောလေ- လူသား၊ ကမ္ဘာမြေလယ်သွားတော့ လူတွေလဲ ပါသွားသဖြင့်၊ မြေ ကြီးရဲ့ အောက်ပါးက ငရဲသားတွေကို မြင်ရမယ်။ ဆဲဒီလို မမြင်ရလို့ ထင်ကြတဲ့ ငရဲဘုံကို မယုံဘူးဆိုတဲ့ ဆရာ

များကိုသာ၊ ယခု ကျွန်ုပ်ပြောကြားနေတာ ငရဲတခြား မြေကြီးတခြား ဆဲဒါလိုမကွဲပြားသဖြင့်၊ မြေကြီးက လယ် သွားလျှင်၊ ငရဲကလဲ လယ်ပြီးပါသွ းသောကြောင့်၊ ဘယ် နည်းအားမှ မမြင်နိုင်ဘူး။ ပေါက်တူးနဲ့ ပေါက်ပြီးတော့လဲ ဘယ်နည်းမှ ရောက်အောင် မသွားနိုင်ဘူး။ အ ကယ် လို့ မြေကို တူးခဲ့သော် ဦးဦးတွေ့ရမဲ့ သိဩ်းငရဲဟာ ကျွန်ုပ် တို့ နေဘာနဲ့ ယူဇနာပေါင်း တသောင်းနဲ့ ငါးထောင်ကွာ တယ်။ ဆဲဒီလိုဘဲ ငရဲကြီးရှစ်ထပ်ဟာ၊ ယူ ဇ နာ ပေါင်း တသောင်းနဲ့ငါးထောင်စီ ကွာကွာသွားတော့ အဝီစိသို့ ရောက်တဲ့အခါမှာ၊ ဘယ်လောက်များ ကွာသလဲလို့၊ သင် လူသားဘဲ တွက်ကြည့်ပေါ့။ ငွေရှိတဲ့အခါကျတော့ အား လစ်ချိန်ရပါလျှင်၊ ကမ္ဘာလယ်ပုံ မလယ်ပုံတို့နှင့်တကွ၊ အလုံးအပြား စသည်တို့ကို ရေးဆိုင်ဘန်ပြီး ရအုန်းမှာ ပေါ့။ ဟော တခါလာပြန်ပြီ လူသားရေ့။ ဆဲဒီစာမျက်နှာ (၁၁၈)မှာဘဲ ဘယ်လိုများရေးပြီးထားပြန်သလဲဆိုတော့-

ဘာသာရေးဆရာကြီးကို့သည် တည် ထောင် ဖန် ဆင်းခဲ့သော ဤပိဋကဇကပ္ပါလောကကြီးများသည် အလင်းရောက်လျှင် အမှောင်ပျောသကဲ့သို့ ချက် ခြင်း လက်စတိုး ကွယ်ပ်ပျောက်ဆုံးခြင်းသို့ ဒုန်း ဒိုင်း၍သွားကြလေပြီ။ ထိုငရဲနှင့် ကောင်းကင်ဘုံ နန်း၏-

တည်နေရာ ဌာနကို မည်သူမျှမသိချေ (ဝါ)သိပါသည်ဟု ဝန်ခံပြောခဲ့ဖူးသူလည်း ကမ္ဘာ့သမိုင်းစဉ်၌မထင်ခဲ့ချေ ... အစရှိတဲ့ စကားတွေပဲဟာ၊ မှားပြီး မနေပေဘူးလား။

## ဘုရား၏အမွေခေါ်ထိုက်သော၊အရေတော် သက်န်းကိုဆင်မြန်းပြီးဝတ်ရုံသော်လဲ၊ ဘုရားကို မယုံဘူးပေ!

အို……လူသား၊ အထက်ပါ နောက်စကားတို့တွင် ထိုငရဲနှင့် ကောင်းကင် ဘုံနန်း၏ တည်ရာဌာနကို မည်သူမျှမသိချေ(ဝါ)သိပါသည်ဟု ဝန်ခံပြောဆိုခဲ့ဖူးသူလည်းကမ္ဘာ့သမိုင်းစဉ်၌မထင်ခဲ့ချေ …… ဆိုတဲ့စကားကို၊

သင်လူသား ကြည့်စမ်းပါ၊ ငရဲကိုသိတဲ့သူ ငရဲရှိ ည်ဟု၊ ဝန်ခံ ဂတိပေးရဲတဲ့သူ၊ ဘယ်လူမှ မရှိဘူးတဲ့ ကမ္ဘာ့သမိုင်းစဉ်ကိုကြည့်တော့လဲ၊ ဘယ်သမိုင်းဘယ်စာ တကယ်ရှာလို့မတွေ့ပါဘူးလို့၊ သို့ကလိုဆိုထားတာ မဟုတ်လား၊ အဲတာမှတပါး၊ စာမျက်နှာ (၆၁) ရဲ့အဓိ ယ်နားမှာ၊

လူသား ကိုယ်တိုင် - ပြုလုပ် ကြုံးလွန် ခဲ့သော ကောင်းကမ်နှင့် ဆိုကမ်များကို၊ ခွေးရေပုရပိုက် (ဝါ) အွေပုရပိုက်တို့မှာ၊ ရေးကူးမှတ်သားမည့်သူ လိုပါ သေးသလော (ပ) ယမမင်း၏ ရှေ့တော် မှောက်၌ ဒူးထောက်မှုကြုံး လက်ဝံမိုးပြီးသက်သာ ခွင့်ရလိုရငြားမျှောက်ထား နေစရာများကော လို ပါသေးသလော .... လို့၊

သို့ကလို ရေးပြီးထားပြန်တယ်၊ သင်လူသား ကြည့် စမ်းပါ၊ ဒီမှာလေလူသား၊ ဆဲဒီ အဆိုပါ စကားတွေဟာ ဘုရားကိုမယုံလို့၊ ဘုရားကိုမလေးစားလို့၊ ရေးသား ပြောဆိုပြီးထားတဲ့စကားတွေဘဲ အိုလူသား၊ ဆဲဒီသူများ ဟာ၊ လူညံ့စားတွေမဟုတ်ဘူး၊ သုတ်ဝိနည်း အဘိဓမ္မာ တို့မှာသိတာချည်းရှိမှာဘဲ၊ ဆဲဒီလိုသိပါလျက်၊ တဖက်က လေသံချော်ပြီး၊ ရွေညာကာ် ဗူးရောက်တိုင်း၊ ချူးနောက် နောက်လုပ်တယ်လို့ ဘွဲ့နိုပ်တော့ထင်နေပြီ၊ ဒီမှာလေလူ သား၊ နတ်ရှိတယ် ပြဟ္မာရှိတယ်ဆိုတဲ့ စကားကို မြတ်စွာ ကိုယ်တော်တိုင် ဟောကြားလို့၊ ဓမ္မစက္ကပဝတ္တနသုတ်ကို ထုတ်ပြီး၊ ရှင်ဝါသဝရေးတဲ့(ဓမ္မစက်ဆိုဒါဘာလဲ)လို့ အ မည်ပေးတဲ့စာအုပ်၊ စာမျက်နှာ(၄)မှာတောင် (အထာဟံ ဘိက္ခဝေသဒေဝကေ လောကေသမါရကေသဗြဟ္မကေ)စ သည့်ဖြင့် ရေးထားသေးတယ်၊ အခိုပ္ပါယ် သွားကတော့

(ရဟန်းတို့ထိုအခါ၌ငါဘုရားသည်နတ်နှင့်တကွ မာရ်မင်းနှင့် တကွ ဗြဟ္မာနှင့် တကွသော လောက၌) လို့ဆဲဒီလိုဆိုထားတယ်၊ ကဲတာဖြင့်လူသားရယ်-တကယ်သာနတ်တွေဗြဟ္မာတွေမရှိဘူးလို့၊ ရှင်ဝါသဝတို့သိလျှင်၊ ရှင်ဝါသဝ၏စာအုပ်ထဲမှာ၊ ဘာဖြစ်လို့၊ နတ်တို့ဗြဟ္မာတို့ကို ရေးထိုထားသလဲ အဲဒါမှတပါး၊ နတ်တွေနှင့်တကွ၊ နတ်ဘုံတွေရှိတယ်ဆိုတဲ့စကား၊ ဗြဟ္မာတွေနှင့်တကွ၊ဗြဟ္မာဘုံတယ်တွေရှိတယ်ဆိုတဲ့စကားတွေကို၊ငါတို့မြတ်စွာဘုရားဟောကြားတော်မူထားတာတွေဟာ၊ များစွာဘဲ ရှိသေးတယ် ဒီမယ်လေလူသား၊အဲဒါကိုထားလိုက်အုံး ရှင်ဥက္ကမှ တို့၏ ငရဲရှိတာကို၊ မည်သူမျှမသိဘူးဆိုတဲ့စကား ငရဲရှိကြောင်းကို၊ ရှေးဟောင်းသမိုင်းစဉ်၌ မမြင်မတွေ့မိပါဘူးဆိုတဲ့ စကား၊ ငရဲထိမ်းတွေက ဆွဲသွားလို့၊ ငရဲသို့ရောက်တဲ့အခါ လျှောက်စရာ ယမမင်းရယ်လို့၊ အရှင်းကိုမရှိဘူးဟူသောအဓိပ္ပါယ်သွားတို့ဖြင့်၊ ခွေးရေပုရပိုက်တဲ့၊ နွားပုရပိုက်တဲ့ မပါတာတွေနဲ့ ချဲ့လိုက်ပြီး၊ အရှဲ့တိုက်ပြောတဲ့စကားတို့ကို ဝေဘန်ကြဦးစို့ရဲ့ လူသား။ ဒီမှာလေ--လူသား၊ ငါတို့ မြတ် စွာ ဘု ရား က (တမေနံ ဘိက္ခဝေ နိရယပါလာ၊ နာနာဗါဟာ ဂ ဟေ တွာ၊ ယမဿရညောဒဿန္တိ(ပ)တမေနံ ဘိက္ခဝေ ယမောရာဇာ ပဌမံဒေဝဒူတံသမနုယုဉ္ဇတိ) အစရှိသည်ဖြင့် သုတ္တန်ပိဋကဥပရိပဏ္ဏာသသုညတဝဂ်ဒေဝဒူတသုတ်စာအုပ် မျက်နှာ(၂၁၇)မှာ ဟောပြတော်မူထားပါတယ်၊ အဓိပ္ပါယ်က

တော့ဒီလိုတဲ့လူသားရဲ့(ရဟန်းတို့၊ အလွန်ပင်ကြမ်းတမ်းတဲ့ ငရဲစခန်းက၊ ငရဲထိန်းတို့ဟာ၊ လူ့ပြည်သို့လာပြီး ရဟန်းသံဃာတို့ကိုအစဘားလို့၊ မိဖဆရာသမားတို့အား ပစ်မှားသူ၊ သူ့အသက်ကို သတ်တဲ့သူ၊ သူ့ဥစ္စာကိုခိုးတဲ့သူ၊ သူ့သားမယားကို ပစ်မှား သွားလာတဲ့သူ သေရည်သေရက် သောက်စားတဲ့သူ၊ တိုဘိုဘဲပြောကြားပရစေတော့ပုသားရယ်၊ ကံမြောက်သော အင်္ဂါများဖြင့်၊ ဒုစရိုက်ဆယ်ပါးကို၊ ကျော်သွားကြူးလွန်တဲ့သူ၊ ထိုဆိုအပ်ခဲ့ပြီးတဲ့ပုဂ္ဂိုလ်တို့ ဖြူဖြူ ဖွေးဖွေး သေးသေး သွယ်သွယ်နဲ့ အင်မတန်ချစ်စဖွယ်ကောင်းတဲ့လက် ဟုတ်တုတ် မဲမဲနဲ့၊ ပွေးခဲ့နှာနဲ့ပြီး၊ အလွန်ဘဲရွံစဖွယ်ကောင်းသော လက်ဘို့၌၊ ဘယ်လက်ကိုမှမချစ်မက် ဘယ်လက်ကိုမှ မငဲ့ကွက်ဘဲ ရက်ရက် စက်စက် ကြမ်းကြမ်း ကြုတ်ကြုတ်ဖြင့်၊ ဖမ်းချုပ်ဆွဲငင်၍၊ ငရဲဘုရင် ယမမင်းအား၊ ပြသွင်းအပ်နှံကြကုန်၏တဲ့ ရဟန်းတို့၊ အဲဒီလိုအပ်နှံကြတော့၊ ရှေးဦးအစ ပဌမမှာ၊ ဒေဝဒူတအမည်ခံတဲ့ ငရဲမင်းရဲ့ စေတမာန်ကို ဝေဘန် စစ်ဆေးပြီး ငရဲ၌ ခံရမယ့်၊ ထိုသူတို့ရဲ့ အကြောင်း မကောင်းတဲ့အမှုကံတို့ကိုလဲ၊ တခုမကျန် ယမမင်းက ကျင်းလင်းအောင် မေးကုန်၏တဲ့ ကဲအကုရေးနေတော့ အလွန့်ကိုရှေ့ဝေးပြီး၊ မေးတာနဲ့ဖြေထာနဲ့၊ အတော်ကြီးကြာ သဖြင့်၊ လိုရာသို့မရောက်ဘဲ ဖြစ်လိမ့်မယ် အဲဒီလို စစ်မေးပြီး၊ အဖြစ် ပေးထိုက် သူကို၊ ပေး လိုက်တယ်ဆိုပါတော့လူသားရာ၊ ; အဲတာဘုရားဟော အစစ်ပဲ၊

ဆဲဒီတော့ ငရဲမရှိဘူး၊ ယမမင်းထံတွင်၊ အစစ်ခံရတယ် ဆိုတာမဟုတ်ဘူးဟူသောအဓိပ္ပါယ်သွားတို့ဖြင့် ရှင်ဥတ္တမ တို့ရေးသားတဲ့၊ပျက်ချော်ချော် ကလေး စကားတို့ကြောင့် သေးမွှား သိမ်ဖျင်း အရှိန်ကင်းပြီး၊ သတင်းကြီးပေမဲ့ အ နုံအပုတ်တွေဟာလို့၊ ဂုဏ်လုတ်ပြီးမသွားကြပေဘူးလား အို ....လူသား လူ့နယ်ကအမှုသယ်များကို၊ငရဲသားဆိုတဲ့ ပုလိပ်ဆိုးတို့က၊ ထိပ်ကြိုးနှောင်ကွင်း၊ သံချေကြင်းတို့ ဖြင့်၊ တင်းတင်းခိုင်ခိုင်၊ မပြေးနိုင်အောင်၊ ဆွဲကိုင်စောင့် ထိမ်းပြီးနေကြတဲ့အလား၊ မတရားတဲ့ ဒုစရိုက်တို့ကို၊ ပြု မိကြတဲ့ မကောင်းကံတို့က၊ အကြောင်းဖန်သလို အကျိုး ဖြစ်ပြီး၊ ဆိုးပြစ်ကြောင့်ဆွဲမို့သဖြင့်၊ ငရဲသို့ရောက်သွား တော့၊ ရဲသားတည်းဟူသော ငရဲပုလိပ်တို့ကလဲ၊ အသဲ ထိတ်ဘို့တကြိမ်းကြိမ်းနဲ့၊ ထိမ်းသိမ်းကာ စောင့်ကြပ်ပြီး မပြတ်အောင်ရှိနေသတဲ့၊ ဒီမှာလေလူသား၊ ဆဲဒီကွန့်ပ် ပြောခဲ့တဲ့စကားကို၊ ထင်ရှားစေခြင်းအလို့ငှါ၊ မူလပဏ္ဏာ သအဋ္ဌကထာဆရာက (ယထာပိမနုဿလောကေကမ္မက ရဏကာရကာအတ္ထိ ဧဝ မေဝ နိရယေနိရယပါလာအတ္ထိ) လို့ သို့ကလိုရေးပြတယ်၊အဓိပ္ပါယ်ကတော့၊ကွန့်ပ်ပြောပြ ပြီးခဲ့တဲ့အတိုင်းပေါ့၊ဩော် ယမမင်းဆိုတာဘာလဲ၊ဘယ် ကဲ့သို့ စည်းစိမ်ကို၊ ဘယ်လိုခံစားရပါသလဲလို့၊ များများ ကြီးမဝေခဲ့တောင်၊ခပ်နဲနဲသိချင်တယ်ဆိုပါတော့၊အင်း ..... ဒီလိုလူသားရဲ့၊ယမမင်းဆိုတဲ့စကားဟာဝေမာနိကပြိတ္တာ တို့၏၊ ထိတ်စရာကြောက်စရာ၊ တောက်ပြောင်ပြီး တန်းခိုး

ကြွတဲ့၊ အမိုးရသခင်၊ ပြိတ္တာတွေရဲ့ဘုရင်ဘဲ၊ ဘယ်ကဲ့သို့စည်းစိမ်များကို၊ ဘယ်လိုများခံစားရပါသလဲ ဆိုလျှင် ဟို ခင်ကပြုခဲ့တဲ့၊ သူ့ရဲ့ကံအားလျော်စွာ၊ တခါတခါတော့လဲ၊ နတ်ပြည်ရဲ့ဗိမာန်မှာ နတ်စည်းစိမ် နတ်ချမ်းသာတို့ကို၊ကောင်းမွန်စွာ ခံစားပြီး၊ သာသာ နားနား နေသတဲ့ တခါတလေကျပြန့်တော့လဲ၊နတ်ဗိမာန်က ဆင်းလာပြီး ပြိတ္တာနှင့် ငရဲသားတို့ကို တရားနှင့်ညီစွာ၊ ဒီအမှုဟာက တော့ဘယ်ငရဲသွား၊ဒီအမှုများကတော့ဘယ်ငရဲကျစေလို့ အဲဒါလိုစီရင်ပြီး ငရဲရွာပြည်နှင့်ဒွ ရှင်ဘုရင်လုပ်နေရသတဲ့၊အဲဒီအကြောင်း ကော်ကောင်းကြီးသူပြမယ်လို့၊မူလပဏ္ဏာသ အဋ္ဌကထာဆရာက (ယမရာဇာနာမဝေမာနိကပေတရာဇာ ကောသိုကာလေ ဒိဗ္ဗဝိမာနေ ဒိဗ္ဗကပ္ပရုက္ခဒိဗ္ဗဥယျာနဒိဗ္ဗနာဋကာဒိသဗ္ဗသမ္ပတ္တိ အနုဘဝတိ၊ ဧကသ္မိံကာလေ ကမ္မဝိပါကံ အနုဘောတိ )လို့-သိုကလို ရေးပြတယ်၊ အဓိပ္ပါယ်ကိုတော့၊ ကွန့်စ်ပြောဆိုခဲ့သလိုမှတ်ပေါ့၊ ပြီးတော့လဲ ငရဲမင်းကစာရေးသူတဲ့စကား နတ်မင်းကြီးလေးပါးကိုကစားရင်းသူတဲ့စကား၊ကောင်းမှုမကောင်းမှုရှင်တို့ကိုစာရင်းတွင်မှတ်သားတယ်ဆိုတဲ့ ဘုရားဟောစကား၊ အဋ္ဌကထာပြောစကားတွေဟာများစွာဘဲ ရှိသေးတယ်ဒီမှာ၊လေလူသား အဲဒီလူသေလူဖြစ်ဆရာများဟာ ဘုရားရဲ့အရေဘော်ကိုဝတ်ရုံပြီး၊ အဖဖြစ်တဲ့ဘုရားရဲ့ တရားကိုလဲမယုံ ဒေသနာတော်တွေဖြစ်ကြတဲ့အဋ္ဌကထာဋီကာ ဆရာတို့ရဲ့စကားတွေကိုလဲမယုံတော့ဘူးနှင့်ကြွဲခဲ့တဲ့ဗိုက

လေးတခု ပြောချင်တယ်၊ ဘယ်လိုလဲဆိုတော့၊ အဲဒီအထက် အညာမှာ၊ ပွင့်ဖြူမြို့က ပိုင်တာပါဘဲ၊ လက်ပံနွယ်ရွာတို့၊ ကျောင်းဗုရွာတို့၊ မင်းရွာတို့၊ ရောက်တောဥယျာဉ်ချစ်ရွာတို့ဆိုတာတွေ ရှိကြတယ်၊ အဲဒီရွာတို့တွင်၊ ကျွန်ုပ်ရဲ့ဖခင်၊ ကျေးဇူးရှင်ဦးသာကူး၏၊ ကြီးမွေး အုပ်စိုးခဲ့ရာ လက်ပံနွယ်ဆိုတဲ့ရွာသို့၊ ကျွန်ုပ်ရဲ့ဆွေမျိုးညာတကာတွေလဲရှိတာနဲ့ ကျွန်ုပ်ငယ်စဉ်အခါက မကြာ မကြာ သွားလယ်တယ်၊ တနေ့တော့ လူသားရယ်၊ အဲဒီရွာမယ်လေ-မြွေအလံပယ်ရောက်လာလို့ သူ့နောက်က ပါလာတဲ့ဆရာရဲ့တပည့်ထူးတွေပေါ့၊ ခပ်ရှုးရှုး ပလုံးပထွေးနဲ့ မောင်ဆေးနှင့်မောင်ရေးဆိုကိုး။ သူ တို့ ကို လူ တွေ က ဝိုင်းမေးပြီး၊ အေးဗျ-ဟောဗျနဲ့ ပြောဆိုရယ်မောပြီး နေကြတယ်။ ကျွန်ုပ်ကလဲ ကလေးတော့ အဲဒီအနားပြေးပြီး၊ဘာတွေကို မေးကြပါလိမ့်မလဲလို့ တွေးရင်းဘဲ နားထောင်နေတယ်၊ အဲဒီလို နားထောင်နေတုန်း၊ ဦး ဘိုး သောင် ဆို တဲ့ လူကြီးက သူများမေးလို့မပြီးခင်၊ဘေးကဝင် ကြားဖေါက်ပြီး၊ သူတို့နှစ်ယောက်ကို မေးလိုက်တယ်၊ ဘယ်လို မေးသလဲဆိုတော့ မင်းတို့နှစ်ယောက်ကို ဘယ်သူက မွေးသလဲတဲ့။ အဲဒီလို မေးလိုက်တော့ ယောကျ်ားကလေးတွေဆိုတာ အမေက မွေးတာပေါ့တဲ့။ ဒါနဲ့ ဦးဘိုးသောင်က ဟာ-မင်းတို့ကို မွေးတဲ့ အမေမရှိကြဘူးလားလို့ သနားတဲ့စိတ်ဓါတ်နဲ့ နောက်ထပ်ပြီး မေးတယ်။ အဲဒီလို မေးတော့ မောင်ဆေးဆိုသူက အို-ခင်ဗျားကြီးကလဲ မိန်းမမှ အမေ

က မွေးတာဗျ။ ယောက်ျားဆိုတာ အဖေက မွေးတာဘဲတဲ့။ ဆဲဒီလိုပြောတယ်၊ ဆဲဒီလိုပြောတော့ ဝေါကန့် ရယ်ကြပြန်တာပေါ့၊ နောက်ထပ်ပြီးတော့ တခါ၊ ဂါဂွာ-ယောက်ျားကလေးတွေမို့ အဖေက မွေးတယ်ဆိုတာကို သိပါပြီ။ ဆဲဒီ မင်းတို့အဖေက မွေးတော့ ဘယ်ကနေပြီး မွေးသလဲလို့ ဆဲဒီလို မေးပြန်တယ်။ ဆဲဒီလို တဖန်မေးတော့ ခင်ဗျား ကြီးဟာ တယ်ပြီး အမေး အစမ်း ထူပါကလားတဲ့။ ယောက်ျားက မွေးလျှင် ဖင်က မွေးတာပေါ့တဲ့၊ ဖင်က ဖွားတာပေါ့တဲ့။ အဲဒါကြောင့် ဘဂ်ဘွား-ဘဂ်ဘွားဆိုတာ ခင်ဗျား ကြားဘဲမကြားဘူးဘူးလား၊ လို့ ပြောသဖြင့်၊ ဝေါကန့်-ဝေါကန့်နဲ့ တသောသောရယ်ကြပြန်ရာ၊ မြွေအလံပယ်ကြီးက ထလာပြီး၊ အုံ-ဆရာတို့ ဒီကလေးနှစ်ယောက်ဟာ အလွန်ဘဲ ကံညံ့ကြပါတယ်တဲ့။ သူတို့ရဲ့ အမေအဖေတွေက အခုမတန် ဆင်းရဲလှသဖြင့်၊ မွေးခါစကဘဲ သူတို့မိဘက နဲ့ပြီး၊ ကျွန်တော်ရဲ့ လက်ထဲကို ပေးထားကြလို့ ကျွန်တော်ကပင် ကြွေးမွေးသုတ်သင်ပြီး လာရပါတယ်တဲ့။ နောက်ကျတော့လဲ သူတို့မိဘတွေ သေဆုံးတုန်လို့ လုံးလုံးလျားလျား၊ ကျွန်တော်ကဘဲ မွေးစားထားပါတယ်တဲ့။ မိဘနှစ်ပါး ဆိုလျှင်၊ အရှင်း ကို မမြင်ဘူး သလောက်ပါဘဲတဲ့။ ကျွန်တော်ကလဲ လူပျိုကြီးဆိုတော့ သူတို့ကိုပင် သားရင်းတွေလို ထင်ပြီး၊ ချစ်ခင်သနားလှတဲ့ အတိုင်း ခွဲမရ ခွါမရ၊ သင်းတို့တွေ ဝစေတော့လို့ မျက်ထွည့်ပြကွေး မြွေအလံပယ် ပြကွေးနဲ့ ဒီလိုဘဲမွေးခဲ့ရပါ

တယ်တဲ့။ သူ့ဘို့အဖြေကို သိချင်လို့ ဘယ်သူပင် မေးမေး၊ ကျွန်တော်က မွေးတာဘဲ။ကျွန်တော်က မွေးတာဘဲနဲ့ ဒီလို ချည်း အဖြေပေးတာဘဲ။ အဲဒီလိုအဖြေပေးလေ။ကျွန်တော် လဲ ဆွေးခဲလပေါ့။ အေးကွ မင်းတို့ကို ဘယ်သူကမှ မမွေး ဘူး။ ငါကဘဲ မွေးတာဘဲလို့ အဲဒီလို ပြောရတယ်။သူတို့ ကလဲ သဘောကျသကိုး။ တလောကဆိုလျှင် သူတို့မိခင် ရဲ့ အခအရင်းက မင်းတို့အမေ သေတာ ကြာလှပြီတဲ့။ငါ့ ညီမအရင်းဘဲတဲ့။ မင်းတို့နှစ်ယောက်ဟာ များစွာဘဲ ဆင်း ရဲတယ်တဲ့။ ငါ့နောက်ကို လိုက်ခဲ့ကြတဲ့။ လှလှဝတ်ရမယ်။ ဝဝစားရမယ်။မြွေအလံပယ်ဆရာကြီးနဲ့နေရတာ မင်းတို့ မှာ အင်မတန်ဒူကွရောက်တယ်တဲ့။ တကယ် ကျ တော့ မြွေအလံပယ်ဆရာကြီးက မင်းတို့နဲ့ ဘာမှ မတော်ဘူး တဲ့။ အဲဒီလို ချော့ပြီးခေါ်တယ်။အဲဒီလို ချော့ချော့ခေါ်တော့ ဟာ-အဒေါ်ကြီးနှယ်၊ မြွေအလံပယ်ဆရာကြီးက ကျွန် တော်တို့ အမေဗျတဲ့။ ခင်ဗျားပြောတဲ့အမေက တခါမှ လဲ မမြင်ရဘူးတဲ့။ ခင်ဗျား ရူး လာ ပြီ ထင် တယ်။ ဟင့်အင်- ဟင့်အင် မလိုက်ချင်ဘူး။ မမြင်ရတဲ့ မိခင်ရဲ့ ညီမကိုလဲ ကျွန်တော်တို့က မချစ်ချင်ဘူး။ ခင်ဗျား ဘာမှမသိ။ မိန်းမ က ယောကျ်ားကို မွေးဖွားရိုး ထုံးစံမရှိ။ မိန်းမဟာ မိန်းမ ကိုသာ မွေး ဖွား ရိုး ထုံး စံ ရှိ တယ်။ ယောကျ်ားကမှ ယောကျ်ားကို မွေး ဖွား ရိုး ထုံး စံ ရှိ တယ်။ ဘင်ဘွား- ဘင်ဘွားဆိုတဲ့စကားကို ခင်ဗျား ဘာမှ မ သိ ဘူး တဲ့။ လူးရောဗျာ ရူးသာရူးတယ်။ ကျွန်တော်ပြောဘူးတဲ့စကား

ကို အမြဲအငှဲမှတ်ထားပြီး၊ သွား- သွား- သွား- ခင်ဗျား ဟွန်တော်ကို အိမ်ဝိုင်းထဲတောင် မဝင်နဲ့တဲ့။ မမြင်ဘူးတဲ့ မိခင်ကိုလဲ မကြည့်ချင်ဘူး၊ မမြင်ဘူးတဲ့ မိခင်ရဲ့ ညီမကိုလဲ မကြည့်ချင်ဘူးနဲ့ ဘူးဘူးခါးခါး နှင်ပြစ်တယ်တဲ့။ ဒီမယ် လေ-လူသား၊ အဲဒီ မြေအလံပယ်ဆရာ၊ မျက်လှည့်ဆရာ ကြီးမှူးစားတဲ့ မောင်ဆေးဆိုတဲ့ ရူးတူးတူးသားနဲ့ မောင် ရေးဆိုတဲ့ ရူးဘူးဘူးသားလို အလံပယ်ဆရာ၊ မျက်လှည့် ဆရာတည်းဟူသော ၀တာလင်တို့၊ လီနှင်တို့ ကို သာ မြင်သဖြင့် ဆရာရင်း တော်ထားသော်လဲ အဲဒီလူသေလူဖြစ် ဆရာများဟာ ဘုရားကို မမြင်ဘူးသဖြင့်၊ မြတ်စွာဘုရား ဟောကြားသနားခဲ့တဲ့ တရားကိုလဲ မမြင်ဘူးပေါ့။ (ဝါ)မယုံ ဘူးပေါ့။ မောင်ဆေးတို့ရဲ့ ဒွေးတော်ရဲ့အလား၊ နောင် တော်ကြီးတွေဖြစ်တဲ့ အဋ္ဌကထာဋီကာဆရာတို့ရဲ့ စကား များကိုလဲ နှံနှံပါးပါးမှ မယုံတော့ဘူးပေါ့။ ဒါဖြင့်-လူသား ရေ-အဲဒီ လူ သေ လူ ဖြစ် ဆရာများကိုလေ-မောင် ဆေး နဲ့ မောင်ရေးလို့သာ အမည်ပေးထားလိုက်ပေတော့-

## ဒီဘ၀ လူသေပြီး မြေကြီးတွင် ရုပ်ကောင် မြုပ်သော်လဲ

## လူ့ဘ၀ မပြတ်ပြန်ဘူးတဲ့

အေ့ ....လူသား ဒွေးချိုးဆိုတဲ့ တေးသွားကို ရေးသား ပြီး အနှစ်တွေနဲ့ အတွေးမှားသလိုမှ မသေဘဲ လူသေ သော်-လူပြန်ဖြစ်တယ်လို့ နောက် တ သစ် ဆို ထား ထာကို

သင် လူသား တွေ့ခဲ့ပြီမဟုတ်လား။ အို လူသား၊ အဲဒီလူသေ
လူဖြစ်ဆရာများဟာ၊ အနာဂါတ်ကာလ (ဝါ) ယခု ဘဝမှ
နောင်ဘဝမရှိဘူးလို့ ဦးဦးက ဆိုထားပြီး၊ လူ သေ တော့
တဖန် လူပြန်ပြီးဖြစ်တယ်လို့နောက်တထစ်ရေးသားတော့
မှားနေးချ ဝစ်သီစ္စနိဆယ်လုံးပေါက် မှားပေါ့ လူသားရဲ့။
ဘယ့်နှယ် လူသားရယ်၊ ရှေ့စကားက အနာဂါတ်ကာလ
ဆိုတဲ့နောင်ဘဝ(ဝါ) နောင်ဘဝမရှိဘူးတဲ့ နောက်စကား
ကြပြန်တော့၊ နောင်ဘဝမှာတဖန်၊ လူပြန်ပြီးဖြစ်တယ်တဲ့
အဲဒီပြန်ဆိုတဲ့စကားနဲ့၊ တဖန်ဆိုတဲ့ စကားဟာ(ဝါ) ပြန်
တို့တဖန်တို့ဟာ၊ အရင်းသို့ဘဲပြန်ပြန် အများအဆုံးကိုဘဲ
ပြန်ပြန်၊အနာဂတ်ကာလကိုရည်သံပြီး၊စားရန်သောက်ရန်
ရောက်ရန်လုတ်ရန်စသည်တို့၌ ဝေဘန်ပြောဆိုတဲ့ စကား
တွေဘဲ၊ အို လူသား အဲဒီပြန်တို့တဖန်တို့ဆိုတဲ့စကား
များကို၊ သင်လူသားထပ်ထပ်ပြီး၊ ပတ်ပတ် နှပ်နှပ်စဉ်း
စားစမ်း၊ ဟို ရှေ့နားက (တကယ်ပင်လူပြန်ဖြစ်တယ်
ကွယ်)ဆိုတဲ့၊ သူတို့ရဲ့စကားအတိုင်း၊ ဒီလူကောင် သေ
သွားတော့၊ ဒီလူကောင်ကဘဲ တဖန် နောက်ဘဝမှာ ပြန်
ပြီး၊ လူကြော်နံ့ဖြစ်သလား၊ ဩော် ... ဒီလူကောင်ကတော့
နောင်ဘဝကူးမဖြစ်တာကို၊ အသူးစစ်နေစရာ မလိုပါဘူး
တွင်းတူးပြီးမြေမှာမြုတ်ကတဲက လူဘဝပြုတ်လို့မို့၊ သိုး
ပုတ်ကျေမွ၊ အသားတွေကြွေကျလျက်၊ မြေဘဝမှာအဆုံး
သတ်သဖြင့်၊ နောက်တထပ်လူမဖြစ်တာကို၊ ဘယ်သူ့ကို
ဘဲစစ်စစ် ဘယ်သူ့ကိုဘဲမေးမေး၊ ကလေးကတော့ သိ

တယ်ဆိုပါတော့၊ အေး ဟုတ်တာပေါ့ လူသားရဲ့၊ ကဲ
တ ဖြစ် လူသေလူဖြစ်ဆရာတို့ ရေးထားတဲ့ အထက်ဖော်
ပြ ါ ခွဲချိုး အ ိ ါ ် သွ း နှ ် တကွ၊ စာမျက်နှာနံပါတ်
(၃၅၆ ၃၆၇) ရေး ထားတဲ့၊

သဝိညာဏက သက်ရှိပစ္စည်းနှင့် အဝိညာဏက
သက်မဲ့ပစ္စည်းနှစ်ရပ်လုံးတို့သည်ဤကမ္ဘာမြေကြီး
၏သယံဇာတ ထွက်ကုန်များဖြစ်ကြကုန်၏ ၎င်းတို့
တွင် ရွှေဟူသောသက်မဲ့ပစ္စည်းသည် အဝိညာဏ
ကဖြစ်သောကမ္ဘာ၏ထုတ်ကုန်တို့အနက်အမြင့်မြတ်
ဆုံး(ဝါ) အထွတ်အထိပ်အကျဆုံး ရုပ်ပစ္စည်းတခု
ဖြစ်သည် ၎င်းသည်ပုံပန်းသဏ္ဌာန်အသွင် အမျိုး
မျိုးပြောင်းလဲနိုင်၍ အထွေထွေသော အရောင် အ
သွေး ရှိနိုင်စေကာမူ ရွှေအဖြစ်၌ကား ခိုင်မြဲ
ခန့်ခန့်ချပ်တည်နိုင် အမြဲတိနေပေမည်၊ ရွှေသည်မိခင်
ရင်းဖြစ်သော မြေကြီးနှင့်တသားတည်းဖြစ်အောင်
အသက်ရှင်ရာအခါ၌မှ ပြန်ပေါင်း ယှပ်လိမ့်မည် မ
ဟုတ်ချေ၊ အဓိပ္ပါယ်ကား ရွှေသည် မြေကြီး အ
ဖြစ်သို့ ရှုချ ကန်ပြန်၍ မပြောင်နိုင်ဟု ဆိုလိုသည်။
ထို့နည်းအတူပင် လူသားသည်လည်းသက်ရှိ

သဝိညာဏက လောကတွင်အမြင့်မြတ်ဆုံး အခြေအနေသို့ရောက်ရှိနေသောသတ္တဝါမျိုးဖြစ်၏ ထိုသို့သော အခြေ အနေသို့ရောက်ယှဉ်နေပြီး ဖြစ်သော သတ္တဝါသည် အနိမ့်မ ဓါတ်အဖြစ်သို့ ရောက်၍နေသော ရွှံ့ကဲ့သို့ပင်အသွင် သဏ္ဍာန်ကြွန်အင် လက္ခဏာနှင့် အရောင် အဝါ အသွေးအဆင်း ပြောင်းလဲလာခြင်း ကိုသာလျှင် လက်ခံရ ပေလိမ့်မည်။

ဟူသောစကား၊ ထိုမှတပါး စာမျက်နှာ(၃၄၈) (၃၄၉) ထို၌ရေးသားပြီးထားသော။

ရွှံသည် အထွင်း အပဖြစ်သော သင်္ခါရ မှုများကြောင့် အနိမ့်မဓါတ်အဖြစ်သို့ ရောက်ပြီးသည်၏နောက်၌ အခြားအခြားသော ဓါတ်ကြီးများအဖြစ်သို့ ကူးပြောင်း၍သွားချန် ထုံးတမ်းစဥ်လာ ဓမ္မတာကို မသိသကဲ့သို့ပင် သဝိညာဏက သက်ယှိလောကဆိုင်ရာ၌ အမျိုးမျိုးအဖုံဖုံ ဖုံ၍နေသော အတွင်းအပ သင်္ခါရမှုတို့ကြောင့်၊ အထွတ်အာထိပ်အခြေအနေသို့ ရောက်ပြီးဖြစ်၍နေသော လူသားသည်လည်း လူမှတပါးအခြားသော သတ္တဝါတို့၏ဘဝသို့ ကူးပြောင်း၍ဖြစ်သွားမှု အစဉ်အသာ

ကို ထုခွဲချေဖျက်လိုက်သေပြီ (ပ) ထို့ကြောင့်
လူသားသည် သေပြီးနောက်၌ ဆက်လက်၍ဖြစ်ရ
ဦးမည်ဆိုလျှင် လူမှတပါးအခြားသော သတ္တဝါ
အဖြစ်သို့မရောက်နိုင် .... ဟူသော အချက်လည်း
ပြုပြီးသီးသေဖြစ်လေတော့၏။ ထို့ကြောင့် လူ
သားသည် သေသွားပြီးသည်၏ နောက်ကာလ၌
လူသားစစ်စစ် တကယ်အမှန်ဖြစ်ရမည် ဟူသော
အချက်ကိုမည်သူ၏ ဖျက်နိုင်မည်သူ၏ဒေသနာကို
မှီငြမ်းကွက်ပဲ ရက်ချက်စက်စက် သံမှုမယ်နှက်
သလို သေးနက်ကြွနိုင် လှုပ်ယိုမရှိကြီးစွာသော
သမာဒိဖြင့် ထိ မိ ကိ ဖြ မှတ်ငဲ့ပိုက်ကြူး နှစ်လုံးမှု
ကြကုန်ဂှသတည်း။

ဟူသော စကားတွေဟာ အားလုံးဘုံမှားနေတာပေါ့ ဒီလူသား-သူ့ကိုမှဲ့စကား စာလုံးတွေအလွန်များပေမဲ့ အာနှစ်အသားကိုစစ်လိုက်တော့ ရွှေဟာ မြေမဖြစ်ပဲ၊ ရွှေသာလျှင်မြန်ဖြစ်သကဲ့သို့ ထို့အတူလူဟာလဲ၊ သေသွားတဲ့အခါကျတော့ တခြားဘာမှမဖြစ်ပဲ လူဘဲပြန်ဖြစ်တယ်ဆိုတဲ့အဓိပ္ပါယ်သွားတာ၊ သုတ္တရေးတဲ့ စကားအားလုံးကို-ကုံအောင် ခုံတဲ့အနှစ်အသားဘဲ၊ အဲဒီတော့သုတ္တရေးသားသားတဲ့ စကားတွေများသလောက်၊ အကုန်လုံး

ရောက်ပြီး၊ အဆုံးရောက်အောင်အဖြေမပေးဘူး၊ လိုရင်းကလေးတွေကောက်ကောက်ပြီး၊ သင့်သမလောက်သင့်သလောက်သာအဖြေပေးမယ်၊ ဒီမယ်လေလူသား“သဝိညာဏက သက်ရှိပစ္စည်းနှင့် အဝိညာဏက သက်မဲ့ပစ္စည်းနှစ်ရပ်လုံးတို့သည် ဤကမ္ဘာမြေကြီး၏ သယံဇာတထွက်ကုန်များဖြစ်ကြကုန်၏, ဆိုတဲ့စကားတို့တွင် သယံဇာတဆိုတဲ့စကားကို သင်လူသားမြင်တယ်နော်၊ ဩော် ..... မြင်တယ်အဲတာလိုမြင်လျှင်၊ သယံဇာတဆိုတဲ့စကားဟာ၊ ဘာကိုဆိုတယ်လို့ထင်သလဲ၊ ကဲ သင်လူသားနားစေကျွန်ုပ်ကပဲပြောလိုက်မယ်၊ သယံဆိုတဲ့ ပါဠိကမိမိအလိုလိုကိုယ်တိုင်ဆိုတဲ့ အဓိပ္ပါယ်ကိုဟောတယ် ‘ဇာတ’ ဆိုတဲ့ ပါဠိက၊ ဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ကိုဟောတယ်၊ သယံနဲ့ဇာတ နှစ်ခုရောလိုက်တော့၊ ဘယ်သူမှပြုပြင်ခြင်းမရှိဘဲ မိမိအလိုလိုကိုယ်တိုင် ဖြစ်လာတယ်လို့အဲဒီလိုပြောတာဘဲ၊ ကဲတာဖြင့်လူသား-သူတို့ရဲ့စကားဟာ၊ အသက်ရှိတဲ့သဝိညာဏက၊ လူခွေးနွားအစရှိသောသတ္တဝါပစ္စည်းနဲ့၊ အသက်မရှိသောအဝိညာဏကရွှေငွေခဲအစရှိသောလူတို့၏ အသုံးအဆောင်ဝတ္ထုပစ္စည်းတို့ဟာ၊ ကမ္ဘာမြေကြီးမှ၊ ဘယ်သူမှမပြုပြင်ရဘဲမိမိတို့အလိုလိုကိုယ်တိုင် ဖြစ်ပေါ်ပြီးလာကြတဲ့ ကမ္ဘာမြေကြီးရဲ့ထွက်ကုန်ပစ္စည်းတွေဘဲလို့၊ အဲဒီ လိုဆိုပြီးထားကြတာဘဲမဟုတ်လား၊ ကဲလူသား—အဲတာတွေ ထင်ရှားအောင်၊စကားကဘေးနှစ်ခွန်းလောက်ထုတ်ပြီး ကျွန်ုပ်

က သင့်ကိုမေးမယ်၊ ဒီမယ်လေ လူသား- သင့်ရှေ့မှာ ချ
ထားတဲ့ အင်္ဂယ အခေါ်အားဖြင့်နာ၊ သင်တို့ရဲ့အခေါ်
အားဖြင့်ခဲ၊ အဲဒါဘာဘယ်ကဖြစ်လာသလဲ၊ အဲ.....ဟုတ်
တာပေါ့လူသားရဲ့၊ အဲဒီ အသက်မရှိတဲ့ အဝိညာဏက
နာလို့ခေါ်ကြတဲ့ခဲဟာ၊ မြေကြီးထဲကဖြစ်လာတာ ဘယ်
သူဘယ်ဝါမှ ပြုလုပ်တာမဆိုရဘူး၊ သူ့အလိုလို ဖြစ်လာ
တဲ့ ခဲဘဲ၊ အဲဒါဖြင့်-သူ့ကိုပြောတဲ့စကားဟာ၊ မှန်နေတာ
ပေါ့၊ ကဲတခါထပ်ပြီးမေးအုံးမယ်၊ သင်လူသားကတော့
ဘယ်ကဖြစ်လာသလဲ၊ ဟဲ ဟဲ ဟဲ ဟဲ တယ်လဲစဉ်းစား
တာကို-အဖြေပေးရမှာခက်လို့လား၊ လိုရင်း အချက်ကို
သာပြောပါ၊ ဟော-ဟုတ်တာပေါ့ လူသားရေ၊ အမေက
မွေးတော့၊ အမေက ဖြစ်လာတယ် လို့ဘဲ ဆိုရမှာပေါ့
သယ်ဓာတဆိုတဲ့ သူ့ကို အဆိုအတိုင်း အလိုကိုကောဖြစ်
လာသလား၊ ဟားဟား... ကဲ တာတွေကို ထားပါတော့
ကဲဒါဖြင့်-အသက်မရှိတဲ့အဝိညာဏကခဲအစရှိတဲ့ပစ္စည်း
လဲ၊ မြေကြီးကဖြစ်လာတဲ့ မြေထွက်ကုန်ပစ္စည်း၊ အသက်
ရှိတဲ့အဝိညာဏက၊ လူအစရှိတဲ့ပစ္စည်းလဲ၊မြေကြီးကဖြစ်
လာတဲ့မြေထွက်ကုန်ပစ္စည်းလို့၊ သူ့ကိုပြောတဲ့စကားတွေ
ဟာ မှားပြီးမနေပေဘူးလား၊ အို-လူသား-သင့်ကိုသင့်အ
မေကမွေးတာဘဲသိသဖြင့်၊ သင်၏အမေကို၊ သင့်ဘွားအေ
ကမွေးတာဘဲလို့သင်သိနိုင်ပြီမဟုတ်သား သင်၏ ဘွား
အေကိုလဲ သူ့ရဲ့အမေကမွေးတာလို့၊ ဆိုင်ရာဆိုင်ရာအ
ဆင့်အဆင့်ဖြင့်မြင့်မြင့်ပြီးကြည့်သွားလျှင်၊ လူမြင်သမျှ လူ

၏ အမေက မွေးထာချည်းပဲလို့ သိုကလိုသင် မသိနိုင်ဘူးလား၊ အေး သိနိုင်တာပေါ့ လူသားရဲ့၊ လူကို ဖယ်ထား နွားတွေကိုကြည့်အုံးမလား၊ နွားမြင်သမျှ နွားအမေတွေကချည်း မွေးဖွားကြတာဘဲ၊ ခွေးမြင်သမျှလဲ၊ ခွေးအမေတွေကချည်းမွေးဖွားကြတာဘဲ၊ အဲတာမှတပါး၊ သင်္ဂြိုဟ်ညာဏကအသက်ရှိခဲ့တဲ့သတ္တဝါဟူသမျှတို့ဟာ အမေကမွေးဖွားလာတာချည်းဘဲ၊ မြေကြီးထဲကဖြစ်ပေါ်လာတယ်လို့ ဘယ်အခါကသင်ကြားဘူးသလဲ၊ အဲဒီတော့ လူသားရယ် အသက်ရှိတဲ့သတ္တဝါတွေလဲ၊ မြေကြီးက ထွက်တဲ့ ထွက်ကုန်ချည်းဘဲလို့၊ အဲဒီလို ဆိုထားတော့၊ ထိုလူသေလူဖြစ်ဆရာများဟာ၊ မြွေအလံပယ်ကြီး မွေးစားတဲ့၊ မောင်ဆေး-မောင်ရေးတို့လောက်မှ အတွေးမပေါက်ဘူးလို့ဆိုချင်တယ်၊ ဟို – မောင်ဆေးနဲ့မောင်ရေးတို့ဟာ၊ မိန်းမက ယောကျ်ားမမွေးဘူး။ မိန်းမဟာမိန်းမကိုသာ မွေးနိုင်တယ်။ ယောကျ်ား က မိန်း မ မ မွေး ဘူး။ ယောကျ်ား ဟာ ယောကျ်ားကိုသာ မွေးနိုင်တယ်တဲ့။ အဲ ဒီ အ တွေး ကဘဲ ယောကျ်ားကလေးမမွေးပေမဲ့- ခပ်ရေးရေးရှိသေးတယ်။ ရှင်ဥက္ကာ၍တို့ တွေးတာက လူလဲ မြေကြီးက မွေးတယ်။ နွားလဲ မြေကြီးက မွေးတယ်။ခွေးလဲ မြေကြီးကမွေးတယ်။ ဘာဘဲဖြစ်ဖြစ် မြေကြီးကမွေးတယ်လို့ အဲဒီလိုတွေးတော့ ကြမ်းပိုးထွက်တဲ့ ကျမ်းတွေကို မရေးကြပါနဲ့အုန်း။ဆရာတို့ ကြမ်းပိုးထွက်တဲ့ ကျမ်းတွေကို ရေးရေးနေလျှင်၊ လူပျက် အတတ်သင်ရာမှ ကျွန်ုပ်ကလဲ ထထပြီး၊ပရွက်ဆိတ်

ကျတဲ့ အကာအခမိုးဖော့၊ စာတွေကို ရေရဦးမှာပါ။ ဆရာ ကို့ဟာ မောင်ဆေးတို့၊ မောင်ရေးတို့လောက် အတွေး အခေါက်မကောင်းသေးဘူးလို့ သိုကလိုတောင်းပန်ချင် တယ်။ ဒီမယ်လေ-လူသား၊ အဲဒီလူပြေး ဖြစ်တဲ့အကြောင်း များ၊ မိန်းမနဲ့ ယောက်ျား၊ တွေကဲ့ခြားလာတဲ့ အကြောင်း များဟိုကို ရေးသားပြီးနေပါသော် အတော်ကြီး ရှည်ကြာ သဖြင့်၊ လိုရာသို့ မရောက်ဘဲနေလိမ့်မယ်။ သိချင်တယ် ဆိုလျှင်တော့ သုတ္တန်ပိဋကပါထိကဝဂ် အဂ္ဂညသုတ်၊ နံပါတ်(၄၂)မှ(၁၁)အထိ အဲဒီမှာ ကြည့်ပေါ့။ ယခုတော့ ရေးသားပြောဆိုဖွယ်မရှိဘူး။ အင်း-မြေကြီးကို ဟုးကြည့် က လူပေါ်များ တွေ့ရမလားနော်၊ သယံဇာတ မြေကြီးက လို့ အလိုလို လူဖြစ်တယ်ဆိုသော် ဟို-မပေါ်သေးဘဲ၊ မြေ ကြီးရဲ့ အထဲမှာ လူဖြစ်နေတဲ့ လူတွေကိုလဲ တွေ့စရာဘဲ။ နွေးဖြစ်နေတဲ့ နွေးတွေ နွားဖြစ်နေတဲ့ နွားစသည်တို့ကိုလဲ ပေါ့စရာဘဲ။ ရှင်ဥက္ကာ ဆရာတင်တဲ့ ဒါဝင်ရဲ့ စကားအရ မျောက်ဘဝကမှ လူ့ဘဝသို့ ကူးလာတယ်ဆိုတဲ့ ရှေးဦး အစ လူ့ဘဝမရောက်သေးတဲ့ မျောက်ကလေးတွေလဲ တွေ့စရာဘဲ။ ဘဲ လူသား သူတို့ရဲ့ စကားတွေကို အတို ကောက် အတိုကောက်ဖြင့် မိုသလောက်ကလေးတွေ ဝေဘန်ကြအုန်းစို့။ သူတို့ရဲ့ စကားတွေမှာ ရွှေဆိုတဲ့ ပစ္စည်းဟာ မြေကြီးမှထွက်တဲ့ သက်မဲ့ပစ္စည်းအားလုံးထို တွင် လင်းဆုံးသို့ကျနေတဲ့ အနှံ့မခါတ်ပါတဲ့ အဲဒီရွှေဆို တဲ့ အနှံ့ မခါတ်ပါ အတွင်းအပ သဒ္ဒါရအလျှ၊ ပြုလုပ်ရန်

အဆုံးသတ်သောကြောင့် (ဝါ)အထူးပြုပြင်ရန် မလိုအပ်သောကြောင့်၊ ထွတ်မြတ်သောအဖြစ်သို့ ရောက်နေပါပြီတဲ့။ ရွှေဖြစ်ပြီးတဲ့နောက် ပုံသဏ္ဌာန်သာ အမျိုးမျိုးပေါ်ပေါက်မယ်။(ဝါ)လက်ကောက်လုပ်လျှင်လဲ လက်ကောက်ပုံပေါ်ပေါက်မယ်။ နားဒောင်းလုပ်လျှင်လဲ နားဒောင်းပုံပေါ်ပေါက်မယ်။ ရွှေအဖြစ်ကတော့ ဘယ်နည်းနဲ့မှ မလွဲမဖေါက်တော့ပါဘူးတဲ့။ အဲဒီဥပမာအတိုင်း၊ လူဟာလဲ ရွှေလိုပါဘဲတဲ့။ သဝိညာဏက သက်ရှိဖြစ်တဲ့ မြေထွက်ကုန် သတ္တဝါဟူသမျှတို့တွင် အနုတ္တမအဆုံးဓါတ်၊ သန္တိရပြုပြင်အပ်တဲ့အတိုင်း အထွတ်မြတ်ဆုံး သတ္တဝါဟာ လူသာလျှင် ဖြစ်ပါတယ်တဲ့။ အဲဒီလူဟာ ရွှေဓါတ်ရဲ့ ဥပမာလို၊ ဘယ်အခါ ဘယ်ကာလမှ လူ့အဖြစ်က မပြောင်းဘဲ၊ ရွှေသက်ကောက်၊ ရွှေနားဒောင်းပုံသဏ္ဌာန်သာ ပြောင်းသလို၊ ညိုညိုမောင်းမောင်း၊ ဖြူဖြူမဲမဲအရောင်သာ ကွဲပြီး၊ မောင်ညို မောင်မောင်ဦး၊ မောင်ဖြူ မောင်မဲ အသွင်သာ ကွဲမယ်။ လူအဖြစ်ကတော့ ဘယ်တော့မှ မလွဲပါဘူးတဲ့။ အဲဒါကြောင့် လူသေလျှင်လဲ လူဘဲပြန်ဖြစ်တယ်တဲ့၊ လူမှတပါး တခြား ဘာမျှမဖြစ်ပါဘူးတဲ့။ အဲဒီ လူသေလျှင် လူဘဲ ပြန်ဖြစ်တယ်။ လူမှတပါး အခြားသတ္တဝါ ဘာမျှမဖြစ်ဘူးဆိုတဲ့စကားကို သံမှိုနဲ့ စွဲနှက်ပြီးထားသကဲ့သို့၊ လေးလေးစားစားတုန်လှုပ်ခြောက်ခြားခြင်းမရှိဘဲ တည့်တည့်မတ်မတ်၊ ကြပ်ကြပ်ခိုင်ခိုင်၊ မြဲမြဲမြံမြံ၊ ရက်ရက်စက်စက် ဘုပ်ဘုရားဟောတဲ့ဒေသနာ၊ ဘယ် ဘာ ညာ ရေး

ဆရာ၏ကျမ်းကိုမှ မငဲ့ကွက်ဘဲ၊ အသက်သေသည်တိုင် အောင် မှတ်သားထားပါတဲ့။ အို.....လူသား၊ အဲဒီ သူတို့ရဲ့ စကားမှာ၊ ရွှေဟာ အန္တိမဓါတ်၊ အမြတ်ဆုံး အကောင်း ဆုံး[illegible]ဝသို့ အမျိုးမျိုးသော ဆောင်ရွက်မှုဘို့ဖြင့်၊ ပြုပြင်ခဲ့ တဲ့ သင်္ခါရ ဖွဲ့ကြောင့်၊ ရောက်ရှိပြီးနေရတဲ့အတွက် ဘယ် လို ဖျက်လို့မှ မပျက်တော့ဘူးလို့ ဆိုထားတယ်။ အို- လူ သား၊ အဲဒီ ရှင်ဥက္ကဋ္ဌရဲ့စကားအရ၊ အန္တိမအဆုံးဓါတ်၊ အထွတ်အမြတ်ဖြစ်တဲ့ ရွှေပျက်က အန္တိမ အဆုံး ဓါတ်၊- အထွတ်အမြတ် လူလဲ ပျက်ရမှာပေါ့။ (ဝါ) ဖေါက်ပြန် ပြောင်းလွှဲရမှာပေါ့။ ကဲ-နားစေတော့ လူသား၊ ကျွန်ုပ်ရဲ့ ဓါတ်နဲ့ ပြစ်လိုက်လျှင် ရှင်ဥက္ကဋ္ဌရဲ့ ရွှေအစစ်ဟာ မြေဖြစ် ပြီးသွားစေမယ်။ ဒီမှာလေ-လူသား၊ (ခြသေ့၊ ဆင်၊ ကျား၊ ဟိုင်းနဂါးတို့ ကိုးပါးဓါတ်မင်း၊ ကုန်မကြွင်းအောင်၊ ခုနှင်း ပေါက်ချေ အားလုံးကျေ၍ ဘော်ရွှေဘင်ဒန်၊ နှံသံပြဒါး၊ ပြဒ်သွပ်များဘို့ ပျက်ပြားရချ၊ မြေဖြစ်ရ၏) ဟူသော စကားအတိုင်း၊ ပိန့်တကျပ်သား၊ ဆားစိမ်းတကျပ်သား၊ ကန့်တကျပ်သား၊ဟင်းရိုင်းတကျပ်သား၊ဆေးဒန်းတကျပ် သား အဲဒီဓါတ်ငါးပါးကို ရွှေတကျပ်သားပေါ်က ထောင်း သိပ်၊ လုံပိတ်ပြီး ငါးလုံထိုး ပျက်ကျူးလို့ ကျေမွပြီး၊ ရွှေဘဝ အကုန်ပျောက်လို့ရှိ၊ မြေဘဝသို့ရောက်စေမယ်။ ဘယ်လော တနဲ့ ပြိုင်မလဲ။ မနိုင်သူ ဝှင်းကြေးပေါ့ လူသားရဲ့။ အို- လူသား ရွှေစစ်ကို ဖျက်လိုက်လျှင် ပျက်စေနိုင်တဲ့ ဓါတ် ငါးပါးကဲ့သို့ လူစစ်ကို ဖျက်လိုက်လျှင်လဲ ပျက်စေနိုင်တဲ့

ဝါတ်တရားငါးပါးဘဲရှိတယ်။ ဘယ်သင်း- ဘယ်သင်းလဲ ဆိုတော့ဟို-တလောလောက်က အစိုးရနဲ့ မဆိုင်ဘူး ဆိုင်တယ်။ အဲဒီတရားကို အစိုးရများ မထိန်းနိုင်ဘူး ထိန်းနိုင်တယ်နဲ့ ဘယ်သူမှ မပိုင် မနိုင်ဘဲ ယိမ်းယိုင်ပြင်း ခုံပြီး နေခဲ့ကြတဲ့ ငါးပါးသီလပေါ့။ အဲဒီငါးပါးသီလ၊ လူ မှန်လျှင် စောင့်ထိန်းရမဲ့ ဂရုဓမ္မတရားမျိုးကို လောဘ ဝါတ်၊ ဒေါသဝါတ်၊ မောဟဝါတ်တွေနဲ့ တအားထိုးမှဖြင့် ကျိုးမွှန်နှံ့ကြေ လူ တည်း ဟူ သော ရွှေဟာ သေတာနဲ့ ဘဝတုံး လူ့ဖြစ်စဉ် ဆုံးလို့ မို့၊ လုံးလုံးကိုပျက်၊ လူဘဝ ပြန်မဆက်ဘဲ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ပါယ်လေးပါးဘုံနယ်မှာ၊ ဆုံလယ်သလို တရစ်ပတ် ပတ်နဲ့အမြစ်မပြတ် ဒုက္ခအနန္တတို့ကို၊ မချမလွှဲ ခံစားရမှာ ပေါ့။ အဲဒီတော့လူသားရယ်-ရှင်ဥက္ကဋ္ဌတို့ပြောထားတဲ့ အ နိစ္စမအဆုံးသတ်အထွတ်အမြတ်သို့ရောက်တဲ့ရွှေဟာ၊ဘယ် လိုဘဲပျက်ပျက်ဘယ်အခါမှမပျက်ဘူး ရွှေဘဲဆက်ဖြစ်တယ် ဆိုတဲ့စကားလဲမှားတယ် အနိစ္စမအဆုံးသတ်၊ အထွတ်အ မြတ်သို့ရောက်နေတဲ့လူဟာလဲ၊ဘယ်လိုဘဲပျက်ပျက်ဘယ် တော့မှမပျက်ဘူး၊ အသက်သေစေကာမူ၊ လူသားလျှင်ပြန် ဖြစ်တယ်ဆိုတဲ့ စကားလဲမှားတယ်၊အဲဒီလိုမှားနေလို့ အဲတို ရှေ့နားမှာ၊

(လူသေတိုင်း လူမဖြစ်ပါဘူ-စင်စစ်မှတ်အရှန်း။ နတ် ပြဟ္မာ-လူရပ်ပြင်ပယ်လေးရွာတို့၌၊ ကံနှစ်ဖြာဖန် ရာဖြစ်ပါလိမ့်၊ ရွှေကျေသော် မြေတွေ ဖြစ်သလို

မှတ်ချင်လျှင် ဝါတ်ဆင်လို့စစ်ပါတော့၊ အိုကွယ် ဖြစ်နိုင်တဲ့တုး) လို့ ရေးသုံးပြီး သွန်နိုဝ်ထားခဲ့ တယ်၊

အို ....လူသား ဆဲဗီလိုမှားလျက်သားနဲ့၊ လူသေလူ ဖြစ်တယ်ဆိုတဲ့စကား ကို ရှင်ဥက္ကာမှတ်ပါ၊ ဘာဖြစ်လို့ ရေးသားကြသလဲ၊ ကဲအဲဒါကိုဝေဘန်ကြအုံးမို့ရဲ့လား အိုလူသား ကို ... ဒေါ့ဦးဦးဖျားဖျားက၊ အပန်းလွှာ(၄) မှ ရေးသားတဲ့ ရှင်ဥက္ကာမှုရဲ့စကားကို၊ သင်လူသား ရှင်းသွားအောင် အချင်းနားက ပြန်ဖတ်စမ်းပါ၊ ဘာတဲ့ပဲ လူသားရဲ့၊ ကြည့် ....

လူသားသေ၍ သွားပြီးသည့်၏ နောက်၌ ဘာမှမ ဖြစ်ဟူသော ဂါဒကို အဘိဓမ္မာ ဆရာအချို့ကဖော် ထုတ်၍-လူသားသို့ တင်ပြခဲ့ကြကုန်၏။ သို့ရာတွင် ထိုဝါဒသည်လည်းသင်လူသား၏ကြောင်းစိတ်နှင့် ရှေ့ပိုင်တိုကို မသိနိုင်ခဲ့သေးချေ-တဲ့လား။

အင်း-အဲဒီစကားရဲ့ အဓိပ္ပါယ်များကို၊ လူသားအား ပြောထားခဲ့ပြီးပါဘဲ၊ သို့သော်လဲ-အဲဒီစကားရဲ့ အဖျားမှာ သေးချေဆိုတဲ့စကားကလေးက၊ အားမွေ တဲ့ အဓိပ္ပါယ်၌ ချုပ်တွယ်ပြီးထားသဖြင့် (ဒီလိုပြောလို့ မယုံသေးဘူးလား ဒီလိုပြောလို့မှမယုံသေးပါလျှင်- ဟိုလိုတခါ ထပ်ပြီးပြော အုံးမယ်)ဆိုတဲ့ စိတ်ထားနဲ့၊ အားမလျော့သေးဘဲ၊ ရုပ်

ဝါဒ့အကိုအလေးမူအောင်သွေးမြှုပြီး ခွဲမယ်ဆိုတဲ့ သ
ဘောသွားတဲ့။ သူတို့ပြောထားတဲ့ အထက်ပါစကားကို
ကြည့်လေ၊ ကုသိုလ်ကံရဲ့ အကျိုးကိုဘဲ မျှော်ကိုးအား
ထားရမယ့်ဘဝမရှိအောင်၊ အကုသိုလ်ရဲ့ အကျိုးကိုလဲ
စိုးရိမ်ကြောက်ရွံ့ရမယ့်ဘဝမရှိအောင်၊ တိကနဲ ဘဝ
ပြတ်ပါတယ်လို့၊ ငရမတ် ဆရာတွေက ဟောလျက်နှင့်
သင်လူသားတို့သဘောမကျကြသေးဘဲ ရုပ်ဝါဒကိုလက်
မခံကြသေးတာဟာ၊ နောင်ဘဝအသစ်၌ လူမဖြစ်မှာ စိုး
လို့ဘဲတဲ့။ လူမှစပြီး ဘာမျှမဖြစ်မှ ငရဲစတဲ့အပါယ်လေး
ဝသို့မကျရမှာတဲ့။ ကဲအဲဒါကိုသဘောမကျလျှင် ပြောသ
မျှဘွာခပ်ပြီး နောက်တထပ်သဘောကျအောင်၊ ပြောပြရ
အုန်းမှာပေါ့တဲ့။ ဟောလေ-လူသား၊ အဲဒီလို ကြွမ်းဝါးပြီး
ယောကျ်ားကွ၊ ငါတို့ရဲ့ရုပ်ဝါဒကို ခုတခါ တမူသစ်ပြီး
လူဖြစ်တယ်ထုတ်ခါပြရလျှင်၊ဟုတ်တာပဟု အများသုံးပြီး
အားလုံးကလက်ခံလျက်၊ ဆက်ဆံလိမ့်မယ်လို့ သဘော
ပိုက်ပြီး ၊(ရွှေသည် အတွင်းအပဖြစ်သောသခ်ါရမှုများ-ပ-
တို့ကြောင့်လူသားသည်- သေပြီးနောက်၌- ဆတ်လက်၍
ဖြစ်ရဦးမည်ဆိုလျှင်-လူမှတပါး၊ အခြားသတ္တဝါအဖြစ်သို့
မရောက်နိုင်) စသောစကားတို့ကို အားကိုး အားထားဖြင့်
သားသားနားနားကြီးပြောလိုက်ပြန်တာပေါ့ ဟောလေ လူ
သား၊ သူပြောခဲ့တဲ့စကားတို့မှာ အနာဂတ်မရှိဘူးဆိုထား
တဲ့ပြင်ဗိညာဉ်ကိုတောင်အရေးမလုပ်ပဲ၊ရုပ်သါလျှင်ရှိတယ်
လို့ဆိုထါးရာ၊ဒီဘဝကသေသွားတော့၊ဟိုနောင်ဘဝဆိုတဲ့

ကာလတခြားမှာ သေပြီးသွားပြီး၊ လူသားရယ်လို့ ဖြစ်နိုင်မလဲ၊ ခြေမြင်းထဲကို မြှုတ်ကလဲကာ၊ ဒီလူသေချစ်ကလဲ ပြုတ်နေပြီမဟုတ်လား၊ ချစ်ချည်းသာမှုတာမှန်လျှင် ဘယ်နာမ်က သူသွားပြီး လူသားရယ် ဖြစ်ပါလိမ့် စစ်ဆေးပြီးကြည့်ကြရအောင်ကို၊ လူသား သြဝါဒ-စာမျက်နှာ (၆၈)မှာ အောက်ပါလေတဲ့ သူ့အဆိုပေသားသဲ လူသားရဲ့။

ဒီ ကိုယ်ပွား အများ ပေါပေါ မြောဆိုကြသော အများ သတ္တဝါ ခေါင်းဖြင့် ကျွဲ သွင်းလိုက်သော ပြင်ပဝါယောဂါတ် အကြမ်းစားကြီးမှ၊ ကမ္ဘာစတေဓာတ် ကြောင်လျှော့ချက်ပြုတ်ခါးကို ခံရခြင်းကြောင့် အမှန်နှင့်သော အနုစားဝါယောဂါတ်သာချောင် ဖြစ်ရေသည်လို့ အဲဒီလို ဆိုထားခဲ့တယ်၊ အဲဒါမှတပါး စာမျက်နှာ(၆၆)ရဲ့ အောက်နားမှာ-

ပြဲ့ယူကာရက၊ အဆွမထင်၊
ခံယူဝေဒက အစ္စမသည်၊
မြဲ့ခံကြောင်းကျိုး၊ လှည့်ရိုးစက်တွင်၊
ရုပ်ဓါတ်သက်၊ ဆက်၍လည်မြဲပင်-လို့၊

သို့ကလို ရေးသားထားခဲ့တယ်။ ဒီမယ်လေ- လူသား၊ လေဆိုတာ အသက်မဟုတ်ပုံကို ဥပမာအမျိုးမျိုးထုတ်ပြီး ဘုန်းပ်ရေးသားခဲ့ပြီလေ၊ အဲဒီဒို ရေးသားခဲ့ပေမဲ့ လူသေ

တော့ လူပြုန်းဖြစ်တယ်လို့၊ မှုမမှန်တဲ့စံနစ်နဲ့ ထုတ်ခါပြပြီး၊ ရုပ်ဝါဒအများသုံးလျက်၊ အားလုံးက လက်ခံအောင်၊ တချက်ကြိုကာ တထပ်ပြတဲ့ (ပြုသူကာရက၊ အတ္တမထင်) ဆိုတဲ့ ကဗျာသွားအရ (ခံသူဝေဒက၊ အပ္ပမယှဉ်)ဆိုတဲ့ ကဗျာသွားအရ၊ အတ္တဆိုတဲ့စကားကလေးကို သင် လူသား တွေးစမ်းပါ။ ဘာများကို ဆိုတယ် ထင်သလဲ။ ဟင့်အင်–အဲဒီလို မထင်နဲ့။ သူဆိုချင်တာက အဲဒါမဟုတ်ဘူး။ ကျွန်ုပ်ပြောမယ်လေ–လူသား။ ဟော– သူဆိုလိုတဲ့ စကားက နာမ်တရားကို ပုတ်ချပြီး၊ ရုပ်ကမှ အသက်၊ နောက်ဘဝ ဆက်တယ်လို့၊ အကွက်လယ်အောင် ပြောလိုတာ ဟောဟိုစာကို ကြည့်၊ ပြုလုပ်သူဆိုတဲ့ ကာရက၊ အတ္တဆိုတာမရှိဘူးတဲ့။ ခံစားသူဆိုတဲ့ ဝေဒက၊ အတ္တဆိုတာလဲ မရှိဘူးတဲ့။ ကြည့်ဦးလေ လူသား။ အဲဒီ အတ္တဆိုတဲ့ စကားကို (ဇီဝေါ တိ အတ္တာ ~~အဏ္ဏ၀ေမ~~)လို့ သဒ္ဒမ္မပကာသနီ အဘိဓာန်ကဆိုတယ်။ ဇီဝိတိ အတ္တာ ဆိုတဲ့ စကားဟာ၊ အသက်ဟာ အတ္တ၊ အတ္တဟာလဲ အသက်ပဲလို့ အဲဒီလို ဆိုတယ်။ ဟို– မဟာဋီကာကလဲ (ဇီဝေါတိအတ္တာ) အသက်ဟာ အတ္တလို့ ဒီလိုပဲ ပြတယ်။ ဒါဖြင့် အဲဒီ အသက်ဆိုတဲ့ အတ္တဟာ၊ ဘာကို ဆိုသလဲ။ ရုပ် ကို ဘဲ ဆိုသလား။ နာမ်ကိုဘဲ ဆိုသလား။ အဲဒီလို ပြန်ပြီး၊ နောက်တဖန် စဉ်းစားရမယ်။ အဲဒီလို စဉ်းစားတော့ (အတ္တာတိ သတ္တော ဂန္ဓဗ္ဗော သတ္တာ၊ ယေနာတိအတ္တာ) ဆိုတဲ့ အဘိဓာန်ဋီကာ စကားဟာ၊ ဘွားကနဲပေါ်လာပြီး၊ ပြောင်......

အသက်ကို ဟောတဲ့ အဏ္ဏသဒ္ဒါဟာ၊ သဏ္ဍာဝါဟူသမ္မုတို ၏ မူလဖြစ်တဲ့ အရင်းတရေး၊ တွေးဆကာ စဉ်းစားတော့၊ သင်းသွား သင်းလာ၊ သင်းရှာမှ ဖြစ်ရတဲ့ အသစ်ဘဝ အမျိုးမျိုးတွေဘဲလို့ အဲဒီလို သိလာတယ်။ ကြည့်ပါလား လူသားရဲ့။ အဲဒါထက် ထင်ရှားအောင် (ဘဝါ ဘဝ ဓါ ဝနံ့၊ ဓာတိဓရာ၊ ဗျာဓိမရဏာ ဒိဋ္ဌဘာ ဒ အနေကာ၊ ဝိပတ်တံ သံသာရဒုက္ခံ၊ အတတိ သတတံ ဂစ္ဆတိ ပါပုဏာ တိတိ အဏ္ဏာ)လို့ သဒ္ဒနီတိစသော သဒ္ဒါ ဆရာ များ က ရေးသားပြီး ထားပြန်တယ်။ ဒီမယ်လေ- လူသား၊ အဲဒီ ပါဠိတို့၌ သင်္သိတ်ရှိ အဓိပ္ပါယ်စကားကတော့ ဟောဒီလို မှတ်ထား။ ဘယ်လိုမှတ်ထားရမလဲဆိုလျှင်၊ ထိုအသက် လို့ ခေါ်ကြတဲ့။ အဏ္ဏဆိုတဲ့သဘောဟာ လွန်ခဲ့ပြီးတဲ့ အတိတ်ဘဝက ယခု ပစ္စုပ္ပန်ဘဝသို့လာ၊ ယခု ပစ္စုပ္ပန် ဘဝမှာ ခန္ဓာပြတ်ပြန်တော့၊ အနာဂါတ်ဆိုတဲ့ ဟို...... နောက်ဘဝသို့သွား၊ သုံလယ်တဲ့နွား၊ ရဟတ် ချား လို၊ မပြတ် သွားနေရတဲ့ သံသရာ၌၊ အို၊ နာ၊ သေ၊ ဒုက္ခဘေးတို့ ကို မအေးအောင် အပြန်ပြန်လာပြီး ခံစရာရောက်ရသဖြင့် အဏ္ဏလို့ခေါ်တယ်တဲ့။ ဒီမယ်လေ-လူသား အဲဒီအဏ္ဏဆိုတဲ့ စကားဟာ အသက်ကို ဆိုတဲ့ စကားလို့ ရှေ့ နား က ကျွန်ုပ်ပြောခဲ့ပြီ။ အဲဒီအသက်ဆိုတဲ့ စ ကား ဟာ၊ ဘာ အတွက် အသက်ခေါ်ပါသလဲလို့၊ အဲဒီလို မေးစရာပေါ့။ ဒီမှာလေ-လူသား၊ (ဇီဝန္တိ သဏ္ဍာယေနာတိဇီဝေါ)လို့- ဟောပါလို ဒီစာဖြင့် အဘိဓာန်ဋီကာက ဆရာဖြစ်တဲ့ ဝိကြိုဟ်

ကို ညွှန်ဆိုပြီးသားခဲ့တယ်။ အမိပ္ပါယ်ကတော့ သစ္စာဝါ ဒီသမ္မုတာ၊ မူလဖြစ်တဲ့ သူ့အတွက်ကြောင့်၊ ဆက်လက်ပြီး ရှင်ကြရတာဘဲတဲ့။ အဲဒါကြောင့်- အသက်ခေါ်တယ်တဲ့။ (ဝါ)ဇီဝလို့ဆိုတယ်တဲ့။ ဝိညာဏ်ကို မှတ်ထားပေါ့။ ဆို-လူသား၊ အဲဒီအဘိဓာန်ဋီကာရဲ့စကား ဝိညာဏ်ဆိုတဲ့ ဟာချုးဟာ-

ယသ္မာမာတု ကုစ္ဆိံယံ၊ ပဋိသန္ဓိဂဟာဏော်ပိ၊
ကုစ္ဆိဝါသေပိ၊ ကုစ္ဆိတောနိက္ခမနေပိ ပဝတ္တိယံ၊
ဒသဝဿာ ဒိကာလေပိ ဝိညာဏ ဓေဝဿပစ္စယော၊
တသ္မာဇေ သဝဟေတု၊ ဧသပစ္စယော နာမရူပဿ၊
ယဒိဒံဝိညာဏံ-ဟူသော သုတ်မဟာဝါ အဋ္ဌကထာ

နှင့် များစွာဘဲ ညီညွတ်တယ်။ အဓိပ္ပါယ်ကတော့ ပဋိသန္ဓေယူနေတဲ့အခါ၊ အမိရဲ့ ဝမ်းခေါင်း၌ကိန်းအောင်းပြီးနေတဲ့အခါ၊ အမိဝမ်းမှထွက်ပြီး၊ ပြင်ဘက်သို့ ရောက်တဲ့အခါ၊ မျက်မြင်ပစ္စက္ခ၊ ပဝတ္တိကာလဆိုတဲ့ ယခု ဘဝမှာဖြစ်ပြီး၊ ဆယ်နှစ်အစရှိတဲ့အခါတို့မှာလဲ၊ နှစ်ဖြာသော ရုပ်နာမ်ကို ဝိညာဏ်က ကျေးဇူးပြုလို့ ယခု ဘဝမှာ ဖြစ်ရတယ်။ အနှစ်သုံးဆယ်၊ လေးငါးခြောက်ဆယ်၊ ခုနစ်ဆယ် ရှစ်ဆယ်နေရတယ်ဆိုတာလဲ အဲဒီဝိညာဏ်ရဲ့ ကျေးဇူးနဲ့ ချေးဦးကကံ၊ ဝိမံတဲ့အကြောင်းပေါ့။ ဘဝပြောင်းတော့လဲ ဝိညာဏ်ဘဲ။ ချုပ်တဲ့ ရှေ့က ကံအတိုင်း၊ ရုပ်နာမ်ကို

နောက်ထပ်ပြီး သျှောက်ပတ်သလို ကျေးဇူးပြုတာဘဲ။ အဲဒါ ကြောင့် (သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမ ရူပံ)လို့ အဘိဓါန်ရဲ့ အရှိစကားအတိုင်း၊ ဝိဘင်း လို့ အများပြောကြတဲ့ ဘုရားဟောပါဠိမှာ၊ ထင်ရှားစွာ ရှိခဲ့ တယ်။ ဒီမယ်လေ-လူသား၊ ဝိညာဏ်ဆိုတဲ့ အစွဲ၊ ဇီဝ ဆိုတဲ့အသက်ဟာ ဆက်ဆက်ပြီး ဘယ်လိုသွားသလဲ။ သင် လူသား နားစေပါ။ ကျွန်ုပ်က ပြော အုန်း မယ်။ ဟောလေ-သင် လူသားဟာ မနေ့က လာတော့ ပုဆိုးစ ရိပ် ချာဘာဘာနဲ့ ပျော့နွမ်းနွမ်း ပြာတာတာကလေးပါ။ အင်း-ယခု လာတော့ သစ်လွင်တဲ့ ပုဆိုးအစိမ်းနဲ့ ကိန်း ထုတ်ပြီး လာတာကိုး။ မနေ့က ပုဆိုးဟာ ဘာဖြစ်ကျန်ခဲ့ ပါသလဲ။ ဩော် .... ဟောင်းနွမ်းဆွေးမြေ့ပြီး နေတာနဲ့ ဝတ်စရာမရအောင် ပြဲလို့ ပုဆိုးစိမ်းအသစ်ကို လဲဝတ် လျက်၊ ဟိုပုဆိုးအဟောင်းကို ချွတ် ထား ခဲ့ တယ် ဆို ပါ တော့။ အို .....လူသား၊ အဲဒီပုဆိုးစိမ်း အသစ်ဟာ၊ ဟောင်း ညှစ် ဆွေးမြေ့ပြီး သွား ပြန် တော့ ကော၊ သင် လူသား ဘာကို ဝတ်မလဲ။ ဩော် ဒီ ပု ဆိုး နွမ်း ဟောင်း တော့ နောက်ပြောင်းပြီး အသစ်ဝတ်မယ်လား။ အေး- အေး- အေး-ဘဲ-လူသားရာ၊ ပုဆိုးတွေကိုတော့ ဟောင်းပြဲပြီး သွားရင်း ပြောင်းလဲပြီး ထားခဲ့ရင်း၊ ဟောင်းပြဲသွားရင်း ပြောင်းလဲပြီး ထားခဲ့ရင်းနဲ့ အဲဒီ ပု ဆိုး တွေ ပြောင်းလဲ ပြောင်းလဲသွားသလို၊ သင့်ခန္ဓာကိုယ်ကြီးကကော၊ ပြောင်း လဲ ပြောင်းလဲပြီး သွားပါသလား။ ဩော်- မပြောင်းလဲဘဲ

ကိုး၊ ဆဲဒီဥပမာအလားပေါ့ လူသားရဲ့။ အသက်လို့ခေါ်တဲ့ ဇီဝ၊ အတ္တတည်းဟူသော ဝိညာဏ်၊ နာမ်ဆိုတဲ့ တရားဟာလဲ သူဝတ်ဆင်ပြီးထားတဲ့ ခန္ဓာကိုယ်ရုပ်ကြီး ဆွေးမြေ့ ဟောင်းနွမ်းပြီးသွားတော့ ဟို-ဘဝတပါးမှာ ဖြစ်တဲ့ အသစ်ပုဆိုးရဲ့ဥပမာ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ အားလျော်စွာပေါ့ လူသားရာ။ ဗြဟ္မာခန္ဓာ၊ နတ်ခန္ဓာ၊ လူခန္ဓာ၊ ခွေးခန္ဓာ၊ တိုတိုပြောရမှာဖြင့်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုတဲ့ အသွယ်သွယ်သော ရုပ်ခန္ဓာ၊ အသစ်ဖြစ်တဲ့ ပုဆိုးတို့ကို အမျိုးမျိုး တဖန် ရှာ ရှာ ပြီး၊ တန်ရာတန်ရာပေါ့လေ။ အဝတ်ပုဆိုးတို့ရဲ့ အဆိုး နဲ့ တူ တဲ့ ကံနှစ်ဖြာအတိုင်း၊ အဆိုးတနဲ၊ အကောင်းတနဲဖြင့် ပြောင်းလဲဝတ်ဆင်ပြီး သွားကြမြဲတာဘဲ။ ဆဲဒါကြောင့်-ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ၊ အရှင်ဗုဒ္ဓဃောသဆိုတဲ့ဆရာကြီးက—

ဝတ္ထာနိ ဇိဏ္ဏာနိယထာ ဝိဟာယ၊ နဝါနိဂဏှာတိ
နရောပရာနိ နိက္ခိပ္ပဒေဟံရုဝဇိဏ္ဏမေဝံ၊ ဂဏှာတိ
အဉ္ဉာ ဘိနဝံ သုခေသီလို့-

သို့ကလို ရေးပြတော်မူခဲ့တယ်။ သြော်- အနက်အဓိပ္ပါယ်လွယ်လွယ်နဲ့ အဓိပ္ပါယ်ရှိမဲ့အခန်းဆိုပါတော့။ ဒီလိုတဲ့ လူသားရဲ့။

နရော၊ သဏ္ဍာဝါသည့်၊ ဇိဗ္ဗာခါနှိ ဟောင်းနွမ်းဆွေးမြေ့၍ လာကုန်သော၊ ဝဏ္ဏာနှိ၊ အဖြာဖြာသော အဝတ်အထယ်တို့ကို၊ ပဟာယ၊ ချွတ်ပယ်ထား၍၊ ပရာနှိ၊ တပါးကုန်သော နဝါနှိ ဝဏ္ဏာနှိ၊ များလှအပုံ အဖုံဖုံသော အဝတ်သစ်တို့ကို၊ ဂဏှာတိယထာ နှစ်နှစ်သက်သက် ဝံမက်အားသံ၊ ယူဝတ်ပြန်သကဲ့သို့၊ ဧဝံ၊သဏ္ဍာန်အလား၊ အမှန်အားဖြင့်၊ မခြားပုံသူ၊ ဤအတူ၊ သုဓေသီ၊ အပူခမ်းရာ၊ တွေးမှန်းစာလျက်၊ ချမ်းသာလို၍ ရှာမှီးလေ့ရှိပေထသော၊ အဏ္ဏာ၊ သိလေသမျှ ဝိညာဏ်၊ နာမ်ဆိုတဲ့ အသက်သည့်၊ ဣဓ၊ မျက်မြင်လောက၊ ဤဘဝ၌၊ ဇိဗ္ဗာ၊ တည်မရအောင် ဆွေးမြေ့ပြီး၊ ဘေးတွေကာ အနာဖိလျက်၊ ဗျာဓိက ဖမ်းထောင်းတော့ နွမ်းဟောင်းတဲ့အဝတ်သဏ္ဍာန်၊ အပွတ်မခံတဲ့ ပုဆိုးအရပ်ကဲ့သို့၊ ညှိုးယုတ်သော အားရှိနေပေသော၊ ဓေဟံ အရေတွေ တွန့်လိမ်၍၊ ခါးသိန်နောက်ယို၊ မျောက်အိုရဲ့ သဏ္ဍာန်ပမာ၊ ခန္ဓာတည်းဟူသော ပုဆိုးအဝတ်ကို၊ နိက္ခိပ္ပ ဖြိုချွတ်ခါ စွန့်ပယ်ထားခဲ့၍၊ အဘိနဝံ၊ တပါးသော ဘဝ၌၊ ဝတ်ရအောင် တဖန်ရှာလျက် ခန္ဓာတည်းဟူသော ပုဆိုးအသစ်ကို၊ ဂဏှာတိ၊ အဘိုးအဖြစ်နဲ့ သဏ္ဍာန်မခြားပါဘု၊ ကံတရား တကယ်တူတဲ့အဘိုင်း၊ ဝယ်ယူဝတ်ဆင်ရပြန်လေ၏တဲ့- လူသားရဲ့။ ကဲ-သဘောကျပလား၊ အင်း-သင်ကသာ သဘောကျဘယ်။ အဋ္ဌကထာပြောသမျှတို့ကို၊ ရှင်ဥက္ကဋ္ဌတို့ကတော့ နဲ နဲ မှ သ ဘော မကျဘူး။ ဟောဗျ-စောခက် အငြင်းမပွားနိုင်အောင်၊ ဘုရား ဟောအ ရင်း

တရားနဲ့၊ လင်းပါးပြီး ပြပါအုန်းဆိုပါတော့။ အို- လူသား၊ စကားတွေ အလွန်များတော့ ငွေအားကနဲ့သဖြင့်၊ လိုရာ မရောက်ဘဲ နေလိမ့်မယ်။ ဩော်- ဘုရား စကားတော့ ကြားကိုဘဲ ကြားချင်သေးတယ်လား။ ကဲ- ကဲ- နားစေ အုန်း လူသား။ ခုတင်က အမိပ္ပါယ်သွားပါဘဲ။ ဟောလေ- ငါတို့မြတ်စွာဘုရားက-

ယထာဂါမတော နိက္ခမ္မ၊ အညံဂါမံ ပဝိသတိ၊
ဧဝမေဝစသော ဇီဝေါ၊ အညံဗေါန္ဒိံ ပဝိသတိ၊
ယထာဂေဟတော နိက္ခမ္မ၊ အညံဂေဟံ ပဝိသတိ၊
ဧဝမေဝစသော ဇီဝေါ၊ အညံဗေါန္ဒိံ ပဝိသတိ လို့

ပေတဝတ္ထုပါဠိတော်မှာ၊ ဟောပြတော်မူထားတယ်။ အမိပ္ပါယ်တိုတို၊ ဆိုလိုရင်းသဘောသွားကတော့၊ ယောကျ်ားတယောက်ဟာ၊မိမိနေရင်းဖြစ်တဲ့ရွာကို ငြီးငွေ့ ပြင်းမုန်း၍လာပြီး၊ အသစ်ဖြစ်သော တရွာသို့ ကူးပြောင်း လို့ သွားတာလို၊ ထို့အတူ လူသားတယောက်ဟာ မိမိ နေထိုင်ရင်းဖြစ်တဲ့ အိမ်ဂေဟာကို ငြီးငွေ့ပြင်းမုန်း၍ လာ သဖြင့်၊ အသစ်ဖြစ်တဲ့ အိမ်ဂေဟာသို့ ကူးပြောင်းပြီး သွား တာလို၊ ဇီဝအဖွဲ့ဝိညာဏ် အသက်တည်းဟူသော လူ သား ယောကျ်ားဟာလဲ မိမိရဲ့ ရုပ် ကိုယ် ခန္ဓာ တည်း ဟူ သော တည်နေရင်းရွာကို ငြီးငွေ့ပြင်းမုန်း၍ လာတဲ့အခါ၊ ရွာအသစ်တရွာတည်းဟူသော နောင်ဘဝ ကိုယ်ခန္ဓာသို့၊ ပြောင်းရွှေ့ပြီး သွားတာဘဲတဲ့။ ကဲ လူသား၊ အဲဒါ ဇာ့က

လို အပိုမသုံးတဲ့ အတိုဆုံးစကားဘဲ။ ဒီ-လူသား၊ အဲဒီလို ဆိုထားတော့ ကိုယ်ခန္ဓာဆိုတဲ့ ရုပ်ကြီးက နောင်ဘဝသို့ (ဝါ)အသစ်ဖြစ်တဲ့ နောက်ဘဝသို့ပြောင်းသွားရမယ်ဆိုတဲ့ ရုပ်ဝါဒဟာ ဟုတ်နိုင်ပါ့မလား။ အသက်ဇီဝ ဝိညာဏ် အတ္တဆိုတဲ့ နာမ်ကာယ နောင်ဘဝသို့ ကူးပြောင်းပြီး သွားကြတာမဟုတ်လား၊ ဒီ-လူသား၊ ယခု ကျွန်ုပ်ပြော ကြားသွားတဲ့ စကားတို့ဟာ သမုတိသစ္စာ လို့ ဆိုရတဲ့ သင်္ကေတအမှတ်အသားဖြင့်၊ ပြော ဆို ရေး သား ထား တဲ့ စကားများသာဖြစ်တယ်။ ဥပဒေသနာကို ရှုယ်ပြီး၊ ပရမတ္ထ သစ္စာနယ်ကို ပြောတယ်လို့မမှတ်ရဘူး။ ပရမတ္ထသစ္စာနဲ့ သမုတိသစ္စာဟာ၊ သူ့နေရာနဲ့သူ ဆိုင်သလို ယူရတယ်။ အဲဒီလို ယူပါလျှင် သမုတိသစ္စာလဲ သူ့နေရာနဲ့သူ မှန်တာ ဘဲ။ ပရမတ္ထသစ္စာလဲ သူ့နေရာနဲ့သူ မှန်တာဘဲ၊ အဲဒါ ကြောင့် သီလက္ခန်အဋ္ဌကထာမှာ (သင်္ကေတဝစနံ သစ္စံ လောကသမ္မုတိကာရဏံ ပရမတ္ထဝစနံ သစ္စံ ဓမ္မာနံဘူတ လက္ခဏံ)လို့ ရေးထားတယ်၊ အဓိပ္ပါယ်ကတော့ လောကီ နယ်ကို ရည်ရွယ်ပြီးပြောတဲ့စကားဟာ၊ လောက လူသား တို့အတွက် မှန်တဲ့ စကားပါဘဲတဲ့။ ပရမတ္ထနယ်ကို ရည် ရွယ်ပြီးပြောတဲ့စကားဟာလဲ ပရမတ္ထနယ်သားတို့အတွက် မှန်တဲ့ စကားပါဘဲတဲ့။ လူကို လူမဟုတ်ဘူး။ နာမ်ရုပ်သာ ဟုတ်တယ်လို့ ကျမ်းဘုရားကျိမ်ထွယ်ပြီး ငြင်း ရဲ တယ် ဆိုတဲ့ လူရှိသလား၊ အဲ ဒီ စ ကား နှစ် သွယ် မှာ လူဆိုတာ သမုတိသစ္စာဘဲ။ လောကပညတ်အားဖြင့် မှန်တာ၊ နာမ်ရုပ်

ဆိုတာ ပရမတ္ထသစ္စာဘဲ။ သဘောတရားအားဖြင့် မှန်တာ။ ကဲ-ဆဲဒီစကားတွေ ထား လိုက် တော့။ နောက် များ မှ ပြောခုန်းမယ်။ အင်း-သူတို့စကားက (ရုပ်ဝါတ်သက် ဆက်၍ လည်မြဲပင်)ဆိုတဲ့ ပါဠိတော်ကြီးကို အကိုးအကား ပြုထားတယ်။ အို-လူသား၊ အဲဒီရုပ်ဝါတ်သက်လျှ ဆိုတဲ့ သူတို့ရဲ့ စကားဟာ၊ လေကို အသက်လို့ ဆိုထား ခဲ့ ပါ သဖြင့်၊ ဒီနေရာမှာ ဆဲဒီ လေကို ရုပ်သက်လို့ ဆိုတာဘဲ။ ကဲ-လူသား၊ ဒါဖြင့် ယခု ဘဝမှသေရတော့ နောင်ဘဝသို့ လူဖြစ်ဘို့ ကူးသွားတာဟာ လေဘဲလို့ ဆိုထားတာပေါ့။ အို လူသား၊ သူတို့ရဲ့စကားဟာ သေသွားတဲ့ လူ ရုပ် ကို မြေမြှုပ်တော့ အဆုံးသတ်သဖြင့်၊ နောက်ထပ်ပြီး ဘဝမျှ မဖြစ်ဘဲ၊ အသစ် ဘဝမကူးဘူးလို့ ရှေးဦးက ဆိုထားတဲ့ အဘိဓမ္မာဆရာတို့ရဲ့ စကားကို လူများက လက်မခံလျှင် ဆဲဒီရုပ်မပျက်ပြန်ဘဲ တဆက်ပြန်ပြန်ပြီး လူ ဖြစ် ဖြစ် သွား တယ်လို့ တမူသစ်တဲ့ စကားနဲ့ ထုတ်ခါပြုပြီး၊ ရုပ် ဝါဒ အယူမှားကို လူအများ မဆန့်ကျင်အောင် ဖြန့်ချင်တဲ့ အတွက် အသက်ကို လေရုပ်လို့ ဇာကေဝုစ်ပြောတဲ့ စကား ဘဲ။ ကဲ-လူသား၊အသက်ကို လေရုပ်လို့ ဇာကေဝုစ်ပြောထား လျှင်(ဝါ)နိုးထူးဆိုတဲ့စကားလို၊ လေရုပ်မှတပါး အခြား သော အရာ၊ အသက်ဆိုတာမရှိ၊ လေသာလျှင် အသက် ဖြစ်၏လို့ တည့်တည့်မတ်မတ် ဆုံးဖြတ်ပြီး၊ ဆုံးသတ်စေ ဘန်ထားလျှင် ဟို-ရှေ့နားက ကျွန်ုပ်ပြောဆိုရေးသားပြီး ထားခဲ့တဲ့စကားအတိုင်း၊ရုပ်သက်တည်းဟူသော လေတွေ

ထုတ်လို့ရို့ နှာမှုတ်တဲ့ နှာသမားဟာ နှာမှုတ်ရင်း လဲသွားပြီး၊ အမဲသားဖြစ်စရာပေါ့။ ဘာကြောင့်လဲဆိုတော့ ရှုပ်သက်ဆိုတဲ့ လေတွေကို မှုတ်မှုတ်ပြီး၊ ပြင်ဘက်သို့ထုတ်နေရာ လေရုပ်သာ အသက်မှန်ပါလျှင်၊ မပြန်လာတဲ့ လေအသက်ကြောင့်၊ ခန္ဓာကြီး ကြွေပျက်လို့ ခွေလျက်လဲစရာဘဲ။ ကဲ-တခါ စဉ်းစားရန်း။ သူတို့က အငြင်းစကားတွေနဲ့၊ လင်းပါးစရာရှိနေတယ်။ ဘယ်လို ရှိနေသလဲဆိုတော့ အိရ်-ဒိဗိန္တာသာမိဆိုတာ တောဘုန်းကြီးပါ။ အဲဒီတောရွာမှ ဘုန်းကြီးငမ္ဘားက အမောရှာမှရတဲ့ ငှက်ပျော၊အုန်းသီးစားပြီး၊ အပြောစကားလုံး ကြီးကြီးထွားထွားနဲ့ ငါတို့ကို မွှေသော်လဲ၊ မြှုနေတဲ့ဆရာသခင်၊ စတာလင်ရဲ့ လူတရတို့ကို သူဘုလို့ ဘယ်မှာ ရမလဲ။ အဲဒီ လေဆိုတဲ့ ရုပ်သက်ဟာ၊ ထွက်တာဒါ သူသိတယ်။ ပြန်ဝင်တာကို သူမသိဘူး။ ရှူထည့်လိုက်တဲ့ လေက ပြန်ဝင်တယ်။ တဖန် မှုတ်ပြီး ထုတ်လိုက်တော့ ထွက်သွားတယ်၊ အဲဒီလို ပြန်ဝင်လိုက်၊ ထွက်သွားလိုက်၊ ပြန်ဝင်လိုက် ထွက်သွားလိုက်နဲ့၊ အဝင်အထွက် ဆက် ဆက် သွား တော့၊ အသက်ဆိုတဲ့ လေတခြား၊ ခန္ဓာကိုယ်ဆိုတဲ့ရုပ်တခြား ဘယ်တော့မှကွဲမသွားနိုင်တဲ့အတွက် အမြဲအါးဖြင့် အသက်ရှင်တယ်လို့ သို့ကလို အငြင်းပွားပြီး၊ လေရုပ်ဟာ အသက်ပဲနဲ့၊ အ ရှက် ကွဲ မဲ့ အတင်းစကားတို့ဖြင့်၊ လင်းပါးစရာရှိနေတယ်။ သတိဆေ-လူသား အမှန်ကို သိသွားအောင်၊ သတိထားပြီး တွေးစမ်းပါ။ ကဲ-အဲဒီ လူသေလူဖြစ်ဆရာတို့ကိုဘဲ လူဟာ ဘာ

ဖြစ်လို့ သိသလဲလို့ ဆဲဒါလို မေးစမ်းပါ။ ဆဲဒီလို သင်က မေးလျှင်၊ ဘယ်လိုများ အဖြေပေးမလဲလို့ သင် တွေး ပြီး ပြောစမ်းပါ။ အေး-ဟုတ်တာပေါ့ လူသားရဲ့၊ အသက်ရှိ လို့ သိတယ်ဆိုတာကို ဟိုဆရာတွေက အဖြေပေးမှာဘဲ၊ ကဲ ဆဲဒီလို အဖြေပေးလျှင်၊ အို-ဆရာတို့၊ အသက်ရှိလို့ သိပါလျှင်၊ အသက်ဟာလဲ လေဘဲလို့ ဝေခွဲပြီးပြောခဲ့ပါ တယ်၊ ဆဲဒီ လေဆိုတဲ့ အရာဟာလဲ များစွာမှ လျှင်မြန်လို့ အင်မတန်အရှိန်ကောင်းသဖြင့်၊ဝတိ်စောင်း မိုဃ်းအထက် ကိုတောင်၊ ထိုးတက်ပြီး သွားနိုင်ပါတယ်။ မြေပေါ်မှာ သွားလျှင်တော့ ရထားနှင်တာထက် အမြန်ပေါက်ပြီး၊ မြန် ရောက်တော့လဲ ခဏကလေးပေါ့။ ဆဲဒီတော့- ဟောဒီက ရှောက်ပြေးလိုက်လျှင်၊ ၅ မိုင် လောက် ပဲ ဝေး ပါတယ်။ ကမ္ဘာဇရဲ့ အရှေ့၊ ဆစ်ဖုံတို့၊ ဝါး ဝယ် ချောင် တို့၊ ပေါက် တလောက် စသည်တို့နှင့်တကွ၊ ကိုရွှေဘို့ မလှတင်တို့ပါ ပေါင်းကြပြီး ကျောင်းအမကြီး ဒေါ်လှရွှေနှင့် သားသမီး တွေပါ ဆောက်လုပ်လှူဒါန်းပြီး ထားကြတဲ့ အရှင်ညာဏ ဒဿနရဲ့ သာသနာ့ပါလဆိုတဲ့ကျောင်းကို ကောင်းကောင်း ကြီး တွေ့ပါလိမ့်မယ်။ ဆဲဒီလိုတွေ့လျှင်၊ အရှင်ညာဏ ဒဿန နေထိုင်ကောင်းမကောင်း၊ အကြောင်း ကို သိရ အောင် ဆဲဒီ သိတယ်ဆိုတဲ့လေအသက်ကို တချက်လောက် အကြည့်ခိုင်းပါ။ တပည့်တော်ကတော့ ခြေထွှမ့် ဘုရားဖူး သာလို့ ဆဲဒီကျောင်းကိုလဲ မသွားဘူးတာကြောင့်၊ ဓမ္မသုခ ဘိုက် စကြံကျောင်း ဆ ရာ တော် ဦးကောဓိယဌာန်မှာ

ဘဲ။ ဆဲဒီ လေဆိုတဲ့ အသက် ပြန်မလာခင်၊ စောင့် ဆိုင်းပြီး နေနိုင်ပါမယ်လို့ ဆဲဒီလို ပြော။ အေး-ဆဲဒီလို သင်က ပြောလျှင်၊ ဟောဟို-ရှင်ဥက္ကဋ္ဌဗွာန်မှ ဘယ်လိုများ အဖြေပြန်ရမလဲ။ ဆဲ-ဟုတ်တာပေါ့ လူသားရ။ ကပ် ကပ် သပ် သပ် နဲ့ မဟုတ်မဟုတ်တာတွေ ရှောက်ပြီး ပြောတယ်လို့ ဟောဒီလို အဖြေပေးမှာဘဲ။ ကဲလေ—လူသား၊ တောတွင်းမှ ရူးတဲ့ သူးကို တောထဲက သူးနဲ့ဘဲ ထွင်တူးနှုတ်ပယ်ရမယ်ဆိုတဲ့ ကျွန်ုပ်ရဲ့ ရှေ့စကားအတိုင်း၊ လူသေလူဖြစ်ဆရာများက တိုင်းသူပြည်သား လူအများတို့ကို သူးနဲ့တူ ဘဲ့လုပ်ဇာတ် မဟုတ်မဟုတ်တဲ့ ဝါဒစကားတို့ဖြင့်၊ ကပ်ကပ်သပ်သပ် ရူးထားတော့ ကျွန်ုပ်တို့ကလဲ ကပ်ကပ်သပ်သစ်ပဲ နှုတ် ထွင်ပယ်ရှားရလိမ့်မယ်။ အို-လူသား၊ ခုတင်က စကားတို့မှာ၊ လေရုပ်သာ အသက်မှန်ခဲ့ပါမူ၊ လျှင်မြန် စွာ လဲသွားနိုင်ရမယ်။ လျှင်မြန်စွာ သူသွားပြီး၊ ဘသူများတယ်၊ ဘသူမာတယ်၊ အရှင်ညာဏဒဿနံ ဘယ်လိုနေတယ်ဆိုတာကိုလဲ သေသေချာချာကြည့်နိုင်ရမယ်။ သေသေချာချာကြည့်ပြီးတော့ မှန်ရာကိုလဲ သိနိုင်ရမယ်။ သိတဲ့အတိုင်း အမြန် ပြန်လာပြီး၊ မှန်တာကိုလဲ ပြောနိုင်ရမယ်။ ဟောဒါ-လေရုပ်သာ အသက်စစ်လျှင်၊ ဖြစ်နိုင်တဲ့ တရားချည်းဘဲ။ ကဲ-ဖြစ်ကောဖြစ်ရဲ့လား လူသား။ ဩော် မဖြစ်ဘူးလေး။ အေး—ဆဲဒီလို မဖြစ်ပါလျှင်၊ အသက်ဆိုတဲ့ လေ ရုပ် မှာ သိတယ်ဆိုတာကော ဟုတ်ပါ့မလား၊ အေး—မ သိ လျှင် အသက်မဟုတ်ဘူး။ ဇီဝမဟုတ်ဘူး။ အတ္တ မ ဟုတ်ဘူး၊

ဝိညာဏ်မဟုတ်ဘူး။ နာမ်မဟုတ်ဘူး။ အမှန်ကို စစ်ထုတ်လျှင်၊ ရုပ်သာလျှင် ဖြစ်တယ်၊ အဲဒီ လေရုပ်ကိုပဲ သူတို့က အသက်လုပ်ထားတယ်။ အဲ–လူသား အဲဒီလို ပြောဆိုထားတဲ့ သူ့ဘုံစကား လေအသက်ဟာ ဟိုဘက်က ဘဝတပါးသို့ကူးသွားရန်မဆိုထားနဲ့၊ လေ ဟု ် နှင့် မကြာခြေးပြီး၊ ကမ္ဘာအောင့် က၊တွေ့ရမဲ့ ကျောင်းကိုတောင်၊ကူးပြောင်းလို့ အရှာမသွားနိုင်လျှင်၊ ဘာလားညာလားနဲ့ အမျိုးမျိုးသော အဝါအကြွားတွေကို မဟာအမွှားတွေသာ မှတ်လိုက်ပေတော့ နောက်ထပ်ပြီး ကျွန်ုပ် ပြော အုန်း မယ်။ ဟောလေ လူသား၊ အဲဒီလူသေလူဖြစ် ဆရာများဟာ၊ ဘာစကားကိုဘဲ ပြောပြော၊ ဘာသဘောကိုဘဲ တွေးတွေး၊ ဘာအရေးကိုဘဲ ဆိုဆို၊ ရုပ်ကိုသာ အဓိက လုပ်လုပ်ပြီး၊ စားချင်တာလဲ ရုပ်၊ စားတာလဲ ရုပ် သွားချင်တာလဲ ရုပ်၊ သွားတာလဲ ရုပ်၊ ဘိထယ်၊ ကြဲတယ်၊ ဝေဘန်တယ်ဆိုတဲ့ အလုပ်ဟာလဲ နာမ်မဟုတ်ဘူး။ ရုပ်ရဲ့ ဂုဏ်ပုဒ်လို့ အဲဒီလို အကျွန်ချုပ်ပြီး၊ ရုပ်ချည်းဘဲ ဆိုနေတော့ အဲဟို-ကိုအိုးချီ ဆိုတဲ့အနှိပ်သမားကြီးကို သွားပြီးတော့ အမှတ်ရမိတယ်။ ဘယ်လို အမှတ်ရမိသလဲဆိုတော့ အဲဒီ ကိုအိုးချီဆိုတဲ့ အနှိပ်သမားကြီးဟာ တခြားက အနှိပ်ဆရာတွေလို၊အနှိပ်စာတွေကိုလဲ မရှာဘူး။ နှိပ်တဲ့အခါကျပြန်တော့လဲ ဟန်ရအောင် မနှိပ်တတ်ဘူး။ သူပြော လူ ပြော လျှောက် သာမှတ်လို့မို့ ရင်ဘတ်နာလဲ ဝမ်းဗိုက်နှိပ်တာဘဲ။ခြေထော့နာလဲ ဝမ်းဗိုက်နှိပ်တာဘဲ။ ခေါင်းကိုက်တာလဲ ဝမ်းဗိုက်

နှိပ်တာဘဲ။ တိုတိုပြောကြပါဗို့ လူသားရာ။ဘာရောဂါဘဲ
လာလာ၊ ဝမ်းဗိုက်ကိုချည်း နှိပ်တာဘဲ။ တနေ့သောအခါ
ကျတော့ အင်းစိန်မြို့အပိုင်၊ ရခိုင်ရိုးကြီးရွာ၊ ရဟန်းဒါယ
ကာ မောင်လူခိုက ဆဲဒီအနှိပ်သည် ဦးဘိုးချိုကို ကျွန်ုပ်ကို
နှိပ်ဖို့ရာ ငွေပေးပြီး ခေါ်လာတယ်၊ ကျွန်ုပ်ရဲ့ ပခုံး
လေးပါး ဒါယကာတွေပေါ့လေ ကိုသန်းဖေတို့၊မထွားတို့၊
မတုတို့၊ မမယ်တင်တို့၊ မငွေခင်၊ မငွေကျင်တို့၊ မကြွယ်
တို့ဆိုတဲ့ တကာ့မများကလဲ ကျွန်ုပ်ရဲ့အပါးမှာ ရှိသဖြင့်
အနှိပ်ဆရာရဲ့အနားက ကြည့်နေကြတယ်။ ဆဲဒီလို ကြည့်
နေတုန်းဘဲ ခြေသလုံးက ကိုက်ပါတယ်ဆိုတော့ ဝမ်း
ဗိုက်ကို နှိပ်ကရော၊ ဆဲဒီ နောက် တခါ၊ ခေါင်း မူး တယ်
ဆိုတာကို ကပြောကရာ အကြမ်းနှိက်ပြီး၊ ဝမ်းဗိုက်ကို နှိပ်
ပြန်ရော၊ ဆဲဒီလို ခြေသလုံးကိုက်တယ်ဆိုလဲ ဝမ်းဗိုက်ကို
နှိပ်၊ ခေါင်းကိုက်တယ်ဆိုလဲ ဝမ်းဗိုက်ကို နှိပ်နဲ့။ ဘာဖြစ်
တယ်လို့ဘဲ ပြောလိုက် ပြောလိုက်၊ ဝမ်းဗိုက်ကိုချည်းဘဲ
နှိပ်တော့ ကျွန်ုပ်လဲ စိတ်ဆိုးလာပြီး အိုး- အနှိပ်ဆရာ၊
ခင်ဗျားဟာ ဘာနာတယ်ပြောလိုက် ပြောလိုက်၊ ဝမ်းဗိုက်
ကိုချည်း နှိပ်တာဘဲ။ အနှိပ်ကျမ်းများကို ရှာ ပြီး ဖတ်၊
နှိပ်စတ်အောင် သင်ပါအုန်း။ဒီလိုချည်း ဝမ်းဗိုက်နှိပ်မှဖြင့်
ဆရာ့ကို ဘယ်သူသုံးမလဲ။ လုံးလုံးကို နားမလယ်ဘဲကိုလို့
ဆဲဒီလို ကျွန်ုပ်က ပြောရော၊ ဆဲဒီလို ပြောတော့ ဟောလေ-
ကိုယ်တော်၊ ဝမ်းဗိုက်မှာ ရှိတဲ့ အကျောကို ပထဝီကျော
ခေါ်တယ်။ ဘယ်ရောဂါဘဲ လာလာ၊ ဘာနာဘဲ ပေါ်ပေါ်၊

ထပည့်တော်ကို လာခေါ်လျှင်၊ ပထဝီကျောပေါ်ကို လှမ်းနင်းကပြီး၊ ဝမ်းမိုက်ကိုချည်း နှိပ်တာဘဲ။ စိတ်သာချလိုက်၊ ကောင်းပျောက်တယ်နဲ့ ပြုံးရယ် လျှောက်ထားလိုက်ပြီး၊ (ခေါင်းကိုက်ရောဂါ၊ ဖွဲ့သောခါ၊ မိုက်သာ ထက်နဲ့နှိပ်) (မခြနာ လက်နာ၊ ဖွဲ့သောခါ၊ မိုက်သာ လက်နဲ့နှိပ်)(မီးယပ်ဒုလာ၊ ဖွဲ့သောခါ၊ မိုက်သာ လက်နဲ့နှိပ်) (သွားကိုက်ရောဂါ၊ မျက်စိနာ၊ မိုက်သာ လက်နဲ့နှိပ်)အစရှိတဲ့ အနှိပ်ကျမ်းကို မကုန်မခမ်းနိုင်အောင် ရွတ်ပြတယ်။ ဆဲဒီလိုရွတ်ရွတ်ပြတဲ့ အလွတ်ရနေသော မိုက်နှိပ်ကျမ်းဖြင့် လိုက်နှိပ်နှိပ်ပြီး စမ်းလာခဲ့ရာ၊ ပျောက်တာတွေ များပါတယ်တဲ့။ ဟို–လေးငါးခြောက်နှစ်လောက် အခါများကတော့ ဝမ်းဖေါ ဝမ်းရောင်ဖြစ်နေဟဲ့ ရောဂါများကို မိုက်သွားပြီးနှိပ်မိလို့ လူတကျိပ်လောက်မှာလကသွားဘူးပါတယ်တဲ့ ဒို–လူသား၊ အနှိပ်သမား ကိုဘိုးချိုရဲ့အလား၊ လူသေလူဖြစ် ဆရာများဟာ ဘာစကားကိုဘဲ ဆိုဆို၊ ဘယ်ကိစ္စကိုဘဲ လုပ်လုပ်၊ ရစ်သာလျှင် ဟုတ်တယ်၊ ရပ်သာလျှင်မှန်တယ်နဲ့၊ နာမ်တရား လှန်ပယ်ပြီး၊ ကြံတယ်ဆိုတာလဲ ရုပ်ပဲ။ စဉ်းစားဝေဘန်တယ်ဆိုတာလဲ ရုပ်ပဲ။ တွေးတယ်ဆိုတာလဲ ရုပ်ပဲနှင့် ရုပ်ထဲချည်း အကုန်ထည့်လျက် ရုပ်နဲ့ချည်း အရမ်းပြောလို့မို့ ဝမ်းကျောချည်း အကုန်နှိပ်သလို၊ မထိတ်နဲ့ မကြောက်နဲ့၊ ဘုန်းကြီးတွေ ပြောဲတိုင်းဝမ်းမမြောက်နဲ့၊ ဘုန်းကြီးတွေ ခြောက်တိုင်း အရမ်းမကြောက်နဲ့၊ သူတို့ပြောက်တဲ့ နတ်ပြည်လဲ မရောက် ဘူး။

သူတို့ခြောက်တဲ့ ငရဲပြည်လဲ မရောက်ဘူး။ ခုဘဝ လူချုပ် ပျောက်လျှင်၊ နောက်ဘဝ လူပြန်ဖြစ်တာဘဲ။ ငရဲဆိုတာ အလကား၊ နတ်ပြည်ဆိုတာ အလကား။ အဲဒီလို ဖွဲ့မှား အောင် လူသေလူဖြစ် အလွဲသမားတွေက အလွဲ စကား တွေနဲ့ ဝမ်းကျောနှိပ်တော့ ဝမ်းဖေါ်ပဲ့ နိမိတ်ဝါဒသွမ်းမှ ဖြင့်၊ ကာလဝမ်း ထိမှာကို သိစရာ အလွန်ကောင်းတယ်။ ကံအကြောင်းလဲ မရှိဘူးတဲ့။ ဝိပါက်အကျိုးလဲ မရှိဘူးတဲ့၊ ကြည့်ဦးလေ-လူသား၊ လူသေလျှင် လူဖြစ်သွားတာဘဲတဲ့။ ကဲ-အဲဒီစကားဟာ၊ မြတ်စွာဘုရား ဟောတော်မူထားတဲ့ ကံတရားများကို စွန့်ပယ်တဲ့စကားတွေဘဲ မဟုတ်လား။ အို-လူသား၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို တွန်းလှန် ပြီး ပယ်ထားတဲ့ သူတို့ရဲ့ စကားတွေဟာ မှားနေပြီဆိုတဲ့ အကြောင်းကိုကော၊ ကောင်းကောင်းကြီး သိပါပြီလား။ အေး-ဟုတ်တာပေါ့ လူသားရဲ့။ သူတို့တွေ ရေး သား တဲ့ စာအုပ်ရဲ့ စာမျက်နှာ(၃၉၅)(၄၀၀)အရ၊ လူသေလူဖြစ် တယ်လို့ တစ်တစ်ခွခွ ဆုံးဖြတ်ပြီး ပြထားတဲ့ စကားလဲ မှားတာဘဲ။ အဲဒါမှတပါး (မနုဝပုနပ္ပဋ္ဌတိ)ဆိုတဲ့ ပါဠိ လဲ မှားတာဘဲ။ အဲ ဒါ ကြောင့် (မနုဿောနေဝပဋ္ဌတိ)လို့ ကျွန်ုပ်က ပြင်ထားခဲ့ပြီမဟုတ်လား။ (လူသေလူဖြစ်- သစ္စ ကထာ)ဆိုတဲ့ စကားတွေလဲ မှားတာဘဲ။ အဲဒါကြောင့် (လူသေလူဖြစ်-ညစ်စွကထာ)စသည်ဖြင့်၊ ကျွန်ုပ်ပြင်ထား ခဲ့ပြီ မဟုတ်လား။ (လူ၏သားစစ်- လူဖြစ်အစဉ်) ဆိုတဲ့ စကားတွေလဲ မှားတာဘဲ။ အဲဒါကြောင့်(လူမဖြစ်-စင်စစ်

မှတ်လိုက်ပါ)စသည်ဖြင့်၊ ကျွန်ုပ်ပြင်ထားခဲ့ပြီမဟုတ်လား။ (လူသေလျှင် လူမဖြစ်လျှင်ကောင့် ဘာဖြစ်မှာတုန်း)ဆိုတဲ့ စကားတွေလဲ မှားတာဘဲ။ ဒါကြောင့် (လူသေတိုင်း လူမဖြစ်ပါဘု-စင်စစ်မှတ်အုန်း)စသည်ဖြင့်၊ ကျွန်ုပ်ပြင်ထားခဲ့ပြီမဟုတ်လား။(ပြုသူကာရက အခွင့်မထင်)ဆိုတဲ့စကားတွေလဲ မှားတာဘဲ။အဲဒါကြောင့် အလို ဒီစာသွားကိုတော့ ပြင်မထားမိသေးဘူးပေါ်တော်။ ဒီမပေါ်လေ လူသား၊ ယခုမှ သတိရလျှင်လဲ၊ ယခုဘဲ ပြင်လိုက်ရမှာပေါ့။ ရှေ့ရှေ့-ဟောဒီအတိုင်းဖတ်-

## ပြုသူကာရက အခွင့်ပထင်စသော ကဗျာသွားကို ပြင်ထားပုံ

ပြုခံဘာရက၊ ဝေဒကမမြင်၊
ပရမတ် ပညတ်၊ ခွဲဖြတ်မဆင်ခြင်၊
ပြုခံကြောင်းကျိုး၊ လှည့်ရိုးစက်တွင်၊
ရုပ်မဆက်၊ နာမ်သက်လည်မြဲပင်-လို့

သို့ကလို ပြင်လိုက်ပြီ လူသားရေ့။ အဲဒါမှတပါး၊ လူသေ လူဖြစ်ဆိုတဲ့ ကျမ်းကြီးကို ချီးမွမ်းပြီး ရေးထားတဲ့-

လူ့စခန်း ဥဒါန်းနောင်ဝင်မျှော်၍ပေါ်တောင့်ပေါ်ခဲ
ပေါ်ထွန်းလာ၊ ဆန်းသစ်တဲ့ အဘိဓမ္မာရို့၊ ကဝိ
ပညာဝါတို့ ကျင်နစခွာ ဤစာရင့်ကိုချီးမြှင့်လက်ဖွဲ့-

သိုတဲ့ ရှင်ဥက္ကာဓမ္မတို့ရဲ့ ဒွေးချိုးအသွားကိုလဲ-
လူ့စခမ်း၊ ဥဒါန်းနှောင်အစဉ်ရှေ့ဘို့၊
ပေါ်တောင့်ပေါ်ခဲ့၊
ထွန်းပေါ်လာ၊ ယုတ်ညစ်တဲ့ အပိဓမ္မာရို့၊
ကာဝိပညာဝါတို့၊ မြင်ပါသော် ထိုစာအုပ်ကို၊
ခွဲဆုတ်လိုက်ပြ-သို့

သို့ကလို ပြင်ထားခဲ့ပြီ မဟုတ်လား။ အို-လူသား၊ လူသေ လူဖြစ် ခြ စား အိမ် ကြီး ကို တရှိန်တည်း မြှိုမသွားအောင် မြှိုသွားလိုက်ရင်း ပြန်မတ်လိုက်ရင်း မြှိုသွားလိုက်ရင်း ပြန်မတ်လိုက်ရင်းနဲ့ ခပ်ရှင်းရှင်းဖြိုဖျက်ခဲ့ရာ၊ ဝိုင်းတွန်းခါ အုံမခွဲဘဲနဲ့ တိုင် ယက်မ၊ ထုတ်၊ ဆင့်၊ အမိုးတို့ပါ ပြုတ်လွင့်ကျိုးအကုန်ကွဲလို့ရို့၊ ပုံလဲပြီး ကျသွားပြီမဟုတ်လား။ အေး- ဘာများလိုသေးသလဲ။ ဪ..... လူသေလူဖြစ်ခြစားအိမ်ကြီးသို့ လိန်နည်းကို သိကြတဲ့ ပညာရှိအလာမလွယ်အောင် အကာအကွယ် အပေါင်ခပ်သကဲ့သို့ ပေါင်တတ်တဲ့ ခွေးအလား၊ မလျောက်ပတ်တဲ့ ဘေးစကားတို့ဖြင့်၊ရေးသားကာ ထုတ်ပြပြီး၊ ဗုဒ္ဓကို ဂုဏ်ယုတ်အောင်၊ ဓမ္မကို ဂုဏ်ယုတ်အောင်၊ သံဃာကို ဂုဏ်ယုတ်အောင်၊ ဘာသာနဲ့ သာသနာပါ၊ အရာရာ ဂုဏ်ယုတ်အောင်၊ ဥာဏ်နုသူ လူအများတို့ကို၊ အယူမှားတို့ အကုန်လုပ်လျက်၊ ခြုံ့အုပ်ပြီး သိမ်းကြုံးဆဲတဲ့၊ ဘုန်းအတုံးအခဲနှိုင်းစကားတို့ကို၊ ဝိုင်းခြားကာ ဝေဘန်၍၊ အဖြေမှန် ကိုင်

တွယ်ပြီး ရှိင်ဖယ်တည်းဟူသောဖေါင်တိန်၊ ကလောင်ရှိန်မှင်သေနတ်နဲ့၊ ကြွေပြတ်အောင် ပြစ်ပါအခုန်းဆိုပါတော့-

**ဘာသာနှင့်သာသနာပြင် ရတနာသုံးပါးကို ကျောနိုင်းပြီး၊ ရှိင်းစိုင်းယုတ်မာသော အရေးအသားတို့ကို ပယ်ရှားတွန်းလှန်ပြီး ပြချက်။**

## ဘာသာကို စော်ကားခြင်း

ဒိုဂ်-လူသား၊ အဲဒီလူသေလူဖြစ်ဆရာများဟာ ဘာသာကို စော်ကား၊ သာသနာကို စော်ကား၊ ရတနာသုံးပါးကို စော်ကားနဲ့၊ မတော်မတရား၊ ကျော်သွားကျူးလွန်ပြီး၊ ထူးကူးချွန်ချွန် ရေးသားထားသည်တို့မှာ များစွာဘဲ ရှိနေတယ်။ ကြည့်လေ-လူသား စာမျက်နှာ(၁၄၁)မှာ ဘယ်လိုများ ရေးထားသလဲ။ ကဲ-ကဲ-သင် လူသားဘဲ ဖတ်စမ်းပါ။ ရော့-ဟောဒါ စာမျက်နှာ(၁၄၁)ပေါ့။

ဩော်— ကပ္ပါလောကယ္ဂိ အကြွင်အချပ်ဒေသ၌ အကြွင်အခါသမယတွင် ဘာသာတရားတွန်းကား၏။ ထိုအရပ်၌ ထိုအခါတွင် မှောင်အတိကျလေတော့၏။ ဘာသာရေးဆိုင်ရာ ဖုန်းတော်ကြီးတို့သည် ဆင်ခြင်တွေးတောမှု၊ စိစစ်ဝေဘန်မှု ဟူသော ဝိမံသနှင့် ဝိစာရဏာတို့၏ရန်သူအစစ်တွေဖြစ်ခဲ့ကြလေပြီ။ သူတို့သည် သိုးကျောင်းသားများဖြစ်၍ လူထုသည် သိုးအုပ်ကြီး

ဖြစ်ခဲ့လေပြီ။ သူတို့ရဲ့ တခုတည်းသော တာဝန်ဝတ္တရားကား၊ ဝိစာရဏာဟူသော ဝံပုလွေများ သိုးအုပ်တွင်းသို့ မဝင်နိုင်အောင် တားဆီးရန်ပင် ဖြစ်ခဲ့လေပြီ။ တဲ့လား။

အေး- အဲဒီစကားတို့ကို သင် လူသားသိတို့က မည်သည့်ဘာသာမျိုးမဆို၊ ထိုထိုသော ဘာသာများ ထွန်းကားရာ ရပ်ရွာနယ်တို့၌၊ ဝိမံသဝိစာရဏာဆိုတဲ့ အဝဂသော စဉ်းစားဉာဏ် ဝေဘန်တွေးတာ၊ ဘုရားရဲ့ တရားရယ်လို့ မဆင်ခြင်၊ သံဃာ့ရဲ့စကားရယ်လို့ မဆင်ခြင်၊ မိဘဆရာသမားတို့ကို အစထားပြီး လူကြီးသူမများရဲ့ စကားရယ်လို့ မဆင်ခြင်ပဲ၊ ကိုယ်ထင်ရာကိုယ်ပြောနိုင်တဲ့ လွတ်လပ်တဲ့သဘောဟူသမျှဟာ မှောင်အဘိကျသွားတာပဲတဲ့။ သူတို့ရဲ့ ဆိုလိုရင်းက၊ ဘုရား၊ တရား၊ သံဃာကို အစထားလို့၊ မိဘဆရာသမားများကို ဆဲလျှင် ငရဲကြီးတယ်။ ငါးပါးသီလကို ကျူးလွန်လျှင်လဲ ငရဲကြီးတယ်။ ဘုရားဟောတဲ့ တရားကို မယုံလျှင်လဲ ငရဲကြီးတယ်လို့ အသွယ်သွယ် ညာညာလာတဲ့၊ ဘာသာဆိုတဲ့ မှောင်ကဖုံးသဖြင့်၊ တွေးလုံးကြံလုံး၊ မှန်မမှန် ဝေဘန်တဲ့ ဉာဏ်တည်းဟူသော ဝိမံသနဲ့၊ ဝိစာရဏာ ဝိစစ်လုံးတွေဟာ၊ အညွန့်တုံးပြီး အလင်းမရောက်နိုင်ဘဲ၊ ကင်းပျောက်ပြီး သွားရတော့တာဘဲတဲ့။ အဲဒီဘာသာတည်းဟူသော မှောင်တရားတို့ဖြင့်၊ စဉ်းစားဝေဘန်ဉာဏ် ကင်းပျောက်သွား

အောင်၊ အားလုံးကုန်သော လူသားတို့ကို ရဟန်းသံဃာ ဆိုတဲ့ ဘုန်းကြီးများက အမြဲတန်း လွှမ်း အုပ် ဖုံး ဖိ ပြီး ထားတာဘဲတဲ့။ အဲဒီရဟန်းသံဃာဆိုတဲ့ ဘုန်းကြီးများဟာ သိုးကျောင်းသားတွေသာ ဖြစ်ပါတယ်တဲ့။ လူထု တကာ တကာမများဟာကတော့ သိုးတိရစ္ဆာန်များသာ ဖြစ်ပါ တယ်တဲ့။ အမှန်မှာ အဲဒီသိုးကျောင်းသားတည်းဟူသော ဘုန်းကြီးများဟာ၊ သိုးတိရစ္ဆာန်တည်းဟူသော လူသား တွေကို တခြားက ရပ်ဝါဒတည်းဟူသော ဝိမံသဝိစာရ ဏာဆိုတဲ့ အကြံညာဏ် ဝံပုလွေများ လာမစားအောင်၊ ဘာသာတရားတည်းဟူသော မှောင်ကြီးနဲ့ တားဆီး ကာကွယ်ပြီး ထားပါတယ်တဲ့။ အဲဒီ သူတို့ရဲ့ စကားတွေ ဟာ၊ အားလုံးကုန် မှားတာကို သင် လူသား သိမှာပေါ့။ သို့သော်-ဥပမာကလေးကိုတော့ ပြင်ပြီး ပြောခုန်းမယ်။ ဟောလေ-လူသား၊ သူတို့ရဲ့ ဥပမာစကားက၊ ဘာသာ တရားကို ဟောကြားတဲ့ အားလုံးသော ဘုန်းကြီးများကို တော့ သိုးကျောင်းသားများနဲ့ ဥပမာ တူသတဲ့။ လူသား တွေကိုတော့ သိုးတိရစ္ဆာန်များနဲ့ ဥပမာတူတယ်တဲ့။ ဟို ရှေ့နားက စကားအရ ဘာသာတရားကတော့ အမှောင်နဲ့ တူတယ်တဲ့။ သူတို့ရဲ့ ဝိမံသ ဝိစာရဏာဆိုတဲ့ ကြံကြံဖန်ဖန် ရုံစမ်းတဲ့ ညာဏ်များကတော့ ဝံပုလွေများနဲ့တူတယ်တဲ့။ ကျွန်ုပ်ရဲ့အယူကတော့ သူတို့ကို ဆိုတာဘဲလို့ အဲဒါကို ယူထားတယ်။ အဲဒီဥပမာများဟာ အားလုံးကုန် မှားတယ်။ အမှန်ဆိုထိုက်တဲ့ ဥပမာစကားကတော့ ဘာသာတရား

ကို ပောကြားတဲ့ ဘုန်းကြီးများဟာ နတ်များ၊ သိကြား များနဲ့ ဥပမာတူတယ်။ ဘာသာတရားများကတော့ အဲဒီ နတ်များ၊ သိကြားများရဲ့ ကိုယ်မှထွက်ကြတဲ့ အရောင် အဝါများနဲ့ ဥပမာတူတယ်။လူသားများကတော့ လူသား များနဲ့ဘဲ ဥပမာတူတယ်။ ရဟ်ဝါဒကိုဖြန့်နေကြတဲ့ရှင်ဥက္ကဋ္ဌ စသည်တို့ကတော့ ဝါဒစွယ် ပြူးနေကြတဲ့ သူရဲ ဘီလူး တွေနဲ့ ဥပမာတူတယ်။ ရဟ်ဝါဒကတော့ အဲဒီရှင်ဥက္ကဋ္ဌတို့ တစ္ဆေ ဟူသော ဘီလူးသူရဲတို့ရဲ့ ကိုယ်မှထွက်တဲ့ ကိုယ် ရောင် ကိုယ်ဝါမဟုတ်ပဲ၊ ကိုယ်မှောင်ကိုယ်မဲတွေနဲ့ ဥပမာ တူတယ်။ အဲဒီရှင်ဥက္ကဋ္ဌအစရှိတဲ့ ဘီလူးသူရဲများဟာ၊ လူ သားတွေနှင့် တကွ၊ လူသားတွေရဲ့ ဝတ္ထုပစ္စည်းဟူသမျှ တို့ကို လူသားတွေ မမြင်အောင် မှောင်ချပြီး၊ ချောင်သမျှ ဆွဲမယ်လို့ သူတို့ရဲ့ ကိုယ်မှောင်ကိုယ်မဲတို့ဖြင့်၊ တခါထဲ လွှမ်းဖုံးပြီး အခုတော့၊ ရ ဟန်း ဘုန်း ကြီး လုပ် နေ ကြ တဲ့ သိကြားနတ်တွေက တရားမြတ် ကိုယ်အရောင်လင်းတာ ကြောင့်၊ အနားမကပ်နိုင်ပေါင်ဆိုပြီး ဆုတ်ခွာကြလို့ရို့၊ ရဟ်ဝါဒသိုမှောင်မသွင်းနိုင်သဖြင့်၊ မဟုတ်တာတွေ ပြုပြုပြီး ဟိုချောင်အတွင်းဆီက၊ ဂူထောင်ရင်း အသားလွတ်ကြိမ်း လို့ရို့၊ ဝတ်ထရိန်း– ဝတ်ထရိန်းနဲ့၊ ဇွတ်ပတ်နိုးပြီး ရန် စောင်၍ မာန်ထောင်ပြီး နေကြတာဘဲ။ ချောင်တဲ့အခါကျ တော့ ဝင်ခွေ့မလို့ပေါ့။

## ဘာသာရေး ဘုန်းကြီးများကို ပိုင်းခြားကာ လက်ညှိုးထိုးသကဲ့သို့ဘာသာအမျိုးမျိုးဖေါ်ခဲ့ပြီး ကလော်ဆဲထားကြခြင်း

အို-လူသား၊ ဟို-လူသေလူဖြစ်ဆရာများဟာ၊ ဘာသာတရားကောင်းအောင် သဘောနဲ့၊ ခေါင်းဆောင်သော ဘုန်းကြီးရဟန်းတို့ကို ခွဲခြမ်းကာ လက်ညှိုးထိုးသကဲ့သို့၊ နောက်တမျိုး ဆဲပြန်ပြီ။ ဒီမှာလေ-လူသား၊ စာမျက်နှာ (၁၄)နှင့်-စာမျက်နှာ(၁၅)တို့မှာ ဘယ်လိုများ ရေးပြီးထားပြန်သလဲဆိုတော့-

ဟိန္ဒူဘာသာဆိုင်ရာ၌ ဗြဟ္မာဏ ပုရောဟိတ်၊ ဆာဒူးစသည်တို့ကိုရင်း ဗုဒ္ဓဘာသာဆိုင်ရာ၌ ရဟန်းငယ်မှစ၍ သာသနာပိုင် (ဝါ) အဘိဓဇမဟာရဋ္ဌဂုရု တိုင်အောင်သော ပုဂ္ဂိုလ်တို့ကိုရင်း၊ ခရစ်ယာန်ဘာသာ ဆိုင်ရာ၌ ပါဒရီမည်သော သင်းအုပ်ဘုန်းကြီးမှစ၍၊ ဂိုဏ်းချုပ် ဂိုဏ်းအုပ် နောက်ဆုံး၌ ပါပရဟန်းမင်းကြီးတိုင်အောင်သော ပုဂ္ဂိုလ်တို့ကိုရင်း၊ မဟာမေဒင် ဘာသာဆိုင်ရာ၌မော်လဝီ၊ နာဇီစသည်တို့ကိုရင်း၊ ဖန်ဆင်းတည်ထောင်ခဲ့ကြသည် မဟုတ်တုန်လော။ ရင်းတို့သည်းကောင်းကင်ဘုံနန်းနှင့် ငရဲခန်းတို့၏ သော့ကိုင်များဖြစ်ခဲ့ကြရာ၊ ဟန်ဆောင်လုပ်ငန်း၌

ပဋ္ဌမတန်း ကျွမ်းကြင်သူများဖြစ်ခဲ့ကြသည် မဟုတ်တုန်လော။ ဟန်ဆောင် လုပ်ငန်း သည် သူ့ ဘ ဝ ၏ သင်္ချိုင်းစာဖြစ်၍ အကြောက်နှင့် အမျော်ကို ဆွပေးမှုသည်၊ သူတို့ရဲ့ သက်ထိန်းလုပ်ငန်းတရပ်ဖြစ်သည် မဟုတ်တုန်လော။ (ပ)၏ သို့သော နည်း အား ဖြင့်၊ လ,ကြွေ နှစ်ကျေ၍ အချိန်တွေ ညောင်းလာသောအခါ၊ လူသားသည် အကြောက်နှင့်အမျော်ကို ဗိန်းစွဲသလို စွဲ၍ လာလေတော့၏။

စသည်ဖြင့် ရေးသားထားပြန်တယ်။ အင်း- အဓိပ္ပါယ် တိုတိုကတော့ ဒီလိုတဲ့ လူသားရဲ့။ အထက် အဆိုပါ ဘာသာရေးခေါင်းဆောင်တွေဟာ၊ ကောင်း ကင် ဘုံ ဗိမ် နန်းနဲ့ ငရဲခန်းတို့ကို ပြောဆိုဟောပြတဲ့ နေရာမှာ၊ ငရဲနဲ့ ခြောက်၊ ကောင်းကင်ဘုံ ဗိမ်နန်းနဲ့ မြှောက်တဲ့ သင်္ချိုင်းစာ တို့၌ ပဋ္ဌမတန်း ကျွမ်း ကျင် လိ မ္မာ ကြ ပါ တယ် တဲ့။ အဲဒီ ကျွမ်းကျင်လိမ္မာကြတဲ့အလျောက်၊ ဟန်ဆောင်တဲ့လုပ်ငန်း မှာလဲ တကယ်တန်း တတ်မြောက်တိုင်း၊ ခြောက်မြှောက် ပြီးလာခဲ့ရာ၊ ရက်၊ လ၊ နှစ်အတော်ကြာတော့ ဘာသာဆို တဲ့ ဘိန်းစွဲပြီး၊ ငရဲကို ကြောက်တဲ့အတွက်၊ သူ့အသက်ကို မသတ်ရက်၊ သူ့ဥစ္စာကို မခိုးရက်၊ နတ်ပြည်ဘုံဗိမ်နန်းသို့ ရောက်ချင်တဲ့အတွက်၊ မ လှူ ရ မှာ ကြောင့် မ စား ရက်၊ ရဟန်းသံဃာ ဆရာသမား၊ အမိအဘတွေကို အစထားပြီး

လူကြီးသူမများကို တရားနဲ့ လျော်အောင် မပူဇော်မကာ
တော့နိုင်မှာကြောင့် မသုံးရက်ဘဲ၊ လူသားတွေ ပျက်ကုန်
ရောတဲ့။ ငရဲကို ကြောက်တဲ့အတွက်၊ စီးပွားရေးလဲ မတိုး
တက်ဘူးတဲ့။ မခိုးရက် မတိုက်ရက်နဲ့၊ မရိုက်ဝန့်တဲ့
အချက်တွေကို ပျက်တယ်လို့ ဆိုတာပေါ့။ အဲဒါ ဘာသာ
တရား ဘိန်းကို စွဲမျိုတဲ့ အတွက်ဘဲတဲ့။ ဘာသာတည်းဟူ
သော ဘိန်းဖျက်လို့၊ တိုးပွားတန်သလောက် မတိုးတက်
ဘဲ၊ လူသားတွေ ပျက်ကုန်ပြီဆိုတာပေါ့။ ဟို- ရှေ့နား
တုန်းကလဲ အဲဒီဘာသာတရားတွေအတွက် လူသားတွေ
အကျင့်ပျက်တယ်လို့ ရက်ရက်စက်စက် တခါဆိုခဲ့ပြီ။
ဒီမှာလေ လူသား၊ ဘာသာဆိုတဲ့ တရားကြောင့် လူများ
ဟာ အကျင့်မပျက်ဘူး။ ဘာသာက ထိန်းထားတဲ့အတွက်
သူ့ အသက်ကို သတ်မှု၊ သူ့ဥစ္စာကို ခိုးမှု၊ ဒုစရိုက်
ဆယ်ပါးဆိုပါတော့ လူသားရယ်။ တကယ် အားဖြင့်
များများကြီး မပြုဝန့်ဘူး။ ဘာသာကို စွန့်ထားလျှင်၊
ဘာသာကို ပယ်ရှားလျှင်၊ အလွယ်ဆုံး စကားနဲ့ ထင်ရှား
အောင် ပြောလိုက်မယ်။ ဟောလေ- ဈေးတွေကို အစ
ထားပြီး၊ တိရစ္ဆာန်များကို ကြည့်စမ်းပါ။ အကျွပ်မရှိတဲ့
ကြမ်း ပရမ်းပတာဆိုတာလို၊ ထင်ရာကို လုပ်ကြတာဘဲ။
ငရဲကိုလဲ မကြောက်ကြဘူး။ နတ်ရွာ နိဗ္ဗာန်ရယ်လို့လဲ
မတောက်ဘူး။ နေထိုင်ပုံ ကမောက်ကမနဲ့၊ ကြောက်စရာ့
အပြုအမူများကို၊ သင် လူသား မြင်တယ်မဟုတ်လား။ ဟိန္ဒူ
ကလဲ ဟိန္ဒူဘာသာတရားနဲ့၊ လူသားဖွေ မရိုက် မှား ရ

အောင်၊ ဆွဲဆောင်ထိန်းသိမ်းထားတာပဲ။ ခရစ်ယာန်ကလဲ ခရစ်ယာန်ဘာသာတရားနဲ့၊ လူသားတွေ မ မိုက် မှား ရအောင်၊ ဆွဲဆောင်ထိန်းသိမ်းထားတာပဲ။ မဟာမေဒင်ကလဲ မဟာမေဒင်ဘာသာတရားနဲ့၊ လူသားတွေ မမိုက်မှားရအောင်၊ ဆွဲဆောင်ထိန်းသိမ်းထားတာပဲ။ တရုပ် က လဲ တရုပ်ဘာသာတရားနဲ့၊ လူသားတွေ မမိုက်မှားရအောင်၊ ဆွဲဆောင်ထိန်းသိမ်းထားတာပဲ။ ဗုဒ္ဓဘာသာကလဲ၊ ဗုဒ္ဓဘာသာတရားနဲ့၊ လူသားတွေ မမိုက်အောင် ဆွဲဆောင်ထိန်းသိမ်းထားတာပဲ။ အဲဒီလိုထိန်းသိမ်းထားတဲ့အတိုင်း၊ လိုက်နာတဲ့သူများမှာ၊ အဲဒီ လိုက်နာပြုကျင့်တဲ့တံခိုးတရားကြောင့်၊ ဘယ်လောက်များအကျိုးများသလဲ။ ခုလောကမျက်မြင်အားဖြင့်၊ သင်လူသားကြည့်စမ်းပါ။ ဟောလေ-လူသား ယခုငါးပါးသီလလုံလျှင်၊ ယခုပင်သူ့အကျိုးက၊ လူသတ်မှုမဖြစ်ခြင်း၊ ခိုးမှုမဖြစ်ခြင်း၊ မုဒိမ်းမှုမဖြစ်ခြင်း၊ လိမ်သည့်မှုမဖြစ်ခြင်း၊ ရမ်းရမ်းကားကား စိတ်တွေ ကဖေါက်ပြားပြီး၊ မတော်မတရားတွေကိုမပြုသဖြင့် ဘာမှုမှမဖြစ်ခြင်းဆိုတဲ့ အကျိုးတို့ကို၊ လက်ငင်းထိုးပြနိုင်အောင်၊ မှချဘိုရတယ်။ အဲဒီတရားတွေကို ကျူးလွန်ကျော်လွှားလျှင်၊ ကျော်လွှားကျူးလွန်တဲ့ အမှုအားလျော်စွာ၊ အပြစ်တွေပေါ်လာပြီး တော်ရာ တော်ရာသော ပုဒ်မအတိုင်း၊ ခုမဆိုင်းမှုချ၊ အ ချုပ် သို့ ကျတဲ့အပြင်၊ ထောင်ရောက်ခြင်းဒုက္ခ တကျွန်းရောက်ခြင်း ဒုက္ခ ကြိုးပေးခံရခြင်း ဒုက္ခတို့ကို၊ လုပ်သမျှအမှုအတိုင်း ခုမဆိုင်းခံရမယ်။ အဲဒါကြောင့်

ဘာသာဆိုတဲ့ တရားဟာ၊ လူများကို ထိန်း သိမ်း ထား
သဖြင့်၊ ယဉ်ကျေးမှုတိုးပွားလို့ ရာဇဝတ်မှုတွေ နဲ့ပါးပြီး၊
လူသား၌ အကျိုးများသည်မှာ၊ အလွန်ဘဲ ထင်ရှားတယ်။
ငါးပါးသီလကိုသာ၊ လူမြင်တိုင်း စောင့်ထိန်းထားပါက၊
ကမ္ဘာသူကမ္ဘာသားတို့ဟာ ဘယ်တိုင်းပြည်ကမှ၊ ဘယ်
တိုင်းပြည် ကို မညစ်သဖြင့်၊ စစ် မ ဖြစ် နိုင် တော့ ဘူး လို့၊
တထစ်ချမှတ်ထား။ လူသေလူဖြစ်ဆရာတို့ရဲ့စကားတော့၊
အဲဒီဘာသာတရားဆိုတဲ့ ဘိန်း များ ကို ထိန် းသိမ်း စောင့်
ရှောက်နေကြတဲ့ ဘုန်းကြီးများဟာ၊ သူတို့ရဲ့ သက်ထိန်း
ဘာသာဖြစ်တဲ့အတွက် မပျက်အောင်စောင့်ရှောက်ပြီးနေ
ကြတာတဲ့။ ဆိုလိုရင်းမှ တော့ လူသားရယ် အဲဒီဘာသာ
တရားတွေကွယ်သွားလျှင်၊ ပေး လှူ မဲ့ လူတွေကလဲ ယုံ
ကြည်ချက်မထားတော့၊ အဲဒီဘုန်းကြီးဆိုတဲ့ ဘာသာထိန်း
ဆရာများဟာ၊ အစားရကြပ် အဝတ်ရကြပ်၊ အသုံးအဆွဲ
ရကြပ်နဲ့၊ အဲဒီလို အဘက်ဘက်တွေးရှုပြီး အသက်မွေးမှု
ကြပ်မှာကြောင့်၊ ဘာ သာ ရေး မပြတ်အောင်၊ သူတို့က
စောင့်ကြပ်လို့ နောက်ထင်ပြီး သင်္ဂါယနာ တင်တာပါတဲ့။
ဒီမှာဂလ-လူသား (၉၇)စာမျက်နှာမှာ၊ ဟောဒါလို ရေး
သားထားပြန်တယ်။

ဘာသာရေးဝန်ထမ်းဖြစ်ကြကုန်သော ဖုန်းကြီး
ရဟန်းများသည် ရွှေငွေစသော လာဘ်လာဘငါးကို
မျှားသူ၊ ဖမ်းသူတို့သာဖြစ်ကြရာ၊ ဓါတ်တော်၊ ဆံတော်၊

ဆံတော်၊ တောင်ဝှေးတော်၊ လက်ဝါးကပ်တိုင်တော် စသည်တို့ကို ငါးစုအဖြစ်ဖြင့် အသုံးပြုခဲ့ကြကုန်၏။

လို့ အဲဒီလို ရေးသားထားတယ်။ အတိုဆုံး အဓိပ္ပါယ် သွားကတော့ လူသားရယ်၊ဘာသာရေးဝန်ထမ်းဖြစ်ကြတဲ့ ဘုန်းကြီးရဟန်းများဟာ၊ တံငါသည်များရဲ့ အလား၊ ဓါတ်တော်၊ အံတော်အစရှိသော ငါး စာ များ ဖြင့်၊ တကာ တကာမတို့ရဲ့ လာဘ်လာဘအစားစား၊ ပစ္စည်းလေးပါး တည်းဟူသော ငါးတို့ကို၊ ဖမ်းသူ များသူများသာဖြစ်ကြ ပါတယ်တဲ့။ လူအ,တွေကို လိမ်ညာပြီး ယူနေတဲ့ လူလိမ် လူညာတွေလို့ ဆိုတာပေါ့ လူသားရယ်။ သူတို့လို ပညာ ရှိပြီး တတ်သိလိမ္မာတဲ့ လူများကတော့၊ ဓါတ်တော်၊ မွေတော်တွေဟာ၊ ဘာသုံးမှ မကျဘူးလို့ ဦးဦးက သိနှင့် ထားသဖြင့်၊ ဘယ်လိုများများ၊ နှစ်ပြားသားတောင် မဟုတ် ဘူးဆိုတဲ့ အဓိပ္ပါယ်ဘဲ။ အဲဒါကြောင့်- စာမျက်နှာ(၉၆) မှာ-

ယခုအခါ၌ မြင့်မြတ်သော ဓါတ်တော်၊ မွေတော် စသည်တို့ကို ဘာသာရေး အမှိုက် သ ရိုက် များ ဖြစ် သည်ဟု ကျွန်ုပ်တို့ သေချာထင်ထင် သိမြင်ကြကုန်ပြီ။ ၎င်းတို့ကို အသုံးပြုနေသော သူတို့သည် ယေဘုယျ အား ဖြင့် မရိုးမဖြောင့်သူတို့သာ ဖြစ်ကြကုန်၏။ ၎င်း တို့ကို အားကိုးအားထားပြုနေသော သူ တို့ မှ ကား၊ လူအ,များသာလျှင် ဖြစ်ကြကုန်၏။

လို့-သို့ကလို ရေးသားထားခဲ့တယ်။ ကဲ-ဘယ့်နှယ်လဲ လူသား ခုတင်က လူလိမ်လူညာတွေလို့ ရဟန်းသံဃာ ဘာသာရေးဆရာတို့ကို ဆိုထားတယ်ဆိုတဲ့ စကားဟာ၊ ထင်ရှားနေတယ် မဟုတ်လား။ ကဲ- ဒါဖြင့် အဓိပ္ပါယ် ရှင်းပြီးသားပေါ့။

## ကိုယ့်အိမ်၌ မီးလောင်စွဲသဖြင့် ကျူဆွဲတဲ့ ဆွေမျိုးကို သူခိုးလို့ ဆိုမလား

အို လူသား၊ ရှင်ဥက္ကဌတို့ရဲ့ ဥပမာစကားဟာ၊ ဘာသာရေး ဘုန်းကြီးများကို ငါးမျှားသူ ဆိုထားတယ်။ လူသားရဲ့ ပစ္စည်းများကိုတော့ ငါးတွေလို့ ဆိုထားတယ်။ မြတ်စွာဘုရားရဲ့ ဓါတ်တော် ဆံတော်အစရှိတဲ့ ကိုးကွယ်ရာများကိုတော့ ငါးစာများလို့ဆိုထားတယ်။အို လူသား၊ အဲဒီရှင်ဥက္ကဌတို့ရဲ့ ဥပမာစကားလို၊ ဘာသာရေး ဘုန်းကြီးများက မည်သည့်လူသားတို့ရဲ့ ပစ္စည်းဥစ္စာများကိုမှ တံငါက ငါးကို မျှားသလို၊ မတရားဆွဲဆောင်ပြီး၊ မကျော်အောင် လိမ်ညာလို့ ဘယ်အခါကမှ အလှူမခံဘူး။ ဘုန်းကြီးဟန်၊ ရဟန်းဟန်နဲ့၊ အဆန်းကြံနေတဲ့ လူအချို့ သာလျှင်၊ သူတို့ရဲ့ ငါးမျှားနည်းနဲ့၊စားဖါးကြီးလုပ်နေကြတာ။ ဒီမှာလေ-လူသား မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကို မေးသဖြင့်၊ အဖြေပေးတဲ့ စကားသဘောကို၊ နားစော စမ်း-လူသား၊ ဟောလေ-ဥပမာအားဖြင့်၊ သင် လူသား နေတဲ့ အိမ်ကို၊ တရှိန်တည်း မီးဝင်စွဲလျှင်၊ ဘယ်သူတွေ ပြေးပြီး၊

အရေးတကြီးလာကြမလဲ။ အဲ-ဟုတ်တာပေါ့ လူသားရဲ့။ သူများတွေ မလာပေမဲ့- ကိုယ့်ဆွေမျိုးတွေကတော့ အရေးတကြီးနဲ့ ပြေးပြီးတော့ လာကြပေမှာဘဲ။ ကဲ-အဲဒီလို လာပြီး၊ သူတို့ဟာ ဘာကို လုပ်ကြမလဲ။ အဲ-ဟုတ်တာပေါ့။ အဝတ်ထုပ်ကို ဆွဲတဲ့လူက ဆွဲ အိမ်ထဲသို့ အတင်းဝင်လို့ရို့၊ မြင်သမျှပစ္စည်းကို၊ တောင်းကြီးနဲ့ ထဲ့ပြီး၊ ယူတဲ့လူကယူ၊ ပုတာဒတွေ အရေးမထားနိုင်ဘဲ၊ အပြေးအလွှား အမြန်လာလို့ရို့၊ ထရံအကာတွေကို အတင်းဆွဲဖြုတ်ပြီး၊ ထမင်းစားခွက်ကို ထုတ်တဲ့လူက ထုတ်၊ အဲဒီလို လုပ်သလား။ ကဲ-ဒါဖြင့် အဲဒီလူများဟာ၊ သင်လူသား ခွင့်မပေးဘဲ အိမ်ထဲသို့ အတင်းဝင်ကြပြီး၊ မြင်သမျှတွေ ယူသွားတော့၊ သင်လူသား စိတ်ဆိုးလို့၊ သူခိုးတွေ မစွဲဘူးလား။ အို-စွဲရမယ်လေ-လူသားရဲ့။ ပစ္စည်းတွေလဲ ယူသွားတယ်။ မတော်မတရားလုပ်ပြီး၊ အိမ်က အမိုးအကာတွေကိုလဲ အတင်းဖြုတ်ထားခဲ့တယ်။ ဒါနဲ့တောင် သူခိုးဆိုလို့ရို့၊ သူတို့ကို မစွဲရဲဘူးလား။ ဩော်-မစွဲဘူး။ ကဲ-ဒါဖြင့် ဘာဖြစ်လို့ မစွဲရဲသလဲ။ အတော့်ကို စော်ကားတဲ့ လူတွေဘဲ။ သူခိုးမကဘူး ဓါးပြတောင် စွဲထိုက်တယ်။ ကဲ-မစွဲထိုက်ပေဘူးသား လူသားရဲ့။ ဩော်-မစွဲထိုက်ဘူး။ ကဲ-ဘာဖြစ်လို့ မစွဲထိုက်သလဲ။ အဲ-ဟုတ်တာပေါ့ လူသားရဲ့။ သင့်အိမ်ကို မီးလောင်ဝါးနေတော့ လူသားရဲ့ပစ္စည်းများဟာ၊ မီးထဲသို့ ပါမသွားအောင်၊ မီးလောင်လို့ ပြီးတဲ့အခါကျတော့ သင်လူသား သုံးစားရအောင်၊ ဆွဲယူပြီး

ထားကြတဲ့ ခေတ္တခဏ ပစ္စည်းထိန်းတွေဘဲ။ အေး-အေး-အေး အဲ-ဟုတ်တာပေါ့ လူသားရ။ မီးထဲက ဆွဲယူပြီး၊ သူတို့မှ သိမ်းမထားကြလျှင်၊ မီးငြိမ်းတဲ့အခါကျတော့၊ ပြာပုံမှာ ရှာကြလဲ ဘာကမှ မတွေ့နိုင်ဘူး။ လက်ဦးအောင် ဆွဲချိယူကြတဲ့ အဲဒီလူ သင့်ဆွေမျိုးတို့ကို၊ သူခိုးလဲ မခွဲ။ ဓါးပြလဲ မရိုး။ ရှိနိုးဘို့တောင် ကောင်းသေးတယ်ဆိုတာ သေသေချာချာ ဟုတ်တာပေါ့။ ယုတ်မာတဲ့သူ၊ နှိုင်းချိန်ပြီး မကြည့်တတ်သဖြင့်၊ မသိတတ်တဲ့သူ၊ သောက်ရူးလို လူကတော့၊ ငါ့ဥစ္စာကို အတင်းယူတယ်။ ငါ့ဥစ္စာကို အတင်းခိုးတယ်နဲ့၊ ရိုးမယ်ဖွဲ့ပြီး တရားစွဲမှာဘဲ။ အဲ ဒီ ပုံ ဥ ပ မာ အလားလို ရဟန်းသံဃာ ဘုန်းကြီးဆိုတဲ့ ဘာ သာ ရေး ဆရာများဟာ၊ သင် လူသားရဲ့ဆွေမျိုးတွေဘဲ။ မလှူရဲ မတန်းရဲ၊ မပေးရဲ မကမ်းရဲ၊ ဥပမာအတုပြရလျှင် သမုဒ္ဒသကြီးက ဆွဲယူနိန်း။ အိုခြင်းဆိုတဲ့ ဇရာမီး၊ ဗျာဓိဆိုတဲ့ အနာမီး၊ အဖြာဖြာပြောမပြနိုင်ဘူး။ လောဘမီး၊ ဒေါသမီး၊ မောဟမီးဆိုတဲ့ ဘယာမီးတွေက မကာမဆီးနိုင်အောင် လောင်ဝင်တဲ့တော့ မီးထဲသို့မပါရန်၊ သင်စားဘို့ ကျန်ခဲ့အောင်၊ ကုသိုလ်ကံဆိုတဲ့ သင့်ပစ္စည်းတွေကို ရဟန်းဘုန်းကြီးဆိုတဲ့ သင့်ဆွေမျိုးတွေက ရိုးရိုး သား သား နဲ့ အပြီးယူထိန်းလို့ရို့၊ မီးအပူငြိမ်းသလို ခန္ဓာကြွေတော့ သံသရာဝဋ္ဋဆိုတဲ့ နောင်ဘဝတို့၌၊ မောင်ရဘို့ ရဆောင်း ပေးတာဘဲ။ ကဲလေ-လူသား၊ မိလိန္ဒမင်းကြီးရဲ့ ပုစ္ဆာအမေးကို အဲဒီလို အရှင်နာဂသိန်က ပညာ ဝ ရေ ဇိန် နှင့်

အဖြေပေးသွားသကဲ့သို့၊ အဲဒီပုံ ထုတ်ပြပြီး၊ ကျွန်ုပ်က လဲ အဖြေပေးထားတော့ သင် လူသားအားကိုးလို့ သံဃာ တော် သင့်ဆွေမျိုးတွေကို ရှိခိုးပြီးနေတဲ့ မကောင်းပေဘူး လား။ ရှင်ဥက္ကဋ္ဌတို့ရဲ့ ပြေ စကားကတော့ သံဃာတော် ဘုန်းကြီးအများတို့ဟာ၊ ငါးမျှားသမားနဲ့ တူနေသတဲ့။ လူ တွေကို မဟုတ်တာပြလို့မို့၊ ရုပ်ဝါဒနဲ့ မျှင်းတိုက်ပြီး၊ ရှင်းရိက်အောင် ပြောထားတာ ငါးမျှားသမားက သူတို့ ဘဲ။ အဲ့ လူသား၊ အဲဒါမှတပါး၊ စာမျက်နှာ(၈၅)ကို သင် လူသား ဖတ်စမ်းပါ။ ဘာတွေကို ဆိုသလဲ။ ကြည့်-

> ဘာသာကြီးလေးမျိုးဆိုင်ရာ အဆိုပါ ဖုန်းတော်ကြီးများသည် မိမိတို့ဘာသာဝင် လူသား၏စိတ်ဓါတ်တွင် ဥပါဒါန် (ဝါ)အစွဲဆိုတဲ့ ဘေလုံးကို တရားသော နည်းဖြင့်သော်၎င်း၊ (ဝါ) မတရားသော နည်းဖြင့်သော်၎င်း၊ သွင်း၍ ပေးခဲ့ကြကုန်၏။ ဥပါဒါန်အစွဲတခု ကပ်မှီပြီးသော လူသားသည် အရက်ချိုး (ဝါ)ဘိန်းချိုးကပ်သူကဲ့သို့ ချွတ်လွှတ် ကယ်တင်ရန် အလွန် မတန် ခက်ခဲသော ဘဝသို့ ဆိုက် ရောက် ပြီး ဖြစ် ၍ နေလေပြီ ဖုန်းတော်ကြီးတို့သည် ဤအ ထက် က ကျွန်ုပ်တို့ဖေါ်ပြခဲ့သည့်အတိုင်း အချောက်နှင့်အမြှောက် တို့ကို ရေလဲအမျိုးမျိုးနှင့် သုံး၍ လူသားကို မှုန်းခဲ့ကြ လေပြီ။ တဲ့လား။

အို-လူသား၊အဲဒီစကားရဲ့အဓိပ္ပါယ်တွေဟာ၊ သိပ်လှယ်နေသဖြင့် အထူးအမျိုးမဆိုပါဘူး။ဦးဘိုးချိုကျမ်းလှ့ကာနဲ့ မသိသူ အသင်ကြီးအောင်၊ တစ်စိမ်းမယ်လို့ အဆန်းတွင်တာလို၊ ဝမ်းပြင်သာ လက်မလွှတ်ပဲ၊ တချက်ရွတ်လိုက်ရင်း ဗိုက်ကို နှိပ်လိုက်ရင်း၊ တချက်ရွတ်လိုက်ရင်း ဝမ်းဗိုက်နှိပ်လိုက်ရင်းနှင့်၊ ဗိုက်ကိုချည်း နှိပ်ပြီး၊ အစွမ်းပြသကဲ့သို့၊ မဆန်းလှတဲ့ ဥပါဒါန်ကို၊ ယခုတခါ ပြန်ပြီးမြင်တွေ့ရတဲ့အတိုင်း ယခင်ရှေ့ကလဲ ဥပါဒါန် ပစ္စုပ္ပန်ကံချုပ် နောက်ဘဝ အထူးစဝ်မဲ့၊ ကူးတင်တဲ့ နာမ်ဖြုတ်ပြီး၊ လူမိုက်တွေ ငရဲမမြင်အောင်၊ ပညာရှိဆဲချင်တို့ ပဲချဉ်လို ထွေးရှုပ်လျက်၊နောက်တခါ ရေးရေးထုတ်ပြန်တော့လဲ၊ ပစ္စုပ္ပန်ကံချုပ်နဲ့ ဥပါဒါန်ဘဲ။ သူ့ဆရာညာဏ် တထွာနှစ်ထွာနဲ့၊ ဘာသာကို စော်ကား၊ သာသနာကို စော်ကား၊ ကဲ-ဒါတွေကို ထားလိုက်တော့၊ ဘုရားနှင့် သံဃာပါ၊ ဓမ္မက္ခန္ဓာတွေကို စော်ကားတဲ့၊ မတော်မတရားတွေ အကုန်ကြုံးပြီး၊ တပြုံလုံး အဖြေရေးတော့မယ်၊ ကျေအေးရဲ့လား လူသား။ ဩော်—ကျေအေးတယ်ဆိုပါတော့။

## ဘုရားနှင့်တကွ ရုပ်ထုတော်တို့ကို အစထားပြီး ရတနာသုံးပါးပါ မုန်းတားကာ မကျေနပ်ဘဲ ဒေဝဒတ်လက်သစ်တို့ ဖျက်ပြစ်ဘို့ ကြံစည်ခြင်း

အို-လူသား၊ အဲဒီလို အကုန်ကြုံးပြီး၊ တပြုံလုံး အဖြေရေးလိုက်လျှင်၊ ကျေအေးပါပြီဆိုတဲ့ သင့်စကား အရ

ဈေးဦးစွာစပြီး၊ ပဠမပြောလို့ ဆိုလိုသည်မှာ၊ ဗြိတိသျှ ကျွန်းသား သနားစောင့်ရှောက်ရေးအဖွဲ့မှ ရိုက်နှိပ်ဝေငှတဲ့ နှီးဆော်စာတွင်၊ တွေ့မြင်ကြည့်ရှုရတဲ့ ရှင်ဝါသဝရဲ့ အဟောတရားအချို့ကို ပြောကြားလို့ ဖြေရှင်းလိုတာဘဲ။ ကဲ-လူသား၊ အဲဒီနှိုးဆော်စာရဲ့ စာမျက်နှာ(၅)မှာ၊ ဘယ်လိုများပါလာသလဲဆိုတော့ ဟောဒီလို ပါလာပါကလား။(ဘုရား အခရပ်ဟာ ၁၈-တောင်တဲ့။ ၆-တောင်ကို မျက်လုံးတလက်မခွဲ၊ ခြောက်သုံးလီ ၁၈-တောင်ဆိုတော့ မျက်လုံး လေးလက်မခွဲဆိုလျှင် ဘုရားမျက်လုံးဟာ တော်တော်ကြောက်စရာကောင်းမှာဘဲ)တဲ့။ ကဲ-လူသား၊ မြေတိုင်းစာရေးရဲ့ သားလားတော့ မသိဘူး။ ဘုရား၏မျက်လုံးတော်တောင်၊ မှန်းမျှော်ပြီး တိုင်းနေတယ်။ ဒီမယ်လေ- လူသား၊ အဲဒီကြောက်စရာကောင်းမှာဘဲဆိုတဲ့ သူ့စကားဟာ၊ လူတွေရဲ့ မျက်လုံးက လက်နှစ်လုံးမျှ ကျယ်တာကြောင့်၊ ငယ်တာခြင်း ကြည့်ကြတော့။ ကြည့်နေကြဖြစ်သည်အလျောက်၊ လူလူခြင်း မကြောက်ဘူးလို့ သောက်ရူးတည်းဟူသော ရွှေညာဏ်နဲ့၊ ဝေဘန်ကာ စဉ်းစားပြီး၊ အဖျင်းစကားပြောထားတာဘဲ။ ဘုရားရဲ့မျက်လုံးကျတော့ လက်နှစ်လုံးမက လေးလက်မခွဲမို့၊ အတွေးနက်နက်နဲနဲနဲ့ ထောက်ရှုယ်စာပြီး၊ ကြောက် ဖွယ် ရာ အ လွန် ကောင်း မယ် လို့ စောင်းရှုယ်ပြီး ဆဲတာဘဲ။ ကဲ- လူသား၊ ဘုရား၏အရပ်တော်နဲ့ လူသားတို့ရဲ့ ကိုယ်အရပ်တို့ကို နှောက်ထပ်ပြီး ဘုန္နှိုင်းမျှော်လို့မို့၊ရေးဖေါ်ပြီးတဖန်ပြရလျှင် ခွန်ခန်လဲကျ

အောင်၊ အမှန်လဲရအောင်ဆိုတော့ တိုတိုနဲ့ ဘယ်မှာပြီးမလဲ။ တောရွာက ဘုန်းကြီးမွဲဆိုတော့ ငွေကလဲ နဲတယ်။ အဲဒီတော့ ရှင်ဝါသဝပြောတဲ့ စကားလို၊ ဘုရား၏မျက်လုံးဟာ လက်နှစ်လုံးမျှမက လေးလက်မခွဲ ဘဲ ထားလိုက်။ အို-လူသား၊ အသင်ရဲ့ ရှေ့အပေါ်မှာ ကြွက်ကလေးတွေ အစာစားနေတယ်လေ-သင် လူသား မြင်ရဲ့လား။ မြင်မြင်တယ်။ ကဲ-ဒါဖြင့် အဲဒီကြွက်ကလေးတွေရဲ့ မျက်လုံးနဲ့ သင် လူသားရဲ့မျက်လုံးဟာ ဘယ်မျက်လုံးက ပိုပြီးကျယ်သလဲ။ အဲ ဟုတ်တာပေါ့ လူသားရဲ့။ ကြွက်ကလေးတွေရဲ့ မျက်လုံးထက် သင် လူသားရဲ့မျက်လုံးက သုံးလေးငါးဆမက ပိုပြီးကျယ်တယ်။ ဘယ်မှာ ကြောက်လို့လဲ လူသားရဲ့။ ရှင်ဝါသဝရဲ့စကားအရ၊ သင် လူသားရဲ့မျက်လုံးထက် ဘုရား၏မျက်လုံးတော်က တဆခွဲမျှသာ ပိုကျယ်တော့ ဘယ်မှာ ကြောက်စရာကောင်းမလဲ လူသားရဲ့။ ကြည်ညို ဘွယ်ရာသာ ကောင်းမှာပေါ့။ စောင်းမြောင်းပြီး ကြိဖန်ဆဲတဲ့ သူတိုင်းထွာသလိုလဲ မဟုတ်ပါဘူး။ ယခု ကွန့်ပ်အဖြေ ရေးဘာကလဲ သူ့စကားနဲ့ အပြန်လိုက်ပြီး၊ အံကိုက် အောင် ရေးဖြေပြတာဘဲ။ ကဲ- နားစော အနှိုး လူသား၊ နောက်နားကြတော့ ဘယ်လိုဆိုသလဲ။ (၁၈-တောင်ရှိတဲ့ ဘုရားကို လေးတောင်ရှိတဲ့ ဝိသာခါ ဒကာမက ဘယ်လို သုပ်ပြီး ဆွမ်းလောင်းမလဲ။ လှေခါးထောင် လောင်း ရမှာဘဲနော်)တဲ့။ တော်တော်အမှန်းနက်တဲ့ ထန်းတက်သမားဘဲ။ ဘုရားက ဆယ့်ရှစ်တောင်ရှိလို့ လူတို့ရဲ့

အရပ်က ဘယ်နှစ်တောင်မျှရှိတယ်ဆိုတာကိုလဲ သေသေ ချာချာမသိဘူး။ ကြည့်ဦးလေ-လူသား၊ အဲဟိုနောက်နား ကျပြန်တော့ (လောကမှာ ရွှံ့ဟာ ရွှေမဖြစ်။ ရွှေဟာ ရွှံ့မဖြစ်။ ပဏ္ဍမြားဟာ ရွှံ့ထဲမှာ နှစ်ပေမဲ့ ရွှံ့မဖြစ်။ ဒါကြောင့် ဘုရားဟာ လူက ဖြစ်တယ်။ဘုရားဟာ လူဘဲ။ ဒါ့ကြောင့် ဘုရားက ဤလောကကြီးထဲမှာ ဘာကောင် ညာကောင်ဆိုတဲ့ အခြားသတ္တဝါ-ငါ ဘယ်တော့မှ မဖြစ် တော့ဘူး။ ဒါ့ကြောင့် လူသေရင်လဲ လူဘဲဖြစ်တယ်။ ထို အသူကို လက်ခံလိုက်လျှင်၊ အကာလိကော အခါမလင့် အကျိုးကို ခံစားရမယ်)တဲ့ လူသား ရဲ့။ အဲဒီ အဆို ပါ စကားတို့ကို ဟုတ်မှဟုတ်ပါ့မလားလို့ ယုံမှားသံသယ ဖြစ်ခဲ့ရာ၊ဟော-ယခု ရှင်ဝါသဝရေးထုတ်တဲ့(ဗုဒ္ဓဩဝါဒ) ဆိုတဲ့ စာအုပ်၊ စာမျက်နှာ(၁၁၀)မှာ ပါလာတဲ့(ဗုဒ္ဓကိုယ် တိုင်ကပင် သူကိုယ်တိုင်ဆွမ်းခံပြီး စားရသောက်ရတာကို ပြလိုတဲ့အတွက် ဆွမ်းခံနေရတာ မဟုတ်ပါလား။ ဗုဒ္ဓ သော်ပင် ကိုယ်တိုင်ဆွမ်းခံပြီး စားရသောက်ရတာဖြစ်နေ ရင် သင်ရဲ့ စားမှုသောက်မှုအတွက် ဘယ်လို မှ စနိုင်ပါ့ မလဲ။ ဒါကို သေသေချာချာ လေးလေးနက်နက် စဉ်းစား ဘို့ အရေးကြီးပါတယ်)ဟူသော စကားများလို ထင်ထင် ရှားရှား ဖတ်ရတဲ့အခါကျမှ အထက်အဆိုပါ ရွှေကျင်မြို့ သာသနာစောင့်ရှောက်ကာကွယ်ရေးအဖွဲ့၏ နှိုးဆော်ဖော် ပြချက် မှန်သမျှတို့ဟာ၊ ကောင်းဟုတ်လိမ့်မယ်လို့ တကယ် တန်း ယုံကြည်ပြီး လာတော့တာဘဲ။ အဲဒီလိုလဲ ယုံကြည်

လာရော၊ အဆိုပါ သာသနာစောင့်ရှောက်ကာကွယ်ရေး
အဖွဲ့ကိုလဲ တကဲ့ကို ကျေးဇူးတင်လို့မို့ မတွေ့မမြင်ဘဲပင်
ခင်မင်ကြည်ညိုပြီးလာရော၊ ငါမှားတယ်။ သူတို့ သတိပေး
တာက ကြာသွားပြီနဲ့၊ အဲဒီလို စဉ်းစားရင်း အရင်းအဖျား
တွေကို အခြေက လှန်လို့မို့၊ ဝေဘန်ပြီး ကြည့်တဲ့အခါ
(ဘုရားဟာ လူက ဖြစ်တယ်။ဘုရားဟာ လူဘဲ)ဆိုတဲ့ အဲဒီ
စကားနဲ့(ဗုဒ္ဓသော်ပင် ကိုယ်တိုင်ဆွမ်းခံပြီး စားရသော်ရ
တာဖြစ်နေရင် သင်ရဲ့စားမှု သောက်မှုအတွက် ဘယ်လို
မ,စနိုင်ပါမလဲ)ဆိုတဲ့ စကားများဟာ၊ အဓိပ္ပါယ်ပူးတွဲပြီး
ထူးထူးကဲကဲကြီးပေါ်လာတယ်။ ဘယ်လို ပေါ်လာသလဲ
ဆိုတော့(ဒီ-ဘုရားဆိုတာလဲ လူက ဖြစ်တာပါ။ ဘုရား
ဟာ လူပါဘဲ။ဘုရားလဲ စားဘို့ရန် သူ့ဆွမ်းသူခံမှ နပ်မှန်
မှန် စားရတာ။ ဘုရားကို အားကိုးတော့ ဘာအကျိုးများ
မလဲ)အဲဒီလို ဆိုတာဘဲလို့ တခါထဲချုပ်တွယ်ပြီး၊အဓိပ္ပါယ်
ပေါ်လာတယ်။ ဒီမယ်လေ လူသား၊ အဲဒီစကားရဲ့ အောက်
နားက ထင်ရှားအောင် တဆင့်၊ ဋီကာလို ဖွင့်ထားတာမှာ
(ဒါပေမဲ့ ယနေ့ မြန်မာပြေ ဗုဒ္ဓဘာသာဝင်တို့က ဘုရား
ရှင် တံခိုးတော်ကြောင့်ဆိုတဲ့ စွဲလုံး လမ်းလုံးတွေ ယှိနေ
တုန်းပါပဲ။ ဘာသာရေးခေါင်းဆောင်တွေကလဲ ဒီစကား
လုံးကို သုံးတုန်း စွဲတုန်းပါပဲ)လို့ သို့ကလို ဋီကာဖွင့်သကဲ့
သို့ ထပ်ဆင့်ပြီး ဆိုထားတယ်။ ဒီ လူသား၊ အဲ ဒီ လို
မတော်မတရားတွေနဲ့ စော် ကား ပြီး ရေး ထား တော့၊
ကျွန်ုပ်လဲ ရှင်ဝါသဝကို ယခင် အခါကလို မ လေး စား

တော့ဘဲ၊ အောက်နားက တေးထပ်နှင့် ရေးစပ်ပူဇော် လိုက်သော ဟူ၏။

## ရှင်ဝါသဝ၏သဘောသွားကို ပြောကြားသော တေးထပ်တပိုဒ်ပို ရေးစပ်သည်

ဘုရားဟာ လူကဖြစ်သတဲ့။ မူလစစ်သူ့ရှာ၊ လူက
ဖြစ်၊ လူပါကို ဘသူဟာ ဘာထူး၊ လူလူခြင်း အတူတူ
သူမတူ ကယ်မနိုင်ဘူး(တဲ့လူသားရဲ့)အားကိုးဘို့ မှီခိုမှု
ကြည်ညိုသူ့ချိန်ဦး၊ ဒီ လို လူ အရှိန်မထူးပါဘု နှိမ်ဦးချ
သူမှာ၊ လှူဆက်လျှင် မျက်မြင်မပြနိုင်ဘု၊ လက် ငင်း ပ
ကျိုးမပေါ်လာ(တဲ့)၊ သူစားဘို့ သူ့ရှာသော်၊ သူခမျာ
ဘယ့်နှယ်မ,မယ်လဲ့၊လှဲ့လယ်ရ ဇိမ်ပေါက်စဉ် ဆွမ်း
တောင်းဘို့ဝင်၊ ဤကဲ့သို့ ဖြစ်တော်တင်တယ်၊ ခေတ်
ပေါ်ပင် ဒေဝဒတ်ပေပေါ့၊ အဖေသတ် ဂိုဏ်းခေါင်း
ဆောင် မိုက်တဲ့ထိပ်ပြောင်၊ ငရဲ မီးပူခြစ်လောင်မယ်၊
လူဖြစ်ပေါင် သေစမ်းဟဲ့လေး ....

လို့ သို့ကလို ရေးပြီး၊ အဝေးက မသူတော်ကို ပူဇော်ကံတော့လိုက်တာဘဲ လူသားရဲ့။ အို...... လူသား၊ အဲဒီ ရှင်ဝါသဝဆိုတဲ့ ပုဂ္ဂိုလ်ဟာ၊ အံ့ထက် အဆိုပါ စကားတို့ဖြင့်၊ မြတ်စွာဘုရားကို စော်ကားပြီး ထားသည်မှတပါး၊ ဘုရားကို အားမကိုးနဲ့။ တရားကို အားမကိုးနဲ့။ ရဟန်း

သံဃာလို့ အမည်ပေးထားတဲ့ ဘုန်းကြီးများကိုလဲ အား မကိုးနဲ့။ စေတီတော်တွေကို အစထားလို့ ပရိတ်တွေ နတ်တွေကိုလဲအားမကိုးနဲ့လို့ အမျိုးမျိုးသောညစ်ပတ်တဲ့ အကြံတို့ဖြင့်၊ ပဋ္ဌ ပ္ပန် မျက် မှောက် ကို လက်တောက်ပြီး ပြထားပြန်တယ်။ သီလတော် မကြွင်းကျန်အောင် ဘယ် လိုများ ပြောပြထားပြန်သလဲဆိုတော့ ထို ဗုဒ္ဓ ဩ ဝါဒ စာအုပ် စာမျက်နှာ(၁၀၇)မှာ-

(၁) သီလစောင့်လို့ အသက်ရှေမလား?

(၂) အသက်ရှူလို့ အသက်ရှေသလား?ဆိုတဲ့အမေး ကို လူသားကိုယ်တိုင် အဖြေမှန်ပေးနိုင်ပါလိမ့်မယ်။ ဒီလို မဟုတ် တဲ့။ လူသား့ရဲ့။ ကဲ-အဲဒီစကားကို စေ စေ ဘဲ အဖြေပေးထားလိုက်မယ်။ သူရဲ့ ယခု ပဋ္ဌုပ္ပန်ဆိုတဲ့ ကံ စကားအတိုင်း၊ လွန်ခဲ့ပြီး ရှေ့ဘဝက ပြုခဲ့ကြတဲ့ အတိတ် ကံကို ချန်ထား။ ယခုမျက်မြင်အားဖြင့် သီလကို စောင့်လို့ အသက်ရှေတယ်။အဲဒါ ကျွန်ုပ်ရဲ့ အဖြေဘဲ။ အဲဒီ ၁-နံပါတ် သီလဆိုတဲ့စကားဟာ ဘာကို ဆိုသလဲဆိုတော့ (ရက္ခ နဋ္ဌေန သီလံ)ဆိုတဲ့ ပါဠိအရ၊ စောင့်ရှောက်တာကို သီလ လို့ ဆိုတယ်။ ဘာကို စောင့်ရှောက်သလဲလို့ဆိုတော့၊ အကျဉ်းဆုံးပြောရလျှင်၊ သီ လ ကို စောင့် ရှောက် တယ်။ အဲဒီသီလကို စောင့်လို့ အသက်ရှေတယ်ဆိုတဲ့ စကား အထဲမှာ သီလကိုမစောင့်လျှင် အ သက်, မရှေဘူးဆိုတဲ့ အဓိပ္ပါယ်လဲ ချိပ်တွယ်ပြီးပါနေတယ်။ ကဲ- လူ သား ရယ်

တိုတိုဘဲ ပြောလိုက်ပါမယ်။ ဘယ်သူမဆို ပါဏာတိပါတ ဆိုတဲ့ ကံကို လွန်ကျူးပြီး၊ လူတဦးတယောက်ကို သွား သတ်စမ်း။ ယခု ဘဝမှာဘဲ အစိုးရက ဖမ်းပြီး၊ သက်တန်း အတိုင်း မနေနိုင်အောင် စက်တိုင်သို့ တင်လို့ရို့ ယခုဘဝ တွင်ဘဲ သတ်မှာဘဲ။ အဲဒီအသတ်ခံရသူဟာ အသက်ရှူနိုင် ပါဒုန်းမလား။ အဲ-ဟုတ်တာပေါ့ လူသားရဲ့။ ပါဏာဘိ ပါတကံဆိုတဲ့ စောင့်ထိန်းချန် သီလကို မိမိက မစောင့် ထိန်းဘဲ၊ ကြိမ်းလား မောင်းလားနဲ့။ သူတပါးကို မိမိက သတ်လျှင်၊ မိမိကိုလဲ အစိုးရက သတ်မှာပေါ့။ ဘယ်နှယ် လုပ်ပြီး အသက်ရှူတတ်တော့မလဲ။ အဲဒါမှတပါး ပြောင် လိန်ပြီး တလှဲ့နှိုက်မယ်လို့ အခွဲ့တိုက်ပြီး အမေးထုတ် ထားသေးတယ်။ ဘယ်လို ထုတ်ထားသလဲဆိုတော့ ဟော ဒီလို ထုတ်ထားတယ်။

၁။ ဘုရားမှလို့ အသက်ရှင်သလား။

၂။ အသက်ရှူလို့ အသက်ရှင်သလား။

၁။ စေတီပုဗ္ဗိုလ်းကို ရှိခိုးနေလို့ အသက်ရှင်သလား။

၂။ အသက်ရှူလို့ အသက်ရှင်သလား။

၁။ ပရိတ်တွေ ရွတ်နေလို့ အသက်ရှင်သလား။

၂။ အသက်ရှူလို့ အသက်ရှင်သလား။

၁။ ဘုန်းကြီးတွေကြောင့် အသက်ရှင်သလား။

၂။ အသက်ရှူလို့ အသက်ရှင်သလား။

၁။ နတ်တွေမှလို့ အသက်ရှင်သလား။

၂။ အသက်ရှူလို့ အသက်ရှင်သလား-တဲ့ လူသားရဲ့။

အခင်း-တကဲ့ကို ရှုးရောက်ညာလာ်နဲ့ နောက်တဖန် မေး ပြန်တယ်။ ဘယ်လို မေးသလဲဆိုတော့-

၁။ ဘုရားမ,လို့ အသက်ရှုနိုင်သလား။

၂။ ထမင်းစသည်ကို စားလို့ အသက်ရှုနိုင်သလား။

၁။ ပရိတ်တွေ ရွတ်လို့ အသက်ရှုနိုင်သလား။

၂။ ထမင်းစသည်ကို စားလို့ အသက်ရှုနိုင်သလား။

၁။ စေတီဗုဒ္ဓါ်းတွေကို ရှိခိုးပူဇော်နေလို့ အသက်ရှင် သလား။

၂။ ထမင်းစသည် စားလို့ အသက်ရှင်သလား။

၁။ ဘုန်းကြီးတွေကြောင့် အသက်ရှုနိုင်သလား။

၂။ ထမင်းစသည်ကို စားသောက်လို့ အသက်ရှုနိုင် သလား။

၁။ နတ်တွေ မ,လို့ အသက်ရှုနိုင်သလား။

၂။ ထမင်းစသည်ကို စားလို့ အသက်ရှုနိုင်သလား-တဲ့ လူသားရဲ့။ ကဲ-တို့တို့ဘဲ ရေးသားပါစို့ရဲ့။ သူဆိုလို တဲ့ စကားက ဘုရားကို အစထားပြီး၊ စေတီများ၊ ပရိတ် များ၊ ဘုန်းကြီးများ၊ နတ်များမ,လို့ အသက်ရှင်တာမဟုတ် ဘူး။ အသက်ရှုလို့ အသက်ရှင်တာ။ ဘုရားများ၊ စေတီ များ၊ ဘုန်းကြီးများ၊ ပရိတ်များ၊ နတ်များကို အားမထား နဲ့။ ကိုယ့်ကိုယ်ကိုသာ ကိုယ်အားထား။ ဘုရားစသည်တို့ ဟာ အသက်ရှင်အောင် မမ,နိုင်ဘူးလို့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိနဲ့၊ ယံဒုန္နိမိတ္တံ

အစရှိတဲ့ မြတ်စွာဘုရားရဲ့ စကားတော်တွေကို လွန်ကျူး ပြီး၊ ဗုဒ္ဓဘာသာ သာသနာကြီးပျက်လျှင် ပြီး ရော ဆို တဲ့ စိတ်ကူးနဲ့ ဘာသာ သာသနာကို ဖျက်မွေး ရူး သ ဖြင့်၊ ရူးတူးတူးလူများကို လှည့်စားတဲ့စကားဘဲ။ ကဲ-လူသား၊ ပေါ့တော့တော့ကလေးစကားတွေနဲ့ ငေါ့တော့တော့ မေး ထားတော့ အသေးအမွှား ငေါ့တဲ့အချက်တွေကို ပေါ့ပျက် ပျက်နဲ့ဘဲ အဖြေပေးလိုက်ပေါ့။ ဒီမယ်လေ- လူသား၊ (ဘုရားမလို့ အသက်ရှင်သလား။ အသက်ရှူလို့ အသက် ရှင်သလား)အစရှိတဲ့ အမေးစကားတို့ကို ဟောဒီလို ဖြေလိုက်။ ဘယ်လိုဖြေရမလဲဆိုတော့ ဒိ- ရှင် ဝါ သ ဝ၊ သင်က အသက်ရှူလို့ အသက်ရှင်တယ်ဆိုချင်သလား။ ဒါဖြင့်-သင့်စကားမှားတယ်။ အသက်ရှူလို့ အသက်ရှင် တာ မဟုတ်ပါဘူး။ အသက်ရှိလို့ အသက်ရှင်တာပါလို့ ဆဲဒီလို ဖြေလိုက်။ ပြီးတော့ မမေးထိုက်တဲ့ စကားပေမဲ့- အမေးနဲ့အဖြေ၊ အဆင်ပြေကိုက်သွားအောင်၊ အသက်ရှူ တယ်ဆိုတဲ့ စကားကို ကထေတုကမျတာပုစ္ဆာရဲ့အသွား ဖြင့် သင် လူသားက ပြန်မေး၊ပြီးတော့ သင် လူသားကဘဲ အဖြေပေးလိုက်၊ ဘယ်လိုမေးပြီး ဘယ် လို အဖြေ ပေး ရ မလဲဆိုတော့၊ ဒိ-ရှင်ဝါသဝ၊ အသက်ဆိုတဲ့ စကားက ဘာကို ဆိုတာလဲ။ ရှူလို့ဆိုတဲ့ စကားက ဘာကို ဆိုတာ လဲ။ ကဲ-ကျွန်ုပ်ကဘဲ ပြောတော့မယ်။ ဟောလေ- ရှင်ဝါ သဝ၊ အသက်ဟာ ရှူလို့ရတာမဟုတ်ဘူး။ ရှူဘို့မျှသာ ဖြစ်တယ်။ (ဝါ)အသက်ဟာ ရှူအပ်တဲ့ အရာမဟုတ်ဘူး။

ရှုတတ်တဲ့ အရာသာဖြစ်တယ်။ (ဝါ) အသက်ဟာ သူတပါး၏ အရှုအရှိုက်ကို ခံတဲ့အရာမဟုတ်ဘူး။ သူကသာ သူတပါးကို ရှုရှိုက်တဲ့ အရာပါ။ ဒီမှာလေ- ရှင်ဝါသဝ၊ သင်က ထွက်သက် ဝင်သက်ဆိုတဲ့ စကားအရ၊ ရှင်ဥက္ကာမှ အမှားပြသကဲ့သို့၊ ကိုယ်တွင်းမှ ထွက်သွားကြတဲ့ လေတွေနှင့် နှာခေါင်းဖြင့် ရှုသွင်းတော့ ကိုယ်တွင်းသို့ ပြန်ဝင်တဲ့ လေတွေကို အသက်လို့ ဆိုချင်တာ။ ကျွန်ုပ်က သိပါတယ်။ ဒီမယ်လေ-ရှင်ဝါသဝ၊ အဲဒီလေက ရှုတာလား။ အဲဒီလေတွေကို နှာခေါင်းက ရှုတာလား။ သင် စဉ်းစားကြည့်စမ်းပါ။ အဲဒီလို စဉ်းစားကြည့်လျှင်၊ သင် အမှန် သိ လိမ့်မယ်။ အဓိပ္ပါယ်လိုရင်းက ကိုယ်တွင်းမှ လေအသက်ကို ပြင်ဘက်သို့ နှာခေါင်းဖြင့်၊ အသာစောင်းမှုတ်ထုတ်တော့၊ တမဟုတ်ခြင်း ပြင်ဘက်ရောက်ကုန်တယ်လို့ ခပ်လွယ်လွယ်ဆိုပါစို့။ ဒါဖြင့် အဲဒီလို လေအသက်ဟာ ပြင်ဘက်သို့ ထွက်စဉ်၊ သင်မသေတာကို ထားပါတော့။ အဲဒီပြင်ဘက်သို့ ထွက်သွားတဲ့ လေဆိုတဲ့ အသက်များဟာ၊ ပြင်ဘက်ဘွင် နေပါမင့်၊ ကိုယ်တွင်းက လာပြီး၊ ဘယ်နည်းနဲ့ လေအသက်ကို ပြင်ဘက်သို့ ရှုမလဲ။ ရှုမဲ့သူဘဲ ပြင်ကို ရောက်ပါပကော။ ဟောလေ-ရှင်ဝါသဝ၊ အမှန်ကို ပြောပြမယ်။ လေက အသက်ကို မရှုနိုင်ဘူး။ အသက်က သာလေကို ရှုနိုင်တာ။ လေဟာ အသက်မဟုတ်ဘူး။ ဘာမျှမသိတတ်တဲ့ရုပ်၊ ဝိညာဏ်ဆိုတဲ့ နာမ်ကမှ သိတတ်တဲ့ အသက်ဟုတ်တယ်။ ဒီမယ်လေ-ရှင်ဝါသဝ၊ အသက်ဆိုတဲ့

ဝိညာဉ်က ရှုချင်မှတ်ချင်တဲ့အကြောင်းကြောင့်၊ နှာခေါင်းက အရှုအမှတ်တို့ကို သူလုပ်ပြီးပေးနေသဖြင့်၊ ထွက်လေဝင်လေရယ်လို့ ဖြစ်လာတာ။ **အမှန်မှာတော့** ဝိညာဏ်က နှာခေါင်းဖြင့်၊ ထွက်လေနှင့်ဝင်လေကို အဆင်ပြေသလို လုပ်နေတာ။ ဒီမှာလေ-ရှင်ဝါသဝ၊ ဘုရားမလို့ အသက်ရှင်ကြတဲ့ အာယုဝဇ္ဇာသတ္တသားတို့ကို ကြည့်သဖြင့်၊ သင် သိသင့်သိထိုက်ပါတယ်။ ဘုရားကို ငတိုက်၊ တရားကို ငတိုက် သံဃာကို ငတိုက်၊ ဘာသာ သာသနာကို ငတိုက်နဲ့ သင်မေးတဲ့အမှားအရိက်တွေကို သင့်စကားနဲ့ ကိုက်အောင် အဖြေထုတ်နေလျှင်၊ အဖြေမဟုတ်တာတွေနဲ့ အချိန်ကြာရုံဘဲ။ ဒီမှာလေ-လူသား၊ နောက်မေးတဲ့စကားများမှာ (ဘုရားမ,လို့ အသက်ရှုနိုင်သလား။ ထမင်းစသည်ကို စားလို့ အသက်ရှုနိုင်သလားတဲ့) အဲဒီလို ကလေးစကားတွေနဲ့၊ ရှင်ဝါသဝ ဘေးသမားက ဘုရားကို မလေးစားဘဲ၊ သေးသေး မွှားမွှားရေးသားထားပြန်တယ်။ ဒီမယ်လေ-လူသား သူဆိုလိုတဲ့ စကားက ဘယ်သူ့ကိုမှအားမထားကြနဲ့။ ဘုရားက မ,လို့ အသက်ရှုနိုင်တာ မဟုတ်ဘူး။ ထမင်းစသည်ကို စားလို့ အသက်ရှုနိုင်တာလို့ သို့ကလို ပြောဆိုထားတာဘဲ။ ကဲ-လူသား၊ အဲဒီ အမေး စကားကို ဟောဒီလို အဖြေပေးထားလိုက်။ ဘယ်လို အဖြေပေးရမလဲဆိုတော့ အို-ရှင်ဝါသဝ၊ သင်က ထမင်း စသည် ကို စားလို့ အသက်ရှုနိုင်တာလို့ အဲဒီလို ဆိုချင်ပါသလား။ အဲဒီစကားလဲ မှားတယ်လို့ဘဲ ပြော။ ဟောလေ-လူသား၊

ထမင်းကို စားလို့ အသက်ရှည်နိုင်တာ မဟုတ်ဘူး။ နှာခေါင်းတို့၊ ပါးစပ်တို့ မပိတ်လို့ လေရှူနိုင်တာ။ ဒီမှာလေ- လူသား၊ ကျွန်ုပ်ပြောတဲ့စကားဟာ၊ ဟုတ် ရဲ့ လား မဟုတ်ဘူးလား။ သင် လူသား ထင်ရှားအောင်၊ ထမင်း ဟင်း စသည်တို့ကို ဝဝကြီး စား သောက် ထား။ အဲ ဒီ လို ဝအောင် စားပြီးတော့ လူသားရဲ့ နှာခေါင်း ပါးစပ်တို့ကို အဝတ်ထူထူနဲ့ ပတ်။ လေဝင်လို့မှ မ ဟုတ် နိုင် အောင်၊ နောက်ထပ်-ထပ်ထပ်ပြီး ကြိုးတွေနဲ့ ရစ်၊ ဒီ နှစ် တ ရာ ခြောက်ဆယ်လောက်နေ၊ သင်မသေပေဘူးလား။ ဖြေပါ- သေမှာဘဲကိုး။ ဘာဖြစ်လို့ သေမလဲ။ ဖြေပါ- လေ မ ရှူနိုင်လို့၊ ဘာဖြစ်လို့ လေမရှူနိုင်သလဲ။ အဲ-နှာခေါင်း ပါးစပ်တွေ ပိတ်နေလို့ပေါ့ လူသားရဲ့။ ဒါဖြင့် ထမင်းမစားရလျှင် အသက်မရှည်နိုင်ဘူး။ ထမင်းစသည်ကို စားသောလို့ အသက်ရှည်နိုင်တာဆိုတဲ့ ရှင်ဝါဒရဲ့ စကားဟာ၊ မှားပြီးမနေပေဘူးလား။ အမှန်အားဖြင့်ဆိုရလျှင်၊ အသက်ကလဲ ရှင်လို့ လေဝင်ရတဲ့ နှာခေါင်းပါးစပ်ကလဲ မပိတ်လို့၊ စိတ်ဆိုတဲ့ ဝိညာဉ်ကလဲ ရှူချင်လို့။ သင် လူသား အသက်ရှည်နိုင်တာ။ ဒီမှာလေ-လူသား၊ အဲဒီ ဗုဒ္ဓဝါဒ စာအုပ်၊ စာမျက်နှာ(၁၀၉)မှာ၊ ဟောဒီလို ဆို ထား ပြန်တယ်။ ဘယ်လို ဆိုထားပြန်သလဲဆိုတော့-

ကမ္ဘာလောကမှာ အဆင်းမှန်သမျှ မြင်တာ။ သင့်မျက်စိကသာ မြင်တာ။ ဘယ်သူကမှ မြင်စေ အခိုင်း

ပေးလို့ မ,လို့၊ စ,လို့ မြင်တာမဟုတ်ဘူး။ (ပ)အဲဒီ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတဲ့ ရုပ်အကြည် ဓါတ်တွေဟာလဲ ဘုရားစသည်တို့က မ,စလို့ ကြည် နေကြတာ မဟုတ်ပါဘူး။ သင်ကိုယ်တိုင်က စားလို့၊ သောက်လို့၊ အသက်ရှူလို့ ကြည်နေကြတာပါတဲ့။

အဲဒီလို ဆိုထားပြန်တယ်။ ဒီမယ်လေ-လူသား၊ သူ ဆိုလိုချင်းစကားက ဘုရားစသည်တို့က မ,လို့မြင်ရတာ မဟုတ်ဘူး။ သင် ကိုယ် တိုင် က စားလို့ သောက်လို့၊ အသက်ရှူလို့၊ မျက်စိကြည့်လို့ မြင်ရတာဘဲတဲ့။ အို...... လူသား၊ စားလို့ သောက်လို့ အ သက် ရှူ လို့၊ မျက်စိ ကြည်တာ မဟုတ်ဘူး။ မျက်စိမကာန်းလို့ မျက်စိကြည်တာ (ဝါ)မျက်စိမကာန်းလို့ မြင်တာ။ ဒီမှာလေ-လူသား၊သင်နဲ့ ကျွန်ုပ်နဲ့ ရွှေတိဂုံဘုရားပေါ်သို့ တက် သွား တော့ ပတ် တလား တီးပြီး ပိုက်ဆံတောင်းနေတဲ့ တန်ဆောင်းထဲက အကာန်းကြီးကို သင်မြင်ခဲ့တယ် မဟုတ်လား။ ဪ...... မြင်ခဲ့တယ်၊ ကဲ-မြင်ခဲ့လျှင် အဲ ဒီ ပတ် တ လား ဆ ရာ ကြီး ထမင်းမစားဘူးလို့ ထင်သလား။ ဪ- ထမင်းစားလို့ ဝဝဖြိုးဖြိုးကြီးရှိတဲ့အပြင်၊ အဲဒီမျက်မမြင်ကြီးဟာ၊ တခါ တခါမှာ ပုလွေကလေးတောင် ကောက်ကောက်ပြီး မှုတ် တာ ကြည့်တော့၊ ထမင်းစားတယ်လို့လဲ သိနိုင်တယ်။ အသက်ရှူရုံတွင် မဟုတ်။ ပြင်ဘက်သို့ မှုတ် ထုတ် တဲ့ အကြောင်းကိုလဲ ကောင်းကောင်းကြီး သိနိုင်တယ်ဆိုပါ

တော့။ အို-လူသား၊ အဲဒီအသက်ရှူတယ်ဆိုတဲ့စကားဟာ လေရှူတာကို ဆိုတယ်လို့ မှတ်ထားပါ။(၀၁) အသက်ဆိုတဲ့ စိတ်ဝိညာဏ်က နှာခေါင်းမှလေကို ရှူတယ်လို့ သင် လူသား မှတ်ထား။ ကဲ-ဒါဖြင့် အဲဒီပတ်တလားသမားကြီးဟာ ထမင်းလဲ စားတယ်။ အသက်လဲ ရှူတယ်။ သူ ဘာလို့ မျက်စိမကြည့်သလဲ။ အဲ- ကန်းနေလို့ မျက်စိမကြည့်တာပေါ့။ မျက်စိမကြည့်လို့ မမြင်တာပေါ့။ ဒီမှာ လေ-လူသား၊ ရှင်ဝါသဝရဲ့ စကားက စားလို့ သောက်လို့ အသက်ရှူလို့ မျက်စိကြည့်တယ်လို့ ဆိုထားတယ်။ ကဲ-မှားမနေဘူးလား။ အမှန်ဖြစ်တဲ့ စကားကတော့ စားလို့ သောက်လို့ အသက်ရှူလို့ မျက်စိကြည့်တာ မဟုတ်ဘူး။ မကန်းလို့ မျက်စိကြည့်တာ။ ကဲ-သူ ဘာကို ပြောအုန်းမလဲ။ အဲဒီမှတပါး (ဒါမှ ဗုဒ္ဓဘာသာ) ဆိုတဲ့ စာနှိပ် စာမျက်နှာ(၃၃)(၃၄)တို့မှာ ရှင်ဝါသဝက ဘယ်လိုများ ရေးပြထားပြန်သလဲဆိုတော့-

## အထူးစဉ်းစားချက်

အို-လူသား၊ သင် လူသားတို့သည် ကပ္ပါစ,တည်သည့်နေ့ကစ၍ ယနေ့ ဗုဒ္ဓဘာသာဟူသည့် ဘဝကျအောင် ကိုယ်ပိုင် အသိညာဏ် ဟူသော အရောင်အလင်းကင်းမဲ့ကြခြင်းကြောင့်၊ မိမိကိုယ်ကို အားထားရာမဲ့ ကိုးကွယ်ရာမဲ့ဟု စွဲယူမှတ်ထင်ကာ လာခဲ့

ကြသည်မှာ အမှန်ဖြစ်ကြပေ၏။ ထို့ကြောင့် သင် လူသားတို့သည် အားထားရာ၊ ကိုးကွယ်ရာ ဘာသာအမျိုးမျိုးကို လိုက်နာယုံကြည်၍လုပ်ကိုင်ဆောင်ရွက်နေသူ သင်တို့သည် ယင်းသည့် ဘာသာဆိုင်ရာ ဘုရားဟူသော ပုဂ္ဂိုလ်တို့ကို အားကိုးရာ၊ အားထားရာ၊ မှီခိုရာ၊ ပုန်းအောင်းရာဟု ထင်မှတ် စွဲယူ လာခဲ့ခြင်းမှာ မည်သည့်ဘာသာဝင်တို့မှ မငြင်းနိုင်ချေ၊ သင် ဗုဒ္ဓဘာသာဝင် လူသားတို့သည်လည်း ထိုမငြင်းနိုင်သည့် စာရင်းထဲ၌ အပါအဝင်ဖြစ်၏။ (ပ) ထို့ကြောင့် သင် လူသားတို့သည် ထိုထိုဘုရားတို့အတွက် အသက်ရော စည်းစိမ်ပါ ဘာကိုမျှ မငဲ့မကွက်ကြဘဲ စွန့်လွှတ်ခဲ့ကြီးမက စွန့်လွှတ်ခဲ့ကြကုန်လေပြီ။ ယခုလည်း စွန့်လွှတ်ဆဲ၊ နောက်လည်း စွန့်လွှတ်လတံ့။ သို့ပင် စွန့်လွှတ်ကြစေကာ၊ ထိုသည့် ဘုရားတို့သည် သင် လူသားတို့အတွက် ကိုးကွယ်အားထားရာ၊ မှီခိုပုန်းအောင်းရာဖြစ်ခဲ့ကြပါကုန်၏လော-ဟု ပြဿနာထုတ်၍ စဉ်းစားသော်-မဖြစ်ခဲ့ကုန်သည်မှာ အမှန်ဖြစ်သည်။ သို့ပင်မဖြစ်စေကာ၊ သင် လူသားတို့၏ ဘုရားစွဲမှာ ခိုင်မြဲလှသည်ထက် ခိုင်မြဲလှချေ၏။ မှန်လှပေစွ။ ထိုသည့်

ဘုရားကိုပင် အားကိုးအားထားမပြုဘဲ မနေနိုင်ကြချေ လို့ အဲဒီလို ရေးထားပြန်တယ်။ ဒို— လူသား၊ အဲဒီ အဘက် အဓိပ္ပါယ် အဆိုပါ ရှင်ဝါသဝရဲ့ စကားများတွင် သင်လူသား စဉ်းစားက ကျွန်ုပ်ပင် မ လင်း ပါး သော် လဲ၊ အဓိပ္ပါယ်အရင်းအမြစ်တို့ကို အကွင်းသား အကွင်းသားဖြင့် လွယ်လွယ်နှင့် ရှင်းသွားနိုင်ပြီ မဟုတ်ပါလား။ သူပြောချင်တဲ့ လိုရင်းစကားမှာ လူသားတို့ အား ထား ငြိး၊ ကိုးကွယ်ရာဖြစ်တယ် ဆိုတဲ့ ဘု ရား ဟာ၊ ဘယ် သူ့ များ မ ပါသလဲ။ ဘယ်သောအခါကမှ ဘု ရား က မ တာ ကို ကျကျနနမမြင်ဘူး၊ မတွေ့ဘူး၊ မဖြစ်ဘူးဘဲနဲ့ အဲ ဒီ ဘု ရား အား ဘာပြုလို့ အားထားပြီး၊ အစားအသောက် စသည်တို့ကို လှူဒါန်းပူဇော်ပြီး နေလိုကြပါသေးသလဲ။ ဘုရားကို စွဲလှာချေရဲ့လား မမ စနိုင်သည်ကိုသိလျက်သားနဲ့ ဘုရားကို မဆည်းကပ်မကိုးကွယ်ဘဲ နေနိုင်ကြဘူးလား။ ဘုရားကို အားထားလို့ ဘာအကျိုးမှ မများဘူး။ အလကားဘဲလို့ ရှင်ဝါသဝဆိုတဲ့ စကားပေါ့။ ဒို-လူသား၊ ရှင်ဝါသဝတို့ ဟာ (သားရေပေါ်အိပ်ပြီး သားရေနားစားတယ်)ဆိုတဲ့ ဥပမာစကားလို၊ မြတ်စွာဘုရား မ စပေးကမ်းတဲ့ အစာတွေကို စား၊ မြတ်စွာဘုရား မ စပေးကမ်းတော်မူထားတဲ့ အဝတ်သင်္ကန်းတွေကို ဆင်မြန်းဝတ်ရုံထားပြီး၊ မြတ်စွာဘုရားအား ကျေးဇူးမဲ့ စကားတို့ဖြင့်၊ ပြစ်မှားပြောဆိုပြီး နေကြတယ်။ ဒီမယ်လေ-လူသား၊ မ တယ်ဆိုတဲ့ စကားအရ၊ သူတို့ဖင်ကို ဝင်ပြီး၊ သင် လူသား မ တာမှ မ တယ်

လို့ သတိချပြီး၊ သိကြမဲ့လူစားတွေဘဲ။ ဒီမှာလေ-- လူသား၊ အဲဒီသူများဟာ၊ မြတ်စွာဘုရားက မ,စပေးကမ်းထားလို့ဘဲ ဝတ်ရ စားရရှိသလား။ သူတို့အလိုအားဖြင့်ဘဲ ဝတ်ရ စားရရှိသလားဆိုတာ ထင်ထင်ရှားရှားကြီး သိသာခြားနားအောင် မြတ်စွာဘုရား၏အရေတော်၊ အမွေခေါ်ထိုက်တဲ့ သင်္ကန်းအဝတ်တို့ကို ယနေ့ ချွတ်ပြီး ထားလိုက်စမ်းပါ။ နက်ဖြန်ခါ ဘယ်လိုနေမလဲ။ သူတို့တွေမှာ ဝတ်ဆင်မြန်းထားကြတဲ့ သင်္ကန်းတည်းဟူသော ဘုရားအရေကြောင့်၊ ဘုရား၏တပည့်တွေလို့ စေ တ နာ ဖြူ ဖြူ ထားပြီး၊ လူများကရှိခိုးလျက် အမျိုးမျိုးသောအလှူတော်တို့ဖြင့်၊ ပူဇော်ပြီး နေကြတာ။ ဒီမှာလေ-လူသား ဘုရားကို အစထားပြီး၊ ရဟန်းသံဃာများပါ ဘယ်ဟာမှ အားမကိုးနဲ့။ ကိုယ့်လှေကိုယ်ထိုးမှ ကိုယ် ပဲ့ကိုးရောက်တယ်ဟူသော ဥပမာစကားတို့ဖြင့်၊ လူသေလူဖြစ်စာအုပ် စာမျက်နှာနံပါတ်(၆၂)မှာ၊ ဟောဒါလို ရေး သား ထား ပြန် တယ်။ ဘယ်လို ရေးသားပြီး ထားပြန်သလဲဆိုတော့-

> အရုံအဆန်ယှဉ်သော ရေကြောင်းတွင် ဗဟိဒ္ဓဟုဆိုအပ်တဲ့ အပြင်အပမှ အကူအညီကို မမျှော်လင့်ပဲ ကိုယ့်လှေကိုယ်တိုင် ကြိုးစား၍ ထိုးခဲ့လျှင်၊ ပ ဂိုး နှင့် ပဂံသို့ ဆိုက်ရောက်မည် ဧကန်ပင် ကြံ ဖန် ပြီး တွေးတော ပူပန်နေရန် စိုးစဉ်းမျှ မရှိချေ။ တတြဒ်ံ ဝုစ္စတိ- လို့၊ သို့ကလို ဆိုထားပြန့်တယ်။ အဲဒါမှတပါး၊ အထက်

ပါ ဟိုစကားကို လင်္ကာ ကလေး ရေး သား ပြီး ထားပြန်
သည်မှာ–

"ကိုယ့် ရုပ် ကိုယ်ပြောင်း– ကိုယ်ကောင်း အောင်
ကိုယ်ဖန်။ ကိုယ့်ကံကိုယ်ပြု၊ ကိုယ့်အမှုကိုယ်ခံ၊ ကိုယ့်
လှေ ကိုယ်ထိုး၊ ပဂိုးနှင့်ပဂံ၊ကိုယ့်ဇိမ်တွေ့၊ ကိုယ်မွေ့
ကိုယ်ပင် စံ၊ လို့ အဲဒီလို ရေး သား ထား ပြန် တယ်။

အဓိပ္ပါယ်ကတော့ အထက်၌ ဖော်ပြပြီးတဲ့အတိုင်းပါဘဲ။ အတော်လဲ ရှည်နေပြီ။ ကိုယ့်လှေကို ကိုယ်ထိုးမှ ကိုယ် ပဲဂိုးရောက်သလို၊ ဘုရားကို အားမကိုးနဲ့။ ပရိတ်တရားတွေလဲ အားမကိုးနဲ့။ ဘုန်းကြီးရဟန်းဆိုတဲ့ သံဃာတွေကိုလဲ အားမကိုးနဲ့။ ဘာအကျိုးကိုမှ မရဘူး။ ဘယ်လိုမှလဲ မ,မ,စ နိုင် ဘူး။ ကိုယ်အားထုတ်နိုင်မှ ကိုယ်ရတာ။ ကိုယ်လုပ်နိုင်မှ ကိုယ်သိရရောက်တာ။ ကိုယ့်ကိုယ်ကိုသာ ကိုယ်အားကိုးကြလို့ သို့ကလို ပြောပြကြတာဘဲ။ ကဲ– လူသား၊ အဲဒီ ဘယ်သူ့ကိုမှအားမထားကြနဲ့။ ကိုယ့်ကိုယ်သာ ကိုယ်အားထားကြ။ ကိုယ်လုပ်မှ ကိုယ်ရတယ် ဆိုတဲ့ ထိုလူသေလူဖြစ်ဆရာတို့ရဲ့ စကားအရ၊ သူ တို့ ကိုယ် ကို သူတို့ လူဖြစ်အောင် လုပ်လို့ သူ တို့ လူ ဖြစ် ပြီး လာ ကြ သလား။ သူတို့ရဲ့အမိနဲ့ သူတို့ရဲ့အဖကို သူတို့အားမထား ကြဘူးလား။ သူတို့ကို မွေးဖွားပြီး၊ သူတို့ရဲ့ မိဘများက နို့စသော အစားအသောက်တို့မှ စလို့ရို့ အနှီးအဝတ် ပုဆိုးအင်္ကျီတို့ကို ပေးကြပြီး ကြီးပြင်းအောင် မွေးမြူလာ ကြတာဟာ သူတို့ကို မ,တာဘဲ မဟုတ်ဘူးလား။ အဲဒီလို

အမိအဘတို့က သူတို့ကို မ,စလာတော့ အဲဒီလူသေလူဖြစ် ဆရာတို့က ကျွန်ုပ်တို့ကို မ,မကြဲနဲ့။ ကျွန်ုပ်တို့ ဘယ်သူ့ ကိုမှ အားမထားဘူးဆိုပြီး၊ နို့ဘူးကြီးအစရှိတဲ့ အဝတ် အစားတွေကိုကော၊ လွှင့်ပြစ်ပယ်ရှားခဲ့ကြပါသလား။အဲဒီ လူသေလူဖြစ်ဆရာတို့၏စကားအတိုင်းသာဆိုလျှင်၊ဘာမှ မ,မစတဲ့ မိဘတွေကို ကျေးဇူးတင်ဘို့ မလိုတော့ဘူးပေါ့။ အဲဒီလို ကျေးဇူးတင်ဘို့မလိုလျှင်၊ ရှင်ဥက္ကဋ္ဌရဲ့ ကျမ်းဦး အစပဌမ ကံတော့ပန်းမှာ ဘာဖြစ်လို့ (ငယ်စဉ်တောင် ကြေး အကလေးအရွယ်မှစ,တင်၍ ကာမ ဝဋ်နှောင်မှ အလွတ်ရှောင်တဲ့ ရဟန်းဘောင်သို့မရောက်ရောက်အောင် သွေးဆောင်သွန်သင် ပဲ့ ပြင် ကျိုး ကြောင်း၊ ဆိုးကောင်း ကျန်၊ ညွှန်ပြပြီးနောက်(၉၆)နှစ်အရွယ်၌ လူ့စခန်းမှ လူ နန်းသို့သာ လှည့်လည်ပြောင်းသွားရှာသော ကျွန်ုပ်၏ မယ်တော်ကြီး"မယ်လှဝါ"အား ရည်မှန်းလျက် ဤကျမ်း စာ"ကံတော့ပန်း"ကို တင်ဆက်ပါသတည်း)ဟူ သော စာကို ရေးသားပြီးထားပါသလဲ။ အဲဒါ ငယ် စဉ် တောင် ကြေး၊ အကလေးက တယ်စပြီး၊ ကျွေးမွေးမ,စပြီး လာ သောကြောင့်၊ ကံတော့တာဘဲ မဟုတ်ပါလား။ အလို လူသား-ရှင်ဥက္ကဋ္ဌမှာ၊ အဖမှရှိပါလေလား။ အဖေ ကို ကံတော့တယ်ဆိုတဲ့ စကားတော့ မပါဘူး။ဘယ်သဘော သွားနဲ့ ချန်ထားပါလိမ့်မလဲ။ အို- လူသား၊ အဲဒီ လူသေ လူဖြစ် ဆရာများကို လေးမျိုးသော ဘာသာတရား တို့ နှိက် စော်စော်ကားကား အများတို့ မခံချင်အောင်၊ ရန်

ဝင်ဘွယ် ရေးသားသဖြင့်၊ အစိုးရတို့ ဝတ္တရားအတိုင်း၊ ဖမ်းဆီးချုပ်နှောင်ပြီး ထားတယ်လို့ အဲဒီလိုကြားရတယ်။ ကိုယ့်အားကို ကိုယ်ကိုး၊ ကိုယ့်လှေကို ကိုယ် ထိုး လျှင် ကိုယ် ပဲ ဂိုးရောက်ကြမှာဘဲ။ ဘယ်ဆွေမျိုးကိုမှလဲ မတ, ကြနဲ့။ ဘယ်အစိုးရကိုမှလဲ မတောင်းပန်ကြနဲ့။ ဘယ်ရဟန်း သံဃာတို့ကိုမှလဲ မတောင်းပန်ကြနဲ့။ ဘယ်ရှေ့နေ၊ ဘယ် ဝတ်လုံကိုမှလဲ မငှားကြနဲ့။ ဘယ်သူကမှ မ,နိုင်မှာ မဟုတ် ဘူး။ တောင်းပန်ရတယ်၊ ဝန်ချရတယ်။ ရှေ့နေ ဝတ်လုံ ငှားရတယ်ဆိုတာ အမှန်မှာတော့ မ,မဲ့လူ ရှာရတာဘဲ။ ကဲ–ဘယ့်နှယ်လဲ လူသား၊ အဲဒီလူသေလူဖြစ်ဆရာတွေ ဟာ၊ ကျွန်ုပ် ယခု ပြောသလို နေနိုင်ကြပါ့မလား။ ဟား– ဟား–ဟား–ဟား ခြွှာ......စိတ်ပါလို့ ရေးတာမဟုတ် ပါဘူးဆိုတဲ့ စကားနဲ့ ဝန်ချတောင်းပန်ပြီး နေကြပြီတဲ့ လား။ အင်း ကိုယ့်အားကို ကိုယ်ကိုး။ ကိုယ့် လှေ ကို ကိုယ်ထိုးပြီး၊ ပဂိုးရောက်အောင်မှ မသွားကြဘဲကိုး။ ဒို– လူသား၊ (အတ္တာဝ အတ္တနောနာထော)ဆိုတဲ့ဘုရားဟော စကားကို ရှင်ဝါသဝတို့က ထုတ်ပြထားတယ်။ ဘုရားကို အားမထားဘူးလဲ ဆိုတယ်။ ဘုရားရဲ့ စကားကိုဘဲ အား ကိုးပြီး ပြထားပြန်တယ်။ ဒီမယ်လေ–လူသား၊ အဲဒီ အထက် ပါ ပါဠိစကားက မိမိသည်သာလျှင် မိမိကိုးကွယ်အား ထားရာဖြစ်တယ်လို့ ဆိုထားတာ မှန်တယ်။ (တိမ်တောင် သဖွယ် မင်းရေးကျယ်၏)ဆိုတဲ့ စာသွားကို ဒေါ်မင်းရေး အသူများသကဲ့သို့ မှားပြီးနေပြန်ပြီ။ ဒီမှာလေ– လူသား၊

ဆဲဒီအဏ္ဏာဝ အဏ္ဏဝေါနာထောဆိုတဲ့စကားဟာ၊ ယေဘု ယျအားဖြင့်(ဝါ)များသောအားဖြင့်၊ သီလတရား၊ သမထ တရား၊ဝိပဿနာတရားတို့ကိုကျိုးစါးအါးထုတ်တဲ့လူများ ကိုဆိုတာ။ ဥပမာ ဝိပဿနာအရာမှာဘဲ ဆိုကြပါစို့။ နာမရူပ ပရိစ္ဆေဒဉာဏ်ရအောင်၊ ရုပ်နာမ်ကို ရှုတဲ့အခါ၊ သူတပါးကို ငှားပြီး ရှုလို့ ကိုယ်ရ နိုင်တာ မဟုတ်ဘူး။ ကိုယ့်ကိုယ်တိုင် ရှုမှ ကိုယ့်ကိုယ်တိုင်ရတာ။ဘာကြောင့် လဲလို့ဆိုတော့၊ စိတ်ရဲ့အလုပ်ကို လူသားရဲ့။ သူတပါးရဲ့ စိတ်ကို အားထားပြီး၊ မိမိရဲ့ ခန္ဓာကိုယ်တွင်းသို့ ငှားသွင်း ယူငင်လို့ရတဲ့ တရားမှမဟုတ်ဘဲ၊ လောကီအလုပ်မျိုး ကျတော့ သူတပါးကို ငှား လို့ ရ တဲ့ အ လုပ် ကိ ွ လဲ ရှိတယ်။ ကူညီမ,စပါလို့ ပြောဆိုလို့ရတဲ့ အလုပ်ကိုလဲ ရှိတယ်။ ဘယ်သူမှ မကူညီ မ,မစရဘဲ မိမိတယောက်ထဲ နဲ့ ပြီးစီးအောင်မြင်နိုင်တဲ့ ကိ ွ လဲ ရှိ တယ်။ ဒီ မယ် လေ- လူသား၊ အဏ္ဏာဝ အဏ္ဏဝေါနာထောရဲ့ သဘောကို မကွဲ မပြားတော့။ အမဲသားသယ် ဒေါ်မင်းရေး လို၊ အတော် ဖျင်းသေးတယ်လို့ သူများပြောလိမ့်မယ်။ ဟောလေ- လူ သား၊ ဆဲဒီလူသေလူဖြစ်ဆရာများဟာ ဘုရားကို အား မကိုးကြနဲ့၊ ဘု ရား က ဘာ မှ မမ,စနိုင်ဘူး၊ ဘုရားက ဘာများထူးလို့လဲ၊ ဘုရားလဲလူကဖြစ်တာဘဲ၊ ဘုရား ဟာ လူ ဘဲ အစရှိတဲ့စကားမျိုးတို့ဖြင့် အား လုံး သော လူအများတို့က ဘုရားကိုအားမကိုးအောင် စကားအမျိုး မျိုးနဲ့ အနန့်ထဝ်လို့မို့၊ ဖွဲခပ်ပြီး ဘာကြောင့်ပြောသလဲ

ဆိုတော့ ဟောဒီလိုလို့ကျွန်ုပ်ကထင်တယ်၊ ဘယ်လိုထင်သလဲလို့ဆိုတော့၊ အဲဟို......လေးငါးခြောက်နှစ်လောက်အခါကတယ်စပြီး၊ ရှပ်ဝါဒကို လက်ခံဘို့ ဆက် ဆံ ရော နှော၊ လူတွေကို ပြောဟောလာခဲ့ရာ၊ မ ပါ တဲ့ လူကများနေတော့ ဘုရားဟောတဲ့တရားကခေတ်စားနေတဲ့အတွက်ရှပ်ဝါဒမတိုးတက်ဘဲလို့၊ အဲဒီလိုမြင်ပြီး၊ ဘုရားသခင်ကို အညိုးထားတာဘဲ။ အဲဒီလို အညိုးပြီး၊ အား လုံး သောအမျိုးသားတွေကို ဘုရားကိုမကိုးစားနဲ့။ ဘုရားက ဘာမှမမ,နိုင်ဘူး။ ဘုရားကမှ မမ,နိုင်လျှင်၊ သူဟောမှ ဖြစ်ရတဲ့ပရိတ်အစရှိတဲ့ တရားများက သာ၍ပင် မမ,နိုင်မှာပေါ့။ ဆရာဖြစ်တဲ့ ဘုရားကမှ မမ,နိုင်လျှင်၊ သူ့ရဲ့တပည့်ဖြစ်တဲ့ရဟန်းသံဃာဆိုတဲ့ ဘုန်းကြီးများက သာပြီး မမ,နိုင်မှာပေါ့။ သူ့ရဲ့တပည့် အသက်ရှိတဲ့ ရဟန်းသံဃာတို့ကမှ မမ,နိုင်။ အသက်မရှိတဲ့ ရုပ်ထုတော်၊ စေတီတော် စသည်တို့က သာပြီး မမ,နိုင်မှာပေါ့လို့။ ရတနာသုံးပါး၌၊ အားထားတဲ့ ဗမာသွေးတွေကို တဖြေးဖြေး အားလျော့အောင်ဘုရားတော့ ဟုတ်မှာပေါ့။ ဘာတခုမှတော့ ဖြစ်အောင်လုပ်မပေးနိုင်ဘူး။ ဘုရားတော့ ဟုတ်တယ်ဆိုပါတော့။ ဘယ်သူကိုမှ မမ,စနိုင်ဘူးဆိုတဲ့ စကားကလေးတွေနဲ့တဖြေးဖြေး ဘုရားမဟုတ်အောင်၊ ဘုရားမဟုတ်လျှင်၊ တရား၊ သံဃာ၊ ဘာသာနဲ့သာသနာလဲ ဘယ်ဟာမှ မဟုတ်အောင်၊ ဖြုတ်မှန်းမသိ ဖြုတ်နေတယ်လို့ ကျွန်ုပ်က ထင်တာဘဲ။

## လူတွေကို လှည့်စားပြီး ဘုရားပါ တဖြေးဖြေး ပြုတ်အောင် ရေးထုတ်ဝေဘန်ကြပါပကော

ဒီမှာလေ-လူသား ကျွန်ုပ်ပြောဆိုတင်ပြခဲ့တဲ့ စကားအတိုင်း၊ ဘုရားကို မရှိဘူးလို့ မထိတထိနဲ့ တဖြေးဖြေး ပြုတ်အောင်၊ ရေးထုတ်နေတဲ့ သက်သေက ၅၃၀၊သဝရဲ့ (ဗုဒ္ဓဆိုတာ အရ ဘယ်မှာလဲ)ဆိုတဲ့ စာအုပ်၊ စာမျက်နှာ နံပါတ်(၂၉) (၃၀)တို့မှာ ဟောဒီလို ရေးသားထားပြန်တယ်။ ဘယ်လို ရေးသားပြီး ထားပြန်သလဲဆိုတော့-

### အောက်ပါမေးခွန်းတို့ကို သင် လူသား ဖြေစမ်းပါ

၁။ ဂေါတမဗုဒ္ဓဟာ ဗုဒ္ဓစစ်လား။

၂။ ဂေါတမဗုဒ္ဓရဲ့ ကိုယ်ရ ၅-ရဟာ ဗုဒ္ဓ စစ် လား။

၃။ ဂုဏ်တော်တွေ ဉာဏ်တွေဟာ ဗုဒ္ဓစစ်လား။

၄။ သဗ္ဗညုတဉာဏ်၊ လက္ခဏာ၊ နိဗ္ဗာန်၊ပညတ်ဆိုတဲ့ ညွှေယျဓမ် ၅-ပါးကို သိတာဟာ ဗုဒ္ဓစစ်လား။

### အဖြေကား-

၁။ ဂေါတမဗုဒ္ဓဟာ ဗုဒ္ဓစစ်မဟုတ်ပါဘူး။

၂။ ဂေါတမဗုဒ္ဓရဲ့ ကိုယ်ရငါးရဟာလဲ ဗုဒ္ဓစစ်မဟုတ်ပါဘူး။

၃။ ဂုဏ်တော်တွေ၊ဉာဏ်တွေဟာလဲ ဗုဒ္ဓစစ်မဟုတ်ပါဘူး။

၄။ သင်္ခါရ၊ ဝိကာရ လက္ခဏာ၊နိဗ္ဗာန်၊ပညတ်ဆိုတဲ့ ဩယျဝါမိ ၅-ပါးကို သိတာဟာလဲ ဘုရားစစ် မဟုတ်ပါဘူး။

## ဘာကြောင့်လဲ

၁။ ဂေါတမဗုဒ္ဓဟာ နာမယ်မျှသာ ဖြစ်တယ်။နာမယ်ဟာ ဗုဒ္ဓစစ်မဟုတ်သေးပါဘူး။

၂။ ဂေါတမဗုဒ္ဓရဲ့ ကိုယ်ပိုင်းရဆိုတာလဲ ဥပါဒါန်တို့ရဲ့ ပွားစီးရေးဖြစ်တဲ့အတွက် ဗုဒ္ဓစစ်မဟုတ်ပါဘူး။တဏှာ ဒိဋ္ဌိမာန ပပဉ္စ နယ်ချဲ့သမားရဲ့ အားရုံမျှသာဖြစ်တဲ့အတွက် ဗုဒ္ဓစစ်မဟုတ်ပါဘူး။

၃။ ဂုဏ်တော်တွေ၊ဉာဏ်တော်တွေဟာလဲ ကိုယ်သိကိုယ်ရ မဖြစ်သေးတဲ့အတွက်၊ ဗုဒ္ဓစစ်မဟုတ်သေးပါဘူး၊

၄။ သင်္ခါရ၊ ဝိကာရ၊လက္ခဏာ နိဗ္ဗာန်၊ ပညတ်ဆိုတဲ့ ဩယျဝါမိ ၅-ပါးကိုသိတာလဲ ဘုရားစစ် မဟုတ်ပါဘူးလို့ အဲဒီလို ရေးသားသားပြန်တယ်။ ဒီမယ်လေ- လူသား၊ အဲဒီ အသက်ပါ စကားများကတော့ အချို့သော ဝိပဿနာ သမား၊ ဂရမတ်ရူး၊ ဓါတ်ရူး ခပ်ထူးထူးအဟောတွေကြတဲ့ အပြောသမားတွေနဲ့လဲ သက်ဆိုင်နေတယ်။အချက်ပိုင်ပိုင် ဖြေစဖွယ်ကလဲ သိပ်ပြီးတော့ ငွေ မလွယ်ဘူး။ ဒီမယ်လေ-လူသား ကျွန်ုပ်ကဘဲ ဒီစကားကို လူမြင်တဲ့ မှတ်သားဘို့ ခပ်များများအဖြေရေးရမှ ကျေးအားမည့်ဂိတ်

ပါဘဲ။ အဲဒီတော့ လူသားရေ့၊ လိုရင်းဖြစ်တဲ့ မူအသွား ကလေးလောက်သာ၊ အယူ မှား ဝေး ဘို့ လင်း ပါး ပြီး၊ အကျဉ်းအားဖြင့် ဖြေကြပါရိုရဲ့။ တကဲ့ကို ထိ ထိ မိ မိ နဲ့ သင် လူသား သိလိုလျှင်၊ အဲဟို-(ဝိဇ္ဇာဝါဒ ဝိနိစ္ဆယကျမ်း) နှင့် (နိဗ္ဗာန မဂ္ဂဒီပကကျမ်း)ကို ရိုက်နိုင်တဲ့အခါများမှာဘဲ၊ သင် လူသားကြည့်ပါတော့။ ဒီမှာလေ လူသား ရှင်ဝါသဝ အမေးလုပ်ပြီး ရှင်ဝါသဝကပင် အဖြေ ထုတ် ထား တဲ့ လေးပုဒ်သော စကားတို့တွင်၊ ၁ နံပါတ်စကားနဲ့၊ ၂- နံပါတ်စကားကိုသာ အကျဉ်းအားဖြင့်၊ လင်းပါးဖြေဆိုပြီး ပြီးတော့မယ်။ ဒီမယ်လေ-လူသား၊ ၁-နံပါတ်စကားမှာ၊ ဂေါတမဗုဒ္ဓဆိုတာ နာမည်မျှသာဖြစ်တယ်။ ဘုရားအစစ် မဟုတ်ဘူးလို့ သိုက်ာလို ဆိုထားတယ်။ ကဲ-ဒါဖြင့် ကျွန်ုပ် က သူ့ကိုမေးမယ်။ ဘယ်လိုမေးမလဲဆိုတော့ အလို .... သူ့ကို မေးရမှာက ရှင်ဝါသဝ၏ မိခင်ရဲ့ အမည်ကိုလဲ ကျွန်ုပ်က မသိရပါကလား။ ကဲ- ကဲ- ကဲ- ရှင်ဝါသဝရဲ့ မိခင်ဟာ၊ ဒေါ်ရွှေဝါဘဲ ထားလိုက်ပါတော့။ အဲဒီဒေါ်ရွှေ ဝါဟာ၊ နာမည်လား၊ ရှင်ဝါသဝရဲ့ အမေလားလို့ ကျွန်ုပ် က မေးမယ်။ အဲဒီလို မေးလျှင်၊ ရှင်ဝါသဝက ဘယ်လိုများ အဖြေပေးမလဲ။အဲ-ဟုတ်တာပေါ့ လူသားရဲ့။နာမည်လို့ဘဲ အဖြေပေးမှာဘဲ။ အဲဒီလို အဖြေ ပေး တော့ ကျွန်ုပ်က နောက်ထပ် မေးအုန်းမယ်။ဘယ်လိုမေးအုန်းမလဲဆိုတော့ အိုး-ရှင်ဝါသဝ- ရှင်ဝါသဝရဲ့ အမေဟာ၊ ဒေါ်ရွှေဝါလို့ သိရပါပြီ။ ဒါဖြင့် အဲဒီဒေါ်ရွှေဝါဆိုတဲ့ နာမည်က တခြား

လား။ ရှင်ဝါသဝရဲ့ အမေးက တခြားလားလို့၊ သို့ကလို ခွဲခြားပြီး စကားနှစ်ခွန်း မေးအုန်းမယ်။ သူ ဘယ် လို ဖြေ မတုန်း။ အင်း-အဲဒီလို ကျုန်ုပ်မေးလျှင်၊ သူ အရင် စဉ်းစား ပြီး သူ၏အမေက တခြား၊ ဒေါ်ရွှေဝါဆိုတဲ့ နာမည်က တခြားလို့၊ ဒီလို များ ဖြေမ လား မသိဘူး။ အကယ်၍ အဲဒီလို ဖြေကြားထားလျှင်၊ ရှင်ဝါသဝရဲ့ စကားအတိုင်း၊ သူ့အမေက တခြား၊ နာမယ်က တခြား၊ အဲဒီလိုကွဲပြားပြီး တခြားစီ မနေပေဘူးလား။ အေး- အဲဒီလို ကွဲပြားပြီး၊ တခြားစီ ဖြစ်သွားလျှင်၊ ရှင်ဝါသဝရဲ့ အမေကို မဆဲဘဲ၊ ရိုင်းရိုင်းမိုက်မိုက်နဲ့ အဆဲမျိုးတွေကို ချောင်ထိုးပြီးထား လိုက်ပါတော့။ ရိုးရိုးသားသား စကားနဲ့ဘဲ ဒေါ်ရွှေစာဟာ ဘာဘဲ ညာဘဲ ဒေါ်ရွှေစာဟာ ရှင်ဝါသဝရဲ့ အမေမဟုတ် ဘူး။ ဒေါ်ရွှေဝါဟာ လူမဟုတ်ဘူးလို့ သူတထူးက ဆဲခဲ့ လျှင် ရှင်ဝါသဝ ခံနိုင်မယ် ထင်ရဲ့လား။ ဘယ့်နှယ်မခံနိုင် ဘဲ ရှိရမှာလဲ လူသားရဲ့။ သူ့ရဲ့ အမေကိုမှဆဲတာမဟုတ် ဘဲ ဒေါ်ရွှေဝါကို ဆဲတာ။ သူ့အမေနဲ့ ဒေါ်ရွှေဝါဟာ တခြားစီ မဟုတ်ပါလား။ ဩော် အဲဒီလို ကွဲပြား ပေမဲ့ ဘယ်နည်းအားမှ ရှင်ဝါသဝက ခံနိုင်မှာ မဟုတ်ဘူးဆိုပါ တော့။ အို လူသား၊ အဲဒီပုံဥပမာ အလားလိုဘဲ ဂေါတမ ဗုဒ္ဓကို ဗုဒ္ဓအစစ်မဟုတ်ဘူးဆိုလို့ (ဝါ) ဘုရားအစစ် မဟုတ်ဘူးဆိုလို့၊ ကျုန်ုပ်တို့ကလဲ မခံနိုင်ဘူး။ အကယ်၍ တဖန်၊ အဲဒီလို ဆဲနည်းကိုလဲ ဘယ်နည်းမှ မခံနိုင်လို့၊ ဒေါ် ရွှေဝါဟာ သူ့အမေအမှန်ပဲ။ သူ့အမေဟာ ဒေါ်ရွှေဝါ

အမှန်ပဲလို့၊ အဲဒီလို ပြောပြန်အုံး။ (သမ္မုတိကထံက ထေန္တာ ပိ သစ္စမေဝ၊ သဘာဝမေဝ၊ အမုသာဝကထေန္တာပိ)ဆိုတဲ့ သိလက္ခန်အတိုင်း၊ ဒေါ်ရွှေဝါလို့ အမည်တတ်ပြီး၊ ပညတ် သမုတ်ထားတာနဲ့ညီစွာ၊ ဒေါ်ရွှေဝါလို့ ပြောရ သဖြင့်၊ သဘောအရ မှန်တာဘဲ။ ကျွန်ုပ်တို့ရဲ့ ဗုဒ္ဓ၊ သုံးလူ့ ရှင် ဂေါတမကိုလဲ ဘုရားလို့ ပြောကြတော့၊ သဘောအရ ရှုကြည့်လျှင်၊သမ္မုတိသစ္စာ၊ ဗုဒ္ဓစစ်ဖြစ်ပါသဖြင့်၊ဘုရားစစ် မှန်တာဘဲ။ ကဲ လူသား အဲဒီစကားက ပညတ်စကားဖြင့်၊ အမည်နဲ့တင်စားပြီး ဘုရားစစ်မှန်တာ။ ဒီမှာလေ-လူသား၊ ပရမတ်စကားဖြင့်၊ ခန္ဓာကို မခွဲခြားဘဲ၊ ဘုရားစစ်ဖြစ်တာ ကို အသစ်ရှာပြီး အဆန်းမဖက်ဘု၊ ကျမ်းထွက်အတိုင်း အကိုးအကားနဲ့၊ ရိုးရိုး သားသားပြောအုန်းမယ်။ ဟောလေ လူသား ရှင်ဝါသဝရဲ့ နံပါတ် ၂)စကားမှာ၊ဂေါတမဗုဒ္ဓရဲ့ ကိုယ်ပုငါးပုလဲ ဗုဒ္ဓစစ်မဟုတ်ပါဘူးလို့ ဆို ထား တယ်။ အချို့သော ပရမတ်ဆရာများကလဲ ခန္ဓာဟာ ဘုရား မဟုတ်ပါဘူး။ ဉာဏ်ဟာမှ ဘုရားလို့ အဲဒီလိုပြောကြား ကြသည်။ ကဲ လူသား ရှင်ဝါသဝပြော တဲ့စကားနဲ့ အချို့ သော ပရမတ်ဆရာ ခပ်ချာချာ လူနဲ့ဘိုဇ်အယူလွဲစကား ကို မခွဲခြားဘဲ အကုန်ကိုးပြီး၊ တပိုလုံး ရှင်းသွားအောင်၊ အကျဉ်းအားဖြင့် ကျွန်ုပ်ပြောမယ်။ နားစောင်မ်း လူသား၊ ရှင်ဝါသဝရဲ့ စကားဖြင့် ကိုယ်ပုငါးပုလို့ ပြော ထား တဲ့ ခန္ဓာငါးပါးသုံးလဲ ဘုရားဘဲ။ အချို့သော ပရမတ်ဆရာ များ အငြင်းပွားကြတဲ့ ခန္ဓာကမှ ဘုရား၊ ဉာဏ်ကမှ

ဘုရားလို့၊ ပရမတ္ထသဘောအားဖြင့်၊ တရားကိုယ်တခုစီခွဲထားပြီး၊ ဘုရားကို မကောက်ရဘူး။ထောက်ဆပြီး ရှုစရာ ဥပမာ ကျွန်ုပ် ၈ ကားကို သင် လူသား နား စေ ခုနီး။ ဟောဒေသ-လူသား၊ သင့်မှာ လှည်းမရှိဘူးလား။ ခြေဒေ်-ရှိတယ်။ ကဲ-ရှိလျှင်၊ သင်ရဲ့လှည်းက လှည်းဘီးတို့၊ ဝင်ရိုးတို့၊ ကြိုးနဲ့တုပ်ထားတဲ့ လှည်းအိမ်တို့ လှည်းအိမ် တင်ထားတဲ့ လှည်းသံတို့ကို တခုမှမကျန်အောင် အကုန်ဖြုတ်၊ အဲဒီလို ဖြုတ်ပြီးတော့ လှည်းထုတ်တခြား၊ လှည်းဝင်ရိုးတခြား လှည်းသံတခြား၊လှည်းဘီးတခြား အဲဒီလို ခွဲခွဲပြီးထား သင်ရဲ့သားကိုခေါ်၊ အိမ်ပေါ်သို့ရောက်တော့ တခုစီကောက်ကောက်ပြ၊ ဟောဒါက ဘာလဲ။ ဟောဒါက ဘာလဲနဲ့ တခုစီ ခွဲခွဲပြီး၊ တလဲစီ မေးမေးသွားလျှင်၊ သင့်သားက ဘယ်လိုပြောမလဲ။ အဲ-ဟုတ်တာပေါ့ လူသားရဲ့။ဝင်ရိုးကို ယူကောက်မေးတော့လဲ ဝင်ရိုးလို့ပြောမှာဘဲ။ထမ်းပိုးကို ယူကောက်မေးတော့လဲ ထမ်းပိုးလို့ပြောမှာဘဲ။ဘယ်ဥစ္စာကိုပဲ မေးမေး၊ တခုစီ တခုစီဖြင့်၊ သူ့အမည်နဲ့ သူ အဖြေပေးမှာဘဲ။ ကဲ-အဲဒီလို ခွဲခြားပြီး၊ တခုစီ ထားလိုက်တော့။ လှည်းစစ်ကို တွေ့သေးသလား။ လှည်းကြီးကော ရှိနေသေးသလား။ အေး-လှည်းစစ်ကို ရှာပေမဲ့ ဖျက်ထားတဲ့အခါမှာ မတွေ့ဘူး။ လှည်းကြီးကို ကြည့်ပေမဲ့၊ တခုစီ ဖျက်ပြီးသဖြင့်၊လှည်းကြီးလဲ မရှိဘူးပေါ့။အဲဒီလို တခြားစီ ထားလျက် ခွဲခြားလို့ ကြည့်ပြီးတော့၊ လှည်းဘီး လှည်းဝင်ရိုး၊ လှည်းထမ်းပိုး၊ လှည်းသံပေါ့လေ။ တခုမှမကျန်

အောင်၊ အကုန်လုံး ပြန်ဆင်၊ လှည်းကြီးကို မတွေ့မြင်ဘူး လား။ အေး တွေ့မြင်ရပြန်တာပေါ့ လူသားရဲ့၊ လှည်းနဲ့ ဆိုင်တဲ့ တန်ဆာပလာများကို တပ်ဆင်ပြီး ပြန့်ထားတော့ လှည်းဖြစ်ပြီးသွားသဖြင့်၊ ထင်ရှားတဲ့လှည်းကြီးရှိတာကိုး။ အဲဒီပုံဥပမာ အသွားအတိုင်း ပရမတ္ထအားဖြင့်လဲ ငါတို့ရဲ့ မြတ်စွာဘုရားကို ခန္ဓာမှဘုရား၊ ဉာဏ်ဟာမှ ဘုရားနဲ့၊ အဲဒီလို ခွဲခြားပြီး ဘုရားရယ်လို့ မယူမကောက်ရဘူး။ နောက်က ပြခဲ့တဲ့ ဥပမာအတိုင်း၊ ခန္ဓာငါးပါးပေါင်းထား တာဟာ ဘုရားဘဲလို့ အဲဒါလို သိရတယ်။ အဲဒီလို ကြည့်ရ တယ်။ ဒီမယ်သေ-လူသား၊ အဲဒါကို ထင်ရှားအောင်၊မဏိ သာရမဉ္ဇူဋီကာက အဆိပါပါကလေး ဖွင့်ပြထားတယ်။ ဘယ်လိုပြထားသလဲဆိုတော့ (သမ္မာသမ္ဗုဒ္ဓေါနာမ၊ ပရ မတ္ထတော၊ ဧကောဓမ္မော၊ နာမနုတ္တိ၊ ရူပါဒိပဉ္စက္ခန္ဓေ၊ ဥပါဒါယ ဘဂဝါတိ ပညတ္တော၊ သဗ္ဗညုတညာဏာဒိ၊ အပ္ပရိမေယ၊ ဂုဏဂဏာဓါရော ခန္ဓသန္တာနော၊ သမ္မာ သမ္ဗုဒ္ဓေါနာမ)လို့ ဟောဒီလို ဖွင့်ပြတယ်။ အဓိပ္ပါယ်က တော့ ဘုရားဆိုတာ ပရမတ္ထ သဘောအားဖြင့်၊ ဉာဏ် ကမှ ဘုရား၊ ရူပက္ခန္ဓာကမှ ဘုရား၊ ဝေဒနာက္ခန္ဓာကမှ ဘုရား၊ သညာက္ခန္ဓာကမှ ဘုရား၊ သင်္ခါရက္ခန္ဓာကမှဘုရား၊ ဉာဏ်ထဲမှာတော့ ပါသွားပါပြီ။ ဝိညာဏက္ခန္ဓာကမှ ဘုရားလို့ အဲဒီလို ခွဲခြားပြီး ခန္ဓာတပါး တပါးကို ဘုရား လို့ မယူရဘူးတဲ့။ ရူပက္ခန္ဓာဆိုတဲ့ ရုပ်ခန္ဓာတော်ကြီးကို အစွဲပြုပြီး၊ ဘဂဝါဟု ခေါ်ဝေါ် ပညတ် အပ်တဲ့ အပြင်၊

သဗ္ဗညုတဉာဏ်အစရှိသော မနှိုင်းယှဉ်အပ်သော ဂုဏ်တော်၊ ကျေးဇူးတော်အပေါင်းတို့၏ ကိန်းအောင်းတည်နေရာ၊ ခန္ဓာငါးပါး၊ ရုပေါင်းတွဲစပ်ပြီးထားတဲ့ရုပ်တရားနဲ့ နာမ်တရားကိုပဲ၊ ဘုရားလို့ခေါ်ဆိုရသတဲ့။ ပရမတ်အသားကို ပညတ်နဲ့ တင်စားပြီး၊ ဘုရားလို ဆိုတာပေါ့။ ဒို- လူသား၊ အဲဒီလို ပြောတဲ့စကားလဲ မှားတယ်လို့ မဆိုနိုင်တူး။ ပရမတ်အသားကို ပရမတ်စကားနဲ့ ဆိုတော့လဲ ပရမတ်အလိုအားဖြင့် မှန်တာပဲ။ အဲဒီပရမတ်အသားကိုပဲ၊ ပညတ်နဲ့ တင်စားပြီး၊ ပညတ်စကားနဲ့ ဆိုပြန်တော့ ပညတ်အလိုအားဖြင့် မှန်တာပဲ။ အဲဒါကြောင့်-(ပရမတ္ထကထံကထေန္တာ ပိသံစ္စမေဝ သဘာဝမေဝ အ မု သာ ၀ က ထေ န္တိ)လို့- သိသကျွန်အဋ္ဌကထာမှာ၊ အဲဒီလို လာရှိတယ်။ ဒိမယ်လေ- လူသား၊တနည်းအားဖြင့်၊ ဥပမာတင်စားလို့ ထင်ရှားအောင် ပြောကြားရလျှင် မြတ်စွာဘုရားရဲ့ခန္ဓာငါးပါးကပတ်နှုပမာပဲ ထားပါတော့၊ သန်မျှားနဲ့တူတယ် သစ္စာလေးပါးနှင့်တကွ၊ အပိုင်းအခြားမရှိ သိတော်မူတဲ့ဉာဏ်များကတော့ ဝိဇ္ဇာတွေ ထုနှိပ်လို့၊ လုံပိတ်ပြီး ထိုးထားတဲ့၊ ပဒါးပြားနဲ့ တူတယ်။ ဒိမယ်လေ-လူသား၊ အဲဒီသံတည်းဟူသော ခန္ဓာငါးပါးတို့ကို ဉာဏ်တည်းဟူသော အမှန်ပဒါးပြာတရားက သွားပြီးထိလိုက်အခါမှာ၊ ဘုရားတည်းဟူသော ရွှေဖြစ်ပြီးသွားတာပဲ။ အဲဒါကြောင့် ထုတ်ပြတဲ့ ဇုဒ္ဓဆိုတာ ဤဘဝါခေါ်တယ်လို့-အတိုင်းမသိသော ဂုဏ်တော်ကျေးဇူးတော်တို့၏တည်ရာဖြစ်တဲ့ ခန္ဓာတော်အစဉ်

ကို ဘုရားလို့ဆိုတဲ့အကြောင်း၊ ထပ်လောင်းပြီး ဘိစရာ
ပြရမှု၊ မဏိသာရ မဉ္ဇူမှာ၊ ဟောဒီလိုလာပြန်တယ်။ ဘယ်လို
လာသလဲဆိုတော့၊ (ကောဗုဒ္ဓေါတိအနန္တဂုဏာဓိဝါသော
ခန္ဓသန္တာနော တဿသဗ္ဗညုတဉာဏဿ ပဋိလာဘာ
ဗုဒ္ဓေါတိပညတ္တော)လို့၊ အဲဒီလို လာတယ်။ အဓိပ္ပါယ်က
တော့ အဘယ်ပုဂ္ဂိုလ်ကိုဘုရားလို့ခေါ်ဆိုသလဲလို့၊ အဲဒီလို
မေးညာအံ့တဲ့၊ ငါးပါးသောခန္ဓာအစဉ်ကိုဘဲ၊ ဘုရားလို့
ဆိုပါတယ်တဲ့။ အဘယ်ကြောင့် ဆိုသလဲလို့၊ အဲဒါလို
ထပ်ပြီး၊ နောက်တရစ်မေးပြန်မှု၊ သဗ္ဗညုတ ရွှေညာဏ်ကို
ကောန္တရအာဟုတ်ရတော့ ဗုဒ္ဓလို့ဆိုထားပြီး၊ ငါးပါးသော
ခန္ဓာအစဉ်ကိုပဲ၊ ဘုရားလို့အမည်တွင်ပါတယ်တဲ့။ အဲဒါ
လိုအမည်တွင်သောကြောင့်၊ အဲဒီခန္ဓာအစဉ်ကိုဘဲ၊ ဘုရား
သခင်လို့ခေါ်ပါတယ်တဲ့။ ဒီမှာလေ-လူသား၊ အထက်ပါ
သဘောသွားအတိုင်း၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်နှင့် မဟာ
နိဒ္ဒေသပါဠိတော်များမှာလဲ (ဝိမောက္ခန္တိက မေတံ ဗုဒ္ဓါနံ
ဘဂဝန္တာနံဗောဓိယာမူလေ သဟသဗ္ဗညုတဉာဏဿ
ပဋိလာဘာသစ္ဆိကာပညတ္တိယဒိဒံ ဗုဒ္ဓေါတိ လို့ သို့ကလို
လာရှိတယ်။ တိုတိုအဓိပ္ပါယ်ကတော့ ပွင့်တော်မူပြီးသွား
ကြတဲ့ ဘုရားဟူသမျှတို့မှာ၊ ဗောဓိပင်ပလ္လင်ရင်းမှ သဗ္ဗညု
တဉာဏ်ကို ရတော်မူကြသည်နှင့်တကွ၊ ဗုဒ္ဓ ဟူ သော
အမည်နာမကိုရကြလို့ အားလုံးသော သတ္တဝါများက
ဘုရားရယ်လို့ခေါ်ဆိုကြရပါတယ်တဲ့။

ဒိုကာကျော် ဝိဂ္ဂြိုဟ်၏ ညှိဆိုတဲ့ ပုဒ်အရကို ကွန့်ကြက တေးထပ်နဲ့ ရေးစပ်မှတ်သားပြီး၊ တပည့်ကလေးများကို ပေးဘူးတယ်။ ဒီမယ်လေ-လူသား၊ သင် လူသား၊ ကျက်အံ သားစမ်းပါ။

## ဗုဒ္ဓအရကောက် တေးထပ်

သမ္မာသံဗုဒ္ဓေါတဲ့ ထုတ်ဟောဖွဲ့ညှိဆို၊ ချုပ်သဘော ရဲ့ ဝိဂ္ဂြိုဟ်ကို သိစေလိုစိတ်ထား၊ အရကောက် ဒိုကာ ကျော်မှာ၊ ဤဘဂဝါနော် ပုဒ်ဖွင့်လို့ကြားမှုဝေါတ်က ဗုဒ္ဓလာတယ် ထုတ်ပြတာ မှန်သား ဟုတ်လှစွာ ညာဏ်တရားပါဘဲ့ အသန့်သွား ဂုဏ်တင်၊ ဘဂဝါ ဆိုကာပြ ကိုယ်ကာယာ ရွှေဘုန်းတော်ရှင်၊ တ,ပစ္စည်း ထူးပေါ်လွင်တယ်၊ ဖူးမျှော်မြင် ဘဂဝါမှတ်ပါတော့၊ ခန္ဓာဝေါတ် ဗုဒ္ဓမိန့်ရွှေ့ ထုတ်ပြထိန့်ဝေ၊ ညာဏ်ပဒါးပြာ တရားနဲ့ ခန္ဓာအသားကို မွှေတယ်၊ သံပဒါးပြာ နှစ်ပါးမသွေ ရွှေဖြစ်သလိုပေါ့လေး.....။

အိုး-လူသား၊ အဲဒီလို ညာဏ်တည်းဟူသော ပဒါးပြာ တရားနဲ့၊ သံတည်းဟူသော ခန္ဓာငါးပါးတို့၊ နှစ်မျိုးကြုံပြီး ဆုံမိသွားတော့ ရွှေတည်းဟူသော ဘုရားအစစ်ရယ်လို့ ဥပမာတင်စားတိုင်း ထင်ရှားစွာဖြစ်ထာကို၊ ဗုဒ္ဓစစ်မဟုတ် ဘူးဟာလို့၊ ရှင်ဝါသဝက ဆိုထားတယ်။ ဒီမယ်လေ- လူ သား၊ သင် မြင်တယ်မဟုတ်လား။ ရှင်ဝါသဝရဲ့ ၂-နံပါတ် စကားက (ဝေါတမဗုဒ္ဓရဲ့ ကိုယ်ရုပ်ပါးဂုဆိုတာလဲ ဥပါဒါန်

တို့ရဲ့ ပွားစီးရေးဖြစ်တဲ့အတွက်၊ ဗုဒ္ဓစစ်မဟုတ်ပါဘူး တကျော်ဒိဋ္ဌိမာန ပပဉ္စနယ်ချဲ့သမားရဲ့ အာရုံမျှသာဖြစ်တဲ့ အတွက်၊ ဗုဒ္ဓစစ်မဟုတ်ပါဘူး)လို့ ပြောဆိုရေးသားပြီး ထားတယ်။ အို-လူသား၊ ရှင်ဝါသဝ ပြောဆိုရေးသားတဲ့ အတိုင်း၊ ငါတို့၏ မြတ်စွာဘုရားရဲ့ ငါးပါးသော ကိုယ်အစု ကြီးဟာ၊ တကျော်ဒိဋ္ဌိမာနဆိုတဲ့ ပပဉ္စ နယ် ချဲ့ သမား သုံး ယောက်ကို အစပြုပြီး၊ ဖွဲ့လန်းမှုဆိုတဲ့ ဥပါဒါန်တရားတို့၏ ကြီးပွားဘွယ် အာရုံဏ်ဆိုတာ မှန်ပါတယ်။ ဒီမယ်လေ-လူ သား၊ အဲဒီအာရုံဆိုတဲ့စကားဟာ၊ သူတပါးတို့ရဲ့ဖွဲ့လန်းမှု၊ တကျော်ဥပါဒါန်အစရှိတဲ့ သူတရ၏ ကြည့်ရှုနှစ်သက်ဖွယ်၊ လှတယ်၊ ချောတယ်၊ ယဉ်တယ်၊ တင့်တယ်တယ် သပ္ပါယ် တယ်လို့ဆိုအပ်သဖြင့်၊ လျောက်ပတ်တဲ့အရာကို၊ အာရုံဏ် လို့ဆိုတာ၊ တနည်းဆိုရပါလျှင်၊ အာလမ္ဗဏာဆိုတဲ့ ပါဠိ က လာထော့၊ ဖွဲ့လန်းစရာ ဆွဲကိုင်နှစ်သက်၊ မပြစ်ရက် အောင် ချစ်မက်မြတ်နိုးစရာတွေကို၊ အာရုံဏ်လို့ဆိုခေါ် ဆိုရပါတယ်၊ ဒီမှာလေလူသား၊ ငါတို့ရဲ့ မြတ်စွာဘုရား ဟာ၊ ချစ်ခင် နှစ်သက် ရုံမက် မြတ်နိုး ဘွယ်ရာ၊ အဲဒါတွေ ပေါင်းရုံးလျှင်၊ အကောင်းဆုံးကပါနေလို့၊ တကျော်နဲ့ ဥပါ ဒါန်။ အဖွဲ့ အလန်း သန်သူတို့၏ အာရုဏ်ဖြစ်ျော်ကြောင့်၊ ဗုဒ္ဓစစ်မဟုတ်ဘူးဟာလို့၊ ရှင်ဝါသဝကဆိုဒါပေါ့၊ အို—လူသား၊ ချစ်ခင် နှစ်သက် ရုံမက် မြတ်နိုးဘွယ်၊ တင့် တယ်တဲ့၊ အာရုံဏ်ဖြစ်အာနဲ့၊ ဘုရားစစ် မဟုတ်ရတော့ ဘူးလား၊ အဲဒီရှင်ဝါသဝရဲ့စကားကို၊ သင်လူသားစဉ်းစား

စမ်းပါ၊ ဥပမာကလေးတခုပြောမယ်၊ ဟောလေလူသား- မာဂဏ္ဍီပုဏ္ဏားဟာ ရှိင်း တယ် လဲ သ ဘော မ ထား နဲ့ လူသားရေ့၊ ဘုရားကိုသမက်ဖမ်းလျှင်တော့ အခ ထက် တန်း က ဦး စီး ပြီး၊ သူ့သမီးနေရာကျမှာဘဲလို့ အဲဒီလို အကြံရတယ်၊ လွယ် လွယ် ဘဲ ပြောကြပါစို့၊ ငါတို့ရဲ့ မြတ်စွာဘုရားကို သမီးနဲ့မျှားရအောင် သနပ်ခါး ပန် မှန် ပန်စေ၍၊ ဟံလှအောင်ပြင်ဆင်ပြီး၊ ဘု ရား သ ခင် အား သွားပေးတယ်ဆိုပါတော့၊ ဘု ရား ကို မြင် လိုက် လျှင်၊ ကြွည့်ရှုလို့မဝအောင်၊ အင်မတန်လှပတော့၊ မာဂဏ္ဍီ တို့ရဲ့သမီးက ခွဲမရအောင်ချစ်ခင်ပြီး၊ ရလျှင်လဲလိုချင် တယ်၊ ဘုရားကသူ့ကိုမြင်တော့ ခင်မင်တွဲကိုမဆိုထားနဲ့၊ မစင်ပုတ်အလား၊ စေကုစ္ဆသဘောတရားအတိုင်း၊ ထင် ရှားသိမြင်တော်မူပြီး သည်နှင့်အညီ၊ ထွိ-ဆိုတဲ့အဓိပ္ပါယ် ဖြင့်၊ မာဂဏ္ဍီပုဏ္ဏားကို ဟောဗ်လိုမိန့်ကြားတယ်၊ ဘယ် လိုမိန့်ကြားသလဲဆိုတော့၊ အို .... ပုဏ္ဏား ငါဘုရားသည် သင်၏သမီးအား၊ ခြေဖျားနဲ့မှမတို့လို၊ မစင်ပုတ်ကိုမြင် ရသောအသွင်၊ အ လွန် ပင် စက် ဆုတ် တော်မူပေသည်၊ ဤမျှမက၊ မတုနိုင်အောင်လှပသော တဏှာအာရတီအ‌စ ရှိတဲ့ မာန်နတ်မင်း၏သမီးတို့ပင် ပလ္လင်၏အပါးမှ လှည့် စားဖျားယောင်းခဲ့ဘူးကြရာ၊ ထို အ ခါ က ပင်၊ မစင်ပုတ် အလား၊ မာန်နတ်၏သမီးများကို ငါဘုရားရှုံမုန်းပြီး၊ အော့ နှစ်လုံးနာခဲ့ဘူးလေပြီလို့၊ အဲဒီလိုမြတ်စွာဘုရားက ဂဏ္ဍီပုဏ္ဏားကို မိန့်ကြားတော်မူလိုက်တယ် အဲဒီသူမိ

ကြွားတော့ မာဂဏ္ဍိပုဏ္ဏားကြီးနှင့် သူ့သမီးချစ်ဖွယ် ပဏ္ဍမြားဟာ၊ ဘုရားကိုအညှိုးထားလို့မို့ စိတ်ဆိုးပြီးထ သွားရော၊ အို-လူသား၊ အဲဒီ အသက်ပါ၊စကားများတွင် ဘုရားဟာ အလွန်လှသောကြောင့် မာဂဏ္ဍိပုဏ္ဏားကြီးရဲ့ သမီးကချစ်တာနဲ့ ဘုရားစစ်မဖြစ်တော့ဘူးလား၊ ပုဏ္ဏားရဲ့ သမီးက အလွန်လှတဲ့ဘုရားကိုထမသွားနိုင်အောင်ချစ်တာနဲ့ ဘုရားမှာဘာဖြစ်သလဲ၊ ကဲလေလူသား အသင်ဘဲ စဉ်း စမ်းပါ၊ ဒီမှာလေလူသား၊ ချောချောလှလှနဲ့ ကမ္မဋ္ဌာန်း ပြနေတဲ့ရဟန်းတော်တပါးကို၊ ဥပမာအားဖြင့်၊ ကမ္မဋ္ဌာန်း အသိုင်လာကြတဲ့ တကာမများက၊ ပုထုဇဉ်ဖြစ်ကြသည့် အားလျော်စွာ၊ ချစ်ကြိုက်စိတ်ပေါ်လာပြီး၊ ဝမ်းထဲတွင် ကျိတ်ခဲသို့ စိတ် ထဲ က လော်မာကြ တယ် ဆိုပါတော့၊ ထိုရဟန်းတော်ဟာ၊ ရဟန်း အစစ်မဟုတ်ဘူးလား သူ စောင့်ထိန်းပြီးထားတဲ့ အကျင့်သီလများဟာ အဆိုပါ မိန်းမတို့က၊ စိတ်တွင်းကယိမ်းကြပြီး၊ ထိမ်းမရတားမရ နဲ့၊ အနားကကြိုက်တာနဲ့ဘဲ၊ ထိုရဟန်းတော်နှိုက်ဗို့တဲ့ အကျင့်သီလများဟာ၊ ချွတ် ရှင်း ပျက် စီး ပြီးသွားနိုင်ပါ မသားလူသားရဲ့၊ အဲ ... ဟုဘ်တာပ၊ မိန်းမတွေကြိုက် ကြပေမယ့်၊ သူကမှမဖောက်ပြန်တော့၊ မိန်းမတရာကဘဲ ကြိကြိ၊ ကိုယ့်စိတ်ကို ထိမ်း ကျောင်း မရ လျှင်၊ သိန်း သောင်းခကတဲ့မိန်းမတွေကဘဲ ခိုးရအောင်ကြိကြိ အဲဒီလို မှန်းကြိုကြသော်လဲ ဘုရားဟာ ကမ္မဋ္ဌာန်းမွေ့နေအပြဲအ တိုင်း၊ ရဟန်းတော်ကသာ လမ်း အ မှန် ကျ နေ သော

ကြောင့် နှမ်းဘဆံမှုထိတ်စရာပေါ်အောင်၊ သိက္ခာတော် မမွေးမညစ်လျှင်၊ ရဟန်းတော်မစင်စစ်တော့ဘဲ၊ လူဖြစ်ပြီး သွားတယ်လို့ ဘယ်ဘုရားကမှလဲ မဟောခဲ့ဘူး ကျွန်ုပ် တို့လူသားတို့ကလဲ ဘယ်နည်းအားမှမပြောနိုင်ဘူး၊ ဟော လေလူသား၊ (ချဉ်သီးနဲ့ဆား-အဘူဆား-ဆားကား အ ချေဖြစ်လတန့်) ဆိုတဲ့ ရှေးလူတို့ရဲ့စကားကို ကျွန်ုပ်က မပယ်ရှားဘူး သဘောယူအားဖြင့် ခပ်များများရှိကြပေ မှာပေါ့၊ ဒီမှာလေလူသား၊ ယောကျ်ားများဟာ ဆားနဲ့ ဘဲသူတယ်လို့ သို့ကလိုဆိုကြပါအုံးစို့၊ ကမ္မဋ္ဌာန်းတရား က၊ ယောကျ်ားတည်းဟူသောဆားကို အရေဖြစ်ပြီး ပျော်မသွားအောင်၊ ကာဆည်းပြီးထားတဲ့ မီးများနဲ့တူ တယ်၊ မိန်းမများကိုတော့ ချဉ်သီးဘဲထားလိုက်ပါတော့ ဒီမှာလေလူသား အဲဒီ ဥပမာ ဥပမေယျ စကားအတိုင်း၊ ရဟန်း ယောကျ်ား တည်း ဟူ သော ဆားကို၊ ကမ္မဋ္ဌာန်း တည်းဟူသောမီးများက ကာဆည်းပြီးထားသဖြင့် မိန်း မတည်းဟူသော ချဉ်သီးကို၊ အနီးအနားမှာထားပေမဲ့၊ တကယ်သာကမ္မဋ္ဌာန်းတရားကို ညာဏ်အမြင်ထင်ရှားပြီး ပွားများဆဲဖြစ်သွားအံ့၊ အဲဒီရဟန်းယောကျ်ားတည်းဟူ သောဆားဟာ၊ ဘယ်နည်းအားမှ အရေမဖြစ်နိုင်ဘူး၊မိန်း မတည်းဟူဆား၊ ယောဂီဆိုတဲ့ကမ္မဋ္ဌာန်းသမားများမှာ လဲ၊ ယောကျ်ားတည်းဟူသောချဉ်သီးနှင့်၊ အကယ်၍ နီးခဲ့သော်၊ ဖေါ်ပြပြီးဖြစ်တဲ့စကားအတိုင်းပေါ့၊ ရော့- လူသား ဟော ဒီဆားများကို သင့်လက်ဝါးထဲထဲ့ပြီး၊

လက်ဝါးနှစ်ဘက်နဲ့ ပွတ်စမ်း၊ မှန်း-လူသား၊ ကြေ(ဒ်-သားတွေကန့်သွားပြီး၊ သင့်လက်ဝါးနှစ်ခုစလုံးမှာ ရုဂျ်းလို့မခေါ်ဘဲ၊ အားလုံးကိုပေါ်လို့ကိုး၊ ဘယ်နေရာကများစပ်သလဲ၊ ကြော-ဘယ်နေရာကမှမစပ်ဘူးလား၊ ဘာဖြစ်လို့မစပ်သလဲ ဆဲ အနာမရှိလို့ပေါ့လူသားရဲ့၊ အနာသာရှိစမ်းပါ၊ ထိတဲ့နေရာမှာစပ်မှာဘဲ၊ ဆဲဒီဥပမာလိုဘဲ လူသားရေ့၊ မိန်းမဘဲဖြစ်ဖြစ် ယောကျ်ားဘဲဖြစ်ဖြစ်၊ လူသားများဘဲဖြစ်ဖြစ် ရဟန်းများဘဲဖြစ်ဖြစ်၊ ယောဂီဆိုတဲ့ ကမ္မဋ္ဌာန်းသမားများဘဲ၊ စိတ်ဆိုတဲ့လက်ဝါးကို၊ ကာမနာရှိသေးသလား ကာမနာမရှိဘူးလား၊ ငုံ့ကြည့်သကိုအစထားလို့ရို့၊ အသုဘတရားနဲ့ ထင်ရှားအောင်စစ်စစ်ပြီး၊ အချစ်တည့်ဟူသောကာမ၊ သမုဒယဆိုတဲ့အနာ၊ စိတ်တည်းဟူသော လက်ဝါး၌ ခပ်များများကျန်သေးပါမူ၊ ဆားတည်းဟူသော ဝိသဘာဂတို့ဟာ၊ မရှိဒါက အကောင်းဆုံးဘဲ ကဲလေလူသား- ငါတို့ရဲ့မြတ်စွာဘုရားမှာ၊ ကာမနာရောဂနာ၊ အာသဝအစရှိတဲ့ ၎င်းအနာတို့ဟာ ပြောင်းကွာလွှတ်ကင်း၊ အားလုံးကုရှင်းပြီး၊ ဘယ်သင်းမှမကျန်တော့ အရ-ဟံ့ဂုဏ်အားဖြင့်၊ ပုဏ္ဏားသမီးဆားခဲနဲ့ နှိုးပေမဲ့၊ ဘယ်နည်းမှအကာပ်မခံ၊ စပ်ရန်တော့အဝေးသားဘဲ တနည်းအားကြည့်ရှုစရာဖြင့်၊ ဟိန္နုပမာပုံဘဲထားပါဦး၊ ဘုရားသခင်၏ စိတ်မနော၊ သဘောခေါ်တဲ့ဆားဟာ၊ ပုဏ္ဏားရဲ့သမီး ချဉ်သီးနဲ့ ဘယ်လိုနှိုးပေမဲ့၊ ဘယ်နည်းနဲ့မှအရေမဖြစ်ဘူး၊ အစစ်ကိုပြောကြားရလျှင်၊-

ဘုရားဆိုတဲ့ ဂုဏ်ပုဒ်ဟာ၊ နှမ်း တလုံး မယုတ်ဘူးပေါ့ အင်း ဂှင်ဝါသဝရဲ့ စကားကတော့၊ ဘုရားကိုရှာမတွေ့ အောင်၊ ဟိုရှေ့နားကပြောခဲ့တဲ့အတိုင်း၊ ရှိုင်းရှိုင်းစိုင်းစိုင်း တွေနဲ့ ရေးသားပြီးထားတယ် ဘယ်လိုတဲ့လဲလူသားရဲ့၊ ကြောင့် မဒေါက်မှာဟောခဲ့တဲ့ ဂှင်ဝါသဝရဲ့ စကားတွေ ကိုချန်ထားပြီး။

**အောက်ပါမေးခွန်းကိုသင်လူသားဖြေစမ်းပါ**

၁။ ဂေါတမဗုဒ္ဓဟာ ဗုဒ္ဓစစ်လား

(ပ)

၄။ သင်္ခါရဝိကာရ လက္ခဏာနိဗ္ဗာဏ်မညတ်ဆိုတဲ့ ညှေယျဓါမ်-၅-ပါးကိုသိတာဟာ ဗုဒ္ဓစစ်လား

အဖြေကား

၁။ ဂေါတမဗုဒ္ဓဟာ ဗုဒ္ဓစစ်မဟုတ်ပါပူး

(ပ)

၄။ သင်္ခါရဝိကာရ လက္ခဏာနိဗ္ဗာဏ်ပညတ်ဆိုတဲ့ ညှေယျဓါမ်-၅ပါးကိုသိတာလဲ ဗုဒ္ဓစစ်မဟုတ်ပါပူး

ဘာကြောင့်တဲ

၁။ ဂေါတမဗုဒ္ဓဆိုတာဟာ နာမယ် မျှသာ ဖြစ် တယ်၊ နာမယ်ဟာဗုဒ္ဓစစ်မဟုတ်သေးပါပူး

၂။ ဂေါတမဗုဒ္ဓရဲ့ကိုယ်ရ၅ရဆိုတာလဲ၊ ဥပါဒါန်တို့ရဲ့ ပွားစီးရေးဖြစ်တဲ့အတွက်၊ ဗုဒ္ဓစစ်မဟုတ်ပါပူး၊ တဏှာမာနဒိဋ္ဌိပပဉ္စနယ်ချဲ့သမား အာရုံမှုသာဖြစ်တဲ့အတွက် ဗုဒ္ဓစစ်မဟုတ်ပါပူး

၃။ ဂုဏ်တော်တွေ-ဉာဏ် တော် တွေ ဟာ လဲး ကိုယ် သိ ကိုယ် ရ မဖြစ်သေးတဲ့အတွက် ဗုဒ္ဓစစ် မဟုတ်ပါပူး မှတ်ချက် ( ဂုဏ်းဂုဏ်တော်ဉာဏ်တော်တွေကိုရှိလို့သိလို့ ဗုဒ္ဓခေါ်သည် မဟုတ်တုံလော) ဤကား ကျွန်ုပ်၏စကား

၄။ ညှေယျဓါမ် ၅ပါးကိုသိတာကလဲး သိ ရုံ သာ သိပြီး ကိုယ်ပိုင်ကိုယ်ရမဖြစ်သေးတဲ့အတွက် ဗုဒ္ဓစစ်မဟုတ်သေးပါပူး (မှတ်ချက်-အဆိုပါ တရားတို့ကို သိရုံသာသိသည်မဟုတ်-လက်ဆုတ် လက်ကိုင်-ကိုယ်ပိုင်ကိုယ်ရဖြစ်ပြီးမှ ဗုဒ္ဓ ဖြစ် လာ သည် မဟုတ်တုံလော (ဝါ) ဘုရားဖြစ်လာသည်မဟုတ်တုံလော-ဤကားကျွန်ုပ်၏အမှာ)

ဆိုတဲ့စကားတွေဘဲသား၊ အိုလူသား- အခြားသော စကားတွေကို အပထားအုံး အထက်ပါစကားများနှင့်ပင် ဘုရားကိုရှာမတွေ့တော့ဘူး၊ အဲဒီလိုတခွေ့ရွေ့နဲ့၊ ဘုရားကိုရှာမတွေ့အောင်၊ မထေ့တထေ့ပယ်ဖျောက်လာတယ်

သို့ဒါဟာ လူသေလူဖြစ်စာအုပ် စာမျက်နှာ (၁၂၅) ကို ကြည့်ရတဲ့အခါကျတော့၊ ပိုမိုပြီး ထင်ရှားလာပေတယ်။ ဒီမယ်လေ လူသား၊ စာမျက်နှာ(၁၂၅)ကို သင် လူသား ဖတ်စမ်းပါ၊ ကြည့်......

> စင်စစ်မှာ ကျွန်ုပ်တို့သည် မယုံသောအရာကို မသိသောအရာကို (ဝါ) အတွေးနှင့်အထင်ကို အဘယ့်ကြောင့် ဦးနှိမ်ရိုကျိုးလက်ခံမိး၍ ရှိခိုးနေရမည်နည်း၊ အကယ်တစေ အဲဒီနတ်ဘုရားများ ထင်ရှားရှိပါသည်ဟု ဆိုလာချေသော် - ဆိုသည့် နတ်ဘုရားများဟာ အကောင်းစား တွေပါဟူ၍ မည်သူကနတ်တိုင်-ကန့်မ-ပြောဆိုနိုင်မည်နည်း ဝန် ခံနိုင်မည်နည်း၊ ထိုနတ်ဘုရားတို့သည် လူသား၏ ဆုတောင်းမှုပဏ္ဍာနာမှုတို့ကို ဂရုပြု၍နားထောင် ပူးပါသလေား - တဲ့လား၊ ကဲ အဲဒီစကားတို့ကို

သာ သင်လူသားစဉ်းစားတော့၊ နတ်နဲ့ ဘုရားဆိုတာ အရှင်းသားမရှိဘူးတဲ့၊ ကြည့်ဦးလေလူသား၊ နတ်နဲ့ ဘုရား သခင်ဆိုတာ၊ လူတို့ရဲ့ အတွေးအတင်ပဲ၊ စင်စစ်ကိုမရှိ ဘူးလို့ ဦးဦးကဆိုထားပြီး၊ အင်း .... ရှိနေလျှင်ဖြင့် အ ခက်သားဘဲဆိုတဲ့ သဘောသွား၊ အကယ်၍ များရှိခဲ့ သော်၊ ငါတို့ရဲ့အလိန်ပေါ်မယ်၊ အဲဒီလိုအလိန်ပေါ်တော့ လဲ၊ လူတော်လူကောင်းမှတ်မထားကြနဲ့၊ နတ်ဘုရားဆို တာ လူလိန်တွေလို့ နောက်ထပ်ပြီးသူတို့လိန်လိုသဖြင့်

အဲဟို ... (အကယ်တစေ အဲဒီနတ်ဘုရားများထင်ရှားရှိပါ သည်ဟုဆိုလာချေသော် ဆိုသည့် နတ် ဘု ရား များ ဟာ အကောင်းစားတွေပါဟူ၍ မည်သူကကန့်တိုင် ကန့်မပြော ဆိုနိုင်မည်နည်း ဝန်ခံနိုင်မည်နည်း ထိုနတ်ဘုရားတို့သည် လူသား၏ သုတောင်းပတ္တနာမှုတို့ကို ဂရုပြု၍နားထောင် ပူးပါသလော)လို့ ဆိုတဲ့စကားတို့ကို နောက် ထပ် ပြီး ပြောဆိုးထားပြန်တာ ဒီမှာလေလူသား၊ သူတို့ရဲ့စကား၊ ဟောဟိုအဖျားနားမှာ (ထိုနတ်ဘုရားတို့သည် လူသား ၏ သုတောင်းမှုပတ္တနာမှုတို့ကို ဂရုပြု၍နားထောင်ဘူးပါ သလော)လို့ ဟောဒီလိုဆိုထားတယ်၊ သူတို့ဆိုလိုရင်း စကားကတော့၊ နတ်နဲ့ဘုရားဟာ၊ သင်လူသားမျှော်ကိုး ပြီး အမျိုးမျိုးသော ပူဇော်မှု လှူဒါန်းဘွယ်ဝတ္ထုတို့ဖြင့်၊ ပူဇော်လှူဒါန်းခြင်းပြုလို့ရို့၊ ဆု တောင်း ပြီး နေတဲ့အခါ၊ လာလို့များနားထောင်ဘူးပါသလားတဲ့၊ အို-လူသား အဲဒီ စကားဟာ၊ သင်လူသားရက်စဖွယ်ဖြင့်၊ ပျက်ရယ်ပြုလိုက် တဲ့စကားပေါ့၊ ဒီမှာလေလူသား၊ ကျွန်ုပ်ရဲ့ အ လို အား ဖြင့်၊ နတ်မျိုးတွေများလွန်းလို့၊ မှ ဟုတ် ဘူး လို့ တော့ မပယ်ရှားပါဘူး၊ ဘုရားကိုပြောမှာကြောင့်၊ နတ်တွေရဲ့ အမည်တွေမပါအောင်၊ ဒီနေရာမှာဖယ်ထား၊ ဟောလေ လူသေလူဖြစ်ဆရာများက၊ ဘုရားဆိုဒါဉပါဒါန်တဲ့၊ အ တွေးအကြံသမားတို့က ဖိတ်ကူးပြီး၊ အ ထူး ထူး အတွေ တွေ၊ ရော်ရန်းပြီးကြည့်လေ၍၊ တွေဝေစဉ်းစား၊ တည် နိုင်ဘို့အခြေမမြဲပဲလေထဲ၌အချပ်ရေးထားဒါကို၊ ဘုရားလို့

ဆိုလိုဒါတဲ့၊ အင်း .... ထိုဆရာတို့ရဲ့ သဘောသွား ဖြင့်၊ ဘုရားအား မယုံယာန်ကို အ ကုန် လှန် ပြီး ဗုဒ ပေါင်း ကြည့်လိုက်လျှင်၊ ဆုတောင်းသည့်အခါမှာလဲ၊ ဘုရားမလာဘူးတဲ့။ အများတကာက ပူဇော်လို့၊ အလှူခါနေးတဲ့အခါမှာလဲ၊ ဘုရားမလာဘူးတဲ့။ ဘုရားဟာ မရှိလို့ပေါ့တဲ့။ အကယ်လို့သာ ဘုရားရှိခဲ့လျှင် မြင်ဘူးတဲ့သူတွေရှိရမယ်တဲ့။ အဲဒီလို မိမိတို့ကိုယ်တိုင်လဲ မမြင်ဘူးဘူး။ မြင်ဘူးတဲ့လူများကိုလဲ ထင်ထင်ရှားရှားမတွေ့ဘူးဘူး။ အဲဒီလို မမြင်ဘူး မတွေ့ဘူးဘဲ စိတ်ကူးနဲ့ မျှော်မှန်းလျက် နေ့ရှင်းပြီး အစွဲသန်လို့မို့၊ ဥပါဒ်နှလုံ့စားတာကို ဘုရားလို့ ဆိုတာပါတဲ့။ အို လူသား၊ သူတို့ရဲ့စကားအတိုင်း၊ဘုရားကို မမြင်ဘူးလို့ မရှိဘူးဆိုပါလျှင်၊ထိုဆရာတို့ကို ဒီလိုမေး၊ ဘယ်လိုမေးရမလဲဆိုတော့၊ အို လူသေလူဖြစ်ဆရာတို့ သင်တို့မှာ အမေများရှိကြပါသလားလို့မေး။အဲဒီလို သင်က မေးတော့ အမေရှိလို့ ဒို့ကို မွေးတာပေါ့။ အမေမရှိလျှင် ဒို့ကို ဘယ်သူက မွေးမလဲ။ ခွေးမသား မဟုတ်တာ မေးတယ်လို့ အဲဒီလို အဖြေပေးလိမ့်မယ်။ အဲဒီလို အဖြေပေးတော့၊ သင်တို့ကို မွေးတဲ့အမေတွေဟာ၊ယခုတိုင်ရှိနေသေးပါသလားလို့၊ သင်လူသားက ထပ်ပြီး မေး။ အဲဒီလို ထပ်ပြီးမေးလျှင် ဟဲ့ အကောင် ဒို့ကို မွေးတဲ့အမေတွေကတော့ သေကုန်ကြပြီ။ ဒို့ဘဲ အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ် ရှစ်ဆယ်ရှိနေပေါ့။ ဒို့အမေတွေ ဘယ်ရှိတော့မလဲလို့ အဲဒီလို အဖြေပေးလိမ့်မယ်။ အဲဒီလို အဖြေပေးတော့ သင် လူ သား က

ထပ်ပြီး မေးခုန်း။ ဘယ်လို မေးရမတုန်းဆိုတော့၊ အို ဆရာ
တို့၊ ဆရာတို့ဟာ မမြင်လျှင် မရှိဘူးလို့၊ သို့ကလို ဆိုထား
ပါတယ်။ ကဲ ဆရာတို့ အမေတွေ သေသွားကြတဲ့နောက်
ယခုအချိန်သို့ ရောက်လာတော့၊ ဆရာတို့ရဲ့ မိခင်တွေကို
ကြည့်ချင်ပေတယ်လို့ မမြင် ရ ပါဘူး။ အဲဒီ ယခုအခါမှာ
မမြင်ရတာဟာ ရှေးကရှိတယ်မရှိလို့ မမြင်ရတာပေါ့လို့
သို့ကလို လူသားက ပြော အဲဒီလိုပြောတော့ ဟော တယ်
ခွကျတဲ့ အကောင်၊ သေသွားခါမှ မမြင် ကြ ရ တာ ကွ၊
မသေခင် အခါတုန်းက ထင်ထင်ရှားရှားကြီး မြင်ရတယ်။
မင်းတို့ရဲ့ ဘုရားဆိုတာကျတော့ ဘယ်အခါတုန်းကမှ
မမြင်ဘူးကြရဘူး။ အဲဒါကြောင့် ဘုရားမရှိဘူးဟာလို့၊ ငါ
တို့က ပြောတာ။ ဘယ်အခါကများ မင်း မြင်ဘူးသလဲလို့၊
အဲဒီလို ပြောလိမ့်မယ်။ အဲဒီလို သူတို့က ပြောတော့၊ ဟောဒီ
လို သင်က ထပ်မေး၊ ဘယ်လို မေးရမလဲဆိုတော့ အို·
ဆရာတို့ ဆရာတို့ဟာ ဆရာတို့ရဲ့ အမေ များ ကို တော့
ထင်ရှားစွာ မြင်လိုက်ရလို့၊ ရှိတယ်လို့ ဆိုထားပါတယ်။
ဂေါတမမြတ်စွာဘုရားကိုတော့ ထင်ရှားစွာ မမြင်ဘူးတဲ့
အတွက် မရှိဘူး ဆိုထားပါတယ်။ ဒီ မှာ လေ ဆ ရာ တို့၊
ဆရာတို့ရဲ့ အမေတွေကို မွေးဖွားတဲ့ အဖွားမကြီးတွေကို
ကော မြင်ကြရဘူးပါသလားလို့ သို့ ကလို ထပ်ပြီး မေး။
အဖွားမကြီးတွေကိုလဲ မြင်လိုက်ဘူးသေးတယ်ဆိုလျှင်၊
အစဉ်အလိုက်ရှောက်ပြီးတော့ပေါ့လူသားရယ်။ ဘိုးဘေး
ဘီဘင်သို့ရောက်အောင် မေး။ အဲဒီလို ရှောက်ရှောက်ပြီး၊

ဘိုးဘေးဘီဘင်သို့ရောက်အောင် ကောက်ကာ ငင်ကာနဲ့ ထိုဆရာတွေကို မေးလျှင်၊ ဘီနဲ့ဘင်ကိုတော့ ဝေးရော့၊ ဘေးကျအောင် မြင်ဘူးကြမှာမဟုတ်ဘူး။ အဲဒီလို မမြင်ဘူးကြလျှင် အဖွားရဲ့ အမေဖြစ်တဲ့ ဘေးဆိုတာကြတော့ မမြင်ဘူးဘူးဟာ လူသားရလို့၊ သူတို့က အဖြေပေးလိမ့်မယ်။ အဲဒီလို အဖြေပေးတော့ ဒါဖြင့် အရှင်တို့၏အဖွားကို မွေးထားခဲ့တဲ့ အဖေလို့ ဆိုနိုင်တဲ့ဘေးကို နဲနဲကလေးမှမမြင်ဘူးတဲ့အတိုင်း၊ မရှိဘူး ဆိုမလားလို့ အဲဒီလို နောက်ထပ်မေး။ သူတို့က ဘယ်လို အဖြေပေးမလဲ။ အင်း ဟောဒီလို အဖြေပေးလိမ့်မယ်။ ဟေး- ခွေးမသား မင်းကပ်ကပ်သတ်သတ် မေးမနေနဲ့။ ငါတို့ကို ငါတို့ရဲ့ အမေက မွေးသလို ငါတို့ရဲ့ အမေကိုလဲ ငါတို့ရဲ့ အမေ့အမေဖြစ်တဲ့ ငါတို့ရဲ့ အဖွားက မွေးမှာပေါ့။ ငါတို့ရဲ့ အဖွားကျတော့လဲ ငါတို့ရဲ့ အဖွားရဲ့ အမေက မွေးမှာပေါ့။ အဲဒီလို ဆက်ဆက်တွေးလျှင်၊ ဘိုးဘေးဘီဘင်က အစဉ်လိုက် မွေးဖွားလာကြောင်းကို ကောင်းကောင်းကြီး သိနိုင်တယ်။ ဘင်ရှိလို့ ဘီကို မွေးတယ်။ ဘီရှိလို့ ဘေးကို မွေးတယ်။ ဘေးရှိလို့ ဘိုးကို မွေးတယ်နဲ့ ဟို ရှေးက တယ်စပြီး၊ ယခုကျအောင် သိနိုင်တာပေါ့။ မြင်တော့ဖြင့် မမြင်ဘူးဘူး။ ကိုယ့်အမျိုးအစဉ်းကို၊ စိတ်ဘူးနဲ့မှန်းကြည့်တော့၊ ဘိုးဘေးဘီဘင်တို့လဲ အစဉ်အတိုင်းရှိတယ်လို့၊ မျှော်တွေးပြီးသိနိုင်တယ်၊ မင်းဟာဒီထိအောင်အသလားနဲ့၊ အဲဒီလို ဖြေစကားဖြင့် လူသားကို မေးလိမ့်မယ် အဲဒီလိုမေးတော့-၊ ဟေး......

ဆရာတို့ ကျွန်ုပ်က မအေပါဘူး၊ သင်တို့သာအဒေါပါ၊ ဘာ့
ကြောင့်လဲဆိုလျှင်၊ ဟို - မမြင်ဘူးတဲ့အမျိုးများကိုတော့၊
ဘိုးဘွားဘီဘင်၊ အဲဒါလိုအစီအစဉ်အတိုင်း၊ ဆင်ခြင်ပြီး
ရှိတယ်လို့၊ ဆရာတို့သိကြတယ်၊ အတိဓဇတန်နွန်မှုးလို
အလွန်ထူးပြီး အရောင်တဖိတ်ဖိတ်နဲ့၊ တောင် ထိပ် က
အလန်ပမာ၊ သံဃာဆိုတဲ့သားတပည့်တွေကို၊ ဆရာတို့
နှစ်ပါးကြည့်ကြည့်ပြီး၊ ဘုရားရှိတယ်ဆိုဒါကိုတော့ ဘာ
ဖြစ်လို့မသိကြသလဲ၊ ကဲ - အ, လို့ မသိကြဒါဘဲမဟုတ်
လားလို့၊ လူသားက ပြန်ပြီးပြော ဟော လေ လူ သား၊
ဘိုးဘွားတွေစာချုပ်ထားခဲ့တဲ့၊ အမွေ ဆက် စာချုပ်များ
ကို၊ ထင်ရှားစွာတွေ့ရသဖြင့်၊ ဟို ရှေ့ က အမွေဟောင်း
တွေကို စာချုပ်ပြတောင်းကြတော့ အမွေရတယ်ဆိုတဲ့
စကားဘို့ကို၊ သင်လူသားမကြားဘူးဘူးလား၊ ဩော်-
ကြားဘူးရုံမက၊ သင်ကိုယ်တိုင်အကျိုးများပြီး၊ ဘိုးဘွား
တို့စာချုပ်ကြောင့် ယာ လုပ် ဘို့ ရဘူးတယ်ဆိုပါတော့၊
အို လူသား၊ အဲဒီလိုစာချုပ်ကြည့်လို့မို့၊ စာ ချုပ် ရှိ တဲ့
အတိုင်း အမွေတောင်းတော့၊ ရှေးတုန်းကမူဟောင်းကို၊
လူအပေါင်းယုံကြည်သဖြင့်၊ ဟုတ်ပြီဆိုတဲ့အချေခိုင်သော
ကြောင့်၊ အ မွေ ဆိုင် လယ် ယာ များ ကို၊ ရတယ်ဆိုတဲ့
စကားဟာ၊ ဘိုးဘွားတွေရှိခဲ့ကြောင်း၊ ၎င်းဘိုးဘွားတို့
မှာ သားစဉ်မြေးဆက် အဲဒီလိုဆင်းသက်ပြီး၊ ယခုထက်
တိုင်၊ အ မွေ ကိုဆိုင်သဖြင့်၊ ရ နိုင် တဲ့ အ ကြောင်း ဟာ၊
ကောင်းကောင်းကြီးမထင်ရှားပေဘူးလား၊ အဲထင်ရှားဒါ

ပေါ့လူသား‌ရဲ့၊ ၊ ဆဲဒီပုံဥပမာအသွားလိုဘဲ၊ ဒို့ဘုရားဖခင်၊ သာသနာမြေပိုင်ရှင်က၊ ထင်ထင်ရှားရှား သံဃာတော်တပည့်သားတို့ကို၊ အမွေစားစာချုပ်၊ ဝိဇ္ဇကတ်သုံးပုံပြင်၊ အသုံးချုံခဲ့ညစ်မဟောင်းသေးပါဘု၊ ရှစ်သောင်းနဲ့ လေးထောင်တဲ့၊ ရှေးယခေါင်ကာလကတယ်၊ စာပြေးချုပ်ခဲ့တယ်၊ ဘုရားမဟုတ်ဘူးလို့မဆိုနိုင်ဘူး၊ တရားမဟုတ်ဘူးလို့မဆိုနိုင်ဘူး၊ သံဃာမဟုတ်ဘူးလို့မဆိုနိုင်ဘူး၊ ဥမ္မိဿစေတီပြင်၊ မွေ့သရိခါတ်အဟောင်းနှင့်၊ စပ်ရာစပ်ကြောင်းဖြစ်တဲ့ ရုပ်ထုတော်ကိုလဲ၊ မဟုတ်ဟု မဆိုနိုင်ဘူး၊ အိုလူသား ဆဲဒီလူသေလူဖြစ်ဆရာများဟာ၊ သူတို့ရဲ့အမှားတွေကို၊ ဘုရား၏စကားတွေနဲ့၊ ဝေဘန်သောသူများအား၊ သူတို့ရဲ့စကားကိုသာယုံကြည်ပါ၊ ဘုရား၏တရားစကားများဟာ၊ သူရူးတွေပြောတဲ့စကားလို၊ အမှားတွေသာဖြစ်ပါတယ်ဆိုတဲ့ သဘောသွားတို့ဖြင့်၊ လူသေလူဖြစ်စာအုပ်စာမျက်နှာ (၁၃၁)မှာ ဘယ်လိုများရေးသားပြီးထားပြန်ပါသလဲဆိုတော့၊ ၊

ဥပါဒါန်သည် သူရူး၏စကားကို မှတ်ပါဌ်တော်ဟူ၍ရင်း စိတ်မနှံ့ဘူတယောက်၏ ကပေါက်ကချကမေ့ကမ့သောင်စင်ရေမရပြောစကားကို အနာဂတ်ကာလအတွက် ဗျာဒိတ်တော်ဟူ၍ရင်း၊ ၊လို့

ဆဲဒီလိုရေးသားထားပြန်တယ်၊ အမိပ္ပါယ်ကတော့၊ လွယ်လွယ်ကလေးပါ၊ ဥပါဒါန်အစွဲများတဲ့ သင်လူသား

ဟာ သူရူးဖြစ်တဲ့ဘုရားရဲ့ စကားများကို၊ မုဏ္ဍပါဠိတော် ဟူ မှတ်ထားပြောဆိုတယ်တဲ့၊ ဒိုလူသား အဲဒီစကားများ မှာ မုဏ္ဍပါဠိတော်ဆိုတဲ့စကားကိုထောက်သဖြင့် ဘုရား ကိုသူရူးဆိုတယ်လို့ သိလောက်တယ်၊ အဲဒါရဲ့ နောက် စိတ်မနှံ့သူဘယောက်၏ ကပေါက် ကချ ကမယုက်ကမ သောင်စေ ရေမရပြောစကားကို အနာဂတ်ကာလ အတွက် ဗျာဒိတ်တော် ဟူ၍ ရင်း ဆိုတဲ့စကားတို့တွင် ဗျာဒိတ် တော်ဆိုတဲ့စကား ကိုမြင်သဖြင့်၊ စိတ်မနှံ့သူဆိုဒါ ငါတို့ ရဲ့ မြတ်စွာဘုရားသခင်ကိုလဲဆိုဒါဘဲလို့၊ သို့ကလို ဆင် ခြင်သိနိုင်တယ်၊ ဒီမယ်လေလူသား-။ သူတို့ ဆို လို တဲ့ စကားက မြတ် စွာ ဘု ရား ဟော ကြား တော်မူထားတဲ့ တရားတွေဟာ၊ သူရူးရဲ့ စကားတွေလို့ သို့ကလိုဆိုဒါ ဘဲ အဲဒါမှတပါး-၊ ဒီပက်ရဲအစရှိတဲ့ဘုရားများက၊ ငါတို့ ရဲ့ ဘုရားလောင်းအား၊ သင်လူသားဟာ၊ ငါတို့ရဲ့ အလား ဘုံမိသုံးပါး ဘု ရား စစ်စစ်၊ ဧကန်မုချ ဖြစ်လိမ့်မယ်လို့၊ သို့ကလို ဗျာဒိတ် ပေးသွားကြတဲ့စကားများဟာလဲ အရူး စကားတွေလို့ ဆိုဒါဘဲ ဒို လူသား အဲဒီသူတို့ရဲ့စကား တွေဟာ ငါတို့ဘုရားတွေဟောကြားတော်မူပြီးထားခဲ့တဲ့ တရားစကားတွေကို၊ လူ အ များ ယုံ မှား အောင်၊ သူတို့ ပြောကြားတဲ့ ရုပ်ဝါဒတရား လူသေလူဖြစ်တယ်ဆိုတဲ့ စကားတွေကို၊ လူအများယုံသွားအောင်၊ မတရားပြော ဆိုရေးသားကြဒါတွေပေါ့၊ ဒီမှာလေလူသား၊ ငါတို့ ရဲ့ မြတ်ဘုရား ဟောကြားပြီးထားခဲ့တဲ့၊ တရားတည်းဟူ

သောစကားတွေကို၊ အမှားတွေအလွဲတွေလို့၊ ခွဲဝေပြီး ကြိဖန့်ကြံခါဖြင့်၊ ဓမ္မက္ခန္ဓာတွေပျောက်ကွယ်အောင် နောက်ဆွယ်ပြီး တဖြေးဖြေးဖြုတ်သလို၊ ရေးထုတ်ပြီးနေ ကြပါတဲ့။ ။

**ခုတင်တဲ့သံဂါယနာဟာ ဓမ္မက္ခန္ဓာ၌ ကဝိဂုဏ်**

**ယူလောက်အောင် ပြည့်စုံသူမမြင်ရဘူးတဲ့**

**ယခင်ကထက်ထူးပြီး အကဲသာလို့မတိုး**

**တဲ့ပြင်-မဲပြာပုဆိုး-မဲပြာပုဆိုးပါပဲတဲ့၊**

**ငှို့ကထက်တိုးပြီး အကြီးတန်နေဆိုဘဲ**

အို .. လူသား၊ အဲဟိုလူသေလူဖြစ်ဆရာများဟာ၊ သူ ကိုရဲ့ရုပ်ဝါဒတွေတိုးပွားပြီး၊ ငါတို့ရဲ့ဘုရားတရားတော် တွေ ယုတ်လျော့သွားအောင်၊ အဲဒီလိုသဘောထားသလို၊ ဆဋ္ဌသံဂါယနာတင်ပြီး ပြင်ဆင်ကျူးစားနေကြတဲ့၊ ဆရာ တော်သံဃာများကိုပင်၊ စော်ကားပြီးနေကြပြန်ပြီ၊ ဒီမှာ လေလူသား ရှင်ဝါသဝရေးထားတဲ့၊ "ဗုဒ္ဓဩဝါဒ"စာ အုပ်စာမျက်နှာ(၁၀၁)မှာ ဘယ်လိုများ ရေးသားထားသ လဲဆိုတော့။ ။

ဒီနေရာမှာ ယနေ့မြန်မာပြေမှာ ယှဉ်နေတဲ့ ပိဋက စာပေက သဟာမှုဝင်ပြဟ္မာက တရားဟော ဖို့ တောင်းပန်လို့ ဗုဒ္ဓက တရားဟောရပြန်တယ်လို့

အဆိုရှိနေတယ်၊ ဒါဟာ အ ခါ တ ပါး လို တော့ ကျွန်ုပ် တို့ လဲ သက် ဆိုင် ပါ တယ် ယနေ့အဖို့မှာ တော့ ကျွန်ုပ်တို့နဲ့ မသက်ဆိုင်ပါဘူး ဘာဖြစ်လို့ ဆိုတော့ ပိဋကစာပေတွေကို အ မှား နဲ့ အမှန် လေ့လာစိစစ်ဝေဖန်ပြီး ဆဋ္ဌသံဂါယနာ တင်နေ တဲ့အခါမှားလဲ သူ့ဘိုပဲ၊ တာဝန်ယူဖြစ်နေတယ် မှားနေလို့ ကျွန်ုပ်တို့ကပြောပေမဲ့ ကျွားကျွား မီးယပ်ဆိုရင် ဘာမှမတတ်နိုင်ဘူး၊ အာဏာရနေ သူတွေက သူတို့ကို ပါဝါပေးထားဒါ ဒီတော့သူတို့ တိုက်တိုင်းမှားလဲ သူတို့ခံပဲ၊ ဒါပေမဲ့ ယနေ့ အထိ မနေ့ကတင်ပြီးတဲ့ သံဂါယနာကို လေ့လာ ဝေဖန်ကြည့်တော့ မဲးပြာပုဆိုး မဲးပြာပုံဆိုးပါပဲး ဘာမှမထူးသေးပါဘူး အချို့နေရာတွေမှာ ပိုပြီး အရုပ်ဆိုးအကြီးတန်နေဒါ တွေ့ တောင် တွေ့နေရ ပါသေးတယ်--လို့၊ သို့ကလိုရေးသားထားတယ်။

ဒီမယ်လေလူသား၊ သူဆိုလိုတဲ့စကားက၊ ဘုရားအား သဟာမွတ်ဆိုတဲ့ ဗြဟ္မာကတရားဟောရန်တောင်းပန်လို့ တရားဟောတယ်ဆိုတဲ့ မြန်မာပြည်ရှိ ပိဋကကိုမယုံဘူး ဆိုတာပေါ့၊ အဲဒီလိုမယုံလို့၊ ဘယ်ပုံဘယ်နည်းဖြင့် မှား တယ်လို့၊ သင်္ဂါယနာတင်တဲ့ သံ ဃာ တော် များ ကို လဲ၊ မပြောကြားလိုပါဘူးတဲ့၊ အကယ်ပြောကြားပြန်တော့လဲ၊

သင်္ဂါယနာတင်တဲ့ ကိုယ်တော်များက ကျားကျားမီးယပ် လို့ဆိုတဲ့ စကားလို မှားမှားမီးယပ်လို့ ဆိုလိုက်လျှင်၊သူ ဘာမှမတတ်နိုင်ပါဘူးတဲ့။ ဘာ ဖြစ် လို့ လဲ လို့ ဆို တော့ အဲဟိုအခါတာရှိတဲ့အစိုးရက သံဃကိုယ်တော်များကို ပါဝါ ပေးထားကြတော့ မှားလဲ သူ တို့ ခံ ရ မှာ ပေါ့ တဲ့။ အင်း- မှန်အောင်တော့ အပြင်ချင်သား၊ ဒို့များတော့ ခေါ်ပဲခေါ် ကြဘူးဆိုပြီး သံဃကို မျက်စပြစ်တဲ့စကားဘဲ လူသားရဲ့။ အို- လူသား၊ အဲဒီ သူတို့ရေးသားပြောဆိုတဲ့ စကားကို ဖတ်ကြည့်သိမြင်ပြီး ကြားရတော့ ကျွန်ုပ် တို့ အိမ် နား က မိကြွားဆိုတဲ့ မျက်ခမ်းစပ်မကလေးကို ပြေးပြီး အမှတ်ရ တယ်။ ဒီမယ်လေ-လူသား ကျွန်ုပ်တို့အိမ်နားမှာ မိကြွား ဆိုတဲ့ မျက်ခမ်းစပ်မကလေးတယောက်ရှိတယ်။ကျွန်ုပ်က လဲ ငယ်ငယ်ကိုး။ တနေ့သန္နက်တော့ လူသားရယ်၊သင်္ကြန် ဆိုတဲ့ အခါရက်ရို့၊ ကာလသားတွေထွက်ပြီး၊ ဟိုအိမ် တက် ဒီအိမ်တက်နဲ့၊ ရေပက်မယ်ဆိုပြီး လယ် ကြ တယ်။ ဘယ်ကလေးမကတော့ လှတယ်၊အဲဒီကလေးမကိုမှ ငါတို့ က ရေပက်ချင်တယ်။ ဘယ်ကလေးမကတော့ ဂုဏ်ရှိ တယ်။ အကြည့်တောင် မခံဘူး။ ဒီလို သင်္ကြန်ရက်မှ ရေ ပက်ခွင့် အနားကပ်ပြီး၊ပြောစမှတ်ရအောင်ကိုကြည့်လိုက် မယ်နဲ့၊ အသွယ်သွယ် အဝဝ ရေပက်ရင်း လယ် ကြ ပြီး၊ လှသူကလေးတွေကိုမှ ရွေးပက် ဂုဏ်တက်သူကလေး တွေကိုမှ ရွေးလောင်းကြတာကိုး၊ အဲဒီလိုပက်ကြ လောင်း ကြတော့ မိကြွားဆိုတဲ့ မျက်ခမ်းစပ်၊ လူမကပ်ချင်တဲ့

အစောင်းမကာလဲ၊ နှာခေါင်းတပွပွနဲ့ အနားသွားပြီး၊ ဒို့များတော့ ဒုမှပက်ဖူး။ ပက်ဝန့်ရင် ပက်ကြစမ်း။ ခုချက်ခြင်း အရှက်ရသွားမယ်။ ဒို့များတော့ ဒုမှပက်ဖူး။ ပက်ဝန့်ရင် ပက်ကြစမ်း။ ခုချက်ခြင်း အရှက်ရသွားမယ်နဲ့ မျက်စကလေး ချီချီပြီး၊ ခိုတော့မလိုလို၊ မဲ့တော့မလိုလို၊ ရွှဲ့သလိုလို စောင်းသလိုလို၊ ခါးတောင်းတောင်ကြိုက်အနေနဲ့တော့ မလိုလိုပေါ့ လူ့သားရယ်။ မိကြွားဟာ အနေခက်လို့မို့၊ ရေမပက်တိုင်း အရှယားပြီး သူများချည်း ကြိမ်းကြိမ်းနေတယ်။ အဲဒါလို ကြိမ်းလေ၍ ကိန်းအချေလက် မ်းခတ်မသို၊ ပျက်ခမ်းစပ် မိကြွားက သတိထားနော် ကာလသားတွေ၊ ငါများတော့ ရေမစင်စေနဲ့။ အမေမြင်ရင်တော့ တကယ်ဆူမှာတော့၊ ငါများတော့ ရေမဝင်စေနဲ့။ အမေသိရင်တော့ တကယ်ဆူမှာတော့၊ ဘယ်သူ လာပြောပေမဲ့ အမေက အခက်သားနဲ့။ ရေစပြီး ပက်မလားလို့ မိကြွားမြူသော်လဲ၊ သတိမှ မထားသူတွေက ရေမလောင်းတော့၊ ခြေနှစ်ချောင်းပုံကြွပြီး၊ ခုန်ဆွ ခုန်ဆွနဲ့ ဟေး-ဟေး-ဟေးကောင်မတွေ ယခု ရေလောင်းတဲ့ လူတွေကို အကုန်မှတ်ထား။ အတော်ကို ညစ်ပတ်တယ်။ အတော်ကို ရုတ်ပဲ့တယ်။ မဟုတ်တဲ့ သေးတွေနဲ့ ညီးတို့ကို ရေလောင်းတာတဲ့။ အဲဒီလို မိကြွားက ပြောတော့၊ မိချောက ပြေးလာပြီး၊ သေးမပါပါဘူးဟဲ့ မိကြွားရဲ့။ အမွှေးရေနဲ့ ဖေါင်းပြီး၊ သန့်သန့်ဖြန့်ဖြန့်လောင်းတာပါ။ မကောင်းတာ အမှန်ဖြစ်ရင်တော့ ရန်ဖြစ်ပြီး ကုန်မှာပေါ့။ ရေ့ရေ့- ညီးပဲ နမ်း

ကြည့်ပါလို့ မိကြွားဆီက ရေစိုနေတဲ့တဘက်ညို အဝတ်ကလေးကို ဖွတ်ပေးပြီး အနမ်းခိုင်းတယ်။ အဲဒီလို အနမ်းခိုင်းတော့ ရှိုင်းစိုင်းတဲ့ မိကြွားက အို- အသိသားပဲ။ ညီးစကားလဲ ငါမယုံဘူး။ နံ့သာအထုံ ဘယ်လိုပဲ မွှေးပေမဲ့၊ ငါ့ကို မပက်ရင် သေးဘဲ။ ငါ့ကို ပက်မှ ရေမွှေးအော့လို့၊ မချေမငံအား တဖွဲ့ဖွဲ့ မိကြွားက ပြောတော့၊ ဝေါကနဲ ရယ်ကြတုန်း တွယ်လဟာ ဆော်လဟာနှင့်၊ အော်မရ တားမရအောင်၊ များလှတဲ့ လူထုအထဲမှာ၊ ဘသူထုတဲ့ ခဲရယ်လို့တော့ သတိမထားမိဘူး။ မိကြွားရဲ့ ထမီအဝတ်တို့ပါ ပြိုကျွတ်ကာ အကုန်ပြဲလို့မို့၊ အိမ်နားက ခြံဒိုးထဲမှာ ပုံလဲပြီး ဒုက္ခရောက်ရရော၊ ဟောလေ-လူသား အဲဒီပုံပမာအလားကဲ့သို့ လူသေလူဖြစ်ဆရာများဟာ၊ ဆန်းမြောက် သင်္ဂါယနာတင်ကြတဲ့ အရှင်ဆရာသခင်တို့ရဲ့စာအများကိုကို ဘါမှားတယ် ညာမှားတယ်နဲ့၊ မသမာတဲ့ စကားနဲ့ဆွယ်ပြီး လက်ပမ်းခတ်ကြတော့၊ မျက်ခမ်းစပ် မိကြွားလို၊ သတိမထားလို့ သိပ်မပြတောင်၊ သမိုက်ခဲပေါက်မှာကိုတော့၊ ထောက်စာဘို့ အလွန်ကောင်းတယ်။ ဒီမယ်-လူသား၊ အဲဒီအထက်က ပြခဲ့တဲ့ ရှင်ဝါသဝရဲ့ သဘောသွားအတိုင်း လူသေလူဖြစ် စာအုပ် စာမျက်နှာ(၁၄၀)မှာ ဘယ်လိုများ ရေးသားပြီး ထားပြန်ပါသလဲလို့ဆိုတော့-

သို့ရာတွင် သူဘို့သည် (ဤစကားသည် ဘာသာခေါင်းဆောင်များဟူသော ရှေ့နားက စကားတို့ကို ထောက်သော အားဖြင့် ယခု သင်္ဂါယနာတင်နေကြ

သော ဘုန်းတော်ကြီးများလည်း ဘာသာခေါင်းဆောင် သာသနာခေါင်းဆောင်များဖြစ်ကြရာ၊ ထိုဆရာတော်များ ကို ပါ ရည်မှန်းရေးသားထားသည်ဟု ယူဆပါသည်။ ရှေ့နားတွင် ထင်ရှားလတ္တံ့။ ဤကား အမှာ) မိမိတို့နှင့်သက်ဆိုင်ရာ မဂ္ဂပါဠိတော်များကို သံဂါယနာ အထပ်ထပ်တင်ခြင်းဖြင့် မှန်းမ ပြင်ဆင်ရန် ကြိုးပမ်းကြကုန်ပြီ။ ဒါပေမယ်လို့ ထိုသံဂါယနာတင်ပွဲတို့ကို အယူသီး ခေါင်းမာသူ တယူသန် ပုဂ္ဂိုလ်ထူးကြီးများ ကြီးစိုးလွှမ်းမိုးလျက်နေတဲ့အပြင်၊ အမှားကို ပြင်ဆင်ရန် ထည့်ပါဠိကို နုတ်ပယ်ပစ်ရန် (ဝါ) ပိုမျက်လိုစွက်ပြုလုပ်ရန် စွမ်းရည်နှင့်သတ္တိ သူတို့မှာ အပြည့်အဝမရှိခြင်းကြောင့် သူတို့၏ကြိုးပမ်းမှုများသည် စိတ်ကုန်းအဆင့်၌သာ အားလုံးရပ်တော့ခဲ့ကြရလေပြီ။

သို့ဖြစ်ရာ အယူသီး၍ ခေါင်းမာ သော ဘာသာတရားတိုင်းသည် လူသား၏ တိုးတက်ရေးလမ်းစဉ်၌ ရှောတိုးနှင့် မိုးကြိုးများဖြစ်ကြကုန်၏-စသည်ဖြင့် ရေးသားပြီးထားပြန်တယ်။ ဒီမယ်လေ-လူသား၊ ဆဲဒီအထက်ဟိ စကားတို့ကို ရှင်ဝါသဝရေးသားသော ယခင်စကားများနှဲ့ သဘောသွားခြင်း နှိုင်းချိန်ကြည့်လျှင်၊ ယခု သဂ်ီါယနာကို ပြောဆိုရေးသားတယ်ဆိုတာ သိနိုင်တယ်။ ဒီမယ်လေ- လူသား၊ ဆဲဒီကိုယ်တော်များဟာ၊ ရှောတိုးနဲ့ မိုးကြိုးကိုဆောင်နားသည်ထားသဖြင့်၊ ဖဲသမားများ လေလားလို့ စဉ်းစင်းစရာရှိနေတယ်။ ဒီမယ်လေ- လူသား၊ ဆဲဒီ လူသေလူဖြစ်

ဆရာတို့ရဲ့ စကားတို့တွင်၊ ရှင်ဝါသဝရဲ့ (ဒါပေမဲ့ ယနေ့
အထိ မနေ့က တင်ပြီးတဲ့ သံဃါယနာကို လေ့လာဝေဘန်
ကြည့်တော့ မဲပြာပုဆိုး မဲပြာပုဆိုးပါပဲ၊ ဘာမှမထူး
သေးပါဘူး၊ အချို့နေရာတွေမှာ ပိုပြီးအရုပ်ဆိုး အကြီး
တန်နေဒါတွေတောင်တွေ့နေရပါသေးတယ်) ဆိုတဲ့စကား
ရယ်၊ လူသေလူဖြစ်စာအုပ်မှာ ရေးသားထားတဲ့၊ (ထို
သံဂါယနာတင်ပွဲတို့ကို အယူသီးခေါင်းမာသူ တယူသန်
ပုဂ္ဂိုလ်ထူးကြီးများ လွှမ်းမိုးလျက်နေတဲ့အဖြင့်) ဆိုတဲ့
စကားရယ်၊ ထိုစကားနှစ်မျိုးဟာ၊ ဆဋ္ဌသင်္ဂါယနာတင်
ပွဲကြီးကို၊ ဆင်နွဲအောင်မြင်အောင်၊ ကြိုဆောင်အားပေးတဲ့
ပုဂ္ဂိုလ်တို့နှင့်တကွ ထိုပွဲကြီးသို့ကြွရောက်တော်မူကြပြီး
လျှင်၊ သင်္ဂါယနာတင်တော်မူကြသော၊ "အဘိဓဇမဟာ
ရဋ္ဌဂုရု" ဆရာတော်ဘုရားကြီးမှစ၍၊ ဆဋ္ဌသင်္ဂါယနာပွဲ
သဘင်၌၊ ပါဝင်တော်မူကြတဲ့ သံဃာတော်ဟူသမျှတို့ကို၊
အထူးစော်ကားရာကျတာပဲ၊ ဒီမှာလေလူသား အဲဒီ
အဆက်ပါစကားနဲ့၊ ရတနာသုံးပါးတို့ကို အပြစ်များ
ဆိုဆိုပြီး၊ မနှစ်လိုမကြည်ဖြူပဲ၊ ဒီအယူမှားတယ်၊ ဒီအယူ
အလကားပဲဆိုတဲ့အဓိပ္ပါယ်သွားတို့ဖြင့်၊ ဟိုရှေ့ကအရေး
အသားတို့ကို၊ ဝေဘန်ပြီးစဉ်းစားလျှင်၊ (ဒီရှင်ဥက္ကဋ္ဌတို့
ဟာ ဘုရားကိုလဲမကျေနပ်ပါဘူးကွာ - ဒါကြောင့် ဆဋ္ဌ
သင်္ဂါယနာကိုစော်ကားပြီးနေတာပေါ့-သံဃာကိုလဲမကျေ
နပ်ပါဘူးကွာ-ရဟန်းဘုန်းကြီးတွေအကုန်ပျက်မှ သူတို့
ဝါဒဘက်ပါမှာပို့ အားလုံးသော သံဃာတွေဟာ- သေ

ဒါကမှအေးမှာပဲနဲ့ သူတို့ရဲ့စိတ်ထဲမှာ အဲဒီလိုစွဲစွဲပြီး- ငရဲ ကြီးနေမဲ့ ကိုယ်တော်တွေဘဲလို့) အဲဒီလိုကျွန်ုပ်ကြွားခဲ့တဲ့ ဒကာအချို့တို့ရဲ့ပြောစကားဟာ၊ မမှားဘူးဆိုချင်တယ်၊ ဒီမယ်လေလူသား၊ အဲဒီလိုစော်ကားပြီး၊ မတော်မတရား ဟိုဝါဒတွေက၊ ကိုယ့်ပါရတာနဲ့ ပတ်မကိုင်ပြီး၊ ဓာတ် မကနိုင်အောင် ထိုးခါဖေါက်မယ်လို့၊ ဂျပိုးဆရာနှစ် ယောက်လက်ပမ်းခတ်ကြပေမဲ့၊ မျက်ခမ်းစပ်မိကြွားဟု၊ ဆဋ္ဌကမ္မက္ခန္ဓာအကျော်၊ သံဃာတော်ကဝိအများတို့က သူဘို့ကိုမကြည့်အားတဲ့အတိုင်း၊ သတိမထား ရေမပက် ကြသဖြင့် ချေနှစ်ဖက်ကြွကြွပြီး မကျေမအေးဘဲ၊ သူတို့ ပါလျှင်ရေမွှေး သူဘို့မပါလျှင်သေး၊ (ဝါ) သူတို့မပါရ လျှင်သေး၊ သူတို့ပါရလျှင်ရေမွှေးလို့၊ တေတေးတို့ဆို ကြတာဘဲ၊ အို လူသား-၊ အဲဒီသင်္ဂါယနာတင်တဲ့ကိစ္စ များကိုပင်၊ ယခုအခါ သင်္ဂါယနာတင်ထိုက်ပါသလား၊ ယခုအစိုးရမင်းများဟာ၊ သင်္ဂါယနာတင်တာကို ပါဝင် အားပေးနိုင်ပါမလား၊ ဒီအစိုးရနဲ့ ဒီသံဃာဟာ၊ ဒီခေါတ် ဒီအခါမှာ သင်္ဂါယနာတင်ရမယ်လို့ ဘယ်ဘုရားကဟော ခဲ့ပါသလဲ၊ သင်္ဂါယနာတင်တယ်ဆိုတာ ဘယ်လိုအခါမှာ တင်ပါသလဲနဲ့၊ ထင်ရာကြံပြီးမစ္ဆရိယပိုလို့ရို့၊ အပစ် ရှိရမလို လေထွက်တဲ့အသံဖြင့် ရေပက်မခံရတော့၊ ရေ မွှေးမဟုတ်ဘူးလို့၊ သေသွေး လေပုတ်တွေနဲ့ ဝါဒဖြန့် လျက်၊ မသာကလန့်ပြီး လက်ပမ်းခတ်သလို၊ မျက်ခမ်း စပ်အစောင်းမ၊ နှာခေါင်းတပွပွနဲ့ မိန္ဓေကြွားတို့လဲ သိစေ

သားသဘောပိုက်လို့မို့ ပြောလိုက်ရအုံးမှာဘဲလူသားရဲ့၊ ဟောဒလေလူသား၊ ဒီခေတ်အခါမှာ၊ ဒီမင်းဒီသံဃာတွေနဲ့ ဒီသင်္ဂါယနာသအောင်ပွဲကို ဆင်နွှဲလို့မဖြစ်ဘူး။ ဆင် နွှဲ ရ မဲ့ ခေတ်ကာလဲ စင်စစ်ကို မဟုတ်ဘူးနဲ့၊ဦးဦးဖျားဖျားပြောဆို ပြီးထားကြတဲ့၊ ဟို-ရှေ့က စကားတွေဟာ အ မှား ကြီး မှားခဲ့ကြတာဘဲ။ ဒီလိုအခါမှ သင်္ဂါယနာမတင်လျှင်၊ဘယ် လို အခါမှာ သွားပြီး တင်မလဲ။ ဒီမှာလေ လူသား၊ သင်္ဂါယနာတင်တယ်ဆိုတဲ့စကားဟာ ဝါဒထူးတွေပေါ်များပြီး မြတ်စွာဘုရားရဲ့ တရားစကားတွေကို ဖုံး လွှမ်း ဖိ စီး ပြီး သွားမှာကြောင့် အဲဒီမြတ်စွာဘုရားရဲ့တရားစကားများကို ညှိုးမှိန်သိမ်ငယ်၊ ပျောက်ကွယ်တိမ်မြုပ်ပြီး မသွားစေဘဲ ထင် ထင် ရှား ရှား ထွန်းကားလျက်ရှိကြောင်းကို ရပေါင်း အံ့ရွတ်လို့၊ သတိမလွှတ်ဘူးဟော့၊ ဘယ်ဝါဒထူးကိုမှ ငါတို့က လက်မခံဘူးဆိုတဲ့ စကားဘဲ။ပါဠိလိုရေးသားတော့ သင်္ဂါယနာတဲ့။ ဒီမှာလေ-လူသား၊ ဝါဒထူး အယူမတရားဟာ၊ တိုးပွားပြီး လာမှာကြောင့်၊ သင်္ဂါ ယ နာ တင် တဲ့ အကြောင်းကို ရပေါင်းပြီး အပိုမသွင်းပဲ၊ လိုရင်းကလေး ပြောအုန်းမယ် နားစေအုန်း လူသား။ ဟောဒလေ-ငါတို့ရဲ့ မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန်စံယူတော်မူသွားရော၊ အဲဒီလို စံတော်မူတော့၊ ဆူဆူအုံးအုံးနဲ့၊ ယူကြုံးမရဖြစ်ကြပြီး၊ ရဟန္တာများမှအပ၊ ပုထုဇဉ် သံဃာဟူသမျှတို့ဟာ ပူကြ ဆွေးကြ၊ မေးကြ၊ မြန်းကြနဲ့၊ မျက်ရည်တွေ ယိုစီးပြီး ငိုကြွေးကာ တန်းတလို့၊မချမ်းမမြဖြစ်ကြတယ်။အဲဒီလို သံဃာ

အများဟာ ဘုရားကို လွမ်းကြလျက်၊ မျက်ရည်တွေ ယိုစီးပြီး ငိုကြီးကာ၊ တန်းတလွှိ ရဟန်းအမျိုးမျိုးတို့လဲ အပေါင်းအဖေါ်တွေနဲ့ အလောင်းတော် အရှင်သနင်းစောဏ် အင်ကြင်းတော လွမ်းကြတော့၊ ရဟန်းနွဲ့ဘုသမား၊ ဘသူ့စကားမှ နားမထောင်၊ ဘုရား တောင် အ ပြောခက်တဲ့၊ တောထွက်ခင်ကြီး၊ သူ့ကိုယ်ကိုသူ အထင် ကြီး နေတဲ့ ရှင်ကြီးသုဘဒ်၊ ဒေဝဒတ်လက်သစ်၊ သာသနာဖျက်ပစ်မဲ့၊ ဖောက်ဆစ်ကောင် ရဟန်းကြီးနှင့်၊ လမ်းခရီးမှာ တွေ့ကြရော၊ အဲဒီလို တွေ့ကြတော့၊ သုဘဒ်ဆိုတဲ့ ရှင်ရဟန်းကြီးဟာ၊ သက်နိုးကြီးကလဲ မပြီတပြီ၊ ဝတ်ထားတာကလဲ မညီတညီနဲ့ ကသီကရိပွေ့မပြီး ရှေ့ကနေ မေးတယ်။ ဘယ်လိုမေးသလဲဆိုတော့၊ ဟေး ... ရဟန်းတို့ ဘာဖြစ်လို့ ငိုကြသလဲ၊ ဟိုကလာလဲ မျက်ရည်တွေနဲ့၊ ဒီကလာလဲ မျက်ရည်တွေနဲ့၊ မရှက်မှမရှက်ပလေတယ်၊ အသက်သေတို့ ကိစ္စနဲ့ များတွေ့ကြုံပြီး လာကြသလားတဲ့။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားပြီဆိုတဲ့ စကားကြောင့်၊ စိတ်ပူနေကြတဲ့ကြားထဲမှာ သက်နိုးကြီးကလဲ မိုးရိုဖါရား၊ လက်တွေ ချေတွေ ကဲ လဲ ကိုးရိုကားရားနဲ့၊ မိုးတိုဝါးထာ ဆီးပြီးမေးတယ်။ အဲဒီ ကိုးရိုကားရားနဲ့၊ မိုးတိုဝါတား ဆီးပြီးမေးတော့၊ စိတ်ဆတ်ဆတ် ကိုယ်တော်ကလေးတွေက ဟေး- ကိုယ်တော်ကြီး၊ သင် ဘယ်သွားပြီး အိပ်ပျော်နေသလဲ၊ သမိတ်တော်ကိုလဲ အရေးမထား၊ မြတ်စွာဘုရား၏အရေတော်၊ အမွှေခေါ်တဲ့ သက်နိုးကိုလဲ၊ ဆင်းမြန်းပေတဲ့ မလေးမစား၊ ဘုရား

ကာ ကြွေးထားတာ၊ ဘုရားက ပေးထားတာ၊ ဘုရားပရိ
နိဗ္ဗာန်စံပြီဆိုတဲ့ အသံကို၊ သင် အခတော်အတန်မှ မကြား
ဘူးလားနဲ့၊ ရှုံးရှုံးရှားရှားဒေါပွပြီး ပြောကြဆိုကြတယ်
လို့ ဆိုပါတော့၊ အဲဒီလို ပြောကြ ဆိုကြတော့၊ ဒေါသပိုထ
ဘို့ တမင် ဘုထပ်သလို၊ ရှင်သုဘဒ် တောထွက်အရှင်းက၊
သဘောမနက်တိုင်း တိမ်တိမ်တွေးပြီး ဟေး .... ငါ့ရှင်တို့၊
သင်တို့ဟာ ပိုစရာမဟုတ်တာကို ပိုစရာ လုပ် လုပ်ပြီး၊
တရုတ်ရုတ်မပိုကြပါနဲ့။ ဟို- အခါကဆိုလျှင် ကိုယ်ထင်
သလို မသွားရဘူး။ ကိုယ်ထင်သလိုမစားရဘူး။ ဘယ်သူ့
ကိုမှ မိုလ်မထားဘဲ၊ ထိုဘုရားချုပ်ချယ်တိုင်း ဟုတ်တယ်
ဟုတ်တယ်နဲ့ ဆရာမှတ်လို့ရို့၊ အာပတ်ဆိုတဲ့ အကျဉ်း
ထောင်၌၊ သွင်းလှောင်တိုင်း ခံကြရတာပဲ။ ဟော-ယခုတော့
ဟန်ကျပြီ။ ဘယ်သူ့အချုပ်အချယ်ကိုမှ မခံရတော့ဘူး။
ဓမ္မခန်ဟာ ဝိနည်းဟာနဲ့၊ ရှိပြီးသမျှတွေ အကုန်ငယ် နေလို့လဲ
လွယ် ထိုင်လို့လဲလွယ်၊ စား လို့ လဲ လွယ် သွား လို့ လဲ
လွယ်၊ ဘယ်အာပတ်ကိုမှလဲ မကြောက်ရသဖြင့်၊ နောက်
ကထက် ချမ်းသာပြီး ဝမ်းသာစရာကြီး ဖြစ်တာပဲ။ အဲဒါ
ကြောင့် ပိုစရာမဟုတ်ဘူး၊ ရယ်စရာ ငိုစရာမဟုတ်ဘူး၊
အေးစရာ၊ ဝမ်းနဲ့စရာ မဟုတ်ဘူး ဝမ်းသာစရာပါ။ ငါ့ရှင်
တို့ရဲ့လို့၊ သို့ကလို ပြောလိုက်တယ်။ အဲဒီလို ပြောလိုက်
တော့၊ သဘောမိုက်မိုက်နဲ့ အရမ်းလုပ်ချင်တဲ့ရဟန်းသုဘ
အချောင်သမားတွေက ပေါင်တကားကားနဲ့ သူ့ဘက်ပါ
လို့ရို့၊ အမှုသက်သာတယ်ဆိုပြီး ထောက်ခံကြမှာဘဲ။ အဲဒီ

လို ထောက်ခံကြသဖြင့်၊ နောက်တဖန် ပွပွပြီး သာသနာ
ပျက်မှာကြောင့်၊ ဘာသာအတွက် အကြောင်းမျှော်လို့မို့၊
အလောင်းတော် ဓါတ်အကြွင်းအား၊ ပြသာဒ်အထွင်း
ထားလျက် နံ့သာမီးတို့ဖြင့်၊ ဖြန့်ကာတင်ငြိးငြိး ပူဇော်လို့
ဆုံးတော့၊ မသူတော်တို့ ထုံးအစဉ်ကင်းတဲ့အောင်၊ ဘုရင်
မင်း အဇာတသတ်အလှက မဟာကဿပထေရ်သခင်ကို
အစီ အစဉ် အနှုံးထားပြီး၊ အဦးအဖျားသင်္ဂါယနာတင်ခဲ့
တယ်။ ဒီမယ်လေ-လူသား၊ အဲဒါကို သတိထားလျှင်၊ သင်္ဂါ
ယနာတင်တဲ့အကြောင်းကို ကောင်းကောင်းကြီး သိသွား
မယ်။ ကြည့်ပါလား လူသားရဲ့။ အယူမှား ဝါဒယုတ်
တွေက ကာလရှုပ်ခေတ်ထဲမှာ၊ တစ်ခွဲမသိုဝင်လာတော့၊
မြင်တာနဲ့ အစိုးရက တိုးမပွအောင် အသင်းအပင်းတွေပါ
အချင်းချင်းညှိစပ်ပြီး၊ ဝိုင်းအုံကာ သတိချပ်လို့မို့၊ ပိဋ
ကတ်သုံးပုံပြင်၊ အလုံးစုံသော ဓမ္မကမ္မဋ္ဌာတရားတို့ကို၊
သံဃာအများနဲ့ သင်္ဂါယနာတင်တာဘဲ။ ယခင်အခါမှာ
ဟိုလိုလုပ်ခဲ့လျှင်၊ ဒီအခါကျတော့လဲ ဒီလိုလုပ်မှပေါ့။
ပြည်ကို အုပ်ဟုန်း အမှတ်ပိုင်ပိုင်ရရောလို့၊ တတ်နိုင်သမျှ
ဟို့အချေရှင်းချင်သဖြင့်၊ ဗိုလ်နေဝင်းအစိုးရကလဲ၊ အမျိုးမျိုး
အဝဝကြိုရှယ်ပြီး၊ ဓမ္မန္တရာယ်ရှုံ့ချပွဲတို့ကို၊ ရဟန်းရှင်
ပြည်သူပါ၊ ညီတူကာ ပူးတွဲလျက်၊ ထူးထူးကဲကဲကြီးလုပ်
ခဲ့တယ်။ အဲဒီလို လုပ်စဉ်မှာ၊ တရုပ်ဝင်ကာ မှုအချေမစစ်ပဲ
(လူသေလူဖြစ်)တယ်ဆိုပြီး တကျမ်းထုလို့မို့၊ ရုပ်ဆရာ
တွေက အစွမ်းပြကြတော့၊ ရဟန်းမှ ဟုတ်ပမလားနဲ့၊ ဗုဒ္ဓ

တရား သံဃာဝိလျက်၊ ခံစရာမရှိအောင် အပစ်ဖို့သော ကြောင့်၊ တစ်ဆို့ဆို့ လည်မျိုမဟာနိုင်ပဲ ဘယ်လိုမှ ကျိပ်ခဲမထားနိုင်အောင်၊ စိတ်ထဲယားသဖြင့် ဒီစာအုပ်ကို ရေးထုတ်ဖြန့်ဝေ၊ ကျွန်ုပ်က ဖြေတာဘဲ။ ကဲလေ- လူသား၊ လူသေလူဖြစ်ဆရာများရဲ့ ခြစားအိမ်ကြီးကို ကာရံထားသော ဝေါ်ရမ်းဆူးခက်များပမာ၊ပညာရှိ အကြည့်မလာအောင်၊ လှည့်ကာ စောင့်ဟောင်ပြီးပေးသော၊ ခွေးတွေရဲ့ အသွင် အိမ်ကြီးရဲ့အနီးက ဝိုင်းထားတဲ့ စည်းဝိုင်းကို ခုတ်ထွင်လျက် မြင်မြင်သမျှသော ဓမ္မကထိက ရှိရှိသမျှသော ကမ္မဋ္ဌာန်းရိပ်သာတို့ကို စိတ်နာကာ ဆူဟိန်းလို့၊ လူပိန်းတို့အကြိုက် လူ သေ လျှင် လူ ဖြစ် ထိုက် တယ် လို့၊ လူဖြစ်စရိုက်နဲ့ ထုတ်ခါပြတဲ့ရုပ်ဝါဒအိမ်ကြီးတော့၊ တရှိန်တည်း မြိုပျက်သွားပြီ။ ဟို-အဆက်စကား မူအချေမရှိုင်းအောင် (လူသေတိုင်း လူမဖြစ်)တဲ့- မူ အ သစ် အ သွားသဘောကို ကျွန်ုပ်က တရားဟောမယ်။ နားစောစမ်း လူသား။ အလို ဘာများပြောချင်သေးသလဲ။အဲ-ဖင်းအင်း ဪ- အဲဒီကိုယ်တော်တွေရဲ့အပေါ်၌၊ တင်ထိုက်သော အပစ်ဒဏ်၊ ပြုထိုက်သော ဝိနည်းကံတို့ကို၊ ဝေဘန်ပြီး ပြပါအုန်းဆိုပါတော့-

## လူသေလူဖြစ်ဆရာတို့အပေါ်၌ပြုထိုက်သော ဝိနည်းကံ ကျသင့်သော အပစ်ဒဏ်တို့ကို လျှော်သူ ဒကာမသိအောင် ပါဠိဖြင့် ဝေဘန်ခြင်း

အို လူသား ဝိနည်းပြစ်ရှိသမျှတို့ကို၊ သိရဘို့ ချောက်ထားပေမဲ့၊ မှောက်မှားတဲ့ဝိနည်းအပစ်တို့ကို သိပြီးဖြစ်တဲ့ဆရာတော်၊ မွှာအကျော် ကျောင်းထိုင်အဖွဲ့က ၎င်းနဲ့ ဆိုင်တဲ့ ထုံးဝေ့သတ်အတိုင်း ဆုံးဖြတ်တော့ အသင် သိမှာပေါ့။ အပြင်မှာရှိတဲ့ တောဘုန်းကြီးက အစောဆုံးကြီး ဖြေကြပါလျှင်၊ လေကြွားရာရောက်မည့်ကို ချင့်ထောက်ပြီး ကျွန်ုပ်တွေးမိသဖြင့်၊ အေးအေးဘဲ နေချင်တယ်။ ထို အရှင်တို့၌ ပြုထိုက်သော ဝိနည်းကံနှင့် ကျသင့်သောအပစ်ဒဏ်တို့ကိုလဲ ဝေဘန်ပိုင်းခြား၊ ဒကာများသို့၊ ပြောကြားဖြေဆို၊ ထင်ရှားအောင် မပြုလိုဘူး။ ယခုလိုဘဲ ထားလိုက်ကြပါစို့ရဲ့ လူသားရယ်။ ဩော်- ထင်ရှားအောင် ရှင်းမပြသော်လဲ၊ အကျဉ်းမျှ အဖြေပေးလျှင် ကျေအေးမယ်ဆိုပါတော့၊ အို ......လူသား၊ သင်ဒါလောက် လျှောက်ထားမှဖြင့် အောက်နားက ပါဠိတွေကို သင်လူသား ကြည့်ပေတော့ အဓိပ္ပါယ်မသိတယ်လို့ဖြင့်၊ ကျွန်ုပ်ကိုမေးဘို့ မရှိဘူး၊ ကဲ ကဲ ကောင်းစွာဖတ်ပြီး သာကြည့်စမ်းလူသား၊ ဘယ်လိုများပါသလဲဩော် ....

ယော နဥပသမ္ပန္နော တိဿဘာဂံ ပဏ္ဏယမာနော

**သယံဝ** ကုဝိဝရာဒိကံ တိဿိယလိင်္ဂံ အာဒိယတိ

တိ တေသံ ဝါ သန္တိကေ ပဗ္ဗဇိတိနဂ္ဂေါဝါ ဟုတွာ အာဇီဝကာနံသန္တိကံ ဂန္တွာ တေသံဝတာနိ အာဒိယတိ တိတ္ထိယပက္ကန္တကော နာမ (ရူဠ္ဍ ဝါ ပါဠိတော်) တဲ့လား။ အဲဒီရှေ့နားကကော၊ ဪ......

ယာစမိန္တာဒိဋ္ဌိနိယ တောတိ အဟေတုကဝါဒ အကိရိယဝါဒ နတ္ထိကဝါဒေသု အညတြာ တဒ္ဒိဋ္ဌိ ဂဟေတွာ ဌိတံပုဂ္ဂလံ မုဒ္ဓသတမ္ပိ ဗုဒ္ဓသဟဿမ္ပိ မောစေတုံ နသက္ကောတိ(အဋ္ဌသာလိနီ)တဲ့လား။ အဲ-ရှေ့နားမှာတော့ ဘယ်လိုများ ပါရှိသလဲ၊ ဪ-

တိတ္ထိယပက္ကန္တကော ဘိက္ခဝေ အနုပသမ္ပန္နော နသမ္ပါဒေတဗ္ဗော ဥပသမ္ပန္နော နာသေတဗ္ဗော (မဟာဝါ ပါဠိတော်)တဲ့လား။ကဲ-အဲဟို-ရှေ့သွားပါအုန်း။ဪ-

အာဘိဓမ္မံ ပဋိဗါဟေန္တော ဣမသ္မိံ ဇိနစက္ကေ ပဟာရံ ဒေတိ သဗ္ဗညုတညာဏံ ပဋိဗါဟတိ သဗ္ဗညုဝေသာရဇ္ဇညာဏံ ပဋိဗါဟတိ ပဋိနိဝိဿေတိ သောတုကာမံ ပရိသံ ဝိသံဝါဒေတိ အရိယမဂ္ဂေ အာဝါရဏံ ဗန္ဓတိ အဋ္ဌာရသသု ဘေဒကရဝတ္ထူသု ဧကသ္မိံ သန္ဒိဿတိ ဥက္ခေပနိယ ကမ္မတဇ္ဇနိယ ကမ္မာရဟော ဟောတိ တံတံကမ္မံ ကတွာ ဥယျောဇေတဗ္ဗော ဂစ္ဆဝိဃာသာဒေါ ဟုတွာ ဇီဝိဿသိ (ဓမ္မသင်္ဂဏီ အဋ္ဌကထာ)တဲ့လား။အဲဒီရှေ့နားကျတော့ကော၊ ဘယ်လိုများ ပြပါသေးသလဲ။ ဪ-

ဧဝံ ထေရော ရာဇာနံ သညာပေတွာ တဒ္ဓေဝ ရာဇုယျာနေ သတ္တ ဒိဝသာနိ ရာဇာနံ သမယံ ဥဂ္ဂဏှာ ပေသိ၊ ရာဇာ သတ္တမေ ဒိဝသေ အသောကာ ရာမေ ဘိက္ခု သံဃံ သန္နိပါတေတွာ သာဏိပါကာရံ ပရိက္ခိပါပေတွာ သာဏိပါကာရန္တရေ နိသိန္နော ဧကလဒ္ဓိကေ ဘိက္ခူ ဧကတော ကာရာပေတွာ ဧကမေကံ ဘိက္ခုသမူဟံ ပက္ကောသာပေတွာ ပုစ္ဆိ၊ ကိံဝါဒီ သမ္မာသမ္ဗုဒ္ဓေါတိ၊ တတော သဿတဝါဒိနော သဿတဝါဒီတိ အာဟံသု(ပ)ရာဇာ ပဗ္ဗမမေဝ သမယ သာဥဂ္ဂဟိတတ္တာ နယိမေ ဘိက္ခူ အညတိတ္ထိယာ ဣမေတိ ဉတွာ တေသံ သေတကာနိ ဝတ္ထာနိ ဒတွာ ဥပ္ပဗ္ဗာဇေသိ(ပါရာဇိကဏ် အဋ္ဌကထာ)တဲ့လား။

ဒီ လူသား၊ အဲဒီ ယခု ပါဠိမှတပါး၊ အထက်က ဖော်ပြခဲ့တဲ့ ပါဠိများကိုတော့ သင် လူသား မသိချင်နဲ့။ ဟိုဆရာတို့ရှိတဲ့ အဖြစ်ဇာတ်၊ ပြုလုပ်အပ်တဲ့ ဝိနည်းကံတို့ကို၊ ဝေဘန်တော်မူကြရမဲ့ နာယကတို့၊ ဩဝါဒစရိယတို့၊ အဂ္ဂမဟာပဏ္ဍိတတို့၊ ကျောင်းထိုင်အဖွဲ့ သံဃာတော် အရှင်မြတ်တို့ရဲ့ ကိစ္စသာဖြစ်တယ်။ အစစ်ကို တွေးကြည့်လျှင်၊ အဲဒီပါဠိတွေရဲ့ အဓိပ္ပါယ်ကို သိလို့ သင် လူသားမှာ ဘာအကျိုးမှမရှိဘူး။ အဖြစ်ထိလျှင်သာ ထိနိုင်တယ်။ ဒီမယ်လေ-လူသား၊ ခုတွင်က နောက်ယပ်ပြီး၊ သင်ဖတ်တဲ့ ပါဠိများကိုတော့ သင် လူသားနှင့်တတွ တိုင်းပြည်သူဟူသမျှတို့အပြင်၊ ပြည်ပိုင်အစိုးရတို့ပင် သိသင့်တယ်။ ဘယ်

အတွက်ကြောင့်လဲဆိုတော့ ဟို ရှေးရှေးသောအခါ အခါ ကာလဲ၊ မြတ်ဗုဒ္ဓသာသနာကို၊ ရာဇာဆိုတဲ့ ဘုရင်မင်းတို့ သည် အစဉ်မကင်း စောင့်ကြပ်လို့ ဖြောင့်မတ်တဲ့ ရဟန်း တော်တို့နှင့် အဆန်းပေါ်ပြီး ကာလရှုပ်တိုင်း၊လမ်းချော်တဲ့ ဝါဒယုတ်တို့အား၊ မသာချမှုပ်လို့ သာ သ နာ ပြု ခဲ့ တဲ့ အကြောင်းကို ကောင်း ကောင်း ကြီး သိ နိုင် တဲ့ အ တွက် ကြောင့်ပဲ။ ဆဲဒါကြောင့် သင် လူသားအား၊ နောက်ဆုံးက ပါဋ္ဌိသွားကို လင်းပါးပြီး အ တို ကျဉ်း လို့ မို့၊ လိုရင်း လောက် ပြောပြမယ်။ ဟောလေ-လူသား၊ရှင်သုဘဒ်ဆိုတဲ့ တောထွက်၊ အပြောခက်တဲ့ ရဟန်းတပါးဟာ၊ ရမ်းကား ပြီး သာသနာဖျက်တုန်းက ဘာသာအတွက် အမြင်လင်းခဲ့ သော ဘုရင်မင်း အဇာတသတ်အလှူနှင့်၊ မဟာကဿပ ကျေးဇူးရှင်တို့ဟာ၊ ရှေးဦးပြင်ပြီး သာသနာပြုပြီးတဲ့နောင်၊ အစဉ်ရှောက်ပြီး သင်္ဂါယနာတင်ခဲ့ရာ၊ အနှစ်တရာ နှစ် ဆယ့်ရှစ်လောက် ကြာလါတော့၊အာသောကရာဇာဆိုတဲ့ မင်းရဲ့လက်ထက်၊ သဿတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိ အဟေတုက ဒိဋ္ဌိ အကိရိယဒိဋ္ဌိအစရှိတဲ့ ရှပ်ဝါဒဒိဋ္ဌိတို့ဖြင့်၊ နှိပ်ဗိလို့ ဖျက်ကြတဲ့၊ ရ ဟန်း ပျက် တွေ ပေါ် လာ သော ကြောင့်၊ သာသနာမှိန်မှေးပြီး၊ အရှိန်သေးဘို့ တကြိမ်ကြုံပြန်တယ်။ ဒီမယ်လေ-လူသား၊ အတိုချုပ်စကားမှာ၊ ဆဲဒီသာသနာ ဖျက် ကိုယ်တော်များဟာ၊ တပါးက နှစ်ပါး၊ နှစ်ပါးက သုံးပါးဆိုသလို၊တဖြေးဖြေးတိုးပွားလာတော့၊အကျိုးများ စရာရယ်လို့ ခေါင်းတုံးပြီး၊အကောင်းဆုံး ပြည်နိဗ္ဗာန်သို့

ရည်ဝိတ်သန် သက်န်းဝတ်ကြတဲ့၊ ရှင်ရဟန်းအထွင်ရှုတွေ အပူပေါ်ပြီး မသူတော်တွေနဲ့မပေါင်းရအောင်၊အကြောင်း ပြ စာလွှာဖြင့်၊ သာသနာအတွင်း ဘေးတို့ကို၊ ရှင်းပေးဘို့ ဘုရင့်ထံနှိုက်၊ အခွင့်ပန့်ပြီး မေတ္တာရပ်ကြတယ် ဆိုပါ ထော့၊ အဲဒီလို ဘုရင့်ထံသို့၊ အခွင့်ပန်ပြီး မေတ္တာရပ်ကြ တော့၊ ပိဋကတ်သုံးပုံကို၊ ဆုံးကုန်အောင် ကိုယ်တိုင်သင် လို့ရို့၊ ရှင်ဘုရင်ကိုယ်တိုင်သိတော့မှ၊ ဘုရား၏ဝါဒနှင့်၊ ဒိဋ္ဌိတို့ ဝါဒကို၊ သဘာဝထူမတူ၊ အယူခြင်းညီမညီ၊ သိလ ကို ချစ်မချစ်၊ အဲဒီလို မေးစစ်ပြီး၊ သာ သ နာ့ ရန် အ စွယ်၊ အန္တရာယ်အလွှေးအငြစ်တွေပေါ့။ ဘေးဖြစ်ခဲ့ ဘိက္ခူ ယုတ်တို့အား၊ ဗိတ်ဖြူအုပ်ပြီး လူထွက်ခိုင်းလို့ရို့၊ အယူ ပျက်ရှိင်းတဲ့ တိတ္ထိကြီးတို့ကို နှိပ်ဖိပြီး ပေးတော်မူခဲ့တယ်။ ဒီမယ်လေ-လူသား အဲဒီပါရာဇိကကျော်အဋ္ဌကထာရဲ့စကား အတိုင်း၊ အမှားဂိုဏ်း ဝါဒထောင်ပြီး၊ သာသနာ့အရောင် သက်န်းအား၊ တင်လွှမ်းတဲ့ အရေခြုံတို့ကို၊ နေပုံနှင့်ထိုင်ပုံ၊ အပိုင်မယုံဘို့ မူသက်သေဖြင့်၊ မခိုင်မလုံ အယူပျက်နေ သောကြောင့်၊ လူထွက်စေဆိုတဲ့အာဏာနှင်းပြီး ရှေးတုန်း က ရာဇာမင်းတို့လဲ၊ သာသနာအတွင်းအရုပ်အထွေးတို့ကို ထုတ်ပေးကာ ခရိုးရောက်အောင်၊ ချိုးမြှောက်ကော်ရော်၊ ပူဇော်ဆည်းကပ်ခဲ့ကြတဲ့အကြောင်း၊ ကောင်းကောင်းကြီး သိကြပြီး၊ လူသားတွေ သတိရတို့ဘဲ၊ ကဲလေ- လူသား၊ ရှေ့နားသို့ ဖတ်သွားတော့၊ ဘာတွေများ တွေ့သေးသလဲ၊ ကြည့်……

အပရေပိ ဘိက္ခဝေ တိဟင်္ဂေဟိသမန္နာဂတဿ ဘိက္ခုနော အာကင်္ခမာနော သံယောတဗ္ဗနိယေက မွံ ကရေယျ ဗုဒ္ဓဿအဝဏ္ဏံ ဘာသတိဓမ္မဿအဝဏ္ဏံ ဘာသတိ သံဃဿအဝဏ္ဏံ ဘာသတိ (ရူဠှဝါပါဠိ တော်)တဲ့လား။

အို-လူသား၊ ဒီပါဠိတွေကိုတော့ အဲဒီလို အပစ်ပြခဲ့လျှင် ဖြစ်ရမဲ့ အမှုသွားတွေက အများကြီးရှိသေးတယ်။ ဒီမယ် လေ-လူသား၊ လူသတ်မှုဖြစ်ပြီးသွားမှတော့၊ အခြားသော ကြက်ခိုးမှုတို့ကို၊ ဂရုပြုစစ်ဆေးပြီး မေးနေစရာမလိုတော့ သကဲ့သို့ မှတ်၊ အဲဒါကြောင့် ဒီတွင် ရပ်ပြီး၊ စိစဉ်အခင်တဲ့မှု အခြေမဆိုင်းဘဲ "လူသေတိုင်း လူမဖြစ်"ကို စိစစ်လို့ ဝေဘန်ပြီး၊အဖြေမှန် ထုတ်ကြပါစို့ရဲ့။

## လူသေတိုင်းလူမဖြစ်ကိုမူစစ်၍ပြခြင်း

အို-လူသား-၊ လူသေလျှင် လူဖြစ်တယ်ဆိုတဲ့၊ အယူ ဖြစ်ဟိုစကားကဖြင့် အားရစရာအလွန်ကောင်းတယ်၊ ကု သိုလ်ဆိုတဲ့ အကြောင်းကံရယ်လို့ လဲမရှိဘူး၊ အကုသိုလ် ဆိုတဲ့အကြောင်းကံရယ်လို့ လဲမရှိဘူး၊ ငြင်းကဲ တံခိုးကြွ၏ အကျိုးကိုမျှော်တောက်ပြီး ဝမ်းမြောက်စရာလဲမလိုဘူး၊အခ ဖြစ်ကိုမျှော်တောက်ပြီး ကြောက်စရာလဲမလိုဘူး၊ ဒီဘဝ ဒီကိုယ်စံ၊ ဟိုဘဝကျတော့ ဟိုကိုယ်မခံဘဲ၊ လူပြန်ပြီး အခ ဟုတ်ဖြစ်တယ်ဆိုသဖြင့်၊ ယုတ်ဖြစ်တဲ့ဝါဒကို၊ ကာလက မိုက်မိုက်ရို့၊ ကျိက်ချင်လဲ ကျိက်ကြမှာဘဲ၊ လူမိုက်ကို

သွေးမြှောက်ပြီး၊ အားလုံးကိုဘေးရောက်အောင်၊ ဘာကံမှ မတွေ့မထောက်နဲ့လို့၊ ဆေးသောက်ဘို့ အပိန်း အထူတွေကို၊ ဘိန်းအရှူခိုင်းဒါပေါ့၊ ဒီမှာလေလူသား–၊ လူသေလူဖြစ်ဆိုတဲ့ထိုစကားကို၊ မှားသလော မှန်သလော ဟိုရှေ့ကအဖြေမှန်တို့ဖြင့်၊ ဝေဘန်ပြီးကျွန်ုပ်ပြောခဲ့ပြီ ထပ်လောပြီးအဖြေပေးမှာက၊ ပဝေရေးတုံးဟောင်းကို၊ ရိုးပေါင်းလို့နည်းအသွယ်သွယ်နဲ့၊ ပြီးလွယ်အောင် ထုတ်ခါပြလျက်၊ ဟုတ်ပါသမျှအပိုမသွင်းပဲ သုတ်ဓမ္မာအရနဲ့ အတိုကျဉ်းကျဉ်းပြီး၊ လိုရင်းလောက် အဖြေပေးမှာဘဲ၊ ကဲလေလူသား–၊ သုတ္တန်၌သိစရာတို့ကို၊ အဘိဓမ္မာကိုယ်ထယ်ခင်းပြီး၊ အရင်းဖြစ်တဲ့ အကြောင်းကံအတိုင်း ဝေဘန်ဘို့နေဦးပြရချင်၊ ပဌာန်းပညာဝါရနာ နာက္ခဏိ ကကမ္မပစ္စယသစသည်တို့မှာဟောဒီလိုလာတယ်၊ ဘယ်လိုလာလဲလို့ဆိုတော့။

နာနာက္ခဏိကာ(ကုသလာ)(အကုသလာ) စေတနာ
ဝိပါကာ နံခန္ဓာ နံကဋတ္တာသမုဋ္ဌာနာ နဉ္စရူပါနံ ကမ္မပစ္စ
ယေနပစ္စယော ပဋိသန္ဓိက္ခဏေ ဝိပါကာ ကာတာ စေ
တနာ သမ္ပယုတ္တကာ နံခန္ဓာနံ ကဋတ္တာစရူပါနံ ကမ္မ
ပစ္စယေန ပစ္စယော–လို့၊ အဲဒီလိုဟောခဲ့တယ်

အဓိပ္ပါယ်တိုတိုကတော့၊ ဟောဒီလို မှတ်ထားပေါ့၊ အထူးထူးသော ကုသိုလ် အကုသိုလ်၊ စေတနာဆိုတဲ့ကံတရားတို့ကြောင့်၊ ရုပ်များနာမ်များ၊ ခန္ဓာဆိုတဲ့ အပေါင်းငါးပါးဟာ၊ ကံဆိုတဲ့ ရင်းတရားတို့ အတိုင်း၊ အကြောင်း

အားလျှော်စွား၊ ကောင်းတယ်ဆိုးတယ်နဲ့၊ ဖြစ်ရပုံ အမျိုးမျိုးဖြင့်၊ အကျိုးဆိုတဲ့ဝိပါတ်တရားများလဲထင်ထင်ရှားရှားကြီး ဖြစ်ပေါ်လာတယ်တဲ့၊ ဒီမှာလေလူသား၊ အဲဒါမှတပါး ဝိဘာဂ်ပါဠိတော်မှာဘယ်လိုများလာပြန်သလဲဆိုတော့။

ဥက္ကဋ္ဌာ ပုညဲ တေစေနာ
ကာမရူပဂတိံ ဂတာ
ဘဝဂ္ဂတံ သမ္ဗုဏ္ဏာပိ
ပုနာဂစ္ဆန္တိ ဒုဂ္ဂတိံ၊ လို့။

သို့ကလိုလာပြန်တယ်၊ အဓိပ္ပါယ်အကိုကျဉ်းပြီး၊ လိုရင်းကိုပြောရလျှင်၊ ဟောလေလူသား—၊ ဒါနမှ သီလမှ ဘာဝနာမှဆိုတဲ့ ကုသိုလ်ကံအကြောင်း၊ ကောင်းမြတ်တဲ့ တံခိုးအားဖြင့်၊ မြောက်စား မြှင့်တင်ပြီး ပေးလိုက်တဲ့အခါမှာ၊ လူ့ရွာရယ် နတ်ရွာရယ် ဗြဟ္မာ့ရွာ ဘုံမှ ဘဝဂ်တောင် ခုံ တက် ပြီး ဖြစ်နိုင်တယ်တဲ့၊ အဲဒီလိုဖြစ်နိုင်သော်လဲ၊ နောက်တထစ်တွေးရလျှင်၊ ဟို ... ဇေးကပြုကြဲတဲ့၊ အကုသလကံအကြောင်း၊ မကောင်းတဲ့ကြိုးက ဆွဲပြန်မူ၊ ငရဲ တိရစ္ဆာန် ပြိတ္တာအသုရကာယ်ဆိုတဲ့ ပါယ်လေးနယ်ဘုံမှ အတွင်းသို့ ခုန်ဆင်းလို့ရောက်ကြရပြန်ရောတဲ့၊ ကံပို့သလိုသွားရတယ်ဆိုဒါပေါ့၊ ဒီမှာလေလူသား၊ ရှင်ဥက္ကဋ္ဌတို့ရဲ့ စကားကတော့၊ ကုသိုလ်ကံ အကုသိုလ်ကံတို့ကို၊ မကျန်အောင်ပယ်ရှားပြီး လူသေလျှင်လူဖြစ်သွား ၁ တဲ့၊ အဲဒီအထက်ကဟောထားတဲ့ ဘုရားရဲ့တရားရယ် ရှင်ဥက္ကဋ္ဌတို့ရဲ့ လူသေလူဖြစ်တယ်ဆိုတဲ့ စကားရယ်၊ ဘယ်သင်းက

မှန်တယ် ဘယ်သင်းကမှားတယ်လို့၊ သင်လူသားစဉ်းစားပြီး၊ အကောင်းသား အကောင်းသားနဲ့၊ ရှင်းသွားအောင် ထင်ဖြင်ဘို့၊ ဆင်ခြင်အပ်တဲ့ သဘောကလေးတွေကို၊ ကျွန်ုပ်နဲ့ပြောခုံးမယ်၊ ဟောလေလူသား၊ လူသေလူဖြစ်ဆရာများက၊ ရှေ့ဟာမြေကြီးကထွက်တဲ့ အသက်မရှိသော ထွက်ကုန်များတွင်၊ ဘယ်လိုပဲဖျက်ဖျက်၊ ပြောင်းလဲပျက်စီးမသွားနိုင်တဲ့၊ အနှိမ့်မအဆုံးဓါတ်၊ မြင့်မြတ်သော အမျိုး အစားပါတဲ့၊ အသက်ရှိတဲ့မြေထွက်ထုတ်ကုန်၊ အလုံးစုံသော သတ္တဝါများမှာလဲ၊ လူဟာအနှိမ့်မဓါတ်၊ အမြင့် အမြတ်ဆုံးအမျိုးအစားမို့၊ ပြောင်းလဲပျက်စီးပြီး မသွားတော့ဘူးတဲ့ အဲဒီလိုဆိုထားတယ်၊ အဲဒီစကားများအရ၊ ဘယ်နည်းမှ မဖြစ်နိုင်သော်လဲ လူသေလူဖြစ်တယ်ဘဲထားကြပါစို့၊ ကဲ လူသား-ဟောဒီဘဝက ခြေကြီးနေတဲ့ လူတယောက်သေသွားပြီဆိုပါတော့၊ သူတို့ရဲ့စကားက မပြောင်းမလွဲတော့ဘူးလို့ဆိုကြတဲ့အတိုင်း ဟိုဘဝကြတော့၊ ခြေကြီးတဲ့လူဘဲ ဖြစ်ရမလား၊ ဒီဘဝကမျက်စိကန်းတဲ့လူတယောက်သေသွားလျှင် ဟိုဘဝကြတော့ မျက်စိကန်းတဲ့လူဘဲဖြစ်ရမလား သင်လူသား စဉ်းစားစမ်း၊ ကဲသူတို့က အတင်းသမားတွေမို့၊ ဖြစ်ရမယ်လို့ငြင်းဗြားအုံ့၊ လင်းပါးကြအုံးစို့ရဲ့လူသား၊ ကြီးတဲ့လူ သေသွားရတော့၊ ဟိုဘဝအကြီးပြန်ဖြစ်လျှင်၊ အမိရဲ့ဝမ်းထဲမှ မွေးဖွားပြီးလာစကပင်၊ အကြီးကလေးမြင်ရမယ်၊ ငယ်ငယ်ကတော့မကြီးဘူးဆိုပါတော့ အသက် ဆယ်လေးငါးနှစ် လောက်မှာ၊ ခဲနဲ့

ပေါက်မိလို့ကြီးပါပြီးတဲ့၊ အဲဒီလူဟာ-အကြီးဘဝကလါ တယ်လို့၊ ဆိုနိုင်ပါမည်လား၊ အဂှန်းကြတော့လဲ ဒီသဘောသွားအတိုင်းပေါ့၊ ဩဗ်ဘ် သူတို့ရဲ့စကားမှာ၊ အွြှဟာ နားငှောင်းအဖြစ်မှ၊ လက်ကောက်ဘဝပုံပန်း သဏ္ဍာန်မှုပြောင်းသလို၊ လူဟာလဲ သေသေ ချာချာစုံစမ်းတော့၊ ပုံပန်းသဏ္ဍာန်မှု ပြောင်းနိုင်တယ်လို့ ၎င်းဆရာတို့ဆိုထားတယ်၊ ဒိုလူသား-၊ အဲဒီလိုဆိုထားတဲ့၊ ထိုသူတို့စကားကို၊ သင်လူသား စဉ်းစားအုံး၊ အွြှကို လုပ်ထားတဲ့ နားငှောင်း များကိုတော့၊ အွြှလက်ကောက် ဖြစ်သွားအောင်လူသားတွေလုပ်ချင်လို့ ပန်းတိန်ဆရာ့ထံသွားပြီးပန်းတိန်သမားကို အလုပ်ခိုင်းတာ၊ ကောင်းနေတဲ့ လူဟာက၊ အကြီး ဖြစ်လာချင်လို့၊ ဘယ် ပန်းတိန် ဆရာကို အလုပ်ခိုင်းသလဲ၊ အကုသိုလ်-ကံဆွဲလို့၊ မကြီးချင်ဘဲနဲ့ ကြီးရဒါ၊ မကန်း ချင်ဘဲနဲ့ ကန်းရဒါ၊ နားငှောင်းကို လက်ကောက်လုပ်တာနဲ့၊ နှိုင်းစာလို့မရဘူး၊ သဗ္ဗေသတ္တာကမ္မသကာတဲ့၊ ကံစီမံရာက ပြုပြင်ရာ- ကံလုပ်ထုံးဖြစ်လာတယ်၊ ဒီမယ်လေလူသား၊ အဲဟိုလူသေလူဖြစ် ဆရာများဟာ၊ ကြီးအောင်လုပ်တတ်တဲ့ ပန်းတိန်သမား၊ ကန်းအောင်လုပ်တတ်တဲ့ ပန်းတိန်သမား၊ ရုပ်ဝါဒ - တိန်ကာထားလို့ထင့်၊ ထင်ရှားအောင်မမြင်မတွေ့ကြဘူး၊ဒီမှာလေလူသား၊ ကျွန်ုပ်ဟာ ဟို-လွန်ခဲ့ပြီး အနှစ်အစိပ်လောက်အခါများက၊ ဟသ်ာတ ဒိစတိတ်၊ ထူးကြီးမြို့အပိုင်၊ ဘာသာရေးအတွက်နဲ့၊ သက်ဆိုင်ရာ ရွာများသို့၊ ရွှေတောင်

ကျောင်း ဆရာတော် ဦးဉတ္တရ ဖိတ်ကြားသဖြင့် ထရား ဟောသွားဘူးတယ်၊ ဒေါ်ဖဲကွင်းရွာ သစ်ဖြူကွင်းရွာ ပါဒွ ကွင်းရွာ ခေါင်းပေါင်းကြီးကွင်းရွာ တပ်ရွာ ကပိုင်ရွာ တောင်ပေါ်ကုန်းရွာ ညောင်းကုန်းရွာ အစရှိတဲ့၊ မမှတ် မိတော့သောရွာများတွင်၊ ဘာသာခြား တိုင်းရင်းသူတို့ကို ယိုင်းပင်းကူ ခေါင်းဆောင် အချို့တို့နဲ့၊ ကောင်းအောင်လို့ စိတ်ထားပြီး- ဖိတ်ကြားကာ တရားဟောတုန်းက- အများ သောတပည့်ကလေးတွေအား-သတိပေးတဲ့ ဂါထာ-ရစ ဏာတရားတပုဒ်ကို- အားထုတ်စီရင်ရေးဘူးတယ်- ဗိုမယ် လေလူသား- လူသေလူဖြစ် ဆရာများနဲ့ ကျွန်ုပ် ရေးဘူး တဲ့ ရစဏာတရားဟာ အဓိပ္ပါယ်ကွာခြားပြီး မဟာအမှား ကြီး သူတို့မှားပုံကို အများယုံကြည်ဖို့ထပ်ဟောမယ် နား စေးစမ်းလူသား။

**ဖန်ဆင်းသမားနှင့် ကံအရင်းတရားတို့ကို**
**စဉ်းစားရန် ဂါထာရစဏာတရားကလေး**

မာတာပိတူနံ့ဥတုဟိ၊ လောကေကမ္မဝဇ္ဇကိနာ
ယထာကမ္မံ ကာယရူပံ၊ မာပိတော၀ ယထာရုပံ၊

လောကေ၊ ကုသိုလ်နဲ့ အကုသိုလ်က၊ နှစ်ဝပြူသလို နတ်ပြိတ္တာ ငရဲသို့၊ ထပ်ကာတလဲလဲ ဆိုင်ရာသွားရော့ဟု ကိုင်ကာထားတဲ့ လူ့နယ်ဘုံမြဲ၊ ကမ္မဝဇ္ဇကိနာ၊ ပြုဘွယ် အစုံ ဖန်ဆင်းပြီးထားနိုင်တဲ့ ကံမင်းကြီးလက်သမားသည် မာတာပိတူနံ၊ နှစ်ပါးတူညီ၊ ကုသိုလ်သဖွယ်၊ နှစ်သွယ်သော မိနှင့်ဖတို့၏ ဥတုဟိ မှ တ စွာ မ စောင်း မ ယွင်း စေ ဘဲ၊

ပေါင်းသင်းလက်ခံ၊ ဆက်ဆံရစ်ပတ်၊ အချစ်ဓါတ်အတိုင်း ဖြစ်အစ်တဲ့ ဥတု၊ ဋ္ဌံ့တည်းဟူသော သုက်သွေးရတို့ဖြင့်၊ ယထာကမ္မံ၊ ပြုလုပ်တို့သင့်လျော်သော၊ ကာယရုပ်၊ လူခေါ်တဲ့ ဋ္ဌုံကိုယ်ရုပ်ကို၊ ယထာရဟံ၊ ထုလုပ်ဘို့အခွင့်၊ သင့်သည့် အားလျော်စွာ၊ မာပိတောဝ၊ တော်ရာ တော်ရာ၊ အတိတ်ကံ လက်ခကို၊ အချက်ကျ မျှော်ပါ၍၊ ခေါစရာ အနည်းနည်းကြံလို့မို့၊ အကြီးတန်ကြီး အကကျား၊ အမျိုးမျိုး ဆန်းပါပေ့၊ ညိုးနွမ်းတဲ့လူ၊ အချို့မှာ နူပြီးလျှင်၊ အချို့ လူအ,အ၊ အချို့လဲ လှပါရဲ့၊ အချို့က နားပင်း၊ အချို့မှာ ဖျင်းပါပေ့၊ ဟို-ရှေးရင်းကံ၊ သူ့အကွက်ကျ၊ ကုသိုလ် ရှင် လူ့အတွက်ကိုဖြင့်၊ တုဖက်လို့ မျှနိုင်ဘူ့၊ သူ့လက်ခ တန်လောက်အောင်၊ ကံလက်သမား၊ ချောစေ ယဉ်စေ အဆင်ပြေဘို့၊ ယခင်ငွေ ကံအဘိုးတို့ဖြင့်၊အမျိုးမျိုး ပန်းပု ရုပ်သဏ္ဍာန်လို၊ထုလုပ်ရန် ကံအရင်းအတိုင်း၊ မဟုတ်ဘူး တကယ်ဆုပြီး၊ ဘယ်သူမှ မခံမငြင်းနိုင်ဘူ့၊ ဖန်ဆင်းပြီး တားလိုက်လေသာလျှင်ကတည်း-တဲ့ လူသားရဲ့။ အင်း- အဲဒီဂါထာ၊ ရစကာရဲ့ သဘောသွားကိုတော့၊ အ နက် က ပြောထားလို့၊ သင် လူသား နားရှင်းလောက်သဖြင့်၊အတို ကောက်ကလေးပဲ ပြောတော့မယ်။ ဟောလေ- လူသား၊ ကုသိုလ်ကံဆိုတဲ့ တရားတို့ကတော့ လက်သမားဆရာ ကြီးများနဲ့ တူသတဲ့။ အမိအဖနှစ်ပါးကတော့ ဋ္ဌံ့တို့၊ အင်္ဂေတို့၊ သယ်ယူတဲ့ ကူလီများနဲ့ တူသတဲ့။ အဲဒီအမိ အဖနှစ်ပါးတို့ရဲ့ သုက်သွေး များ က တော့ ဋ္ဌံ့များ၊

အင်္ဂတေများနဲ့ တူသတဲ့။ သင် လူသားနှင့်တကွ၊ ရှိရှိသမျှ သော သတ္တဝါများကတော့ သုက်သွေးတည်းဟူသော ရွှံ့များ၊ အင်္ဂတေများကို ထုလုပ်ပြီးထားတဲ့ အရုပ်များနဲ့ တူသတဲ့။ အို- လူသား၊ ရွှေတိဂုံဘုရားသို့ သင် လူသား ရောက်သွားတော့၊ အင်္ဂတေတွေကို ထုလုပ်ထားတဲ့လူရုပ်၊ နတ်ရုပ်၊ ဗြဟ္မာရုပ်တွေကို အစထားလို့၊ ခွေးရုပ်၊ နွားရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်၊ သမင်ရုပ်၊ ကျွဲရုပ်တွေနှင့်တကွ၊ ငရဲရုပ် တွေပါ မမြင်ခဲ့ရပေဘူးလား။ အို-လူသား၊ အဲဒီအရုပ်များ ကို ပန်းရံဆရာ လက်သမားများက ပေးတဲ့ လက်ခအား လျော်စွာ၊ ထုလုပ်ပြီးထားတာဘဲ မဟုတ်လား။ ခွေးရုပ်ထု သို့ လက်ခပေးတော့ ခွေးရုပ်ကလေးထုထားတယ်။ လူရုပ် ထုဖို့ လက်ခပေးတော့၊ လူရုပ်ကလေး ထုထားတယ်။ နတ်ရုပ်၊ ဗြဟ္မာရုပ်ထုဖို့ လက်ခပေးတော့၊ နတ်ရုပ်၊ ဗြဟ္မာ ရုပ်ကလေးတွေ ထုထားတယ်။ ငရဲရုပ်ထုဖို့ လက်ခပေး တော့ ငရဲရုပ်ကလေးတွေ ထုလားတယ်။ ဒီမှာလေ- လူ သား၊ အဲဒီပုံ ဥပမာအလားလို၊ ယခု တွေ့မြင်နေကြရတဲ့ သတ္တဝါအများကိုလဲ ကံ တည်း ဟူ သော လက် သ မား ဆရာကြီးက လူရုပ်၊ နတ်ရုပ်၊ ဗြဟ္မာရုပ်၊ နွားရုပ်၊ ကျွဲရုပ်၊ ငရဲရုပ်အစရှိသည်တို့ကို ထုလုပ်ရန် ကုသိုလ် အကုသိုလ် တည်းဟူသော လက်ခအတိုင်း အကွက်ကျ အကွက်ကျ ဖြင့် အချို့က ကျိုး၊ အချို့က ကထ်း၊ အချို့က ရှုးနှမ်းနှမ်း ပေါ့။ ဆန်းဆန်းကျယ်ကျယ် အသွယ်သွယ်ပဲ၊ အချို့လဲ လှ၊ အချို့က ချော၊ ကုန်စင်အောင် ပြောနိုင်ဘူး ပေါ့ဟို

ဈေးဘဝတွေက ဒါနအစရှိတဲ့ ကုသိုလ်လက်ခ ပါဏာတိပါတအစရှိတဲ့ အကုသိုလ်လက်ခတွေကို ဆက်သ သလို မျှော်တွေးလို့ မိဘတို့ရဲ့သုတ်သွေး၊ ဥံ့တည်းဟူသော သစ်စေး၊ အင်္ဂတေတို့ဖြင့် လူရုပ်ကလေးတွေ၊ နတ်ရုပ်ကလေးတွေ၊ ဗြဟ္မာရုပ်ကလေးတွေ၊ ခွေးရုပ်ကလေးတွေ၊ နွားရုပ်ကလေးတွေ၊ အပါယ်ငရဲရုပ်ကလေးတွေ တည်းဟူသော အမျိုးမျိုးသောသတ္တဝါရုပ်ကလေးတွေ၊ ထုလုပ်ပေးနေတာပဲ။ ကဲဗေ- လူသား၊ ကောင်းအောင် လုပ်ပေးတဲ့ လက်သမားကျိုးအောင်လုပ်ပေးတဲ့လက်သမား၊ လှအောင် လုပ်ပေးတဲ့ လက်သမား၊ ချောအောင်လုပ်ပေးတဲ့ လက်သမား၊ အနာရောဂါများအောင် လုပ်ပေးတဲ့ လက်သမား၊ အနာရောဂါကင်းအောင် လုပ်ပေးတဲ့ လက်သမား အကုန်ကုန် ပြောကြားရလျှင် မွဲအောင်လုပ်ပေးတဲ့ လက်သမား၊ ချမ်းသာအောင် လုပ်ပေးတဲ့ လက်သမားတို့ကို သင် လူသားတွေ့ပြိမပဟုတ်လား။ ကောင်းသွားတယ် ကျိုးသွားတယ် ဆိုတာတွေဟာ ဘယ်သူကိုမှမရိုးမှားနဲ့။ ကံဆိုတဲ့ လက်သမားကြီးအား၊ အကျိုးချပ်ကလေး ထုရအောင် ဟိုရှေ့ဘဝက အကျိုးလက်ခကို ပေးခဲ့လို့ ယခု ဘဝမှာ အကျိုးရုပ်ကလေး ထုထားတာ၊ ပေးခဲ့တဲ့ လက်ခများကတော့ ဒုစရိုက်ဆယ်ပါးလို့ သင် လူသား မှတ်ထားပေါ့။ လှလာတယ် ချောလာတယ်ဆိုတာတွေလဲ ဟိုအခါ ဈေးဘဝက ပေးကြတဲ့ လက်ခအသိုင်း အချက်ကျငြိမ့်လို့ ကံဆိုတဲ့ ဆရာကြီးက ပေးခဲ့ပြီးလက်ခနှင့် အကွက်ကျသည်ညာအောင်

လူချော လူလှကလေးတွေ ထုထားတာဘဲ။ ပေးခဲ့တဲ့ လက်ခများကတော့ ဒုစရိုက်ဆယ်ပါးလို့ သင် လူသား မှတ်ထားပေါ့။ အို-လူသား၊ ယခုဘဝက သေသွားလို့ နောက်ဘဝပြောင်းသွားတော့ သင်လူသား ဘာဖြစ်ချင်သလဲ။ ဩော်-လူ၊ နတ်၊ ဗြဟ္မာ၊ ဘုံသုံးရွာတို့၌ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဖြစ်ချင်တယ် ဆိုပါတော့။ အေး-ဒါပေါ့ လူသားရာ၊ နိဗ္ဗာန်သို့မရောက်သေးပါလျှင် သုံးပါးသော ထိုချမ်းသာကို လူတကာ လိုချင်တာဘဲ။ ကဲ-လူသား၊ လိုချင်ပြီး နေတာနဲ့ အဲဒီချမ်းသာတွေကို ရပါမလား။ (ဝါ)ကံတည်းဟူသော လက်သမားဆရာကြီးအား လူချမ်းသာ ရုပ်ထုလုပ်ဘို့ လက်ခ၊ နတ်ချမ်းသာ ရုပ်ထုလုပ်ဘို့ လက်ခ၊ ဗြဟ္မာချမ်းသာ ရုပ်ထုလုပ်ဘို့ လက်ခတွေကို ယခုလို ကာလ၊ မထမှီ ရှေးဘဝက တင်ကြို့ပြီး မပေးကြလျှင် အဲဒီကံတည်းဟူသော လက်သမားဆရာကြီးက ဆိုခဲ့ပြီးအရုပ်တွေကို ထုလုပ်ပြီးပေးပါ့မလား။ အေး-မပေးဘူး။ ရှေးဦးက တင်ကြို့ပြီး လက်ခကို အရင်ပေးမှ လက်ခနဲ့ မျှော်တွေးလို့ သူ့တန်ဘိုး လက်ခဈေးအတိုင်း၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ရုပ်ကလေးတွေကို ထုလုပ်ပြီးပေးမှာဘဲ။ ခွေးရုပ်ထုဘို့ လက်ခပေးတော့လဲ ခွေးရုပ်ကလေးတွေ ထုလုပ်ပေးမှာပေါ့။ အဲဒီတော့ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအကောင်းစားဖြစ်လိုလျှင် ဒါန သီလအစရှိတဲ့ လက်ခတွေကို ကံဆိုတဲ့ လက်သမားဆရာကြီးအား ပေး။ ပါဏာတိပါတ အစ

ရှိတဲ့ ခွေးလက်ခံပေးပြီးခါမှ နတ်၊လူ၊ဗြဟ္မာ၊သတ္တဝါဆိုတဲ့ အချပ်ကလေးတွေကို မရနိုင်ဘူး။ ကံ တည်း ဟူ သော လက်သမားဆရာကြီးက လက်ခံနဲ့ ချွန်ထိုးပြီး၊ ဆိုးတဲ့ လက်ခံပေးတော့ ဆိုးအောင်၊ ကောင်းတဲ့လက်ခံပေးတော့ ကောင်းအောင် အကြောင်းအားလျော်စွာ ထုလုပ်ပြီးပေး နေတာ။ ဒီမှာလေ–လူသား အဲဒီလို ဟောကြားတဲ့ မြတ်စွာ ဘုရားရဲ့ သဘောသွား၊ ကျုပ်ရဲ့ ပြောစကားတို့ကို သင် လူသား ယုံပြီလား။ ဪ-ယုံပြီ။ ဲ-အဲဒီထက် ယုံကြည် အောင် လူသေလူဖြစ်ဆရာတို့ရဲ့ လူသေလူဖြစ်တယ်ဆိုတဲ့ အမှားတွေလဲ ထင်ရှားအောင် လူသေတိုင်း လူမဖြစ်နိုင် ပါဘူးဆိုတဲ့ ကျုပ်ရဲ့စကားလဲ ထင် ရှား ပြီး သွား အောင် ခွဲခြားပြီး ယခု ပြောမယ် နားထောင်ပါ လူသား။

## ဘုန်းကြီးနှင့် ကျောင်းတကာ သေရွာသို့ ပြောင်းသွါတော့ နောက်တခါ လူမဖြစ်ဘဲ ပြိတ္တာတွေ ဖြစ်ကြပုံ

ဒို–လူသား၊ လူသေတိုင်း လူမဖြစ်သည်ကို မှုစ်ပြီး ပြောရမှု၊ဟောလေ-လူသား၊ ငါတို့မြတ်စွာဘုရားရှိစဉ်က သာဝတ္ထိမြို့ မနီးမဝေး၊ ရွာငယ်ကလေးတခုမှာ ကျောင်း တကာတယောက်၊ ကျောင်းကလေးတဆောင်ဆောက်ပြီး၊ နောက်နောက်က ရင်းနှီးတဲ့ ဘုန်းကြီးတပါးကို ကိုးကွယ် ပြီး ထားသတဲ့။ အဲဒီသို ကိုး ကွယ် ထား တော့ အခြားက ရဟန်းရှင်တို့ကလဲ အကျွမ်းဝင်သည်ဖြစ်စေ၊ မဝင်သည်

ဖြစ်စေ၊ ကျောင်းနဲ့ရွာရှိနေသဖြင့်၊ တခါတလေ တပါး နှစ်ပါး၊ တခါတလေ လေးငါးခြောက်ပါး၊ အဲဒီရွာရောက် ရောက်သွားတော့ တကာ တကာမများကလဲ ကြည်ညိုလို့ ဆွမ်းတဲ့၊ သင်္ကန်းတဲ့၊ သင်္ဘုတ်တစ်စွမ်းသမျှ လှူကြ တန်းကြ တယ်ဆိုပဲ။ အို-လူသား အဲဒီလို တကာ-တကာမတွေက လာကြတဲ့ ရဟန်းမြတ်၊ ပညာရှိ ကျမ်းအတတ်တို့အား၊ ဆွမ်းကပ်တာ မြင်ရ၊ တတ်စွမ်းသမျှ လှူဒါန်းပူဇော်တာ တွေကို မြင်ရတော့ မရွှင်မပျ မနာလိုနိုင်ဘဲ၊ ကျောင်းထိုင် ဘုန်းကြီးနဲ့ ကျောင်းတကာတို့ဟာ ဧည့်ရွာဂါမသို့ လာ သမျှ ရဟန်းတော်တို့ကို အရမ်းကော်ပြီး အပစ်ပြောကြ တယ်။ ယခုလာတဲ့ ဘုန်းကြီး ဟာ အဆန်းဖြစ်သလော၊ အရိုးဖြစ်သလော၊ပြင်ညာတတ်တာလော၊ ပညာတတ်တာ လော၊ အဘုဖြစ်သလော အမှန်ဖြစ်သလောဆိုတာ တွေး တော ဝေဘန်ခြင်းမရှိကြပါဘဲ အစစ်ဖြစ်တဲ့ ထေရ်ဆရာ တို့ကိုပါ မကြည်မသာ အပစ်ပြောပြီး မစစ်မကျော ပဲ မဟုတ်တာတွေ ကျင့်တယ်လို့ သွားပုပ်လေလွင့် ဝါဒဖြန့် လျက် တကာ တကာမလန့်အောင် ကုန်းတိုက်ပေးကြ တယ်။ ဒီမယ်လေ-လူသား အဲဒီဘုန်းကြီးနဲ့ အဲဒီကျောင်း တကာဟာ မကောင်းတာတွေ သေထွားပြီး သေသွားတဲ့ အခါကျတော့ ပြိတ္တာရယ်လို့ ထင်ရှားလျက် မစင်စားတဲ့ အမျိုးအနွယ်၌ ကိုးကွယ်ခဲ့တဲ့ ကျောင်းတကာက အပေါ် က အကိုးကွယ်ခံခဲ့တဲ့ ဘုန်းကြီးက အောက်က ဟို-နေခံက ပေါင်းသင်းခဲ့ကြတဲ့အတိုင်း ကျောင်းအတွင်းက ကုဋီအထဲ

ထွင် လူ့ပြည်နဲ့ လွဲပြီး လူမဖြစ်တော့ဘဲ၊ လူငြစ်နဲ့ ဘုန်းကြီးငြစ်၊ ကတုံးကြီးနဲ့ ငြစ်နေတဲ့ ဗိတ်မသမာတို့မှာ ပြိတ္တာဆိုတဲ့ ဘုံမ်အတွင်းသို့ ခုန်ဆင်းလို့ ဖြစ် ကြ ရ ရှာတယ်။ ဒီမယ်လေ-လူသား၊ တနေ့သောအခါတပါး၌ မြတ်စွာ ဘုရား၏ တပည့်အကြီး ကဝိထိး ရှင်မောဂ္ဂလာန်ဟာ ဝင်ရောက်ရန် ကုဋီသွားတော့ မစင်တွေရဲ့ အကြားထဲမှ ဘွားကနဲ ပေါ်လာပြီး မျက်စိတွေ စောင်းရွဲ့ရွဲ့နဲ့ ခေါင်းငုံ့လို့ မျှော်ရှာတယ်။ အဲဒီလို မစင်ကြားထဲမှ ဘွားကနဲ ပေါ်လာပြီး၊ မျက်စိတွေစောင်းရွဲ့ရွဲ့နဲ့ ခေါင်းငုံ့လို့ မျှော်ရှာတော့ ကုဋီဆိုတဲ့ မစင်တွင်းက ခုချက်ခြင်း ပေါ်လာပြီး၊ မေါကာဝိဝိ သင်ငါ့ကို ကြည့်နေတာ ဘာအမျိုးဖြစ်သလဲလို့ အဲဒီလို ရဟန်းတော်က လှမ်းခေါ်ပြီး မေးလိုက်တယ်။ အဲဒီလို မေးလိုက်တော့ မျက်နှာကလေးငယ်ငယ် မျက်ရေကလေးတွေ အသွယ် အသွယ်နဲ့ တပည့်တော်ဟာ ပြိတ္တာမျိုး ဖြစ်ပါတယ်တဲ့။ ဒီမစင်တွင်းထဲမှာဘဲ၊ ငင်ဆင်းပြီး အမြဲနေပါတယ်လို့ သို့ကလို ပြိတ္တာက ထိတ်စရာ လျှော်ထားတယ်။ အဲဒီလို လျှောက်ထားတော့ မှောက်မှားခဲ့တဲ့ အကြောင်း။ ဟိုရှေ့က ကံမကောင်းကို ပြန် ပြောင်း ပြီး ပြောပါလို့ ဟောဒါလို ရှင်မောဂ္ဂလာန်က နောက်တဖန် ထပ်မေးတော့-

အဟုဝါသိကောမယှံ၊ ဣဿုကီကုလမန္တရိ၊
အဗ္ဗောသိကောမယှံ ဃရေ၊ ကဒရိယော ပရိဘာ
သကော ဇာဿာဟံ ဝစနံသုတွာ၊ ဘိက္ခုဝေါပရိ

ဘာသိတံ၊ တဿကမ္မာဝိပါကေန၊ ပေတလောက
ဣတောဂတော-လို့ ဟောဒီလို ပြိတ္တာက စိတ်နာ
နာနဲ့ အဖြေပေးလိုက်တယ်။ အဓိပ္ပါယ်လိုရင်းစကား
ကတော့ အရှင်ကောင်းအရှင်မြတ်ဘုရားတဲ့။ တပည့်တော်
ဟာ လူဖြစ်စဉ်အခါက ကျောင်းတကာဖြစ်ပြီး၊ ဘုန်းကြီး
ပြစ်တပါးကို အကိုးကွယ်မှားခဲ့ပါတယ်တဲ့။ အဲဒီ တပည့်
တော် ကိုးကွယ်ခဲ့တဲ့ ဘုန်းကြီးဟာ တပည့်တော်တို့
တကာ တကာမတို့ရဲ့ အိမ်တွေကိုသာ မကြာ မကြာ
လာပြီး တခါ တခါတော့လဲ အိမ်တွေမှာဘဲ လယ်ပြီး အိပ်
သွားတာပဲလို့ ဆိုပါတော့ လူသားရာ။ စကားလဲ အလွန်
များပါတယ်တဲ့။ သူမှတပါး အခြားသောဘုန်းကြီးများသို့
သွားလာလှူဒါန်းတာကိုလဲ မနာလိုဘဲ၊ ဝန်တိုမစ္ဆရိယ
အင်မတန် များပါတယ်တဲ့။ ဧည့်သည်အာဂန္တုများကိုလဲ
မထော်မတရားအားဖြင့် ကုန်းချောတဲ့စကား၊ အပစ်ပြော
တဲ့ စကား၊ စောင်းမြောင်းဆဲဆိုတဲ့ စကားတွေနဲ့ တကာ
တကာမများအား ပြော ကြား ရန်တိုက်ပေးတာတွေလဲ
အလွန်ဘဲ များပါတယ်တဲ့။ ကျောင်းတကာဖြစ်တဲ့ တပည့်
တော်ဟာလဲ ဆရာရဲ့ အလား၊ ဆရာ့စကား နားရောင်လို့
မတရားအောင် ဆဲရေးပြီး အခြားဘုန်းကြီးအား ကြည်ညို
သူတွေကို ဖျက်လို့မို့ ကိုယ့်ဘုန်းကြီးရဲ့ဘက်က ကိုယ်
အားပေးခဲ့ပါတယ်တဲ့။ အဲဒီ မကောင်းမှုတွေက ယခုအခါ
မှာ အကျိုးပေးလို့ တံခိုးသေးတဲ့ ပြိတ္တာဘာဝမှာ တပည့်
တော် ဖြစ်ရပါတယ်လို့ သို့ကလို လျှောက်တာပေါ့။ အဲဒီ

လို ပြိတ္တာက သူကိုးကွယ်ခဲ့တဲ့ ဘုန်းကြီးကိုလဲ မဆုံးမပြီး နိုင်လောက်အောင် စိတ်နာပြီး၊ ထိတ်စရာ ချောက်တော့ နောက်တကျော့ ထပ်မံပြီး ရှင်မောဂ္ဂလာန်က မေးပြန် တယ်။ ဘယ်လို မေးသလဲဆိုတော့-

အဓိဝတ္ထာ မိတ္တဝဏ္ဏေန- ယောတေ အာသိဂုဏုလု
ပကော-ကာယဿဘေဒါဒုဗ္ဘပညော-ကိန္နုပစ္စဂတိံ
ဂတော—လို့။

ဟောဒီလိုမေးလိုက်တယ်၊ အဓိပ္ပါယ်ကိုဆိုရချင်၊ အို ပြိတ္တာ၊ သင်ဟာဟိုဘဝ ရှေ့အခါက မိတ်တုကို တွေ့ဒါနဲ့ ဆရာရယ်လို့ အမှတ်ထားပြီး အကိုးကွယ်များခဲ့ပြီ၊ အဲဒီ ဘုန်းကြီးဟာ၊ မိတ်ကောင်း ရောင်ဆောင်ပါ၍၊ ပညာမှာ နဲပါးသဖြင့်၊ အလွဲအမှားတွေကို ပြောပေးတော့၊ အသင် ပါသဘောသေးတဲ့အတိုင်း၊ ရောထွေးပြီး ရဟန်းကောင်း တို့ကိုပုးပေါင်းပြီး ဆဲရေးကြဒါတဲ့ အဲဒီသင်ရဲ့ ဆရာဖြစ် တဲ့ကျောင်းထိုင်ဘုန်းကြီးဟာ၊ ယခု ဘယ်မှာ သွားပြီးဖြစ် ပါသလဲတဲ့၊ အဲဒီလို ရှင်မောဂ္ဂလာန်က၊ ထပ်မံပြီးမေးပြန် တော့၊ ပြိတ္တာကတဖန်၊ ဘယ်လိုများ ချောက်ထားပြန်သ လဲဆိုချင်၊ တိုတိုဘဲ ပြောပရစေတော့ လူသာရယ် (တ သောဝါဟံ(ပ)ဇာတံသောဥပဇီဝိတံ) အဲဒီလို ချောက်ထား ပြန်တယ်၊ အဓိပ္ပါယ်တိုတို၊ လိုရင်းဖြစ်တဲ့ စကားက၊ အ ရှင်ဘုရားတဲ့၊ အဲဒီဘုန်းကြီးသေသွားတော့ ရဟန်းကောင်း ရဟန်းမြတ်တို့အား၊ ပြစ်မှားပြောဆို၊ ဝန်တိုခဲ့သောက တရားအတိုင်း၊ တပည့်ရဲ့အောက်ပါးက၊ ပြိတ္တာဘဲဖြစ်

သွားပြီး၊ တပည့်တော်က၊ စွန့်ရိုပြီးချလိုက်တဲ့ မစင်များကို တပည့်တော်ရဲ့ဆရာ ဘုန်းကြီးဖြစ်ခဲ့တဲ့ ပြိတ္တာကစားရပါတယ်၊ ယခုတပည့်တော်ဆောက်ခဲ့တဲ့ကျောင်းမှာရှိကြတဲ့ဘုန်းကြီးများက၊ စွန့်ယိုပြီးချလိုက်တဲ့မစင်များကိုတော့ ကျောင်းတကာ ဖြစ်ခဲ့တဲ့ တပည့်တော်က၊ ကိုယ်တိုင်ပဲစားရပါတယ်လို့၊ အဲဒီလိုလျှောက်ထားပြန်တယ်၊ အိုလူသား ယခု ကျွန်ုပ်ပြောပြတဲ့ စကားတွေဟာ၊ ပေတ ဝတ္ထုပါဠိတော်လာနဲ့၊ ၎င်းအဋ္ဌကထာရဲ့ သဘောသွားတွေပဲ၊ ကဲ လေလူသား၊ ၎င်းဥက္ကဋ္ဌတို့ရဲ့ လူသောလူဖြစ်တယ် စကားဟာ၊ အဲဒီအထက်ပါစကားတို့ကို ထောက်သော အားဖြင့် မှားနေပြီမဟုတ်လား၊ အိုလူသား—၊ အချို့သောဆရာတကာများဟာ၊ သူတပါး ကိုမနာလို၊ ဝန်တိုသော သဘောဖြင့်ရှေ့နားကကျွန်ုပ်ပြောသလို၊ အတုလော အမှန်လော၊ ညာဏ်သမားလော ရိုးရိုးလော ကိုတော့၊ မစောကျောမဆင်ခြင်ပဲ၊ မြင်မြင်သမျှ ရဟန်းများကို၊ စည်းစည်းစားစားနဲ့မနိုင်းချိန်မှု၍၊ လူလိန်တွေ ဟူသော အမှန်းအတားတို့ဖြင့်၊ ရန်းကားပြောဆိုလေ့ရှိကြတယ်၊ ကြည့်ပါ့လား လူသားရဲ့၊ လူသေလူဖြစ် စာအုပ်မှာ ရေးထားဒါ၊ ရဟန်းသံဃါများဟာတငါးတဲ့ မြတ်စွာဘုရားရဲ့ဆံတော်အံတော် စေတီတော် မွေသရိတော်များဟာ ငါးစာတဲ့၊ အဲဒီဘုန်းကြီးရဟန်းဆိုတဲ့တငါတွေဟာ၊ ဆံတော်အံတော် စေတီတော် မွေသရိတော်ဆိုတဲ့ငါးစာတွေနဲ့၊ တကာတကာ့မတွေကိုညာပြီး၊ လာဘ်လာဘဆိုတဲ့ငါးတွေကိုများနေကြ

ဒါတဲ့၊ ဆဲဒီပလက်ပလက်နဲ့၊ ပရိတ်ရွတ်သလေး ကမ္မဝါ ဖတ်သလေးနဲ့ ညာတတ်တဲ့သူတွေကို မလှူကြနဲ့ မတန်းကြနဲ့ လို့အရန်းတပွပွရေးသါးနေကြတယ် သူတို့ရဲ့တကာ တကာ့မတွေကလဲ၊ သက်န်းဝတ်နေတိုင်းသံဃာမဟုတ်ဘူး ဝါဝါမြင်တိုင်းရှိမခိုးနိုင်ဘူး၊ တို့ဘုန်းကြီး မျိုးတွေကမှ ရဟန်းဟုတ်တယ်၊ လို့ပြောဆိုနေကြတယ် ထိုသူတို့ထုတ်ကြသော၊ ဗုဒ္ဓဩဝါဒအစရှိတဲ့စာအုပ်တွေမှာ မတော် မတရားစော်ကားထားဒါတွေ၊အတော်များများတွေ့ရတယ်၊ တနေ့ကျတော့ ဖေါ်ပြသင့်တဲ့ကိစ္စရှိလာလျှင်လဲ၊ ကျွန်ုပ်တမင်ရေးသည်မဟုတ် ထိုသူတို့စါအုပ်များတွင်၊ ယောဒီလိုရေးထုတ်ခဲ့သဖြင့် ကျွန်ုပ်ကလဲ ယောဒီလို ဖြေရတယ် ဆိုဒါ၊ ဖေါ်ထုတ်ပြီး ရေးရအုံးမှာပေါ့၊ ရှင်ဝါသဝဟာ၊ ဟိုတုံးအခါက၊ ဇိမ်မှာဝါဆိုတယ်လို့ကြားရဘူးသေးတယ်၊ ဟုတ်မယ်လို့တော့မထင်ပါဘူး၊ ရဟန်းသံဃာအစစ်သာ ဆိုလျှင်၊ ဇိမ်ပေါ်တွင်အတူနေပြီး သူတွေနဲ့ရှုတ်ထွေးနေတယ်ဆိုဒါ၊ မဟုတ်သေးဘူးလို့ ကျွန်ုပ်ကထင်တယ် ဒီမယ် လေလုသား၊ ရဟန်းမြင်တိုင်းမပစ်မှားနဲ့၊ နှစ်ဆယ်တန်ကိုင် တဲ့နွားသမားလို၊ ကိုယ်ကိုင်တဲ့နွားနှစ်ဆယ်တန်ဒါနဲ့၊ သူတပါးကိုင်တဲ့နွားတွေကိုလဲ၊ နှစ် ဆယ် ချည်း တန်တယ်လို့ အမှန်မှတ်မထားရဘူး၊ ဒီမှာလေလုသား-၊ သင် လူ သား တို့မှာ၊ ဘုရားနဲ့တရားနဲ့၊ ဆရာနဲ့သမားနဲ့၊ ရွာဦးရွာထိပ် မှာ၊ ရဟန်းသံဃာတွေထားပြီး၊ ဘုရားကို ကိုးကွယ်ကြဒါ ဟာ၊ ဆိုးတယ်ဆိုတဲ့ လမ်းကိုမညွှန်မပြတို့၊ မလွန်ကြခင်

တားဆည်းဘို့ကောင်းတယ်ဆိုတဲ့ လမ်းကို ညွှန်ပြဘို့၊ ကောင်းတဲ့လမ်းသို့လိုက်နာအောင်၊ ထိုက်ရာထိုက်ရာသော ထုံးတန်းပြုပြီး ဆုံးမဘို့ ကိုးကွယ်ကြဒါ၊ အမှားကိုညွှန်ပြဘို့ ကိုးကွယ်ပြီးနေကြဒါမဟုတ်ဘူး၊ အဆင်ပြေသလို လေ့လူးဒါနဲ့၊ ဒိပ္ပိုလ်တမှ လူးတယ်လို့၊ ဦးဦးက အကိုးကွယ်များလျှင်၊ ဟိုနေ့ံနောင်အစဉ်အဆက်မှာလဲ အပြင်ခက်ပြီးသွားတတ်တယ် ဒီမယ်လေလူ...ား၊ (တက္ကသိုလ်ဆရာတဦးက မှာဘူးတဲ့နှုတ်ရည်-အိမ်...ယ်ဝင်မှုဘုရားတယ် ဆေးမှင်ရည်ဝတ်ကုန်း ဤသုံးခုအချက်...ိုင်လျှင် နောင်ပြင်နိုင်ခက်တဲ့အမျိုး) ဆိုတဲ့စကားဖြင့် ...ုးပညာ ရေး စပ်ပြီး တေးထပ်နဲ့ မှာသွားဒါ၊ အဲဒီလိုမှားမှာလူ၊ များစွာစိုးရိမ်တဲ့အတွက်ပဲ၊ အင်း အထက်ကစကားလို အကိုးကွယ်မှားမှုဖြင့်၊ ဘုန်းကြီးတပါးထဲ ငရဲသို့သွားဒါ၊ အရေးမကြီးဘူး၊ အားထားရမလားလို့ မှိန်ပြီး ကြည်...ညိုတဲ့ ဒကာများပါ၊ သူညွှန်တဲ့ မသမာစကားအတိုင်း၊ နောက်လိုက်ကာတခါများလို့မို့၊ ငရဲသို့ပါသွားလျှင်၊ သန္တာ...ရား လွယ်သမျှတို့ဟာ အပါယ်ကျဘို့ဖြစ်မကုန်ပေဘူးလား၊ အို .... လူသား၊ အဲဒီဆိုခဲ့ပြီး စကားများက၊ လူသေတိုင်းလူမဖြစ်ဘဲ၊ ဘုန်းကြီးနောက် လူချိပ်ပါပြီး ပြိတ္တာတွေဖြစ်တဲ့အကြောင်းကို၊ ရှေးထုံးဟောင်းသဘောသွားဖြင့်၊ ပြောကြားပြီးပြခြင်းဘဲ။

## အကုသိုလ်ကံဆွဲလျှင်-ဘုန်းကြီးလဲ မယုံရဘူး
## အသူရကာယ်ဘုံဘဝ၌- ခုနှစ်ချ၍ ဖြစ်နိုင်ခြင်း

ဒို-လူသား အဘက်ပါ စကားကတော့ လူသေတိုင်း လူမဖြစ် လူသေလို့ ပြိတ္တာဖြစ်ကြောင်းကို ကောင်းကောင်း ကြီး ပြောကြားတဲ့ ဘုရားဟောတရားပေါ့ပါ။ ကဲ- လူသား၊ လူသေတိုင်းလူမဖြစ်၊ ဘုန်းကြီးသေတိုင်း ဘုန်းကြီးမဖြစ်ပဲ၊ အသူရကာယ်ဖြစ်ကြောင်းကို ထပ်လောင်းမှတ်သားဘို့ အကျဉ်းအားဖြင့် ကျွန်ုပ်ပြောမယ်။ ဟောလေ- လူသား၊ ကျွန်ုပ် ရှုမြတ်စွာဘုရားဟာ၊ လိစ္ဆဝီမင်းရဲ့သား၊ သုနက္ခတ္တဆိုတဲ့ ရဟန်းတပါးကို နောက်တော်ပါထားလို့မို့၊ ဥတ္တရကာနိဂုံးသို့ ကြွသွားပြီး၊ ဆွမ်းများကို ခံတော်မူစဉ်၊ သုနက္ခတ္တရဟန်းက တောရခုတ္တိယတိတ္ထိကို သွားပြီး၊ ဘွားကနဲ့ တွေ့မြင်တယ်။ အဝတ်ကိုလဲ မဝတ် မဆင်၊ ခွေးတွေရဲ့ အသွင်ကဲ့သို့၊ စားချင်တော့လဲ လေးဘက်ကုန်းစား။ သွားချင်တော့လဲ လေးဘက်ကုန်းသွားနဲ့၊ အဲဒီလို ထူးခြားတာကို ဘွားကနဲ့ မြင်လိုက်တော့၊ သုနက္ခတ္တ ရဟန်းက အလွန်နှစ်လို့ သူထင်ပြီး အံ့မခန်း ကြည်ညိုတယ်၊ အဲဒီလို ကြည်ညိုပြီး ဘယ်လိုစဉ်းစားပြန်သလဲဆိုတော့ အလို-ဒီပုဂ္ဂိုလ်ဟာ၊ များစွာဘဲ အကျင့်ကောင်းပါကလား။ တပေါ်စ-ချိုးချန်စွာ ကျင့်ရခြင်းသည် ရင်းဆိုတဲ့ တရားအတိုင်း ဘေးရှေးသားမျှမမှားအောင်၊ အဝတ်တောင် ဝတ်မထားဘူး။ သွားပြန်တော့ လဲ လေးဘက် ထောက်

သွားတယ်။ စားပြန်တော့လဲ လေးဘက်ထောက်စားလိုက်တာဘဲ။ သင်ဖြူးတို့၊ ဖျာတို့၊ ပုဝါအစရှိတဲ့ ခင်းနှီးများကိုပင် သူစားတဲ့နေရာမှာ၊ ဘာဘာခုမှ ခင်းမထားဘဲ၊ တခြား ရဟန်းဘုန်းကြီးတွေလို မဝါ၊ တခြား ရ ဟန်း ဘုန်း ကြီး တွေလို မကြွား၊ ဇလုံတွေ၊ ပန်းကန်တွေကိုတောင် ပယ်ရှားပြီး လေးဘက်ထောက် စားလိုက်တာဘဲ။ ငါတို့ရဲ့ ဘုရားပင် တပေါစတရားကို သူကိုယ်တိုင် ဟောပြထားသော်လဲ ဒီပုဂ္ဂိုလ်လောက် မကျိုးစားဘူး။ ဆွမ်းစားတော့ မြသပိတ်နဲ့၊ အိပ်ပြန်တော့ ရွှေကျောင်းနဲ့၊ နတ်နှင့်ဗြဟ္မာများစွာသောလူအပေါင်းတို့က လှူလောင်းတဲ့ဆွမ်းသက်န်းတို့ကိုလဲ ဆင်မြန်းသုံးဆောင်ပြီး နေတာဘဲနဲ့၊ အဲဒီလို စဉ်းစားတယ်။ အဲဒီလို စဉ်းစားတော့ သဗ္ဗညုမြတ်စွာဘုရားက ထင်ရှားစွာ သိတော်မူရာ၊ ငါ့နောက်က လိုက်လာပြီး၊ ငါ့တပည့်ခံပါလျက်၊ ယုတ်မာသော အကြံကို သင် ဘာ့ကြောင့် ကြံသလဲလို့ အဲဒီလို မေးတော်မူတယ်။ အဲဒီလို ဘုရားက မေးတော့၊ သုနက္ခတ္တက တွေးပြီး၊ မသိဘဲ မေးတယ်ထင်လို့မို့၊ အရှင်ဘုရားအား၊ မကောင်းတဲ့ စိတ်ထားနဲ့ ဘာများကို ကြံသလဲလို့ အဲဒီလို ပြန်လျှောက်တယ်။အဲဒီလို လျှောက်တော့ သူ အကြံပေါက်တာတွေကို အားလုံးကုန် ရှောက်ရှောက်ပြီး၊ နောက်နားက စကားအတိုင်း၊ ဘုရားက ပြန်ပြောတယ်။ အဲဒီလို ပြန်ပြောတော့ ဟော-ကိုယ်တော်ဟာ၊ သူတပါး အကျင့် ကောင်း လို့၊ ကောင်းတယ်လို့ ကြံတာကို နဲနဲမှ မနာလိုဘူးတဲ့။ အဲဒီလို

လျှောက်ဆိုတော့ ဒိ-သုနက္ခတ္တ၊ ငါဘုရားသည် သူတပါး တို့၏ အကျင့်မြတ်ကို မည်သည့်အခါကမျှ မပုတ်ခတ်လို၊ ယုတ်မာသော အကျင့်ကိုကား၊ နောက်ထပ်ပြီး အကျင့် မမှားရအောင် ယုတ်မာသော တရားဟူ၍ပင် ထင်ထင် ရှားရှား ဟောကြားထုတ်ဖော်လေ့ရှိသည်။ ဒိ-သုနက္ခတ္တ သင် ကြည်ညိုသော ကောရခတ္တိယသည် ဧကန္တ ရဟန္တါ မဟုတ်။ ငါဘုရား၏တရား၊ သံဃာတော် တပည့်များကို ခွသမားပြုလုပ်တဲ့ သူယုတ်မာအစစ်သာ ဖြစ်သည်။ထိုသူ့ ကို ချစ်သဖြင့်၊သင်နစ်နာချေတော့မည်။ ယုံကြည်အားကိုး ခြင်းကို အရှင်းပင် မပြုနဲ့လို့ သို့ကလို မြတ်စွာဘုရားက မိန့်ကြားတော်မူပြန်တယ်။ ဘယ်လိုဘဲ မိန့်ဆို မိန့်ဆို၊ဘယ် လိုဘဲ ပြောပြော၊ သဘောမပေါက်တဲ့ နောက်ဆုံးကျတော့ ဟေး-သုနက္ခတ္တ၊ သင် အ လွန် ကြည် ညို လှ တဲ့ ကောရ ခတ္တိယ တိတ္ထိသည် နောင် ခုနစ်ရက်ရှိသောအခါ၊ အစာ မကျေသော ရောဂါဖြင့်၊ လူ့ ရွာ မှ သေ ပြီး လျှင် ကာဠ ကဉ္စိကအသူရကာယ်ဘုံ၌တွင် ဖြစ်လိမ့်မယ်။ ကြွင်းရစ် သော ရုပ်အကျန်ကိုတော့ ဗြိန်းမြက်ခြုံသုသာန်၌ မဖြုပ် မနှံပဲ စွန့်ပစ်ရလိမ့်မယ်။ အကယ်၍ကား၊ ငါဘုရား မိန့် ကြားသော ပြဋ္ဌာန်းဖြစ်လိမ့်မည်ဆိုတဲ့ စကားကို သင်တို့ များ မယုံကြည်သော်၊ အဲဒီအလောင်းရုပ်ကို ကျောပုတ်ပြီး ခေါ်၊ ခေါ်တာနဲ့ မကြာ အလောင်းရုပ် ထလာပြီး၊ အသူ ရကာယ်ဘုံမှာ ဖြစ်တဲ့အကြောင်းကို ကောင်းကောင်း ကြီး ဖြေကြားပြီး၊ ထင်ထင်ရှားရှားကြီး သက်သေ ခံ လိမ့်

မယ်လို့ သိုကာလို မိန့်တော်မူလိုက်တယ်။ အဲဒီလို အမိန့်ရှိလိုက်တော့(လူမိုက်စိတ်ကူး ထင်ရာကျူး၍၊ ကမူးရှူးထိုး၊ ကောင်းအဆိုးနှင့်၊ ကြောင်းကျိုးမမြင်၊ မဆင်ခြင်ဘဲ၊ ထင်ရာကိုယုံ၊ မှားမ ကုန် တည့်)ဆိုတဲ့ လ ကာ စ ကား လို၊ သုနက္ခတ္တဟာ ဘုရားကို အရွဲ့တိုက်လို့မို့ ကောရခတ္တိယတိတ္ထိနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားပြီး၊ အို-ရဟန္တာကြီး၊ သင် ရဟန္တာကြီးဟာ၊ ခုနစ်ရက်ကြာတဲ့ အခါကြတော့ အစာမကျေတဲ့ရောဂါနဲ့ သေလိမ့်မယ်။ သေတဲ့အခါကျတော့ သင်ရဲ့ရုပ်အကျန်ကို ပြန်းမြက် ဖြင့်ပြီးတဲ့ သုသာန်မှာ မမြှုပ်မနှံဘဲ စွန့်ပစ်ရလိမ့်မယ်။ သင်ရဟန်းကြီးလဲ အသုရကာယ်နယ်ထဲမှာ တကယ်မလွဲဖြစ်ရမယ်။ သူ့စကားကို မယုံကြည်လျှင် သင်သေတဲ့အခါကျတော့ သင့်အလောင်း သူ့သေရုပ်ကို ကျောပုတ်ပြီး မေးကြလျှင် အမှန်ကို သိရပေလိမ့်မယ်နဲ့ အဲဒီလို ပြောပြလိုက်ပါတယ်လို့ သိုကလို ကောရခတ္တိယတိတ္ထိအား၊ ပြောကြားတယ်။ အဲဒီလို ပြောကြားတော့ အို-ဘုရားဟာ ငါ့ရန်သူဘဲတဲ့။ သို့သော်လဲ- သူပြောထားတဲ့စကားဟာ များသောအားဖြင့် မှန်တတ်တယ်တဲ့။ ကဲ-ကဲ-ကဲ-သူပြောတဲ့ စကားလဲ လွဲအောင် ငါလဲ မသေအောင်၊ အစာမစားဘဲ နေမှာပေါ့လို့ ဆိုပြီးသကာလ၊ ကောရခတ္တိယတိတ္ထိဟာ ၇ ရက်ရှိအောင် အစာမစားဘူးတဲ့။ သုနက္ခတ္တကလဲ မကြာ မကြာသွားပြီး၊ အစာကို မစားမိအောင်၊ သတိပေးပေးနေတာပေါ့။ အဲဒါနဲ့ ခုနစ်ရက်ကြာလာတော့ အင်မတန် ဆာလာ

ဘုန်း ဝက်သားအဖတ်တွေ ဖုံးထားတဲ့ ဇလုံနှစ်လုံးလော့ ထမင်းတွေကို မြေပေါ်မှာ အကုန်မှောက်လို့မို့ သူ့ရဲ့ တကာ တယောက်က လာကျွေးတယ်။ အဲဒီလို လာကျွေးတော့ မစားရတာကလဲ ကြာဝေးသဖြင့်၊ ဘာအတွေးမှ တွေးကွက်မရောက်နိုင်ပဲ လေးဘက်ထောက်ပြီး တအား ဟပ်လိုက်တာ မသွားတတ်အောင် ဝမ်းဖေါင်းလို့ လမ်းကြောင်းတွင် အစာမကျေဘဲ၊ မရဏာမြေ ဘဝတပါးသို့ ကြွသွားရရောတဲ့ လူသားရဲ့။ အေး-အဲဒီလို အစာမကျေပဲ မရဏာမြေကြွသွားတော့၊ ဘုရားစကား အယူပယ်တဲ့အတိုင်း၊ အသူရကာယ် ဘုံအတွင်းသို့၊ ခုံဆင်းလို့ ဖြစ်ရရှာရောတဲ့၊ သူ့ရဲ့ကိုယ် အတ္တဘောကတော့၊ သုံးဂါဝုတ်မျှ ပမာလာရှိသတဲ့၊ ခံတွင်းပါးစပ်ကျတော့ အပ်နှာပါးပေါက်မျှပမာဏရှိသတဲ့၊ မျက်စိနှစ်ဘက်ကတော့၊ သူ့ဦးခေါင်း အထက်တည့်တည့်မှာ၊ ပုဇွန်လုံးရဲ့မျက်စိလို၊ ပြူးတူးတူး ကလေးတွေရှိသတဲ့၊ သူ၏အလောင်းကိုလဲ၊ ကျန်ခဲ့တဲ့ တိတ္ထိအပေါင်းတို့က၊ ဒုတ်ချောင်းတွေကိုအပေါ်ကပိုးလို့မို့၊ နွယ်ကြိုးတွေနဲ့ ခိုင်ခိုင်ထုပ်ပြီး၊ ဘုရားရဲ့စကားမဟုတ်အောင်၊ မြတ်စွာဘုရားမိန့်မြွက်တဲ့၊ ပြိန်းမြက်သုသာန်သို့မပို့ဘဲ၊ တခြားသောသုသာန်သို့မြှုပ်နှံဘို့ပို့ကြတယ်၊ အဲဒီလိုပို့ကြတော့ သုနက္ခတ္တအစရှိတဲ့၊ အါးလုံးသောတိတ္ထိတွေဟာ မျက်စိလည်မှားမှောင့်လို့ ဗိရဏာတမ္ဗကာဆိုတဲ့၊ ပြိန်မြက်သုသာန်ကိုသာရေခံရေခံပြီးသွားကြဒါကိုး၊ အဲဒီလိုရောက်ရေခံသွားတော့၊ မောလှပြီဆိုတဲ့မိတ်ထားနဲ့၊ အဲဒီသုသာန်ဝ

မှာဘဲ အလောင်းကိုချထားပြီး ခေတ္တခဏနားကြနဲ့တူပါရဲ့ ဆဲဒီလိုနားကြလို့၊ နောက်တခါသွားရအောင်၊ အလောင်းကိုဝိုင်းမတော့၊ အလောင်းကမလှုပ်ဘူး ချီထုပ်ပြီးထားတဲ့ ကြိုးတွေ နွယ်တွေလဲအကုံပြုတ်ကုံရော၊ ဆဲဒီလိုအကုံပြုတ်ပြီး မတုန်မလှုပ်ဆွဲမရတော့၊ ဟောကွ-ဂေါတမရဲ့စကားကဖြင့် မှန်ဒါချည်းဘဲ၊ ကဲသက်သေခံမယ် ဆိုဒါဟုတ် မဟုတ်၊ ဂေါတမပြောသလို လုပ်ကြစို့လို့၊ သို့ကလိုပြောဆိုကြပြီး၊ ကျောကို မကာလက်နဲ့ သတ်လိုက်တော့ ဖြတ်ခနဲ အလောင်းကောင်က၊ ခေါင်းထောင်ပြီး ထထိုင်သတဲ့၊ ဆဲဒီလိုထထိုင်ပြီး၊ ဆိုင်ရာကိုမေး၊ ငါအကုန်အဖြေပေးမယ်ဟေး.....သုနက္ခတ္တ၊ ဘုရားကအမှန်ငါကအလွဲ၊ တရားကအမှန်ငါကအလွဲ၊ သံဃာကအမှန် ငါကအလွဲဘုရားပါတရားပါ သံဃာပါကော်ဆဲလို့၊ ချော်လွဲတဲ့ အယူ အသွယ်သွယ်ကြောင့်၊ ကာလကဉ္စိကအပူဆယ်ကို၊ လာသမျှ မြင်ကြည့်သမျှ ဘသူမကယ်ဘူး၊ အသူရကာယ် ဘဝမှာ ဖြစ်ပြီးလို့၊ ဓမ္မအလာ စနစ်အတိုင်း သက်သေခံပြီး၊ ပက်လက်လန်လဲသွားသတဲ့၊ ကဲလူသား-၊ ဆဲဒီစကားဟာ၊ ဒီဃနိကာယ်ပါထေယျဝဂ်-ပါတိမုတ္တကသုတ်မှလာတဲ့ စကားဘဲ၊ အို-လူသား ဆဲဒီစကားကတော့၊ လူမှဖြစ်တဲ့ ဘုန်းကြီးသေပြီး၊ လူဘုန်းကြီးပြန်မဖြစ်ဘဲ၊ အသူရာကာယ်ဖြစ်သွားတဲ့စကားပေါ့၊ အို .... လူသား—၊ လူသေတိုင်း လူမဖြစ်ဘူး ဆိုတဲ့၊ ကျွန်ုပ်ရဲ့ စကားကိုတော့၊ သင်လူသားသိသွားပြီ၊ လူသေလူဖြစ်တယ် ဆိုတဲ့စကားကိုကော၊ သင်လူသား မသိချင်

ဘူးလား၊ ဗြဲ့ဒ်-သိချင်တယ်၊ အင်သိချင်လျှင်၊ အဲဒီဂျင်ဉကြာဌတို့သေသွားတော့၊ လူသေလူဖြစ်တယ်ဆိုတဲ့ သူတို့ရဲ့စကားအတိုင်း သူတို့ရဲ့အလောင်းများကို၊ သင်လူသားမေးကြည့်ပေါ့။

(၁) အိုလူသား ဘုရားကိုမကျေနပ်တဲ့ ဒေဝဒတ်သေသွားတော့၊ အဝီစိသွားငရဲသားဖြစ်တယ်။

(၂) အို .....လူသားအဲဒီမှာတပါး၊ နန္ဒ နွားသတ် ၊ မှား သေသွားတော့လဲ၊ လူပြန်ပြီးမဖြစ်တော့ဘဲငရဲမှာ သွားဖြစ်တယ်။

(၃) အဲဒါမှတပါး-၊ဂျင်ပစ္စေကဗုဒ္ဓတပါးကို ရိုသေစွာခစားတဲ့၊ ခွေးတကောင် သေသွားတုန်းက တာဝတိံသာနတ်ရွာသွားပြီး၊ နတ်သားသွားဖြစ်တယ်၊ နတ်ပြည်က နတ်သက်ကြွေတော့၊ လူ့ပြည်မှာလာပြီး ဃောသက သူဌေးဖြစ်လာတယ်။

(၄) တကာမစာယောက်ဟာ၊ ကြွေးတောင်းသွားတဲ့သားကို စိတ်စွဲပြီးသေပွဲဝင်တဲ့အခါမှာ၊ ဥဘပတ်ခွေးမကြီးသွားဖြစ်တယ် လူပြန်ပြီးမဖြစ်ဘူး။

(၅) အို လူသား—၊နေမိမင်းကြီးသေသွားတဲ့အခါမှာ၊ပြဲဟ္မာသွားပြီးဖြစ်တယ် လူပြန်ပြီးမဖြစ်ဘူး၊ အဆင့်ဆင့်ဘဝကူးပြန်တော့၊ လူသားရယ်လို့ ပြန်ဖြစ်တယ်။

(၆) ဒီမှာလေလူသား ထိုသူတို့အားထာ ကြတဲ့၊ အဂျင်အာဒီစွဲသဟာ တတိယဘဝက၊ မျက်စိတဖက်မလှတဲ့ပြင်၊ ဒုစရိုက်အလုပ်ကို အဟုတ်ကို ခင်မင်လှတဲ့၊ လူအ လူ

ဖျင်း၊ လူဆင်းရဲ ယောကျ်ားဖြစ်ခဲ့သတဲ့၊ ဒုတိယဘဝမှာ မိန်းမဖြစ်ခဲ့သတဲ့၊ ယခုဘဝကြတော့ ယောကျ်ားပင် ဖြစ်လာရသော်လဲ၊ မိန်းမဘဝကအဆက်နွယ်သဖြင့်၊ မကြီးခင်အခါက၊ ထမီဝတ်ခြင်း၊ သနပ်ခါးလိမ်းခြင်း ပန်းပန်ခြင်းအစရှိတဲ့၊ မိန်းမတို့အမူအရာကို ဝါသနာပါခဲ့သတဲ့ အဲဒါရှင်ဝါသဝတို့ရဲ့ ဗုဒ္ဓဝါဒစာစောင်ထဲမှာပါတဲ့အတိုင်းဘဲ။

အဲဒီမှာပါး၊ သင်လူသားသိတို့ရာ၊ ဓမ္မပဒဝတ္ထုတို့ဖြန့်ဋ္ဌပကာ၊ နိုဘ်ရှိမှုကြည့်၊ လူသေတိုင်းလူမဖြစ်တာတွေဟာအများကြီး တွေ့ရမယ်၊ ဒီမယ်လေ ... လူသား—၊ အဲဒီအဆိုပါသက်သေတွေကို၊ ခွဲဝေထောက်ချင့်ပြီး ကြည့်သောအားဖြင့်၊ လူသေတိုင်း လူမဖြင့်ဘူးဆိုဒါ များစွာ ထင်ရှားတယ်၊ ဟိုကိုယ်တော်နှစ်ပါးကိုတော့ မသေဘဲနဲ့ လူဖြစ်သွားပြီလို့ အချို့ပုဂ္ဂိုလ်များက ပြောနေကြပြီ၊ ဒီမယ်လေလူသား၊ ကျွန်ုပ်ဟာ အလုပ်မအားဘူး လူပျက်အလုပ်ကိုလုပ်နေတဲ့ကြားထဲက၊ တရုဆိပ်ရွာ ကျောင်းတကာကိုမှန်းဘို့နှင့်တကွ၊ ကျွန်ုပ်ရဲ့ ပဥ္စမမြောက် ရဟန်း တကာဆင်စခန်းရွာ ကိုဘိုးသက်စသည့်တို့က တောင်းပန် လျှော်ထားကြသဖြင့် ဝိပဿနာ လုပ်နည်းများကို ရေးသားမယ်လို့ကြံရာ၊ ဟိုလူသေလူဖြစ်စာအုပ်အတွက် အတွေးအရှုတ်တွေပေါ်လာသဖြင့်၊ အဆိုပါ ဝိပဿနာ လုပ်နည်းကိုပြခဲ့၊ နိဗ္ဗာနမဂ္ဂဒီပကကျမ်းကို မရေးသားသေးပဲ၊ နေ့ဆွဲပြီးထားလို့ရို့။

(၁) နတ်ရွာနိဗ္ဗာန်သို့ မရောက်နိုင်လျှင် နေပါစေ၊ လူ ပြန်ဖြစ်ဘို့ရာကျိုးစားပါဦးဆိုတဲ့စကား။

(၂) မဝတ်မဆောင်ရလို့ အပိုမလှခြင်နေပါစေ၊ ခေါင်း မှာအနရွတ်မရအောင် ကျိုးစားပါဦး ဆိုတဲ့စကား။

(၃) ထိမပေါက်ခြင် နေပါစေ၊ အမေ အဖေတို့ထံမှ ပေးလိုက်ကြတဲ့ လယ်ယာကလေး မပျောက်အောင် ကျိုး စားပါဦးဆိုတဲ့—၊ စကားများလို၊ နတ်ရွာနိဗ္ဗာန်သို့ မသွား ရလျှင် နေပါစေ လူသေလူဖြစ်စာအုပ်ကိုဖတ်ပြီး၊ အပါယ် လေးရပ်ကို မရောက်အောင်ကျိုးစားပါအုံးဆိုတဲ့ သဘော သွားနဲ့၊ အနှံ့အပြားရေးထုတ်လိုက်သော ရှင်ဝါသဝရဲ့ အမျိုးမျိုးသောစာအုပ်၊ လူသေလူဖြစ်မှ စပြီး ရှင်ဥက္ကဋ္ဌ ရဲ့ ရုပ်ဝါဒဖွင့်ပေးရန်၊ ကြံစီရေးသားသော စာအုပ်တို့ အ တွက်၊ ကန့်ကွက်တယ်ဆိုတဲ့ အနေအထားအတိုင်း၊ အဖြေ စကား ရေးသားထုတ်ဝေလိုက်တာဘဲ၊ ကဲလူသား—၊ အဲဒီ လူသေလူဖြစ်စာအုပ်၏၊ တွေးရှုတ် ပွေလိန်တဲ့ စကားတို့ ကို ဖတ်သူတိုင်း ရှင်းလင်းပြီး၊ ဘွင်းဘွင်းကြီး သိသွား အောင်၊ ရေးသားပြီးအဖြေထုတ်လိုက်တဲ့။

## မိစ္ဆာဝါဒ နိဗ္ဗာယကျမ်း
## ခေါ်

လူသေတိုင်းလူမဖြစ်စာအုပ်—ကဖြင့်ပြီးသွားပေပြီ အဲဒီမိစ္ဆာဝါဒနိဗ္ဗာယဆိုတဲ့ အမည်ဟာ ဘာလဲလို့ အဲဒီ လိုသိပြီးပါလား၊ ဩော်.... မသိသေးဘူး။ ကဲ–မသိသေး လျှင်ဟောဒီလိုမှတ်ထား၊ မိစ္ဆာဆိုတဲ့စကားကိုတော့၊ မှား

ဒါ ကိုဆိုတယ်လို့ မှတ်ထား၊ ဝါဒဆိုတဲ့စကားကိုတော့၊ အဲဒီမှားဒါကို၊ အဟုတ်ထင်ပြီး၊ ယူငင်ပြောဆိုတဲ့စကားလို့မှတ်ထား၊ ဝိ°နိစ္ဆယဆိုတဲ့စကားကတော့၊ ဆုံးဖြတ်တဲ့ စကားလို့မှတ်ထား၊ ကဲဒါဖြင့် အဲဒီမိစ္ဆာဂရယ်ဝါဒရယ် ဝိနိစ္ဆယရယ် ပုဒ်သုံးပုဒ်စပ်လိုက်တဲ့စကားကြတော့၊ ရှင်ဥက္ကဋ္ဌတို့ရဲ့ လူသေလူဖြစ်စာအုပ်၌၊ ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးနှင့်တကွ၊ ရှင်ကျေးမှုဘာသာဟူသမျှတို့ကို ကျေမွသုတ်ယုတ်သွားအောင်၊ အလွဲအမှားတွေကိုရေးထုတ်တဲ့ မဟုတ်မမှန်ဒါတွေကို ပြောဆိုရေးထုတ်ထားသဖြင့်၊ ထိုဝါဒများတွေကို ခွဲခြမ်းဆုံးဖြတ်ပြတဲ့ ကျမ်းဖြစ်တဲ့ အတွက် မိစ္ဆာဝါဒဝိနိစ္ဆယကျမ်းလို့ခေါ် ဆိုတယ် လူသေတိုင်းလူမဖြစ်ကိုတော့၊ လူသေတိုင်း မဖြစ်လို့ဘဲမှတ်။ ကဲအဆုံးသပ်ကြစို့ရဲ့လူသား။

(ကျမ်းပြီးနိဂုံမ်း- ကမ္ပတ်ဖုံး အဆုံးဒီလိုမှတ်)

အို - လူသား—၊ ဘုရားကိုခွတိုက်တဲ့ သစ္စကပရိဗိုဇ်ရဲ့အမှားကို၊ အားလုံးသော လူအပေါင်းတို့၌၊ ကောင်းကောင်းကြီးထင်ရှားအောင်၊ သိကြားမင်း ဘီလူး အသွင်ဖြင့်၊ အထူးဝင်ပြီး အကူအညီ ပေးလိုက်တော့၊ ဒိဋ္ဌိကြီးသစ္စကရဲ့ အတ္တဝါဒ အရှုတ်အထွေးဟာ ပြုတ်ဝေးကွယ်ပျောက် တရားရောင် အလင်းရောက်လို့ရို့ ကင်းခြောက်ပြီးသွားသကဲ့သို့၊ ဗုဒ္ဓဘာသာ သာသနာတော် တည်းဟူသောမြတ်စွာဘုရားကို၊ သစ္စကပရိဗိုဇ်ရဲ့ ဒိဋ္ဌိမိုက် တည်းဟူသော ရုပ်ဝါဒ သမားများက၊ မတော် မတရား ရေးသား

ပုတ်ခတ်ပြီး၊ မဟုတ် မဟုတ် ပြောဆိုနေကြတဲ့ အတွင်းဗိုလ်ချုပ်နေဝင်းအစိုးရတည်းဟူသောါသိကြားမင်းဟာတရားကင်းတဲ့သဋ္ဌကာပရမိုဇ်တွေကို၊အမြစ်ကနှုတ်ခြေပြီးအထူးစင်ရော့လို့ဘီလူးအသွင်တမျိုးဖန်လျက်၊အဆိုးညါဏ်ဝါဒယုတ်တို့ကို၊မရိုးမမှန်လျှင်လာသမျှဖြုတ်မည်ဟု၊ကာလရှုတ်ခေတ်ထဲတွင် တစ်ဖွဲ့အောင် ဘာသာနှင့် သာသနာဒဘုရားအရေး၌၊ အားပေးပြီး ကျညီတော့၊ လူပလီတို့၏ဓမ္မနှ့ရာယ်ဟာ၊ အမှန်ကွယ်လိမ့်မယ်လို့ သဘောပိုက်မိဒါ်ဘဲ၊ အဲဒီ လူသေလူဖြစ် ဆရာတို့တွင်၊ ရှင်ဝါသဝဟာရတနာသုံးပါးနှင့် တကွ၊ ရုပ်ထုတော် အစရှိတဲ့၊ လေးဝသောစေတီတို့ကို၊ ပဝေဏီလို့ ဆိုအပ်တဲ့ ရှေးအခါကပင်၊ ရစရာမရှိအောင်ထိပါးပုတ်ခတ်ပြီး၊ မလျောက်ပတ်တဲ့အရေးအသားတို့ဖြင့် ရေးသားပြောဆိုပြီး လာခဲ့သည်မှာ ၎င်းရှင်ဝါသဝ ရေးထုတ်သော စာအုပ်တို့ကိုကြည့်ပါက-၄-၅-၆ နှစ်ကျော်ကျော်လောက် ကြာလာခဲ့သည်ကိုထင်ရှားစွာသိနိုင်တယ် အဲဒီလို-၄-၅-၆-နှစ် ကျော်ကျော်ကြီးကြာလာသော်လဲ ဘယ်မြို့ ဘယ်ရွာ ဘယ်သံဃာဘယ်တကာ တကာ့မတို့နှင့်တကွ၊ ဘယ်အစိုးရကမှ အရေးမယူခဲ့ကြဘူး။ရွှေကျင်မြို့ သာသနာ့စောင့်ရှောက်ကာကွယ်ရေး အဖွဲ့က အရေးယူရန် စီမန်ဆောင်ရွက် ကြပြီးတိုင်ကြားစာတွေဝေငှပေမဲ့ ဘယ်သူမျှ ဂရုမပိုက်ခဲ့ကြဘူး ယခုလူသေလူဖြစ်စာအုပ်ကို ရေးထုတ်ဖြန့် ဝေလိုက်တဲ့အခါကြတော့ ဘာသာနှင့် သာသနာအား များစွာထိ

နိုက်ပြီးနေ့ဒါကိုသိကြသဖြင့် ယခုလက်ရှိမိုလ်ချုပ်နေဝင်း
အစိုးရနှင့်တကွ ဗိုလ်အမ်ဘီ အေဇအသင်းကြီးက သတိရစေ
ရေးယူတော့ တောသူတောင်သားတွေနှင့်တကွ ကျွန်ုပ်တို့
ပါသိရတယ် အဲဒီလိုသိရတော့ ကျွန်ုပ်လဲသတိရပြီး ရှိသမျှ
ဝဋ္ဋ (နိဗ္ဗာန မဂ္ဂဒီ ပကာကျမ်း) ရေး ထုတ် ရန်နှင့် ဂျူ
လုပ်ရန် ရထားတဲ့ ကောင်းမှုရှင်တို့ရဲ့ ငွေ က လေးဖြင့်
ဘာသာရဲ့ အန္တရာယ်နှင့် သာသနာ့ရန်အစွယ်ကို လှန်
ပယ်တို့ အဖြေရေးရတယ်။ ဒီမယ်လေ လူသား၊ ဟိုရှေ့နား
က ကျွန်ုပ်ပြောပြခဲ့တဲ့ စကားလို၊ နတ်ရွာနိဗ္ဗာန်သို့ မသွားရ
တာက အရေးမကြီးလှပါဘူး။ လူ့ဘဝကို ပြန်မရဘဲ
ငရဲသို့မကျဖို့က ပဌမအရေးကြီးသေးတယ်။ ဒီမယ်လေ
လူသား၊ သူတော်ကောင်း နဲ့ပါးလို့ လူမိုက်တွေ တိုးပွါး
တဲ့ ယခုလို အခါများမှာ၊ အဲဒီလူသေလူဖြစ်အစရှိတဲ့ အမှား
စာအုပ်တွေ ဖတ်ပြီး၊ အမှန်တွေလို့ မှတ်ကြလျှင်၊ လူသတ်
တို့လဲ အရေးမကြီး၊ ခိုးတို့ တိုက်တို့လဲ အရေး မ ကြီး။
လူမိုက်တွေ သွေးစီးပြီး၊ ခွေးနည်းတွေ တကာယ်ယုံလို့မို့
အပါယ်ဘုံမ မကြောက်ကြရတော့ အကုသိုလ်ရယ်လို့
မထောက်ဆသဖြင့်၊ ကမောက်ကမဖြစ်ကုန်မှာဘဲ။ အဲဒီလို
မဖြစ်ရအောင်၊ လွဲမှားပုံ အပေါ်ပြပြပြီး၊ ချစ်လှတဲ့ဘာသာ၊
ချစ်လှတဲ့သာသနာကို အာဏာရှိ ပြည် ပိုင် မင်း တို့ က လဲ
ရှိုင်းပင်းကာ ကူညီလို့၊ ဖြူကြည်တဲ့အကျင့်ဓါတ် မြင့်မြတ်
တဲ့ ပညာနဲ့၊ အင်္ဂါပြည့်စုံ ကဝိဂုဏ်မောက်၊ တကာယ်တန်း
လုံလောက်ပြီး၊ မှ သောက်မာတင်၊ ဆရာသခင်တို့ကလဲ၊

ထာဝစဉ် စောင့်ကြပ်သော်၊ ဖြောင့်မတ်တဲ့သာသနာဟာ ဘယ်အခါမှ မနွမ်းမညှိုးနိုင်ဘူး၊ ဘယ်ဝါဒမှလဲ မလွှမ်း မရိုးနိုင်ဘူး၊ သာသနာခရုံးရောက်အောင်၊ ချီး မြှောက် တဲ့ အကျိုးကြောင့်လဲ၊ ဆဲဒီလို မင်းနှင့်စိုးတို့မှာ၊ ဘုန်းတံခိုး ညီးထိန်ဝင်းလို့ ရှိ စည်းစိမ်ခြင်း ဘသူမြှင်ပေမဲ့ ၊မတုနိုင် အောင် အကဲလွှမ်းလွှမ်းပြီး၊ အမြတ်နန်း ကိုယ်က သာသတဲ့။ သာသနာနဲ့ ရာဇာဆိုတာ ရေနဲ့ကြာလိုဘဲ။ ရာဇာဆိုတဲ့ ဒါယကာ ရေမြှင့်မှ သာသနာဆိုတဲ့ ကြာတင့်တယ်။ ဒီမယ် လေ-လူသား၊ ကျွန်ုပ်ရဲ့ သဗ္ဗာသွားအတိုင်း၊ စိတ်ရှိတာ ပြောကြားရမူ၊ ဘုရားရဲ့ သာသနာနှင့်ဘာသာကို ချီးမြှော လျှင် ရေမွှေးဘဲ။ ဘုရားရဲ့ သာသနာနှင့်ဘာသာကို မချီး မြှောက်လျှင် သေးဘဲလို့၊ ဆဲဒီလို ရေးချင်တယ်။ တွေးမိ တယ် လူရေ့။ ကျွန်ုပ်ပြုခဲ့သ၍ အလှူတွေဟာ အတော် ကလေးပဲ များခဲ့ပါတယ်။ သို့ရာတွင် ထကယ်နှစ်ချိုက်တဲ့ ကုသိုလ်ဟာကတော့ ယခု လူသေတိုင်း လူမဖြစ်ကို ရေး ရတာ တခါ၊ သံလျှင်မြို့အပိုင်၊ ဖါးကူးရွာ ဆာဦးဘိုးသာ ဆောက်လုပ်လှူဒါန်းထားတဲ့ ဘု ရား သုံး ဆူ ကျောင်း မှာ နေစဉ်အခါက သာသနာ (၅၀၀၀)မရှိ။ (၁၀၀၀)သာ ရှိတယ်ဆိုတဲ့ ဝါဒခြားဆရာနဲ့ အငြင်းပွါးရာ၊ သာသနာ ဟာ (၅၀၀၀)သာမက၊ ဘုရားရဲ့ အဆုံးအမတော် တည် သမျှ တည်တယ်လို့ ရေးသားရတုန်းက တခါ၊ ကျောက် တံခါးမြို့ ဥတ္တမာရုံကျောင်းမှာနေစဉ်က ဘုန်းကြီးဟူသမျှ ကိုပင် မလေးမစားဘဲ ဘေးစကား ဟိတ်လွှတ်လို့၊ ပရိတ်

ရှုတ်တာကို နည်းမကျပြောပြီး၊ ကြီးလှသော မျက်နှာဖြင့်၊ အထက်ဆရာလို့ အမည်ခံသော အပလီ ညာဏ် ဆရာ အကြွား၏ မဟာအမှားတွေ ကျေအေးအောင်၊ အဖြေပေး ရစဉ်က တခါ၊ ဟင်္သာတခရိုင် ထူးကြီးမြို့နယ်၌ အသွယ် သွယ်သော အချို့ရွာများမှ အယူလွဲဟူသမျှတို့ကို ဗုဒ္ဓ ဘာသာဖြစ်အောင်၊ ဟောပြောသွေးဆောင်ပြီး၊ စိန္တာကာရီ ဝတ်ပရိတ်အသင်းတွေ ထောင်တုန်းက တခါ၊ ကုသိုလ် တွေ ပေါင်းရုံးလျှင်၊ အကောင်းဆုံး အမြတ်ဆုံးလို့ မှတ်သုံး စွဲ ယူပြီးထားတာဟာ အဲဒီလေးခါဘဲ ဘာ ကြောင့် လဲ ဆို တော့ မဟုတ်တာတွေကို အဟုတ်ထင်လို့မို့၊ လုပ်ချင်သူ တွေကို ဆွဲထားနိုင်သဖြင့်၊ အဲဒီလူတွေ မလွှဲမှားတော့ ငရဲမသွားရတဲ့ အကျိုးတွေကို မျှော်ကိုး နှစ် သက် တဲ့ အတွက်ကြောင့်ဘဲ၊ အကုန်ကုန်ပြောရလျှင်၊ ဆွမ်းစားတာ တောင်မှ ယခု စာကို ရေးနေစဉ်ကာလ၌ ရဟန်းအမ မကျန်းနှင့်တကွ၊ သမီးမကြည်၊ ညီမ မလှမေ၊ သား မောင် ရန်းစိန်၊ မောင်ရန်းဝက်၊ မောင်ဟုတ်ရုံတို့ရဲ့ ဆွမ်းကို သွား ပြီး စားရတာနဲ့ ရှင်ကောသိယရဲ့။ ရဟန်းအမ မနှင်းရွှေ တို့လှူဒါန်းတဲ့ ဆွမ်းကို စားရတာဟာ ယခင် က ထက် သာပြီး ဝမ်းအမြောက်ဆုံးဘဲ အဲဒါကြောင့် လူသားရေ့။ ဂူဆောက်လုပ်ဘို့အရေးနှင့် စာအုပ် ထုတ် ဘို့ အ ရေး ကို အားပေးတဲ့ တကာများဟာ၊ ကျွန်ုပ်လိုဘဲ သဒ္ဓါပွါးပြီး၊ မဟာအမှား ဓမ္မန္တရာယ်တွေကို လှန်ပယ်ရတဲ့ ကုသိုလ် အကျိုးကြောင့်၊ အမျိုးမျိုးသော ဥပါဒ်ကင်းလို့မို့၊ လူ့နတ်

အတွင်း ဖြပ္ပဒ္ဓါခရိုင်တို့၌ လာ၍မြင်တိုင်း ကိုယ်ကာသာလျက်၊ ဗိုလ်အမတ နဂရာပြည်နိဗ္ဗာန်သို့ ရည်စိတ်သန် ထောင့်တတိုင်း၊ မဆိုင်းမကောက်၊ မြန်မြန်ကြီးရောက်ကြအောင်၊ ချင့်ထောက်ပြီး သတိအသုံး အုပ်ကြပေတော့လို့၊ နိဂုံးစကားဖြင့်၊ ရေးသားနှိုးဆော်လိုက်ထာဘဲ လူသား။ ကဲ-အခထော်လဲ များသွားပြီ၊ နားကြဦးစို့ လူသား။

## ဆုတောင်း မေတ္တာ

၁။ ငါတို့ပေါင်းပြုံ၍ကောင်းမှုတောင်းဆုမေတ္တာဝေ။

၂။ ဗမာကရင်၊ ရှမ်းကချင်၊ ချစ်ခင်ကြပါစေ။

၃။ မွန်ထလိုင်းမျိုး၊ နို့အကျိုး၊ သိပို့ညီတူ၊ စိတ်ကြည်ဖြူ၊ ပိုင်းကူဖေးမ၊ ချမ်းသာရ၊ မချဖြစ်ပါစေ။

၄။ တိုင်းထပါးရန်၊ ပိုင်းခုံဘို၊ အမြန်ချစ်ခင်၊ ဗစ်မမြင်ဘဲ၊ သစ်လွင်မေတ္တာ၊ ညီမျှစွာဖြင့် မကြာရငြား၊ နို့တိုင်းဘွား၊ အများသင့်ပါစေ။

၅။ တိုင်းရင်းသားချင်း၊ တူရှိင်းပင်း၍၊ မင်းနှင့်ပြည်သူ၊ အချစ်တူလျက်၊ ပြည်သူနှင့်မင်း၊ အချင်းချင်းတို့၊ ရင်းရင်းနှီးနှီး၊ တူလုံးစည်း၊ ပြည်ကြီးချမ်းသာပါစေ။

၆။ သာသနာကျိုး၊ ဘာသာကျိုး၊ သည်ပိုးရွက်ဆောင်၊ ကြံတိုင်းအောင်၊ ခေါင်းဆောင်နောက်လိုက်၊ လွှန်နှစ်ချိုက်၍၊ စရိုက်ချင်းတူ၊ လွန်ကြည်ဖြူ၊ တိုင်းသူပြည်သား၊ မကွဲပြား၊ အများသင့်မြတ်ကြပါစေ။

၇။ ငါတို့ပေါင်းပြီး၊ ဤကောင်းမှုကို၊ သာရ နှစ်လူခေါ် ပါစေ။

## လူသေတိုင်း လူမဖြစ်
## ပြီး ပါ ပြီ

မှတ်ချက်။ ။ ဤစာအုပ်ကို ရေးထုတ်သူ အကျွန်ုပ် အား၊ အဌမအစပြု၍၊ ဆဌသင်္ဂါယနာတင်မှုတို့တွင်၊ တရားရှာလိုလား၍၊ ဖေါ်လံဖါးသည်ဟု ဆိုပြောအံ့ များပြီဟူ၍မှတ်၊ အဘယ်ကြောင့်နည်းဟူမူ၊ ယခု စာအရေးသူသည်၊ မည်သည့် ဂိုဏ်းထူးကိုမျှ ရယူ နိုင်သူမဟုတ်၊ ကျွန်ုပ်၏အတွက်မှာ၊ ကကြီးရေးက သတ် ကက်ကိုပင်အနက်မထင်ကြောင်းကို ကောင်း ကောင်းကြီး၀န် ခံ နိုင် သော ကြောင့်တည်း။

| မျက်နှာ။ | ကြောင်းရေ။ | အမှား။ | အမှန်၊ |
| --- | --- | --- | --- |
| ၇ | ၂၁ | ကမ္မဋ္ဌာန်းအလုပ် ၌၊ | ကမ္မဋ္ဌာနအလုပ်၌ |
| ၈ | ၁၇ | အမှတ်တရမကောင်း၊ | အမှတ်တရရမကောင်း |
| ၂၁ | ၂၃ | နောက်နှောင်၊ | နောက်နှောင်း |
| ၂၂ | ၂ | ဂင်သူညား၊ | ပင်တူညား |
| ၂၂ | ၂ | သော်လအာ၊ | သော်လည်း |
| ၂၄ | ၁ | မနှုနော်၊ | မနှုနော |
| ၂၅ | ၇ | အပို(ဆဲဒီတံတိုင်းရှည်တောရကျောင်းဆိုတာရှိတယ်) | |
| ၂၉ | ၁၉ | ဝါအစ္စံ။ | ဝါအပစ္စံ |
| ၄၁ | ၁၄ | ဒုတ်၊ | ဓုတ် |
| ၄၆ | ၈ | မစစ်တဲ့၊ | မစစ်ဘဲ |
| ၅၁ | ၂ | လေထုမခံ၊ | လေထိမခံ |
| ၅၄ | ၂၁ | ခေါင်းအကြားထွင်ထား။ | ခေါင်းအကြားထွင်သာ |
| ၅၅ | ၂ | လေးလေးနတ်နက်၊ | လေးလေးနက်နက် |
| ၅၇ | ၁၆ | ရုပ်ကြီးသာ၊ | ရုပ်ကြီးသာ |
| ၅၇ | ၁၆ | ဓကန္တရှိဘူးလို့၊ | ကေနွှမရှိဘူးလို့ |
| ၆၁ | ၁၉ | နာမ်အရှင်ကင်းမဲ့၊ | နာမ်အရှင်းကင်းမဲ့ |
| ၆၂ | ၁ | မရေးနိုဘူး။ | မရေးနိုင်ဘူး |
| ၆၅ | ၁၂ | ဆဲဒါတပါး။ | ဆဲဒါမှတပါး |

| | | | |
|---|---|---|---|
| ၉၉ | ၇ | ကဲ့ရှင်းပြီးသားလူထား။ | ကဲ့ရှင်းပြီးလားလူသား |
| ၉၃ | ၂၀ | ထုံးထိမထုကို။ | ထုံးထိမတိကို |
| ၉၄ | ၃ | ဗုမိမှုသဖြင့်။ | ဗုမိမှုဖြစ်သဖြင့် |
| ၉၆ | ၈ | အိုးပါတယ်။ | အုံးပါတယ် |
| ၉၉ | ၁၆ | အပြေစကား။ | အပြောစကား |
| ၁၀၁ | ၃ | ဘယ်ဘူမှ။ | ဘယ်သူမှ |
| ၁၀၁ | ၁၃ | ကြည့်စမ်းပိုင်တဲ့။ | ကြည့်စမ်းပါတဲ့ |
| ၁၀၁ | ၁၇ | ဘို့ကလို။ | သို့ကလို။ |
| ၁၀၂ | ၁၂ | ယခုပစ္စုပ္ပါရန်။ | ယခုပစ္စုပ္ပန် |
| ၁၀၈ | ၂ | မကြာလယင်း။ | မကြာလက်င်း |
| ၁၀၈ | ၂၃ | သိန်းဆုပေါထ်။ | သိန်းဆုပေါက် |
| ၁၀၉ | ၁ | လူများအား။ | သူများအား |
| ၁၁၁ | ၁၁ | ကြွက်အနက်ခုရောင်။ | ကြွက်ဥအရောင် |
| ၁၁၃ | ၂၀ | သံပုရာခ်ိနှစ်ခွာကို။ | သံပရာခုံနှစ်ခွာကို |
| ၁၁၆ | ၁၅ | လောကဓံဟုံး။ | လောကစံထုံး |
| ၁၁၉ | ၂ | ဝေါကနဲဝေါနဲ။ | ဝေါကနဲဝေါကနဲ |
| ၁၂၁ | ၈ | ရှင်ဥက္ကာမှတ္တိုရေးတဲ့။ | ရှင်ဥက္ကာမှတ္တိုက်ရေးတဲ့ |
| ၁၂၁ | ၁၂ | ကံစ်ဖြာ | ကံနှစ်ဖြာ |
| ၁၂၃ | ၁၃ | မြေတောစ်သလို။ | မြေထွေဖြစ်သလို |
| ၁၂၂ | ၂၀ | အနဂေါက်ဆိုတဲ့ဟာ။ | အနာဂါတ်ဆိုတဲ့ဟာ |

| မျက်နှာ။ | ကြောင်းရေ။ | အမှား။ | အမှန်။ |
|---|---|---|---|
| ၁၂၈ | ၁၉ | မှတ်ရုံဘုမ်ကဘောထားပြီး။ | မှတ်ရုံဘုမ်သဘောထားပြီး |
| ၁၄၇ | ၅ | ဝစ်စဇနီ။ | ဝိသဇ္ဇနီ |
| ၁၅၃ | ၆ | အဘက်ရှိတဲ့။ | အသက်ရှိတဲ့ |
| ၁၅၄ | ၂၀ | ဝေတန်ကြွအုန်းပို့။ | ဝေဘန်ကြွအုန်းပို့ |
| ၁၅၅ | ၁၅ | မောင်ညှိမောင်မောင်။ | မောင်ညှိမောင်နီ |
| ၁၅၆ | ၁၀ | ကဲဘဲဒါကိုက်ဘောမကျချင်။ | ကဲဒါကိုဘဲသဘောမကျချင် |
| ၁၆၁ | ၁၄ | ဇိဝေါတိအတ္တာဇေ အတ္တာဇဝေ။ | ဇိဝေါတိအတ္တာဇဝေ |
| ၁၇၂ | ၉ | ဆူးနဲ့တူးတဲ့။ | ဆူးနဲ့တူတဲ့ |
| ၁၇၈ | ၁၉ | ဝိစာဏ။ | ဝိစာရဏ |
| ၁၈၇ | ၂၁ | လပ်ဆင့်ပြီး။ | ထပ်ဆင့်ပြီး |
| ၂၇၃ | ၁၃ | ဇိမ်မှာဝါထယ်လို့။ | ဇိမ်မှာဝါဆိုတယ်လို့ |
| ၂၇၄ | ၉ | ဆေးမှင်ရည်ဗိုက်ထိုး။ | ဆေးမှင်ရည်ဗုစ်ထိုး |
| ၂၇၆ | ၂ | ခင်းနှီများ။ | ခင်းနှီး |
| ၂၈၀ | ၁၂ | တရားကမှန်။ | တရားကအမှန် |

တရားဟောခြင်းကိစ္စတို့ကြောင့်။ ဤမျှသာ ပြင်လိုက်နိုင်ပါတော့သည်။-ကြွင်းကျန်ခဲ့သော အမှားများ တွေ့ရှိသေးက၊ မိမိတို့ဘာသာ တွေးကြည့်ပြင်ဆင်ပြီးဆက်ရှုစေတော်မူကြရန်တောင်းပန်ပါသည်။

သာသနာရောင်၊ ထွန်းလင်းပြောင်၍၊ (၅၀၀၀)
တည်ရေး၊ မျှော်ထောက်တွေးလျက်၊
အားပေးခြင်းအမှု၊ ကုသိုလ်ထူးပြုကြသော
အလှူရှင် ဒါယကာ ဒါယိကာမတို့၏စာရင်း

မြောက်ဥက္ကလာပမြို့ သာသနပါလစာသင်တိုက် ဆရာတော်အရှင်ညာဏဒဿန—၅၀-ကျပ်။

ဆင်စခန်းရွာမှ ဓမ္မဒါနကုသိုလ်ရှင်များ

| | |
|---|---|
| ဦးဘိုးသက်-ဒေါ်ထား | ၅၀-ကျပ် |
| 〃 စံမြ-ဒေါ်သိန်း | ၅၀ |
| 〃 ဘိုးရွှေ-ဒေါ်ဖြစ် | ၃၀ |
| 〃 ဘစိန် မွေးခြင်းတရ | ၃၀ |
| 〃 တိုး-ဒေါ်ငွေလှိုင် | ၂၅ |
| ဒေါ်ရှင်နှင့်သားများ | ၂၅ |
| ဦးဘိုးသင်း | ၂၅ |
| 〃 ဘိုးကျား-ဒေါ်ရု | ၂၀ |
| မောင်ဆိပ်-မသိန်းရှင် | ၂၀ |
| ဦးရွှေဒွန်း-ဒေါ်သွယ် | ၁၅ |
| 〃 ဘိုးညွန့်-သမီးဒေါ်လှဒွန်း | ၁၅ |
| 〃 ပဏ္ဍာဝ | ၁၀ |
| ကိုစံမြင့်-မခင်ရွှေ | ၁၀ |
| 〃 သိန်းအောင်-မကြည် | ၁၀ |
| 〃 မောင်တင်-မသိန်းတင် | ၁၀ |
| ဦးဘိုးချစ်-ဒေါ်အဲဗိမ် | ၁၀ |
| ဒေါ်ရွှေကြည် | ၁၀ |

| | |
|---|---|
| ဒေါ်လွယ် | ၁၀-ကျပ် |
| ကိုချစ်ထွန်း-မတင်ညွန့် | ၁၀ |
| 〃 အုံးဖေ-မကျင်တင် | ၁၀ |
| ဦးဖေါင်-ဒေါ်ပိန် | ၁၀ |
| 〃 ဘိုးစော-ဒေါ်သိန်းမှုံ | ၁၀ |
| ကိုအုံးမောင်-မအောင်မ | ၅ |
| မခွေး | ၅ |
| ဦးကြည်-ဒေါ်ဆန်း | ၅ |
| ကိုအောင်သန်း-မသန်းကြည် | ၅ |
| ကိုရွှေမြင့်-မမြ | ၅ |
| ဦးထွန်းစိန် | ၅ |
| 〃 သာလပ် | ၅ |

## ကမ်းမြောင်ကြီးရွာမှ ဓမ္မဒါန ကုသိုလ်ရှင်များ

| | |
|---|---|
| ဦးမောင်ကြီး-ဒေါ်ချစ်ပိုင်း | ၅၀-ကျပ် |
| 〃 ဘိုးရင်-ဒေါ်ခိုင် | ၂၅ |
| 〃 ကျော်နှောင့်သားသမီးများ | ၁၅ |
| ကိုထွန်းစိန်-မစိန်လှိုင် | ၁၅ |
| ဦးမောင်တင်-ဒေါ်ထိုက် | ၁၀ |
| ကိုနီ | ၁၀ |
| ဒေါ်အုံးမြိန် | ၁၀ |
| ကိုထွန်းကြိုင်-မကြည်ဆိုင် | ၅ |
| ဦးဘိုးသိန်း-ဒေါ်သန်းရင် | ၅ |
| 〃 ထွန်းစိန်-ဒေါ်မှတ် | ၅ |
| 〃 တိုးညွှာ-ဒေါ်မကြီး | ၅ |

| | |
|---|---|
| ဒေါ်ရွှေအုံ | ၅-ကျပ် |
| ဦးရွှေဝင် | ၅ |
| " မြခဲ | ၅ |
| ကိုစိန်မောင်-မလှကြည် | ၅ |
| ဒေါ်မယ်သင် | ၅ |
| ကိုထွန်းရှင်-မလှိုင် | ၅ |
| " ထွန်းဝေ-မမြခင် | ၅ |
| " အေး-မလှရွှေ | ၅ |
| " ပျား-မလှငွေ | ၅ |
| " ဟန်-မညို | ၅ |
| မောင်ကြီးစိန် မကြင် | ၅ |
| ကိုသန်းမောင်-မကာလီ | ၅ |
| " မြဆောင်-မကာလီမန် | ၅ |
| " မောင်ခိုင်-မခင်ရွှေ | ၅ |
| " အုန်းမောင်-မထင်လှ | ၅ |
| ဒေါ်ရွှေအုံ | ၅ |
| ဦးဘိုးမြိုင် | ၅ |
| ကိုမောင်မှင် မကြော့ကြည် | ၅ |
| " အောင်စိန်-မရွှေမြင့် | ၅ |
| ကိုသိန်းမောင်-မကြင်မြ | ၅ |
| ဒေါ်ရွှေတင် | ၅ |

ကျောက်ပြင်သာရွာ ဓမ္မဒါနကုသိုလ်ရှင်
ဒေါ်မြှိုင်-၂၅ကျပ်

# ပိုးဒီကုန်းရွာ-စိုင်ကောင်းရွာ ဓမ္မဒါန ကုသိုလ်ရှင်များ

| | |
|---|---|
| ဦးလှတင် | ၁၅ ကျပ် |
| ။ ဘိုးသော် | ၁၀ |
| ။ ဘိုးတင့် | ၁၀ |
| ။ ဘိုးဆိုင် | ၅ |
| ကိုအောင်ဖြေ | ၅ |
| ဒေါ်ဆင့် | ၅ |
| ကိုတလုပ်ကြီး | ၅ |
| ။ ငကွန်း | ၅ |
| ။ ဘိုးဂေါင် | ၅ |
| ။ ဖြေနိုင် | ၅ |
| ။ ဖြေမိုင် | ၅ |
| ။ ခွေးလေး | ၅ |
| ။ ခင်မောင် | ၅ |
| ။ လှ | ၅ |
| ။ သိန်းမောင်ကြီး | ၅ |
| ကိုမောင်အစ် | ၁၅ |
| ။ ညွန့်ကြီး | ၅ |
| ဒေါ်ကုလားမ | ၅ |
| ကိုချစ် | ၅ |
| ဒေါ်ငြိစိန် | ၅ |
| ဦးညီ | ၅ |
| ကိုအောင်မိုး | ၅ |

| | |
|---|---|
| မောင်ဆိုင်လေး | ၅-ကျပ် |
| ကိုညီမြ | ၅ |
| ဦးသော် | ၅ |
| ။ စိန်ကြီး | ၅ |
| ။ ကြောင် | ၅ |
| ကိုလှကြွယ်-ကိုကြည်ခင် | ၅ |
| ။ ဘိုးလှိုင် | ၅ |
| ။ သာထင်-ကိုကျော်ဇော် | ၅ |
| မောင်ဆိုင်ကြီး | ၅ |
| ဦးဘိုးဟိန်း-ဒေါ်စိန်မေ | ၁၀ |
| ကိုအုန်း-မတင်လှိုင် | ၁၅ |
| ။ ကျော်လှိုင်-မညို | ၅ |
| ။ ဘိုးပိုင်-မစိန်ညွန့် | ၅ |
| မောင်ဆိုင်-မတင်ရီ | ၅ |
| ကိုဘရီ-မမှင် | ၅ |
| ဦးထွန်းငြိမ်း-ဒေါ်ထားရင် | ၅ |
| မောင်လှိုင်-မမြကြိုင် | ၅ |
| ကိုကျော်ဇင် | ၅ |
| ဦးနီတိုး-ဒေါ်စောမြိုင် | ၅ |
| ဒေါ်ငြသင် | ၅ |

**မီးလောင်စခန်းရွာမှ ဓမ္မဒါကုသိုလ်ရှင်များ**

| | |
|---|---|
| ကိုအောင်မြင့် | ၁၅-ကျပ် |
| ။ သူငယ် | ၁၀ |
| မလှတင် | ၁၀ |
| မောင်ထွန်းရီ | ၅ |

| | |
|---|---|
| ဒေါ်ညှိုမြိန့် | ၅-ကျပ် |
| ဦးထိုးချို | ၅ |
| ကိုဘိုးမှော် | ၅ |

### လက်ပန်ခုံရွာဓမ္မဒါနကုသိုလ်ရှင်များ

| | |
|---|---|
| ဒေါ်ငွေရုံ-သားသမီးတစု | ၅ |
| ကိုမောင်မြ-မသိန်း-သားမြေးတစု | ၅ |
| ဆရာကြီးဘိုးစုံ | ၅ |
| ရွာဘုံ | ၅ |

### သစ်ခေါင်းကြီးရွာ ဓမ္မဒါနကုသိုလ်ရှင်များ

| | |
|---|---|
| ဦးတိုးလှိုင် | ၃ |
| " ဘိုးကောင်း | ၁ |
| " ဖြူတုတ် | ၁ |
| " တင်မောင် | ၁ |
| မခင်မြ | ၁ |
| " ကြွယ် | ၁ |

### စန်းရွာဓမ္မဒါနကုသိုလ်ရှင်

| | |
|---|---|
| ကိုမောင်ထင်–မစိန်တင် | ၅ |

### ကျွန်းတောကုန်းရွာဓမ္မဒါနကုသိုလ်ရှင်များ

| | |
|---|---|
| ဦးလုံထော်-သားမြေးတစု | ၅ |
| " ဘသိန်း | ၁ |
| " ကျော်လှ | ၁ |
| " ဘိုးကျော် | ၁ |
| " စံဦး | ၁ |
| ဒေါ်စိန်မြင့်-သားမြေးတစု | ၁၀ |
| ဦးဘဦး | ၁ |

| | | |
|---|---|---|
| ဒေါ်သဲအွေး | ၁-ကျပ် | |
| ဦးထွန်းလှိုင် | ၁ | |
| " ဘကျိုင် | ၁ | |
| " ဘိုးရင် | ၁ | |
| ကိုတွေကိန် | ၁ | |
| ဦးကျော်စ | ၁ | |
| " နီ | ၊ | |
| ဒေါ်ပု | | ၅၀ပြား |
| ဦးညိုမွေး | ၁ | |
| " ညိုပု | ၁ | |
| " ဘိုးချစ် | ၁ | |
| မနှင်းကြီး | | ၅၀ပြား |
| ဦးဘဒင် | ၁ | |
| မောင်ဇေ | | ၅၀ပြား |
| ဦးထွန်းရင် | ၁ | |
| မောင်မြိုင် | ၁ | |
| ကိုကျော်ငွေ | ၁ | ၂၅ပြား |
| ဦးကျော်မြ | ၅ | |
| " စံညွန့် | ၂ | |
| " လှိုင်မောင် | ၂ | |
| " ဘိုးရင် | ၁ | |
| " မောင်ထွန်း | ၁ | |
| " ဘိုးဟံ | ၀ | |

သက်ကယ်ကျင်းရွာ မြွေဒါနကုသိုလ်ရှင်များ

| | |
|---|---|
| ဦးနန္ဒကြီး | ၅-ကျပ် |

| | |
|---|---|
| ဦးနန္ဒကလေး | ၅ ကျပ် |
| 〃 ဆံ | ၅ |
| 〃 သုစိန္တ | ၂ |
| မငွေမွေး | ၁ |
| မငွေမန်း | ၁ |
| မောင်ပုည | ၁ |
| မောင်တေဇ | ၁-၂၅ ပြား |
| သခင်ပညာ | ၅ |
| မောင်လှိုင် | ၁ |
| မောင်အာစရ | ၁ |
| မောင်စန္ဒ | ၁ |
| ကိုဝိမလလေးမဖတ်သားသွီးတရ | ၅ |
| ဂုံညင်းရွာမှ-ဘုံဓမ္မဒါန | ၃-၂၅ ပြား |
| ဖိုးပင်ဆိပ် ဆရာမောင်စောမောင်–မစိန်ဖြိ- | ၅ ကျပ် |

တကျူဆိပ်ရွာမှ ဓမ္မဒါနကုသိုလ်ရှင်များ

| | |
|---|---|
| ကိုမုနိန္ဒ | ၂၅ ကျပ် |
| ဒေါ်ဆဲဆာသားကိုဇာန္ဒ | ၁၀ |
| ကိုနန္ဒပေါင်ကျဲ | ၃ |
| ကိုဝဏ္ဏ | ၅ |
| ကိုစန္ဒ | ၅ |
| 〃 ထွန်းတင် | ၅ |
| 〃 အေး | ၅ |
| 〃 ပန်စိတ္တ | ၅ |
| 〃 အောင်သန်း | ၅ |
| 〃 ဝိစိန္ဒကလေး | ၅ |

ကိုလှဘော ၅

။ ဝါလိန္ဒ ၅

။ ဆောဘီထ ၅

။ ကန္တ ၁၀

။ သိန်း ၅

။ ပန်းခိုင် ၅

ဂုံညင်းတန်းရွာ ဘုံကောင်းမှု ၄--၂၅ ပြား

ကျောင်းဗရွာမှဝတ္ထုဒါနကုသိုလ်ရှင်များ

ကိုသန်းငွေ ၅

။ ကျော်ရှိန် ၅

။ တိုက်စံ ၂

။ ချစ်မြိုင် ၃

။ မောင်မြင့် ၅

ကိုသောင်း ၁

။ သာထင် ၅

။ ရွှေထိုက် ၂

။ မောင်လှ ၃

ဒေါ်မှုံ သားသမီးမျေးတစု ၅

ကုန်းအင်းရွာ-မသိန်း ၅

သရက်ပင်အိုင်ရွာမှဝတ္ထုဒါနကုသိုလ်ရှင်များ

ဦးညိုးငယ်-ဒေါ်ဆင်သားသမီးတစု ၁၀

။ စံမြင့်ဒေါ်စိန်သားသမီးတစု ၅

မောင်အာစွတ်-မမြခင်သားသမီးတစု ၁

မသန်းကြည်သားသမီးတစု ၅၀ပြား

ဒေါ်ပုလေးသားသမီးတစု ၅၀ပြား

B

ဦးအောင်မိန့်–ဒေါ်ဖစိန်သားသမီးတရ. ၅
။ ဘိုးခ-ဒေါ်ဒေါ်ပုစိန်သားသမီးတရ ၃
ဒေါ်လုံးတင်သားသမီးတရ ၅၀ပြား
ဦးခင်-ဒေါ်လှတင်သားသမီးတရ ၅
ကိုလှရွှေ မငွေအောင်သားသမီးတရ ၁
ဦးဘုံးညို-ဒေါ်နန်းခင်သားသမီးတရ ၅-ကျွဲချံအင်းရွာ

ကန့်ဦးရွာဓမ္မဒါနကုသိုလ်ရှင်များ

ဦးသာဇေ ၁၀
။ သော် ၅
ကိုစံမြိုင် ၅

သံပုရာခုံမြောက်ရွာမှဓမ္မဒါနကုသိုလ်ရှင်များ

ကိုဘိုးကဲ-မကြင်မြ ၅၅
။ သာရင်-မသိန်းတင် ၂၅
မောင်ခင်မောင်-မကြင်လှိုင် ၂၅
မပိုးသားသမီးတရ ၁၅
ကိုတင်-မညွန့်ရှင် ၁၅
ဦးဘိုးခ-ဒေါ်ရွှေမြစ် ၁၀
ကိုမောင်စိန်-မဖောင် ၁၀
ကိုစံရွှေ မအုံးမြ ၁၀
ဦညို-မညွန့် ၅
ကိုဘိုးချုံ–မစောငွေ ၅
။ မောင်ခန့်–မလှစိန် ၅
။ အောင်ထင်–မပုစိန် ၅
။ မောင်ကြည်-မရွှေတင် ၅
ကိုကံထွန်း-မစော ၅

ဦးဘိုးညို-မသေး ၅
ကိုညွန့်မောင်-မစော ၅
" ဘိုးကြွင် ၅
မစောလှိုင် ၅

သံပုရာခုံတောင်ရွာမှဓမ္မဒါနကုသိုလ်ရှင်များ

ကိုထွန်းတင်-မကြေးရှင် ၅၀
ဦးဘိုးထင်-ဒေါ်ထိုက်သားသမီးတစု ၅၀
" လှမောင်-ဒေါ်လွန်းသားသမီးတစု ၂၅
ကိုအောင်သစ်-မဖွားညွန့် ၅
ဦးသံချောင်း ၅
ကိုအောင်ကြီး ၅
" ညှိမောင်-မသိန်းခင် ၅
" ထွန်းတင်လေး-မတင်မြိုင် ၅
" အုံးကြိုင်-မအုံးခင် ၂၅
" ကုလား-မစိန်မြင့် ၂၅
" လှိုင်မောင်-မမြစိန် ၅
ဒေါ်ငွေယ် ၅
ကိုဘိုးကောင်း-မထွေး ၅
ဒေါ်မြကြည် ၅
မောင်ကျော်သန်း-မတင်အောင် ၅
ကိုစံထွန်းမောင်-နှမထရ ၅
" အောင်သိန်း-မပုစိန် ၅
ဦးရွှေဖျော် ၅
မောင်ကျော်စိန် ၁၀

သရက်ကုန်းရွာ မဖွား–၂၅ပြား

သာသနာ့ရန် ဘာသာ့ရန်အား တွန်းလှန်စေမှု၊ အားပေးပြုသည့်၊ ယခုကုသိုလ်၊ တောင်းဆုဆို၊ လိုရာဆန္ဒပြည့်စေသော်၊

ဝိပဿနာအရာ၌သေသေချာချာ-ဂဃနဏသိရအောင်အားထုတ်ရအောင်၊

ဒါမှားဒါမှန်ကိုဝေဘန်၍ပြသော ဒိဋ္ဌိဝါဒ ဝိနိစ္ဆယ ကျမ်းနှင့် နိဗ္ဗာန မဂ္ဂဒီပက ကျမ်းကိုကြည့်ပါ၊ အားထုတ်ပုံ အားထုတ်နည်းနှင့်တကွ-ဖြစ်ပုံ ပျက်ပုံ စသည်တို့ကို သေချာစွာသိရှိရ ပါလိမ့်မည်။